http://www.dhammadownload.com

ဝိပဿနာနည်းပြ

# ဆရာကြီးဦးကြင်ရွှေ

၏

# ပစ္စက္ခဝိပဿနာသင်တန်း

## သင်ခန်းစာမှတ်စုများ

http://www.dhammadownload.com

# အသင်းတည်ရာဌာန

ပဋ္ဌာန်းပိဋကသုခုမနှင့်ဝိပဿနာသင်တန်းဆွဲများတိုးတက်မြန့်ပွားရေးအဖွဲ့ချုပ်

(အောက်မြန်မာပြည်)

အမှတ် (၈၆) ၊ သီရိ (၅)လမ်း ၊
(၂)ရပ်ကွက် ၊ လှိုင်မြို့နယ် ၊
ရန်ကုန်မြို့။
ဖုန်း-၅၂၄၀၇၈

## အလှူတကာတွင် တရားပေးမှုပင် အမြတ်ဆုံး

Silver Moon

Creation Design by Ko Htun [STARS]

http://www.dhammadownload.com

# အသင်းတည်ရာဌာန

ပစ္စက္ခဝိပဿနာသင်တန်းဆင်းများတိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်

(အောက်မြန်မာပြည်)


အမှတ် (၈၆)၊ သီရိ (၅)လမ်း၊
(၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၅၂၄၀၇၈


အလှူတကာတွင် တရားပင် မှန်ပင် အမြတ်ဆုံး

Silver Moon

Creation Design by Ko Htun (STARS)

ပစ္စက္ခဝိပဿနာ သင်ခန်းစာမှတ်စုများ

ဝိပဿနာနည်းပြ

## ဆရာကြီးဦးကြင်ရွှေ

၏

# ပစ္စက္ခဝိပဿနာသင်တန်း

## သင်ခန်းစာမှတ်စုများ

http://www.dhammadownload.com

၁၃၀၉ - ခုနှစ်မှ စတင်ပြသခဲ့သော

# ဆရာကြီးဦးကြင်ရွှေ

၏

# ပစ္စက္ခဝိပဿနာသင်တန်း

အခန်းစဉ်အလိုက် သင်ခန်းစာများ

မှတ်စုအတိုချုပ်


http://www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| **စာမူခွင့်ပြုချက်အမှတ်** | - | ၃၂၀၃၀၃၀၅၀၅ |
| **မျက်နှာဖုံးခွင့်ပြုချက်** | - | ၃၂၀၂၅၅၀၅၀၅ |
| **ကွန်ပျူတာစာစီ** | - | ဦးချမ်းသာ (သီရိပဝရ၊ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ) |
| **ထုတ်ဝေသူ** | - | ဦးကျော်ဟင်း |
| | | ယုံကြည်ချက်စာပေ၊ ၁၁၁/၃၃ လမ်း၊ ရန်ကုန်မြို့။ |
| **ပုံနှိပ်သူ** | - | အေးပုံနှိပ်တိုက် |
| **ပုံနှိပ်ခြင်း** | - | ဒုတိယအကြိမ် |
| **အုပ်ရေ** | - | ၁၀၀၀ |
| **တန်ဖိုး** | - | ၁၀၀၀ိ/- (တစ်ထောင်ကျပ်)ဖြင့် ဖြန့်ချိသည်။ |
| **မူပိုင်ဖြန့်ချိရေး** | - | ဦးမြင့်စိုး (ဥက္ကဋ္ဌ) |
| | | ပခုက္ကူဝိပဿနာသင်တန်းခွဲများ |
| | | တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)၊ |
| | | အမှတ် ၈၆၊ သီရိ ၅ လမ်း၊ ၂ ရပ်ကွက်၊ |
| | | လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| | | **ဖုန်း- ၅၂၄၀၇၈၊ ၀၉၄၉၂၇၉၀၆၀၊ ၀၉၇၃၂၃၀၁၁၁** |

http://www.dhammadownload.com

# ဩဝါဒါစရိယ ဆရာတော်ကြီးများ




ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)




ဘဒ္ဒန္တ ပဏ္ဍိတ
(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)




ဘဒ္ဒန္တ ပဏ္ဍိတ
(အဂ္ဂမဟာပဏ္ဍိတ)




ဘဒ္ဒန္တ ဝိစာရ
(အဂ္ဂမဟာပဏ္ဍိတ)




ဘဒ္ဒန္တ တိလောက
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)




ဘဒ္ဒန္တ ကောသလ္လ
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)



ဘဒ္ဒန္တ ဝိလာသ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)




ဘဒ္ဒန္တ စန္ဒောဘာသ
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)



ဘဒ္ဒန္တ ဩဘာသ
(အဂ္ဂမဟာပဏ္ဍိတ)

http://www.dhammadownload.com


# နာယက ဆရာတော်ကြီးများ




ဘဒ္ဒန္တ နေမိန္ဒာဘိသိရိ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)




ဘဒ္ဒန္တ နန္ဒောဘာသ
(နန္ဒာရွှေဘုံကျောင်းတိုက်)




ဘဒ္ဒန္တ သုန္ဒရ
(ဇေယျာဝံသကျောင်းတိုက်)




ဘဒ္ဒန္တ သီရိန္ဒ (တိုက်အုပ်)
(သုစိတ္တာရုံစာသင်တိုက်)




ဘဒ္ဒန္တ ဥတ္တရ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)




ဘဒ္ဒန္တ ဝိမလ
(မစိုးရိမ်စာသင်တိုက်)




ဘဒ္ဒန္တ သုန္ဒရ
(ပဏ္ဍိတာရာမစာသင်တိုက်)



ဘဒ္ဒန္တ ကဝိသာရ
(ဇေယျဝတီစာသင်တိုက်)



ဘဒ္ဒန္တ ဝဏ္ဏသိဒ္ဓိ
(ရွှေမန်းကျောင်းတိုက်)



ဘဒ္ဒန္တ သုန္ဒရ (ဟသ်ာတ)
(ဇေယျဝတီစာသင်တိုက်)

http://www.dhammadownload.com



ပခုက္ကူဝိပဿနာသင်တန်းနည်းပြ ဆရာကြီး ဦးကြင်ရွှေ

http://www.dhammadownload.com



နာယကကြီး ဦးချစ်

ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

http://www.dhammadownload.com

# ၁၃၀၉ - ခုနှစ်မှ စတင်ပြသခဲ့သော ပစ္စက္ခဝိပဿနာနည်းပြဆရာကြီးဦးကြင်ရွှေ၏ ဝိပဿနာသင်တန်းတာရားစဉ်များ

၁။ ပမာဏ ( ၄ ) ပါး

၂။ ဘေးကြီး ( ၄ ) ပါး

၃။ မှာတမ်းတော်

၄။ ပညတ် - ပရမတ်

၅။ ရုပ်ဓာတ် - နာမ်ဓာတ်

၆။ ခန္ဓာ ( ၅ ) ပါး

၇။ ပစ္စယပရိဂ္ဂဟဉာဏ်

၈။ မဂ္ဂင် ( ၈ ) ပါး

၉။ အာယတန ( ၁၂ ) ပါး

၁၀။ ဓာတ် (၁၈ ) ပါး

၁၁။ ဝီထိစဉ်

၁၂။ လက္ခဏာရေး ( ၃ ) ပါး

၁၃။ ဝိပဿနာဉာဏ် ( ၁၀ ) ပါး

၁၄။ ပဋိစ္စသမုပ္ပါဒ်

၁၅။ သစ္စာ ( ၄ ) ပါး

၁၆။ နိဗ္ဗာန်

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၁။ | နိဒါန်း | ...... | က |
| ၂။ | ယုံကြည်ချက်နိဒါန်း | ...... | ခ |
| ၃။ | ဩဝါဒါစရိယ ဆရာတော်ကြီးများ | ...... | ဂ |
| ၄။ | နာယက ဆရာတော်ကြီးများ | ...... | ဃ |
| ၅။ | ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)၏ အမှုဆောင်လူကြီးများ | ...... | င |
| ၆။ | ဆရာကြီး "ဦးကြင်ရွှေ"၏ ဘဝဖြစ်စဉ် သမိုင်း | ...... | စ |
| ၇။ | အရှင်အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော ဘုရားနှင့် နိဗ္ဗာန်အစိတ္တေယျ ရှိခိုးဂါထာ ပါဠိအနက် | ...... | ၁ |
| ၈။ | **ဘုရားကိုယ်တော်မြတ်ကြီး၏ ပမာဏလေးပါး** | ...... | ၃ |
| ၉။ | ဘေးကြီးလေးပါး | ...... | ၅ |
| ၁၀။ | မမြဲသော ဂတိငါးမျိုး | ...... | ၅ |
| ၁၁။ | **ပရိနိဗ္ဗာန်စံခန်း (မှာတမ်းတော်)** | ...... | ၈ |
| ၁၂။ | အင်္ဂါရှစ်ပါးအကြောင်းကား | ...... | ၈ |
| ၁၃။ | ဓာတ်တော်သုံးမျိုး | ...... | ၁၆ |
| ၁၄။ | သမ္မာဒိဋ္ဌိဉာဏ် ငါးမျိုး | ...... | ၂၃ |
| ၁၅။ | **ပညတ် နှင့် ပရမတ်** | ...... | ၂၆ |
| ၁၆။ | ပညတ် (၇)မျိုး | ...... | ၂၇ |
| ၁၇။ | ပရမတ် | ...... | ၂၈ |
| ၁၈။ | အဋ္ဌကလာပ်ရုပ် (၈)ပါး | ...... | ၂၈ |
| ၁၉။ | ပထဝီဓာတ် | ...... | ၃၃ |
| ၂၀။ | အာပေါဓာတ် | ...... | ၃၅ |
| ၂၁။ | တေဇောဓာတ် | ...... | ၃၆ |
| ၂၂။ | တေဇောဓာတ် (၄)မျိုး | ...... | ၃၆ |
| ၂၃။ | ဝါယောဓာတ် | ...... | ၃၉ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၂၄။ | ဥပါဒါန်ရုပ်လေးပါး | ...... | ၄၂ |
| ၂၅။ | ဂန္ဓရုပ် | ...... | ၄၅ |
| ၂၆။ | ရသာရုပ် | ...... | ၄၆ |
| ၂၇။ | ဩဇာဓာတ် | ...... | ၄၇ |
| ၂၈။ | နာမ်အာဟာရ | ...... | ၅၃ |
| ၂၉။ | ပြဟ္မစရိယလေးပါး (ဝါ) ပြဟ္မစိုရ်တရားလေးပါး | ...... | ၅၄ |
| ၃၀။ | အာဟာရလေးမျိုးနှင့် အဓိပ္ပာယ် | ...... | ၅၅ |
| ၃၁။ | သက္ကာယဒိဋ္ဌိ | ...... | ၅၅ |
| ၃၂။ | ပဟာန်သုံးပါး | ...... | ၅၆ |
| ၃၃။ | သက္ကာယဒိဋ္ဌိဖြစ်ခြင်းအကြောင်း | ...... | ၅၇ |
| ၃၄။ | ရင်ဝလှံ့စူး ထိပ်ဦးမီးလောင် | ...... | ၅၉ |
| ၃၅။ | အာကာသပရိစ္ဆေဒရုပ် | ...... | ၆၅ |
| ၃၆။ | အာကာသဓာတ် မြင်လွယ်အောင် မြူလေးမျိုး | ...... | ၆၈ |
| ၃၇။ | မြူလေးမျိုးပမာဏ | ...... | ၆၈ |
| ၃၈။ | ပရိစ္ဆေဒအာကာသ | ...... | ၆၉ |
| ၃၉။ | အာကာသပရိစ္ဆေဒရုပ် | ...... | ၇၀ |
| ၄၀။ | ဗုဒ္ဓပါရမီ (၃)ပါး | ...... | ၇၄ |
| ၄၁။ | (၃)မျိုး (၃)ပါး မြတ်ဘုရား | ...... | ၇၄ |
| ၄၂။ | **နာမ်ခန်း** | ...... | ၇၅ |
| ၄၃။ | စိတ်အမည် (၄)မျိုး | ...... | ၇၅ |
| ၄၄။ | (၆)ဌာန အသိဓာတ် နာမ်တရားကျက်စားပုံ | ...... | ၇၇ |
| ၄၅။ | မနောအသိ ဝိညာဏဓာတ် (၆)ပါး | ...... | ၇၈ |
| ၄၆။ | စေတသိက်အင်္ဂါ (၄)ပါး | ...... | ၇၉ |
| ၄၇။ | အလုံးစုံသော စိတ်တို့နှင့်ယှဉ်သော စေတသိက်များ | ...... | ၇၉ |
| ၄၈။ | **ခန္ဓာငါးပါး (ဇယားကွက်)** | ...... | ၈၀ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | နှာ |
|---|---|---|
| ၄၉။ | ခန္ဓာငါးပါးဥပမာ | ၈၃ |
| ၅၀။ | ရူပက္ခန္ဓာ | ၈၄ |
| ၅၁။ | ဝေဒနာက္ခန္ဓာ | ၈၄ |
| ၅၂။ | သညာက္ခန္ဓာ | ၈၅ |
| ၅၃။ | သင်္ခါရက္ခန္ဓာ | ၈၆ |
| ၅၄။ | သညာက္ခန္ဓာ ကာယသင်္ခါရ၌ အထင်ကြီးပုံ | ၈၇ |
| ၅၅။ | ဝစီသင်္ခါရ၌ အထင်ကြီးပုံ | ၈၇ |
| ၅၆။ | မနောသင်္ခါရ၌ အထင်ကြီးပုံ | ၈၇ |
| ၅၇။ | ဝိညာဏက္ခန္ဓာ | ၈၈ |
| ၅၈။ | ပပဉ္စတရားသုံးပါး | ၈၉ |
| ၅၉။ | ဒိဋ္ဌိ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ | ၉၀ |
| ၆၀။ | ဩဠာရိကရုပ် (၁၂)ပါး | ၉၂ |
| ၆၁။ | သုခုမရုပ် | ၉၂ |
| ၆၂။ | ဝိညာဏဓာတ် (၆)ရပ် စွဲပြီးအိပ်ပျော်နေသောအခါ ခန္ဓာငါးပါးဖြစ်ပုံ | ၉၃ |
| ၆၃။ | ခန္ဓာငါးပါးနှင့် ပစ္စယပရိဂ္ဂဟဉာဏ် | ၉၈ |
| ၆၄။ | ဝေဒနာက္ခန္ဓာ နှင့် ပစ္စယပရိဂ္ဂဟဉာဏ် | ၁၀၀-၁ |
| ၆၅။ | သာသနာတော်ငါးထောင်ပတ်လုံး အရိယာခေတ်ရှိပုံ | ၁၀၄ |
| ၆၆။ | မဂ္ဂင်ရှစ်ပါးကို ဆင်ခြင်ရာ၌ ယှဉ်တွဲ ခွဲပြခြင်း | ၁၀၅ |
| ၆၇။ | **မဂ္ဂင်္ဂကဏ္ဍ (မဂ္ဂင်ပိုင်း)** | ၁၀၆ |
| ၆၈။ | လောကီမဂ္ဂင် | ၁၀၆ |
| ၆၉။ | လောကုတ္တရာမဂ္ဂင် | ၁၀၇ |
| ၇၀။ | သောတာပတ္တိမဂ်ကို မရသေးသော အန္တပုထုဇဉ်<br>လောကီသူတော်ကောင်း ရအပ်သော လောကီမဂ္ဂင်နှစ်မျိုး | ၁၀၇ |
| ၇၁။ | သောတာပတ္တိမဂ်ကို ရအောင် ကလျာဏအရိယာ၊ လောကုတ္တရာ<br>သူတော်ကောင်းအတွက် ဝိဇ္ဇာပညာလောကုတ္တရာ မဂ္ဂင်နှစ်မျိုး | ၁၀၈ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၇၂။ | ဒုစရိုက်နှင့် ဒုရာဇီဝ ရှင်းပြချက် | ...... | ၁၀၈ |
| ၇၃။ | မနုဿတ္တဒုလ္လဘာ | ...... | ၁၁၀ |
| ၇၄။ | အလွန်ရှာနိကစား ကန်းမနှင့်ညား | ...... | ၁၁၁ |
| ၇၅။ | ဝေနေယျပုဂ္ဂိုလ် နှစ်မျိုး | ...... | ၁၁၂ |
| ၇၆။ | စူဠပန်ထေရ် | ...... | ၁၁၂ |
| ၇၇။ | ဘာရဒွါဇနှင့် ဓနေဥ္စနီ | ...... | ၁၁၂ |
| ၇၈။ | မုဆိုးကတော် သောတာပန် | ...... | ၁၁၄ |
| ၇၉။ | သောတာပန်သုံးမျိုး | ...... | ၁၂၀ |
| ၈၀။ | **အာယတန တစ်ဆယ့်နှစ်ပါး** | ...... | ၁၂၁ |
| ၈၁။ | အခံဓာတ် (အဇ္ဈတ္တိကာယတန) အတိုက်ဓာတ် (ဗာဟိရာယတန) | ...... | ၁၂၂ |
| ၈၂။ | **ဓာတ်တစ်ဆယ့်ရှစ်ပါး** | ...... | ၁၂၆ |
| ၈၃။ | ဓာတ်တစ်ဆယ့်ရှစ်ပါးဖြစ်ပုံ | ...... | ၁၂၇ |
| ၈၄။ | **သံသရာလမ်းစဉ် ဝီထိစဉ်** | ...... | ၁၃၂ |
| ၈၅။ | ဝီထိဖြစ်စဉ် | ...... | ၁၃၂ |
| ၈၆။ | တစ်ဝီထိလျှင် ဝီထိစိတ်လုံးရေ (၁၇)လုံးရှိပုံ | ...... | ၁၃၃ |
| ၈၇။ | ရုပ်သက် ခဏငယ် (၅၁)ချက်ရှိပုံ | ...... | ၁၃၃ |
| ၈၈။ | **လက္ခဏာရေးသုံးပါး** | ...... | ၁၃၉ |
| ၈၉။ | ယာဉ်သုံးပါးတို့၏ အဓိပ္ပာယ် | ...... | ၁၃၉ |
| ၉၀။ | မရဏာသုံးမျိုး | ...... | ၁၄၀ |
| ၉၁။ | နိဗ္ဗိန္ဒကဗျာ | ...... | ၁၄၁ |
| ၉၂။ | အရှယ်သုံးမျိုး | ...... | ၁၄၂ |
| ၉၃။ | အရွယ် (၁၀)ပါး ဒသကနည်း | ...... | ၁၄၃ |
| ၉၄။ | ပစ္စုပ္ပန်လေးမျိုး | ...... | ၁၄၆ |
| ၉၅။ | ခြေတစ်လှမ်း (၆)ပိုင်းခွဲ၍ ရှုပွားရန်ပြထားပုံ | ...... | ၁၄၉ |
| ၉၆။ | **ဒုက္ခလက္ခဏာ ပြဆိုခြင်းအပိုင်း** | ...... | ၁၅၃ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၉၇။ | ဒုက္ခသုံးမျိုး | ...... | ၁၅၅ |
| ၉၈။ | မာနနှစ်မျိုး | ...... | ၁၅၅ |
| ၉၉။ | မဟာသီဝထေရ်ဝတ္ထု | ...... | ၁၅၆ |
| ၁၀၀။ | **အနတ္တအပိုင်းပြဆိုခြင်း** | ...... | ၁၅၈ |
| ၁၀၁။ | အနတ္တအနက်သုံးချက် | ...... | ၁၅၉ |
| ၁၀၂။ | အသုဘအကြောင်း | ...... | ၁၆၃ |
| ၁၀၃။ | ဝိပလ္လာသတရား (၁၂)ပါး | ...... | ၁၆၄ |
| ၁၀၄။ | ဝိပလ္လာသ မှောက်မှားမှုသုံးပါး | ...... | ၁၆၅ |
| ၁၀၅။ | **ဝိပဿနာဉာဏ် ဆယ်ပါးတရားတော်** | ...... | ၁၆၆ |
| ၁၀၆။ | သိက္ခာသုံးပါး၌ ဝိသုဒ္ဓိခုနှစ်ပါးဝင်ပုံ | ...... | ၁၇၀ |
| ၁၀၇။ | ဉာဏ်ဆယ်ပါးနှင့် ဝိသုဒ္ဓိခုနှစ်ပါး နှီးနှောခြင်း | ...... | ၁၇၀ |
| ၁၀၈။ | နာမ်ရုပ်သိမ်းဆည်းပုံ | ...... | ၁၇၁ |
| ၁၀၉။ | ဇာတိပညာပျိုးထောင်ပေးရေး | ...... | ၁၇၄ |
| ၁၁၀။ | ကြာလေးမျိုး | ...... | ၁၇၆ |
| ၁၁၁။ | ဇမ္ဗူကျော်ပဒပရမများ | ...... | ၁၇၇ |
| ၁၁၂။ | အရှင်စူဠပန်ဝတ္ထု | ...... | ၁၇၇ |
| ၁၁၃။ | **ပဋိစ္စသမုပ္ပါဒ်အပိုင်း** | ...... | ၁၇၉ |
| ၁၁၄။ | ပဋိစ္စသမုပ္ပါယ်အင်္ဂါ (၁၂)ပါး | ...... | ၁၇၉ |
| ၁၁၅။ | အင်္ဂါ (၁၂)ပါးဖြစ်ပုံ | ...... | ၁၈၀ |
| ၁၁၆။ | ပဋိစ္စသမုပ္ပါဒ်တရားကိုယ် | ...... | ၁၈၃ |
| ၁၁၇။ | ပဋိစ္စသမုပ္ပါဒ်တရားတော် | ...... | ၁၈၄ |
| ၁၁၈။ | အခြင်းအရာ (၂၀) | ...... | ၁၈၆ |
| ၁၁၉။ | ကာလ (၃)ပါး | ...... | ၁၈၆ |
| ၁၂၀။ | အလ္ဓာ (၄)ပါး | ...... | ၁၈၆ |
| ၁၂၁။ | တစ်နည်း အလ္ဓာ (၄)ပါး | ...... | ၁၈၈ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၁၂၂။ | အစပ် (၃)ပါး | ...... | ၁၈၈ |
| ၁၂၃။ | ဝဋ်သုံးပါး | ...... | ၁၈၈ |
| ၁၂၄။ | သစ္စာ (၂)ပါး | ...... | ၁၈၈ |
| ၁၂၅။ | မူလ (၂)ပါး | ...... | ၁၈၈ |
| ၁၂၆။ | အစွန်းတရား (၂)ပါး | ...... | ၁၈၉ |
| ၁၂၇။ | သောကအုပ်စုဖြစ်ပေါ်ပုံ | ...... | ၁၈၉ |
| ၁၂၈။ | ဗျသနတရား (၅)ပါး | ...... | ၁၈၉ |
| ၁၂၉။ | အာသဝတရားလေးပါး | ...... | ၁၈၉ |
| ၁၃၀။ | အဝိဇ္ဇာအနက် (၆)ချက် | ...... | ၁၉၀ |
| ၁၃၁။ | အဝိဇ္ဇာပစ္စယာ သင်္ခါရာ | ...... | ၁၉၁ |
| ၁၃၂။ | သင်္ခါရပစ္စယာ ဝိညာဏံ | ...... | ၁၉၃ |
| ၁၃၃။ | ဝိညာဏပစ္စယာ နာမရူပံ | ...... | ၁၉၄ |
| ၁၃၄။ | နာမရူပပစ္စယာ သဠာယတနံ | ...... | ၁၉၄ |
| ၁၃၅။ | သဠာယတနပစ္စယာ ဖဿော | ...... | ၁၉၅ |
| ၁၃၆။ | ဖဿပစ္စယာ ဝေဒနာ | ...... | ၁၉၅ |
| ၁၃၇။ | ဝေဒနာ (၆)ပါး | ...... | ၁၉၅ |
| ၁၃၈။ | ဝေဒနာပစ္စယာ တဏှာ | ...... | ၁၉၅ |
| ၁၃၉။ | လောဘအငယ်စား တဏှာ (၆)မျိုး | ...... | ၁၉၆ |
| ၁၄၀။ | တဏှာအစစ် တစ်ရာ့ရှစ် | ...... | ၁၉၆ |
| ၁၄၁။ | တဏှာပစ္စယာ ဥပါဒါနံ | ...... | ၁၉၇ |
| ၁၄၂။ | လောဘအကြီးစားလေးမျိုး | ...... | ၁၉၇ |
| ၁၄၃။ | ဥပါဒါနပစ္စယာ ဘဝေါ | ...... | ၁၉၇ |
| ၁၄၄။ | ဘဝပစ္စယာ ဇာတိ | ...... | ၁၉၈ |
| ၁၄၅။ | ဇာတိပစ္စယာ ဇရာမရဏ | ...... | ၁၉၈ |
| ၁၄၆။ | မရဏသုံးပါး | ...... | ၁၉၈ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၁၄၇။ | အခြင်းအရာ (၂၀)ခွဲပုံ | ...... | ၁၉၈ |
| ၁၄၈။ | ကာလအားဖြင့် ခွဲနည်း | ...... | ၁၉၉ |
| ၁၄၉။ | ဝဋ္ဋသုံးပါး | ...... | ၂၀၀ |
| ၁၅၀။ | မူလနှစ်ပါး | ...... | ၂၀၀ |
| ၁၅၁။ | သစ္စာနှစ်ပါး။ | ...... | ၂၀၀ |
| ၁၅၂။ | **စတုသစ္စာကဏ္ဍပိုင်း (သစ္စာပိုင်း)** | ...... | ၂၀၁ |
| ၁၅၃။ | ကိစ္စလေးချက် | ...... | ၂၀၁ |
| ၁၅၄။ | ပြည်မြို့ ကန်တွင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ဘုရားကြီး ရေးသားအပ်သော သစ္စာအနက် (၁၆)ချက် | ...... | ၂၀၃ |
| ၁၅၅။ | သမုဒယသစ္စာအနက် (၄)ချက် | ...... | ၂၀၄ |
| ၁၅၆။ | နိရောဓသစ္စာအနက် (၄)ချက် | ...... | ၂၀၄ |
| ၁၅၇။ | မဂ္ဂသစ္စာအနက် (၄)ချက် | ...... | ၂၀၅ |
| ၁၅၈။ | နိဗ္ဗာနဓာတ် | ...... | ၂၀၅ |
| ၁၅၉။ | ကဗျာအလင်္ကာ | ...... | ၂၂၃ |
| ၁၆၀။ | ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)၏ ရပ်တည်ချက် | ...... | ၂၂၇ |
| ၁၆၁။ | သစ္စာပါရမီဆုတောင်း | ...... | ၂၂၈ |


**မာတိကာပြီး၏။**

* * * * *

http://www.dhammadownload.com

http://www.dhammadownload.com



# နိဒါန်း

ဤစာအုပ်သည် ပခုက္ကူဝိပဿနာ နည်းပြဆရာကြီး ဦးကြင်ရွှေ ဟောကြားထားသော တရားစဉ်မှ မှတ်သင့်မှတ်ထိုက်သော တရားများကို ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်ရှိသည့်အတွက် တရားနာယူနေကြသော သင်တန်းသူ သင်တန်းသားများသည် တရားနာယူနေစဉ်အတွင်း မှတ်သားသင့်သော တရားများကို လိုက်ကူးယူမှတ်သားရန် မလိုတော့သဖြင့် တရားနာနေစဉ် တရားပေါ် အာရုံမပျက်ဘဲ နာယူနိုင်ကြမည့်အပြင် တရားထူးများ လွယ်လင့်တကူ ရနိုင်မည်ဟု ယုံကြည်မိပါသည်။ သို့အတွက် ဤစာအုပ်ကို ဖတ်ရှုပြီး တရားပွားများ အားထုတ်နိုင်ကြပါစေကုန်သတည်း။

## မျှော်မှန်းချက်ပန်းတိုင်

ဤသင်တန်းတရားကို နိဒါန်းမှစ၍ နိဗ္ဗာန်သို့အရောက် ဆုံးခန်းတိုင် နာယူကြသော ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့သည် သေပြီးသည့်နောက်ဘဝ ရောက်ရမည့်ဂတိငါးပါးအနက် နရက်ခေါ်သော အပါယဂတိ အပါယ်လေးပါးသို့ လားရမည့် ဘေးဆိုးကြီးမှ မုချဧကန် အမှန်မချွတ် ကင်းလွတ်နိုင်သည့် အဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးများ ရရှိစေခြင်း၊ အလွန့်အလွန် သိနိုင်ခဲ မြင်နိုင်ခဲသော ရုပ်စစ် နာမ်စစ် ပရမတ္ထစစ် ဓာတ်စစ်တရားတို့ကို ပြတ်သားနားလည်ကြရပြီး ကလျာဏပုထုဇဉ်အဖြစ် ရရှိစေခြင်း၊ "ဒသဗလဿ သာသနေ မူလံ ဩတိဏ္ဏံ နာမ ဟောတိ"ဟု ပြသည့်အတိုင်း "သာသနာအတွင်းလူ"ခေါ်သော သာသနိကပုဂ္ဂိုလ်ဖြစ်စေရခြင်း၊ ၎င်းနောက် "ပစ္စယပရိဂ္ဂဟဉာဏ်" အမြင်မှန်ရရှိစေပြီး စူဠသောတာပန်ခေါ်သော သောတာပန်အဖြစ်ကို ရရှိစေခြင်း ဟူသော အကျိုးကျေးဇူးများကို ဤစာအုပ်ဖတ်ရှုမှတ်သား နားလည်တတ်မြောက်ကာ ဓမ္မမိတ်ဆွေများပါ အထက်ဖော်ပြခဲ့ပြီးသော အကျိုးကျေးဇူးများ ရရှိစေခြင်းအကျိုးငှာ မျှော်မှန်းချက်ပန်းတိုင်အဖြစ် ရည်သန်၍ ဤစာအုပ်ဖြစ်မြောက် အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ဦးမြင့်စိုး
(ဥက္ကဋ္ဌ)
ပခုက္ကူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်
(အောက်မြန်မာပြည်)
အမှတ် (၈၆)၊ သီရိ (၅) လမ်း၊
(၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၂၄၀၇၈၊ ၀၉ ၄၉ ၂၇၉၀၆၀

http://www.dhammadownload.com



# ယုံကြည်ချက် နိဒါန်း

ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ၏ ယုံကြည်ချက်သည် သင်တန်းသား, သင်တန်းသူများအပေါ် စေတနာ, သဒ္ဓါ ယုံကြည်စွာဖြင့် ဗုဒ္ဓ မြတ်စွာ၏ ဒေသနာတော်နှင့်အညီ သင်တန်းသားများ၏ အသိဉာဏ် မှန်ကန်မှု ရှိ, မရှိနှင့် ပတ်သက်၍ မိမိတို့သန္တာန်၌ ကိန်းနေသော လောဘ, ဒေါသ, မောဟတို့သည် ခေါင်းပါးမှု ရှိ, မရှိ ပေတံဖြင့် တိုင်းတာရသလို၊ ထိုလောဘ, ဒေါသ, မောဟ ခေါင်းပါးသွားလျှင် မှန်ကန်သော အသိဉာဏ်သည် အမှန်ပင် ရလိမ့်မည်ဟု ယုံကြည်ပါသည်၊ ယုံကြည်သည့်အားလျော်စွာ ထိုယုံကြည်ချက်ကို လောကလူသားတိုင်းအတွက် အရေး အကြီးဆုံးအချက်သည် အပါယ်ဘေးမှ တကယ်လွတ်မြောက်ရေးပင် ဖြစ်သည်။ ထိုဘေးကို "အပါယဘေး" ဟု ခေါ်ပါသည်။

"ဎင်းဘေးကို ဘယ်လိုပုဂ္ဂိုလ်မျိုးများ တွေ့နိုင်သနည်း" ဟု အမေးရှိခဲ့သော် . . . . . "ပုထုဇဉ် ပုဂ္ဂိုလ်များ တွေ့နိုင်သည်"ဟု သာမညအားဖြင့် အဖြေပေးရမည်ဖြစ်ပေသည်။

ဒါဖြင့် ပုထုဇဉ်တိုင်းလားဟု မေးခဲ့သော် မဟုတ်ပါ၊ စူဠသောတာပန်ပုထုဇဉ်များ မပါနိုင်ပါ။ ဒါကြောင့် အထက်ပါ ပုထုဇဉ်ပုဂ္ဂိုလ်မျိုးဖြစ်နိုင်အောင် ပခုက္ကူဝိပဿနာသင်တန်းနည်းပြ ဆရာကြီး ဦးကြင်ရွှေ၏ သင်တန်းတရားမှတ်စုစာအုပ်ကို အခြေခံသဘောဖြင့် လေ့လာမှတ်သား နာယူပွားများ ခြင်းဖြင့် မိမိကိုယ်ကို စူဠသောတာပန် ပုထုဇဉ်မျိုးထဲ၌ ပါဝင်နိုင်မည်ဟု ယုံကြည်ချက် ခိုင်မာလာပေ လိမ့်မည်။

အဘယ့်ကြောင့် ဆိုသော် ဆရာကြီး ဦးကြင်ရွှေ၏ သင်တန်းတရားမှတ်စု အခြေခံစာအုပ်ကို အထောက်အကူပြုပြီး တရားများကို လေ့လာရင်းဖြင့် ပညတ်, ပရမတ်မှ အစပြုကာ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, လက္ခဏာ, ဝီထိစဉ်သဘောနှင့် ပဋိစ္စသမုပ္ပါဒ်အလယ်, နိဗ္ဗာနဓာတ်အဆုံး ဒေသနာ တစ်ရပ်လုံးကို သဘာဝ, အာဂမ, သာဓကတို့ဖြင့်လည်းကောင်း၊ ပါဠိတော်, အဋ္ဌကထာ, ဋီကာ စသော ကျမ်းဂန်အရပ်ရပ်တို့ဖြင့် ညှိနှိုင်းကာ ဘုရားအလိုတော်ကျ ဟောကြားထားသော ဒေသနာတော်များဖြစ်ပြီး နာကြားရသူတိုင်း သမ္မာဒိဋ္ဌိဉာဏ် အမြင်သန်၍ အပါယ်ဘေးမှ တကယ်ဝေးမည်ဟု ကျွန်ုပ်တို့ ယုံကြည် မိပါသည်။

ထိုယုံကြည်ချက်အတိုင်း သင်တန်းတရား နာကြားသူများအတွက် စေတနာ မေတ္တာထားကာ အလွယ်တကူ နာယူမှတ်သားနိုင်စေရန် အထောက်အကူဖြစ်စေနိုင်ရန် ရည်ရွယ်လျက် ဤသင်တန်းတရား သင်ခန်းစာ မှတ်စုစာအုပ်ကို (ဒုတိယ) အကြိမ် ပြန်လည်ထုတ်ဝေလိုက်ရပါသည်။

ဦးဘငြိမ်း
(အတွင်းရေးမှူး)
ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်
(အောက်မြန်မာပြည်)
အမှတ် (၈၆)၊ သီရိ (၅) လမ်း၊ လှိုင်မြို့နယ်။

http://www.dhammadownload.com



# ဩဝါဒါစရိယ ဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒု-ဥက္ကဋ္ဌ) ဆရာတော်

၂။ ဘဒ္ဒန္တ ပဏ္ဍိတ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ပရဟိတ ကျားကျောင်းဆရာတော်၊

၃။ ဘဒ္ဒန္တ ပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်ဩဝါဒါစရိယဆရာတော်၊

၄။ ဘဒ္ဒန္တ ဝိစာရ
အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အကျိုးတော်ဆောင်) ဆရာတော်၊

၅။ ဘဒ္ဒန္တ တိလောက
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်၊

၆။ ဘဒ္ဒန္တ ကောသလ္လ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ရန်ကုန်တိုင်း သံဃနာယက ဥက္ကဋ္ဌဆရာတော်၊

၇။ ဘဒ္ဒန္တ ဝိလာသ
ရန်ကုန်တိုင်း သံဃနာယက အကျိုးတော်ဆောင် ဆရာတော်၊

၈။ ဘဒ္ဒန္တ စန္ဒောဘာသ (မေတ္တာဝါဒီ ဆရာတော်)
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
တိုင်းသံဃနာယက ဥက္ကဋ္ဌ (ဒွါရ)၊

၉။ ဘဒ္ဒန္တ ဩဘာသ
အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်
ပါဠိဋီတက္ကသိုလ်၊ ပျော်ဘွယ်ကျောင်းတိုက်။

http://www.dhammadownload.com



# နာယက ဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တ နေမိန္ဒာဘိသီရိ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်ဆရာတော်
ရတနာသိယ်ပရိယတ္တိစာသင်တိုက်၊

၂။ ဘဒ္ဒန္တ နန္ဒောဘာသ
လှိုင်မြို့နယ်၊ သံဃနာယက ဆရာတော်
နန္ဒာရွှေဘုံကျောင်းတိုက်၊

၃။ ဘဒ္ဒန္တ သုန္ဒရ
လှိုင်မြို့နယ် သံဃနာယက ဉက္ကဋ္ဌ ဆရာတော်
ဇေယျာဝံသကျောင်းတိုက်၊

၄။ ဘဒ္ဒန္တ သီရိန္ဒ (တိုက်အုပ်ဆရာတော်)
သုစိတ္တာရုံပရိယတ္တိစာသင်တိုက်၊ ကမာရွတ်မြို့နယ်၊

၅။ ဘဒ္ဒန္တ ဉတ္တရ
မဟာဂန္ထဝါစကပဏ္ဍိတ
လှိုင်မြို့နယ် သံဃနာယက ဆရာတော်
ဇေယျဝတီပရိယတ္တိစာသင်တိုက်၊

၆။ ဘဒ္ဒန္တ ဝိမလ
မစိုးရိမ်ပရိယတ္တိစာသင်တိုက်၊ (၉) မိုင်၊ မရမ်းကုန်းမြို့နယ်၊

၇။ ဘဒ္ဒန္တ သုန္ဒရ
လှိုင်မြို့နယ် သံဃနာယကအကျိုးတော်ဆောင် ဆရာတော်
ပဏ္ဍိတာရာမပရိယတ္တိစာသင်တိုက်၊

၈။ ဘဒ္ဒန္တ ကဝိသာရ
ဇေယျဝတီပရိယတ္တိစာသင်တိုက်၊

၉။ ဘဒ္ဒန္တ ဝဏ္ဏာသိဒ္ဓိ
ရွှေမန်းကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊

၁၀။ ဘဒ္ဒန္တ သုန္ဒရ
ဇေယျဝတီပရိယတ္တိစာသင်တိုက်၊

http://www.dhammadownload.com



# ပစ္စက္ကျူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ၏

## အမှုဆောင်လူကြီးများ

| | | |
|---|---|---|
| ၁။ | ဦးချစ် | နာယက |
| ၂။ | ဦးမြင့်စိုး | ဥက္ကဋ္ဌ |
| ၃။ | ဦးသန်းရှိန် | ဒုတိယ ဥက္ကဋ္ဌ |
| ၄။ | ဦးဘငြိမ်း | အတွင်းရေးမှူး |
| ၅။ | ဦးငွေကျော် | တွဲဘက်အတွင်းရေးမှူး |
| ၆။ | ဦးတင်မောင်လတ် (ခ) ဦးအောင်မင်္ဂလာ | တွဲဘက်အတွင်းရေးမှူး |
| ၇။ | ဦးတေဇာဘုန်းဦး | ဘဏ္ဍာရေးမှူး |
| ၈။ | ဦးသာဆယ် | စာရင်းစစ် |
| ၉။ | ပါမောက္ခ ဒေါက်တာ ဒေါ်ချိုလေးမာ | ပြန်ကြားရေး |
| ၁၀။ | ဦးတင့်ဝေ | ။ |
| ၁၁။ | ဒေါက်တာ ဒေါ်ခင်မြင့်စန်း | ။ |
| ၁၂။ | ဦးချစ်လှိုင် | ။ |
| ၁၃။ | ဦးကြီးစိန် | ။ |
| ၁၄။ | ဒေါ်ယဉ်ယဉ်သိန်း | ။ |

http://www.dhammadownload.com



## (၁၃၀၉) ခုနှစ်မှ စတင်တည်ထောင်ခဲ့သော ပခုက္ကူဝိပဿနာ သင်တန်းနည်းပြ

# ဆရာကြီး ဦးကြင်ရွှေ

## ၏

## ဘဝဖြစ်စဉ် သမိုင်းအကျဉ်းချုပ်

✿ ✿ ✿ ✿ ✿

ပခုက္ကူဝိပဿနာသင်တန်းသားများ၏ ရှေ့သွားခေါင်းဆောင် သမိုင်းပြောင်သည့် ဆရာကြီး ဦးကြင်ရွှေသည် ဧရာဝတီတိုင်း အပါအဝင် ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်၊ ပုသိမ်မြစ်ဟုလည်း ခေါ်တွင်သော ငဝံမြစ် လက်ဝဲဘက်ကမ်းတွင် တည်ရှိသော သာယာလှသော လူတော်စုရွာ၌ အဖ ဦးသာပေါ်+ အမိ ဒေါ်မေခင်-တို့မှ သက္ကရာဇ် (၁၂၆၁) ခုနှစ်၊ တော်သလင်းလဆန်း (၁၂) ရက်၊ သောကြာနေ့ နံနက် (၄) နာရီ အချိန်တွင် ထောင်သောင်းသိန်းမက များလှစွာသော လူအပေါင်းတို့အား ဓမ္မဒါန အမြုတေ ငှဝေအံ့ငှာ မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။ ဆရာကြီး၏ ငယ်မည်မှာ 'မောင်ကြင်' ဖြစ်ပါသည်။

*** များမြောင်သချၤာ၊ လူတကာတို့၊ ဓမ္မအမြုတေ၊ ပေးဝေအံ့ငှာ၊**
**ဆရာလောင်းလျာ၊ ဖွားမြင်ပါသည်၊ လွန်စွာ အံ့ဖွယ်ကောင်းပါသတည်း။**

### တတ်သင့်တတ်ရာ ပညာအရပ်ရပ် သင်ကြားခဲ့ခြင်း

ကျေးဇူးရှင် ပခုက္ကူဝိပဿနာ နည်းပြဆရာကြီးလောင်းလျာ မောင်ကြင်သည် သက်တော် (၇) နှစ်သားအရွယ်တွင် လူတော်စုရွာ ကျောင်းဆရာမကြီး ဒေါ်သိန်းလှိုင်၏ မူလတန်းကျောင်း၌ အခြေခံမူလတန်း ပညာရပ်များကို သင်ယူခဲ့ပါသည်။ ထိုဒေါ်သိန်းလှိုင် မူလတန်းကျောင်းမှ လူတော်စုရွာ ဆရာတော် ဦးတေဇဝန္တ ကျောင်းသို့ ပြောင်းရွှေ့နေထိုင်ကာ ဆရာကြီးဦးဘိုးရန် ကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့ရာ အောက်ခြေမူလတန်းစာများ လွယ်ကူစွာ တတ်မြောက်ခဲ့ပါသည်။

*** ဆရာကြီးလောင်းလျာ၊ သူတော်စွာကား၊ ငယ်ခါသမယ၊**
**ကာလကပင်၊ လွန်လျှင်ထူးခြား၊ ပညာများကို၊ ကြိုးစား၍ပင်၊**
**သူသွန်သင်သည်၊ လူတွင် တံခွန်ဖြစ်မည်ကို။**

http://www.dhammadownload.com



## သာမဏေဝတ် ဘုရားမြတ်စွာသာသနာ့ဝန် ထမ်းဆောင်ခြင်း

ပခုက္ကူဝိပဿနာသင်တန်းသားများ၏ ရွှေတောင်ကြီးပမာ မှီခိုအားထားရာဖြစ်သော ဆရာကြီးသည် သက်တော် (၁၂)နှစ်သားအရွယ်တွင် ပြည်ခရိုင်၊ ပန်းတောင်းမြို့ ဆုတောင်းပြည့်ကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့သော အဘိဓမ္မတ္ထသာရမေဒနီကျမ်း စသော ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော ဒွါရနိကာယ ဆဋ္ဌမမြောက် သံဃရာဇာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်ဝါသဝ မဟာထေရ်မြတ်၏ စက်ရိပ်ဝယ် သာဝတ္ထိအဖွဲ့ နှစ်ဆယ့်လေးသွယ် စလွယ်တော်သိုင်းခြုံ မဟာသရဏဂုံနှင့်တကွ ဆယ်ပုံသီလ နိစ္စမြဲထွေ သာမဏေဘုံရောက်ချီးမြှောက်တော်မူချက်အရ "ရှင်သာစုဝတ"ဟူသော ဘွဲ့မည်ဖြင့် ဘုရားဇီနေ့် သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့ပါသတည်း။

*** တစ်ဆယ့်နှစ်နှစ်၊ ရွယ်တော်ခေတ်ဝယ်၊ ဘုန်းကြွယ်မြတ်စွာ၊**

**သာသနာတွင်၊ သုံးအင်သရဏဂုံ၊ ဆယ်ပုံသီလ၊ မြတ်ဓမ္မဖြင့်၊**

**သာသနာဝန်၊ သူအားသွန်သည်၊ လွန်လျှင်ထူးတဲ့ ပါရမီရှင်ပါတည်း။**

## "သရေခေတ္တရာ"မည် ပြည်မြို့၌ ပညာသင်ကြားခြင်း။

သက္ကရာဇ် (၁၂၇၆)ခုနှစ်မှစ၍ "သရေခေတ္တရာ"ဟု ထင်ရှားသော ပြည်မြို့ ကန်တွင်းကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သုဘာသိတထံ ရောက်ရှိနေထိုင်၍

*** "ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊**
**သင်တွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ"**

ဟူသည်နှင့်အညီ တပည့်ဝတ်ငါးပါး ပြည့်စုံစွာကျင့်ကြံ၍ တတ်ကောင်းစရာ၊ လောကုတ္တရာပညာအရပ်ရပ်ကို ဒိုးကဲ့သို့မွှေ အာဂုံကျေအောင် သင်ယူတတ်မြောက်တော် မူခဲ့ပါသတည်း။

*** သရေခေတ္တရာ၊ သညာဖွဲ့ချည်၊ ပြည်နဂရ၊ ဌာနသမိုက်၊**
**ကန်တွင်းတိုက်တွင်၊ အရှင်သုဘာသိတ၊ ထေရိန္ဒရ၏၊**
**ကန္တိကေနီး၊ ကပ်ခါမှီး၍၊ ဘုန်းမီးသာသနာ၊ ကျမ်းစာဆူဆူ၊**

သူသင်ယူသည်၊ ကြည်ဖြူသဒ္ဓါပိုင်ရှင်တည်း။

## ဥပသမ္ပဒဇာတ် မြင့်မြတ်သော ရဟန်းအဖြစ် ရောက်ခြင်း

သက်တော် (၂၀)ပြည့်မြောက်ရာ သက္ကရာဇ် (၁၂၈၁)ခုနှစ်၊ မအူပင်မြို့၊ ဒီပဲရင်းကျောင်းတိုက်သိမ်တော်၌ အင်ပူဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မအူပင်မြို့၊ စက်ရှင်မင်းကြီး ဦးသက်ညွှန့်+ဒေါ်ရွှေမေ-တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝ ဒုလ္လဘကို မုချပုံသေ ရရှိတော်မူခဲ့ပါပေသတည်း။

http://www.dhammadownload.com



* သက်တော်နှစ်ဆယ်၊ သူပြည့်ကြွယ်က၊ တင့်တယ်အေးမြ၊
သာယာလှသည့်၊ ဗုဒ္ဓသာသနာ၊ ကြီးစွာဝန်ထမ်း၊ ရဟန်းဘဝ၊ ဒုလ္လဘကို၊
လှလှမသေ၊ ရရှိလေသည်၊ အသရေလျှမ်းတင့် လှပါသတည်း။

## ပညာသင်ကြားတော်မူခြင်း

တစ်ခေတ်တွင် ပခုက္ကူဝိပဿနာ သင်တန်းဆရာကြီးအဖြစ် ကျော်စောမည့် ရဟန်းတော် ဦးသာဓုဝတသည် ပြည်မြို့ ကန်တွင်းကျောင်းတိုက် ဆရာတော်ဘုရားကြီးနှင့် အင်ပူဆရာတော်ဘုရားကြီးတို့ထံတွင် ဂန္ထဓုရ အဝဝကို ဗဟုဿုတ ဖွဲလုံ့လဖြင့် သင်ယူရာ တတ်မြောက်ကျွမ်းကျင်တော်မူခဲ့ပါသည်။

* နေလတန္လျှ၊ ဦးသုဘာသိတ၊ ထေရိန္ဒနှင့်၊ သံဃပိတာ၊
သံဃဖခင်၊ အင်ပူတွင်၊ သခင်ဆရာ၊ များစွာတို့ထံ၊
တန်တန်သချာ၊ ကျမ်းရွှေစာကို၊ ကောင်းစွာအလျင်၊
သင်သင်ယူသည်၊ သဗ္ဗညုသာသနာ ပြုရန်ကို။

## ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်၌ ပညာသင်ကြားခြင်း

ရဟန်းသိက္ခာ ခြောက်ဝါအရတွင် နတ်သိကြားတို့ နှိုးဆော်သည့်အလား ပခုက္ကူသို့ ပညာသင်သွားလိုစိတ်တွေ တဖွားဖွားဖြစ်ပါသဖြင့် ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးသို့ ရောက်ရှိကာ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဦးဇဝနထံ ပိဋကတ်နိကာယ် အသွယ်သွယ်သော ကျမ်းဂန်များကို သင်ယူခဲ့ရာ ပိဋကတ် တတ်မြောက်ကျွမ်းကျင်ခဲ့လေသည်။

* ပခုက္ကူမည်၊ လွှန်ပြောစည်သည့်၊ အင်္ဂီရသ၊ ဗုဒ္ဓသာသနာ၊
ရောင်ဝါယှက်ဝေ၊ မြို့မဟေ၌၊ သုံးထွေပိဋက၊ ချရာပို့ရာ၊
မဟာဝိဇယာရာမ၊ နာမသမိုက်၊ တိုက်တော်ကြီးတွင်၊ သုံးအင်ပိဋကတ်၊
တတ်မြောက်အောင်ပင်၊ သင်သင်ယူသည်၊ ဝိညူပဏ္ဍိဖြစ်ပြီတည်။

## စာပေကျမ်းဂန်ချပို့ သာသနာကျိုး သည်ပိုးဆောင်ရွက်ခြင်း

စာပေကျမ်းဂန် သင်ယူတတ်မြောက်ပြီးနောက် မိမိအောက်ငယ်သား စာသင်သားများကို စာပေချပို့ကာ သာသနာကျိုးကို သည်ပိုးထမ်းဆောင်ခဲ့လေသည်။ ဆရာကြီးလောင်းလျာ ရဟန်းတော် ဦးသာဓုဝတသည် ပန်းဘဲတိုက်ရပ် ကျောက်စေတီဘုရားအနီးရှိ ယခု (၁) အ. လ. က ကျောင်း

http://www.dhammadownload.com



နေရာ၌ ရှိခဲ့ဖူးသော ဘုန်းတော်ကြီး ဦးဝင့်ကျောင်း၌လည်း နေထိုင်၍ သာမဏေငယ်များ,ကျောင်းသားများကို စာပေသင်ကြား ချပို့ပေးခဲ့ပါသည်။

*** စာပေအရပ်ရပ်၊ တတ်မြောက်လေက၊ သိဿပေါ်ယယ်၊ အသွယ်သွယ်အား၊**
**ငါနှုယ်မသွေ၊ တက်ပါစေဟု၊ နှလုံးပြုကာ၊ များစွာကျမ်းစာ၊**
**ချပို့ပါသည်၊ စေတနာသုံးဖြာ၊ ထူးလှပါသတည်း။**

## ဝိပဿနာတရား ပြန့်ပွားအောင်ဆောင်ရွက်ခြင်း

ရဟန်းတော် ဦးသာဓုဝတသည် ရဟန်းသိက္ခာ (၁၈)ဝါအရတွင် လွန်စွာထူးတင့် မြင့်မြတ်လှသည့် သာသနာ့ဘောင်မှ ဆင်းခဲ့လေသည်။ "ဦးကြင်ရွှေ" အမည်ဖြင့် လူ့ဘဝရောက်၍ (၄)နှစ်ကြာသော အခါ ဒေါ်စိန်ဥနှင့် အိမ်ထောင်ဖက်ပြုခဲ့ရာ သမီးတစ်ယောက် ထွန်းကားခဲ့ပြီး မကြာမီ သမီး, ဇနီးတို့ ကွယ်လွန်ခဲ့သဖြင့် သောကမီးတောက်လောင်လေရာ ယင်းသောကမီးမှ ငြိမ်းရန်ငြိမ်းကြောင်း ဘုရားမြတ်စွာ၏ဆေးကောင်းဖြစ်သည့် ပိဋကကျမ်းစာများကို ကြည့်ရှု၍ အနှစ်သာရကို ရှာဖွေခဲ့လေသည်။

*** တဏှာအကြိုက်၊ သူလိုက်မိကာ၊ မြတ်စွာခမ်းဝါ၊ သာသနာမှ၊**
**ယုတ်မာသည်းခေါင်၊ ဤလူ့ဘောင်ဝယ်၊ အိမ်ထောင်ညွှတ်ကွင်း၊**
**သံချိုင့်တွင်း၌၊ ဆင်းသက်မိကာ၊ ပူဝေဆာ၊ သောကရောက်ရပါသတည်း။**
**သောကပြေကြောင်း၊ ဆေးဝါးကောင်းမှန်း၊ သုံးတန်ပိဋက၊**
**နိစ္စမသွေ၊ ကြည့်ရှုလေက၊ သံဝေဂ မုချဖြစ်ခဲ့ပါသတည်း။**

ယင်းသို့ စာပေကျမ်းဂန်အရပ်ရပ်ကို ကြည့်ရှုလေ့လာ သုံးသပ်ရှုမှတ် ကြံစည်ရင်းလောကကြီး ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးမှတစ်ပါး ဘာမျှမရှိ သူညာ၏အဖြစ်ကိုလည်းကောင်း၊ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ မရှိ ပရမတ်ပေါ်တွင် ပညတ်ဖုံးနေသည့် အဖြစ်ကိုလည်းကောင်း၊ ပိုင်ပိုင်မိမိသိရှိ၍ မိမိသိသည့်အတိုင်း အများတကာတွေ သိကြပါစေဟူသော ရည်ရွယ်ချက်ဖြင့် (၁၃၀၉)ခုနှစ်၊ တန်ဆောင်မုန်းလကစ၍ "ပခုက္ကူဝိပဿနာသင်တန်း"ဟူသော အမည်ဖြင့် စတင်တည်ထောင် ဖွင့်လှစ်ခဲ့ရာ ဘုန်းကံရှိသော အမျိုးကောင်းသား အမျိုးသမီး ထောင်ပေါင်းများစွာတို့ ဒီရေအလား တဖွားဖွား ရောက်ရှိ တပည့်ခံကြကာ တရားဓမ္မ နာယူကြရာ အတိုင်းမသိ အကျိုးရှိလှသည်။

## သင်တန်းခွဲပေါင်း (၂၇၀)ကျော်

ယခုဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံ တစ်နိုင်ငံလုံး အနယ်နယ် အစိုးစိုး အမြို့မြို့ အရွာရွာတွင် ဆရာကြီး၏ ဝိပဿနာသင်တန်းခွဲပေါင်း (၂၇၀)ကျော်မျှရှိရာ လွန်စွာအားရ ကျေနပ်ဖွယ်ကောင်းလှပါသည်။

http://www.dhammadownload.com



## ဆရာကြီးကွယ်လွန်သဖြင့် ဆုံးရှုံးနစ်နာခြင်း

အားလုံးသော သပ္ပုရိသန္တယ်ဝင် သူတော်စင်အပေါင်းတို့ -

အားလုံးသိတော်မူကြသည့်အတိုင်း ဇရာဗျာဓိတို့ အနှိပ်စက်ခံရသော ဆရာကြီး အသက် (၈၅)နှစ်ရှိရာ (၁၃၄၆) ခုနှစ်၊ ဝါဆိုလကွယ်နေ့ (၁) နာရီ (၆)မိနစ်အချိန်တွင် ဆရာကြီး ကွယ်လွန်သွားပါသဖြင့် လွန်စွာဆုံးရှုံးနစ်နာခြင်း ဖြစ်ကြရပါသည်။ သို့ရာတွင် "ဖြစ်လျှင်ပျက်မြဲ မလွဲတံထွာ ဓမ္မတာ" ဟု သဘောပေါက် ဖြေသိမ့်ပြီး ဆရာကြီး၏ တရားတော်များ ပြန့်ပွားအောင် ကျန်ရစ်ကြသော တပည့်တွေ တက်ညီလက်ညီ ဆောင်ရွက်ကြဖို့ လေးနက်စွာ တိုက်တွန်းပါသည်။

မြင်မြင်သမျှ သင်္ခါရ စိတ်က နှလုံးသွင်း။

အရှင်ကေလာသ
အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မာစရိယ ဂဏဝါစက
**B.A .Hons** ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)

http://www.dhammadownload.com

# ကျေးဇူးတော်ရှင်
# အရှင်အုဂ်ဂဖို့ရ်ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော
# ဘုရားနှင့်နိဗ္ဗာန် အစိန္တေယျ ရှိခိုးဂါထာ ပါဠိအနက်

**ရူပညာ ဏ္ဍဝ အစိန္တေယျံ၊ လက္ခဏစိတြတ္တ'မဟံ။**
**အမတာကာရမန္တမ္ပိ၊ နိဗ္ဗာနဥ္စ နမေ ဇနံ။**

**ရူပညာ ဏ္ဍဝ အစိန္တေယျံ** = လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပသာဒစက္ခု မျက်စိမှုဖြင့် ရှု၍မငြီး မပြီးမစဲ မရောင့်ရဲနိုင်အောင် အသရေဆောင်တတ် မြတ်သော လက္ခဏာတော်ကြီး သုံးဆယ့်နှစ်သွယ် ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် မချို့ရံခါ တန်ဆာမသွင် ဆင်ယင်အပ်သော ဝဏ္ဏာယတန တည်းဟူသော ရူပအဆင်းတော်၊ အဆင်းတော်၏ဖြစ်အင် ဝန်းကျင်ပတ်လုံး ပရမာဏုမြူလုံးခန့် မသန့် စွန်းငြိ မရှိစင်ကြယ် အလွန်သပ္ပာယ် တင့်တယ်တော်မူခြင်းတည်းဟူသော ရူပဝိလာသ၊ အဘိရူပ လှသည့်လုံးစုံ ကျေးဇူးဂုဏ်ကို အာရုံဖန်ဖန် အတန်တန်လျှင် ကြံစည်အံ့သြ ဟောပြော၍ မကုန်နိုင်ခြင်း တည်းဟူသော ရူပအစိန္တေယျ၊ သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ်ဟုဆိုအပ်သော ဉေယျ ငါးတန် တရားမှန်ကို ဧကန်တိတိ အလိုတော်ရှိတိုင်း သိမြင်နိုင်ခြင်း သဗ္ဗညုတဉာဏ်တည်းဟူသော ဉာဏအစိတ်အပေါင်း သောင်းပြောင်းမကြွင်း သိမြင်ခြင်း၌ တင့်တယ်စံပယ်ခြင်းတည်းဟူသော ဉာဏ ဝိလာသ၊ စတုဝေသာရဇ္ဇ စသည်မကြွင်း ဉာဏ်ခပင်းတို့၏ သိခြင်းကိစ္စဟူသမျှကို မြူမျှမကြွင်း သိမြင်ခြင်း၌ ကြံစည်အံ့သြ ဟောပြော၍ မကုန်နိုင်ခြင်း တည်းဟူသော ဉာဏအစိန္တေယျ၊ ကိုယ်တော် တမူ အဏုမြူခန့်မယွင်း ဖန်ဆင်းခြင်း အဏိမာ စသော ဣဒ္ဓိယရှစ်ပါး တည်းဟူသော ဣဒ္ဓိ၊ တန်ခိုးရှစ်တန် ဖောက်ပြန်မယွင်း ဖန်ဆင်းခြင်း၌ တင့်တယ်စံပယ်ခြင်း တည်းဟူသော ဣဒ္ဓိဝိလာသ၊ မျက်လုံးတော်နှစ်ဘက်မှ ရေမီးထွက်၍ ဘဝဂ်အဆုံး အုပ်ဖုံးနိုင်ခြင်း၌ ကြံစည်အံ့သြ ဟောပြော၍ မကုန်နိုင်ခြင်း တည်းဟူသော ဣဒ္ဓိအစိန္တေယျ၊ 'ဝိဿဇ္ဇ မဉ္ဇူ ဝိညေယျံ"စသည့် ရှစ်တန်အသံတော်အင်္ဂါ ဖြင့် တန်ဆာဆင်အပ် မြတ်သောစကားတော်တည်းဟူသော ဝစန၊ ယာဂုပါန သောက်ကာလမျှ

http://www.dhammadownload.com



ဟောပြပေါ်ယာယ် နိကာယ်ဒီဃ ပမာမျှလောက် ရှိမြောက်အမြား စကားတော်၏ တင့်တယ်စံပယ် ခြင်းတည်းဟူသော ဝစနဝိလာသ၊ လူ့ရပ်နတ်ဌာန် ပြဟ္မာ့ယံထိအောင် ရှစ်သောင်းလေးထောင် များ မြောင်လှစွာ ဓမ္မက္ခန္ဓာ၌ "အာဒိမဇ္ဈ ပရိယောသန" ကလျာဏသုံးဖြာ သဒ္ဒါခြောက်ပါး အနက်ခြောက် ပါး ဟောကြားမယွင်း ပြည့်စုံခြင်းတို့ကြောင့် ထက်ဝန်းကျင် ဖြူစင်သန့်ရှင်းသော စကားတော်၏ ဖြစ်ဟန်ကို အဖန်ဖန်ကြံစည် အံ့ဩပြော၍ ဟောမကုန်နိုင်ခြင်းတည်းဟူသော ဝစနအစိန္တေယျအားဖြင့် တစ်ဆယ့်နှစ်ပါးကုန်သော ထုံတော်မူအပ်ထသော။ **လက္ခဏစိတြဲတ္တံ** = ဘုရားဟု သိကြောင်းဖြစ်သော ဆန်းကြယ်သော လက္ခဏာတော်ကြီးငယ်လည်း ရှိတော်မူထသော။ **ဇိနဥ္စ** = ငါးမာရ်အောင်မြင် ဘုရားရှင်ကိုလည်းကောင်း၊ **အမတာကာရမန္တမ္ပိ** = မသေမကြေ အမြဲနေသော အခြင်းအရာသဏ္ဌာန် လည်း ရှိထသော။ **နိဗ္ဗာနဥ္စ** = ဘုံနန်းကြီးသဖွယ် တကယ်ထင်ရှားရှိသော နိဗ္ဗာနဓာတ် တရားမြတ်ကို လည်းကောင်း။ **အဟံ** = အကျွန်ုပ်သည်။ **နမေ-နမာမိ** =ရိုသေမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

http://www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဘုရားကိုယ်တော်မြတ်ကြီး၏ ပမာဏလေးပါး

၁။ ရူပ ပမာဏ။

၂။ ဃောသပမာဏ။

၃။ လူခပမာဏ။

၄။ ဓမ္မပမာဏ။

ရူပ ပမာဏ - သတ္တဝါများသည် မြတ်စွာဘုရား၏ ရူပါရုံကို မြင်ရုံနှင့် သုံးပုံနှစ်ပုံသော သတ္တဝါများက ကြည်ညိုကြ၏

ဃောသပမာဏ - ဘုရား၏ အသံတော်ကို ကြားရုံနှင့် ငါးပုံလေးပုံသော သတ္တဝါများက ကြည်ညိုကြ၏။

လူခပမာဏ - မြတ်စွာဘုရား၏ တရားတော်များကို နာရုံနှင့် ဆယ်ပုံကိုးပုံသော သတ္တဝါများက နာလိုကြ၏

ဓမ္မပမာဏ - ဘုရားဟောသော တရားတော်ကို လိုက်နာဖို့ကျတော့ တစ်ရာမှာ တစ်ယောက် ရနိုင်ခဲ၏။ ထို့ကြောင့် "ရာ, ကုဋေ ရှာဖွေနှောက်ပါလို့ တစ်ယောက်ရဲရဲ ရနိုင်ခဲ၏"ဟု ဆိုစမှတ်ပြုကြ၏။

## ဘုရားစစ်တမ်း

၁။ ဟေတုသမ္ပဒါ - အကြောင်းနှင့် ပြည့်စုံခြင်း။

၂။ ဖလသမ္ပဒါ - အကျိုးနှင့် ပြည့်စုံခြင်း။

၃။ သတ္တုပကာရသမ္ပဒါ - သတ္တဝါများ၏ အကျိုးကျေးဇူးကို များစေအောင် ဆောင်ရွက်ခြင်း။

၄။ ဉာဏသမ္ပဒါ - အရဟတ္တမဂ်, သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံခြင်း။

၅။ ပဟာနသမ္ပဒါ - တစ်ထောင့်ငါးရာကုန်သော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်ခြင်း။

၆။ အနုဘာဝသမ္ပဒါ - တန်ခိုးဣဒ္ဓိပါဒ်တို့နှင့် ပြည့်စုံတော်မူခြင်း။

http://www.dhammadownload.com



၇။ **ရူပကာယသမ္ပဒါ** - လက္ခဏာကြီးငယ်တို့နှင့် ပြည့်စုံ၍ ကြန်အင်လက္ခဏာတော်များနှင့် ပြည့်စုံပြီးလျှင် လှပခြင်း၊ တင့်တယ်ခြင်းများ နှင့် ပြည့်စုံခြင်း။

၁။ **ဟေတုသမ္ပဒါ** - ဆိုသည်မှာ ဘုရားဖြစ်အောင် အကြောင်းတရားနှင့် ပြည့်စုံသည်။ သတ္တဝါများအတွက် ကယ်တင်ချင်သော မဟာကရုဏာတော်ကြောင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ဒုက္ခများနှင့်ရင်ဆိုင်၍ ကျင့်သောအကြောင်း ရှိခြင်းဖြစ်၏။

၂။ **ဖလသမ္ပဒါ** - ဆိုသည်မှာ အကျိုးနှင့်ပြည့်စုံ၍ "ဉာဏပ္ပဟာန အာနုဘာဝ ရူပကာယ" လေးမျိုးနှင့် ပြည့်စုံခြင်းဖြစ်၏။

၃။ **သတ္တုပကာရသမ္ပဒါ** - ဆိုသည်မှာ ၎င်းသမ္ပဒါ၌ အာသယနှင့် ပယောဂဟူ၍ နှစ်မျိုးခွဲလိုက်သည်။ (ဝါ) သတ္တဝါများ၏ အကျိုးကျေးဇူးကို များအောင်ဆောင်ရွက်ခြင်းဖြစ်၏။

(က) **အာသယ** - ဆိုသည်မှာ ဟိတဇ္ဈာသယနှင့်ကြည့်ခြင်း၊ အဘယ်ကဲ့သို့ ကြည့်ပါသနည်းဆိုသော် ဒေဝဒတ်ကဲ့သို့သော ရန်သူဖြစ်လင့်ကစား ၎င်းပုဂ္ဂိုလ်၏ အကျိုးကိုလိုလားခြင်း၊ ဣန္ဒြေမရင့်ကျက်သေးသောသူကို ရင့်ကျက်အောင် စောင့်ရှောက်ခြင်း (ဝါ) ကျွတ်ချိန်မတန်သေးသောသူကို စောင့်၍ ချွတ်တော်မူခြင်း။

(ခ) **ပယောဂ** - ဆိုသည်မှာ ကျန်သော ပုဂ္ဂိုလ်များအား လုံ့လ ဝီရိယ စေတနာသန့်သန့်ဖြင့် လာဘ်ကို မမျှော်ဘဲ ဘုရားဖြစ်သည်မှစ၍ (၄၅)ဝါတိုင်တိုင် အနိစ္စ, ဒုက္ခ, အနတ္တ တရားများကို ဟောပြောဆုံးမခြင်း။

၄။ **ဉာဏသမ္ပဒါ** - ဆိုသည်မှာ သဗ္ဗညုတဉ္ဉာဏ်တော်အရ အရဟတ္တမဂ်ဉာဏ်တော်ကို အကြောင်းပြု၍ ဆယ်ပါးသော ဉာဏ်တော်တို့နှင့် ပြည့်စုံခြင်းဖြစ်၏။

၅။ **ပဟာနသမ္ပဒါ** - ဆိုသည်မှာ တစ်ထောင့်ငါးရာ မကောင်းမှုမှန်သမျှ အကုန်ပြတ်၍ ကိလေသာတို့ကို ဝါသနာနှင့်တကွ အကြွင်းမဲ့ ပယ်သတ်နိုင်ခြင်းဖြစ်၏။

၆။ **အာနုဘာဝသမ္ပဒါ** - ဆိုသည်မှာ မုန်ညင်းစေ့အတွင်း မိမိကိုယ်ကို သေးသွားအောင် မပြုဘဲ စကြာဝဠာ်နိုင်သော တန်ခိုးဣဒ္ဓိပါဒ်တို့နှင့် ပြည့်စုံသော အာနုဘော်နှင့် ပြည့်စုံ ခြင်းဖြစ်၏။

http://www.dhammadownload.com



၇။ **ရူပကာယ** - ဆိုသည်မှာ လက္ခဏာတော်ကြီး (၃၂)၊ လက္ခဏာတော်ငယ် (၈၀)ဟူသော ကြန်အင်လက္ခဏာနှင့် ပြည့်စုံတော်မူခြင်းနှင့်တကွ တင့်တယ်၍ မည်သူမျှ မကြဲစည်နိုင်သော ရုပ်တော်ရှိခြင်းဖြစ်၏။

## ဘေးကြီးလေးပါး

၁။ **ဝိနိပါတဘေး** - ဂတိမမြဲ ပရမ်းပတာ ကျရောက်ရသောဘေး။

၂။ **နာနာသတ္တဥလ္လောကနဘေး** - အယူဝါဒအမျိုးမျိုးတို့မှ ဆရာမျက်နှာများကို ကြည့်ရသောဘေး၊ (ဘုရားမှားသောဘေး)။

၃။ **ဒုစ္စရိတဘေး** - မကောင်းသောအကျင့်ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်သောဘေး။

၄။ **အပါယဘေး** - အပါယ်လေးပါးသို့ ကျရောက်သောဘေး။

## မမြဲသော ဂတိငါးမျိုး

၁။ **ဒေဝဂတိ** - နတ်ပြဟ္မာဖြစ်ခြင်း၊

၂။ **မနုဿဂတိ** - လူဖြစ်ခြင်း၊

၃။ **ပေတဂတိ** - ပြိတ္တာဖြစ်ခြင်း၊

၄။ **တိရစ္ဆာနဂတိ** - တိရစ္ဆာန်ဖြစ်ခြင်း၊

၅။ **နိရိယဂတိ** - ငရဲဖြစ်ခြင်း။

အန္ဓပုထုဇဉ်များသေလျှင် ဂတိမြဲမှု မရှိသည့်အတွက် အထက်ပါ ဂတိငါးပါးတွင် တစ်းပါးပါးသို့ ကျရောက်နိုင်၏။ ၎င်းဂတိငါးပါးတွင် သုဂတိနှင့် ဒုဂ္ဂတိနှစ်မျိုးထွက်လာ၏။

"သုဂတိ"ဆိုရာတွင် လူ, နတ်, ဗြဟ္မာတို့၏ ဘုံဌာနဖြစ်၏။

"ဒုဂ္ဂတိ"ဆိုရာတွင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်တို့၏ ဘုံဌာနဖြစ်၏။

## ဘေးကြီးလေးပါးနှင့် ပတ်သက်သော သံပေါက်

၁။ ဝိနိပါတ၊ စသည်အပြား၊ ဘေးလေးပါး၊ ငါကားမလွတ်သာ။

၂။ ဒါနသီလ၊ သမထ၊ ပြုကြမြဲမကွာ။

၃။ လွတ်အောင် ပြုလုပ်၊ နည်းမဟုတ်၊ မုချမလွတ်ပါ။

http://www.dhammadownload.com



၄။ ဝိပဿနာ၊ ပွားများကာ၊ ဉာဏ်သာမူလ၊ မြင်တတ်က၊ မုချလွတ်မည်သာ။

၅။ ဘယ်သူမပြော၊ ဘုရားဟော၊ သဘောယုတ္တိလာ။

## ၎င်းလင်္ကာ

သုံးဆယ့်တစ်ဘုံ၊ အလုံးစုံကို၊ ကုန်ကုန်စဉ်းစား၊ ဉာဏ်ဖြင့်ဝါးက၊ များသတ္တဝါ၊ မရှားသာအောင် ငါးဖြာဂတိ၊ ကြုံတိုင်းငြိခဲ့၊ ဝိနိပါတ၊ စသည့်တစ်ဖြာ၊ နာနာသတ္တာ၊ ဥလ္လောကနှင့်၊ အပါယမည်၊ တစ်လီဒုစ္စရိ ပေါင်းကာညီသော်၊ မည်ရှိသေချာ၊ များသူငါကို၊ လေးဖြာဘေးကြီး၊ ကိုယ့်အနီးတွင်၊ ကာဆီးရစ်ပတ်၊ အထပ်ထပ်ဟု၊ မပြတ်ခိုင်ခိုင်၊ မလွတ်နိုင်လို့၊ လွတ်ပိုင်လွတ်ခွင့်၊ လွတ်အောင် ကျင့်လည်း၊ အသင့်မဟုတ်၊ တစ်ဆင့်ယုတ်ခဲ့၊ အလုပ်နှင့်ဉာဏ်၊ ဤနှစ်တန်မှာ၊ ဉာဏ်သာမူလ၊ သူမရလို့၊ ဒါန, သီလ၊ သမထမျိုး၊ လွန်အားကိုးသော်၊ အကျိုးမပြီး၊ အချည်းနှီးတည်း၊ ခရီး မပေါက်၊ လမ်းမရောက်ခဲ့၊ ကြောက်စရာဘေး၊ လွတ်ဖို့ဝေး၏။ မျှော်တွေးကြံဆ၊ ဉာဏ်ပါးဝမှ၊ မုချကေန်၊ လွတ်ကြောင်းမှန်လိမ့်၊ သယမ္ဘူနတ်၊ ဘုရားမြတ်၏၊ မိန့်မှာတော်မူ၊ ဉာဏ်ငါးဆူဝယ်၊ ဘယ်သူဘယ်သင်း၊ ဘယ်မငြင်းနဲ့၊ အမင်းမင်းတို့၊ တင်းတင်းကြပ်ကြပ်၊ ရှင်းရှင်းမှတ်လော့၊ ဝိပဿနာ၊ ဉာဏ်မဟာကို၊ သမ္မာဒိဋ္ဌိ၊ ဟုတ်တိုင်းသိက၊ မငြိကင်းကွာ၊ အေးငြိမ်းရာသည်၊ လေးဖြာဘေးကြီး = လွတ်ကြောင်းတည်း။

ဝိနိပါတဘေး ဘယ်လိုဂတိ မမြဲသလဲဆိုလျှင် "မနုဿဂတိ၊ ဒေဝဂတိ၊ ပေတဂတိ၊ နိရိယဂတိ၊ တိရစ္ဆာနဂတိ" အားလုံးဂတိ ငါးပါးရှိသည့်အနက် ဘယ်ဂတိလားရမည် မသိ၊ ရောက်ချင်ရာရောက် ပရမ်းပတာ ကျစေတတ်၏။ ဤသို့သော သဘောရှိခြင်းကြောင့် ဒါန, သီလ, သမထတို့ကို နင်လား ငါလား ကြိုးစားနေတိုင်း ကောင်းသောသုဂတိ အမှန်ရောက်မည်။ ဝိနိပါတဘေးက ကျော်တတ်နိုင် လိမ့်မည်ဟု မဆုံးဖြတ်နိုင်၊ တာဝန်မခံနိုင်။ ၎င်းဝိနိပါတဘေးကို သေချာပေါက် မကျော်တက်နိုင်ကြ လို့ပေါ့။ ဒါနနှင့် မကျော်တက်နိုင်ကြောင်းကို သီရိဓမ္မာသောကမင်းကြီးကို ထောက်ခြင်းအားဖြင့် ထင်ရှား၏။ သီလနှင့် မကျော်တက်နိုင်ခြင်းကို သီဟိုဠ်ကျွန်းမှ တိဿရဟန်းကို ထောက်သောအားဖြင့် ထင်ရှား၏။ သမထနှင့် မကျော်တတ်နိုင်ကြောင်းကို ဒေဝဒလရသေ့ကြီးကို ထောက်ခြင်းဖြင့် အလွန်ထင်ရှား၏။ ဤသို့ ဝိနိပါတဘေးက မကျော်တက်နိုင်လျှင် ဘုရားမှားသော နာနာသတ္တဥလ္လော ကနဘေးနှင့် တွေ့ကြလိမ့်မည်။ ဤသို့ ဘုရားမှားပြီလားဆိုလျှင် ဒုစရိုက်တရားစုကို နှစ်နှစ်ခြိုက်ခြိုက်ပြုရဲ သော ဒုစ္စရိတဘေးနှင့် တွေ့ပြန်၍ ၎င်းဒုစရိုက်တရားကို သေသေချာချာ သာယာတဲ့ စေတနာနှင့်

http://www.dhammadownload.com



လုပ်ပြန်သဖြင့် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်တည်းဟူသော အပါယဘေးသို့ ကျရောက်ရပေတော့၏။

အန္ဓပုထုဇဉ်များမှာ အောက်ထက် ရောညှပ်ဝိုင်းနေကြောင်းကို ပြဆိုခဲ့ပြီးသည့်အတိုင်း ဝေဖန်စဉ်းစားကြည့်လျှင် အလွန်ကြပ်တည်း ကျဉ်းမြောင်းပြီး ကြောက်စရာ ကောင်းလှပေတော့၏။ ခြောက်လှန့်ပြီး ဟောခြင်းမဟုတ်၊ သူတစ်ပါးက ခြောက်လှန့်ပြီး ပရိသတ်ဆွဲဆောင်တယ်လို့ မေးပါမူ တရားမှန်ကို မြင်စေနိုင်သော စေတနာကောင်းနဲ့ ဆွဲဆောင်သင့်ကြောင်းကို သိစေရန်ပြမည်။ မြတ်စွာဘုရားကိုယ်တော်မြတ်သည် ညီတော်မင်းနန် ချွတ်ခန်းမှာ ဇနပဒကလျာဏီ မင်းသမီး၏ အာရုံအဟောင်းနှင့် နတ်သမီးတည်းဟူသော အာရုံသစ် ပြောင်းစေပြီး ပရိယာယ်နှင့် ဆွဲဆောင်ခဲ့ပါသည်။ ဝိနိပါတဘေးမှ မကျော်တက်နိုင်ပါက ကျန်သုံးပါးသောဘေးသည် အညမညအားဖြင့် ကျေးဇူးပြုပြီး အပါယ်ဘေးမှာ အဆုံးသတ် ကျရောက်ရတော့၏။ ဝိနိပါတဘေးက မကျော်တက်နိုင်ပုံကို ထင်ရှားစေအံ့။

ပေသကာရဓီတာ ယက္ကန်းသည်မလေးဝတ္ထု၌ ယက္ကန်းသည်မလေးသည် မြတ်စွာဘုရား ပေးတော်မူသော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းနေခဲ့ပြီး တစ်ချိန်သောကာလမှာ မြတ်စွာဘုရားသည် ၎င်းယက္ကန်းသည်မလေးအား တရားပွဲ ပရိသတ်အလယ်မှာ "ချစ်သမီး ဘယ်က လာသလဲ၊ ဘယ်ကို သွားမှာလဲ"ဟု ပြဿနာနှစ်ချက် မေးမြန်းခြင်းအားဖြင့် ဝိနိပါတဘေးကစ၍ ဘေးကြီးလေးပါးမှ အန္ဓပုထုဇဉ်များ မကျော်တက်နိုင်ကြောင်းကို ထင်ရှားလှပေတော့၏။

* * * * * *

http://www.dhammadownload.com



# ပရိနိဗ္ဗာန်စံခန်း

မြတ်စွာဘုရားသည် ဝေသာလီပြည် ကြွတော်မူ၍ ပဌမအခါ စာပါလစေတီနေရာသို့ ရောက်သောသကာလ၊ ညီတော်အာနန္ဒာသည် ရေရှာသွားခိုက်၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး တစ်ခုသော ညောင်ပင်ရင်းမှာသီတင်းသုံးတော်မူစဉ် မာရ်နတ်မင်းသည် လာ၍ အာယုသင်္ခါရလွှတ်ရန် တောင်းပန်ပုံ၊ အဇပါလညောင်ပင်ရင်းမှာ တစ်ကြိမ်ခွင့်တောင်းစဉ်က အရှင်ဘုရားသည် သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မမူရသေးသဖြင့် ခွင့်မပြုခဲ့ပါ။ ယခုတစ်ကြိမ် ခွင့်ပေးရန် တောင်းပန်သဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်သည် နောင်တော်ဘုရားများ၏ အာယုသင်္ခါရလွှတ်ပုံကို ဆင်ခြင်ကြည့်ရာ သက်တမ်းငါးပုံ, လေးပုံမှာ အာယုသင်္ခါရ လွှတ်ပုံမြင်သဖြင့် ဝါတော်လေးဆယ့်ငါးဝါ ရောက်ရှိ၍ အချိန်ကျရောက်ပြီးဖြစ်သောကြောင့် မာရ်နတ်မင်းအား ခွင့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက်ယူဇနာနှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါ မြည်ဟည်းခြင်းကို ရေရှာသွားသော ညီတော်အာနန္ဒာသိ၍ ပြန်လာပြီးနောက် မြေလှုပ်ခြင်း၏ အကြောင်းတို့ကို လျှောက်ထားရာ မြေလှုပ်ခြင်း၏ အင်္ဂါရှစ်ပါးတို့ကို မြတ်စွာဘုရားကိုယ်တော်မြတ် မိန့်တော်မူ၏။

## အင်္ဂါရှစ်ပါးအကြောင်းကား

၁။ လေ, ရေ, မြေတို့ကြောင့် လှုပ်ခြင်း။

၂။ ဈာန် အဘိညာဉ် တန်ခိုးကြီးသော နတ်များ လှုပ်စေလိုသောအခါ လှုပ်ခြင်း။

၃။ ဘုရားလောင်း ပဋိသန္ဓေနေ၍ လှုပ်ခြင်း။

၄။ အလောင်းတော် ဖွားမြင်တော်မူ၍ လှုပ်ခြင်း။

၅။ မာရ်ငါးပါးကို အောင်မြင်တော်မူပြီး ဘုရားဖြစ်တော်မူ၍ လှုပ်ခြင်း။

၆။ ဓမ္မစကြာတရား ဟောတော်မူ၍ လှုပ်ခြင်း။

၇။ အာယုသင်္ခါရ လွှတ်တော်မူ၍ လှုပ်ခြင်း။

၈။ ပရိနိဗ္ဗာန် စံဝင်တော်မူ၍ လှုပ်ခြင်း။

ဤကဲ့သို့ မြေလှုပ်ခြင်း၏ အင်္ဂါရှစ်ပါးတို့ကို မိန့်တော်မူလိုက်ခြင်းကြောင့် ညီတော်အာနန္ဒာသည် ယခုအချိန် မြေလှုပ်ခြင်းသည်၊ ဘုရားကိုယ်တော်မြတ်၏ အာယုသင်္ခါရ လွှတ်တော်မူကြောင်းကို သိသဖြင့် ကြီးစွာသော ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်၍ ပူပင်သောက ရောက်သဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်အား အာယုသင်္ခါရ လွှတ်တော်မမူရန် တောင်းပန်သဖြင့် ဘုရားကိုယ်တော်မြတ်သည်

http://www.dhammadownload.com



"ချစ်သားအာနန္ဒာ၊ သင်လျှောက်ထားခြင်းသည် နောက်ကျနေချေပြီ၊ အသင်ရေရှာသွားစဉ် မာရ်နတ်က အာယုသင်္ခါရ လွှတ်ရန် တောင်းပန်သဖြင့် နောင်သုံးလစေ့ ရောက်သောအခါ၌ ပရိနိဗ္ဗာန်စံရန် ခွင့်ပေးလိုက်ပြီ။ အသင်ချစ်သား အာနန္ဒာ ဂိဇ္ဈကုတ်တောင်မှာတုန်းက စတုတ္ထသမာပတ်ကို ဝင်စား၍ နေတော်မူလျှင် အာယုကပ်တစ်ကပ်လုံး ပရိနိဗ္ဗာန်မစံဘဲ နေနိုင်ကြောင်းကို အရိပ်အမြွက်မျှ မိန့်တော်မူခဲ့စဉ်က ချစ်သား အဘယ်ကြောင့် မတောင်းပန်ခဲ့သနည်း။ အကယ်၍ တောင်းပန်ခဲ့သော် တစ်ကြိမ် နှစ်ကြိမ်သာလျှင် ငါဘုရား ငြင်းဆန်တော့မပေ့ါ။ ယခုအချိန်၌ သင်ချစ်သားသည် ပူဆွေးဒုက္ခဖြစ်၍ မနေနှင့်တော့"ဟု မိန့်တော်မူပြီး -

"မရဏံ မေ နိစ္စံ။ မေ - ငါ၏၊ မရဏံ - သေခြင်းသည်၊ နိစ္စံ - မြဲ၏"ဟူသော တရားဖြင့် ဆုံးမတော်မူပြီးလျှင် မြတ်စွာဘုရားကိုယ်တော်မြတ်သည် ပါဝါပြည်သို့ ကြွရန် မိန့်တော်မူပြီး ဗန္ဒုဂါမရွာ၊ ဟတ္ထိဂါမကရွာ၊ ဇမ္ဗုဂါမရွာ အစရှိသော ရွာများကို အစဉ်အတိုင်း ကြွချီတော်မူလျက် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူရှာ၍ ဂင်္ဂါ၊ အစိရဝတီ၊ ကကုဓ မြစ်ရေများကို သုံးသပ်တော်မူပြီးလျှင် ကြွသွားတော်မူရာ ပါဝါပြည် သရက်ဥယျာဉ်သို့ ရောက်တော်မူလေ၏။ ဘုရားကိုယ်တော် မြတ်ရောက်တော်မူကြောင်းကို၊ စုန္ဒလုလင် ကြားသိလျှင် မြတ်စွာဘုရား၏အထံသို့ လာရောက်၍ ဘုရားကိုယ်တော်မြတ်နှင့်တကွ နောက်ပါ သံဃာတော်များကို နံနက် အရုဏ်ဆွမ်း ကပ်လှူလိုကြောင်း ခွင့်တောင်း လျှောက်ထားသည်ကို လက်ခံတော်မူလိုက်၏။ စုန္ဒလုလင်သည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းလုပ်ကျွေးရန်အလို့ငှာ မနူးလွန်း၊ မရင့်လွန်းသော ဝက်ပျိုသားဖြင့် ရောသော "မံသောဒန" ခေါ် သားပွမ်းဆွမ်းကို နတ်တို့၏ အကူအညီဖြင့် ကောင်းစွာ စီမံချက်ပြုတ်ထား အပ်လေ၏။

**မှတ်ချက်။** ။ အဇပါလညောင်ပင်ရင်း၌ သုဇာတာအမည်ရှိသော သူဌေးသမီး ကပ်လှူသော ဃနာနို့ဆွမ်းနှင့် စုန္ဒလုလင် ကပ်လှူသော ဝက်ပျိုဆွမ်းတို့ထက် မြတ်သောဆွမ်းမရှိချေ။ သုဇာတာ သူဌေးသမီးဆွမ်းကြောင့် သဥပါဒိသေသနိဗ္ဗာန်သို့ ဖြောင့်ဖြောင့်ပို့သည်။ "ကမ္မဝိသေသ လောဟိတကံ ဟောင်းကြောင့် သွေးသွန်ရောဂါသည် ဝက်ပျိုဆွမ်းကြောင့် မဟုတ်ချေ။

နံနက်အာရုဏ်ချိန်ရောက်သောအခါ မြတ်စွာဘုရားသည် စုန္ဒလုလင် ကပ်လှူသောဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် စုန္ဒလုလင်အား ခေါ်တော်မူ၍ ၎င်းဆွမ်းကျန်များကို ငါ၏တပည့် သံဃာတော်များနှင့်တကွ မည်သူတစ်ဦးတစ်ယောက်မျှ မစားစေဘဲ မြေသို့မြှုပ်ပစ်ရန် မိန့်တော်မူပြီးလျှင် သရက်ဥယျာဉ်သို့ ပြန်လည်ကြွရောက်တော်မူပြီးသော် "ချစ်သား အာနန္ဒာ၊ ငါဘုရား ပင်ပန်းတော်မူ

http://www.dhammadownload.com



လှချေပြီ၊ ခေတ္တအပန်းဖြေ နားနေတော်မူရန် နေရာထိုင်ခင်းကို ရှာချေလော့”ဟု မိန့်တော်မူလိုက်သဖြင့် ညီတော် အာနန္ဒာသည် ဘုရားကိုယ်တော်မြတ် မိန့်မှာတော်မူသည့်အတိုင်း နေရာထိုင်ခင်းများ ရှာဖွေရန် အလို့ငှာ ဘုရားကိုယ်တော်မြတ်အနီးမှ ကြွသွားတော်မူ၍ တစ်ခုသော သရက်ပင်ခြေရင်း၌ လွန်စွာ မွန်မြတ်တင့်တယ်လှသော ပြန့်ပြူးသာယာသည့် ညောင်စောင်းတစ်ခုကို တွေ့ရှိသဖြင့် နေရာများကို ပြင်ဆင်ပြီးသကာလ ဘုရားကိုယ်တော်မြတ်အား ထိုညောင်စောင်းပေါ်၌ စံနေတော်မူစေ၏။

ဤသို့ စံနေတော်မူစဉ်တွင် ဘုရားကိုယ်တော်မြတ်သည် သွေးသွန်သောရောဂါ ကပ်ရောက်ဖိစီးသဖြင့် ပင်ပန်းလှသောကြောင့် ရေသုံးဆောင်တော်မူလို၍၊ ညီတော်အာနန္ဒာအား ရေရှာခိုင်းလိုက်ပြန်ရာ ညီတော်အာနန္ဒာသည် ဂင်္ဂါမြစ်တွင်းသို့ ရေခပ်ရန် သွားရှာလေသော် ဂင်္ဂါမြစ်သည် နွေကာလ၌ ရေရှားပါးသောအခါဖြစ်၍၊ လှည်းကုန်သည်ငါးရာတို့သည် မြစ်ကို ဖြတ်ကူးနေသဖြင့် ရေများ နောက်ကျိလျက် နေသောကြောင့် ညီတော်အာနန္ဒာသည် ရေကြည်မရဘဲ ဘုရားကိုယ်တော်မြတ်ထံသို့ ပြန်ကြွ၍ ရေကြည်မတွေ့ကြောင်းကို လျှောက်ထားရာ ဘုရားကိုယ်တော်မြတ်သည် “ညီတော်အာနန္ဒာ၊ ရေရှာချေ”ဟု ထပ်မံ၍ ခိုင်းတော်မူ၏။ ညီတော်အာနန္ဒာလည်း တစ်ဖန်သွား၍ ရှာပြန်သော်လည်း ရေကြည်ကိုမရဘဲ ပြန်လာပြီးသော် ဘုရားကိုယ်တော်မြတ်အား ရေကြည်မရကြောင်း လျှောက်ထား ပြန်၏။ ဘုရားကိုယ်တော်မြတ်သည် “ငင်းရေကိုခပ်ချေလော့”ဟု ခိုင်းတော်မူပြန်သော် ဘုရားကိုယ်တော်မြတ်၏ အစိန္တေယျဂုဏ်တော်ကြောင့် ညီတော်အာနန္ဒာ သည် ကြည်လင်သန့်ရှင်းသော ရေကို ရသဖြင့် ကိုယ်တော်မြတ်အား ဆက်ကပ်သုံးဆောင်တော် မူပြီးသော် ကုသိနာရုံသို့ ဆက်လက်၍ ကြွမြန်းတော်မူရှာလေ၏။ ရောက်လတ်သောအခါ မလ္လာ မင်းများ၏ ဥယျာဉ်တွင် အင်ကြင်းပင်ခြေရင်း ရတနာရွှေညောင်စောင်း၌ လက်ျာနံတောင်းဖြင့် မြောက်တူရူသို့ ဦးခေါင်းပြု၍ လျောင်းစက်တော်မူ ပြီးလျှင် ညီတော်အာနန္ဒာကို မလ္လာမင်းများအား အကြောင်းကြားစေတော်မူ၏။

ညီတော်အာနန္ဒာသည် မလ္လာမင်းများ၏ စည်းဝေးရာသို့ သွား၍ အကြောင်းကြားသောအခါ မလ္လာမင်းများသည် အစည်းအဝေးကို ရုပ်သိမ်းပြီးလျှင် ပူဇော်ဖွယ်အမျိုးမျိုးတို့ကို လက်ဆွဲလျက် ပူဆွေးဒုက္ခဖြင့် ရောက်လာကြရှာ၏။ ရောက်ပြီးသကာလ ငင်းမင်းပရိသတ်များကို ညီတော်အာနန္ဒာ စီမံခန့်ခွဲခြင်းဖြင့် ပူဇော်ကြပြီးလျှင် ပြန်ကြလေ၏။ ပဌမယံ၌ပင်လျှင် မလ္လာမင်းများ၏ ပူဇော်ပွဲပြီး၏။ ငင်းနောက် စကြဝဠာတိုက်တစ်သောင်းမှ ရှိရှိသမျှ နတ်ဗြဟ္မာအပေါင်းတို့သည် ပူဇော်ပွဲအမျိုးမျိုးဖြင့် သောင်းသောင်းဖြဖြ ပူဇော်ကြကုန်၏။ အဝိညာဏကတည်းဟူသော အသက် မရှိသော သစ်ပင်၊ပန်းပင်များသည်ပင်လျှင် အချိန်ရာသီမဟုတ်ဘဲ တစ်ပြိုင်နက်တည်း ဘုရားကိုယ် တော်မြတ်ရှိရာ ကိုင်းညွတ်

http://www.dhammadownload.com



ကြလျက် ပွင့်ကြ၊ သီးကြ၊ ပူဇော်ကြကုန်၏။ ဤသို့ ပူဇော်ဖွယ် အခန်းခန်း တို့သည် ပြီးမြောက်ကုန်၏။ ဤသို့ ပူဇော်ခြင်း အာမိသကုသိုလ်ကို မနှစ်သက်ဟူ၍ "ယော ခေါ အာနန္ဒာ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ ဓမ္မာနုဓမ္မပဋိပန္နော ဝိဟရတိ သာမိစိပ္ပဋိပန္နော အနုဓမ္မစာရီ" ဝှင်းပါဠိတော်အရ ဓမ္မာနုဓမ္မပဋိပတ်အကျင့်ကို ကျင့်တော်မူခြင်းသည် ဘုရားရှင်၏ အလိုတော်ကျဖြစ်သည်။ ပူဆွေးသောက ရောက်နေကြကုန်သော ရဟန်းပရိသတ်များကို မြတ်စွာဘုရာကိုယ်တော်မြတ်သည် "ချစ်သားတို့၊ ပူဆွေးသောက မဖြစ်ကြကုန်လင့်၊ ငါဘုရား ဟောကြားတော်မူသော နာနာဘာဝ၊ ဝိနာဘာဝ၊ အညတ္ထာဘာဝ၊ နာနာဘာဝ - သေကွဲကွဲရခြင်း။ ဝိနာဘာဝ - ရှင်ကွဲကွဲရခြင်း။ အညတ္ထာဘာဝ - ပြည့်စုံချမ်းသာစွာ နေရခြင်းမှ ဆင်းရဲပင်ပန်းစွာသောအဖြစ်သို့ ရောက်ရခြင်းစသော တရားတို့သည် သတ္တဝါမှန်သမျှ တွေ့ကြုံရမည်မှာ ဓမ္မတာပင်တည်း"ဟု ဟောကြားဆုံးမတော်မူလေ၏။

ပစ္ဆိမယံ၌ ဘုရားရှာ၍ မဆုံးနိုင်သော သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူမည့် အကြောင်းတို့ကို သိရ၍ ရင်တွင်းမှ မရှင်းလင်းသော သံသယများကို လျှောက်ထားမေးမြန်းလို၍ အလျင်အမြန် လာရောက်ပြီးသော် ညီတော်အာနန္ဒာအား မြတ်စွာဘုရားထံသို့ ဝင်ခွင့်ပြုရန် လျှောက်ထားတောင်းပန်လေသော် ညီတော်အာနန္ဒာသည် ဘုရားကိုယ်တော်မြတ် ပင်ပန်းမည်စိုး၍ ဝင်ခွင့်မပြုဘဲ ငြင်းပယ်လေ၏။ ဤသို့ ငြင်းပယ်သည့်အတိုင်း နေခဲ့သော် ငါ၏ရင်တွင်းမှာ မရှင်းလင်းသော သံသယများကို မြတ်စွာဘုရားမှသာလျှင် ရှင်းနိုင်မည်ကို သိသည်ဖြစ်၍ အားမလျှော့ဘဲ ထပ်မံ၍ သုံးကြိမ်တိုင်တိုင် ခွင့်ပန်လျှောက်ထားသည်ကို ဘုရားရှင်ကိုယ်တော်မြတ် သိတော်မူသောအခါ ညီတော်အာနန္ဒာကို ခွင့်လွှတ်စေရန် အမိန့်ပေးမှ၊ သုဘဒ္ဒပရိဗိုဇ်သည် ဘုရားကိုယ်တော်မြတ်၏ အထံသို့ ရောက်ရှိပြီးသကာလ မက္ခလိဂေါသာလ၊ ပုရာဏကဿပ အစရှိသော တက္ကဒွန်းဆရာကြီးများ၏ ဝါဒများကို ဖြေကြားရန် ခွင့်တောင်း လျှောက်ထားသောအခါ ဘုရားကိုယ်တော်မြတ်သည် ၎င်းဝါဒများကို ဖြေကြားရန် အချိန်မဟုတ်သဖြင့် ဖြေကြားတော်မမူဘဲ ငါဘုရားသာသနာ၌ မဂ်ပေါက်၊ ဖိုလ်ပေါက် ဖြစ်နိုင်ကြောင်းကို ဟောကြားတော်မူ၏။ သုဘဒ္ဒပရိဗိုဇ်သည် သဘောကျလှ၍ ဘုရားသာသနာ၌ ဝင်ခွင့်ပြုရန် လျှောက်ထားတောင်းပန်သဖြင့် ဘုရားကိုယ်တော်မြတ်သည် ရှင်အာနန္ဒာကို ခေါ်တော်မူ၍ ရဟန်းပြုစေလေ၏။ သုဘဒ္ဒပရိဗိုဇ်သည် ရဟန်းပြုပြီးသောအခါ မြတ်စွာဘုရားထံတော်သို့ ရောက်လာလေ၏။ ဘုရားသခင်သည် သုဘဒ္ဒရဟန်းအား တရားအားထုတ်ရန် တရားပေးလိုက်တော်မူသဖြင့် သုဘဒ္ဒရဟန်းသည် မနေမနား တရားအားထုတ်သော် ရဟန်းကိစ္စပြီးမြောက်လေ၏။ မြတ်စွာဘုရားရှိစဉ်အခါ နောက်ဆုံး ရဟန္တာဖြစ်သော သုဘဒ္ဒရဟန်း ဖြစ်ပါပေသည်။

http://www.dhammadownload.com



**ကုသိနာရုံပြည်ငယ်လေး၌ ပရိနိဗ္ဗာန်စံရခြင်း၏ အကြောင်းရင်းကား -**

(၁) မဟာသုဒဿနသုတ်ကို ဟောလို၍ တစ်ကြောင်း၊

(၂) သုဘဒ္ဒပရိဗိုဇ် ရဟန်းကိစ္စပြီးမည်ကို မြင်၍တစ်ကြောင်း၊

(၃) မလ္လာမင်းများ၏ ဓာတ်တော်လုပွဲ၌ ရန်ပြေမာန်ပြေဖြစ်အောင် ဒေါဏပုဏ္ဏားသာလျှင် ဝေငှ ဆောင်ရွက်နိုင်ခြင်းကို မြင်၍ တစ်ကြောင်း၊

ဤသုံးချက်သော အကြောင်းရင်းများကြောင့် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံတော်မူခြင်း ဖြစ်လေသည်။

မြတ်စွာဘုရားကိုယ်တော်မြတ်သည် ပူဆွေးမှုဒုက္ခ၊ ပရိဒေဝမီး တောက်လောင်နေကြသော ရဟန်းပရိသတ်များကို "ချစ်သားတို့၊ ပူဆွေးဒုက္ခရောက်ပြီး မနေကြကုန်နှင့်၊ ငါဘုရား ဟောကြားဆုံးမနေကျဖြစ်သော နာနာဘာဝ၊ ဝိနာဘာဝ၊ အညထာဘာဝ တည်းဟူသော တရားတို့သည် တွေ့ကြုံကြရမည်သာတည်း"ဟု ထပ်မံဟောကြားတော်မူပြီးလျှင် "ငါဘုရား ပရိနိဗ္ဗာန်မစံဝင်မီ မရှင်းလင်းသော သံသယများရှိက မေးမြန်းကြကုန်လော့"ဟု သုံးကြိမ်တိုင်တိုင် မိန့်တော်မူသော်လည်း မည်သူမျှမမေးဘဲ နေကြသောအခါ ညီတော်အာနန္ဒာသည် "မေးလျှောက်သူ မရှိပါဘုရား" ဟု ဘုရားကိုယ်တော်မြတ်အား လျှောက်ထားလေသော် မြတ်စွာဘုရားကိုယ်တော်မြတ်သည် အားလုံးသော ရဟန်းများကို ရှေ့တော်သို့ခေါ်တော်မူပြီးလျှင် ပစ္ဆိမဗုဒ္ဓဝစန နောက်ဆုံးစကားဖြင့် ဤသို့ မိန့်မှာ ဟောကြားတော်မူ၏။

**ပါဠိ။** ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

**အနက်။** ဘိက္ခဝေ - ချစ်သားတို့။ ဟန္ဒ ဒါနိ - ယခု အရေးကြီးသောအခါ၌။ ဝေါ - သင်ချစ်သားတို့အား။ အာမန္တယာမိ - နောက်ဆုံးစကားဖြင့် မှာကြားခဲ့တော့အံ့။ သင်္ခါရာ - ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးခုအကြောင်းပေါင်းစု၍ဖြစ်ဆုံ တေဘုမ္မက သင်္ခါရတရားတို့သည်။ ဝယဓမ္မာ - ချုပ်ပျက်ပြုန်းတီး ပျက်စီးခြင်းသဘောရှိကြကုန်၏။ တုမှေ - သင်ချစ်သားတို့သည်။ အပ္ပမာဒေန - မမေ့မလျော့သော သတိတရားနှင့်။ သမ္ပာဒေထ - ပြည့်စုံကြစေကုန်လော့။

ဤကဲ့သို့ နောက်ဆုံးစကား မှာကြားပြီးနောက် ဘာစကားမျှ မပြောကြားဘဲ တိတ်ဆိတ်ငြိမ်သက်၍ သွားတော်မူလေ၏။ ရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ အသံတော်ကို မကြားရ၍ သောတာပန်ရဟန်းဖြစ်ခြင်းကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်မစံဝင်သေးဘူးလား၊

http://www.dhammadownload.com



စံဝင်ပြီလားဟု မသိသဖြင့်၊ ဆဋ္ဌာဘိညာခီဏာသဝ ရဟန္တာဖြစ်သော အရှင်အနုရုဒ္ဓါကိုယ်တော်မြတ်ကြီးကို မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံပြီလားဟု မေးရှာသောအခါ အရှင်အနုရုဒ္ဓါကိုယ်တော်က ပရိနိဗ္ဗာန်မစံဝင်သေးဘဲ စတုတ္ထသမာပတ် ဝင်စားလျက်နေကြောင်း ပြန်ကြားပြောဆိုသော်လည်း ရှင်အာနန္ဒာသည် ပရိနိဗ္ဗာန်စံတော့မည်မှန်းသိသဖြင့် များစွာသော ပူဆွေးဖြစ်လျက်စောင့်စား၍နေရှာ၏။ မြတ်စွာဘုရားကိုယ်တော်မြတ်သည် အာရုဏ်ကျင်း၍ အလင်းရောက်သောအခါ ပရိနိဗ္ဗာန်စံဝင်တော်မူသည်နှင့် တစ်ပြိုင်နက် ယူဇနာနှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီ မြေကြီးသည် သွက်သွက်ခါမျှ တုန်လှုပ်မြည်ဟည်းခြင်း ဖြစ်လေ၏။ ရှင်အာနန္ဒာသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသောအခါ ဖြေဆည်လို့မရနိုင်အောင် ပရိဒေဝမီးတောက်လောင်ပူဆွေးပုံကို စာနှင့်ရေး၍ ကုန်နိုင်စရာအကြောင်း မရှိချေ။

ရှင်အာနန္ဒာနှင့် ပုထုဇဉ်ရဟန်းများသည် ကိုးကွယ်ရာမဲ့ဖြစ်လျက် မြေပြင်မှာ လူးလိမ့်ငိုကြွေးပူဆွေးကြကုန်၏။ ထိုအခါ အရှင်အနုရုဒ္ဓါကိုယ်တော်မြတ်ကြီးသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဘဝသုံးပါးနှင့် ဆုံးမသတိပေးတော်မူမှု ရှင်အာနန္ဒာနှင့်တကွ ပုထုဇဉ်ရဟန်းများသည် သက်သာရာရကြလေ၏။ ဤကဲ့သို့ နှစ်သိမ့်စေပြီးမှ မြတ်စွာဘုရားကိုယ်တော်က ပရိနိဗ္ဗာန်စံသောအခါ သင်္ဂြိုလ်ရန် မှာကြားခဲ့သော အစီအစဉ်အတိုင်း စကြာဝတေး မန္ဓာတ်မင်းများကိုသင်္ဂြိုလ်သကဲ့ သို့ ငါဘုရား၏ အလောင်းတော်ကိုလည်း အကြိမ်တစ်ရာဖန်သော ဝါဂွမ်းတစ်ထပ်၊ ကောဋ္ဌမ္ဗရာဇ် တိုင်းဖြစ် ကမ္ဗလာတစ်ထပ် အထပ်ထပ် ရစ်ပတ်ပြီးလျှင် ရွှေသားအတိပြီးသော ရတနာရွှေသေတ္တာ၌ ထည့်ပြီးသောအခါ မလ္လာမင်းများသည် အလောင်းတော်ကို မြောက်တံခါးမှထုတ်၍ အရှေ့ဘက်မျက်နှာသို့ ဆောင်ယူရာ မရဘဲရှိနေသည်ကို ရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးက မလ္လာမင်းများ မြောက်တံခါးမှ အရှေ့မျက်နှာသို့ ထုတ်ယူခြင်းကို နတ်များသဘောမတူ၊ တောင်တံခါးမှ အရှေ့ မျက်နှာသို့ ထုတ်ယူခြင်းကိုသာ နတ်များ သဘောတူသည့်အတိုင်း ထုတ်ယူပြီးမှသာလျှင် ချောမောစွာရရှိ၍ အတောင်တစ်ရာမြင့်သော နံ့သာပုံထက်သို့ ပင့်ယူတင်ဆောင်ပြီးလျှင် အလောင်းတော်မြတ်ကို မီးသင်္ဂြိုဟ်ရန် စီစဉ်ကြလေ၏။

ဤသို့ စီစဉ်ပြီးသည့်နောက် သာဓုကီဠန အခမ်းအနားပြုလုပ်ရာ နတ်ပရိသတ်, လူပရိသတ်များသည် အလွန်စည်ကားခြင်းကို မြင်တွေ့ရလေ၏။ လူပရိသတ်များသည် ငါတို့၏ ကိုးကွယ်ရာအားထားရာဖြစ်သော သုံးလူထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏ အလောင်းတော်ကို နောက်ဆုံး ပူဇော်ကန်တော့ခြင်းဖြင့် ပူဇော်ကန်တော့ကြပြီးနောက် ရပ်တည်ရာမရဘဲ

http://www.dhammadownload.com



မြေပြင်မှာ လိမ့်သူကလိမ့်၊ လူးသူကလူး၊ ဦးခေါင်းပြောင်းပြန်ဖြစ်ကာ ငိုကြွေးကြ, ပူဆွေးကြပုံကို အရှင်အာနန္ဒာမြင်၍ လွန်စွာကြေကွဲဖွယ်ရာ ဖြစ်ပြီးလျှင် အရှင်အနုရုဒ္ဓါကိုယ်တော်မြတ်ကြီးအား "လူပရိသတ်များ ပူဆွေးသလို နတ်များပူဆွေးကြပါသလား"ဟု မေးမြန်းလျှောက်ထားရာ အရှင်အနုရုဒ္ဓါကိုယ်တော်မြတ်ကြီးက လူ့အသက်နှင့် နတ်အသက်တို့၏ ကွာခြားပုံပြောပြီး နတ်တို့မှာ လူတို့အရေအတွက်နှင့်ဆိုလျှင် မြတ်စွာဘုရားပွင့်တော်မူတာ ၂-ရက်နှင့် တစ်မွန်းတည့်သာ ရှိကြတော့ ယခုပဲ ဘုရားဖြစ်၊ ယခုပဲ ပရိနိဗ္ဗာန်စံဝင်နေတော့ နတ်တို့သည် လူတို့ထက် ပိုမိုပူဆွေးကြောင်းကို အရှင်အနုရုဒ္ဓါကိုယ်တော်ကြီး ပြောပြလို့သာ အရှင်အာနန္ဒာက သိရရှာလေ၏။

ယခုလို သာစုကီဠနပွဲကျင်းပပြီး ခုနစ်ရက်မြောက်သဖြင့် မလ္လာမင်းများ၏ မင်းလမ်းမအတိုင်း ထုတ်ယူပို့ဆောင်ရာ ကုသိနာရုံမြို့လယ်သို့ ရောက်လာသောအခါ မလ္လိကာမိဖုရားကြီးသည် သူဆင်မြန်းအပ်သော မဟာလ္လတာတန်ဆာကြီးကို လျှုဒါန်းပူဇော်ပြီး အလောင်းတော်ကိန်းဝပ်ရာ ရတနာရွှေသေတ္တာထက်၌ လွှမ်းခြုံဆင်မြန်းထားခြင်းသည် ကြည်နူးဖွယ် ကောင်းလှပေ၏။ မလ္လိကာမိဖုရားကြီး ပူဇော်ပြီးမကြာမီ မကုဋ္ဌဗန္ဓနသို့ ရောက်သောသကာလ "အတောင် (၁၂၀)မြင့်သော နံ့သာပုံကြီးကို မီးရှို့ရာ ရှို့၍မရနိုင်ဘဲ ဖြစ်နေသည့်အကြောင်း အဘယ်နည်း"ဟု အရှင်အနုရုဒ္ဓါကိုယ်တော်မြတ်ကြီးကို မေးမြန်းလျှောက်ထားရပြန်လေ၏။ ဤသို့ မေးမြန်းလျှောက်ထားကြရာ သင်တို့၏ ဘေးတော် ဘိုးတော်နတ်သားများသည် ယခု ပူဇော်ပွဲအတွင်း ရောက်ရှိနေသဖြင့် "မြတ်စွာဘုရား၏ တတိယသားတော်လည်းဖြစ်၊ ၎င်းနတ်များ၏ လူ့ဘဝက ဆရာလည်းဖြစ်ခဲ့သော ရှင်မဟာကဿပကိုယ်တော်ကြီး မရောက်ရှိမီ မီးမသဂြိုဟ်စေရ"ဟူ၍ အဓိဋ္ဌာန်ထားကြောင်း အမိန့်ရှိရာ မလ္လာမင်းများက "ရှင်မဟာကဿပကိုယ်တော်ကြီး ဘယ်အချိန်အခါ ရောက်ပါလိမ့်မည်နည်း"ဟု မေးလျှောက်ကြလေရာ ညနေ ရောက်ပါလိမ့်မည်။ ယခု ပါဝါပြည် ဥယျာဉ်အတွင်း ရောက်ရှိနေပြီ"ဟု သိရသဖြင့် အလောင်းတော်မြတ်ကို မီးမသဂြိုဟ်ရအောင်ပင် နတ်များကတားထားသဖြင့် တတိယသားတော်ကြီး အရှင်မဟာကဿပကိုယ်တော်ကြီးကို ဖူးလို၊ မြင်လိုကြသူများသည် အုံ့ဩစည်တီးဖြစ်ကာ စောင့်မျှော်လျက် နေကြကုန်၏။

ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးမှာ မြတ်စွာဘုရားသခင်ကို မဖူးမြှော်ရတာ သုံးလခန့်ရှိပြီဖြစ်၍ မည်သည့်ကျောင်း၌ သီတင်းသုံးနေတော်မူသည်ကို မသိသောကြောင့် နောက်ပါတပည့်ငါးရာနှင့်တကွ လိုက်လံစုံစမ်းရင်း ကြွလာတော်မူရာ နေပူလှသဖြင့် ပါဝါပြည် ဥယျာဉ်တွင်းမှာ အပန်းဖြေနေတော်မူခိုက် သာသနာ၏အပမှ တက္ကဒွန်းကြီးသည် မန္ဒာရဝနတ်ပန်းကို ထီးအလို့ငှာ ဆောင်း၍လာခြင်းကို မြင်ရသဖြင့် "၎င်းပန်းမျိုးသည် လူ့ပြည်သို့ အကြောင်းမဲ့ မရောက်နိုင်ကြောင်းကို တက္ကဒွန်း

http://www.dhammadownload.com



ကြီးလာရာအရပ်နှင့်တကွ ဆင်ခြင်တော်မူရာ မြတ်စွာဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်ပြုသော ကုသိနာရုံပြည်မှ လာသည်"ဟု သိရှိတော်မူ၏။ ရဟန္တာကြီးပင်ဖြစ်သော်လည်း "အာဝဇ္ဇနပဋိဗဒ္ဓံ ဉာဏံ နာမံ"တည်းဟူသော အာဝဇ္ဇန်းလျှင် ရှေးသွားမရှိခြင်းကြောင့် သိတော်မမူနိုင်၊ အာဝဇ္ဇန်း ရှေးသွားပြုမှ သိတော်မူပြီး၍ ပုထုဇဉ်ရဟန်းများ ပူဆွေးခြင်းဖြစ်မည်ကို မြင်တော်မူသဖြင့် ပရိသတ် အလယ်သို့ ရောက်ခဲ့မှ ပူဆွေးငိုကြွေးခြင်း မဖြစ်စေလို၍ ဒီနေရာမှပင် သိစေလိုသောအားဖြင့် တက္ကဒွန်းကြီးကို အဝေးမှ နှုတ်ဆက်မည်ဟု ကြံပြီးမှ တက္ကဒွန်းများ အထင်သေးမည်စိုး၍ အနီးရောက်မှ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ ဂုဏ်ကျေးဇူးကို ရိုသေသောအားဖြင့် လက်အုပ်ချီလျက် "ငါ့ရှင် သယ်ဆောင်လာသော မန္ဒာရဝနတ်ပန်းသည် အဘယ်မှရခဲ့သနည်း"ဟု မေးလေလျှင် တက္ကဒွန်းက "ငါ့ရှင်၊ ဂေါတမဘုရား ပရိနိဗ္ဗာန်စံဝင်သည့်အခါ ကောင်းကင်မှ ရွာချလိုက်သောပန်းများ ဖြစ်သည်။ ကျွန်ုပ်ခရီးသွားရင် တွေ့ရှိ၍ နေပူသက်သာစေခြင်းအလို့ငှာ ကောက်ယူဆောင်းလာခဲ့ခြင်းဖြစ်သည်"ဟု ပြောပြသဖြင့် နောက်ပါပုထုဇဉ်ရဟန်းများသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော် မူသည်ကို သိရှိ၍ ပူဆွေးဒုက္ခ ရောက်ကြရကုန်၏။

ထိုအခိုက် အာတုမပြည်သား သုဘဒ္ဒရဟန်းသည် "ငါ့ရှင်တို့၊ ပူဆွေးဒုက္ခရောက်၍ မနေကြ ကုန်လင့်၊ ငါတို့သည် ဂေါတမရဟန်း၏ ကြပ်တည်းလှသော ဥပဒေအတွင်းမှ လွတ်မြောက်ရလေပြီ" ဟု အားရဝမ်းသာစွာ ပြောကြားလိုက်သည်။ ၎င်း၏စကားကို ရှင်မဟာကဿပကိုယ်တော်မြတ်ကြီး ကြားရ၍ "မနောပဒေါသ" ဖြစ်ရှာတော်မူလှ၍ ၎င်းတက္ကဒွန်းကြီးကို ချုပ်နှောင်ပြီး ခေါင်းမှ ဆံပင်ကို တစ်ပင်မကျန်အောင် နှုတ်ပစ်၍ ရိုက်နှက်လွှတ်ရန် စိတ်အကြံရှိတော်မူပြီးမှ ဂေါတမဘုရား မရှိသည်နှင့် တစ်ပြိုင်နက် ကြီးနိုင်ငယ်ညှဉ်း ပြုကြသည်ဟု ကဲ့ရဲ့ကြမည်စိုး၍ စိတ်အကြံရှိတိုင်း မပြုဘဲ သည်းခံ တော်မူရှာ၏။ ပူဆွေးဒုက္ခ ရောက်လျက်ရှိသော နောက်ပါရဟန်းများကို သက်သာရာ ရစေရန် ကိုယ်တော်မြတ်သည် "ဇာတိ၊ ဇရာ၊ မရဏ" အစရှိသော တရားများဖြင့် ဆုံးမတော်မူ၏။

ရဟန္တာများ၏ သဘောသည် "ဓမ္မသံဝေဂ"ခေါ်၏။

ပုထုဇဉ်များမှာ "သတိသံဝေဂ"ခေါ်၏။

ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးသည် ဓမ္မသံဝေဂယူ၍ နောက်ပါရဟန်းများနှင့် ပရိနိဗ္ဗာန် စံဝင်ရာ ကုသိနာရုံပြည်သို့ ကြွသွားတော်မူရာတွင် ရှင်မဟာကဿပကိုယ်တော်မြတ်ကြီး ရောက်ရှိ လာပြီဟူသော သတင်းစကားကို ကြားသိရသည်နှင့် များစွာသော ပရိသတ်တို့သည် သူ့ထက်ငါသာ တိုးဝှေ့ဖူးမျှော် ကန်တော့ကြကုန်၏။ ဤသို့ ဖူးမျှော်ကန်တော့ခံရင်းနှင့် ဘုရားကိုယ်တော်မြတ်

http://www.dhammadownload.com



အလောင်းတော်ရှိရာသို့ ရောက်ရှိလာလျှင် ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးသည် လက်ျာရစ် သုံးပတ်လှည့်လျက် ရှိခိုးဦးခိုက်ရင်း စိတ်တော်ဖြင့် မှန်းဆလျက် "ဤကား ဘုရားကိုယ်တော်မြတ်၏ လက်ျာနံဘေးတော်၊ ဤကား ဦးခေါင်းတော်၊ ဤကား လက်ဝဲနံဘေးတော်၊ ဤကား ခြေစုံတော်" ဟူ၍ ရည်မှတ်၍ ခြေတော်စုံတည့်တည့်မှ ရပ်ပြီးသော် အားရသော ကြည်ညိုခြင်းဖြင့် မိမိဦးခေါင်း ထက်သို့ ထွက်ကြွစံနေတော်မူရန် စိတ်အကြံဖြင့် အဓိဋ္ဌာန်တော်မူလိုက်ရာ ဘုရားကိုယ်တော်မြတ်၏ စက်တော်အစုံတို့သည် အရှေ့ဦးတည်စွန်းမှ နေဝန်းကြီးနှစ်စင်း ပေါ်ထွန်းလာဘိသကဲ့သို့ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံတော်မူသော တစ်ရာ့ရှစ်ကွက် စက်လက္ခဏာနှင့်တကွ ဖဝါးတော်မြတ်သည် ရတနာရွှေသေတ္တာအတွင်းမှ ဖောက်ထွင်း၍ ကြွမြန်းတော်မူပြီးလျှင် ရှင်မဟာကဿပကိုယ်တော်မြတ် ကြီး၏ ဦးခေါင်းထက်သို့ တန့်ရပ်တည်နေတော်မူခြင်းကို မြင်ရသဖြင့် ပရိသတ်များမှာ ဘုရား ကိုယ်တော်မြတ်၏အသက် တစ်ဖန်ပြန်ရှင်လာဘိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ကသူများက ကကြလျက်၊ ခုန်သူများက ခုန်ကြလျက်၊ ဦးရစ်ခေါင်းပေါင်းများကို ချွတ်ပြီး မြှောက်သူများက မြှောက် အမျိုးမျိုးသော ပူဇော်ပွဲတို့ဖြင့် ပူဇော်ကန်တော့ကြလေ၏။

ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးသည် ဘုရား၏ ခြေဖဝါးတော်မြတ်နှစ်ခုကို လက်နှစ် ဖက်ဖြင့် အသာအယာ ဖိအုပ်ဆုပ်ကိုင်လျက် ကြည်ညိုနေစဉ်အတွင်း မကြာမီ ခြေဖဝါးတော်မြတ် တစ်စုံသည် ရတနာရွှေသေတ္တာအတွင်းသို့ ဝင်ရောက်သောအခါ နောက်ထပ် ဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံဘိသကဲ့သို့ ပူဆွေးဒုက္ခ ရောက်ကြရှာပြန်လေ၏။ ပူဆွေးဒုက္ခ ရောက်ဆဲမှာပင် နံ့သာပုံ ထက်မှ မီးလျှံများသည် အလိုလို တောက်လျက် အလောင်းတော်မြတ်ကြီးကို လောင်ကျွမ်းစေပြီးလျှင် ကောင်းကင်မှ မိုးသည်းထန်စွာ ရွာချလေတော့၏။ ထို့နောက် အလောင်းတော်မြတ်ကြီး၏ သရီရ ဓာတ်တော်များသည် သုံးမျိုးခွဲလျက် ဖြစ်ပေါ်လာကုန်၏။

## ဓာတ်တော်သုံးမျိုး

၁။ ပဲနောက်စေ့ပမာဏ၊

၂။ ဆံကျိုးစေ့ပမာဏ၊

၃။ မုန်ညင်းစေ့ပမာဏ။

၎င်းဓာတ်တော်ပေါင်း ရှစ်စယွတ်ရှိ၏။ နှစ်တင်းသော ဓာတ်တော်များကို ကောက်ယူ၍ ရတနာ ပန်းတောင်းနှင့် ထည့်ပြီးလျှင် ရတနာမဏ္ဍပ်အတွင်း ရတနာပလ္လင်ထက်မှာ တင်ထားလျက် ဓာတုပူဇာ

http://www.dhammadownload.com



ရတနာပွဲတော်ကြီးကို ရန်သူများ လုံခြုံစေရန် စစ်တပ်များကာရန် စောင့်ရှောက်စေပြီးလျှင် အကမျိုးစုံ အတီးမျိုးစုံဖြင့် စည်စည်ကားကား ပျော်ရွှင်စွာ ကျင်းပလေကုန်၏။ သာဓုကီဠနသတ္တာဟ၊ စိတက သတ္တာဟ၊ ဓာတုပူဇာရဟသတ္တာဟအားဖြင့် နောက်ဆုံးပူဇော်ကြကုန်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ကြောင်းကို သိရှိပြီးသော အဇာတသတ်မင်း၏ အမတ်လိမ္မာများသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ကြောင်းကို အဇာတသတ်မင်းသိပါက ပရိဒေဝမီး တောက်လောင်ပြီး သေဖွယ်ရာသာ ရှိမည်ဖြစ်၍ ထောပတ်ကန်၊ ပျားရည်ကန်များ စီမံထားပြီးလျှင် ပရိယာယ်နှင့် ကန်သို့ ဆင်းနေစေပြီး၍ ဘုရားပရိနိဗ္ဗာန်စံဝင်ကြောင်း သံတော်ဦးတင်ကြရာ သိလိုက်သည်နှင့် တစ်ပြိုင်နက် ၎င်းကန်များ ကျိုက်ကျိုက်ဆူအောင် ပူရှာလေ၏။ အမတ်များလည်း ကန်များပြောင်းလဲစံနေစေ၍ သက်သာရာရလျှင်ရချင်း ဦးဆံဖားလျားနှင့် အပြေးအလွှား မြတ်စွာဘုရားကို ဖူးမျှော်နေကြပြီး ဇီဝကဉယျာဉ်သို့ သွားရောက်ရှာဖွေသော်လည်း မြတ်စွာဘုရားနှင့် မတွေ့ရသဖြင့် ငိုကြွေးပူဆွေးခြင်းများကို စာနှင့်ရေးပြ၍ မကုန်နိုင်လောက်ပါ။ အမတ်များသည် အဇာတသတ်မင်းအား မြတ်စွာဘုရား ဟောကြားဆုံးမတော်မူခဲ့သော ဘဝသုံးပါးကို ဟောပြသံတော်ဦးတင်ကြသဖြင့် သက်သာရာရစေ၏။

၎င်းအဇာတသတ်မင်းသည် မြတ်စွာဘုရားကို ကြည်ညိုခြင်း၌ ပုထုဇဉ်တို့၏ ကြည်ညိုခြင်းတွင် ဤမင်းနှင့်တူသော သူမရှိ။ အဇာတသတ်မင်းသည် အဖဘုရား၏ ဓာတ်တော်များကို ရစေရန် ကိုယ်တော်တိုင် တပ်တော်နှင့် ချီတက်သွားရောက်ကာ "ဓာတ်တော်ကို အပ်မည်လော၊ စစ်တိုက်မည်လော"ဟု သဝဏ်လွှာပေးစေရာ မလ္လာမင်းများက "ကျွန်ုပ်တို့၏ တိုင်းပြည်အနီးမှာ ပရိနိဗ္ဗာန်စံတော်မူသဖြင့် ကျွန်ုပ်တို့နှင့်သာ ဆိုင်သည်။ အသင်၏ ပြည်မှာ ပရိနိဗ္ဗာန်စံတော်မူပါက အသင်ပိုင်ဆိုင်မည်၊ ယခု ကျွန်ုပ်တို့နှင့်သာဆိုင်သော ဓာတ်တော်ကို မပေးနိုင်"ဟု ပြန်ကြားလိုက်လေသည်။ အခြားသော တိုင်းပြည်မင်းများကလည်း အသီးသီး ရလိုကြောင်း ပြောကြ၊ ဆိုကြ၊ တောင်းကြနှင့် မကြာမီ ရန်များ တော့မည်ကို မင်းပေါင်းတို့၏ဆရာဖြစ်သော ဒေါဏပုဏ္ဏားက မြင်လေရာ ဆရာကြီးသည် မင်းပရိသတ်များ အလယ်မှထ၍ အားလုံးသော မင်းများကို သူ၏ဝါဒကို နာခံစေရန် အော်ဟစ်ပြောသော်လည်း အလွန်ဆူညံနေသဖြင့် ပထမဘာဏဝါရကို မကြားဘဲ နောက်တစ်ကြိမ် ထပ်မံ အော်ဟစ်လိုက်သောအခါမှ ကြားရပြီးလျှင် အားလုံးသော မင်းများ၏ သဘောတူညီချက်အရ ဆရာကြီး ဒေါဏပုဏ္ဏား၏ ရတနာပန်းတောင်းကြီးကိုယူလျက် ဓာတ်တော်များကို ဝေငှရန် ဖွင့်လှစ်ကြည့်ရှုရင်း မြတ်စွာဘုရားကိုယ်တော်မြတ်ကို လွမ်းဆွတ်အောက်မေ့ကာ ပူဆွေးနေသော မျက်နှာကို မြင်ခြင်း

http://www.dhammadownload.com



အားဖြင့် တပည့်မင်းအပေါင်းမှာ ဝမ်းနည်းပူဆွေးရပြန်၏။ ထိုသို့ ဝမ်းနည်းလျက်နေကြစဉ် မြတ်စွာဘုရား၏ လက်ျာစွယ်တော်တစ်ဆူကိုယူကာ မိမိ၏ ဆံကျစ်အတွင်းသွင်းပြီး ဝှက်ထားလိုက်လေ၏။

မပြိုကွဲသော အသမ္ဘိန္နဓာတ်တော်၊ နဖူးသင်းကျစ်တော်၊ စွယ်တော်၊ ညှပ်ရိုးတော်များဖြစ်သည်။ ဤသို့ ဒေါဏပုဏ္ဏား ဝှက်ထားခြင်းကို သိကြားမင်းကသိ၍ တစ်ဆင့်ယူဆောင်ပြီးလျှင် တာဝတိံသာ နတ်ပြည်၌ စူဠာမဏိစေတီတော်မြတ်အတွင်းမှာ ဌာပနာလျက် ကိုးကွယ်ထားလေ၏။ ဒေါဏပုဏ္ဏားသည် သူ့အတွက် ယူပြီးသောအခါ မင်းအများကို တစ်စလယ်ကျစီ ဝေငှပေးလေ၏။ ပြည်တစ်ပြည် တစ်စလယ်ကျရရှိ၍ ကျေနပ်ကြပြီး မြတ်စွာဘုရား၏ ဓာတ်တော်များကို နောက်ဆုံး ဓာတုပူဇာသဘင် ကျင်းပသောနေရာမှ ဝမ်းနည်းစွာဖြင့် ခွဲခွာပြီးလျှင် မိမိတို့၏ နေရာဌာနသို့ အသီးသီး ပြန်ကြရာလေ၏

ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးနှင့် ရှင်အနုရုဒ္ဓါကိုယ်တော်တို့သည် သုံးသိန်းကျော်သော ရဟန်းတို့ကို အစည်းအဝေးခေါ်ပြီးလျှင် ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးက အမိန့်ရှိသည်မှာ "ငါသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာသို့ လာခဲ့ရာ ခရီးအကြား၌ ပူဆွေးနေသော ပုထုဇဉ် ရဟန်းများကို သုဘဒ္ဒရဟန်းက သာသနာကိုစော်ကားပြီး ပြောဆိုခြင်းကို အကြောင်းပြုပြီး သာသနာကို ခိုင်မြဲစင်ကြယ်စေခြင်းအကျိုးငှာ သံဂါယနာတင်ရန်"ဟု အမိန့်ရှိသည့်အတိုင်း ဆွေးနွေးဆုံးဖြတ်ပြီး သောအခါ ထိုကိစ္စအတွက် ရှင်မဟာကဿပကိုယ်တော်ကြီးကိုပင် လွှဲအပ်ကြသဖြင့် ရှင်မဟာကဿပ ကိုယ်တော်ကြီးသည် ယခုအစည်းအဝေးထဲ၌ "ဆဠာဘိညာ ခီဏာသဝ" ရဟန္တာကြီး သက်သက် ငါးရာစာရင်းယူရာတွင် ရှင်အာနန္ဒာကို ရည်ရွယ်ပြီး လေးရာကိုးဆယ့်ကိုးပါးကိုသာ ကောက်ယူထားခြင်း မှာ ရှင်အာနန္ဒာသည် သောတာပန်မျှသာဖြစ်သော်လည်း တရားဘဏ္ဍာစိုးဖြစ်၍ ထည့်သွင်းထားရာ အခြားရဟန်းများကလည်း သိရှိသဘောတူလျက်နှင့် မသိသကဲ့သို့ နေကြကုန်၏။ ရှင်မဟာကဿပ ကိုယ်တော်ကြီးသည် ရာဇဂြိုဟ်ပြည်မှာ ဝါဆိုလပြည့်နေ့၌ စုဝေးရန် ဆုံးဖြတ်၍ အစည်းအဝေးကို ရုပ်သိမ်းပြီးလျှင် ကိုယ့်တိုင်းကိုယ့်ပြည်သို့ ပြန်ကြွကြကုန်၏။

အရှင်အနုရုဒ္ဓါကိုယ်တော်ကြီးမှာ ပုဏ္ဏမထေရ်ကို ဧည့်ခံအဖြစ်နှင့် ကုသိနာရုံမှာ အစောင့် ထားခဲ့ပြီးလျှင် တပည့်များစွာနှင့် သီတင်းသုံးရာဌာနသို့ ပြန်ကြွရှာလေ၏။ ရှင်အာနန္ဒာသည် အလောင်း တော်၏ ပူဇော်ရာဌာနမှ ဝမ်းနည်းစွာနှင့် ငိုကြွေးခွဲခွာလျက် ဒုကုဋ်၊ သင်္ကန်း၊ သပိတ်များကို လွယ်ပြီးလျှင် ပြန်ကြွလေရာ ဇေတဝန်ကျောင်းမရောက်မှီအကြား ဆီးကြိုပြီး ငိုကြွေးမေးမြန်းသော ဒါယကာ၊ ဒါယိကာမများကို သင့်လျော်သော တရားများဖြင့် ဟောပြဆုံးမ နှစ်သိမ့်စေလျက် အစဉ်အတိုင်း

http://www.dhammadownload.com



ပြန်ကြ၍ ရောက်ရှိသောအခါ ဂန္ဓကုဋိတိုက်အတွင်းဝင်ပြီးလျှင် ရောက်သည့်နေ့မှစ၍ တစ်နေ့မပြတ် ဝတ်ကြီး ဝတ်ငယ်တို့ကို မလစ်လပ်စေဘဲ ငိုကြွေးပြုစုလျက် နေခြင်းကို ကျောင်းစောင့်နတ် မြင်လေရာ အရှင်အာနန္ဒာအား အရှင်ဘုရားတို့က ယခုလို ငိုကြွေးပူဆွေးနေခြင်းဖြင့် အခြားသောသူတို့အား မငိုကြွေးမပူဆွေးရန် အဘယ်မှာဟောကြားတော့နိုင်မည်နည်း"ဟု လျှောက်ထားမှ အရှင်အာနန္ဒာ သတိဖြင့် သောကကို သိမ်းဆည်းနိုင်လေ၏။ ထို့နောက် ဝါဆိုလတွင် သံဂါယနာတင်ရန်ကိစ္စကို နှလုံးသွင်းတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ကြွသွားပြီး ၎င်းသံဂါယနာတင်ရန် နေရာထိုင်ခင်းမှစ၍ အစစဆောင်ရွက် ခြင်းသည် တန်ခိုးကြီးသော မင်းများပါမှ ဆောင်ရွက်၍ ပြီးမည်ဖြစ်သောကြောင့် အဇာတသတ်မင်း အား အကြောင်းကြားစေရာ အဇာတသတ်မင်းသည် တာဝန်ယူလျက် စရည်ပင် ပေါက်ရာ လိုဏ်ဂူဝ၌ ငါးရာသောရဟန်းများ နေစရာနှင့်တကွ ရတနာမဏ္ဍပ်ကြီးသည် ဝေဇယန္တာတမျှ ဆောက်လုပ်ပြီးစီးခြင်းသို့ ရောက်လေ၏။

သံဂါယနာတင်မည့် ရဟန်းများက နက်ဖန်ခါကျရင်တော့ မဏ္ဍပ်အတွင်းမှာ ကိလေသာ တထောင်းထောင်းနှင့် ထွက်ချီဝင်ချီ လုပ်အုံးမှာ မြင်ယောင်နေသေးတယ်ဟု နှာခေါင်းရှုံ့ကာ ပြောဆိုခြင်းကို အရှင်အာနန္ဒာကြားသဖြင့် ရှက်ရှာတော်မူလှ၍ ရဟန္တာ မဖြစ်မနေရ၊ နောင်တော်ဘုရားမှာ သည့်အတိုင်း အင်တိုက်အားတိုက် မနားမနေ အားထုတ်ပါသော်လည်း ဝီရိယလွန်နေသဖြင့် ဝီရိယနှင့် သမာဓိကို မျှအောင်ထားလျက် လျောင်းစက်မည်ပြုရာ ခြေတော်လည်းအကြွ ခန္ဓာကိုလည်း ညောင်စောင်းပေါ် သို့ထိအောင် မရောက်သေးခင် ဣရိယာပုတ်လေးပါးမှ လွတ်လျက် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ အရှင်အာနန္ဒာသည် တရားရခြင်း၏ ဆန်းကြယ်ပုံ၊ ပရိနိဗ္ဗာန်စံသောအခါ တခြားသော ရဟန္တာများကဲ့သို့မဟုတ်မူ၍ လောဟိနီမြစ်၏ အလယ်တည့်တည့် ထန်းခုနှစ်ဆင့်မျှ ဈာန်ကြွလျက် ပရိနိဗ္ဗာန်စံပြီးလျှင် လောဟိနီမြစ်ကို ဟိုဘက် တစ်ဝက် သည်ဘက်တစ်ဝက် အညီအမျှခွဲ၍ ဓာတ်တော်များ ကျရောက်စေကုန်၏။

သံဂါယနာမဏ္ဍပ်၌ လေးရားကိုးဆယ့်ကိုးပါးသော ရဟန္တာများ ရောက်ရှိကြကုန်လျက် တစ်နေရာ လစ်လပ်နေစဉ် အရှင်အာနန္ဒာသည် ရဟန္တာမဖြစ်မီက ကဲ့ရဲ့ကြသော ရဟန်းတို့အား မိမိ ရဟန်းကိစ္စပြီးကြောင်းကို သိစေလို၍ သံဂါယနာတင်ရာ မဏ္ဍပ်သို့ ရိုးရိုးမကြွမူ၍ ဈာန်တန်ခိုးဖြင့် မြေလျှိုးပြီးလျှင် မိမိနေရာလပ်ရောက်မှ ဘွားခနဲထွက်ကြွလျက် ရဟန်းအားလုံးကို မိမိရောက်လာ ကြောင်းကို သိစေလေ၏။ အရှင်အာနန္ဒရောက်ရှိသဖြင့် ရဟန်းများစုံညီစွာနှင့် သံဂါယနာတင်ရန် စီစဉ်ဆောင်ရွက်ကြလေကုန်၏။

http://www.dhammadownload.com



ရှင်မဟာကဿပကိုတော်ကြီးအား အမှူးပြုလျက် မြတ်စွာဘုရားကိုယ်တော်မြတ် ဟောကြား ဆုံးမတော်မူခဲ့သော "သုတ် ဝိနည်း အဘိဓမ္မာ"တည်းဟူသော ပိဋကတ်သုံးပုံကို နှုတ်တက်အာဂုံ ဆောင်လျက် သံဂါယနာတင်ကြကုန်၏ အရှင်အာနန္ဒာသည် မြတ်စွာဘုရားဟောကြားတော်မူသော တရားဘဏ္ဍာဂါရိကဖြစ်၍ အရှင်မဟာကဿပကိုယ်တော်မြတ်ကြီးမေးသော တရားတော်များကို မလစ်လပ်လေရအောင် ဖြေကြားလျက် ခုနစ်လ ခုနစ်ရက်ကြာရှိမှ ပဌမသံဂါယနာတင်ပွဲ ထမြောက် အောင်မြင်ပြီးစီးခြင်းကို ရောက်ရှိလေ၏။ ဘုရားပွင့်သော ကာလအပိုင်းအခြားသည် တစ်သိန်းအသက် တမ်းထက် မပိုသော အသက်တမ်း၌ဖြစ်စေ၊ ၎င်းသက်တမ်းကြား၌ဖြစ်စေ ပွင့်ကြကုန်၏။ တစ်သိန်း အသက်တမ်းထက်ပိုသော အသက်တမ်း၌ မပွင့်ကောင်းပေ။ ကျွန်ုပ်တို့၏ ကျေးဇူးတော်ရှင် မြတ်စွာ ဘုရားသခင်သည် အသက်သိန်းတမ်း၊ အသက်သောင်းတမ်းကာလမှာ ပါရမီတော် မပြည့်စုံသေး၍ မပွင့်နိုင်ဘဲ သက်တမ်းတိုသော တစ်ရာအသက်တမ်းမှာ ပွင့်တော်မူသဖြင့် သတ္တဝါများကို တရားရေအေး အမြိုက်ဆေးတို့ကို တိုက်ကျွေးကယ်တင်တော်မူခြင်းသည် နည်းပါးလှသည်ဟု အားရတော်မမူရှာ သဖြင့် မှာတမ်းတော် ဓာတုဝိကရဏ ဓါတ်တော်များကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် အဓိဋ္ဌာန် တော်မူခဲ့သည်နှင့် လျော်ညီစွာ သာသနာငါးထောင်တိုင်အောင် တည်တံ့ခိုင်မြဲစေရန် ပဌမသံဂါယနာ တင်ပြီးသည်မှစ၍ သာသနာ့ဝန်ထမ်း ရဟန်းများသည် သိဿာနုသိဿ တရားအဆက်ဆက် တပည့်အဆက် ဆက် မပြတ်အောင် သင်ကြားစေလျက် "ပရိယတ်, ပဋိပတ်, ပဋိဝေဓ"တည်းဟူသော သာသနာသုံးရပ် ထင်ရှားလျက်ရှိခြင်းသည် မြတ်စွာဘုရား၏ သတ္တဝါများကို သနားတော်မူခြင်းဖြင့် နောင်တော့် နောင်တော်ဘုရားများကဲ့သို့ ပရိနိဗ္ဗာန်မစံရှာဘဲ ကိုးကွယ်အားထားရာရစေရန် ဓာတုဝိကရဏ အဓိဋ္ဌာန်ထားပြီးနောက် သာသနာငါးထောင် ရှည်ကြာမသွေ တည်ပါစေဟု ထားတော်မူခဲ့ပေသည့် မဟာကရုဏာတော်မြတ်ကြီးကို ဆပ်ပေး၍ မကုန်နိုင်သော ကျေးဇူးတော်နှင့် ပြည့်စုံလှပါပေ၏။ ထိုမျှ မကသေးဘဲ နောက်ကြောင်းပြန်ကြည့်ခဲ့လျှင် -

**မှတ်ချက်။** ။စိတ်အကြံ ခုနစ်သင်္ချေ၊ နှုတ်မြွက် ကိုးသင်္ချေ၊ ကိုယ်နှုတ်နှလုံး သုံးပါး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ဘုရားတစ်ဆူပွင့်တော်မူသည်။ သုမေဓာရှင်ရသေ့ဖြစ်စဉ်က ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်းမှာ လက်တော်သို့ရောက်ပြီးသော နိဗ္ဗာန်ကိုမယူဘဲနှင့် နိယတဗျာဒိတ် ပန်းကို ဆင်မြန်းပြီးလျှင်

(၁) ဗုဒ္ဓေါ ဗောဓေယျံ။

(၂) မုတ္တော မောစေယျံ။

(၃) တိဏ္ဏော တာရေယျံ။

http://www.dhammadownload.com



ဟု သုံးခွန်းသော စကားဖြင့် ကျူးရင့်တော်မူပြီး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဆယ်ပါး အပြားသုံးဆယ်ကို ပင်ပန်းကြီးစွာ ဖြည့်ကျင့်ရရှာခြင်းသည်၊ အပေါင်းအားဖြင့်ဆိုသော် သတ္တဝါများအတွက်ဖြစ်၏။ အစိတ်အားဖြင့်ဆိုသော် မိမိအတွက်ဖြစ်၏။

**မှတ်ချက်။** ။သူဌေးသမီး သုမိတ္တာသည် ဒီပင်္ကရာမြတ်စွာဘုရားကို သုမေဓာရှင်ရသေ့အား ကြာငါးခိုင်ပူဇော်ပြီးလျှင် "ဤဘဝမှ နောင်ဖြစ်လေရာဘဝတိုင်း၌ သုမေဓာရှင်ရသေ့၏ ပါရမီကို ကူညီဖြည့်စွမ်းနိုင်သူ ဖြစ်ရပါလို၏"ဟု ဆုတောင်းသည်။ ဤသို့ ပါရမီဖြည့်ကျင့်စေ့ရောက် သောအခါ ဘုရားအဖြစ်ရောက်တော်မူလျှင် ဗုဒ္ဓတ္ထစရိယာ, ဉာတတ္ထစရိယာ, လောကတ္ထစရိယာ ဤကဲ့သို့ စရိယာသုံးပါးကို ဖြည့်ကျင့်တော်မူပြီးနောက် သတ္တဝါများအား တရားရေအေး အမြိုက်ဆေး ကို တိုက်ကျွေးတော်မူရှာသည်။ ညဦးယံမှာ လူပရိသတ်များကို ဟောပြောပြသ ဆုံးမတော်မူ၏။ နောက်ဆုံးယံကို သုံးပိုင်းပိုင်း၍ ပထမပိုင်းမှာ နတ်ဗြဟ္မာများကို ဟောပြောပြသ ဆုံးမတော်မူပြီးလျှင် အလယ်ပိုင်းမှာ ကိုယ်တော်ပင်ပန်းမှုကို ပယ်ဖျောက်ခြင်းငှာ ခေတ္တကိုယ်တော်ဆန့်၍ အရုဏ်ကျင်း အလင်းသို့ ရောက်သောအခါ မဟာကရုဏာသမာပတ်ဝင်စားရာ၌ မြင်ရသော ပုဂ္ဂိုလ်အား ချွတ်တော်မူရ၏။ မြတ်စွာဘုရား၏ မဟာကရုဏာစေတ်ကား သတ္တဝါများ ကယ်တင်ခြင်းသည် အတန်းအစား မရွေးဘဲ ကေသရာဇာခြင်္သေ့မင်းသည် သားကောင်များကို ဟောက်သည်နှင့် ဥပမာပြကာ သတ္တဝါများ **ချွတ်တော်မူရခြင်းသည် တစ်နာရီမျှ အားလပ်ချိန်မရှိအောင်ပင် ဗုဒ္ဓကိစ္စအဝဝတို့ကို ကျင့်ဆောင်ရသည်**မှာ သတ္တဝါများကို သနားသော မဟာကရုဏာစေတ် ကြီးမားသဖြင့်၊ ငါဘုရား သက်တော် ထင်ရှားရှိစဉ် ရှောင်နေကြသော သားမိုက်၊ သမီးမိုက်များကို ဝိမုတ္တိရသကိုရစေခြင်းငှာ သာသနာငါးထောင် ရှည်ကြာမသွေ တည်ပါစေဟု စေတောပဏိဓိအဓိဋ္ဌာန်နှင့် ထားတော်မူခဲ့သော သာသနာကို အလွဲသုံးစား မလုပ်သင့်ပေ။

**ဤကဲ့သို့ မိမိအပေါ်မှာ ထားရှိတော်မူသော ကရုဏာစေတ်နှင့် ပြည့်စုံတော်မူသော ကျေးဇူး** တင်ရှိနေသည်ကို သိသင့်လှ၏။ မိဘများ၏ ကျေးဇူးဂုဏ်နှင့် စာကြည့်ပါ။ မိဘများသည် သားသမီးများကို ဘယ်လိုကရုဏာရှိတယ်, ချစ်တယ်ဆိုပေမယ့် တစ်ဘဝ တစ်နပ်စာအတွက်သာလျှင် တတ်နိုင်၍ သံသရာကလွတ်အောင် မတတ်နိုင်ကြချေ။ မြတ်စွာဘုရား၏ မဟာကရုဏာစေတ်သည် မနှိုင်းယှဉ်အပ်လောက်အောင် ကွာခြားလှသဖြင့် မြတ်စွာဘုရား၏ ကျေးဇူးဂုဏ်ကို အထူးပေးဆပ်သင့်သည့်အတိုင်း မြတ်စွာဘုရား မှာကြားခဲ့သော စကားကို လေးစားနာယူ မှတ်သားအားထုတ်သင့်လှပေ၏။ လောကမှာလည်း မိဘများသည် မိမိသေခါနီး၌ သားသမီးများကို မှာကြားသောအခါ နာယူကြဘိသကဲ့သို့ နာယူကြကုန်ရာသည်။

http://www.dhammadownload.com



**ပါဠိ** ။ ။ မရဏမဇ္ဈေ နိပန္နဿ ကထာ နာမ ယာဝဇီဝံ အနုဿရိတဗ္ဗာ။

**အနက်** - မရဏမဇ္ဈေ - သေရာညောင်စောင်း၌၊ နိပန္နဿ - လျောင်းစက်သောသူ၏၊ ကထာ နာမ - ပြောဆိုသောစကားကို၊ ယာဝဇီဝံ - အသက်ရှည်သမျှ ကာလပတ်လုံး၊ အနုဿရိတဗ္ဗာ - အစဉ်သဖြင့် လိုက်နာအပ်၏။

ဟူသည်နှင့်အညီ မဟာကရုဏာဓာတ် ကြီးမားတော်မူသော မြတ်စွာဘုရားသည် သားမိုက်, သမီးမိုက်များကို ငါမရှိသည့်နောက် အမှောက်မှောက်အမှားမှားဖြစ်ပြီး အပါယ်လေးပါးကို လားနေမှာ စိုးရှာတော်မူသဖြင့် သုဂတိဘုံ၌ လားနိုင်, ရောက်နိုင်ပြီး သံသရာမှ လွတ်မြောက်ကြရန် နည်းအမျိုးမျိုးအားဖြင့် မှာကြားတော်မူခဲ့ပေသည်။

**ပါဠိ** ။ ။ စတူသု အပါယေသု ဝဋ္ဋဒုက္ခေသု အပတမာနေ ကတွာ ဓာရေတီတိ ဓမ္မော။

**အနက်** - စတူသု အပါယေသု - အပါယ်လေးပါးတို့၌လည်းကောင်း၊ ဝဋ္ဋဒုက္ခေသု - ဝဋ်သုံးပါးတို့၌ လည်းကောင်း၊ အပတမာနေ - မကျရောက်စေကုန်သည်၏အဖြစ်ကို၊ ကတွာ - ပြု၍၊ ဓာရေတိ - ဆောင်တတ်၏၊ ဣတိ တသ္မာ - ထို့ကြောင့်၊ ဓမ္မော - ဓမ္မမည်၏။

ဟူသော ပါဠိတော်မှာ "အပါယေသု"ပုဒ်သည် သာသနာငါးထောင် ရှည်ကြာမသွေ တည်ပါစေ၊ စေတောပဏိဓိ - အဓိဋ္ဌာန်ထားတော်မူခဲ့ခြင်းနှင့်ဟပ်၍ ယူရမည်မှာ ထားရှိခဲ့သော သာသနာ၌ သတ္တဝါများသည် ဒါန၊ သီလ၊ သမထ တရားများကို မိမိတို့တတ်စွမ်းသလောက် ကြိုးစားအားထုတ် ကြလျှင် အပါယ်လေးပါးမှ လုံးလုံးမလွတ်သော်လည်း သုဂတိဘဝလောက် နားကြရပါစေ။ ယခု မနားကြရဘဲ "ဝဋ္ဋဒုက္ခေသု" ဝဋ်သုံးပါးမှ ထွက်မြောက်နိုင်ခြင်းအကျိုးငှာ - ပုဒ်နှစ်ချက်ထုတ်၍ပြသော မှာတမ်းတော်အတိုင်း တစ်သွေမတိမ်း လိုက်နာမှတ်သားပြီး အထူးသဖြင့် လေးစားစွာ ကျင့်ကြံ အားထုတ်သင့်ကြလှပေ၏။

မိမိအတွက် သက်သက်အပင်ပန်းခံပြီး ဘုရားအဖြစ်ရောက်အောင် ကြိုးစားရှာဖွေ စုဆောင်းပြီး မှာထားဆုံးမခဲ့သော တရားတော်ကို မြတ်စွာဘုရားကိုယ်တော်မြတ် သက်တော်ထင်ရှား ရှိတော်မူ၍ ဆုံးမဘိသကဲ့သို့ ဦးထိပ်ပန်ဆင်သင့်ကြောင်းကို လောကဥပမာနှင့် ပြရလျှင် မင်းစေလုလင်၏ လက်မှ ရှင်ဘုရင်၏ အမိန့်စာကို ရှင်ဘုရင်ကိုယ်တိုင် ရှိသေသကဲ့သို့ အမိန့်စာပါလာပြီး မင်းစေများ အမိန့်တော်ပြန်လိုက်လျှင် ဦးထိပ်ပန်ဆင်လျက် နာယူကြ၏။

http://www.dhammadownload.com



၎င်းအမိန့်တော်စာနှင့် မန္တိုင်းအပ်, မယှဉ်အပ်အောင် ကွာခြားသော မြတ်စွာဘုရားသခင်၏ မိန့်တော်မှုစကားကို ဦးထိပ်မပြတ်ရွက်လျက် လိုက်နာကြကုန်ရာသည်။ ဦးထိပ်ထက် ပန်ဆင်လိုက်နာ အားထုတ်ရမည်မှာ မြတ်စွာဘုရားသည် "ဝယဓမ္မာ သင်္ခါရာ"ပုဒ်ကိုသာ မမေ့မလျော့ ပွားများအား ထုတ်ကြရန် မှာတော်မူခဲ့သည့်အလျောက် သင်္ခါရတရားတို့၏ ချုပ် ပျက် ပြုန်းတီးနေခြင်းကို အန္တပုထုဇဉ်တို့၏ဉာဏ်မှာ ထင်မြင်နိုင်ခဲလှပေ၏။ သင်္ခါရတရားတို့၏ ပျက်စီးပုံကို သိအောင် ကြိုးစားအားထုတ်မှသာလျှင် မြတ်စွာဘုရားကိုယ်တော်မြတ်၏ ကျေးဇူးဂုဏ်ကို "ကတညုတ ကတဝေဒီ"အနေနှင့် ပေးဆပ်ရာရောက်မည်။

သို့ဖြစ်၍ တိတိကျကျ မှန်မှန်ကန်ကန် သိမြင်အားထုတ်နိုင်စေရန် အောက်ပါ တရားစဉ်အတိုင်း နာယူမှတ်သား ဝေဖန်အားထုတ်ကြကုန်ရာသတည်း။

## သမ္မာဒိဋ္ဌိဉာဏ်ငါးမျိုး

| | | | |
|---|---|---|---|
| ၁။ | **ကမ္မဿကတ သမ္မာဒိဋ္ဌိဉာဏ်** | - | ကံ, ကံ၏အကျိုးကို ယုံကြည်သောဉာဏ်၊ |
| ၂။ | **ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်** | - | ရုပ်သဘော, နာမ်သဘောတို့၏ ဖြစ်မှု, ပျက်မှုကို မြင်သောဉာဏ်၊ |
| ၃။ | **မဂ္ဂ သမ္မာဒိဋ္ဌိဉာဏ်** | - | မဂ်ရသောဉာဏ်၊ |
| ၄။ | **ဖလ သမ္မာဒိဋ္ဌိဉာဏ်** | - | ဖိုလ်ရသောဉာဏ်၊ |
| ၅။ | **ပစ္စဝေက္ခဏ သမ္မာဒိဋ္ဌိဉာဏ်** | - | ဆင်ခြင်သောဉာဏ်၊ |

### ၁။ ကမ္မဿကတ သမ္မာဒိဋ္ဌိဉာဏ် -

ကမ္မဿကတ သမ္မာဒိဋ္ဌိဉာဏ်သည် ဗုဒ္ဓဘာသာအယူကို ယူကြကုန်သော သူတို့မှာ ၎င်းဉာဏ်ကို အထူးအားမထုတ်ရဘဲ အလိုလိုရပြီးဖြစ်ရလေသည်။

### ၂။ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် -

ဝိပဿနာ သမ္မဒိဋ္ဌိဉာဏ်ကို ရဖို့ရန် အင်မတန်ခဲယဉ်း၏။ ရုပ်သဘော၊ နာမ်သဘောကို ပိုင်ပိုင်နိုင်နိုင်သိအောင် အထူးဂရုပြု၍ သင်ကြားအားထုတ်ရလိမ့်မည်။ သင်ကြားအားထုတ်၍ ၎င်းဉာဏ်ရ

http://www.dhammadownload.com



လျှင် နောက်ဉာဏ်သုံးပါးသည် အလိုလို သဘောသက်ရောက်ပြီး ဖြစ်လေ၏။

အန္တပုထုဇဉ်များသည် ကမ္မဿကတ,နယ်ကလွန်အောင် မကြိုးစားဘဲ ၎င်းဉာဏ်ကို ရလျှင် လုံလောက်ပြီး အားကိုးတစ်ခုပြု၍ နေကြကုန်၏။ ကမ္မဿကတ သမ္မဒိဋ္ဌိဉာဏ်ရပြီး လူ့ဘောင်, နတ်ဘောင် ဖြစ်ရုံလောက် လိုလားတော်မူရန် မြတ်စွာဘုရား ပင်ပန်းဆင်းရဲခံပြီး ပါရမီတော်တို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူသည် မဟုတ်ပါ။ သတ္တဝါများကို သံသရာမှ ကျွတ်စေချင်, လွတ်စေချင်ရန် အတွက်သာ အပင်ပန်းခံခဲ့ခြင်းဖြစ်သည်။ သတ္တဝါဟူသမျှ သုံးဆယ့်တစ်ဘုံမှာ သုဒ္ဓါဝါသ ငါးဘုံက လွဲလျှင် မရောက်ဘူးသောဘုံမရှိ ရောက်သည့်ဘုံချည်းတည်း။ ဒါန၊ သီလ၊ သမထကုသိုလ်သည် သာသနာအတွင်းမှသာ ပြုလုပ်ကောင်းသည်, ပြုကြသည်မဟုတ်၊ သာသနာပမှာ ပြုလုပ်သော ဒါနသည် သာ၍ပင်အားကောင်းသေး၏။ ဝေလာမပုဏ္ဏား၏ ပြုလုပ်သော ဒါနဟာ ရတနာမျိုးစုံ ထည့်ထားသော ငွေဖလားကြီးဟာ နွတ်ခမ်းပေါ်မှာ လှည်းရှစ်စီး ယှဉ်မောင်းနိုင်အောင် ကြီးကျယ်သော ငွေဖလားကြီးနဲ့ လှူပုံမျိုးကိုလည်း ယခု တို့လူစုတွေလည်း လှူဖူးရမည်။ ဤသို့ ဒါန၊ သီလ၊ သမထ စသော တရားတို့ကို အားထုတ်ဆည်းပူး၍ လူ့ဘုံ၊ ဗြဟ္မာ့ဘုံကြီးတို့၌ ရောက်လိမ့်မည်ဟု မယူဆသင့်ပါ။ ဧကန် အပါယ်လေးပါးမှ မလွတ်ကြောင်းကို -

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။

ဘဝဂ္ဂန္တမ္ပိ သမ္ပတ္တာ၊ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။

ပုညတေဇေန - ကာမကုသိုလ်, ရူပကုသိုလ် အရှိန်တန်ခိုးတို့သည်။ ဥက္ခိတ္တာ - မြှောက်တင်သည်၏အဖြစ်ကြောင့်။ ကာမရူပဂတိံ - ကာမဘုံ, ရူပဘုံသို့။ ဂတာ - ရောက်ကြကုန်သော။ ယေ သတ္တာ - အကြင်သတ္တဝါတို့သည်။ ဟောန္တိ - ဖြစ်ကုန်၏။ တေ သတ္တာ - ထိုသတ္တဝါတို့သည်။ ဘဝဂ္ဂန္တံ - အထက်ခုန်လွှား ဘဝဂ်ဘုံများသို့။ သမ္ပတ္တာပိ - ရောက်ရှိကြကုန်သော်လည်း။ ဒုဂ္ဂတိံ - ဒုဂ္ဂတိဘဝသို့။ ပုန - တစ်ဖန်။ ဂစ္ဆန္တိ - ရောက်ကြလေကုန်၏။

ဤကဲ့သို့ အပါယ်လေးပါးကို ကျတတ်သည်၊ မလွတ်သေးဘူးဆိုပေမယ့် မလုပ်ကောင်းဘူးလို့ မဟောပါ။ လုပ်ကောင်းပါ၏။ ဒါပေမယ့် ယခုလို သာသနာနဲ့ ကြုံကြိုက်ပြီး မနုဿတ္တဘာဝ ဒုလ္လဘ လူအဖြစ်ကို ရရှိနေ၍ သာသနာတစ်ဝက် အချိန်ကောင်း အခါကောင်း ရောက်နေဆဲ သံသရာတွင် လည်စေတဲ့ တရားတွေ အားထုတ်ပြီး အရိမေတ္တေယျဘုရားရှင်၏ သာသနာကို မြော်မှန်းကာ လက်ဦးစွာ ဖူးတွေ့ရတော့ တွေ့လျှင်တွေ့ချင်း၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရမတဲ့လား။ မရပုံကို လက်ဦးဆုံး ဖူးတွေ့

http://www.dhammadownload.com



ရသော "ဥပကရဟန်း"ကို ကြည့်ပါ။ သို့အတွက် အချိန်ကောင်း၊ အခါကောင်းကြီးမှာ သံသရာက လွတ်ကြောင်းတရားဖြစ်သော ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ကို ရအောင်ယူပါ။ ၎င်းဉာဏ်ရမှသာ မြတ်စွာဘုရား၏ မှာတမ်းတော်မှ "ဝယဓမ္မာ သင်္ခါရာ"ပုဒ်အတိုင်း ကိုက်ညီမည်ဖြစ်သည်။ ထို့ကြောင့် အောက်ပါတရားများကို မှတ်သားဝေဖန် ပွားများအားထုတ်ပါ။ ကျမ်းဂန်မှာ သဒ္ဓါလမ်း၊ ပညာလမ်း၊ နှစ်လမ်းရှိ၏။ မြန်မာလို အလုပ်စခန်း၊ ဉာဏ်စခန်း နှစ်သက်ရာလုပ်နိုင်၏။

* * * * *

http://www.dhammadownload.com



# ပညတ် နှင့် ပရမတ်

(၁) မရှိတရား - ပညတ်။
(၂) ရှိတရား - ပရမတ်။

မရှိတရားကို ပညတ်ခေါ်၏။ ရှိတရားကို ပရမတ်ခေါ်၏။ မရှိတရား ပညတ်ရှိပုံ, ရှိနည်းကို သူတစ်ပါး နားလည်အောင် ရှင်းပြဖို့ရာ မလွယ်ကူပါ။

ပညတ်တရား၏ အဓိပ္ပါယ်အချုပ်မှာ - လောက၌ သူသူငါငါ ခေါ်သူ ပြောသူတို့၏ ပါးစပ်ဖျားမှာ ခေါ်ဝေါ်ပြောဆိုကြသော အမည်နာမဟူသမျှကို ပညတ်တရားဟု ခေါ်သည်။ ၎င်းပညတ်အနက်သဘောကား - တစ်စုံတစ်ရာမျှ မရှိ။ သိမှတ်ဖွယ်ရန် သမုတ်ခေါ်ဝေါ်ကြသော အမည်နာမသက်သက်မျှသာဖြစ်၍ မရှိတရား ပညတ်ဟူ၍ မှတ်ပါ။

**ဥပမာ** - သူဌေးသား အနုရုဒ္ဓါသည် သူ၏ ဆုတောင်းအတိုင်း မရှိတာကို နားမလည်၍ မုန့်လောင်းတမ်းကစားရာမှ သူ့မိခင်ထံမှ မရှိမုန့်ကိုဘဲ ပေးလိုက်ပါဟု တောင်းခိုင်းလိုက်သဖြင့် မိခင်ကလည်း မုန့်ထည့်ခွက်ကို အဖုံးအုပ်ပြီး ပေးလိုက်သောအခါ အနုရုဒ္ဓါ၏ ပြည့်စုံသော ဆုပတ္ထနာကြောင့် နတ်များက ထည့်ပေးလိုက်သော မုန့်ကိုစားရသဖြင့် ၎င်းမရှိမုန့်က သာ၍ ကောင်းသည်ဟု မရှိတာ နားမလည်ဘဲ မရှိဘူးဆိုသောစကားကိုပင် မုန့်၏ နာမည်ထင်နေသကဲ့သို့ အန္ဓပုထုဇဉ်များလည်း မရှိတာကို မရှိမှန်းမသိကြ၊ မသိရုံတင်မကသေး အနုရုဒ္ဓါကဲ့သို့ မရှိတာ အရှိလုပ်လျက် အလွန်နှစ်သက်နေကြ၏။ ရှိတဲ့ ပရမတ်ကိုတော့ ရှိတယ်မထင်၊ ရှိမှန်းမသိဘဲ မျက်စိလည်နေကြ၏။ ဒါကြောင့် သံသရာက မထွက်နိုင်ဘဲ ရှိနေကြ၏။ မရှိသောပညတ်ကို မရှိကြောင်း ထင်ရှားစေဦးအံ့။

**ပါဠိ** ။ ။ ပညာပေတီတိ ပညတ္တိ။
ပညာပီယတီတိ ပညတ္တိ။

**အနက်** - ပညာပေတီတိ - သူတစ်ပါးကို သိစေတတ်၏၊ ဣတိ တသ္မာ - ထို့ကြောင့်၊ ပညတ္တိ - ပညတ္တိမည်၏။

ပညာပီယတိ - သူတစ်ပါးတို့ကို သိစေတတ်၏။ ဣတိ တသ္မာ - ထို့ကြောင့်၊ ပညတ္တိ - ပညတ်မည်၏။

ဟူသော ပါဠိတော်နှင့်အညီ တစ်ယောက်နှင့်တစ်ယောက် နားလည်စေခြင်းအကျိုးငှာ လူ့ပါးစပ်က မှည့်ခေါ်နေကြသမျှကို "ပညတ်"ဟုခေါ်၏။ (တစ်နည်း) ပါးစပ်ဖျားမှ ထွက်သမျှ အသံထွက်ငါ် သုတ်ခေါ်၏။

http://www.dhammadownload.com



## ပညတ် (၇)မျိုး

| | | | |
|---|---|---|---|
| ၁။ | နာမပညတ် | - | အမည်ဟူသမျှ၊ |
| ၂။ | ဃနပညတ် | - | အတုံးအခဲ၊ |
| ၃။ | သဏ္ဍာနပညတ် | - | ပုံစံသဏ္ဍာန်၊ |
| ၄။ | သင်္ကေတပညတ် | - | အမှတ်အသား၊ |
| ၅။ | သမူဟပညတ် | - | အစုအပေါင်း၊ |
| ၆။ | ကာလပညတ် | - | နေ့, ရက်, လ, နှစ် |
| ၇။ | ဒိသာပညတ် | - | အရပ်ဒေသ၊ |

၎င်းအသံထွက် နောက်ကွယ်မှာ ဘာမှမရှိ။ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, နတ်, လူ, ဗြဟ္မာမရှိ၊ အိမ်, ကျောင်း, ဇရပ်, ရေ, မြေ, တော, တောင်, သမုဒ္ဒရာ, စကြဝဠာ, ဘုံလောကဓာတ်, နေ, လ, နက္ခတ်တာရာ မရှိ၊ ဘာမျှမရှိကြောင်းကို ကိုယ့်ကိုကိုယ် မေးကြည့်ပါ။ ခေါင်းကအစ ခြေဖျားအထိ လူဟုတ်ကဲ့လား၊ ငါဟုတ်ကဲ့လား တစ်ခုချင်း တစ်ခုချင်း မေးကြည့်ပါ။ ဝေဖန်စဉ်းစားပါ၊ မရှိကြောင်း ဉာဏ်မှာ ရှင်းရှင်းလင်းလင်း မြင်လာပါလိမ့်မည်။ မြင်လာသည်နှင့်တစ်ပြိုင်နက် မျက်စိလည် ပျောက်ပြီး မြတ်စွာဘုရားသခင်၏ အလိုတော်ကျ ကိုက်ညီပေတော့၏။ ယခု မရှိတဲ့ ပညတ်မရှိမှန်း သိ၊ ရှိတဲ့ပရမတ်ကို ရှိမှန်းသိ၊ ယခုလို အသိမျိုးကို ဘယ်ဘဝကမှ မသိခဲ့လို့ သံသရာက မထွက်နိုင်ဘဲ ငုတ်တုတ်ရှိနေခြင်းအားဖြင့် ထင်ရှား၏။

ဂင်္ဂါဝါဠု သဲစုမက ပွင့်ကြကုန်သော ဘုရားရှင်များနှင့်အတူ တစ်ဆူသောဘုရားရှင်၏ နောက်ကိုမှ ပါမသွားနိုင်ခြင်းမှာ ၎င်းဘုရားရှင်များ ပွင့်တော်မူကြတာကို ပြရလျှင် ဇာတိခေတ် - ဖွားတော်မူကြောင်း စကြဝဠာတစ်သောင်း ပျံ့နှံ့၏။ အာဏာခေတ် - ရတနသုတ်, မဟာသမယသုတ် စသည် တို့ကို ဟောတော်မူသောအခါ စကြဝဠာတစ်သိန်း ပျံ့နှံ့၏။ ဝိသယခေတ် - စိတ်တော်ညွှတ်ရာ ပျံ့နှံ့၏။ ဤကဲ့သို့ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော ဘုရားရှင်များ၏ သာသနာကို ရှောင်လွှဲပြီး တရားကို မရှာခဲ့, မယူခဲ့ကြလို့ ယခုဘဝမှာ အန္ဓပုထုဇဉ်အဖြစ်နှင့်လာပြီး အခွင့်ကောင်း, အခါကောင်း နှင့် ကြုံနေဆဲမှာ ကြိုးစားလိုက်ကြစမ်းပါ၊ ရှောင်လွှဲပြီး မနေကြပါနဲ့။

"ကမ္ဘာသချေ်၊ လွန်ခဲ့ပေမဲ့၊ စိန္တေထုတိ၊ တုမရှိသည့်၊ မုနိမြတ်စွာ၊ စိန္တေယျာနှင့် အခါအသင့်၊ သူကြုံလင့်လည်း၊ အခွင့်မရှာ၊ ရှောင်ကွင်းလာကြ၊ လူအန္ဓတို့၊ အရတော်စွာ၊ ခုအခါဝယ်၊

http://www.dhammadownload.com



ဘယ်ညာဘယ်သင်း၊ ဘယ်အခင်းနှင့် ဘယ်ခြင်းဘယ်ရာ၊ ဘယ်လိုဟာကြောင့်၊ မာယာနှောင့်လျက်၊ မဖြောင့်ဆင်ခြေ ပေးတတ်လေ၏၊ ရှစ်ထွေပေါင်းစပ်၊ နာမ်ရုပ်ဓာတ်၏၊ မပြတ်ဖြစ်ပုံ၊ ပျက်စီးပုံကို၊ အာရုံစူးစိုက်၊ ဉာဏ်သိလိုက်ပေ၊ လူ့ဘဝသက်ဝင်၊ လူ့ခေါ်တွင်လည်း၊ လူပင်မဟုတ်၊ ဘဝယုတ်ခဲ့၊ ကျမ်းထုတ်ရွှေစာ၊ ဒေသနာကို၊ သေချာမိန့်ပုံ၊ ဥဒါဟရုဏ်ကား၊ မေထုန်စားအိပ်၊ လွန်နှစ်သိမ့်သည်၊ ကိစ္စသုံးဖြာ၊ ထိုအရာဝယ်၊ လိုခါစားသုံး၊ မမုန်းအားသည်၊ နွားလားပုံသို့ တန်းတူတည်း”

ဝင်းလက်ာအရ ရေပျော်ပျော် ငါးပျော်ပျော် တော်စွလျော်စွ နေကြရင် သံသရာထဲက မထွက်နိုင်ဘဲ နေကြလိမ့်မည်၊ သံသရာက ထွက်နိုင်မည့် မရှိပညတ်ကို မရှိမှန်းသိအောင် အားထုတ်ပြီးနောက် ရှိတဲ့ပရမတ်တရားကို ရှိမှန်းသိဖို့ လိုသေးသည်၊ ရှိပရမတ်တရားသည် ကျယ်ဝန်းလှသည်ဖြစ်သောကြောင့် အထူးကြိုးစားမှ သိနိုင်မည်။

## ပရမတ်

“ပရမတ်တရား”ဆိုသည်မှာ အနက်သဘော တရားကိုယ်အားဖြင့် အဟုတ်ရှိ၊ တကယ်ရှိ၊ အမှန်ရှိသော တရားများဖြစ်၏။ ထိုအရှိတရားတွင်လည်း သိတရား၊ မသိတရားဟူ၍ နှစ်မျိုးရှိ၏။

၁။ မသိတာ - ရုပ်

၂။ သိတာ - နာမ်။

ရုပ်တရားကား အာရုံကို မခံယူတတ်၊ မသိတတ်သောကြောင့် မသိတရား မည်၏။

နာမ်တရားကား အာရုံကို ခံယူတတ်၊ သိတတ်သောကြောင့် သိတရား မည်၏။

အထက်ပါ တရားနှစ်ပါးအနက် မသိတရားဖြစ်သော ရုပ်တရားကို အစဦးစွာ လေ့လာ သင်ယူသင့်၏။ ထိုရုပ်တရားသည် (၂၈)ပါးရှိ၏။ ထို (၂၈)ပါးတွင် အဋ္ဌကလာပ်ရုပ် (၈)ပါးသာလျှင် အဓိကဖြစ်၏။ ထို့ကြောင့် အဓိကဖြစ်သော အဋ္ဌကလာပ်ရုပ် (၈)ပါးကို အစဦးစွာ ရှင်းပြပါမည်။

## အဋ္ဌကလာပ်ရုပ် (၈)ပါး

(၁) ပထဝီ။

(၂) အာပေါ။

http://www.dhammadownload.com



(၃) တေဇော။
(၄) ဝါယော။
(၅) ဝဏ္ဏော။
(၆) ဂန္ဓော။
(၇) ရသော။
(၈) ဩဇာ - ဟူ၍ ရှစ်မျိုးရှိ၏။

**ပါဠိ** ။ ။ ပရမော ဥတ္တမော, အဝိပရိတော, သဘာဝော သံဝိဇ္ဇမာနော အတ္ထော ပရမတ္ထော။

**အနက်** - ပရမော ဥတ္တမော - မြတ်သော၊ အဝိပရိတော - မဖောက်မပြန်သော၊ သဘာဝော သံဝိဇ္ဇမာနော - ထင်ရှားရှိသော၊ အတ္ထော - အနက်သဘောသည်၊ ပရမတ္ထော - မြတ်သော မဖောက်မပြန် ထင်ရှားရှိသော ပရမတ်တရားတည်း။

ပါဠိလို - "ပရမတ်တရား"၊ မြန်မာလို "ရှိတရား"၊ ၎င်းရှိတရားထဲက နှစ်မျိုးခွဲထွက်လာခဲ့၏။ ၎င်းနှစ်မျိုးတွင် -

(၁) မသိတရား။
(၂) သိတရား။

မသိတာက ရုပ်၊ သိတာက နာမ်၊ ပရမတ်တရား အစစ်ဖြစ်၏။ ဝိပဿနာတရားလည်း ၎င်းတရားကိုပဲ ခေါ်၏။ မဂ်ရကြောင်း, ဖိုလ်ရကြောင်းဖြစ်သော ပရမတ်တရားကို သဘာဝကျကျနန သိနားလည်အောင် ကြိုးစားမှတ်သား လေ့လာပွားများမှသာလျှင် အရေးတကြီး မှာတော်မူခဲ့သော "ဝယဓမ္မာ သင်္ခါရာ"ပုဒ်အရ မမေ့မလျော့ အားထုတ်တတ်မှသာလျှင် မြတ်စွာဘုရားစကားကို နားထောင်ရာရောက်မည်။

"မသိတာ ရုပ်"ဆိုသော တရားကစ၍ ပြရမည်၊ ရုပ် (၂၈)ပါးရှိသည့်အနက်က ရှစ်ပါးသော ရုပ်ကိုသာပြရမည်။ နှစ်ဆယ်သောရုပ်သည် အရေးမကြီး၍ ချန်ထားခဲ့မည်။ မဂ်ဉာဏ်ကို ရစေတတ်သော ရုပ်ရှစ်ပါးကိုသာ အရေးတကြီး ပြရလိမ့်မည်။

**ပါဠိ** ။ ။ စတုန္နံ ဓာတူနံ ဧကဒေသမတ္တမေဝ သမသိတွာ နိဗ္ဗာနံ ပါပုဏန္တိ။

**အနက်** - စတုန္နံ ဓာတူနံ - လေးပါးသော ဓာတ်တရားတို့၏။ ဧကဒေသမတ္တမေဝ - ဓာတ်တစ်ပါးပါးကိုသာလျှင်၊ (တစ်စိတ်တစ်ဒေသမျှကိုသာလျှင်) သမသိတွာ - ဆင်ခြင်သုံးသပ်၍၊ နိဗ္ဗာနံ - နိဗ္ဗာန်ကို၊ ပါပုဏန္တိ - ရောက်ကြကုန်၏။

http://www.dhammadownload.com



ပါဠိ ။ ။ သပ္ပစ္စယံ သာသဝံ သခ်တံ လောကိယံ ကာမာဝစရံ အနာရမ္မဏံ။

"အနာရမ္မဏံ"ပုဒ်အရ အာရုံကို မသိတတ် မယူတတ်လို့ ပြထားခြင်းကြောင့် မသိတတ်သော သဘောတရားကို "ရုပ်"လို့ လူပြိန်းများ နားလည်အောင် မြန်မာလို ထုတ်ဖော်ဟောပြောရခြင်းဖြစ်သည်။ လောကဓာတ်ကြီးတစ်ခုလုံး အသက်မရှိသော အဝိညာဏက - အရာဝတ္ထုဟူသမျှကို သိတတ်သော သဘောတရားမရှိခြင်းကြောင့် "ရုပ်"ဟု ခေါ်သည်။ အသက်ရှိသော သဝိညာဏက - သတ္တဝါများမှာတော့ ရုပ် နှင့် နာမ် ပေါင်းစပ်နေသဖြင့် သိတတ်ကြသည်။ "သိတယ်"ဆိုတဲ့ နာမ်ကို ခွာကြည့်လိုက်စမ်းပါ၊ လူတစ်ယောက်သေသွားရင် နာမ်မရှိတော့သဖြင့် ကျန်ရစ်ခဲ့တဲ့ ဥတုကြောင့်ဖြစ်သော ကိုယ်ကာယ အတ္တဘောကြီးဟာ ဘာမှ မသိလေသောကြောင့် အသက်မရှိတဲ့ သတ္တဝါကောင်များကိုလည်း "ရုပ်"ဟု ခေါ်ပါသည်။

သိတတ်တဲ့ သဘောတရားကို "နာမ်"ဟုခေါ်၏။ သုံးဆယ့်တစ်ဘုံအတွင်း ပြဟ္မာကစပြီး ပိုးရွခြပုံးအထိ သိတတ်တဲ့ နာမ်တရားရှိကြ၏။ မသိတတ်တဲ့ ရုပ်တရားနဲ့ သိတတ်တဲ့ နာမ်တရားအပြင် ဘာမှမရှိ ၎င်းတရားနှစ်ပါးသာ ထင်ရှား၏။ ဒါကြောင့် "ပရမတ်တရား"လို့ ခေါ်၏။

သေသေချာချာ စဉ်းစားဝေဖန်ပါ။ ၎င်းပရမတ်တရား၏ ထင်ရှားရှိပုံ ရှိနည်းကို သိအောင် လုပ်ရမည်၊ ဘယ်လိုပုံလည်းဆိုတာ မိမိကိုယ်မှာပဲ ဆင်ခြင်ကြည့်ပါ။ မသိတတ်တဲ့ အတ္တဘောကြီးနှင့် သိတတ်တဲ့ နာမ်တရားအပြင် ဘာမျှမရှိ မိမိမှစ၍ လောကဓာတ်တစ်ခုလုံး ဆင်ခြင်ကြည့်ပါ။ ဆင်ခြင်လိုက်လျှင် ပရမတ်တရား ထင်ရှားရှိတာ၊ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားစွာ ဉာဏ်မှာ ပေါ်လာပေတော့၏။ မရှိတဲ့ ပညတ်ကိုလည်း မရှိမှန်းသိ၊ ရှိတဲ့ ပရမတ်ကိုလည်း ရှိမှန်းသိတော့ တရားမှန်တည်းဟူသော ရုပ်, နာမ် ပရမတ်သည် ဘယ်ကလာသလဲဆိုလျှင် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် တည်းဟူသော ပိဋကတ်သုံးပုံမှ လာကုန်၏။ ၎င်း ရှစ်သောင်းလေးထောင်ကို သုံးပုံပုံပါ၊ ပုံနည်းကား - လက်ျာဘက်က လေးသောင်းနှစ်ထောင်၊ လက်ဝဲဘက်က လေးသောင်းနှစ်ထောင်ကို တစ်ဝက်စီ ခွဲလိုက်ပြီးလျှင် နှစ်သောင်းတစ်ထောင်စီ၊ ဝိနည်းပိဋကတ်, သုတ္တန်ပိဋကတ်ဖြစ်၍ လက်ျာဘက်က လေးသောင်းနှစ်ထောင်ဟာ အဘိဓမ္မာ ပိဋကတ်ဖြစ်လေ၏။

ဝိနည်းပိဋကတ်ကို "အာဏာဒေသနာ"ခေါ်၏။

သုတ္တန်ပိဋကတ်ကို "ဝေါဟာရဒေသနာ, ပရိယာယဒေသနာ"ခေါ်၏။

http://www.dhammadownload.com



အဘိဓမ္မာဒေသနာကို မျက်နှာကြီးငယ်မရွေး မှန်ကန်တိကျစွာ ဟောပြောခြင်းကြောင့် "ယထာဓမ္မဒေသနာ, မုချဒေသနာ"ခေါ်၏။

ဧင်းအဘိဓမ္မာဒေသနာကို မြတ်စွာဘုရားသခင် လူ့ပြည်မှာ မဟောဘဲ နတ်ပြည်မှာသာ ဟောတော်မူသဖြင့် အလွန်တရာနာရခဲသော အဘိဓမ္မာဒေသနာကို ယခုလို နေ့စဉ် ကြားနာနေရခြင်းသည် အလွန်ကုသိုလ်ထူးသူများ ဖြစ်ကြ၏။ လူ့ပြည်မှာမဟောဘဲနှင့် နတ်ပြည်မှာ ဘယ်ကဲ့သို့ ဟောသလဲ ဆိုလျှင် တာဝတိံသာနတ်ပြည်မှာ ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာကျောက်နေရာထက်မှာ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အမှူးပြု၍ တစ်သောင်းသော စကြဝဠာတိုက်တို့မှ ရောက်လာကုန်သော နတ်ဗြဟ္မာအပေါင်းတို့ကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာဒေသနာတော်မြတ်ကို ဟောတော်မူ၏။ ဤကဲ့သို့ အဆက်မပြတ် ဟောတော်မူသည်မှာ မလွယ်လှချေ။ သာမန်ပုဂ္ဂိုလ်များ ဟောခြင်းငှာ မစွမ်းနိုင်၊ အစိန္တေယျဂုဏ်တော်နှင့် နိမ္မိတရုပ်ပွားတော်ကို ဖန်ဆင်းပြီးမှ (မှတ်ချက် - လူ့အသက်နှင့် နတ်အသက် မမျှသောကြောင့်ဖြစ်သည်။) မြောက်ကျွန်းသို့ ဆွမ်းခံပြီး စန္ဒကူးတောမှာ နားနေတော်မူ၍ ရေများသုံးသပ်တော်မူပြီး ဆွမ်းဘုဉ်းပေးပြီးသောအခါ တာဝတိံသာသို့ ကြွတော်မူရပြန်၏။

အဲဒီလို လူ့ပြည်နှင့် တာဝတိံသာနတ်ပြည် စုန်ချီဆန်ချီ ကြွနေတော်မူခြင်းကို ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး သိသဖြင့် စန္ဒကူးတောမှာ စောင့်ပြီးသော် ဝတ်ကြီးဝတ်ငယ်ပြုရင်း "အရှင်ဘုရား တာဝတိံသာမှာ ဟောတော်မူသော အဘိဓမ္မာဒေသနာတော်မြတ်ကို တပည့်တော်အား ဟောတော်မူပါဘုရား"ဟု လျှောက်ထားတောင်းပန်းရာ မြတ်စွာဘုရားသည် ဟောတော်မူရလေ၏။ ဟောတော်မူဟန်ကား တာဝတိံသာနတ်ပြည်မှာ အတိဝိတ္ထာရ - အကျယ်ဆုံးနည်းဖြင့် ဟောတော်မူ၏။ အရှင်သာရိပုတ္တအား ဟောတော်မူသောအခါ အတိသင်္ခေပ - အကျဉ်းဆုံးနည်းဖြင့် ဟောတော်မူ၏။ ရှင်သာရိပုတ္တရာသည် မိမိတပည့် ရဟန်းငါးရာကို ဟောတော်မူသောအခါ နာတိသင်္ခေပ - နာတိဝိတ္ထာရ - မကျဉ်းလွန်း မကျယ်လွန်းသောနည်းဖြင့် ဟောတော်မူ၏။

ဤသို့ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာတော်မြတ်ကို ဟောတော်မူပြီးနောက် သီတင်းကျွတ်သောအခါ သင်္ကဿနဂိုရ်ပြည်သို့ ရွှေစောင်းတန်း, ငွေစောင်းတန်း, ပတ္တမြားစောင်းတန်း တည်းဟူသော စောင်းတန်းသုံးသွယ်ဖြင့် ကြွမြန်းလျက် စောင်းတန်းမုခ်ဦး ရောက်သောအခါ ပရိသတ်အားလုံးကို တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူရာ အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းငါးရာသည် စောင်းတန်းမုခ်ဦးမှ မြတ်စွာဘုရား၏ တရားတော်ကို

http://www.dhammadownload.com



ကြားနာရသဖြင့် ခဏချင်း လေးမဂ် လေးဖိုလ်တရားကိုရ၍ ရဟန္တာဖြစ်ရသော အကြောင်းအရင်းက လင်းနို့သားငါးရာဖြစ်စဉ်က ကျောက်လှိုင်ခေါင်းအတွင်းသို့ ရဟန်းများ အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြသော အသံကို သာယာမိသော စေတနာအကျိုးဆက်ကြောင့် ယခုတရားနာသောအခါ ခဏချင်း ရဟန္တာဖြစ်ကြကုန်၏။

၎င်းလင်းနို့သားငါးရာတို့သည် တရားသံပဲလို့ သိကြသည်မဟုတ်သော်လည်း အဘိဓမ္မာတရားသံကို သာယာသော စေတနာ၏တန်ဖိုး ဘယ်လောက်များတယ်ဆိုတာ လင်းနို့တည်းဟူသော အပါယ်ဘုံမှ လွတ်ပြီးလျှင် နတ်သားငါးရာဖြစ်သည့် ဘဝမှစ၍ အပါယ်ကို မလားတော့ဘဲ ကျွတ်တမ်းဝင်ကြသေးတာပဲ၊ သုဂတိဘုံသားဖြစ်သော လူအန္ဓပုထုဇဉ်များမှာ အလွန်တန်ဖိုးများလှသော အဘိဓမ္မာဒေသနာတော်မြတ်ကို လိုလိုချင်ချင်နှင့် နာယူမှတ်သား လေ့လာပွားများပါက တစ်ဘဝချင်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရစေနိုင်၏။ လိုလိုချင်ချင်မဟုတ်ဘဲ တရားကို နာခါမျှဖြစ်စေကာမူ လင်းနို့သားငါးရာနှင့် နှိုင်းစာလျှင် အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ မြတ်စွာဘုရား ဟောကြားနေသော တရားကို သာယာနေစဉ် နွားကျောင်းသားလက်ချက်နှင့် သေရသောဖားသည် တရားအပေါ်ကို သာယာသော စေတနာကြောင့် မဏ္ဍူကနတ်သားဖြစ်ရသည်ကို ထောက်ကြည့်ပါလျှင် မြတ်စွာဘုရား၏ အသံတော်နှင့် ရဟန္တာများ၏ အသံတော်က အကျိုးပေးသည် မဟုတ်။ အဘိဓမ္မာတရားတော်၏ ပရမတ်ဆိုတဲ့ ရသဂုဏ်က ပို့လိုက်ခြင်းဖြစ်သည်။ ဤကဲ့သို့ တန်ဖိုးအရှိဆုံးသော အဘိဓမ္မာတရားမှ ထုတ်နုတ်အပ်သော မသိတရား, သိတရားတည်းဟူသော ပရမတ်တရားကို သေသေချာချာ ရှိမှန်းသိအောင် ကြိုးစားအားထုတ်ရပေလိမ့်မည်။ မသိတာ ရုပ်, သိတာ နာမ်တည်းဟူသော ရုပ်နာမ်နှစ်ပါးကို အခြေပြု၍ ခန္ဓာငါးပါး၊ အာယတန တစ်ဆယ့်နှစ်ပါး၊ ဓာတ်တစ်ဆယ့်ရှစ်ပါး၊ ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးစသော တရားတို့သည် ရုပ်နာမ်နှစ်ပါးပဲ ဖြစ်ကြလေ၏။

**ဥပမာ** - ကျွန်းတုံးကြီး တစ်တုံးကို လွှစင်တင်ပြီး လက်မအမျိုးမျိုး ခွဲပြီးလျှင် အိမ်၊ ကျောင်း၊ ဇရပ်၊ အိမ်ထောင်ပရိဘောဂဖြစ်လာအောင် ဆောက်လုပ်သကဲ့သို့ပင်တည်း။ သို့အတွက် နာမ်တရားကို ခဏထား၊ ရုပ်တရားကို ပြမည်။

| <u>ပါဠိလို</u> | | <u>မြန်မာလို</u> |
|---|---|---|
| မဟာဘုတ်လေးပါး | = | အမာခံဓာတ်ကြီးလေးပါး။ |
| ဘူတရုပ်လေးပါး | = | အခြေခံဓာတ်ကြီးလေးပါး။ |

http://www.dhammadownload.com



၁။ ပထဝီဓာတ်သည် -

(က) ကက္ခဠတ္တလက္ခဏာ - မာသော သဘောရှိ၏။

(ခ) မုဒုလက္ခဏာ - ပျော့သော သဘောရှိ၏။

၂။ အာပေါဓာတ်သည် -

(က) အာဗန္ဓနလက္ခဏာ - ဖွဲ့စည်းသော သဘောရှိ၏။

(ခ) ပဂ္ဃရဏလက္ခဏာ - ယိုစီးသော သဘောရှိ၏။

၃။ တေဇောဓာတ်သည် -

(က) ဥဏှလက္ခဏာ - ပူသော သဘောရှိ၏။

(ခ) သီတလက္ခဏာ - အေးသော သဘောရှိ၏။

၄။ ဝါယောဓာတ်သည် -

(က) ဝိတ္ထမ္ဘနလက္ခဏာ - ထောက်ကန်သော သဘောရှိ၏။

(ခ) စလနလက္ခဏာ - လှုပ်ရှားသော သဘောရှိ၏။

## ပထဝီဓာတ်

"ပထဝီဓာတု"ပုဒ်ကို ဝိဂြိုဟ်ပြုသော်၊ ပထဝီယေဝ + ဓာတုပထဝီဓာတု ဟု ပြုပါ။ **အနက်** - ပထဝီယေဝ၊ မြေကြီးနှင့် တမူတူသော မှီရာတည်ရာသည်ပင်။ ဓာတု - ဓာတု မည်၏။ ပထဝီဓာတု၊ မှီရာတည်ရာသည်ပင်လျှင် ပထဝီဓာတ်တည်း။

လောကခေါ်ဝေါ်ကြသော ပထဝီမြေကြီးသည် သက်ရှိ သက်မဲ့တို့၏ မှီရာတည်ရာဖြစ်၍ "ပထဝီ" ခေါ်၏။ ပရမတ်ပထဝီသည် ကျန်ရုပ် ၂၇-ပါးတို့၏ မှီရာတည်ရာ ဓာတ်ဖြစ်၍ "ပထဝီ" ခေါ်၏ သုတ္တန်နည်းနှင့် ဟောတော်မူသော ဓာတ်ကြီးလေးပါးကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

ပထဝီ - မြေ၊

အာပေါ - ရေ၊

တေဇော - မီး၊

ဝါယော - လေ၊

http://www.dhammadownload.com



ငင်းခါတ်ကြီးလေးပါးကို အမှီပြု၍ ဖြစ်နေသောကြောင့် "လောကဓာတ်"ဟု ခေါ်၏။

ပရမတ်ပထဝီသည် မြန်မာလို "မာတဲ့သဘော၊ ပျော့တဲ့သဘော"ဟူ၍ သဘောလက္ခဏာ နှစ်ချက်ပြထားရာမှ "မာတယ်၊ ပျော့တယ်"ဆိုတဲ့ လက္ခဏာပေါ်တွင် ထောက်ထားလျှင် ပရမတ်ပထဝီ ပေါ်သို့မရောက်၊ လက္ခဏဝန္တ ဖြစ်သော သဘောသက်သက်ရောက်မှ ပရမတ် ပထဝီအစစ် ဖြစ်မည်။

**ဥပမာ** - ဓာတ်မီးခြစ်ကို ကိုင်ကြည့်ထိကြည့်လျှင် မာတာတွေ့ရသောအခါ မာတာဟာ ပထဝီ ပဲဆိုလျှင် လက္ခဏာပေါ်တင်နေ၍ ပရမတ်ပထဝီသို့မရောက်။ သို့ပါ၍ မာတဲ့သဘောဆိုရာမှာ မာတယ်ဆိုတဲ့ နောက်ကွယ်မှာ သဘောသက်သက်ကလေးရောက်အောင် ဉာဏ်မျက်စိနှင့် မြင်နိုင် စေရန် ဓာတ်မီးခြစ်ကလေးကို ပညတ်အမျိုးမျိုးပျောက်အောင် ဖျောက်ကြည့်ပါ၊ ဖျောက်ပြပါ။ သို့မှသာ ပညတ်ဖုံးနေသော ပရမတ်ဓာတ်ပေါ်လာပြီး ပရမတ်ပထဝီ သေသေချာချာ ရှုမှန်းသိရမည်၊ မြင်ရမည်။ ပရမတ်ပထဝီသည် ပကတိမျက်စိနှင့် မြင်ကောင်းသည်မဟုတ်၊ အတုံး, အလုံး မဟုတ်သော ကြောင့် ကိုင်မရ၊ ယူမရ၊ အရွေ့အပြောင်းမရ၊ တစ်ရွေးသားမျှ စုဆောင်းမရ။ မာတဲ့သဘော, ပျော့တဲ့ သဘောသက်သက်မျှသာ မုချဆတ်ဆတ်ရှိ၏။

**ဥပမာ** - မောင်ဖြူ သဘောကောင်းတယ်ဆိုတော့ ကောင်းတယ်ဆိုတဲ့ သဘောကလေး ယူပြစမ်းပါဆိုလျှင် ပြလို့မဖြစ်ပေမဲ့ မောင်ဖြူ၏ အနေအထိုင်၊ အပြောအဆို၊ အပြုအမူတည်းဟူသော အမူအရာ လက္ခဏာမြင်ရသဖြင့် မောင်ဖြူ သဘောကောင်းတာ အမှန်ဖြစ်ကြောင်း သိရသလို ပရမတ် ပထဝီ မုချဆတ်ဆတ်ရှိကြောင်းကို သက်ရှိသက်မဲ့အားလုံး ပညတ်, ပရမတ် ထပ်နေပါသောကြောင့် ပညတ်ကို ခွာပြီး ဉာဏ်မျက်စိနှင့် မြင်အောင်ကြည့်ပါ။ ပထဝီမျက်စိနှင့် မမြင်နိုင်၊ လူတို့မျက်စိ မဆိုထားနှင့် ယူဇနာတစ်ထောင်ဆောင်သော နတ်တို့၏မျက်စိသည် သိကြားမျက်စိ၊ ဗြဟ္မာမျက်စိနှင့် ကြည့်လို့လည်း မမြင်နိုင်၊ သရဘင် နာရဒ ဒေဝီလရသေ့တို့၏ အဘိညာဉ်နှင့် ကြည့်လို့လည်း မမြင်နိုင် သော ပရမတ်ပထဝီကို ဉာဏ်မျက်စိနှင့် ကြည့်မှ မြင်နိုင်၏။ အဲ့ဒါကြောင့် -

**ပါဠိ** ။ ။ ပစ္စက္ခံ မဂ္ဂဖလာဘာရံ တံ ဒဿနံ။

**အနက်** - ပစ္စက္ခံ - မြင်ဆဲခဏ ပစ္စက္ခဘဝ၌၊ တံဒဿနံ - ထိုသို့မြင်ခြင်းသည်၊ မဂ္ဂဖလာဘာရံ - မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရကြောင်းတည်း။

ပထဝီဓာတ်ကို ပိုင်ပိုင်နိုင်နိုင်နှင့် သဘောရောက်အောင် မြင်လာလျှင် ပညတ်လုံးလုံး ပျောက် လျက် သုံးဆယ့်တစ်ဘုံမှာ ဘာမျှမရှိဘဲ ဆိတ်သုဉ်းသွားသည်ကို အနတ္တာပေါက်သည် မည်၏။ ၎င်းနှင့် စပ်လျဉ်း၍ သမ္မောဟအဋ္ဌကထာ၊ ဓာတုဝိဘင်္ဂဝါရ (၅၂)၌ ဤကဲ့သို့ ပြဆိုထား၏။

http://www.dhammadownload.com



**ပါဠိ။** ဓာတွဋ္ဌော နာမ သဘာဝဋ္ဌော၊ သဘာဝဋ္ဌော နာမ သုညတဋ္ဌော၊ သုညတဋ္ဌော နာမ နိဿတ္တဋ္ဌောတိ ဧဝံ သဘာဝသုညတနိဿတ္တဋ္ဌေန ပထဝီယေဝ ဓာတု ပထဝီဓာတု။

ထို့ကြောင့် ပထဝီဓာတ်နှင့် စပ်လျဉ်း၍ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ဓာတုဝိဘင်္ဂဝါရ၌ ဤကဲ့သို့ မိန့်ဆိုထားပါသည်။

**ပါဠိ။** ကတမာ ကေသာ နာမ ကမ္မသမုဋ္ဌာနာ သရီရေ ပါဠိယေကတ္တာ ကောဋ္ဌာသော အစေတနာ အဗျာကတော သုညော နိဿတ္တော ထဒ္ဓေါ ပထဝီဓာတူတိ [ဘိ၊ ဋ္ဌ၊ ၂၊ ၅၄]

ပထဝီဓာတုံ အနတ္တတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဟီယတိ။

**အနက်** - ပထဝီဓာတု - ပထဝီဓာတ်ကို၊ အနတ္တတော - အနတ္တအားဖြင့်၊ ဇာနတော - ပိုင်းခြားတိတိ သိသော ပုဂ္ဂိုလ်အား၊ ပဿတော - ပိုင်းခြားထင်ထင် မြင်သောပုဂ္ဂိုလ်အား၊ သက္ကာယဒိဋ္ဌိ - သက္ကာယဒိဋ္ဌိကို၊ ပဟီယတိ - ပယ်စွန့်နိုင်ပေတော့၏။

## အာပေါဓာတ်

| ပါဠိလို | | မြန်မာလို |
|---|---|---|
| အာဗန္ဓနလက္ခဏာ | - | ဖွဲ့စည်းခြင်းသဘော [ဝိသုဒ္ဓိ၊ ၁၊ ၃၄၅] |
| ပဃရဏလက္ခဏာ | - | ယိုစီးခြင်းသဘော[ဒီ၊ ဋ္ဌ၊ ၁၊ ၂] |

အာပေါဓာတ်သည် အလွန်သိမ်မွေ့သောဓာတ် သုခုမရုပ်ဖြစ်ခြင်းကြောင့် ကိုင်လို့၊ ထိလို့၊ စမ်းလို့ရကောင်းသော ရုပ်မဟုတ်ကြောင်း အထူးသဖြင့် ဉာဏ်ကို အသုံးချရလိမ့်မည်။ လူပြိန်းများ နားလည်စေရန် သုတ္တန် အာပေါဖြစ်သော ရေနှင့် တစ်မှုန်စီ၊ တစ်မွှားစီ ကစင့်ကလျား သဏ္ဍာန် အမျိုးမျိုး လုပ်ချင်သလို ရလာသည်မှာ ရေကြောင့်ဖွဲ့စည်းသည်မဟုတ်။ အာပေါဓာတ်က ဖွဲ့စည်းလို့ အခဲဖြစ်လာသည်။ သို့ဖြစ်၍ အာပေါဓာတ်သည် ဖွဲ့စည်းတတ်သော သဘောရှိသည်ဆိုရာမှာ သေသေချာချာကြည့်ပါ။ တောင်ပေါ်က ကျောက်ခဲလုံးလေးတွေကို မည်သူမှလာပြီး ရေနှင့် နစ် မထားပါ။ သူ့သဘောနှင့်သူ ဖွဲ့စည်းခြင်း မြင်သဖြင့် နောက်ကွယ်သဘောပဲ ရှိကြောင်းကို သိပါ၊ လက္ခဏဝဏ္ဏဖြစ်သော သဘောသက်သက်ကို မြင်အောင် ဉာဏ်နှင့် ကြည့်ပါ။ ဉာဏ်နှင့် ဝေဖန်ပါ။ အာပေါဓာတ် မုချဆတ်ဆတ်ရှိကြောင်းကို မြင်လာပါလိမ့်မည်။ ပဃရဏလက္ခဏာ = ယိုစီးတတ်သော သဘောဆိုတာ ဖွဲ့စည်းသဘောလွန်လာလျှင် ယိုစီးတတ်၏။ ယိုစီးတတ်သော သဘောကို မြင်စေရန်

http://www.dhammadownload.com



သုတ္တန် အာပေါဖြစ်သော ရေကို ရွံ့ညွန်ခဲတစ်ခုအပေါ် လောင်းချလိုက်လျှင် အရည်ပျော်၍ ယိုစီးသွားပေ၏။ ယိုစီးခြင်းကိုမြင်သဖြင့် ပရမတ်အာပေါသက်သက်ကို ဉာဏ်မှာ မြင်ရ၏။ သို့အတွက် သုံးဆယ့်တစ်ဘုံအတွင်း သက်ရှိသက်မဲ့ဟူသရွေ့ ပရမတ် အာပေါသာလျှင် ထင်ရှားရှိ၏။ ဇကန်ရှိ၏၊ မုချရှိ၏။ အမှန်ရှိ၏ဟု ဉာဏ်မှာ ထင်လာလျှင် သုံးဆယ့်တစ်ဘုံအတွင်းမှာ ဘာမျှမရှိဘဲ ဆိတ်သုဉ်းသွားခြင်းသည် အနတ္တမည်၏။

**ပါဠိ။** "ဓာတွဋ္ဌော နာမ သဘာဝဋ္ဌော၊ သဘာဝဋ္ဌော နာမ သုညတဋ္ဌော၊ သုညတဋ္ဌော နာမ နိဿတ္တဋ္ဌောတိ ဧဝံ သဘာဝသုညတနိဿတ္တဋ္ဌေန အာပေါယေဝ ဓာတု အာပေါဓာတု"ဟု ဟောတော်မူ၏။ ထို့ကြောင့် အာပေါဓာတ်ကို -

**ပါဠိ။** "ကတိ ပိတ္တံ နာမ ဣမသ္မိံ သရီရေ ပါဠိယေဏ္ဏော ကောဋ္ဌာသော အစေတနာ အဗျာကတော သုညော နိဿတ္တော ယူသဘူတော အာဗန္ဓနာကာရော အာပေါဓာတူ"။

ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့၏။

## တေဇောဓာတ်

| ပါဠိလို | | မြန်မာလို |
|---|---|---|
| တေဇော | - | ရင့်ကျက်ခြင်း။ |

## တေဇောဓာတ်လေးမျိုး

| | | | |
|---|---|---|---|
| ၁။ | ပါစကတေဇော | - | အစားအစာများကို ချက်သော သဘောရှိခြင်း၊ |
| ၂။ | သန္တပ္ပန တေဇော | - | ပူလိုက် အေးလိုက်ဖြစ်ခြင်း၊ |
| ၃။ | ဇီရဏ တေဇော | - | ရင့်ကျက်ခြင်းသဘော၊ |
| ၄။ | ဒဟတေဇော | - | အပူလွန်ခြင်း၊ အပူပြင်းခြင်း။ |

ပါဠိလိုက "တေဇော"၊ မြန်မာလိုက "ရင့်ကျက်ခြင်း"၊ ရင့်တာ, ကျက်တာ စကားနှစ်မျိုးဖြစ်သည်။ "ရင့်တာ"ဆိုတာ ဥတုကြောင့် သူ့သဘောနဲ့သူ ရင့်နေတာကို ခေါ်၏။ "ကျက်တယ်" ဆိုတာ လူအများ ပြုပြင်ချက်ပြုတ်လို့ ကျက်ခြင်းကို ခေါ်၏။ အခေါ်သာကွဲနေပြီး အဓိပ္ပာယ်တူသောကြောင့် "ရင့်ကျက်"သည်ဟု တွဲလျက်ခေါ်ကြသည်။ ရင့်ကျက်စေတတ်သော ပရမတ် တေဇော၏ ပရိယာယ်နှစ်မျိုးနှစ်ချက် ထွက်နေ၏။

http://www.dhammadownload.com



(၁) ဥဏှတေဇော - ပူသဘော၊
(၂) သီတတေဇော - အေးသဘော၊

ပူလို့လည်း ရင့်ကျက်၏၊ အေးလို့လည်း ရင့်ကျက်၏။ ပူလို့ရင့်ကျက်ပုံကြည့်ပါ၊ နွံ့ပျော့ပျော့ကို အုတ်ခဲတို့, အိုးတို့ ပုံစံချပြီးလျှင် နေပူလှမ်းလိုက်ရာ တဖြည်းဖြည်းခြောက်၍ မာလာသောအခါ မီးထဲထည့်၍ ဖုတ်လိုက်လျှင် နီပြီး အလွန်မာကျောလျက် ကျက်စေလာ၏။ နွံ့ဘဝမှ တဖြည်းဖြည်း ရင့်မာလာတာကို ပကတိမျက်စိနှင့် မမြင်နိုင်၊ ပူလို့ ရင့်ကျက်စေတယ်ဆိုရာဝယ် ပူတာသည် ပရမတ်တေဇောမဟုတ်၊ ရင့်ကျက်စေသော သဘောတည်းဟူသော ပရမတ်တေဇော၏ အကြောင်းပရိယာယ်မျှသာဖြစ်၏။ ဤရင့်ကျက်တဲ့၊ ကျက်လာတဲ့ အသွေးအရောင်အနေအထားကို ကြည့်ရ, မြင်ရသဖြင့်သာ ပရမတ်တေဇော ထင်ရှားရှိကြောင်းကို ဉာဏ်မှာ မြင်နိုင်၏။ လူများတွင်ရှိသော တေဇောအမျိုးမျိုးမှာ -

| | | |
|---|---|---|
| ပါစကတေဇော | - | စားသမျှအစာကို ချက်စေတတ်ခြင်း၊ |
| ဇီရဏတေဇော | - | ငယ်ရာက ကြီးပြင်း အိုမင်းလာအောင် ရင့်ကျက်ခြင်း၊ |
| ဥသ္မတေဇော | - | အသက်ရှည်သမျှ မပုပ်မသိုးအောင် စောင့်စည်းခြင်း။ |
| ဒဟနတေဇော | - | အပူလွန်ပြီးလျှင် ရင့်ကျက်ရုံမကဘဲ အသက်ဆုံးရှုံးစေခြင်း၊ |
| သန္တပ္ပနတေဇော | - | ပူလိုက်၊ အေးလိုက် ဖျားနာခြင်း။ |

သို့အတွက်ကြောင့် လောကဓာတ်တစ်ခုလုံး တေဇောဓာတ် အဓိကပါပဲ၊ ဖြစ်ရင်လည်း တေဇော၊ ပျက်ရင်လည်း တေဇော၊ သတ္တဝါများ တေဇောရှိလို့သာ နေနိုင်ကြသည်။ လူ၏ ပါစကတေဇောနှင့် နတ်တို့၏ ပါစကတေဇော မတူကြပါ။ လူတို့၏ အစာအိမ်ထဲမှာ ပါစကတေဇော လောင်စရာမရှိလျှင် ရေသောက်လျှင် ပျောက်၏။ နတ်များမှာ အစာအိမ်ထဲ လောင်စရာမရှိလျှင် ပါစကတေဇောက ကိုယ်ပါလောင်ကျွမ်းစေ၏။ ဘာဖြစ်လို့ ကိုယ်ပါလောင်ရသလဲဆိုလျှင် သူတို့မှာ လူများလို စီးပွားရေး၊ ကြီးပွားရေးအတွက်ကြောင့် ကြောင့်ကြစရာမရှိတော့ အချိန်ရှိသမျှ၊ ပျော်မှု၊ ပါးမှု လွန်ကဲခြင်းကြောင့် အစားအသောက် အမှတ်မရဘဲနေ၍ လောင်ကျွမ်းကြရသည်။

**တစ်နည်း** - ပါစကတေဇောကလည်း အားကောင်းသောကြောင့် ပူလို့ ရင့်ကျက်သည်ကို သိသူများ၏။ ပူခြင်းတေဇော ပြင်းထန်သည်မဟုတ်။ အေးလို့ ရင့်ကျက်သည့်အကြောင်းကို ကြည့်ပါ။ မြစ်ချောင်းအင်းအိုင်ထဲမှာ ရှိကြသော ကျောက်တုံး ကျောက်ခဲတို့ဟာ နေမပူဘဲ နှစ်ရှည်လများ ရောက်နေကြသော နွံ့ခဲ မြေခဲတို့၏ အအေးဓာတ်ကြောင့် တဖြည်းဖြည်းမာလာပြီး ရင့်ကျက်တာပဲ

http://www.dhammadownload.com



မဟုတ်လား၊ မြစ်ကြီးများ၏ အချို့နေရာများမှာ အင်ကြင်းသစ်တုံးများ ကျောက်ဖြစ်လျက် သစ်တုံးပုံစံမပျက် မြင်ရသော အကြောင်းအရာကြည့်ပြီး အေးခြင်း တေဇောကြောင့် ရင့်ကျက်တာ သိသာပါ၏၊ ပူသော -တေဇောဓာတ်သာ ရင့်ကျက်တာ မြန်သည်မဟုတ်၊ အေးသော တေဇောဓာတ်၏ ပြင်းထန်ပုံ, မြန်ပုံကို လောကန္တရိတ်ငရဲနှင့် ပြပါအံ့။

လောကန္တရိတ်ငရဲရေက ဘယ်မှာလဲဆိုလျှင် လေးကျွန်းတစ်မြင်းမိုရ် "တစ်စကြာဝဠာ"ခေါ် ၏။ ၎င်းစကြာဝဠာသုံးခု၏ အကြားအကြား၌ အလင်းရောင် လုံးဝမရှိဘဲ မှောင်အတိပြီးကာ အလွန်အေးမြသော ရေသည်ရှိ၏။ နေရောင်, လရောင်ကို မရသဖြင့် ကြောက်မက်ဖွယ်ကောင်းလှသော ငရဲတည်း၊ ၎င်းငရဲသည် ငရဲကြီးရှစ်ထပ်မှာ မပါချေ။ ထိုငရဲ၌ ခံနေရသော ငရဲသားတို့၏ ကိုယ်ကာယသည် သုံးဂါဝုတ်ခန့်မျှ ရှိကြပြီးလျှင် စကြာဝဠာတံတိုင်းတွင် လင်းဆွဲများကဲ့သို့ တွဲလွဲဆွဲနေရင်း တစ်ကောင်နှင့်တစ်ကောင် အစာမှတ်ပြီး လိုက်ပြီးကိုက်ကြရင်းနှင့် ပြုတ်ကျသောအခါ အရိုး အသား ရှာမရလေအောင် ကြေမွပျက်စီးပုံကို ထောက်၍ သီတတေဇော ပြင်းထန်ကြောင်း ထင်ရှားလှပေ၏။ လောကန္တရိတ်ငရဲကို ဘယ်လိုပုဂ္ဂိုလ်များ ရောက်ကြရပါသလဲဆိုလျှင် ဂရုကံကျူးလွန်းသူများ၊ ငရဲသက်မကုန်မီကမ္ဘာမီးလောင်သောအခါ ရွှေ့ပြောင်းခံရသော ငရဲသားများဖြစ်၏။ ၎င်းအပြင် မာန်မာန ခက်ထန်သူများ တိုက်ရိုက်ကျစေတတ်၏။ မာနကြီးတဲ့သူ ဘာဖြစ်လို့ တိုက်ရိုက်ကျသလဲဆိုလျှင် "ငါသာတတ်သည်၊ ငါသာ မြတ်သည်"ဟု မိမိကိုယ်ကို အထင်ကြီးပြီး မာနသွေး မွှန်နေလေတော့ ဂုဏဝုမ္မို၊ ဝယဝုမ္မို နားမလည်ဘဲ မော်ကြွားစော်ကားမိလို့ တိုက်ရိုက်ကျ၏။

**မှတ်ချက်။** ဂုဏဝဍ္ဍေ ပဿန္တိ ဇနာ = ဂုဏဝုမ္မို - ဂုဏ်ကြီးသောသူဆိုရာမှာ ဘယ်လိုဂုဏ်ကြီးတာလဲ သိထားဖို့လို၏။ အမျိုးဂုဏ်, ပစ္စည်းဂုဏ်, ခေတ်ပညာဂုဏ်, အိုင်စီအက်စ်ဘွဲ့ထူး ဂုဏ်ထူးတို့ဖြင့် အားကြီးခြင်းကို ဆိုလိုသည်မဟုတ်။ သီလဂုဏ်, မဂ်ဖိုလ်ရစေတတ်သော ပညာဂုဏ်တို့အားဖြင့် ကြီးခြင်းကို ဂုဏဝုမ္မိခေါ် ၏။ "ဝယဝုမ္မို"ဆိုရာ၌ အသက်အရွယ်အားဖြင့် ကြီးသော၊ ဝါအားဖြင့် ကြီးသောသူကို "ဝယဝုမ္မို" ခေါ် ၏။ ၎င်း လောကန္တရိတ်ငရဲ၌ ကျမှာကြောက်ကြလျှင် "နိဝါတ နိမာန" ထားရှိကြကုန်ရာသည်။

သို့အတွက်ကြောင့် ပရမတ်တေဇောကို ပူလို့ ရင့်ကျက်တယ်၊ အေးလို့ ရင့်ကျက်တယ်၊ ပရိယာယ်အားဖြင့် လက္ခဏာနှစ်မျိုးပြားသော်လည်း ရင့်ကျက်စေတတ်သော သဘောကို ဉာဏ်ချက်ထောက်မိစေရန် ကြိုးစားပါ။ သဘောမိလျှင် အနတ္တမြင်သည် မည်၏။ ထို့ကြောင့် တေဇောဓာတ်ကို -

http://www.dhammadownload.com



ပါဠိ။ “အယံ ကမ္မသမ္ဘိ သရီရေ ပါဠိယေတ္တော ကောဋ္ဌာသော အစေတနာ အဗျာကတော သုညော နိဿတ္တော ပရိပါစနာကာရော တေဇောဓာတူ”တိ - ဟု ဟောကြားတော်မူ၏။

## ဝါယောဓာတ်

| ပါဠိလို | | မြန်မာလို |
|---|---|---|
| ဝိတ္ထမ္ဘနလက္ခဏာ | - | ထောက်ကန်တဲ့သဘော၊ |
| စလနလက္ခဏာ | - | လှုပ်ရှားတဲ့သဘော။ |

ဘုရားစကား “ဝါယော”၊ သုတ္တန်အားဖြင့် ဝါယောကို “လေ”ဟုခေါ်၏။ ဝါယောဓာတ်၏ ထောက်ကန်ခြင်းအမျိုးမျိုးရှိ၏ လှုပ်ရှားခြင်းလည်း အမျိုးမျိုးရှိ၏။ စိတ္တဇဝါယောသည် အသက်ရှိ သော သတ္တဝါမှာသာ ရှိ၏။ အအေးကြောင့်, အပူကြောင့်ဖြစ်သော ဥတုဇဝါယောသည် သက်ရှိ သက်မဲ့ နှစ်မျိုးစလုံးမှာ ရှိ၏။ ဆောင်းဥတုမှာ အအေးကြောင့် ဖြစ်ပေါ်သော ဝါယော၊ နွေဦးတုမှာ အပူကြောင့် ဖြစ်ပေါ်သော ဝါယော၊ စိတ်ကြောင့်ဖြစ်ပေါ်သော ဝါယော၊ ဥတုကြောင့်ဖြစ်သော ဝါယောသည် ထောက်ကန်ခြင်းသဘော၊ လှုပ်ရှားခြင်းသဘော ဟူ၍ရှိလေ၏။ ဥတုဇဝါယော၏ ထောက်ကန်ပုံ ဥပမာပြရလျှင် မော်တော်ကားဘီးကို လေတင်းအောင်ထိုးပြီး ဝန်များတင်ပေမဲ့ အိပြားမသွားဘဲ ထောက်ကန်ထားပုံကို ကြည့်ပါ။ စကြဝဠာတည်နေခြင်း၏ အောက်ဆုံးက ကိုးသိန်းလေးသောင်းထုကြီး ခံထားပုံ၊ ထောက်ကန်ထားပုံကို ကြည့်ပါ။ သက်ရှိ သက်မဲ့ဟူ၍ သုတ္တန် “ဝါယော”ခေါ်သော လေရှိလို့သာ နေနိုင်ကြသည်။

လူတစ်ယောက်ကို လေမရှိတဲ့နေရာ သွင်းပိတ်ထားလျှင် မွန်းသေမှာပေါ့။ သစ်ပင်ကို လေမဝ အောင် အိုးမှောက်စိုက်ရင် ကြာရှည်မခံဘဲ သေ၏။ အသက်မရှိသော အရာဝတ္ထုထောက်ကန်တာ မြင်လွယ်၏။ အသက်ရှိသော သတ္တဝါများ စိတ္တဇဝါယော ထောက်ကန်ပုံကို ဉာဏ်မျက်စိနှင့် ဝေဖန်ပါ။ လူမှာရှိတဲ့ ခြေထောက်ကလေးနှစ်ချောင်းဟာ အထက်ပိုင်း ကိုယ်ကာယကြီးကို မပြိုလဲအောင် ထောက်ကန်တာ ဝါယောဓာတ်ထောက်ကန်ထားတာ မဟုတ်လား၊ ၎င်းဝါယောဓာတ် အားကောင်း လျှင် ကောင်းသလို၊ လူနှင့်မမျှသော ဆန်အိတ်ကြီးကို ထမ်းနိုင်, ပိုးနိုင်တာ စိတ္တဇဝါယော ဓာတ်၏ ထောက်ကန်ထားခြင်းကြောင့်ဖြစ်၍ ဝါယောဓာတ်အားနည်းလို့ လေဖြတ်တဲ့သူများမှာ ဥတုဇဝါယော, က မထောက်ကန်လို့ မထနိုင်, မလှုပ်ရှားနိုင်ပုံကို ကြည့်ပါ။ ဥတုဇဝါယောဓာတ် အားနည်းသော

http://www.dhammadownload.com



အဝတ်အထည်များ လူလက်က လွတ်ချလိုက်လျှင် ပုံကျသွား၏။ သို့အတွက် သုံးဆယ့်တစ်ဘုံ အတွင်း၌ သက်ရှိ သက်မဲ့ဟူသမျှ ထောက်ကန်သော ဝါယောသည် သဘောသက်သက်သာရှိကြောင်း ထင်ရှား၏။ စလနလက္ခဏာ - လှုပ်ရှားတတ်တဲ့ သဘောရှိ၏။

အသက်ရှိတဲ့ သတ္တဝါများမှာ ဥတုဇဝါယော၊ စိတ္တဇဝါယော နှစ်မျိုးစလုံးရှိလို့သာ မိမိအင်္ဂါ ကြီးငယ် အလိုရှိသလို လှုပ်ရှားစေနိုင်တာပေါ့၊ စိတ္တဇဝါယောမရှိပါက အရုပ်ကြီးလို ငုတ်တုတ်နေမှာ ပေါ့။ လူများမှာ လှုပ်ရှားသော လေအမျိုးမျိုးရှိကြောင်းကို ဝိဘင်္ဂအဋ္ဌကထာ၊ ဓာတုဝိဘင်္ဂဝါရ (ဘိ၊ ဋ္ဌ၊ ၂၊ ၆၆-၇) ဖော်ပြထားပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဥဒ္ဓင်္ဂမ ဝါတ | - | အထက်သို့ ဆန်သော လေ။ |
| ၂။ | အဓောဂမ ဝါတ | - | အောက်သို့ စုန်သော လေ။ |
| ၃။ | ကုစ္ဆိသယ ဝါတ | - | ဝမ်းရေအတွင်း အနှံ့အပြားသွားနေသော လေ။ |
| ၄။ | ကောဋ္ဌာသယ ဝါတ | - | အူသိမ် အူမအတွင်း သွားလာနေသော လေ။ |
| ၅။ | အင်္ဂမင်္ဂါနုသာရိ ဝါတ | - | အင်္ဂါကြီးငယ် လျှောက်နေသော လေ။ |
| ၆။ | သတ္ထက ဝါတ | - | အသက်ကို တိကနဲ ဖြတ်သောလေ။ (ကတ်ကြေးနှင့် တူ၏) |
| ၇။ | ခုရက ဝါတ | - | နှလုံးသားခွဲတတ်သော လေ။ (သင်တုန်းဓားနှင့် တူ၏) |
| ၈။ | ဥပ္ပလက ဝါတ | - | နှလုံးကို ပျက်စီးစေသော လေ။ |
| ၉။ | အဿာသ ဝါတ | - | ဝင်လေ။ |
| ၁၀။ | ပဿာသ ဝါတ | - | ထွက်လေ - ဆယ်မျိုးတို့ဖြစ်ကြသည်။ |

အထက်ဖော်ပြပါ ဆယ်မျိုးတို့မှ အဿာသပဿာသမှဖြစ်သော ရှစ်မျိုးသော လေသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းလေးပါးကြောင့် ဖြစ်ပေါ်လာသဖြင့် "စတုသမုဋ္ဌာနိကဝါတ" ခေါ်၏။ ကျန်နှစ်ပါးသော လေက စိတ်ကြောင့် သက်သက်ဖြစ်သောကြောင့် "စိတ္တဇဝါယော" ခေါ်၏။ ဗဟိဒ္ဓဝါတ - အပြင်ကဖြစ်သောလေ၊ ဝေရမ္ဘဝါတ - အထက်တစ်ယူဇနာမှ တက်သောလေ၊ ပက္ခဝါတ - ခွန်အားဗလကောင်းသော ဂဠုန်ငှက်မှစ၍ ခြင်၊ ဖြုတ်များအထိ အတောင်မှဖြစ်သော လေ၊ သတ္တဝါများမှာ ဝါယောဓာတ် လှုပ်ဆော်မှုကြောင့် လှုပ်ရှားသွားလာနေကြခြင်းသာဖြစ်၍ ဝါယောဓာတ် ထင်ရှားရှိလေ၏။ ထောက်ကန်တာ ဝါယော၊ လှုပ်ရှားတာ ဝါယော ဆို၍-

**ဥပမာ - သစ်ပင်လှုပ်ရှားနေရင် သစ်ပင်က လှုပ်သည်မဟုတ်၊ ဝါယောဓာတ်က လှုပ်သည်၊ သစ်ပင်မလဲ မပြိုလဲ ထောက်ကန်ခြင်းသည် သစ်ပင်က ထောက်ကန်သည်မဟုတ်၊ သစ်ပင်သည်**

http://www.dhammadownload.com



မရှိသောပညတ်တရားဖြစ်၍ မလှုပ်ရှားနိုင်၊ မထောက်ကန်နိုင်၊ ဝါယောဓာတ်ကသာ ထောက်ကန်သည်၊ လှုပ်ရှားသည်။ လူတစ်ယောက် မလဲမပြို သွားလာနေခြင်းသည် ဝါယောဓာတ်က ထောက်ကန် လှုပ်ရှားခြင်းမျှသာဖြစ်သည်။ လူက လှုပ်သည်မဟုတ်၊ လူသည် မရှိသော ပညတ်မျှသာဖြစ်သည်။ လူက မလှုပ်နိုင်၊ ပရမတ်ဖြစ်သော ဝါယောဓာတ်ကသာ ထင်ရှားရှိခြင်းကြောင့် လှုပ်နိုင်သည်။ ပညတ်နှင့်ပရမတ် တွဲစပ်နေသည်ဖြစ်၍ ပညတ်ကို မြှောက်လျက် ထောက်ကန်တယ်၊ လှုပ်ရှားတယ်ဆိုတဲ့ အမူအရာလက္ခဏာမြင်သဖြင့် သဘောမျှသက်သက် တည်းဟူသော ပရမတ္ထ ဝါယောဓာတ် မှုချဆတ်ဆတ်ရှိမှန်း သိပါ၏။ ရှိကား ရှိ၏။ ကိုင်လို့မရ၊ ယူလို့မရ၊ ကြည့်၍ မမြင်ကောင်း ဝတ္ထု ပစ္စည်းအနေနှင့် တစ်ရွေးသားမျှ စုလို့မရကောင်း၊ သဘောသက်သက်သာရှိ၏။ ၎င်းသဘောတရား သက်သက်ကို ဉာဏ်ဖြင့်မြင်လိုက်လျှင် သုညတဖြစ်သွား၏။ အနတ္တပေါက်လာ၏။

**ပါဠိ။** ဓာတွဋ္ဌော နာမ သဘာဝဋ္ဌော၊ သဘာဝဋ္ဌော နာမ သုညတဋ္ဌော၊ သုညတဋ္ဌော နာမ နိဿတ္တဋ္ဌောတိ ဧဝံ သဘာဝသုညတနိဿတ္တဋ္ဌေန ပထဝီယေဝ ဓာတု ပထဝီဓာတု။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်လေးပါးစလုံး လက္ခဏာကွဲပြားသော်လည်း သဘော သက်သက်ရှိပုံက ဉာဏ်ဝမှာ ပြတ်သားပိုင်နိုင်ပြီး ကျေညက်နေပါစေ၊ မြူမှုံကလေးတစ်မှုံလောက် တောင် ခံမနေပါစေနဲ့၊ မြူမှုံတစ်မှုံခံနေရင် မြင့်မိုရ်တောင်ကြီး ခံနေတာနဲ့ အတူတူပါပဲ၊ သဘော သက်သက်ကလေးကို ပေါက်အောင် ကြိုးစားအားထုတ်ပါ။ သဘောပေါက်ရင် မြတ်စွာဘုရား ဟောကြားသော "ဧကော ဓမ္မော"ဟူ၍ ဟောခြင်းသည် အနတ္တတစ်လုံးကို အဓိကထား၍ ပြသည်။ ဘယ်တရားကစပြီး အားထုတ်ထုတ် အနတ္တမပေါက်ဘဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရနိုင်ပါဘူး။ နားလည် ထားပါ။ ပြီးခဲ့သော ဓာတ်ကြီးလေးပါးကို "အခြေခံဓာတ်ကြီးလေးပါး၊ အမာခံဓာတ်ကြီးလေးပါး"ဟု ခေါ်၏။ ထို့ကြောင့် ဝါယောဓာတ်ကို -

**ပါဠိ။** "အယံ ဝါယောဓာတု ဣမသ္မိံ သရီရေ ပါဠိယေဏ္ဍော အစေတနာ အဗျာကတော သုညော နိဿတတ္တော ဝိတ္ထမ္ဘနာကာရော ဝါယောဓာတူ။ [ဘိ၊ ၄၊ ၂-၆၇]

ဟု ဟောတော်မူခဲ့၏။

သာဝကာ ဟိ စတုန္န ဓာတူနံ ဧကဒေသမေဝ သမဿိတွာ နိဗ္ဗာနံ ပါပုဏန္တိ။ (ဓာတုဝိဘင်္ဂ)

**အနက်။** ဟိ - ထိုစကားသင့်စွ၊ သာဝကာ - ဘုရားတပည့်သားတို့သည်။ စတုန္န ဓာတူနံ - ဓာတ်ကြီးလေးပါးတို့၏၊ (တို့တွင်)။ ဧကဒေသမေဝ - တစ်ပါးပါးကိုသာလျှင်၊ (တစ်ခုခုမျှကိုသာလျှင်)။ သမဿိတွာ - ဆင်ခြင်သုံးသပ်၍။ နိဗ္ဗာနံ - နိဗ္ဗာန်သို့။ ပါပုဏန္တိ - ရောက်ကြလေကုန်တော့၏။

http://www.dhammadownload.com



တိက အင်္ဂုတ္တိုရ်ပါဠိတော်တွင် -

**ပါဠိ။** ပထဝီဓာတုယာ ဝါ အာပေါဓာတုယာ ဝါ တေဇောဓာတုယာ ဝါ ဝါယောဓာတုယာ ဝါ တေ ဓမ္မေ အဝေစ္စပသာဒေန သမန္နာဂတော အရိယသာဝကော နိရယံ ဝါ တိရစ္ဆာနယောနိယံ ဝါ ပေတ္တိဝိသယံ ဝါ နေဝ ဥပပဇ္ဇိဿတိ။

**အနက်။** ပထဝီဓာတုယာ ဝါ - ပထဝီဓာတ်၌လည်းကောင်း။ အာပေါဓာတုယာဝါ - အာပေါဓာတ်၌လည်းကောင်း။ တေဇောဓာတုယာ ဝါ - တေဇောဓာတ်၌လည်းကောင်း။ ဝါယောဓာတုယာ ဝါ - ဝါယောဓာတ်၌လည်းကောင်း၊ တေ ဓမ္မေ - ထိုဓာတ်လေးပါးတို့ကို။ အဝေစ္စပသာဒေန - မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့်။ သမန္နာဂတော - ပြည့်စုံသော။ အရိယသာဝကော - ငါဘုရား၏ တပည့်သာဝကသည်။ နိရယံ ဝါ - ငရဲသို့လည်းကောင်း။ တိရစ္ဆာနယောနိယံ ဝါ -တိရစ္ဆာန်သို့ လည်းကောင်း။ ပေတ္တိဝိသယံ ဝါ - ပြိတ္တာသို့လည်းကောင်း။ နေဝ ဥပပဇ္ဇိဿတိ - ဘယ်တော့မှ မဖြစ်နိုင်တော့သည်သာလျှင်တည်းဟု ဟောတော်မူခဲ့၏။

## ဥပါဒါရုပ်လေးပါး

| ပါဠိလို | | မြန်မာလို |
|---|---|---|
| ဥပါဒါရုပ် | - | စွဲ၍, မှီ၍ဖြစ်သောရုပ်။ |
| ဝဏ္ဏရုပ် | - | အဆင်း။ |
| ဂန္ဓရုပ် | - | အနံ့။ |
| ရသာရုပ် | - | အရသာ။ |
| သြဇာရုပ် | - | အဆီဓာတ်။ |

ပါဠိလို "ဝဏ္ဏ"၊ မြန်မာလို "အဆင်း"၊ ၎င်းအဆင်းဓာတ်ကို ပြရာမှာ ကျယ်ဝန်းလှသည်၊ လောကမှာ သုံးနေကြသော အဆင်းသည် အနီ၊ အပြာ၊ အဝါ၊ အစိမ်း၊ အညို၊ အဖြူ၊ အနက် စသည့် အရောင်အမျိုးမျိုးတွေကို "အဆင်း"လို့ခေါ်နေကြ၏။ လောကအသုံးအနှုန်း သမ္မုတိအနေ အားဖြင့် အရောင်အဆင်းရှိ၏။ မြတ်စွာဘုရားသည် ပဋ္ဌာန်းတရားတော်ကြီးကို ဆင်ခြင်သောအခါ

(၁) နီလ - ညိုသော ရောင်ခြည်တော်။

(၂) ပီတ - ရွှေသော ရောင်ခြည်တော်။

http://www.dhammadownload.com



(၃) လောဟိတ - နီသော ရောင်ခြည်တော်။
(၄) ဩဒါတ - ဖြူသော ရောင်ခြည်တော်။
(၅) မဥ္ဇိဋ္ဌ - ညိုမောင်းသော ရောင်ခြည်တော်။
(၆) ပဘဿရ - ပြိုးပြိုးပြက်ပြက် တစ်ခဲနက်သော ရောင်ခြည်တော်။

ဟူ၍ ခြောက်သွယ်သော ရောင်ခြည်တော်ရှိနေသောအားဖြင့် အရောင်အမျိုးမျိုးကို ကမ္ဘာဦး သူတို့၏ ပညာရှိများက တစ်ယောက်နှင့်တစ်ယောက် မြင်လျှင် သိလွယ်ပါစေတော့ဟု ပညတ်အမျိုး မျိုးကို မှည့်ခေါ်ထားခြင်းဖြစ်၏။ အမှတ်အသား သင်္ကေတကို ထားကြသဖြင့် ပညတ်တွေ အမျိုးမျိုး ဖုံးကွယ်နေတာကို တစ်ခုပြီးတစ်ခု ခွာကြည့်လျှင် အတွင်းအကျဆုံးဖြစ်သော ပရမတ် "ဝဏ္ဏဓာတ်"ကို သိဖို့ရာ အရေးကြီးပါသဖြင့် အထူးဂရုပြုပြီး နှလုံးသွင်းပါ။

ဝဏ္ဏခေါ်တဲ့ ဓာတ်က ခွဲထွက်လာတဲ့ ပရိယာယ်တွေ များပြားသော အရောင်တွေကို "အဆင်း" လို့ခေါ်နေကြသည်။ အရောင်ပေါ်တင်နေ၍ ပရမတ်ဝဏ္ဏဓာတ်သို့ မရောက်၊ မြင်ကောင်းသော မြင်ရသော သဘောတရားသည် "ဝဏ္ဏဓာတ်"ဖြစ်သည်။ ပညတ်တွေကို ခွာကြည့်ပါ၊ အနီတွေ၊ အဝါ တွေ မရှိပါ။ လောကမှာ သမ္မုတိအကျိုး ပြီးမြောက်စေရန် မှည့်ခေါ်ထားတာ ကြည့်ပါလား၊ တစ်ရောင် နှင့်တစ်ရောင် မမှားအောင် (ဥပမာ - ထုံးကိုမြင်လျှင် အဖြူလို့ခေါ်ရအောင်လို့ ပညတ်ထားတယ်၊) မှတ်သားထားတယ်ဆိုရင် ယခုအချိန်အထိ အရောင်မမှားဘဲ ကိစ္စအဝဝ ပြီးမြောက်စေလေ၏။ အခြား အရောင်တွေကိုလည်း ထုံးကို အဖြူမှတ်သလိုပဲ တော်သလို သမုတ်ထားကြသဖြင့် ကမ္ဘာဦးလူတို့က မိုးပေါ်က မိုးရွာခါနီး ပေါ်သော သက်တန့်က အနီ၊ အဝါ၊ အပြာ၊ အစိမ်း လေးမျိုးအရောင် မှည့်ခေါ် ထားရာက ၎င်းလေးမျိုးကို ပန်းချီဆရာက တစ်ခုနှင့်တစ်ခု စပ်ကြ၊ ဟပ်ကြလို့ အရောင်တွေပြောင်းပြီး အမျိုးမျိုးပေါက်ပွားလာသော ပညတ်လုံးတွေဖြစ်ဖို့ အသွေးအရောင်များ ကုန်သွားသည်မရှိဘဲ နာမ ပညတ် ထပ်၍ထပ်၍ နေပါသည်။ နောင်လည်း ဘယ်လောက်များအုံးမည်မသိ၊ ပန်းအရောင် အမျိုးမျိုး တွေဟာ ဝဏ္ဏဓာတ်၏ ပရိယာယ်တွေသာဖြစ်၍ ဝဏ္ဏဓာတ်အစစ်က နီတာ၊ ဝါတာမရှိကြပါ။ ပရမတ် "ဝဏ္ဏဓာတ်" အစစ်မြင်ရန် ပညတ်ခွါကြည့်ကြပါစို့။

ဘယ်လိုခွါမလဲ၊ နှင်းဆီပွင့်တစ်ပွင့်ကို ကိုင်ပြီး ဒါဘာပန်းလဲ မေးရင် နှင်းဆီပန်းကိုပဲ တခြား သော ပန်းများနှင့် မမှားရအောင် သဏ္ဌာနပညတ်နှင့် မှတ်ပြီး နှင်းဆီပန်းလို့ပဲ မြင်နေ၏။ ပညတ် တစ်ချက်ဖုံးထားပြန်၏။ ၎င်းပန်းကို ဘာသွေး၊ ဘာရောင် ခေါ်သလဲလို့မေးရင် အနီရောင်လို့ပဲ အခြားသော အရောင်တွေနှင့် မမှားရလေအောင် ဖြေခြင်းသည် သင်္ကေတတစ်ချက် ဖုံးပြန်၏။ ဘာနှင်း

http://www.dhammadownload.com



ဆီမျိုးလဲလို့ မေးမြန်းလျှင် နန်းသီဂီမျိုးပါလို့ အခြားသော အမျိုးအမည်များနှင့် မမှားရအောင် ဖြေခြင်းသည် နာမပညတ်တစ်ချက် ဖုံးပြန်၏။ အဲဒီလို ပညတ်တွေ အဆင့်ဆင့်ဖုံးခြင်းကို ခွါကြည့်ရမည်၊ ဘယ်လိုခွါမလဲ၊ ခွါပုံကို ဉာဏ်ထဲက မှတ်ထားပါ။ နှင်းဆီပန်းကို လက်ထဲထည့်ပြီး နာနာချေပစ်လိုက်ပါ။ ၎င်းအကြေကို ဘာခေါ်သလဲလို့မေးရင် နှင်းဆီပန်းပျောက်သွား၍ နှင်းဆီပန်း ပြောမဖြစ်လို့ သဏ္ဌာနပညတ် ကွာပြန်၏။ ၎င်းအကြေကို ဘာရောင်တုံးလို့မေးရင် အနီရောင်လို့ မဖြေနိုင်လို့ သင်္ကေတပညတ် ကွာပြန်၏။ ဘာမျိုးလဲလို့ မေးပြန်ရင် ပြောစရာရှာမတွေ့၊ မပြောနိုင်လို့ နာမပညတ်တစ်ချက် ကွာပြန်ပြီ၊ ကွာမှာပေါ့ အစကတည်းကရှိတဲ့ တရားမဟုတ်ဘဲ။ လောကဓာတ်တစ်ခုလုံး ပညတ်ကိုသာ စွဲနေကြ၊ မြင်နေကြတော့ အနည်းဆုံး အတွင်းကျဆုံး ပရမတ် ဝဏ္ဏဓာတ်ကို မမြင်ဘဲနေကြသည်။

ကြည့်ပါအုံး ဝဏ္ဏဓာတ်ကို သေသေချာချာ မြင်လွယ်စေရန် ဒေသနာကွန်ပါဖြင့် မှတ်ထားပါ။ မိမိတို့မျက်စိနှင့် မြင်ကောင်းသော၊ မြင်နိုင်သော၊ မြင်ရသော၊ မြင်သော သဘောတရားသည် ဝဏ္ဏဓာတ်အစစ်ဖြစ်၏။ ပြဆိုခဲ့သည့်အတိုင်း နှင်းဆီပန်းချေလိုက်လို့ နှင်းဆီပန်းကို မမြင်ရပေမယ့် ကြေမွနေတဲ့ပစ္စည်းကိုတော့ မြင်ရတာပဲမဟုတ်လား၊ နှင်းဆီပန်းက မရှိသော ပညတ်တရားမို့လို့ ပျောက်ကွယ်သွားပေမယ့် အမြင်ဓာတ်က ရှိတဲ့ ပရမတ် ဝဏ္ဏဓာတ်ကတော့ မပျောက်ကောင်းသဖြင့် မြင်လျက်သားပင် ရှိနေ၏။ ဝဏ္ဏဓာတ် အဆင်းရုပ်သည် အသွေးအရောင်မဟုတ်သဖြင့် အမြင်သဘောသက်သက်သာဖြစ်သည်။ ရုပ်နှစ်ဆယ့်ရှစ်ပါးရှိသည့်အနက် မြင်ရသော ဝဏ္ဏရုပ်တစ်ခုသာလျှင် ပကတိမျက်စိနှင့် မြင်ရသည်။ ဝဏ္ဏဓာတ်၏ ပရိယာယ်များကို မြတ်စွာဘုရားက ဟောကြားတော်မူ၏။

ဆာယာ - အရိပ်၏အရောင်။ အာတပေါ - နေပူရောင်။ အာလောကော - အလင်းရောင်။ ခူမော - အခိုးရောင်။ အန္ဓကော - အမိုက်မှောင်။ အဗ္ဘော - တိမ်ရောင်။ မဟိ - ဆီးနှင်းရောင်။ ရဇော - မြူရောင်။ စန္ဒမဏ္ဍလဝဏ္ဏနိဘာ - လဝန်းရောင်။ သူရိယမဏ္ဍလဝဏ္ဏနိဘာ - နေဝန်းရောင်။ အာဒါသ မဏ္ဍလနိဘာ - မှန်ဝန်းရောင်။ မဏိ - ပတ္တမြားရောင်။ သင်္ခ - ခရုသင်းရောင်၊ မုတ္တာ - ပုလဲရောင်။ ဝေဠုရိယ - ကျောက်မျက်ရွဲရောင်။ ဇာတရူပ - ရွှေရောင်။ ရဇတ - ငွေရောင်။

၎င်းအရောင်တွေကို မြင်သောအခါ အနီ၊ အဝါ၊ အပြာလို့ခေါ်နိုင်သေးရဲ့လား၊ မခေါ်နိုင်လျှင် ဝဏ္ဏဓာတ်အပြင်ဘက် ရောက်နေမှာပေါ့။ ၎င်းအရောင်တွေလည်း မြင်နေရလို့ ဝဏ္ဏဓာတ်တွေပါပဲ၊ နီတာ, ဝါတာတို့ကိုသာ ဝဏ္ဏမှတ်နေလျှင် ပညတ်အပေါ်တင်နေမှာပေါ့။ သို့အတွက် ဘယ်အရာမဆို မြင်ကောင်းတာချည်းပဲဆိုတာကို ထင်ရှားစေရန် စုံအောင် ပြရသည်။

http://www.dhammadownload.com



ထပ်၍ ရှင်းဦးအံ့၊ လူတစ်ယောက်သည် မီးရောင်မရှိတဲ့ အမှောင်ရောက်တော့ မှောင်လိုက်တာ၊ မဲလို့ ဘာမျှမမြင်ရဘူး ပြောခြင်းဟာ ပညတ်ရောင်တွေကို မမြင်ရဘဲ ပရမတ် အမြင်မှောင်ကိုတော့ မြင်တာပဲမဟုတ်လား၊ အမြင်သဘောသက်သက်ကို ဉာဏ်ချက်ထောက်ဆမိလျှင် လောကဓာတ်တစ်ခုလုံး ဘာမျှမရှိ အမြင်ဓာတ်သာလျှင် မြင်နေတော့၏။ ပညတ်နယ်တွင်းသို့ မရောက်သေးသော နှစ်လသား၊ သုံးလသားအရွယ် ကလေးများသည် မျက်စိဖွင့်နေသမျှ အရာဝတ္ထုတွေ မြင်နေတာပဲ၊ မြင်ရပေမယ့် ပညတ်က မဖုံးသေးတော့ အမြင်ဓာတ်သက်သက် ပရမတ်အမြင် မြင်နေသကဲ့သို့ ဖြစ်၏။ မြင်ကောင်းသော, မြင်ရသော သဘောကို ပညတ်မဖုံးဘဲ မြင်တတ်လျှင် ဝဏ္ဏဓာတ်ပေါက်သည်မည်၏။

## ဂန္ဓရုပ်

ပါဠိလို "ဂန္ဓ"၊ မြန်မာလို "အနံ့ရုပ်"ဆိုလျှင် လူတိုင်းနားလည်ကြ၏။ နားမလည်စရာမရှိ၊ လူတွေက ၎င်းအနံ့ရုပ်ကိုပဲ မွှေးတယ်၊ ကြိုင်တယ်၊ သင်းတယ်၊ နံတယ်၊ ပုပ်တယ်လို့ ခေါ်ကြ၊ ပြောကြ၊ ထင်ကြသည်။ မွှေးတာ၊ နံတာကို အနံ့ရုပ်လို့ထင်နေကြ၍ အနံ့ရုပ်ဟာ အတုံး အလုံး အခဲတွေ ဖြစ်နေမှာပေါ့။ မွှေးတာ သနပ်ခါးတုံး၊ သနပ်ခါးတုံး မွှေးတာဆိုရင် အနံ့ရုပ်ဟာ အတုံး အလုံးတွေ ဖြစ်မနေဘူးလား။ မိမိတို့၏ နှာခေါင်းပသာဒရုပ်နှင့် အနံ့ရုပ်နှင့် ရေမွှေး ခွေးသေကောင်ပုပ် မှတ်နေကြတယ်။ သနပ်ခါးက မွှေး၊ ခွေးသေကောင်က အနံ့နံ၊ အနံ့ရုပ်သဘောသက်သက်မျှသာ ပြောလို့ ချက်ချင်းပဲ သဘောပေါက်မည်မဟုတ်၊ အန္တပုထုဇဉ်များဟာ တစ်သံသရာလုံးက အစွဲနာလာခဲ့သော ပညတ်တွေကို မဖျောက်နိုင်ကြပါ။ ကြည့်ပါလား မွှေးတယ်ဆိုတဲ့ သနပ်ခါးတုံးကို ကိုင်ပြီး ဒီသနပ်ခါးတုံးက မွှေးတယ်၊ သနပ်ခါးတုံးက မွှေးတာမဟုတ်ကြောင်းကို ကြည့်ပါ။ ၎င်းသနပ်ခါးတုံးကို နုတ်နုတ်စင်းပြီး ထောင်းလိုက်တော့ အမှုန့်ဖြစ်သွားမယ် အဲဒီ ဖြစ်သွားတဲ့အမှုန့်ကို သနပ်ခါးတုံးလားလို့ မေးရင် သနပ်ခါးမှုန့်ပါလို့ ပြောရမှာပဲ၊ သနပ်ခါးမှုန့်က မရှိသော ပညတ်တရားမို့လို့ ပျောက်သွားပြီ၊ အမှုန့်ကို နမ်းကြည့်တော့ မွှေးတာပဲမဟုတ်လား။ ရှိနေတဲ့ ပရမတ်အနံ့ရုပ်က မပျောက်၊ ပျောက်လို့လည်း မရပါဘူး။ မပျောက်ကောင်းပါဘူး။ သနပ်ခါးတုံးဘဝမှ သနပ်ခါးမှုန့်ဘဝ၊ အရည်ဘဝ၊ ပြာမှုန့်ဘဝ ဖြစ်ပြီးသည့်နောက် မြေကြီးထဲ ရောက်သွားသည်အထိ အနံ့ရုပ်က မပျောက်၊ ပညတ်ဖြစ်သော သနပ်ခါးတုံးကသာ အမျိုးမျိုး ပြောင်းသွားတာ၊ ပရမတ်အနံ့ရုပ်က မပျောက်မပျက် ထင်ရှားရှိပုံကို ဉာဏ်မှာ မြင်ပါစေ၊ မြင်အောင်ကြည့်ပါ။ ဘယ်ဝတ္ထုပစ္စည်းပဲဖြစ်ဖြစ် အသက်ရှိသော သတ္တဝါတွေပဲဖြစ်ဖြစ်

http://www.dhammadownload.com



ပညတ်နှင့် ပရမတ် ထပ်လျက်သားနေခြင်းကို သိပြီး တစ်ခုတခြားစီနေအောင် ခွဲခြားတတ်လျှင် ပရမတ်ကို မြင်လာတော့ အနံ့ဓာတ် ထင်ရှားရှိကြောင်း ဉာဏ်မှာ မြင်လာတော့၏။ ထင်ရှားရှိလျှင် ယူပြစမ်းပါဆိုလို့ မပေးနိုင်၊ အပေါ့အလေး ချိန်ပြစမ်းပါဆိုလို့လည်း ချိန်လို့မရ၊ ဘယ်လိုရှိပုံလဲ ဆိုတော့ နံတယ်ဆိုတဲ့ သဘောသက်သက်သာ ရှိကြောင်းကို ရှင်းလင်းပြတ်သားအောင် စဉ်းစားဝေဖန်ကြပါကုန်။

# ရသာရုပ်

ပါဠိလို "ရသာဓာတ်"၊ မြန်မာလို "အရသာ"ဆိုတော့ အ,ကလေးတစ်လုံးတည်း ကွဲနေ၏။ အများအားဖြင့် အချို၊ အချဉ်၊ အငန်၊ အစပ်၊ အဖန်၊ အခါး စသော ခြောက်မျိုးသော အရသာကို "ရသာဓာတ်ပဲ"လို့ ထင်နေကြသည်၊ ယူနေကြသည်။ ၎င်းရသာခြောက်မျိုးသာ ရသာဓာတ်ဆိုရင် လွယ်လွယ်ကလေးနှင့် လူတိုင်း သဘောပေါက်နိုင်ပါ၏။ ဒါပေမယ့် ၎င်းရသာခြောက်မျိုးသည် ပရမတ် ရသာဓာတ်၏ ပရိယာယ်မျှသာဖြစ်ပြီးလျှင် ကမ္ဘာဦးသူများက အသုံးအစွဲ လွယ်ကူစေရန် ပညတ်လုံးတွေတပ်ပြီး မှည့်ခေါ်ထားခြင်းသာ ဖြစ်သည်။ အစကတည်းက ချိုတယ်၊ ချဉ်တယ်လို့ ရှိလာတာ မဟုတ်ပါ။ တစ်ယောက်နှင့်တစ်ယောက် အမှတ်အသားထားပြီး မကျည်းသီးစားမိတဲ့အခါ ၎င်းအရသာကို ချဉ်တယ်လို့ခေါ်ကြစို့၊ ထန်းလျက်စားတဲ့အခါ ချိုတယ်လို့ ခေါ်ကြစို့။ ရှေးလူကြီးများက ခြောက်မျိုးရှိတဲ့အရသာလောက်သာ အမှတ်အသားထားပြီး မှည့်ခေါ်ကြ၏။ မြတ်စွာဘုရားကိုယ်တော်မြတ်က အရသာခြောက်မျိုးပဲ ဟောတော်မူ၏။ ၎င်းအရသာခြောက်မျိုးဟာ ပညတ်ဟုတ်လား, မဟုတ်လား ကြည့်ပါ။ ပညတ်တွေ တပ်ခေါ်ချင်သလို ခေါ်နေကြတာ။ အချိုနည်းနေလျှင် ချိုချိုမြမြကလေးနေတယ်။ အချဉ်လွန်နေလျှင် ချဉ်လိုက်တာ စူးလို့၊ ငန်လိုက်တာ ပေါက်လို့နဲ့ အမျိုးမျိုး ချဲ့ပြောကြသည်၊ မှည့်ကြသည်ကို တစ်ဘက်သောသူက နားလည်သွားတာပဲ။ ခေတ်လိုက်ပြီး ပေါ်လာသမျှ အစားအစာတွေ အရသာတွေကို မှည့်ခေါ်သမျှ စာနှင့်ရေးလို့ မကုန်နိုင်သဖြင့် ဉာဏ်နှင့်ဝေဖန်ပါ။

သို့အတွက်ကြောင့် အစက ပြခဲ့သော အရသာခြောက်မျိုးကို ရသာဓာတ်ဆိုရင် ပညတ်ပေါ်တင်နေမှာပေါ့၊ ပညတ်လွတ်အောင် ဘယ်လိုယူမလဲဆိုရင် လျှာဖျား၏ အလယ်တည့်တည့် ကြာရွက်ဖျားပြတ်သဏ္ဌာန်ရှိသော ဇိဝှါပသာဒ လျှာအကြည်ရုပ်နှင့် ရသာရုံတွေ့တော့ သိ, သိသွားတဲ့ အတွေ့သဘောကလေးကို ရသာဓာတ်ခေါ်တာပဲ၊ ဒေသနာကွန်ပါကိုက် မှတ်ထားစမ်းပါ။ လျှာအကြည်မှာ တွေ့ကောင်းသော၊ တွေ့နိုင်သော၊ တွေ့ရသော၊ အတွေ့သဘောကလေးသက်သက်သည်

http://www.dhammadownload.com



ရသာစာတ်ပဲလို့ မိမိဉာဏ်မှာ မိသွားပါစေ၊ အရသာခြောက်မျိုးကို ပရမတ် ရသာစာတ် မဟုတ်ကြောင်း ထင်ရှားစေဦးအံ့။

အချို၊ အချဉ်၊ အငန်တို့မှ လွတ်နေသောရေကို သောက်ကြည့်ပါ၊ သောက်ကြည့်တော့ အရသာခြောက်မျိုးတို့မှ လွတ်နေ၍ အရသာပေါ်မလာဘူးလား၊ ရေကို သကြားထည့်သောက်လျှင် ချိုလာမည်၊ ရေ၏အရသာကို ပညတ်တပ်စရာ ပြောစရာမရှိပေမယ့် နေပူပူက ပင်ပင်ပန်းပန်း ပြန်လာပြီး အရိပ်ကောင်းကောင်းအောက်နေတဲ့ ရေအိုးထဲက ရေကို ယူသောက်လိုက်သည့်အခါ ကောင်းလိုက်တဲ့ ရေ၊ အရသာရှိလိုက်တာလို့ အရသာကို ထည့်ပြောကြတယ် မဟုတ်လား၊ မရှိဘဲနှင့် ပြောမလား။ ဒါကြောင့် လျှာအကြည်ရုပ်နှင့် တွေ့ကောင်းသော၊ တွေ့နိုင်သော၊ တွေ့သော သဘောသက်သက် သည် ရသာစာတ်လို့ ဉာဏ်မှာသိထားပါ။ သို့မှသာလျှင် လောကစာတ်တစ်ခုလုံးမှာ ရှိကြတဲ့ သက်ရှိ သက်မဲ့ ဟူသမျှ ရသာစာတ်ကြီးပဲလို့ ထင်မြင်လာတယ်၊ သိလာတယ်။ ဒါကြောင့် ရသာစာတ် မူချရှိ ကြောင်းကို တထစ်ချယူထားပါ။ ပညတ် ပရမတ် ထပ်နေတာကို တစ်ခုစီခွဲပြပါ။ ခွဲနိုင်မှ ပရမတ်ပေါက် တယ်၊ သေသေချာချာကြည့် -

မကျည်းသီးကို လျှာနှင့် တို့ကြည့်လျှင် မကျည်းသီးက ချဉ်တယ်လို့ ပြောရမှာပဲ၊ မကျည်းသီး ထောင်းလိုက်ပါက မကျည်းသီးပျောက်သွားတယ်။ ဒါပေမယ့် ၎င်းထောင်းထားသော အဖတ်ကို လျှာနဲ့ တို့ကြည့် ချဉ်တာပဲမဟုတ်လား၊ အချဉ်စာတ်က မပျောက်၊ မကျည်းသီးထောင်းပြီး အရည်ဖျော်လိုက် မကျည်းသီးထောင်းက ပညတ်မို့လို့ ပျောက်သွားရော၊ ၎င်းအရည်ကို ခဲအောင်လုပ်၊ လုံထဲထည့်ထိုး လိုက်တော့ အရည်က ပညတ်ပျောက်သွားပြီး ပြာဖြစ်သွားသော်လည်း ၎င်းပြာကို လျှာနဲ့တို့ကြည့် ငန်ပြပြ အရသာတွေ့တာပဲ မဟုတ်လား၊ အဲ့ဒီပြာကို မြေကြီးထဲ သွန်ပစ်လိုက်လို့ ကြာတော့ မြေကြီး ဖြစ်သွားတဲ့အထိ လျှာနဲ့ တို့ကြည့် မြေကြီးအရသာတွေ့တာပဲ၊ ရသာစာတ်က ပျောက်လို့မရကောင်း၊ မကျည်းသီးကစ မြေကြီးအထိ ပညတ်တရားတွေမို့ ပျောက်ပျောက်သွားပေမယ့် လျှာမှာ တွေ့ကောင်း သော၊ တွေ့နိုင်သော၊ တွေ့ရသော၊ တွေ့သော အတွေ့သဘော အရသာစာတ် ထင်ရှားရှိ၏၊ ကြည့်လို့ မမြင် ရှိကားရှိ၏။ ယူလို့မရ ရှိကားရှိ၏၊ အကိုင်မခံ ရှိကားရှိ၏၊ စုလို့ ဆောင်းလို့မရ။ ဒါဖြင့် ဘယ်လို ရှိတာလဲဆိုလျှင် သဘောသက်သက်ရှိတာကို ဉာဏ်နှင့် ဝေဖန်ကြည့်ပါ။ ဉာဏ်နှင့်သာ မြင်နိုင်၏။

## ဩဇာစာတ်

ပါဠိ "ဩဇာ"၊ မြန်မာလို "အဆီစာတ်"၊ ၎င်းအဆီစာတ်သည် ပရမတ် ဩဇာစာတ် မဟုတ် သေးပါ၊ စကားလုံးအားဖြင့် အခေါ်လွယ်အောင် အငှားစကားဖြင့် အဆီစာတ်ဟာ ဩဇာမဟုတ်သေး

http://www.dhammadownload.com



ပါ။ ပရမတ် ဩဇာဓာတ် မလွယ်ကူလှ၍ ဉာဏ်ကို ကြပ်ကြပ်အသုံးပြုပါ၊ အဆီဟာ ဩဇာဓာတ်လို့ ယူရင် ပရမတ်အပေါ် တည့်တည့်မရောက်နိုင်။ ဒါကြောင့် သတ္တဝါတို့၏ ခန္ဓကမ္မဇရုပ် မပျက်စီးစေဘဲ ရုပ်ကို အသစ်အသစ်ဖြစ်စေအောင် ထောက်ပံ့တဲ့သဘောသည် ဩဇာဓာတ်ပါပဲ၊ မှန်၏၊ ဒါပေမယ့် ပြောလို့ ရေးလို့ လွယ်ကူစေရန် အဆီဓာတ်လို့ လယ်တီဆရာတော်ဘုရားက ရေးထားတဲ့ ရုပ်အဆီ လေး ဩဇာဓာတ်လို့ ရေးတော့ အဆီဆိုတာလေးနဲ့ ပြရမှာပဲ၊ ဒါပေမယ်လို့ အဆီဟာ ဩဇာလား၊ သတ္တဝါတို့၏ အသက်ကို မပျက်စီးအောင် ရုပ်အသစ်သစ် ဖြစ်စေသောသဘော ဩဇာဓာတ်ကို ရှင်းပြမည်၊ သတ္တဝါတို့၏ အသက်ဟာ ဩဇာဓာတ်ရှိခြင်းကြောင့် တည်နေနိုင်တယ်ဆိုတာ တထစ်ချ မှတ်ထားပါ။ "ဩဇာ"ဆိုတာ ဘာခေါ်သလဲ၊ အာဟာရကိုပဲ ဩဇာခေါ်သည်။

**ပါဠိ။** ဩဇာယေတံ အဓိဝစနံ။

**အနက်။** ဧတံ - ဤအာဟာရဟူသော အမည်သည်။ ဩဇာယ - ဩဇာ၏။ အဓိဝစနံ - ဆိုခြင်းအမည်တည်း။

**ပါဠိ။** ဩဇာသင်္ခါတော အာဟာရော အာဟာရသမုဋ္ဌာနံ ရူပံ ဍာနပ္ပတ္တောဝ သမုဋ္ဌာပေတိ။

**အနက်။** ဩဇာသင်္ခါတော - ဩဇာဟု ဆိုအပ်သော။ အာဟာရော - အာဟာရသည်။ အာဟာရ သမုဋ္ဌာနံ - အာဟာရကြောင့်ဖြစ်သော။ ရူပံ - ရုပ်ကို။ ဍာနပ္ပတ္တောဝ - ဌီသို့ ရောက်သည် ဖြစ်၍သာလျှင်။ သမုဋ္ဌာပေတိ - ဖြစ်စေ၏။

ဒါကြောင့် အာဟာရလို့ပဲ ပြရပေ၏။

**ပါဠိ။** ဩဇဋ္ဌမကရူပံ အာဟရတီတိ အာဟာရော။

**အနက်။** ဩဇဋ္ဌမကရူပံ - ဩဇာလျှင် ရှစ်ခုမြောက်သော ရုပ်ကို၊ အာဟရတိ - ဆောင်တတ် ၏၊ ဣတိ-တသ္မာ - ထို့ကြောင့်။ အာဟာရော - အာဟာရ မည်၏။

အာဟာရသည် ဆောင်တတ်၏။ ဘယ်လိုဆောင်သလဲဆိုရင် ဉာဏ်နဲ့ ဝေဖန်ပါ။ ဩဇာ ဆိုတာ အာဟာရကို ခေါ်သည်။ အာဟာရဆိုတာ သတ္တဝါများ စားသောက်ကြသော အစားအစာ ဟူသမျှကို အာဟာရခေါ်သဖြင့် ၎င်းအာဟာရကို စားသုံးကြသဖြင့် အသက်ရှင်နေကြ၏။ မစား ရလျှင် ပျက်စီးကြ၊ သေကြတယ်ဆိုတာ လူတိုင်းသိကြ၏။ သို့ဖြစ်သောကြောင့် အာဟာရနှင့် ဩဇာ ခွဲမရသလို နေသည်။ သေသေချာချာ ရှင်းပြရလျှင် အာဟာရခေါ်တဲ့ ထမင်းက အလုပ်အလွေ့

http://www.dhammadownload.com



အာဟာရအားဖြင့် ယူလို့ရသည်၊ စား၍ဖြစ်သည်။ "ကဗဠီကာရ အာဟာရ"လို့ ခေါ်၏။ ၎င်းအလုတ်အလွေ့ အာဟာရဖြစ်သော ထမင်းထဲမှာ ဩဇာဓာတ်ပါလေရဲ့၊ အထက်က ပြခဲ့သော "ဩဇဋ္ဌမက ရူပံ အာဟရတိ = ဩဇာသာလျှင် ရှစ်ခုမြောက်သော ရုပ်ကို ဆောင်တတ်၏" ဆိုသည့်အတိုင်း ဩဇာပါလေရဲ့ ဆိုပေမယ့် ယူလို့, ကိုင်လို့, ကြည့်လို့ရတာမဟုတ်ဘဲ သတ္တဝါတို့၏ ရုပ်ကို အသစ်သစ်ဖြစ်စေသော သဘောမျှသာဖြစ်၍ ၎င်းဩဇာဓာတ်ကသာ အသက်ရှင်တည်နေတာ, ထမင်းက အသက်ရှည်တည်နေတာ မဟုတ်ကြောင်းကို လူတွေ စားသမျှ အစာတွေ အကုန်လုံး အသွေးအသားဖြစ်ပြီး ပျောက်မသွားဘဲ အစာဟောင်းအနေနဲ့ ပြန်ထွက်လာတာကို မြင်ရခြင်းဖြင့် ထမင်းက တိုက်ရိုက်ကို မထောက်ပံ့နိုင်ကြောင်း ထင်ရှား၏။ ထမင်း၌ပါသော ဩဇာဓာတ်ကို ဉာဏ်နှင့် မြင်အောင် ကြည့်ပါ။ အဆီဟာ ဩဇာပဲဆိုလျှင် လူများစားသုံးနေတဲ့ ထမင်းကို ဆီကြိတ်လျှင် ဆီထွက်ပါ့မလား၊ ဆီရယ်လို့ ဩဇာဓာတ်မရှိပါဘူး၊ ဆီမရှိ၍ ဩဇာမထွက်ပေမယ့် ၎င်းထမင်းကို စားလို့ အသက်ရှင်မှု သဘော ထင်ရှားနေသဖြင့် ဩဇာဓာတ်အဆီ မဟုတ်ကြောင်းကို သိလောက်ပေပြီ။

ဒါကြောင့် သတ္တဝါတို့၏ အသက်ကို မပျက်စီးစေဘဲ ရှည်နေသော သဘောဟာ ဩဇာဓာတ်လို့ ပြန်လိုက်သဖြင့် ပရမတ်ပေါက်ရောက်အောင် ပြနေတာကို အသက်တို့, သတ္တဝါတို့ ထည့်၍ ပြရမလားလို့ ဆိုခဲ့လျှင် ဒီလို ထည့်ပြလို့သာ လူပြိန်းများ နားလည်ကြရသည်။ ဒါတွင်မကသေး၊ ဘုရားဟော ပါဠိတော်နှင့် အဋ္ဌကထာမှာလည်း အသက်ကို ပဓာနထားပြီး ပြခြင်းကြောင့် သမ္မုတိစကားနှင့် အသက်ကို မူတည်ပြသော်လည်း သတ္တဝါတို့၏ အသက်ကို မပျက်စီးစေဘဲ ရုပ်ကို အသစ်သစ်ဖြစ်စေတဲ့သဘောကို ထုတ်နုတ်ပြီး ၎င်းသဘောသက်သက်ကို ဩဇာဓာတ်ပဲဆိုလျှင် ပရမတ်ဩဇာဓာတ်ပေါ်သို့ တည့်တည့်ကျသွားလေသည်။

၎င်းပြင် လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်နှင့် ကြည့်လျှင်

ဩဇာလက္ခဏော ကဗဠီကာရော အာဟာရော ရူပါဟနရသော ဥပတ္ထမ္ဘနပစ္စုပဋ္ဌာနော ကဗဠံ ကတွာ အာဟာရိတဗ္ဗဝတ္ထု ပဒဋ္ဌာနော။ (အဋ္ဌသာလိနီ အဋ္ဌကထာ၊ ၃၆၈)ဟူ၍ လေးမျိုး လေးချက်စလုံး အာဟာရကို ပြထားသဖြင့် အာဟာရနှင့် ဩဇာ ပရိယာယ်သာကွဲသဖြင့် သတ္တဝါတို့၏ ကမ္မဇရုပ်ကို မပျက်စီးစေဘဲ တည်မြဲသော သဘောကိုသာ ဩဇာဓာတ်ပဲလို့ မြဲမြဲယူထားပါ။ အဆီဟာ ဩဇာမဟုတ်ပါကြောင်းကို ထင်ရှားစေဦးအံ့၊ ဆီမရှိသော ပြောင်းရိုးခြောက်၊ မြက်ခြောက်မှာပါတဲ့ ဩဇာဓာတ် သတ္တိထူးကြောင့် ရုပ်အသစ်အသစ် ထောက်ပံ့လို့ မြင်းတို့၊ နွားတို့၏ အသက်ရှည်နေ

http://www.dhammadownload.com



သည်ကို ကြည့်ပါ၊ ဆီနှင့် လုံးဝမပတ်သက်သော ရွှံ့ညွန်ကို စားနေတဲ့ တီကောင်များကိုလည်း ကြည့်ပါ။ ပိုးရွ ခြပုံးများလည်း သစ်ဆွေး၊ ဝါးဆွေးများကို စားပြီး အသက်ရှည်နေကြတာဟာ အဆီမပါပေမယ့် သြဇာဓာတ်ကြောင့် အသက်ရှင်နေကြတာ မဟုတ်လား၊ သူထင် ငါထင် ထင်နေကြတဲ့ သြဇာဟာ အဆီလို့ ထင်လို့ပေါ့၊ ဆီဦး ထောပတ်တို့၊ ဝက်သားတို့ကို အဆီသြဇာနှင့် ပြည့်စုံလိုက်တာလို့ အသုံးမှားနေကြသည်။ အဆီနည်းတာ၊ များတာ မယူဘဲ သတ္တဝါများ စားသုံးနေတဲ့ အာဟာရမှာပါတဲ့ သြဇာဓာတ် အနည်းအများ ကွာခြားပုံကိုသာ ကြည့်ပါ။

ဥပမာ - နိုင်ငံခြားသားများ ရှာဖွေထားတဲ့ လောကဓာတ်နည်းများဖြင့် ဆီမပါတဲ့ ခရမ်းချဉ်သီး နှင့် ဝက်သား၊ ဗီတာမင်း ဒီကရီအမှတ်တူကြောင်းကို ပြထားခြင်းသည် ဆီကို ပြတာမဟုတ်ဘဲ ဗီတာမင်ကို ပြနေတယ်၊ အမည်ကွဲပေမယ့် သဘောက သြဇာဓာတ် အနည်းအများကို ပြထားသဖြင့် သတ္တဝါများ၏ ကမ္မဇရုပ်ကို တည်မြဲအောင် ရုပ်ကို အသစ်အသစ်ဖြစ်စေတဲ့ သဘောက သြဇာဓာတ်၊ ၎င်းသြဇာဓာတ် အားနည်းရင် နည်းသလို၊ အားကောင်းရင် ကောင်းသလို အသက်အတိုအရှည် ကွာကြသဖြင့် လူအများစားသုံးတဲ့ အာဟာရသြဇာဓာတ်ကို နတ်များ၏ အာဟာရသြဇာက ပိုအား ကောင်းလို့ပေါ့၊ သက်တမ်းအဆင့်ဆင့် ပိုရှည်ကြ၏။ လူများစားတဲ့ အာဟာရသြဇာဓာတ်လောက် အားမကောင်းတဲ့အစာကို စားနေကြသော တိရစ္ဆာန်များ အဆင့်ဆင့် အသက်တိုကြ၏။

မြတ်စွာဘုရားအား စုန္ဒသတို့သား ကပ်လှူသော ဝက်ပျို့ဆွမ်း၏ သြဇာဓာတ် အားကောင်း ကြောင်းကို ကြည့်ပါ။ လူတို့၏ ပါစကနှင့် မမျှလို့ မြတ်စွာဘုရားက မည်သူ့ကိုမျှ စားခွင့်မပြုဘဲ မြေမြှုပ်ပစ်ခိုင်းသည်။ ကဗဠီကာရ အာဟာရမှာပါတဲ့ သြဇာဓာတ်၏ သဘောမျှသက်သက်ကို ဉာဏ်မှာ ပြတ်သားပါစေ၊ သတ္တဝါတို့၏ ကမ္မဇရုပ်ကို မပျက်စီးစေဘဲ ရုပ်ကို အသစ်အသစ်ဖြစ်အောင် ထောက်ပံ့ တတ်သော သဘောသက်သက်သည် သြဇာဓာတ်အစစ်ပဲလို့ သေသေချာချာ မှတ်ထားပါ။ အဆီဟာ သြဇာဓာတ်ဆိုရင် အတုံးအခဲကြီးဖြစ်ပြီး ပညတ်ပေါ်တင်နေသဖြင့် သဘောပေါက်ရောက် အောင် လေ့လာပါ။ တစ်နည်းပြရလျှင် သုံးဆယ့်တစ်ဘုံမှာရှိတဲ့ သတ္တဝါတို့၏သက်တမ်းဟာ မြဲတဲ့ ဘုံလည်းရှိတယ်၊ မမြဲတဲ့ဘုံလည်းရှိတယ်။ စတုမဟာရာဇ်နတ်၏ ဘုံမှာ သက်တမ်းငါးရာရှိ၏။ တိုးခြင်း၊ ဆုတ်ခြင်းမရှိဘဲ တာဝတိံသာနတ်ပြည်မှာ သက်တမ်းတစ်ထောင်စသည်ဖြင့် နတ်ပြည်ခြောက်ထပ်မှာ အဆင့်ဆင့်တိုးပြီး သက်တမ်းရှည်၏။ ဗြဟ္မာများမှာ ကမ္ဘာများစွာရှည်၏။ မြဲကြ၏။

လူ့ပြည်မှာ မြောက်ကျွန်းသူ၊ မြောက်ကျွန်းသားများ သက်တမ်းအမြဲမတည်ဘဲ တက်ကပ်၊

http://www.dhammadownload.com



ဆုတ်ကပ်ရှိကြ၏။ ဘယ်လိုရှိသလဲဆိုရင် ကမ္ဘာကြီးပျက်စီးတဲ့အခါက စပြီး ပြောရလိမ့်မယ်။ ကမ္ဘာမီးလောင်, ကမ္ဘာမိုးရွာချသောအခါ ကမ္ဘာရေပြင်ကြီးသာရှိ၍ အိမ်, ကျောင်း, ဇရပ်, တော, တောင်, နေ, လ, နက္ခတ်တာရာ ဘာမျှမရှိတဲ့ လဟာပြင် ဟင်းလင်းဖြစ်နေစဉ် ပြဟ္မာ့ပြည်က ပြဟ္မာကြီးတွေဟာ လူ့ပြည်တုန်းက ပြုလုပ်ခဲ့သော ကာမာဝစရကုသိုလ်က ရှိနေသဖြင့် ပြဟ္မာကြီးများ စုတိစိတ်ကျပြီး လူ့ပြည်ပြန်ရောက်၍ ၎င်းရေပြင်ကြီးပေါ်မှာ မှီရာတည်ရာမရှိဘဲ ဈာန်နှင့် ပျော်မွေ့နေကြ၍ အသေခံ့ကြာအောင် နေကြ၏။ အဲ့ဒီလို နေကြရင်းနဲ့ ကမ္ဘာရေပြင်ကြီး ခန်းခြောက်ပြီး မြေကြီးပေါ်လာတာ လယ်ခေါင်ရမ်းပန်းအုံဆင့်ကဲ့သို့ တသင်းသင်းနဲ့ အနံ့တွေ မွှေးလာပြန်ရင်ပဲ ပြဟ္မာတွေဟာ ရသာတဏှာတွေ ကပ်လာသဖြင့် ၎င်းဆီတွေကို လက်နှင့်တို့ပြီး လျှာပေါ်တင်ကြည့်တဲ့အခါ အရသာရှိမှန်းသိလေတော့ မြေဆီမြေလွှာတွေကို စားကြတယ်။ နတ်သြဇာကဲ့သို့ စားကြပေမယ့် ကျင်ကြီးကျင်ငယ် မစွန့်ရသေးပါဘူး။ အဲ့ဒီလို အရသာတဏှာကပ်လာရင်ပဲ ဈာန်အဟုန်ကုန်သွားပြီး ကိုယ်ရောင်ကိုယ်ဝါတွေ ကွယ်သွားသောကြောင့် မှောင်အတိကျသွားဖြင့် ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်နေစဉ် သူတို့ပြုခဲ့သော ကာမာဝစရကုသိုလ်အဟုန်က မကုန်သေးလို့ ကမ္ဘာ့နိယာမသဘောအရ နေမင်းပေါ်လာပြီး အလင်းရောင်ရတော့မှ ရဲရင့်လာကြလို့ နေမင်းကို "သူရိယ"လို့ ခေါ်၏။

နေ့အချိန်ကုန်ပြီး ညဉ့်အချိန်ရောက်သကာလ မှောင်လာကျတော့ ကြောက်ကြပြန်သဖြင့် ယခုနေ အလင်းရောင်ရလျှင် ကောင်းလေစွဟု တောင့်တလိုက်လျှင် လမင်းကြီး ပေါ်ထွက်လာပြန်၏။ သူတို့၏ ဆန္ဒအတိုင်း ပေါ်လာလို့ လကို "ဆန္ဒ"လို့ ခေါ်ကြရာမှ ကာလရွေ့လျောလို့ "စန္ဒ" ဖြစ်သွားပြန်၏။ တော်တော်ကြာ လောဘတဏှာ ဖြစ်လာတော့ မြေဆီလွှာကုန်တော့ ပဒါလတာနွယ်ကို စားနေရပြန်၏။ ၎င်းနွယ်ကို စားနေစဉ် ကျင်ကြီးကျင်ငယ် မစွန့်ရသေး၊ နောက် ပဒါလတာနွယ် မရှိတော့ အခွံမဖုံးသော သလေးစပါးများ ပေါ်၍ ၎င်းကို စားကြရတော့မှ ကျင်ကြီးကျင်ငယ်ကို စွန့်ကြရ၏။ ပြဟ္မာမဖြစ်ခင် လူ့ပြည်တုန်းက ယောကျ်ားက ယောကျ်ားအတိုင်း၊ မိန်းမက မိန်မအတိုင်း ဝစ္စမဂ်, ပဿာဝမဂ်ပေါ်ပြီး ကျင်ကြီးကျင်ငယ် စွန့်ကြရသည်။ လောဘတဏှာတွေ ပိုများလာတော့ အခွံမဖုံးသော သလေးစပါးများ ပျောက်ခါ စပါးကို စိုက်စားကြရတော့ သူ့ဟာ, ငါ့ဟာ ခွဲခြမ်းတဲ့အချိန်မှာ အေးအေးချမ်းချမ်းမရှိဘဲ ခိုးမှု, ဝှက်မှုတွေ ပေါ်လာသဖြင့် အုပ်ချုပ်သူ ရှာရသောအခါ ဘုရားအလောင်းကို သမ္မတမင်း တင်မြှောက်လျက် အုပ်ချုပ်စေ၏။

အဲဒီအခါမှ အေးငြိမ်းချမ်းသာစွာ ဖြစ်သွားတယ်၊ အဲဒီကစပြီး ခတ္တိယမဏ္ဍလမင်းမျိုး။ ပြဟ္မဏမဏ္ဍလ -တရားဈာန်သမထနှင့် မွေ့လျော်သော ပုဏ္ဏားမျိုး။ ဝေဿမဏ္ဍလ - သူဌေးသူကြွယ်မျိုး။

http://www.dhammadownload.com



သုဒ္ဒမဏ္ဍလ - သူရင်းငှားမျိုး လုပ်ကိုင်းစားတဲ့ အမျိုးဟု လေးမျိုးကွဲထွက်လာ၏။ ပုဏ္ဏားမျိုးသည် ဈာန်သမထနှင့် မွေ့လျော်သော အမျိုးမြတ်ကနေပြီး တရားပျက်ကွက် ဆုတ်ဆုတ်လာတော့ ဈာန်သမထနှင့် မမွေ့လျော်နိုင်ဘဲ နက္ခတ်ဗေဒင်အတတ် သင်ပြီး ရှာဖွေစားသောက်ကြရသဖြင့် ဥက္ကာကရာဇ်မင်းလက်ထက်မှာ မင်းမှီခိုလျက် ဖြဟ္မဒ္ဓုပြည်ရောက်အောင် ယဇ်ပူဇော်တဲ့ အလေ့အထတွေ ဖြစ်လာရင်ပဲ နွားများကို သတ်ဖြတ်တဲ့ ပါဏာတိပါတကံတွေ ကျူးလွန်သဖြင့် လူတွေက ဖြဟ္မစိုရ်တရား ပျက်ကွက်ခြင်းကြောင့် လောကပါလနတ်များ မစောင့်ရှောက်ဘဲ လျစ်လျူရှုကြသဖြင့် ဥတုသပ္ပာယမမျှဘဲ ရောဂါများကြတယ်၊ နွားများကို မသတ်မီ ရှေးအဖို့ ရောဂါသုံးမျိုးသာ ရှိကြတယ်။

၁။ ထမင်းစားချိန် ထမင်းဆာတဲ့ရောဂါ (မရှိလို့ လိုချင်သောရောဂါ)

၂။ ထမင်းစားပြီး ထမင်းဆီရစ်ခြင်း အကြောင်းရှိသောရောဂါ (မစားရသဖြင့် စားချင်သော ရောဂါ)

၃။ ဇရာသဘောဖြင့် တဖြည်းဖြည်း အိုလာသော ရောဂါတို့ဖြစ်ကြသည်။

**မှတ်ချက်။** ။ ယခုခေတ်ကျတော့ ကိုးဆယ့်ရှစ်ပါးသော ရောဂါများ ပေါ်ပေါက်လာကြတယ်။

ထိုရောဂါတို့တွင် စားချင်လျက် မစားရသောရောဂါ၊ လိုချင်သောရောဂါ နှစ်မျိုးကို ချန်ထားပြီး ကိုးဆယ့်ခြောက်ပါးရောဂါများ မကြာခဏ ဖြစ်နေကြသည်။ ဘာဖြစ်လို့ ရောဂါတွေ များသလဲဆိုလျှင် လောကကို စောင့်ကြပ်သော နတ်များက ဖြဟ္မစိုရ်တရားများ ပျက်ကွက်နေသော သတ္တဝါတွေကို မကြည့်ရှုဘဲ ပစ်ထားသဖြင့် ဥတုဖောက်ပြန်ပြီး သေကြေပျက်စီးလျက် သက်တမ်းတွေ ဆုတ်ယုတ်လာသဖြင့် တစ်ရာသက်တမ်းသို့ ရောက်လာနေပါပြီ၊ သက်တမ်းတိုလာသည့်အလျောက် ဩဇာနှင့် ပတ်သက်နေပါသည်။

ထို့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "ဥတုပိ အာယုံ ဒေတိ"ဟု ဟောပြထားပါသည်။ လောကပါလ တည်းဟူသော ဟီရိ ဩတ္တပ္ပတရား နှစ်ပါးကို မစောင့်စည်းလျှင် လူ့လောကထဲ အစစအရာရာ ချို့ယွင်းပျက်စီးလိမ့်မည်ဆိုတာကို ကျွန်ုပ်တို့သိဖို့ လိုအပ်ပါသည်။ ယခုခေတ် လူတွေက အကျင့်ပျက်ပြားလာလို့ လောကပါလစောင့်နတ်များက မိုး၊ လေ၊ ရေ၊ နေ တို့ကို မှန်အောင်၊ မဖန်တီးသောကြောင့် ရာသီဥတု ဖောက်ပြန်လာပြီး မြေဩဇာဆုတ်ယုတ် ခြောက်ခန်းနေသည့်အခါ ပေါက်ရောက်သည့်အပင်မှ အသီး အရွက်တွေကို စားနေကြသောကြောင့် ဩဇာဓာတ်နည်းပါးသဖြင့် သက်တမ်းတိုကြ၏။ သတ္တဝါများ ခန္ဓကမ္မဇရုပ် မပျက်စီးစေဘဲ စောင့်ရှောက်ထောက်ပံ့တတ်သော

http://www.dhammadownload.com



ဩဇာအာဟာရကို နေ့စဉ်နေ့တိုင်း မှီဝဲစားသုံးနေရသဖြင့် ၎င်းဥတု ဘောဇန နှစ်ပါးတို့၏ ဆုတ်ယုတ်လာမှုကြောင့် အသက်တမ်းများ တိုလာကြသည်။ ထို့ကြောင့် ကျမ်းဂန်၌ ဤသို့ မိန့်ဆိုထားပါသည်။

**ပါဠိ။** ဥတုဘောဇနဝသေန ဟိ သတ္တာနံ အာယု ဟာယတိပိ ဝဍ္ဎတိပိ။ (ဒီ၅ ၂း ၇)

**အနက်။** ဟိ - ထိုစကားမှန်၏။ ဥတုဘောဇနဝသေန၊ ဥတု - ဘောဇဉ်နှစ်ပါးတို့၏ အစွမ်းဖြင့်။ သတ္တာနံ - သတ္တဝါတို့၏။ အာယု - အသက်သည်။ ဟာယတိပိ - ယုတ်လည်းယုတ်၏။ ဝဍ္ဎတိပိ - တိုးလည်းတိုး၏။

ထိုပါဠိတော်အတိုင်း လူတွေက လောကပါလတရားကို စောင့်စည်းရင်း လောကပါလတရားကို စောင့်တဲ့နတ်များက ပြန်၍ စောင့်ရှောက်ကြသဖြင့် ရာသီဥတုမှန်၍ မြေဩဇာထက်သန်ကြသောအခါ အသီး အရွက် ဆန်စပါးကို စားသုံးရသော သတ္တဝါများသည် ဩဇာဓာတ်ကောင်းခြင်းကြောင့် သတ္တဝါတို့၏ အသက်သည် ရှည်ကြ၏။ ထို့ကြောင့် ဥတုပြဋ္ဌာန်းသဖြင့် အကြောင်းကြောင့် ကျေးဇူးပြုပုံကို ပြောင်းဖူးခိုးသော ဦးသူတော်ကို ပြ၏။ ထိုကဲ့သို့ ကျေးဇူးပြုလျက် သတ္တဝါတို့၏အသက်သည် ဩဇာခေါ် အာဟာရကြောင့် တည်မြဲနေကြတယ်။ သက်ရှိသက်မဲ့ ဘုံလောကဓာတ်တစ်ခုလုံး ဩဇာဓာတ်သည် အပြည့်ရှိ၏။ အထင်ရှားရှိ၏၊ ရှိလည်းရှိ၏။ မျက်စိနှင့် ကြည့်လို့မမြင်ပါ။ ကိုင်တွယ်၍ မရ၊ အရွေ့အပြောင်းမခံ၊ အမှုန်အမွှားအနေအားဖြင့် စုလို့, ဆောင်းလို့မရ။ အပေါ့အလေးအားဖြင့် ချိန်လို့, တွယ်လို့မရ။ ဒါဖြင့် ဘယ်လိုရှိတာလဲဆိုလျှင် သတ္တဝါတို့၏ ကမ္မဇရုပ်ကို မိမိဉာဏ်မှာ ပြတ်သားသွားလျှင် အနတ္တပေါက်သည် မည်၏။

## နာမ်အာဟာရ

နာမ်အာဟာရမှာကား ရုပ်အာဟာရကဲ့သို့ စားသုံးခြင်းမပြုဘဲ စိတ်အာရုံအားဖြင့် အသက်ရှည်ခြင်းဖြစ်၏။ ဥပမာအားဖြင့် ပြဟ္မာများသည် ရုပ်အာဟာရကို စားသုံးခြင်း လုံးဝမရှိဘဲ မိမိတို့ ပွားများ ခဲ့သော ဈာန်တရားကိုသာ အာရုံပြု၍ နှစ်သက်ခြင်း ပီတိပြု၍ အသက်ရှည်ရ၏။ ထို့ကြောင့် ကျမ်းဂန်၌ ပြဆိုတော်မူ၏။

**ပါဠိ။** ပီတိဘက္ခာ မနောမယော။

**အနက်။** ပြဟ္မာ - ပြဟ္မာသည်။ ပီတိဘက္ခော - ပီတိကို စားသုံးနေ၏။ မနောမယော - စိတ်အာရုံဖြင့်သာ အာဟာရကိစ္စပြီးစီး၏။

http://www.dhammadownload.com



ပြဟ္မာသည် ပီတိဟူသော အာဟာရဖြင့် အသက်ရှည်၏။ ၎င်းပီတိသည်ပင်လျှင် အာဟာရဖြစ်တော့၏။ သီရိမဟာမာယာကမင်းကြီးသည် ဇောဓိကိုင်းကို နေ့ရော ညပါ မအိပ်မစားဘဲ မတ်တတ်ရပ်လျက် အာရုံပြု နှစ်သက်ခြင်း ပီတိကြောင့် ခုနှစ်ရက်တိုင်တိုင် မစားဘဲ နေနိုင်၏။

ဗိမ္ဗိသာရမင်းကြီးသည် ထောင်အတွင်း၌ အာဟာရ လုံးဝမစားရဘဲ စင်္ကြံသွားလျက် ဈာန်တရားပီတိအာရုံပြုသဖြင့် အသက်ရှည်နေနိုင်၏။ ၎င်းတို့သည် ရုပ်အာဟာရမသွင်းဘဲ နာမ်အာဟာရဖြစ်သောစိတ်အာရုံပီတိသာလျှင် အာဟာရဖြစ်ကြရ၏။ ယခုအခါ သတ္တဝါတွေမှာ ဆုတ်ယုတ်လာ၍ "ပြဟ္မဝိဟာရ" တရားလေးပါး ပျက်ပြားလာကြ၏။ ထိုသို့ "ပြဟ္မဝိဟာရ"တရားများ ပျက်ပြားလာသောကြောင့် အစာအာဟာရ ဩဇာဓာတ်များသည်လည်း ဆုတ်ယုတ် တိုတောင်းလာကြ၏။ အနာရောဂါဝေဒနာလည်း ထူပြောလာကြသည်၊ ဩဇာဓာတ် တိုးတက်ပွားများပါက အနာရောဂါကင်း၍ အသက်လည်း ရှည်ကြမည်တည်း။

## ပြဟ္မစရိယလေးပါး (ဝါ) ပြဟ္မစိုရ်တရားလေးပါး

| | | | |
|---|---|---|---|
| ၁။ | မေတ္တာ | - | ဆင်းရဲချမ်းသာ မရွေး သတ္တဝါအားလုံးအား ချစ်ခင်ခြင်း။ |
| ၂။ | ကရုဏာ | - | ဆင်းရဲသော သတ္တဝါများအပေါ်၌ သနားကြင်နာခြင်း။ |
| ၃။ | မုဒိတာ | - | ချမ်းသာသော သတ္တဝါများအပေါ် ဝမ်းမြောက်ခြင်း။ |
| ၄။ | ဥပေက္ခာ | - | ဆင်းရဲသူတစ်ဦးအား မကူညီနိုင်ပါက ဒေါသမပွားဘဲ လျစ်လျူရှုခြင်း၊ ကံအားလျော်စွာ ဖြစ်ပါစေဟု စိတ်ထားခြင်း။ |

တက်ကပ်တွင် သက်တမ်းအသင်္ချေယျတမ်းအထိ တက်ရာတွင် ၎င်းပြဟ္မစိုရ်တရားလေးပါးတို့နှင့် ကိုက်ညီကြ၏။ ဆုတ်ကပ်တွင်မူ ၎င်းတရားလေးပါးနှင့် ကင်းကွာကြသောကြောင့် သက်တမ်းဆယ်နှစ်အထိ ဆုတ်လျော့လာခဲ့ရာ ကပ်ကြီးသုံးပါးတို့နှင့် ရင်ဆိုင်ကြရလေ၏။ ၎င်းတို့ကား -

| | | | |
|---|---|---|---|
| ၁။ | ရောဂန္တရကပ် | - | အနာရောဂါဘေးဖြင့် ပျက်စီးရခြင်း။ |
| ၂။ | သတ္တန္တရကပ် | - | လက်နက်ဘေးအမျိုးမျိုးဖြင့် ပျက်စီးရခြင်း။ |
| ၃။ | ဒုဗ္ဘိက္ခန္တရကပ် | - | ဝတ်မွတ်ခြင်းဘေးဖြင့် သေကြေပျက်စီးရခြင်း တို့ဖြစ်ကြ၏။ |

http://www.dhammadownload.com



## အာဟာရလေးမျိုး

၁။ ကဗဠီကာရ အာဟာရ၊

၂။ ဖဿ အာဟာရ၊

၃။ မနောသဉ္စေတနာ အာဟာရ၊

၄။ ဝိညာဏ အာဟာရ။

**အဓိပ္ပာယ်**

၁။ **ကဗဠီကာရ အာဟာရ** - သည် အဝိနိဗ္ဘောဂရုပ်ရှစ်ပါးကို မပျက်မစီးအောင် ဆောင်တတ်လေ၏။ ၎င်းအာဟာရသည် ဖြစ်ပြီးသည်၏ အခြားမဲ့၌ အာဟာရကိစ္စသည် ပြီး၏။

၂။ **ဖဿ အာဟာရ** - သည် ဒေါမနဿ၊ သောမနဿ၊ ဥပေက္ခာ ဟူသော ဝေဒနာသုံးပါးတို့ကို ဆောင်တတ်၏။ ၎င်းအာဟာရသည် ဓာတ်သုံးပါး ထိတွေ့ခြင်းဖြင့် အာဟာရကိစ္စပြီး၏။

၃။ **မနောသဉ္စေတနာ အာဟာရ** - သည် ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ တည်းဟူသော ဘဝသုံးပါးကို ဆောင်တတ်၏။ ၎င်းအာဟာရသည် အားထုတ်ခြင်းအားဖြင့် အာဟာရ ကိစ္စပြီး၏။

၄။ **ဝိညာဏ အာဟာရ** - သည် စုတိစိတ်၏ နောက်၌ဖြစ်သော ပဋိသန္ဓေနာမ်ရုပ်တို့ကို ဆောင်တတ်၏။

ဩဇာဓာတ်သည် ရုပ်အသစ်သစ်ဖြစ်စေမှု, သတ္တဝါတို့၏ အသက်ရှည်ကြာတည်နေမှု ဓာတ်သဘောသက်သက်ဖြစ်၍ ၎င်းဩဇာဓာတ်ကို ယူမရ၊ ကိုင်မရ၊ ပုံစံလည်းမရှိ၊ ချိန်တွယ်၍လည်း မပြနိုင် သော သဘောတရားသက်သက်ဖြစ်၏။ ထို့ကြောင့် ကျမ်းဂန်၌ ဤသို့ ဟောတော်မူပါသည်။

**ပါဠိ။** ဓာတွဋ္ဌော နာမ သဘာဝဋ္ဌော၊ သဘာဝဋ္ဌော နာမ သုညတဋ္ဌော၊ သုညတဋ္ဌော နာမ နိဿတ္တဋ္ဌော။

## သက္ကာယဒိဋ္ဌိ

"သက္ကာယဒိဋ္ဌိ"ပုဒ်ကို ဝိဂ္ဂဟပြုမည်ဆိုလျှင် ဤသို့ ပြုရမည် -

သန္တော + ကာယော သက္ကာယော။

http://www.dhammadownload.com



**အနက်ကား** - သန္တော - ထင်ရှားရှိသော။ ကာယော - ရူပကာယ နာမကာယတည်း။ သက္ကာယော - ထင်ရှားရှိသော ရူပကာယ နာမကာယ။ (ဝါ) ကိုယ်အပေါင်းအစုတည်း။

သက္ကာယေ + ဒိဋ္ဌိ = သက္ကာယဒိဋ္ဌိ။ အနက်ကား - သက္ကာယေ - ထင်ရှားရှိသော ရုပ်တရားစု နာမ်တရားစု၌။ ဒိဋ္ဌိ - ငါ ကိုယ် အသက် ဇီဝ အတ္တ ဟူ၍ လွဲမှားစွာယူခြင်း။ သက္ကာယဒိဋ္ဌိ - ထင်ရှားရှိသော ရုပ်တရားစု, နာမ်တရားစု၌ ငါ၊ ကိုယ်၊ အသက်၊ ဇီဝ၊ အတ္တ ဟူ၍ လွဲမှားစွာ ယူခြင်းတည်း။

ထင်ရှားရှိသော ရုပ်တရား, နာမ်တရားများ၌ ထင်ရှားမရှိ တကယ်မရှိသော ငါ ကိုယ် အသက် ဇီဝ အတ္တ လိပ်ပြာ သူတစ်ပါး ယောက်ျား မိန်းမ ပုဂ္ဂိုလ်များ ရှိကြသည်ဟု မြင်ခြင်း၊ ယူဆခြင်း၊ စွဲလမ်းခြင်းကို "သက္ကာယဒိဋ္ဌိ"ဟု ခေါ်၏။ မိစ္ဆာဒိဋ္ဌိ, အတ္တဒိဋ္ဌိ"ဟုလည်း ခေါ်သေး၏။ တရားကိုယ်အားဖြင့် အတူတူပင်ဖြစ်ကြ၏။

ယခုအခါတွင် နောက်ကပြခဲ့ပြီးသော ရုပ်ဓာတ်နှစ်ပါးကို လေ့လာနားလည်ကြပြီးသောကြောင့် ငါမဟုတ်၊ ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ ဇီဝမဟုတ်ကြောင်းကို ကောင်းစွာသိရှိကြရပေပြီ။ အစမထင် သံသရာ အဆက်ဆက်က မှတ်ထင်စွဲလမ်းလာခဲ့သော မိစ္ဆာဒိဋ္ဌိ အစွဲမှား အမြင်မှားကို သမ္မာဒိဋ္ဌိ အမြင်မှန်, အယူမှန်ဖြင့် တော်လှန်လိုက်ကြပေပြီ။

ရုပ်ဓာတ်ရှစ်ပါးသာ ရှိကြောင်းကို ကောင်းမွန်စွာ မြင်သိကြပေပြီ၊ ထိုအသိမှန် အမြင်မှန် အစွဲမှန်ကို ပဟာန်သုံးပါးဖြင့် ပိုင်းခြားဝေဖန်ရ၏။ ပဟာန်သုံးပါးကို အောက်ပါတိုင်း အဓိပ္ပာယ်တို့နှင့် တကွ ဖော်ပြထားပါသည်။

## ပဟာန်သုံးပါး

၁။ တဒင်္ဂပဟာန် - အသိမှန် အမြင်မှန် အစွဲမှန်အပေါ်မှာ ဆင်ခြင်သုံးသပ်သည့် ခဏတိုင်း အယူမှားတွေကို တစ်ခဏသာ ပယ်ခြင်း၊

၂။ ဝိက္ခမ္ဘနပဟာန် - အယူမှန် အသိမှန်တွေကို စဉ်းစားသုံးသပ် သိမြင်သည့် အချိန်မှစ၍ အချိန်ကြာကြာ သိမြင်နေပြီး အယူမှားများ ပြန်မလာကုန်ဘဲ ပယ်သတ်ထားခြင်း၊

၃။ သမုစ္ဆေဒပဟာန် - တစ်သက်ပတ်လုံး သေသည်အထိ အသိမှား အယူမှားများကို ပြန်မရောက်နိုင်အောင် ပယ်သတ်ခြင်း။

http://www.dhammadownload.com



## ဆောင်ပုဒ်

ရုပ်ဓာတ်ရှစ်ပါး၊ ထိုတရား၊ ငါကား မမှတ်နှင့်။ အသိဓာတ်မင်း၊ လုံးလုံးကင်းလျက်၊ မယွင်းပေါင်းစပ်၊ ဋ္ဌကလာပ်ဟု၊ ရုပ်ဓာတ်ရှစ်ပါး၊ ထိုတရားကို၊ ငါကားမှတ်ထင်၊ ငါသာပင်ဟု၊ ငါပင်လုပ်ခဲ့၊ ငါမဟုတ်ပုံ၊ ရုပ်ဓာတ်စုံကို၊ ကုန်လုံဝေငှ၊ ရှာဖွေပြလည်း၊ ငါဟုမရှိ၊ ထိုအသိကို၊ သတိမြဲမြန်၊ မဖောက်ပြန်နှင့်၊ မမှန်မိစ္ဆာ၊ ဒိဋ္ဌိကွာသည်၊ လေးဖြာအပါယ်၊ လွတ်ကြောင်းတည်း။

ထိုအလင်္ကာဆောင်ပုဒ်အရ ငါမရှိဘဲ၊ ရုပ်ဓာတ်ရှစ်ပါးသာ ရှိကြောင်းကို သိမြင်ပါမူ သက္ကာယဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိတို့မှ ကင်းကွာ၍ အပါယ်ရွာမှ ကျွတ်လွတ်လေတော့၏။

သမ္မုတိသစ္စာဖြစ်သော လောကအသုံးအနှုန်း အခေါ်အဝေါ်များကို လုံးဝမခေါ် မပြော၍လည်း မဖြစ်နိုင်၊ မြတ်စွာဘုရားသည်ပင် -

"မမ ပတ္တော - ငါ၏ သပိတ်၊

မမ စီဝရံ - ငါ၏ သင်္ကန်း၊

မမ သိဿော - ငါ၏တပည့်"

စသည်ဖြင့် "ငါ"ဟူသော ပညတ်ဝေါဟာရကို သုံးတော်မူရသေးသည်။ မသုံး၍ကား လုံးဝမဖြစ်ပါ။ ဝမ်းတွင်းစိတ်သဘော အသိဉာဏ်ကသာ အမှန်မြင်က တရားပါရ၏။ အတ္တစွဲ အယူများမှ လွတ်ပါ၏။

**ဥပမာ** - နှီးဖြင့် ယက်လုပ်ထားသော ကျားရုပ်၊ ဆင်ရုပ်စသည်တို့နှင့် တူ၏။ အခေါ်အဝေါ် အမြင်ကား ကျားဟု ဆင်ဟုပင် ခေါ်၏၊ ပြော၏။ အသိဉာဏ်မှာကား နှီးဖြင့် ယက်လုပ်ထားသော အရုပ်ဟု သိထားသကဲ့သို့ဖြစ်၏။ အသိသာ မူလဖြစ်၏။ သမ္မုတိလောကအနေအားဖြင့် သုံးစွဲနေသော အခေါ်အဝေါ်များကို မဖောက်မဖျက်ဆီးရာ။ ဉာဏ်အသိမှာသာ အမှန်သိရမည်ဖြစ်၏။

## သက္ကာယဒိဋ္ဌိဖြစ်ခြင်းအကြောင်း

သက္ကာယဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းများကို ရဟန်းတော်များက မေးမြန်းလျှောက်ထားရာ မြတ်စွာဘုရားက အောက်ပါအတိုင်း ဟောကြားခဲ့၏။

http://www.dhammadownload.com



**ပါဠိ။** ဣမာ ဘိက္ခဝေ အသုတပုဗ္ဗ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ အရိယဓမ္မေ အဝိနီတော သပ္ပုရိသာနံ အဒဿာဝီ သပ္ပုရိသဓမ္မဿ အကောဝိဒေါ သပ္ပုရိသဓမ္မေ အဝိနီတော။

**အဓိပ္ပါယ်မှာ -**

၁။ အရိယာပုဂ္ဂိုလ်တို့အား ဖူးမြင်လေ့မရှိခြင်း။
၂။ အရိယာပုဂ္ဂိုလ်တို့၌ သိကျွမ်းလိမ္မာမှုမရှိခြင်း။
၃။ အရိယာပုဂ္ဂိုလ်တို့၌ စူးစမ်းလေ့လာမှုမရှိခြင်း။
၄။ သူတော်ကောင်းတို့အား ပူဇော်လေ့မရှိခြင်း။
၅။ သူတော်ကောင်းတို့၌ သိကျွမ်းလိမ္မာမှု မရှိခြင်း။
၆။ သူတော်ကောင်းတရားတို့၌ စူးစမ်းလေ့လာမှု မရှိခြင်း။

ဤအကြောင်းခြောက်ပါးတို့ကြောင့် အန္ဓပုထုဇဉ်များ သက္ကာယဒိဋ္ဌိဖြစ်ကြရသည်ဟု ဖြေကြားတော်မူခဲ့ပါသည်။

တစ်ဖန် မဂ်ရကြောင်း၊ ဖိုလ်ရကြောင်းသည် ရုပ်နာမ်တရားများကို သိမြင်မှသာ ဖြစ်နိုင်ကြောင်း၊ အကယ်၍ ရုပ်ဓမ္မ နာမ်ဓမ္မများကို မသိမမြင်ပါက မိစ္ဆာဒိဋ္ဌိသာ ဖြစ်ရကြောင်းကိုလည်း အောက်ပါအတိုင်း ဟောတော်မူခဲ့ပါသည်။

**ပါဠိ။** ယဉ္စ လောကေ သစ္စသမ္မတံ၊ တဉ္စ အဘိဝဒန္တိ၊ တသ္မာ တေသံ သမဏဗြာဟ္မဏာနံ မိစ္ဆာဒိဋ္ဌီတိ ဝဒါမိ။

**အနက်။** လောကေ - လူ့ရောနတ်ပါ ပြဟ္မာမလပ် လောကဓာတ်ကြီးအတွင်း၌။ ယဉ္စ - အကြင် ရုပ်နာမ်ဓမ္မကိုလည်း။ သစ္စသမ္မတံ - မဂ်ရကြောင်း ဖိုလ်ရကြောင်း တရားကောင်း တရားမှန်ဟူ၍ ဧကန် မယုတ် သမုတ်တော်မူအပ်၏။ တဉ္စ - ထိုမဂ်ရကြောင်း ဖိုလ်ရကြောင်း တရားကောင်း တရားမှန်ကိုလည်း။ အဘိဝဒန္တိ - အထင်လွဲ အမြင်လွဲနှင့် တမင်ပဲ ရှောင်ကွင်း၍ ပြောင်ပြင်းကာ ပြောကုန်တော့၏။ တသ္မာ - ထို့ကြောင့်။ တေသံ သမဏဗြာဟ္မဏာနံ - ထိုရဟန်းပုဏ္ဏားတို့အား။ မိစ္ဆာဒိဋ္ဌီတိ - မှားသောအယူဟူ၍။ (ဝါ) ဗုဒ္ဓဘာသာ အယူရှိပေမဲ့ မိစ္ဆာဒိဋ္ဌိဖြစ်ရ၏ဟူ၍ ပြောင်ပြင်းကာ ပြောကြကုန်တော့၏။ တသ္မာ - ထို့ကြောင့်။ တေသံ သမဏဗြာဟ္မဏာနံ - ထိုရဟန်းပုဏ္ဏားတို့အား။ မိစ္ဆာဒိဋ္ဌီတိ - မှားသော အယူဟူ၍။ (ဝါ) ဗုဒ္ဓဘာသာ အယူရှိပေမဲ့ မိစ္ဆာဒိဋ္ဌိဖြစ်ရ၏ဟူ၍။ ဝဒါမိ - ငါဘုရားက မမှားပုံသေ ဟောခဲ့လေ၏။

http://www.dhammadownload.com



## ရင်ဝလုံးစူး ထိပ်ဦးမီးလောင်

သံသရာဘေးကို ကြောက်သောသူသည် သက္ကာယဒိဋ္ဌိခေါ် မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ အစွဲကို လက်ဦးမြန်စွာ ကွာစေရာ၏ ဟူ၍လည်းကောင်း အောက်ပါအတိုင်း ဟောတော်မူခဲ့ပြန်၏။

**ပါဠိ။** သတ္တိယာ ဝိယ ဩမဋ္ဌော ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ သတော ဘိက္ခု ပရိဗ္ဗဇေ။

**အနက်။** သတ္တိယာ - လှံမကြီးဖြင့်။ ဩမဋ္ဌော - ရင်ဝ၌ စူးဝင်သောသူသည်။ သတ္တိ - လှံမကြီးကို။ ပရိဗ္ဗဇေဝိယ - ဆွဲထုတ်ယူသကဲ့သို့လည်းကောင်း။ မတ္ထကေ - ဦးခေါင်း၌။ ဍယှမာနော - လောင်မီးစွဲခံရသောသူသည်။ တံ အဂ္ဂိံ - ထိုလောင်မီးကို။ ပရိနိဗ္ဗာယေယျ ဣဝ - ငြိမ်းသတ်သကဲ့သို့လည်းကောင်း၊ ဧဝံ - ထို့အတူသာလျှင်။ သတော - သံသရာဘေး လာမည့်ရေးကို မျှော်တွေးထောက်ဆ ကြောင့်ကြခြင်းရှိသော။ ဘိက္ခု - ရဟန်းသည်။ သက္ကာယဒိဋ္ဌိံ - လုံ မီးနှင့်တူသော သက္ကာယဒိဋ္ဌိကို။ ပဟာနာယ - ပယ်ခြင်းငှာ။ ပရိဗ္ဗဇေ - ဘာဝနာလက်ဖြင့် ဒဏ်ရာ ဒဏ်ချက်ကို သွက်သွက်ကြီး နုတ်ပယ်သင့်ပေ၏။

၎င်းသက္ကာယဒိဋ္ဌိခေါ် အတ္တဒိဋ္ဌိအယူရှိမှသာ အပါယ်သို့ ကျရောက်နိုင်ကြောင်း အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပါသည်။

**ပါဠိ။** သဗ္ဗာနိ စ အပါယဂါမိနိကမ္မာနိ နာမ အတ္တဒိဋ္ဌိယာ သတိယာ ဧဝ အာပဇ္ဇတိ၊ အသတိယာ န အာပဇ္ဇတိ။

**အနက်။** သဗ္ဗာနိ စ - အလုံးစုံလည်းဖြစ်ကုန်သော။ အပါယဂါမိနိကမ္မာနိ နာမ - အပါယ်သို့ လားစေသော ကံတို့မည်သည်ကား။ အတ္တဒိဋ္ဌိယာ - အတ္တဒိဋ္ဌိသည်။ (ဝါ) မိစ္ဆာဒိဋ္ဌိသည်။ သတိယာ ဧဝ - ရှိမှသာလျှင်။ အာပဇ္ဇတိ - ရောက်ရ၏။ အသတိယာ - အတ္တဒိဋ္ဌိမရှိခဲ့သော်။ န အာပဇ္ဇတိ - မရောက်ရချေ။

ထိုမှတစ်ပါး အတ္တဒိဋ္ဌိ လွတ်ကင်းပါမူ ကလျာဏပုထုဇဉ်တန်းသို့ လှမ်းလျက် အရိယာဘုံသို့ ရောက်ကြောင်းကိုလည်း အောက်ပါအတိုင်း ဟောကြားတော်မူခဲ့၏။

**ပါဠိ။** ကလျာဏပုထုဇ္ဇနော နာမ အရိယဘူမိံ ဩက္ကမတိ။

http://www.dhammadownload.com



**အနက်။** ကလျာဏပုထုဇ္ဇနော နာမ - ကလျာဏပုထုဇဉ်မည်သည်ကား။ အရိယဘူမိံ - အရိယာ ဘုံသို့။ ဩက္ကမတိ - သက်ရောက်၏။

ထိုအထောက်အထားကို ကြည့်ရှုခြင်းအားဖြင့် "အတ္တဒိဋ္ဌိ" "သက္ကာယဒိဋ္ဌိ"ကို အမြန်ဆုံးကွာစေရန် အထူးအရေးကြီးကြောင်း နားလည်သင့်ပေသည်။

ပထဝီကစ၍ ဩဇာဓာတ်အထိ ရှစ်ပါးတို့သည် သဘောသက်သက်မျှသာတည်း။ ပထဝီကစ ဓာတ်ရှစ်ပါး ပေါင်းထားခြင်းကို အဋ္ဌကလာပ်ရုပ်ဟု ခေါ်၏။ ၎င်းရှစ်ပါး ပေါင်းနေပုံကို ဥပမာအားဖြင့် ပြရလျှင် -

ကိတ်မုန့်တစ်လုံးကို ပန်းကန်ပြားတစ်ချပ်ထဲသို့ ထည့်ထားပါ။ ဉာဏ်မျက်စိနှင့် ကြည့်ပါ။ ၎င်းကိတ်မုန့်ကို လက်နှင့်တို့ကြည့်ပါ။ ပျော့တယ်ဆိုတဲ့ ပထဝီဓာတ်အပြည့် တွေ့ရတတ်သည်။ ကိတ်မုန့်မတွေ့ ကိန်မုန့်မဖြစ်ခင်က ကစဉ့်ကလျားနေသော ဂျုံမှုန့်ကလေးတွေကို ကိတ်မုန့်ကလေး၊ ကိတ်မုန့်အလုံးကြီး ဖြစ်အောင် ဖွဲ့စည်းထားသော သဘောသာလျှင် အပြည့်ရှိကြောင်းကို ဉာဏ်မျက်စိဖြင့် မြင်ရသည်။ ကိတ်မုန့်မရှိ ဂျုံမှုန့်လုံး၌ ပူသောသဘော၊ ရင့်ကျက်စေသောသဘော ဥဏှတေဇောကိုသာ တွေ့ရသည်။ ကိတ်မုန့်မရှိ၊ ကိတ်မုန့်မဖုတ်မီ ပုံစံခွက်ထဲ၌ တစ်ဝက်သာသာလောက်ရှိသော မုန့်ရည်သည် မီးဖြင့် ဖုတ်သောအခါ အပူဥတုကြောင့် ခွက်ပေါ် မောက်တက်လာအောင် ဝါယောဓာတ်ဖြင့် ထောက်ကန်ထားခြင်းဖြင့် ဝါယောဓာတ်ကိုသာလျှင် တွေ့သည်။ ကိတ်မုန့်မတွေ့။ ၎င်းလေးပါးသော အမာခံဓာတ်ဖြစ်၍ မြင်ကောင်းသော မြင်နိုင်သော ကိတ်မုန့်တစ်လုံးနေရာ၌ ဝဏ္ဏရုပ်အပြည့် ရှိသည်။ ကိတ်မုန့်မရှိ ၎င်းကိတ်မုန့်ကို လျှာနှင့်တို့ကြည့်လျှင် ချိုတဲ့အတွေ့သဘော ရသာရုပ် အပြည့် ရှိသည်၊ ကိတ်မုန့်မရှိ။ ကိတ်မုန့်ကိုစားလျှင် သတ္တဝါတို့၏ ကမ္မဇရုပ်ကို မပျက်စီးစေဘဲ အသစ်အသစ်ဖြစ်အောင် ထောက်ပံ့တတ်သော ဩဇာဓာတ်သာ အပြည့်ရှိသည်။ ကိတ်မုန့်သည် ပညတ်တရားမို့ အစကတည်းက ရှိတဲ့တရားမဟုတ်။ ရှိတဲ့ပရမတ် တရားဖြစ်သော ရုပ်ရှစ်ပါးသာ ထင်ရှားရှိ၏။ လောကကြီးတစ်ခုလုံး သက်ရှိသက်မဲ့ အရာဝတ္ထုဟူသမျှ ကိတ်မုန့်ကြီးနှင့် သဏ္ဍာန်တူစွာ ရုပ်ဓာတ်ရှစ်ပါးသာရှိကြောင်း ဉာဏ်မှမြင်ပါစေ။

၎င်းကိတ်မုန့်ကြီးကို ဓာတ်တစ်ပါးချင်း သူ့သဘောနှင့်သူ ရှင်းအောင် ခြားနားပြသော်လည်း ၎င်းဓာတ်ရှစ်ပါးကို ခွဲလို့ခွါလို့ မရကောင်းသောကြောင့် "အဝိနိဗ္ဘောဂရုပ်"ခေါ်၏။ ထင်ရှားအောင် ကိတ်မုန့်ပုံတူ ရှစ်လုံးကို တစ်လုံး ဓာတ်တစ်ပါးစီ ထားပြီး ခွဲပြပါ။ ၎င်းနောက် တစ်လုံးထဲ ထပ်ပေါင်း

http://www.dhammadownload.com



လိုက်ပါ။ ဝတ္ထုပစ္စည်းအနေအားဖြင့် ပေါင်းမရကြောင်း ရေကို အခြားအရောင်ရော၍ ဖန်ခွက်နှင့်ပြပါ။ ကိန်မုန့်ကြီး လုံးလုံးပျောက်အောင် ဖျောက်ကြည့်စမ်းပါ။ ပထဝီဓာတ်တစ်လုံး နုတ်ကြည့်လိုက်လျှင် ကိန်မုန့် ပျောက်မှာပေါ့၊ ပထဝီဓာတ်က အခြေခံဓာတ်ဖြစ်သဖြင့် ၎င်းဓာတ်နုတ်လိုက်ရင် ကျန်တဲ့ ခုနှစ်ပါးသောဓာတ် သည် အဝိနိဗ္ဘောဂရုပ် ဖြစ်ခြင်း အကုန်လုံး ပါသွားလေသောကြောင့် ကိတ်မုန့်ကြီး ပျောက်သွား ခြင်းဖြစ်သည်။ ဒါကြောင့် ကိတ်မုန့်မရှိ ဓာတ်ရှစ်ပါးသာလျှင် ရှိသည်။ ကိတ်မုန့်မရှိဘဲ ဓာတ်ရှစ်ပါးသာလျှင် သဘောသက်သက်အားဖြင့် ရှိတယ်ဆိုတာ ဉပမာမျှသာဖြစ်၍ ဉပမေယျတည်း ဟူသော မိမိတို့ပေါ်မှာ တင်ကြည့်ရလိမ့်မည်။

အန္တပုထုဇဉ်များသည် အဝိဇ္ဇာဏက၊ သဝိဇ္ဇာဏက သက်ရှိသက်မဲ့ ရှိရှိသမျှ အတုံး အလုံး အခဲဟု တစ်သံသရာလုံးက အစွဲနာလာကြသဖြင့် ၎င်းအစွဲပျောက်အောင် မိမိကိုယ်ကို ခေါင်းကအစ ခြေဖျားအထိ တို့ကြည့်, ထိကြည့် မာတဲ့သဘော၊ ပျော့တဲ့သဘော ပထဝီဓာတ်သာလျှင် အတွင်းအပြင် အပြည့်တွေ့ရသည်။ ပထဝီဓာတ်သာ ထင်ရှားသည်။ ခေါင်းမရှိ ခြေမရှိ လက်မရှိ ဘာမျှမရှိ ငါမရှိ သူမရှိ မိမိကိုယ်ဟာ တစ်လုံးတစ်ခဲတည်းအဖြစ် ဖွဲ့စည်းထားတဲ့ အာပေါသဘောသာရှိသည်။ ငါ့ကိုယ်မရှိ၊ ငါမရှိ၊ မိမိကိုယ်ကို စမ်းကြည့်ပါ။ ပူသော အေးသော သဘောသာလျှင် အပြည့်ရှိသည်။ ပူမှု အေးမှုကြောင့် ငယ်ရာကကြီးလာအောင် ရင့်ကျက်စေသောသဘော တေဇောဓာတ်သာလျှင်ရှိ သည်။ ငါ့ကိုယ်မရှိ ငါမရှိ မိမိကိုယ်မှာရှိတဲ့ အစိတ်အပိုင်းဟူသ၍ လိုသလို လှုပ်ရှားနေနိုင်တယ်။ ကြီးထွားလာအောင် ထောက်ကန် ထားတဲ့ ဝါယောဓာတ်သာလျှင် အမြဲအပြည့်ရှိ၏။

ငါမရှိ ငါ့ကိုယ်မရှိ မိမိကိုယ်ကို ဘယ်ကကြည့်ကြည့် မြင်ရသည်။ မြင်နိုင်တယ်ဆိုတဲ့ အမြင် သဘော ဝဏ္ဏဓာတ်သာ ရှိသည်။ ငါ့ကိုယ်မရှိ ငါမရှိ မိမိကိုယ်ကို ဘယ်နေရာနမ်းကြည့်ကြည့် နံတတ် သော သဘောသာလျှင် ရှိသည်။ ငါကိုယ်မရှိ ငါမရှိ မိမိကိုယ်ကို လျှာနဲ့တို့ကြည့်လျှင် အရသာတည်း ဟူသော ရသာဓာတ်သည် နေရာမလပ်ရှိသည်။ ငါ့ကိုယ်မရှိ ငါမရှိ မိမိကိုယ်က အသွေးအသားကို တစ်ပါးသော သတ္တဝါများစားလျှင် အသက်ရှင်စေနိုင်တဲ့ ဩဇာဓာတ် အပြည့်ရှိသည်။ ငါမရှိ ငါ့ကိုယ် မရှိ၊ ဒါကြောင့် မိမိကိုယ်ကို ဆင်ခြင်သုံးသပ်ကြည့်လျှင် ဓာတ်ရှစ်ပါးသာလျှင် ရှိသည်ဟု ဉာဏ်မှာ ပြတ်သားလျှင် ပုဂ္ဂိုလ် သတ္တဝါ ဆိတ်သုဉ်းသွားပြီး အနတ္တပေါက်သွားတာပဲ။

သတ္တဝါများ ရုပ်ပေါ်မှာ အစွဲနာနေတတ်ကြသဖြင့် ၎င်းရုပ်ပေါ်ကို သက္ကာယခွဲကြည့်ပါ။ ရုပ်ဓာတ် ရှစ်ပါးထဲမှာ ငါရှိသလား၊ ရုပ်ဓာတ်ရှစ်ပါးသာ ရှိသည်။ ရုပ်ဓာတ်ရှစ်ပါးထဲမှာ ငါမရှိ၊ ငါထဲမှာ

http://www.dhammadownload.com



ရုပ်ဓာတ်ရှစ်ပါး ရှိသလား၊ ငါထဲမှာ ရုပ်ဓာတ်ရှစ်ပါး မရှိ၊ ရုပ်ဓာတ်ရှစ်ပါးသာရှိသည်။ ရုပ်ဓာတ်ရှစ်ပါးဟာ ငါဟုတ်ကဲ့လား၊ ရုပ်ဓာတ်ရှစ်ပါးသာ ဟုတ်သည်၊ ငါမဟုတ်။ ငါသည် ရုပ်ဓာတ်ရှစ်ပါး ဟုတ်ကဲ့လား၊ ရုပ်ဓာတ်ရှစ်ပါးသာ ဟုတ်သည်၊ ငါမဟုတ်။ ငါသည် ရုပ်ဓာတ်ရှစ်ပါးဟုတ်ကဲ့လား၊ ရုပ်ဓာတ်ရှစ်ပါးသာ ဟုတ်သည်၊ ငါမဟုတ်။ ဘာလို့ ငါမဟုတ်၊ ငါမရှိသလဲဆိုရင် အစကတည်းက ငါမရှိဘူးဆိုတာ ပိုင်ပိုင် နိုင်နိုင်သိပြီး ဓာတ်သဘောပေါက်သွားလျှင် ငါဟုတ်ခြင်း၊ ငါလုပ်ခြင်း၊ ငါရှိခြင်းလို့ မရပါဘူး။ ဒါကြောင့် ပရမတ် သဘော၊ ဓာတ်သဘောကို တစ်ပါးမပေါက် တစ်ပါးပေါက်အောင် ချဲ့၍ပြရသည်။ အကုန်ပေါက်ရမည်လို့ မဆိုလိုပါ။

ဓာတ်တစ်ပါးတည်းပေါက်လည်း အနတ္တပေါက်သဖြင့် နိဗ္ဗာန်ရောက်နိုင်ကြောင်းကို "စတုန္နံ ဓာတူနံ ဧကေဒေသမတ္တမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ"လို့ ပြခဲ့သဖြင့် ဓာတ်တစ်ပါးလောက်ပေါက် ရင် အနတ္တပေါက်သည်ဖြစ်၍ "ဧကော ဓမ္မော"လို့ မြတ်စွာဘုရားက ဟောတော်မူသည့်အတိုင်း အနတ္တ မပေါက်ဘဲ ရုပ်ဓာတ်ရှစ်ပါးကို သဘောရောက်အောင် ဉာဏ်ချက်ထောက်မိသွားလျှင် မိမိကို ရော သူတစ်ပါးကိုရော ငါပဲ၊ သူပဲ မစွဲတော့ပါဘူး။ ဆိတ်သုဉ်းသွားလျှင် သက္ကာယဒိဋ္ဌိကွာပုံကို သေသေ ချာချာ ကြည့်ပါ။ အန္ဓပုထုဇဉ်များ အစွဲကြီးစွဲလာတဲ့ သက္ကာယခြောက်ဆယ့်နှစ်ပါး၊ အကျယ်အားဖြင့် ကိလေသာ တစ်ထောင့်ငါးရာ။ အကျဉ်းအားဖြင့် ကိလေသာဆယ်ပါးရှိရာမှာ ယခုပြခဲ့တဲ့ ဓာတ်တစ်ပါး တည်းကို သဘောပေါက်ရောက်အောင် ဒိဋ္ဌိကိလေသာနှင့် ဝိစိကိစ္ဆာကိလေသာတို့ကို ပယ်နိုင်သည် ဖြစ်၍ သောတာပတ္တိဉာဏ် ရပြီးသားပုဂ္ဂိုလ်နှင့် ပယ်တာချင်းအတူတူပင် ပယ်နိုင်သည်ဖြစ်လျက် မဂ်ဇော မဂ်ဝီထိမကျသေးတာပဲ ကွာသည်။ သို့အတွက် ပရမတ်နှင့် ပညတ်တွဲနေခြင်းကို ခြားခြာနားနား သိပြီးနောက် မာတဲ့သဘော, ပျော့သဘောဆိုတဲ့ ပထဝီဓာတ်တစ်လုံးကို မိမိကိုယ်ပေါ်မှာတင်ပြီး သုံးသပ်ပွားများလိုက်လျှင်၊ ငါ သူတစ်ပါး ယောက်ျား မိန်းမ ဘာမျှမရှိတော့ဘဲ ပထဝီသဘောသာ ဉာဏ်မှာ မြင်နေလျှင် အနတ္တမြင်သည် ခေါ်၏။ အနတ္တပေါက်လျှင် သက္ကာယဒိဋ္ဌိ ဘယ်နည်းနှင့်မျှ ကပ်လို့မရပါဘူး။ အနတ္တပေါက်လျက်သားနှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘူးဟု ဘုရားက မဟောပါဘူး။ ပထဝီတစ်လုံးပေါက်လို့ တရားရပုံကို ရာဟုလာ အမွေတောင်းခန်းမှာ မြတ်စွာဘုရားက ဓမ္မအမွေအား ဖြင့် ရာဟုလောဝါဒသုတ်မှာ -

**ပါဠိ။** ပထဝီဓာတုံ အနတ္တတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဟီယတိ။

**အနက်။** ပထဝီဓာတုံ - မာတဲ့သဘော ပျော့တဲ့သဘော တည်းဟူသော ပထဝီဓာတ်ကို။

http://www.dhammadownload.com



အနတ္တတော - ငါမဟုတ် သူမဟုတ် ယောကျ်ားမဟုတ် မိန်းမမဟုတ် အနတ္တသဘောအားဖြင့်။ ဇာနတော - ဉာဏ်မှာသိခြင်းကြောင့်။ ပဿတော - မြင်ခြင်းကြောင့်။ သက္ကာယဒိဋ္ဌိ - ငါ သူတစ်ပါး မိန်းမ ယောကျ်ား ထင်နေတဲ့ သက္ကာယဒိဋ္ဌိစွဲကြီးကို။ ပဟီယတိ - ပယ်ဖျောက်အပ်၏။

ဟူ၍ ဟောပြသည်၏အဆုံး ရာဟုလာ မဂ်ဉာဏ်, ဖိုဉာဏ် ရသွားခြင်းကို ထောက်ပြီး မိမိကိုယ် ပေါ်မှာတင်ပြီး ဆင်ခြင်ကြပါကုန်။ သုံးသပ်လိုက်လို့ သက္ကာယဒိဋ္ဌိ ပြုတ်ဖို့သာ အရေးကြီးသည်။ တစ်ထောင့် ငါးရာကိလေသာကို အကုန်လုံးရှောင် သတ်ရမည်မဟုတ်။ သတ်စရာမလိုသဖြင့် အဆိပ်ပင်ကို ရေသောက် မြစ်ကဖြတ်ပြီး သတ်သကဲ့သို့ ရေသောက်မြစ်နှင့်တူသော ဒိဋ္ဌိကိလေသာ သတ်လိုက်လျှင် မြစ်သေး၊ မြစ်မွှား နှင့်တူသော နောက်ပါကိလေသာတွေကို ရှောင်သတ်နေစရာမလိုဘဲ တဖြည်းဖြည်းခြောက်ပြီး အပင်ပါ သေသွားသကဲ့သို့ သူ့အဆင့်အတန်းနှင့်သူ သတ်ပြီးဖြစ်သဖြင့်၊ ရုပ်ဓာတ်ရုစ်ပါး သဘောပေါက်လျှင် သမ္မာဒိဋ္ဌိဉာဏ်ရ၍ မိစ္ဆာဉာဏ်ပျောက်လျှင် ရုပ်ပေါ်စွဲနေသော တဏှာ မာန ဒိဋ္ဌိ တည်းဟူသော ပပဉ္စတရား သုံးပါးဟာ ပူးချင်တိုင်း ကပ်ချင်တိုင်း မရတော့ပါ။ ဒါကြောင့် ယခုပြခဲ့ပြီးတဲ့ ပညတ်, ပရမတ်, ရုပ်ဓာတ်ရုစ် ပါးကို ပိုင်းပိုင်းခြားခြား မြင်ရသော ဝိပဿနာ ပညာမရှိခင် ငါရှိ ငါဟုတ် ငါထင်နေကြသော အန္ဓပုထုဇဉ် ဘဝကနေပြီး ငါမရှိ ငါမဟုတ်တော့ဘဲ ရုပ်ဓာတ်ရုစ်ပါးသာ ရှိကြောင်း ပြတ်ပြတ်သားသား သဘောပေါက် သည်နှင့်တစ်ပြိုင်နက် သမ္မာဒိဋ္ဌိ ဉာဏ်ကို ရသဖြင့် -

**ပါဠိ။** တဿ ပစ္စယံ ဝဝတ္ထပေတွာ အတီတေပိ ပစ္စယော စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ၊ အနာဂတေပိ ဧတရဟိပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ၊ တတော ဥဒ္ဓံ သတ္တော ဝါ ပုဂ္ဂလော ဝါ နတ္ထိ၊ သုဒ္ဓသင်္ခါရပုဉ္ဇော ဧဝါ တိ တီသု အဒ္ဓါသု ကင်္ခံ ဝိတရတိ။ အယံ ပန ဝိပဿနာသင်္ခါရ သလ္လက္ခဏာ ဉာတပရိညာ နာမ။

ဧဝံ သင်္ခါရေ သလ္လက္ခေတွာ ဌိတဿ ပန ဘိက္ခုနော ဒသဗလဿ သာသနေ မူလံ ဩတိဏ္ဏံ နာမ ဟောတိ။ ပတိဋ္ဌာ လဒ္ဓါ နာမ၊ စူဠသောတာပန္နော နာမ ဟောတိ နိယတဂတိကော။ (ဘိ၊ ဋ္ဌ၊ ၂၊ ၂၄၂။)

**အနက်။** တဿ - ထိုတရား၏၊ ပစ္စယံ - အကြောင်းကို။ ဝဝတ္ထပေတွာ - ပိုင်းခြား၍။ အတီတေပိ - အတိတ်ဘဝ၌လည်းကောင်း။ ပစ္စယာ စေ - အဝိဇ္ဇာ၊ တဏှာ၊ ကံ အကြောင်းတရားတို့သည်လည်းကောင်း။ ပစ္စယသမုပ္ပန္နဓမ္မာ စ - ခန္ဓာငါးပါး အကျိုးတရားတို့သည်လည်းကောင်း။ အနာဂတေပိ - အနာဂတ် ဘဝ၌လည်းကောင်။ ဧတရဟိပိ - ပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ ပစ္စယာ

http://www.dhammadownload.com



၈၀ - ခန္ဓာငါးပါး အကြောင်း တရားတို့သည်။ ပစ္စယသမုပ္ပန္နဓမ္မာ စ - အကျိုးတရားတို့သည် လည်းကောင်း၊ ဥပ္ပန္နတ္ထိ - ဖြစ်ကြလေကုန် ၏။ တတော - ထိုအကြောင်းတရား အကျိုးတရားတို့ထက်။ ဥဒ္ဓံ - အပိုအလွန်၊ ပုဂ္ဂလော ဝါ -ပုဂ္ဂိုလ်သည်လည်းကောင်း၊ သတ္တော ဝါ - သတ္တဝါသည်လည်းကောင်း၊ နတ္ထိ - မရှိ။ သုဒ္ဓသင်္ခါရ ပုဉ္ဇောဧဝ - သတ္တဝါမဖက် သက်သက်သော ရုပ်ဓမ္မ နာမ်ဓမ္မ သင်္ခါရ အစုအပုံသာလျှင်။ ဟောတိ - ဖြစ်၏။ ဣတိ - ဤသို့။ တီသု - သုံးပါးကုန်သော။ အဒ္ဓါသု - ကာလ သုံးပါးတို့၌။ ကင်္ခံ - ယုံမှားခြင်းကို။ ဝိတရတိ - လွန်မြောက်နိုင်လေတော့၏။ အယံ ပန - ဤသည် ကား။ ဝိပဿနာသင်္ခါရသလ္လက္ခဏာ - ဝိပဿနာကို ကောင်းစွာမှတ်ခြင်းသည်။ ဉာတပရိညာ နာမ - ဉာတပရိညာမည်၏။

၈၀ံ - ဤသို့။ သင်္ခါရေ - သင်္ခါရတရားတို့ကို။ သလ္လက္ခေတွာ - ကောင်းစွာမှတ်သား၍။ ဌိတဿ - တည်သော။ ဘိက္ခုနော ပန - ရဟန်းအား။ ဒသဗလဿ - မြတ်စွာဘုရား၏။ သာသနေ- သာသနာ တော်၌။ မူလံ - အမြစ်အရင်းသို့။ ဩတိဏ္ဏော နာမ - သက်ရောက်ခြင်းမည်သည်။ ဟောတိ- ဖြစ်၏။ ပတိဋ္ဌာ - တည်ရာကို။ လဒ္ဓါ နာမ - ရအပ်သည်ဖြစ်သည်။ ဟောတိ - ဖြစ်၏။ နိယတဂတိ ကော - မြဲသောဂတိရှိသော။ စူဠသောတာပန္နော နာမ - စူဠသောတာပန် အမည်ရှိသည်။ ဟောတိ- ဖြစ်၏။

ငါ သူတစ်ပါး ယောကျ်ား မိန်းမဟု မယူဘဲ ရုပ်ဓာတ်သက်သက်ရှိကြောင်း သိသောအားဖြင့် ရုပ်ပေါ်မှာ ယုံမှားခြင်းမရှိဘဲ၊ ရုပ်သဘောသက်သက်ပဲ တစ်ထစ်ချ ဆုံးဖြတ်နိုင်လေ၏။ ဒါကြောင့် အတိတ် ဘဝ, ပစ္စုပ္ပန်ဘဝ, အနာဂတ်ဘဝ ကာလသုံးပါးစလုံး ယုံမှားခြင်းမရှိသဖြင့် ၎င်းကို ဉာတပရိ ညာခေါ်၏။ အဲဒီ ဉာတပရိညာစခန်း လှမ်းမိပလားဆိုလျှင် မြတ်စွာဘုရား၏ သားတော် သမီးတော် စာရင်းကို သွင်းတယ်။ လက်ရှိ တပည့်လည်းခေါ်၏။ ဉာဏ်အမြင် ရင့်သန်လာလျှင် သာသနာတွင်း သက်ဆင်းပြီးသား ဖြစ်တယ် လို့ ဟောတော်မူ၏။ ယခုလို ရုပ်သဘောကို ပိုင်းပိုင်းခြားခြားအားဖြင့် အန္ဓပုထုဇဉ်ဘဝက အခြားသော ကုသိုလ်တွေပြုလုပ်ပြီး အထင်ကြီးတာဟာ မှားမှန်းသိရပါတော့သည်။ သို့အတွက် ဘုရားမှားစရာ၊ တရားမှားစရာမရှိဘဲ စိတ်ချယုံကြည်လျက် မပျက်သော သဒ္ဓါတရား နှင့် ထက်သန်လေ၏။ ဒါကြောင့် အန္ဓပုထုဇဉ် ဘဝက ကလျာဏပုထုဇဉ်ဘဝ ပြောင်းသွားပုံကို ဉာဏ်နှင့် ဝေဖန်ပါ။ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, ဘုံလောကဓာတ်ရှိ တယ်လို့ သက္ကာယဒိဋ္ဌိအယူ ယူဆနေကြတဲ့ အန္ဓပုထုဇဉ်များ အမှီပြုသော သမ္မောဟဘုံကနေပြီး သက္ကာယဒိဋ္ဌိပြုတ်လိုက်သည်နှင့် တစ်ပြိုင်နက် အရိယာများ အမှီပြုနေတဲ့ အသမ္မောဟဘုံ ပြောင်းသွား

http://www.dhammadownload.com



ခြင်းကို တစ်ဘုံမှတစ်ဘုံ ပြောင်းသည်ခေါ်၏။ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမရှိတဲ့အနေနဲ့ အဆင်းရဲခံပြီး ပျော်မွေ့ခဲ့တာဟာ သမ္မောဟဘုံကို အမှီပြုနေခြင်းကြောင့် လောဘ, ဒေါသ အစွမ်းကုန် လွယ်ထားခဲ့ပေမဲ့ ယခုလို ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, ဘုံလောကဓာတ် ရှိတယ်လို့ သက္ကာယဒိဋ္ဌိအယူ ယူဆနေကြတဲ့ အန္ဓပုထုဇဉ်များ အမှီပြုနေတဲ့ အသမ္မောဟဘုံ ပြောင်းသွားခြင်းကို တစ်ဘုံမှတစ်ဘုံ ပြောင်းသည်ခေါ်၏။ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ ရှိတဲ့အနေနဲ့ အဆင်းရဲခံပြီး ပျော်မွေ့ခဲ့တာဟာ သမ္မောဟဘုံကို အမှီပြုနေခြင်းကြောင့် လောဘ၊ ဒေါသ အစွမ်းကို လွှတ်ထားခဲ့ပေမဲ့ ယခုလို ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ မဟုတ်၊ ရုပ်တရား သဘော သက်သက်သာပဲဟု ဉာဏ်ချက်ထောက်မိသည်နှင့် တစ်ပြိုင်နက် အရိယာ နယ်ဝင်၍ အသမ္မောဟဘုံ ရောက်သောကြောင့် တစ်ဘုံမှ တစ်ဘုံသို့ ပြောင်းတယ်ဆိုတာ မှန်ပေ၏။ ဒါကြောင့် သက္ကာယဒိဋ္ဌိဆိုတဲ့ ရန်သူကို ပညာမျက်စိနှင့် ကြည့်လိုက်လို့ ရန်သူမှန်း သိလိုက်ရင် သူ့ကို အရေးတကြီး သတ်ရလိမ့်မည်။ မြတ်စွာဘုရားကလည်း သက္ကာယဒိဋ္ဌိကိုသာ အရေးတကြီး သတ်ဖို့ရာ ပြထားသော-

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟီနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။ (သံ၊ ၁၊ ၁၂ - ၁၅)

ဂင်းပါဠိအတိုင်း သက္ကာယဒိဋ္ဌိသတ်ဖို့ ဘယ်လိုသတ်ရမလဲဆိုလျှင် ယခုပြခဲ့သော ပညတ်၊ ပရမတ် တွင် မရှိတာ မရှိမှန်းသိ။ ရှိတာ ရှိမှန်းသိဖို့နှင့် ရုပ်ဓာတ်ရှစ်ပါးသဘော ပိုင်းပိုင်းခြားခြား သိသဖြင့် ရူပပရိ စ္ဆေဒဉာဏ်ရအောင် ကြိုးစားပြီး၊ ဂင်းဝိပဿနာဉာဏ်နှင့် သတ်မှ သေနိုင်မည်။ မိမိဉာဏ်ကိုသာ ကြပ်ကြပ် ဝေဖန်ပါ။ မိမိဉာဏ်မှာ ပြတ်သားလျှင် အပါယ်လေးပါး တံခါးပိတ်၏။ မိမိဉာဏ်မှာ မပြတ်သားလျှင် အပါယ်တံခါး မပိတ်သေးပါ။ ဉာဏ်မှာ ပြတ်သားလို့ သက္ကာယပြုတ်လျှင် အနည်းဆုံး စူဠသောတာပန်ဖြစ်ပြီး ကလျာဏပုထုဇဉ်ပြောင်း၍ သုဂတိဘုံသို့ လားစေတတ်သော ဂတိသာရှိပေတော့၏။

## အာကာသပရိစ္ဆေဒရုပ်

အာကာသပရိစ္ဆေဒရုပ်အကြောင်းကို ကောင်းကောင်းသိလိုပါက ကလာပဟူသော ကလာပ် အကြောင်းကို ရှေးဦးစွာ သိရာ၏။ ကလာပ - ကလာပ်ဟူသည် ပေါင်းစည်းသော အစိုပ္ပယ်ကို ဆိုသည်။ အဘယ်ကို ပေါင်းစည်းသနည်း ဟူမူကား ပထဝီ, အာပေါ, တေဇော, ဝါယော စသော ရုပ်ဓာတ်တို့ကို ပေါင်းစည်းခြင်းပင်တည်း။

http://www.dhammadownload.com



ထို့ကြောင့် ရူပကလာပ - ရုပ်ပေါင်းစည်းရာ၌ အဝိနိဗ္ဘောဂရုပ်ရှစ်ပါးကို မည်သည့်ရုပ်နှင့်မျှ ရောယှက်ခြင်း မရှိသေးဘဲ သန့်ရှင်းစင်ကြယ်စွာ ပေါင်းစည်းထားသောကြောင့် သုဒ္ဓဋ္ဌကလာပ်လည်း ခေါ်၏။ သုဒ္ဓ - ကား စင်ကြယ်ခြင်း။ အဋ္ဌက - ရှစ်ပါးအပေါင်း။ ကလာပ်က - ပေါင်းစည်းခြင်း အဓိပ္ပာယ်ရှိ၏။ အဓိပ္ပါယ်မှာ - စင်ကြယ်သော ရုပ်ဓာတ်ရှစ်ပါး ပေါင်းစည်းခြင်းဖြစ်၏။ ၎င်းရုပ်ဓာတ် ရှစ်ပါးထဲမှာ စက္ခုစသော ရုပ်တို့ကို တစ်ပါးချင်း တစ်ပါးချင်းထည့်၍ ပေါင်းသော် နဝက = ကလာပ်ကိုးပါး အပေါင်း၊ ဒသကကလာပ် - ရုပ်ဆယ်ပါးအပေါင်း၊ ဤသို့ တစ်စုတည်းအားဖြင့် ပိုင်းခြားသတ်မှတ်၍ ခေါ်ဆို၏။ ၎င်းရုပ်အပေါင်းအစု တစ်ခုကို ကလာပ်တစ်စည်းဟူ၍လည်း ခေါ်သည်။ ကလာပ်လုံး ရုပ်တုံး ရုပ်ခဲ တစ်ခုလို့လည်းခေါ်သည်။ အောက်ထစ်ဆုံးအားဖြင့် ရုပ်တုံးတစ်ခု ကလာပ်စည်းတစ်ခုမှာ အဝိနိဗ္ဘောဂ ရုပ်ရှစ်ခုရှိရသည်။ ၎င်းရုပ်ဓာတ်ရှစ်ပါး ပေါင်းစည်းခြင်းမရှိက ရူပကလာပ မဖြစ်နိုင်ဟူ၍ မှတ်ပါ။ ထို့ကြောင့် ပင် ငယ်စွအဆုံး အနုမြူတစ်လုံးကိုပင် ကလာပ်စည်းတစ်ခု, ကလာပ်တုံးတစ်ခုဟု ခေါ်သည်။

ဤစကားကို ထောက်၍ ပထဝီဓာတ်တစ်လုံးသည် ခွဲခြား၍ ကလာပ်မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် အပေါင်းဟုခေါ်စရာ ရုပ်အဖော်မပါသောကြောင့် တစ်ကြောင်း။ ၎င်းပြင် ထိုရုပ်ဓာတ် နှစ်ပါးသည် တစ်ပါးချင်း နှစ်ပါးချင်း စသည်အားဖြင့် ခွဲခြား၍ လုံးဝမဖြစ်ကောင်းသောကြောင့် တစ်ကြောင်း ကလာပ် မဖြစ်နိုင်၊ ကလာပ်မခေါ်နိုင်၊ ကလာပ်တုံး, ကလာပ်ခဲ၊ ရုပ်တုံး, ရုပ်ခဲ မခေါ်နိုင် ကြောင်းကို ကောင်းစွာ သိရာ၏။

ယခုပြခဲ့သည့်အတိုင်း "ကလာပ"ဟူ၍လည်းကောင်း၊ "ကလာပ်စည်း"ဟူ၍လည်းကောင်း၊ "ကလာပ်ခဲ"ဟူ၍လည်းကောင်း၊ "ရုပ်တုံး, ရုပ်ခဲ"ဟူ၍လည်းကောင်း ခေါ်ဆိုနိုင်သော အဓိပ္ပါယ်ကို သေချာစွာ နားလည်မှသာ အာကာသပရိစ္ဆေဒရုပ်ကို သဘာဝကျစွာ သိရှိနားလည်နိုင်ပေသည်။ ယခုပြပြီး အဓိပ္ပါယ်အားဖြင့် ကာလပ - ကလာစည်း, ကလာပ်တုံး, ကလာပ်ခဲ, ကလာပ်မှုံ, ကလာပ်မွှား ခေါ်ဆိုပုံ သိသောအခါ ဥပမာ - သဲလုံးများစွာ စုပုံထားသော သဲပုံကို ကြည့်သောအခါ သဲတစ်လုံးလျှင် ရုတ်ဓာတ် ရှစ်ပါး ပေါင်းစည်းထားခြင်းကြောင့် ကလာပ်တစ်စည်းခေါ်သည်။ ထို့ကြောင့် သဲတစ်လုံးခေါ် သည်နှင့် "ကလာပ်တုံး, ကလာပ်ခဲ"ခေါ်သည်မှာ အဓိပ္ပာယ် တရားကိုယ် သဘောချင်းတူပေသည်။ ထို့ကြောင့်ပင် အကြင်သဲတစ်လုံး၌ ပေါင်းစည်းထားသော ရုပ်ဓာတ် ရှစ်ပါးသည် အခြားသဲတစ်လုံး၌ ပေါင်းစည်းထား သော ရုပ်ဓာတ်ရှစ်ပါးနှင့် မရောမယှက် သက်သက် အားဖြင့် တခြားစီတည်နေပုံကို သေချာစွာကြည့်ပါ။

http://www.dhammadownload.com



ယခုကဲ့သို့ မရောမယှက် သက်သက်အားဖြင့် သီးခြားဖြစ်နေကြောင်းကို ကောင်းစွာ ထင်ရှားပါသဖြင့် "သည်မှာလည်း သဲတစ်လုံး၊ သည်မှာလည်းသဲတစ်လုံး"စသည်ဖြင့် ပိုင်းခြား၍ ပြသနိုင်ပေသည်။ ဤကဲ့သို့ သဲလုံးအများကို တစ်လုံးချင်း တစ်လုံးချင် ခွဲခြား၍ ပြသနိုင်အောင် ပိုင်းခြားထားခြင်း သဘောသည်ပင်လျှင် "ရူပပရိစ္ဆေဒ"ဟု ခေါ်၏။ ရူပ - ရုပ်ပိုင်းခြားထားခြင်းကို "ရူပပရိစ္ဆေဒ"ဟု ခေါ်၍ အပိုင်းအခြားအားဖြင့် သဲတစ်လုံးစီ သဲတစ်လုံးစီ (တစ်နည်း) ကလာပ်တစ်စည်းစီ တည်ရှိနေ၍ ကလာပ်စည်းတစ်ခုနှင့် တစ်ခု (တစ်နည်း) သဲတစ်လုံးနှင့် တစ်လုံး မရောယှက်ဘဲ သက်သက်ပိုင်းခြားထားသော အကြားသည် "အာကာသ"ဟူ၍ မှတ်ပါ။

ရုပ်ကို ပိုင်းခြားခြင်း - ရူပပရိစ္ဆေဒ၊ သဘောတရားရှိမှသာလျှင် ကလာပ်တစ်စည်းနှင့် ကလာပ်တစ်စည်း မပေါင်းမစည်းဘဲ သက်သက်ခြားနားသော "အကြား"ခေါ်သော အာကာသ ရှိနိုင်သည်။ ၎င်းအာကာသခေါ်သော အကြားသည် (ဝါ) အာကာသခေါ်သော ရုပ်သည် မည်သည့်သဘောရှိသနည်းဟူမူ တွေ့ကောင်း, ထိကောင်းသော အတုံးအခဲ စသော ဝတ္ထုပစ္စည်းတို့၏ ဘာမျှမရှိခြင်းသဘောကို ဆိုလိုသည်။ ထို့ကြောင့် အာကာသပရိစ္ဆေဒကို မြန်မာလိုပြန်လျှင် ကလာပ်စည်းတစ်ခုနှင့်တစ်ခု မရောနှောအောင် ပိုင်းခြားထားသော တွေ့ကောင်း, ထိကောင်းသော အတုံး အခဲစသော ဝတ္ထုပစ္စည်း ဘာမျှ မရှိခြင်းကိုပင် ဆိုသည်ဟု မှတ်ပါ။ ထို့ကြောင့် အဋ္ဌသာလိနီအဋ္ဌကထာ ရူပကဏ္ဍ၌ ဤသို့ ဟောကြား တော်မူ၏။

**ပါဠိ။** ဧတေဟိ အသမ္ဖုဋ္ဌံ နိဇ္ဇဋ္ဌာကာသံ ကထိတံ။ (ဘိ၊ ဋ္ဌ၊ ၁၊ ၃၆၂)

**အနက်။** ဧတေဟိ - ထိုမဟာဘုတ်တို့ဖြင့်။ အသမ္ဖုဋ္ဌံ - မတွေ့ကောင်း, မထိကောင်းသော။ နိဇ္ဇဋ္ဌာ ကာသံ - အတုံးအဖွဲ့ အတုံးအခဲ ဝတ္ထုပစ္စည်း ဘာမျှမရှိ ဟာလာဟင်းလင်းဖြစ်သော အကြားကိုပင်လျှင်။ ကထတံ - ဆိုအပ်၏။

ထိုအာကာသ၏ လက္ခဏာကိုလည်း ပါဠိတော်၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

**ပါဠိ။** ရူပပရိစ္ဆေဒလက္ခဏာ အာကာသဓာတု။

**အနက်။** အာကာသဓာတု - အာကာသဓာတ်သည်။ ရူပပရိစ္ဆေဒလက္ခဏာ၊ ရုပ်ကလာပ်စည်းတစ်ခု နှင့် ရုပ်ကလာပ်စည်းတစ်ခု မရောမယှက် သက်သက်ပိုင်းခြားထားသော လက္ခဏာရှိ၏။

အာကာသ၏ အဓိပ္ပာယ်ကို မြန်မာလို ရှင်းရှင်းဆိုလျှင် သဲတစ်လုံးနှင့် သဲတစ်လုံးအကြားသည် "အာကာသမည်၏"ဟူ၍ မှတ်ပါ။

http://www.dhammadownload.com



ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ စသည်ဖြင့် သံသရာအစမှ စွဲမှားခဲ့ကြသော သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိခေါ် မိစ္ဆာဒိဋ္ဌိ အယူမှားကြီးသည် အဟုတ်အမှန် မရှိတော့ဘဲ နိဿတ္တ နိဇ္ဇီဝ သာဖြစ်ကြသည်။ လူ, နတ်, ဗြဟ္မာ, စကြဝဠာဘုံ, လောကဓာတ်အားလုံး ရုပ်ရှစ်ပါး သာရှိကြောင်း အမြင်မှန်သိခဲ့ကြပြီးဖြစ်၍ သက္ကာယဒိဋ္ဌိ ကွာခဲ့ကြပေပြီ။

သို့ရာတွင် ၎င်းသက္ကာယဒိဋ္ဌိကွာပြီးသော ရုပ်ရှစ်ပါးကိုပင် အတုံး အခဲ အစုအပေါင်း စသည်တို့ဖြင့် "ဃနသမူဟ"ဟူ၍ အမှတ်မှား အယူမှားကလေးများ ရှိနေကြသေးသည်။

**ဃန** - အတုံး အခဲ။ **သမူဟ** - အပေါင်းအစု, အတုံး အခဲ အပေါင်းအစု စသော အယူမှား အစွဲမှားကလေးများ ပျောက်ကင်းရန် ပရိစ္ဆေဒရုပ်ကို လေ့လာရမည်။

"ပရိစ္ဆေဒရုပ်"ဆိုသည်မှာ နောက်ကပြခဲ့ပြီးသော အဋ္ဌကလာပ် ရုပ်ရှစ်ပါးပေါင်းစုနေသော ရုပ်ကလာပ်စည်း တစ်ခုနှင့်တစ်ခု ပိုင်းခြားခြင်း၊ မရောယှက်ခြင်း၊ မစပ်မဆက်ခြင်းသဘောကို "ပရိစ္ဆေဒရုပ်"ခေါ်သည်။ အာကာသရုပ်လည်း ခေါ်သည်။ အာကာသခေါ် ပရိစ္ဆေဒရုပ်ကို ပို၍ ထင်ရှား သိလွယ်စေရန် မြူလေးမျိုးကို အောက်ပါအတိုင်း နားလည်ပါ။

## အာကာသဓာတ် မြင်လွယ်အောင် မြူလေးမျိုး

| | | | |
|---|---|---|---|
| ၁။ | ရထမြူ | - | လှည်းရထား သွားသောအခါ ထသောမြူ။ |
| ၂။ | တဇ္ဇာရီမြူ | - | မှောင်သော အဝန်း, ထရံပေါက်မှ နေပြောက်ထိုးသော အလင်းရောင်တန်းနေတဲ့အခါ မြင်ရသော မြူ |
| ၃။ | အဏုမြူ | - | ပကတိမျက်စိဖြင့် မမြင်ရသော မြူ |
| ၄။ | ပရမာဏုမြူ | - | ပကတိမျက်စိဖြင့် ပို၍ မမြင်ရသော မြူ (သမ္မောဟဋ္ဌ၊ ၃၂၈) |

## မြူလေးမျိုးပမာဏ

ရထမြူတစ်လုံးကို သုံးဆယ့်ခြောက်စိတ် စိတ်လျှင် တစ်စိတ်စာမျှသည် တဇ္ဇာရီမြူ ၎င်းမြူသည် သေးငယ်သောကြောင့် အလင်းမှာ မမြင်ရ၊ မှောင်လွန်းသော နေရာမှာလည်း မမြင်ရ၊ မှောင်နေတဲ့ အခန်းတွင်း အပေါက်ငယ်မှ ထိုးသော ရောင်ခြည်တန်းမှ အမှုန်ကလေးတွေ အပြည့်မြင်ရသောအခါ

http://www.dhammadownload.com



ခေါင်းကို စောင်းပြီး ရှောင်ကြသည်၊ အခြားသော နေရာမှာ မရှိသလိုဖြစ်နေသည်။

တဇ္ဇာရီမြူသည် နေရာမလပ်အောင် အပြည့်အနှက်ရှိ၏။ ၎င်းတဇ္ဇာရီမြူကို သုံးဆယ့်ခြောက်စိတ် စိတ်လျှင် တစ်စိတ်စာမျှသည် အဏုမြူ။

၎င်းအဏုမြူတစ်လုံးကို သုံးဆယ့်ခြောက်စိတ် စိတ်လျှင် တစ်စိတ်စာမျှဟာ ပရမာအဏုမြူဖြစ်၏။ ၎င်းမြူနှစ်မျိုးကို မမြင်နိုင်၊ ရိုးရိုးမျက်စိဖြင့် မဆိုးထားနှင့် ဘယ်လောက်ပဲ လုံခြုံသည်ဆိုသော အုတ်တို့, အင်္ဂတေတို့ကို ဖောက်ထွင်းနိုင်သည့် နတ်မျက်စိနှင့် အဘိညာဉ်မျက်စိများလည်း မမြင်ဘဲ ထိုမြူနှစ်မျိုးသည် ကိုင်မရ, ယူမရ, မမြင်ရသော်လည်း တဇ္ဇာရီမြူမှာ မြင်ရသဖြင့် ရှိမှန်းသိသာပါ၏။

ပရမာဏုမြူ သုံးဆယ့်ခြောက်လုံး စုမိလို့ အဏုမြူ ဖြစ်လာသည်။
အဏုမြူ သုံးဆယ့်ခြောက်လုံး စုမိလို့ တဇ္ဇာရီမြူ ဖြစ်လာသည်။
တဇ္ဇာရီမြူ သုံးဆယ့်ခြောက်လုံး စုမိလို့ ရထမြူ ဖြစ်လာသည်။

သူ့နာမည်လိုက် အရွယ်အစားအားဖြင့် အစကတည်းက ရှိနေသည် မဟုတ်ပါ။ မြူကလေးတွေဟာ အဆင့်ဆင့်ကြီးပွားလာခြင်းဖြစ်ပြီး၊ ၎င်းအတုံးအခဲပျောက်အောင် အာကာသဓာတ်ကို ဖောက်ထွင်းပြရမည်။ အာကာသပေါက်မှ ဃနပျောက်သည်။ ဃနပျောက်မှ သဘာဝဆိုက်မည်။ ဝိပဿနဉာဏ်၏ အနတ္တ **သဘော**ဟာ မြူမှုန်ကလေး တစ်မှုန်လောက်ခံနေရင် အနတ္တမပေါက်သေး။

ဒါကြောင့် **အာကာသပေါက်စေ**ရန် မြူလေးမျိုးကို ခွဲစိတ်၍ပြရမည်။ ၎င်းမြူမှုန်ကလေးများကို ကလာပ်မှုန် ကလာပ်မွှားခေါ်၍ လူပြိန်းများ နာလည်အောင်ပြရမည်။ ရထမြူတစ်မြူမှာပင် ဓာတ်ရှစ်ပါး ရှိခြင်းကြောင့် ကလာပ်စီးခေါ်သည်။ ၎င်းမြူတစ်လုံးမှာပဲ ဓာတ်ရှစ်ပါး သန့်သန့်ကလေးရှိ၏။ ဒါကြောင့် ၎င်းတို့ကို အပြန်ပြန်အလှန်လှန် ထပ်ခါထပ်ခါ ဝေဖန်ကြည့်လို့ရှိလျှင် ဉာဏ်မှာ ပုံစံ၊ သဏ္ဌာန်၊ အတုံး၊ အလုံး၊ အခဲ မရှိဘူး။ ဃနပျောက်ပြီး မြင်းမိုရ်တောင်ကြီးတောင် ထုတ်ချင်းပေါက်မြင်နိုင်တယ်၊ မြင်ရပြီး သဘောသက်သက်ရောက်လျှင် အာကာသပရိစ္ဆေဒကို သဘောပေါက်သည်မည်၏။

## ပရိစ္ဆေဒ အာကာသ

"အာကာသ"သည် ပါဠိဝေါဟာရမှ ဆင်းသက်လာသော စကားဖြစ်၍ "အာကာသ" ဟူသည် -

http://www.dhammadownload.com



| | | | |
|---|---|---|---|
| (၁) | ပရိစ္ဆေဒ အာကာသ | - | သတ်မှတ်ပိုင်းခြားအပ်သော အာကာသ၊ |
| (၂) | အဇဋ္ဌာ အာကာသ | - | ကောင်းကင် အာကာသ၊ |
| (၃) | ကသိဏ အာကာသ | - | ကသိုဏ်းခွာမှ ရလာသော အာကာသ၊ |
| (၄) | တုစ္ဆအာကာသ | - | အလကား အာကာသ၊ |

ဂုဏ်းလေးမျိုးတို့တွင် ပရိစ္ဆေဒအာကာသသည် ပရမတ်အာကာသဖြစ်၍ ပရိစ္ဆေဒရုပ်ကို ပိုင်ပိုင်နိုင်နိုင် ပြတ်သားစေရန် ပိုင်းခြားသော အာကာသဖြစ်၏။ ကျန်သုံးမျိုးသည် ပညတ်အာကာသ ဖြစ်ကြသည်။ သို့ဖြစ်၍ မြူလေးမျိုးအဆင့်ဆင့်ပြရာမှာ ပရမာဏုမြူရောက်လျှင် ဘာမျှ သဏ္ဌာန်မရှိ တော့ဘဲ သဘောမျှ သာရှိပေ၏။ သို့အတွက် လူတို့၏ သာမန်မျက်စိနှင့် မဆိုထားနှင့်၊ နတ်သိကြား ပြဟ္မာ ဈာန်အဘိညာဉ် ရသည့် သရဘင်္ဂ၊ နာရဒတို့၏ မျက်စိနှင့်လည်း ကြည့်လို့မမြင်ပေမယ့် မုချဆတ်ဆတ် အမှန်ရှိ၏။ ရှိပုံရှိနည်း လွယ်လွယ်နှင့်သိစေရန် အာကာသဖောက်၍ ပြမည်။

## အာကာသပရိစ္ဆေဒရုပ်

| | | |
|---|---|---|
| အာကာသ | - | အကြားအကြား၊ |
| ပရိစ္ဆေဒ | - | ပိုင်းခြားခြင်း၊ |
| ရူပ | - | ရုပ်။ |

သုံးပုဒ်စလုံးပေါင်းသော် အာကာသပရိစ္ဆေဒရူပ - အကြားအကြားပိုင်းခြားသော ရုပ်ဟု ဆိုလို ပါသည်။

**ပါဠိ။** ရူပပရိစ္ဆေဒလက္ခဏာ အာကာသဓာတု (အဋ္ဌသာလိနီအဋ္ဌကထာ၊ ရူပကဏ္ဍ)

**အနက်။** အာကာသဓာတု - အာကာသဓာတ်သည်။ ရူပပရိစ္ဆေဒလက္ခဏာ၊ အကြားအကြား ရုပ်ကို ပိုင်းခြားသော လက္ခဏာရှိ၏။ ရုပ်ကို သာမညမျှ မှတ်မထားပါနှင့်။

**ပါဠိ။** ယသ္မိံ ကလာပေ ဘူတာနံ ပရိစ္ဆေဒေါ။ (အဋ္ဌကထာ)

**အနက်။** ယသ္မိံ ကလာပေ - အကြင်ကလာပ်စည်း၌။ ဘူတာနံ - ဘူတရုပ်တို့၏။ ပရိစ္ဆေဒေါ - ပိုင်းခြားသော သဘောသည်။ ဟောတိ - ဖြစ်၏။

အာကာသဓာတ်သည် ရုပ်ကလာပ်စည်း တစ်ခုနှင့်တစ်ခုအကြားမှ ပိုင်းခြားသောသဘောကို မှတ်သားသော လက္ခဏာသည် အာကာသ၊ ဒါကြောင့် ပရမတ် အာကာသဖြစ်သော အာကာသ

http://www.dhammadownload.com



ပရိစ္ဆေဒ ဓာတ်ကို ပြတ်သားရှင်းလင်းစေရန် ဋီကာ၌ ဤသို့ ဖွင့်ထားပါသည်။

**ပါဠိ။** တဒ္ဓိ တံ တံ ရူပကလာပံ ပရိစ္ဆိန္ဒန္တံ ဝိယ ဟောတိ။ ဝိဇ္ဇမာနေပိ စ ကလာပန္တရဘူတေဟိ ကလာပန္တရဘူတာနံ သမ္ဗုဒ္ဓဘာဝေ တံ တံ ရူပဝိဝိတ္တတ္တာ ရူပပရိယန္တော အာကာသော။ (အဘိဓမ္မ ဝိဘာဝနီဋီကာ၊ ရူပပရိစ္ဆေဒ)

**အနက်။** ဟိ - မှန်။ တံ - ထိုပိုင်းခြားခြင်းသည်။ တံတံ ရူပကလာပံ - ထိုထိုရုပ်ကလာပ်ကို။ ပရိစ္ဆိန္ဒန္တံ ဝိယ - ပိုင်းခြားအပ်သကဲ့သို့။ ဟောတိ - ဖြစ်၏။ စ - ထိုသို့ဖြစ်ပါသော်လည်း။ ကလာပန္တရဘူတေဟိ - ကလာပ်စည်းတစ်ခု၌ ဖြစ်စေသော မဟာဘုတ်လေးပါးတို့ဖြင့်။ ကလာပန္တရဘူတာနံ - ကလာပ် စည်းတစ်ခု၌ ဖြစ်စေသော မဟာဘုတ်လေးပါတို့၏။ သမ္ဗုဒ္ဓဘာဝေ - တွေ့ထိကောင်း, သိကောင်းသော အဖြစ်သည်။ ဝဇ္ဇမာနေပိ - ထင်ရှားပါသော်လည်း။ တံတံဘူတဝိဝိတ္တာတ္တာ - ထိုထိုမဟာဘုတ်လေးပါးတို့မှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့်။ ရူပပရိယန္တော - ရုပ်ကလာပ်စည်းတို့၏ ပိုင်းခြားခြင်းသည်။ အာကာသော - အာကာသမည်၏။

"အာကာသပေါက်မှ ဃနပျောက်သည်"ဟု ပညာရှိများဆိုခဲ့သည့်အတိုင်း အတုံးအခဲအားဖြင့် မြင်နေကြသော ရထမြူကစ၍ ပုပ္ပါးတောင်ကို ဟင်းလင်းပြင်ကြီး မြင်ရတော့၏။ အဲဒီလို မြင်နိုင်စေရန် ဥပမာအားဖြင့် မယုတ်မလွန် အုန်းသီးတွေပုံပြီး ၎င်းအုန်းသီးပုံ၏ အကြားထဲ ဥသျှစ်သီးကို ထည့်ကြည့် ဥသျှစ်သီး၊ သရက်သီး၊ မြေပဲ၊ သဲ၊ ရထမြူ တဇ္ဇာရီမြူ အဏုမြူ ပရမာဏုမြူအားဖြင့် အဆင့်ဆင့် ဖောက်ထွင်း ကြည့်ပါ။ အဲဒီတော့ အာကာသပရိစ္ဆေဒရုပ်တို့သည် သေးငယ်သိမ်မွေ့ပြီးလျှင် သဘောမျှ သက်သက်သာ မြင်နေ၍ အထက်ကပြဆိုခဲ့သလို ကလာပ်စည်းတစ်ခုနှင့်တစ်ခုကြား ဘာမျှ စမ်းသပ် ရှာဖွေ၍မရသော အာကာသပရိစ္ဆေဒရုပ်ကို ဉာဏ်မှာ ရှင်းသွားပြီလားဆိုလျှင် ဃန လုံးလုံးပျောက်ခါ အနတ္တပေါက်နိုင်ပေပြီ။ အတုံး, အလုံး, အခဲအားဖြင့် မရှိသော်လည်း သဘောအားဖြင့် ထင်ရှား၏။ ရှိလို့ပေါ့၊ ပရမာဏုမြူကစပြီး အဏုမြူ တဇ္ဇာရီမြူ အာကာသဓာတ် ဖွဲ့စည်းကြည့်ပါ။ ဖွဲ့စည်းကြည့် လိုက်လျှင် အဆင့်ဆင့် ကြီးထွားလာပုံ၊ ၎င်းအခဲများကို တစ်ဖန်ပြန်ပြီး ထောင်းလိုက်လျှင် ဘာမျှ ရှာမတွေ့အောင် ထောင်းကြည့်ပါ။ ဒါမှ ပရမာအဏုမြူနှင့် ကျောက်တောင်ကြီး တစ်ထပ်ထဲ ဉာဏ်မှာ ပေါ်အောင် ကြည့်ပါ။

၎င်းကျောက်တောင်ကြီးမှာ အာကာသရှိလို့ပေါ့။ နေ့ခင်း နေပူစဉ်က ၎င်းကျောက်တောင်ကြီး အခိုးအငွေ့တွေ ဝင်နေခြင်းကြောင့် ညဉ့်အခါ အေးချိန်မှာ ၎င်းကျောက်တောင်ကြီးမှာ အခိုးအငွေ့တွေ

http://www.dhammadownload.com



ပြန်ထွက်လာတာ မြင်ခြင်းအားဖြင့် အာကာသအပြည့်ရှိကြောင်း ထင်ရှား၏။ ကြမ်းသော၊ ကျဲသော အာကာသသည် မြင်လွယ်၏။ အလွန်နူးညံ့သိမ်မွေ့သော အာကာသကို မြင်နိုင်စေရန် ကြေးခွက်၊ သံခွက်ထဲ ရေထည့်လျှင် ရေကလာပ်စည်းက ကြမ်းတမ်းပြီး ကြေးခွက်၊ သံခွက် ကလာပ်စည်းက နူးညံ့သဖြင့် ပေါက်မထွက်နိုင်သော်လည်း ကေသရာဇာခြင်္သေ့မင်း၏ အဆီကလာပ်စည်းက သိမ်မွေ့လေသောကြောင့် ကြေးခွက်၊ သံခွက်မှာမတည်ဘဲ ဖောက်ထွင်းပြီး ထွက်လာ၏။ သိမ်မွေ့သော ကလာပ်စည်းရှိသော ခြင်္သေ့ဆီသည် ဘယ်မှာတည်သလဲဆိုလျှင် သဂီြရွှေခွက်မှာသာ တည်၏။ တည်မှာပေါ့ သဂီြရွှေခွက်က အလွန်သိမ်မွေ့သောကြောင့် ခြင်္သေ့ဆီ တည်ပေမဲ့ အာကာသကတော့ ရှိတာပါပဲ။ ရှိပုံကို ကြည့်ပါ။ ၎င်းခွက်ထဲ ရေနွေးပူပူလောင်းထည့်ပါက တေဇောဦးစီးသော ကလာပ်စည်များ ဖောက်ထွင်း လာပုံကို ရွှေခွက်အပြင်က စမ်းကြည့်လျှင် ပူတာပဲ၊ အာကာသဖောက်တဲ့ နေရာမှာ မခွဲကောင်း မခွါကောင်းသော အဝိနိဗ္ဘောဂရုပ်အားဖြင့် ရုပ်ရှစ်ပါး ကလာပ်စည်းချင်း တစ်ပါးတည်း ပေါင်းကြည့်ပါ။

ဒါကြောင့် သိဂီြရွှေခွက်မှာ အာကာသဓာတ် အပြည့်ရှိကြောင်း ထင်ရှား၏။ ဒါကြောင့် လောက ဓာတ်တစ်ခုလုံးရှိ အဝိညာဏက သက်မဲ့ဝတ္ထုပစ္စည်းများကို အာကာသဖောက်ပြရခြင်းသည် သဝိညာဏက သက်ရှိသတ္တဝါတွေဟာ ကလာပ်မှုန် ကလာပ်မွှားတွေထဲ ဖောက်ထွင်းသွားနေကြသည်ကို ပကတိမျက်စိနှင့် မြင်ရတာလည်းရှိ၏။ မမြင်ရတာလည်းရှိ၏။ ရေသတ္တဝါဖြစ်သော ငါး လိပ် အစရှိသည်တို့သည် အာပေါလွန်ကဲသော ကလာပ်စည်းအကြားကို ဖောက်ထွင်းသွားလာနေကြ၏။ ကုန်းမှာနေသော သတ္တဝါများသည် ဝါယောဦးစီးတဲ့ ကလာပ်စည်းကြီးမှာ သွားလာနေကြ၏။ သုတ္တန်အားဖြင့် ဝါယောခေါ်သော လေမှာ ရုပ်ဓာတ်ရှစ်ပါးပါပုံကိုလည်း ခွဲကြည့်ပါ။ ၎င်းဝါယောမှ ကလာပ်စည်းများရှိကြောင်း ထင်ရှားအောင် လူတစ်ယောက်အား ယပ်တောင်တစ်ခုဖြင့် ယပ်ခပ်ပြပါ။ အတွေ့သဘောမှာ ဓာတ်ရှစ်ပါး ကလာပ်စည်း ပါမှန်း သိသာပါသည်။ ဉာဏ်နှင့် ကြည့်လိုက်ပါ။ တစ်လောကလုံး ကလာပ်မှုန် ကလာပ်မွှားတွေ ပြည့်နေ ပုံကို ညဥ့်အခါ လက်နှိပ်ဓာတ်မီးတစ်ခုနှင့် ထိုးလိုက်သောအခါ ရောင်ခြည်ထဲမှာ ကလာပ်စည်းတွေက ဘုတ်အဆက်ဆက်အားဖြင့် ကျေးဇူးပြုပြီး လင်းသွားပုံကို မြင်ခြင်းအားဖြင့် ထင်ရှား၏။ တစ်နည်းအားဖြင့် အလွန်ဝေးလံသော ဒေသမှ အသံကို ရေဒီယိုနှင့် ဖမ်းထားခြင်းဟာ ဘုတ်အဆက်ဆက်နှင့် ရောက်လာပုံ ကို စဉ်းစားကြည့်ပါ။

ဒါကြောင့် လောကဓာတ်တစ်ခုလုံး အာကာသ မြင်ရသိရလျှင် မိမိကိုယ်မှာ အာကာသအပြည့် ရှိကြောင်း ထင်ရှား၏။ သိသာရန် ရေနွေးပူပူ သောက်ကြည့်၊ ချွေးဖြစ်ပြီး ပြန်ထွက်လာ၏။ အရှေ့မှ အနောက်၊ တောင်မှ မြောက် အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာမှ တိုက်ခတ်သော လေတို့သည်

http://www.dhammadownload.com



ဖောက်ထွင်းထားလို့ပေါ့၊ အပူရှပ်တယ်၊ အအေးမိတယ် ဆိုတာကို ထောက်သဖြင့် မိမိကိုယ်ကာယကို အတုံး အလုံး အခဲတို့လို အထင်ကြီးနေကြတာ၊ ယခုလို မြူလေးမျိုးနှင့်တကွ အာကာသဖောက်ပြီး ဉာဏ်မျက်စိနှင့် ကြည့်လျှင် အတုံး အလုံး အခဲ ပုံစံ သဏ္ဌာန် ဘာမှမရှိဘဲ သဘောမျှ သက်သက် ဖြစ်ကြောင်း ဉာဏ်မှာ ရှင်းသွားသောအခါ မိမိကိုယ်ကို အထင်မကြီးတော့ဘဲ အနတ္တပေါက်လေတော့၏။ ဒါကြောင့် ယန ဆိတ်သုဦးလျက် သမ္မာဒိဋ္ဌိ အမြင်မှန်ဉာဏ်ကိုရသဖြင့် ၎င်းကလာပ်မှုန်တွေက မလှည့်ပတ် နိုင်တော့ပါ။ အန္ဓပုထုဇဉ်များကိုတော့ ကလာပ်မှုန်များက လှည့်ပတ်နေသော ဝဥ္စန တရားပါပဲ၊ ဒါကြောင့် -

ဣတိ - ဤသို့။ မဟာဇနံ - ဒိဋ္ဌိအဝိဇ္ဇာ တဏှာကပ်ပူး မနပ်မနူး နတ်ရှူး လူရှူး ပြဟ္မာရှူးဖြစ်ကြကုန်သော အထူထူးသော အန္ဓပုထုဇဉ်ကို။ ဝဉ္စေတိ - အဟုတ်မှတ်အောင် လှည့်ပတ်၍ နေပေတော့၏။

၎င်းကလာပ်စုတွေ ပေါင်းထားတဲ့ ရုပ်စု ရုပ်ခဲတွေပေါ် တဏှာ မာန ဒိဋ္ဌိတွေ တွယ်ကပ်နေသဖြင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သမာဓိနိဒ္ဒေသ၌ ပြထားသည်မှာ-

**ပါဠိ။** ဧဝေမေတံ ဣတ္ထိပုရိသာဒိဘာဝေန ဗာလဇနဝဥ္စနံ မာယာရူပသဒိသံ ဓာတုယန္တံ ပဝတ္တတိ။

**အနက်။** ဧဝံ - ဤသို့။ ဣတ္ထိပုရိသာဒိဘာဝေန - မိန်းမ ယောကျ်ား အစရှိခြင်းကြောင့်။ ဗာလဇနဝဥ္စနံ - လူမိုက်ကို လှည့်ပတ်ကြောင်းဖြစ်သော။ မာယာရူပသဒိသံ - မျက်လှည့်ဆရာ၏ အရုပ်နှင့် တူသော။ ဓာတုယန္တံ - အသက်ဝိညာဉ် အရှင်မဟုတ် ဓာတ်တည်းဟူသော စက်ရုပ်သည်။ ပဝတ္တတိ - ဖြစ်၏။

ဒါကြောင့် ပုထုဇဉ်များဟာ ရုပ်ပေါ်မှာသာ အစွဲနာကြသဖြင့် အာကာသဓာတ်ပေါက်မှသာ ယန ပျောက်ပြီးလျှင် ရုပ်ပေါ် အစွဲပြုတ်အောင် မြတ်စွာဘုရားကိုယ်တော်မြတ်က အာကာသဓာတ်ကို ဟောတော် မူခဲ့သဖြင့် မိမိကိုယ်ကာယပေါ်မှာ စွဲနေတဲ့ ပုံစံသဏ္ဌာန်ကို အထင်မကြီးစေရန် အာကာသဓာတ်ကို အပြန်ပြန်အထပ်ထပ် ဆင်ခြင်သုံးသပ်၍ မိမိခန္ဓာ, သူတစ်ပါးခန္ဓာစသော ရုပ်ဓာတ်ရှစ်ပါးတို့နှင့် အာကာသပရိစ္ဆေဒရုပ်သာ ထင်ရှားရှိသဖြင့် လောကဓာတ်တစ်ခုလုံးသက်ရှိ သက်မဲ့ ဟူ၍ ရုပ်ဓာတ်ရှစ်ပါး သဘောသက်သက်ရောက်အောင် အမျိုးမျိုး ခွဲခြမ်းစိတ်ဖြာ၍ ပြ၏။

လောကဓာတ်တစ်ခုလုံး သက်ရှိ သက်မဲ့ဟူသ၍ ဓာတ်ရှစ်ပါး ဓာတ်ကိုးပါးသာလျှင် ရှိတာပဲဟု သဘောဆိုက်သွားအောင် ဉာဏ်မှ ပြတ်ပြတ်သားသား မြင်နေခြင်းကို ရူပပရိစ္ဆေဒဉာဏ်ရသည်ဟု တထစ်ချ မှတ်ထားပါ။

http://www.dhammadownload.com



မြတ်စွာဘုရား ဟောတော်မူခဲ့တာက ရုပ်နာမ်နှစ်ပါးသာရှိသည်။ ၎င်းရုပ်နာမ်နှစ်ပါးကို သိမှသာ လူဖြစ်ကျိုးနပ်သဖြင့် ယခုပြခဲ့ပြီးသော ရုပ်စိတ်ကိုးပါးအပေါင်းက ရူပပရိစ္ဆေဒဉာဏ်ကို ရပြီးဖြစ်၍ လူဖြစ် ကျိုးနပ်ရုံမက သံသရာထွက်ပေါက်ရောက်သဖြင့် အလွန်တန်ဖိုးရှိသောဉာဏ်ကို လေးလေးစားစား သိမ်ဆည်းကြပါ၊ သုံးသပ်ကြပါ။

အာကာသပရိစ္ဆေဒဉာဏ်ခန်းပြီး၏။

* * * * * * *

## ဗုဒ္ဓပါရမီသုံးပါး

ဤသို့ ယထာဘူတဉာဏ် ရရှိရန် ပကတိမျက်စိအလုပ်မဟုတ်၊ ပညာမျက်စိအလုပ်၊ ဉာဏ်မျက်စိအလုပ်ဟု မှတ်ယူရပါမည်။ ပညာဉာဏ်ဆိုရာတွင်လည်း အန္ဓပုထုဇဉ်တွင် မရှိ ကလျာဏ ပုထုဇဉ်ဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ဟူ၍သာ ရှိပါ၏။ အန္ဓပုထုဇဉ်တွင် ပညာမျက်စိ ဉာဏ်မျက်စိ လုံးဝမရှိဖြစ်၏။ ပညာဉာဏ်သည် ခရီးအရောက်ဆုံးဖြစ်၏။

## သုံးမျိုးသုံးစား မြတ်စွာဘုရား

(၁) ဝီရိယာဓိကဘုရား။

(၂) သဒ္ဓါဓိကဘုရား။

(၃) ပညာဓိကဘုရား ဟူ၍ သုံးမျိုးရှိ၏။

၁။ **ဝီရိယာဓိကဘုရား** - လုံ့လလွန်ကဲသော ဘုရား၊ (၁၆-သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ဘုရားအဖြစ်သို့ ရောက်၏။)

၂။ **သဒ္ဓါဓိကဘုရား** - သဒ္ဓါလွန်ကဲသော ဘုရား၊ (၈-သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ဘုရားအဖြစ်သို့ ရောက်၏။)

၃။ **ပညာဓိကဘုရား** - ပညာဉာဏ်လွန်ကဲသောဘုရား။ (၄-သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ဘုရားအဖြစ်သို့ ရောက်၏။)

http://www.dhammadownload.com



ဤပါရမီခန်းများကိုရှုက ပညာဉာဏ်သည် မည်မျှခရီးရောက်ကြောင်း, မည်မျှအရေးကြီးကြောင်း ထင်ရှားလှပေသည်။

❖ ❖❖ ❖ ❖❖ ❖❖ ❖ ❖

## နာမ်ခန်း

ရုပ်တရား (ဝါ) မသိတရားအကြောင်း နောက်ကပြခဲ့ပြီး၊ ယခု နာမ်တရား (ဝါ) သိတရား အကြောင်းကို ပြမည်။

"အတ္ထေ နမတီတိ နာမံ"ဟူသော ဝစနတ္ထ အရ အာရုံကိုသိတတ်, ညွတ်တတ်သော သဘော ကို "နာမံ-နာမ်"ဟု ခေါ်သည်။ စိတ်တရား စေတသိက်တရား အားလုံးကို "နာမ်"ဟု ခေါ်သည်။ စိတ်နာမ် စေတသိက်နာမ် နှစ်မျိုးရှိ၏။

**ပါဠိ။** အာရမ္မဏံ စိန္တေတီတိ စိတ္တံ။ (အဋ္ဌသာလိနီအဋ္ဌကထာ၊ ကာမာဝစရကုသလပဒဘာဇနီ)

**အနက်။** အာရမ္မဏံ - အာရုံကို။ စိန္တေတိ - ကြံတတ်, သိတတ်၏။ ဣတိ-တသ္မာ - ထို့ကြောင့်။ စိတ္တံ - စိတ်မည်၏။

ဟု ပြထားသည့်အတိုင်း စိတ်သည် အာရုံကို ကြံတတ်, သိတတ်သော သဘောပင်ဖြစ်၏။ စိတ်တရားသည် အကျဉ်းနည်းဖြင့် စိတ်တစ်ခုယုတ် ကိုးဆယ်၊ အကျယ် တစ်ရာ့နှစ်ဆယ့်တစ်ပါးဖြစ်၍ စေတသိက် တရားသည် ငါးဆယ့်နှစ်ပါးရှိသည်။

## စိတ်အမည်လေးမျိုး

| | | | |
|---|---|---|---|
| ၁။ | အကုသိုလ်စိတ် | - | မကောင်းသောစိတ်၊ အပြစ်ရှိသောစိတ်။ |
| ၂။ | ကုသိုလ်စိတ် | - | ကောင်းသောစိတ်၊ အပြစ်ကင်းသောစိတ်။ |
| ၃။ | ဝိပါက်စိတ် | - | အကျိုးတရားဖြစ်သောစိတ်။ |
| ၄။ | ကြိယာစိတ် | - | ကောင်း, မကောင်း မဆိုရ၊ ပြုကာမျှ သဘောဖြစ်သောစိတ်။ (ဘုရား ရဟန္တာများ၌ ဖြစ်သောစိတ်) |

http://www.dhammadownload.com



အထက်ဖော်ပြပါ စိတ်နာမ် စေတသိက်နာမ်တရားများကို ရှင်းရှင်းမှတ်ရလျှင် အနက်တရားကိုယ်ဒြပ်ဟူသမျှကို သိတတ်ခြင်းဟာ နာမ်တရားပါပဲ၊ မိမိကိုယ်မှာ ရုပ်တရားရှိသည့်အနက် နာမ်တရားက ဦးဆောင်နေတာ၊ ထင်ရှားစေရန် သေပြီးသော လူသေကောင်ကြီးသည် နာမ်မရှိလို့ (ဝါ) စိတ်တရား စေတသိက်တရား မရှိလို့ ဘာမျှမသိ၊ ဘာမျှမလုပ်နိုင် မလုပ်တတ်ပါဘူး၊ ထိုနှစ်ပါးသော နာမ်တရားသည် ဘယ်မှာနေသလဲဆိုလျှင် ပါဠိလို "ဟဒယဝတ္ထု"၊ မြန်မာလို "နှလုံးသား"သည် ပဒုမ္မာကြာဖူးလို ဇောက်ထိုး ဆွဲထားသကဲ့သို့ ရင်ညွန့်တည့်တည့်မှာ ရှိ၏။ ၎င်းနှလုံးသားအတွင်းမှာ တစ်လက်စွမ်းမျှလောက်သော သွေးရှိ၏။ သပွတ်အူများကဲ့သို့ ရှုပ်ထွေးနေလျက် ၎င်းသွေးမျက်နှာပြင်ပေါ်တွင် အရောင်တလက်လက် တောက်ပြောင်နေသော ဟဒယဝတ္ထုရုပ် ရှိ၏။ ၎င်း ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ အသိဓာတ် နာမ်တရားကလေးက မှီ၍ တည်ရှိ၏။ သာဓကအားဖြင့် ဤသို့ဆို၏။

**ပါဠိ။** ဟဒယဝတ္ထုံ နိဿိတာယေဝ ပဝတ္တန္တိ။ (သင်္ဂဟ၊ ပကိဏ္ဏကပိုင်း)

"မနောဝိညာဏဓာတ်"ဆိုတဲ့ စိတ်ကို အဓိကထား၍ ပြပါမည်။ ၎င်းနှလုံးသားထဲ၌ရှိသော သွေးသည် တစ်ဦးနှင့်တစ်ဦး မတူကြပေ။ စရိုက်ခြောက်ပါး အားကောင်းရာလိုက်ပြီး သွေးရောင်ကွဲပြားကြ၏၊ ကွဲပြား ပုံမှာ -

၁။ ရာဂစရိုက် အားကြီးသောသူ၏ နှလုံးသွေးသည် နီသော အဆင်းရှိ၏။

၂။ ဒေါသစရိုက် အားကြီးသောသူ၏ နှလုံးသွေးသည် မည်းနက်သော အဆင်းရှိ၏။

၃။ မောဟစရိုက် အားကြီးသောသူ၏ နှလုံးသွေးသည် သားဆေးရည်ကဲ့သို့ နီကျန်ကျန် အဆင်းရှိ၏။

၄။ ဝိတက်စရိုက် အားကြီးသောသူ၏ နှလုံးသွေးသည် ပဲပြုတ်ရည် အဆင်းရှိ၏။

၅။ သဒ္ဓါစရိုက် အားကြီးသောသူ၏ နှလုံးသွေးသည် မဟာလှေကားပန်းအဆင်း ရှိ၏။

၆။ ပညာစရိုက် အားကြီးသောသူ၏ နှလုံးသွေးသည် ကြည်လင်တောက်ပသော ပတ္တမြားသွေးအဆင်းရှိ၏။

၎င်းနှလုံးသားအောက်ဘက် အချွန်ကလေး အမွှာနှစ်မွှာ ရှိ၏။ သွေးမှာ ကလေးများမှ သွေးတစ်စက် တစ်စက် ကျနေ၏။ သွေးကျတဲ့ အောက်တည့်တည့်က သည်းခြေရှိရာ သည်းခြေပေါ်သို့ အစဉ်မပြတ် နှလုံးသွေးကျနေရသဖြင့် သည်းခြေအမြဲစိုစွတ်နေသောကြောင့် သတိပညာကောင်းကြလေ၏။ တစ်မွှာရှိသောသွေးသည် အားနည်းသောကြောင့် သည်းခြေကို အစိုနည်းသဖြင့် ဉာဏ်နုံ့တတ်

http://www.dhammadownload.com



သည်။ တစ်ခါတလေ သည်းခြေပေါ်သို့ နှလုံးသွေးမကျဘဲ ရပ်နေလျှင် သတိချို့ယွင်းသဖြင့် ရူးသွပ်တတ်၏။ သည်းခြေပေါ်မှ ကျသော သွေးအားကောင်းရင် ကောင်းသလို၊ နည်းရင် နည်းသလို သွေးကျသည့် အဆင့်အတန်းလိုက်ပြီး ပညာဉာဏ် အဆင့်အတန်း ကွာကြ၏။ သို့အတွက် စရိုက်အားလျော်စွာ တစ်ဦးနှင့်တစ်ဦး မတူဘဲ စိတ်နေစိတ်ထား အမူအရာ ကွဲပြားကြ၏။ နှလုံးသွေးကျတဲ့ အမွှာနှစ်မွှာရှိသော ပုဂ္ဂိုလ်များ ပညာအားကောင်း ကြောင်း အမတ်ကြီး ဖိုးရာဇာ အစရှိသော ပုဂ္ဂိုလ်ပညာရှိများကို နမူနာထားသင့်ပါ၏။ ထို့ကြောင့် အသိ ဓာတ်နာမ်တရားသည် ဟဒယရုပ်ကို မှီ၍ဖြစ်သည်ကို တထစ်ချ မှတ်သားရန်ဖြစ်၏။ ထို့ကြောင့် နာမ်တရား ၏ သိပုံသိနည်းကား -

| | | | |
|---|---|---|---|
| (၁) | စက္ခု | - | မျက်စိ။ |
| (၂) | သောတ | - | နား။ |
| (၃) | ဃာန | - | နှာခေါင်း။ |
| (၄) | ဇိဝှါ | - | လျှာ။ |
| (၅) | ကာယ | - | ကိုယ်။ |
| (၆) | မန | - | စိတ် တည်းဟူသော သိနေသော ဌာန ခြောက်ဌာန ရှိ၏။ |

## ခြောက်ဌာန အသိဓာတ် နာမ်တရားကျက်စားပုံ

အသိဓာတ်ခေါ် နာမ်တရားက ထိုထိုအာရုံ၌ (ဝါ) အာရုံခြောက်ပါး၌ ကျက်စားသုံးသပ်ကာ ယင်ခိုး ကောင်နှင့်တူ၏။ ယင်ခိုးကောင်သည် ယင်ကောင်များကို ဖမ်းဆီးစားသုံးရန်အတွက် အစေးအမျှင်ကလေး များဖြင့် စက်ဝိုင်းသဏ္ဍာန် ပိုက်ကွန်သဖွယ် မြေးယှက်အိမ်ဖွဲ့၍ မိမိက အလယ်တွင် တည်ရာပြု၍ နေသည်။ (ပင့်ကူနှင့် ပင့်ကူအိမ်ကို ကြည့်ပါ။)

ထိုပင့်ကူအိမ်တစ်နေရာရာသို့ ယင်ကောင်တိုးမိ၊ ငြိကပ်မိသည်နှင့် တစ်ပြိုင်နက် ပိုက်ကွန်အမျှင်ကလေးများ လှုပ်ရှား၍ ယင်ကောင်မိကြောင်းကို ပင့်ကူက ချက်ချင်းသိ၍၊ ထိုယင်ကောင်မိရာနေရာသို့ ပြေးလွှားဖမ်းယူစားသုံးပြီး မိမိတည်ရာ မြေးယှက်အိမ်သို့ ပြန်၍ဝပ်၍နေ၏။ ထိုနည်းအတူ နာမ်တရားသည်လည်း စက္ခု၊ သောတ စသော ကွန်ယက်ခြောက်ကွက်တွင် တစ်ကွက်ကွက်၌ ရူပါရုံစသော အာရုံတစ်ခုခု ထင်လာထိလာပါမူ ယင်ခိုးကောင် ပင့်ကူနှင့်တူသော အသိဓာတ် နာမ်တရားတို့က ပြေးထွက် သိမှတ်ပြီး ချက်ချင်းပင် နှလုံးအိမ်ရှိ သွေးပြင်သို့ ပြန်တည်လာသည်။

စိတ်သဘော နာမ်သဘောကို ဓမ္မပဒပါဠိတော်၌ ဟောတော်မူသည်။

http://www.dhammadownload.com



ပါဠိ။ ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနံ။

စိတ်တရား နာမ်တရားသည်-

၁။ အဝေးသို့သာ ပြေးလွှားကျက်စားလေ့ရှိ၏။
၂။ တစ်ကိုယ်တည်းနေ၍ တစ်ခုစီသာစားသုံးလေ့ရှိ၏။
၃။ ကိုယ်ခန္ဓာဟူ၍ အစိုင်အခဲ အကောင်အထည်မရှိ။
၄။ နှလုံးသားအတွင်းဖြစ်သော သွေးဂူ၌သာ ကိန်းလေ့ရှိ၏။

ရူပါရုံ ဟူသော ယင်ကောင်သည် စက္ခုပသာဒရုပ်တည်းဟူသော ကွန်ယက်အကန့် အမှတ်(၁)တွင် ထိမိပါက အသိစာတ် နာမ်တည်းဟူသော ယင်ခိုးကောင်သည် ထိမိခြင်းကို "မည်သူနည်း၊ မည်သည့်နေရာ ဖြစ်ပါသနည်း"ဟု စုံစမ်းကြည့်လျှင် သိ၏၊ ယင်ကောင်ရှိရာ အကန့်နှင့်တူသော စက္ခုပသာဒသို့ ချက်ချင်းပြေးသွား၍ ယင်ကောင်တည်းဟူသော ရူပါရုံ၏ အသွေးအရောင် အရသာများကို ခွဲခြားသိ၏။ နှစ်သက်ဖွယ်အာရုံဖြစ်က ဝမ်းမြောက်တတ်သော လောဘဇောကျ၍ ရွံမုန်းဖွယ် အာရုံဖြစ်က အမျက်ဒေါသထွက်၏။ ယင်ခိုးကောင်သည် ယင်ကောင်ကိုစားပြီးလျှင် မိမိနေရာ အလယ်ဗဟိုသို့ ပြန်သွားပြီးနေသကဲ့သို့ နာမ်တရား အသိတရားသည် အာရုံကိုသိပြီးနောက် နှလုံးသားအိမ်သို့သာ ပြန်သွားဝပ်တည်၏။ ချုပ်ပြတ်ရပ်စဲ၏။ ယင်ကောင်မိခြင်းကို ကွန်ယက်၏ ကြိုးမျှင်အဆင့်ဆင့်ဖြင့် ယင်ခိုးကောင်က သိသကဲ့သို့ စက္ခုပသာဒ၌ တိုးမိသော ရူပါရုံကို စက္ခုပသာဒမှ မဟာဘုတ်ရုပ်အဆက်ဆက် တစ်ခုမှတစ်ခုသို့ ရုပ်ချင်း ဆက်၍ဆက်၍နေသဖြင့် ဟဒယဝတ္ထု နှလုံးသွေးမှ မနောအသိစာတ်က သိရခြင်းဖြစ်၏။

## မနောအသိ ဝိညာဏစာတ်ခြောက်ပါး

၁။ စက္ခုပသာဒကို မှီ၍ ရူပါရုံကို သိသော သဘောသည် စက္ခုဝိညာဏ်စိတ်။
၂။ သောတပသာဒကို မှီ၍ သဒ္ဒါရုံကို သိသော သဘောသည် သောတဝိညာဏ်စိတ်။
၃။ ဃာနပသာဒကို မှီ၍ ဂန္ဓာရုံကို သိသော သဘောသည် ဃာနဝိညာဏ်စိတ်။
၄။ ဇိဝှါပသာဒကို မှီ၍ ရသာရုံကို သိသော သဘောသည် ဇိဝှါဝိညာဏ်စိတ်။
၅။ ကာယပသာဒကို မှီ၍ ဖောဋ္ဌဗ္ဗာရုံကို သိသော သဘောသည် ကာယဝိညာဏ်စိတ်။
၆။ ဟဒယဝတ္ထုရုပ်ကို မှီ၍ ဓမ္မာရုံကို သိခြင်းသဘောသည် မနောဝိညာဏစိတ် တို့ဖြစ်ကြကုန်၏။

http://www.dhammadownload.com



ဝှင်းသိတတ်သော စိတ်တည်းဟူသော နာမ်တရားက ဦးဆောင်နေကြောင်းကို ဓမ္မပဒ ပါဠိတော်၌ "မနောပုဗ္ဗင်္ဂမာ"ဟူ၍ ပြတော်မူ၏။ စေတသိက်နာမ်သည် စိတ်ကို အမှီပြု၍ ဖြစ်ရသည်၊ မကွဲမကွာဖြစ်သည်။

## စေတသိက်အင်္ဂါလေးပါး

၁။ ဧကုပ္ပါဒ - စိတ်နှင့်အတူ ဖြစ်ခြင်း။

၂။ ဧကနိရောဓ - စိတ်နှင့်အတူ ချုပ်ခြင်း။

၃။ ဧကာလမ္ဗဏ - စိတ်နှင့်အတူ အာရုံပြုခြင်း။

၄။ ဧကဝတ္ထုက - စိတ်နှင့်အတူ မှီရာတူခြင်း ဖြစ်ကြ၏။

## အလုံးစုံသောစိတ်တို့နှင့်ယှဉ်သော စေတသိက်များ

၁။ ဖဿ - အာရုံ၌ တွေ့ထိခြင်းသဘော။

၂။ ဝေဒနာ - အာရုံ၌ ခံစားခြင်းသဘော။

၃။ သညာ - အာရုံ၌ မှတ်သားခြင်းသဘော။

၄။ စေတနာ - အာရုံ၌ ဖြစ်ဖော်ဖြစ်ဖက် တရားများကို တိုက်တွန်းနှိုးဆော်ခြင်း။

၅။ ဧကဂ္ဂတာ - အာရုံမပြား တသားတည်း စူးစိုက်တည်ကြည်သောစိတ်။

၆။ ဇီဝိတိန္ဒြေ - ယှဉ်ဖက်ဖြစ်သော သမ္ပယုတ်တရားတို့၏ အသက်ရှင်ကြောင်းနှင့် နာမ်တရားတို့ကို အစိုးရခြင်းသဘော။

၇။ မနသိကာရ - အာရုံ၌ နှလုံးသွင်းမှန်ကန်ခြင်းသဘော။

**ဂါထာ။** ရဇ္ဇုယောဂါ ဒါရုယန္တံ၊ သဗျာပါရံဝ ခါယတိ။
ဧဝံသုညံ နာမရူပံ၊ အညမညံ သမာယုတံ။ (ပရမတ္ထသရူပဘေဒနီ၊ ၅၀၆)

**အနက်။** ဒါရုယန္တံ - သစ်သားရုပ်ကလေးသည်။ ရဇ္ဇုယောဂါ - ကြိုးနှင့်ပေါင်းဆုံမိခြင်းကြောင့်။ သဗျာပါရံဝ - သွားလာကခုန် ဗျာပါရရှိပုံယောင်ယောင်။ ခါယတိ - ထင်ရ၏။ ဧဝံ - ထို့အတူ။ သုညံ - ပုဂ္ဂိုလ်သတ္တဝါမှ လုံးဝကင်းဆိတ်သော။ နာမရူပံ - နာမ်ရုပ်တရားနှစ်ပါးသည်။ အညမညံ - အချင်းချင်း။ သမာယုတံ - ပေါင်းဆုံမိခြင်းကြောင့်။ သဗျာပါရံဝ - သွားယောင်လာယောင် ဗျာပါရရှိသယောင်။ ခါယတိ - ထင်ရ၏။

http://www.dhammadownload.com



## ဆောင်ပုဒ်

➢ နာမ်, ရုပ် နှစ်တန်၊ သူဖြစ်ဟန်ကို၊ အမှန်ဒိဋ္ဌ၊ မသိကြ၍၊ ငါထ, ငါထိုင်၊ ငါကိုင်, ငါသွား၊ ငါကြား, ငါကြည့်၊ ငါသိ, ငါမြင်၊ ဓာတ်ဖြစ်အင်ကို၊ ငါပင်မုချ၊ မှတ်ထင်ကြသည်၊ သက္ကာယဒိဋ္ဌိ၊ စွဲလမ်းမှုကြီးပါတကား။

## ခန္ဓာငါးပါး

| စဉ် | အမည် | တရားကိုယ် | အဓိပ္ပာယ် |
|---|---|---|---|
| ၁။ | ရူပက္ခန္ဓာ | ရုပ် (၂၈)ပါး | ဘာမျှမသိတတ်၊ ဖောက်ပြန်တတ်၏။ |
| ၂။ | ဝေဒနာက္ခန္ဓာ | ဝေဒနာစေတသိက် (၁) ပါး | တံခါး (၆)ပေါက်မှ ရောက်သမျှ အာရုံ (၆)ပါး၏ အရသာကို ခံစားတတ်၏။ |
| ၃။ | သညာက္ခန္ဓာ | သညာစေတသိက် (၁)ပါး | တံခါး (၆)ပေါက်မှ ရောက်သမျှ အာရုံ (၆)ပါးကို မှတ်တတ်၏။ |
| ၄။ | သင်္ခါရက္ခန္ဓာ | ဝေဒနာ, သညာမှ ကြွင်းသော စေတသိက် (၅၀) ပါး | အာရုံကို စေ့ဆော်တိုက်တွန်း ပြုပြင်စီမံတတ်၏။ |
| ၅။ | ဝိညာဏက္ခန္ဓာ | စိတ်အကျဉ်း (၈၉)ပါး အကျယ် (၁၂၁) ပါး | အာရုံကို သိတတ်၏။ |

၎င်းခန္ဓာငါးပါးမှာပင် ပရမတ္ထတရား လေးပါးရှိသည့်အနက် နိဗ္ဗာန်ချန်ထားလျှင် စိတ်, စေတသိက်, ရုပ်အားဖြင့် ပရမတ္ထတရာသုံးပါး အကုန်ပါသွားသဖြင့် ပရမတ္ထတရား မကျန်တော့ပါ။

ခန္ဓာငါးပါးသည် သူ့သဘောနှင့်သူ တစ်ခုနှင့်တစ်ခု ရောယှက်လို့မရပါ။ ၎င်းခန္ဓာငါးပါး ပေါင်းစပ်နေခြင်းကို သမ္မုတိအနေဖြင့် "လူ"လို့ ခေါ်နေကြသည်။ ထို့ကြောင့် ခန္ဓာငါးပါး၏ သဘောငါးခု သူ့သဘော နှင့်သူ သန့်သန့်ကလေးနေသည်ကို အထက်ပါဇယားတွင် လေ့လာကြည့်ရှုပါ။

http://www.dhammadownload.com



ရူပက္ခန္ဓာမှာ အတိတ်, အနာဂတ်, ပစ္စုပ္ပန်၊ အဇ္ဈတ္တ - အတွင်းရုပ်၊ ဗဟိဒ္ဓ - အပြင်ရုပ်၊ ဩဠာရိက - ကြမ်းသောရုပ်၊ သုခုမ - နူးညံ့သိမ်မွေ့သောရုပ်၊ ဟီန - ယုတ်ညံ့သောရုပ်၊ ပဏီတ - မြတ်သောရုပ်၊ ဒူရ - ဝေးသောရုပ်၊ သန္တိကေ - နီးသောရုပ်များ ဖြစ်ပေါ်နေကြ၏။

ရူပက္ခန္ဓာခေါ် ရုပ်သဘောသည် လူများမှာ အတိတ်က "ဥပတ္ထမ္ဘက"ကံ အထောက်အပံ့ကြောင့် ချမ်းသာလျှင် လူ၏ ဥပဓိရုပ်က ကြည်ကြည်လင်လင် ရွှင်ရွှင်ပြုံးပြုံးဖြစ်ပြီး၊ အကုသိုလ်ဝင်ပြီး ဖိစီးလာသောအခါ စိတ်ညစ်ညူးပြီး ရုပ်ကြီးကလည်း မလှ၊ မျက်နှာကလည်း အမြဲတမ်း ညှိုးမှိန်နေ၏။ ထို့ကြောင့် ကိုယ်ကာယအတ္တဘောကြီး၏ အပေါ်မှာ အမူအရာအမျိုးမျိုး ဖြစ်နေရာကို "ခန္ဓာ"ဟူ၍ ခေါ်၏။

ဥပမာအားဖြင့် ရုပ်ရှင်ပြသည့်အခါ ပိတ်ကားကြီးပေါ်မှာ လူရုပ်၊ တိရိစ္ဆာန်ရုပ်၊ တိုက်, တာ, အိမ်, ကျောင်း, ဇရပ်, မော်တော်ကား, လေယာဉ်ပျံ စသည်များ ပေါ်နေကြ၏။ ဒါပေမဲ့ ပြသည့်စက်လည်း ရပ်သွားရော ပိတ်ကားကြီးက ပိတ်ကားကြီးအတိုင်းပဲ ကျန်နေတော့၏။ ဤဥပမာလိုပါပဲ ထိုအတ္တဘောကြီးကိုအမှီပြု၍ ငိုခြင်း၊ ရယ်ခြင်း၊ ပြုံးခြင်း၊ မဲ့ခြင်းဆိုသည့် အမူအရာတွေ ပြောင်းပြောင်းပြီး ဖြစ်နေတာပါ။ အတ္တဘောကြီးက အတ္တဘောကြီးအတိုင်းပဲ အထက်ကပြခဲ့တဲ့ ပိတ်ကားကြီးဥပမာကို စဉ်းစားကြည့်ရန် ဖြစ်၏။

ရူပက္ခန္ဓာ၏ တရားကိုယ်သည် ရုပ်နှစ်ဆယ့်ရှစ်ပါး ရှိ၏။ ခန္ဓာဖြစ်သော်လည်း ရုပ်နှစ်ဆယ့်ရှစ်ပါး စလုံး ပေါင်းထားတာကို ခေါ်ခြင်းမဟုတ်ပါ။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရ၊ သန္တိကေ စသော (၁၁)မျိုးပြောင်းပြီး ပေါင်းဖြစ်နေ၍ "ခန္ဓာ"လို့ခေါ်၏။ ခန္ဓာဖြစ်ပျက်ပုံမှာ ဥပါဒ်၊ ဌီ၊ ဘင်အာဖြင့် ခဏငယ်သုံးချက်ခေါ် ဖြစ်၊ တည်၊ ပျက်မှု သဘောနှင့် ဖြစ်ပျက်နေ၏။

မိမိ၏ကိုယ် အတ္တဘောကြီးပေါ်မှာ စိတ်, စေတသိက်, ရုပ် စသော တရားတွေ ပြောင်းလဲနေသည်။ ၎င်းတို့ကို စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် စသည်ဟူ၍ ခေါ်ကြ၏။ ထိုစိတ်, စေတသိက် စသော တရားများ ခွါသောအခါ အဆိုပါ အတ္တဘောကြီးသည် ယမနေ(သစ်သား) ရုပ်ကြီးနှင့်တူ၏။ ထို့ကြောင့် ရုပ်ရှင်ပြသည့် ပိတ်ကားကြီးနှင့် တူသည်ဟု ဟောကြ၏။

ဝေဒနာက္ခန္ဓာသည် အာရုံခြောက်ပါးကို အစဉ်မပြတ် ခံစားရုံမျှ။ သညာက္ခန္ဓာသည် အာရုံခြောက်ပါးကို မှတ်သားရုံမျှ။ သင်္ခါရက္ခန္ဓာသည် အာရုံခြောက်ပါးကို ခံစားခြင်း, မှတ်သားခြင်း

http://www.dhammadownload.com



ဖြစ်မြောက်ရန် စေ့ဆော်တိုက်တွန်းရုံမျှ။ ဝိညာဏက္ခန္ဓာသည် သိတတ်ရုံမျှသာဖြစ်၍ ဘာမျှအပြစ်မရှိ။ ဖန်ခွက်ထဲက ရေသန့်သန့်ကလေးနှင့် တူပြီး သန့်ရှင်းစွာသော ခန္ဓာငါးပါးဖြစ်သည်ကို "ပဉ္စက္ခန္ဓာ"ဟု ခေါ်၏။ ခန္ဓာသန့်သန့်ကလေးနှင့်တူသော ရေကြည်ထည့်ထားသော ဖန်ခွက်ထဲသို့ အနီ၊ အစိမ်း အရောင်များကို ထည့်သည့်အခါ အရောင်များပြောင်းသွားသကဲ့သို့ ခန္ဓာသန့်သန့်ကလေးသည်လည်း "တဏှာ၊ မာန၊ ဒိဋ္ဌိ"ဆိုတဲ့ ပပဉ္စတရားသုံးပါး ဝင်ပူးရောလိုက်သဖြင့် "ဉပါဒါနက္ခန္ဓာ" ဖြစ်လာသည်။

**"ခန္ဓာနှစ်ထပ်၊ ဟောပေလပ်၊ ကြောင်းရင်းဘယ်သို့နည်း"**ဟု မေးသည့်စကားကို **"ခန္ဓာနှစ်တန်၊ ဟောခဲ့ပြန်၊ ဉပါဒါန်ကြောင့်တည်း"**ဟု ပြန်လည်ဟောကြားသည်။ အရဟတ္တမဂ်ကို မရမချင်း သန့်ရှင်းသော ပဉ္စက္ခန္ဓာနှင့်မနေဘဲ တဏှာ မာန ဒိဋ္ဌိ ဝင်နေသဖြင့် ပုထုဇဉ်များ ဉပါဒါနက္ခန္ဓာဖြစ်၍ နေကြရသည်။ တဏှာ, မာန, ဒိဋ္ဌိဟူသော ပပဉ္စတရားသုံးပါးသည် သံသရာကို ချဲ့ထွင်းတတ်သော တရားဖြစ်၍ ခန္ဓာ ငါးပါးရိုးရိုးသည် သံသရာကို မချဲ့ထွင်းတတ်သဖြင့် ဘုရား ရဟန္တာများ၌လည်း ဖြစ်ပေါ်နေ၏။ သို့ရာတွင် ပဉ္စက္ခန္ဓာသည်လည်း ဒုက္ခသာဖြစ်၍ ဘုရား ရဟန္တာများ နောက်ဆုံး ပဉ္စက္ခန္ဓာစွန့်ပြီး နိဗ္ဗာန်စံဝင်ကြကုန်၏။

မာနအပူးခံရသော ခန္ဓငါးပါးသည် အသက်သေလောက်အောင် ဒုက္ခအမျိုးမျိုးတွေ့ပြီး ဆင်းရဲနေ ကြ၏။ ၎င်းမာန ပူးနေခြင်းသည် လောကရေးရာမှာသာ ဆိုသည်မဟုတ်ဘဲ သိမ်မွေ့သော မာန်မာနသည် လောကုတ္တရာဘက်မှာလည်း အနှောင့်အယှက်ပေးနေ၏။ ထို့ကြောင့် မဟာသီဝ မထေရ်ကြီးသည် မိမိမှာ အနည်းငယ်မျှသော မာနခံနေ၍ အနှစ်သုံးဆယ် တရားအားထုတ်သော်လည်း တရားမရနိုင်သဖြင့် ချုံးပွဲချပြီး ငိုကြွေးနေရာမှ အနီးအပါးရှိသော သောတာပန်နတ်သမီးက ပရိယာယ် နှင့် လှောက်တဲ့အခါကျတော့မှ မာနခံနေသည်ကို သတိရ၍ မာန်ချပြီးလျှင် တရားအားထုတ်သော အခါမှ တစ်ခဏချင်း အာသဝေါကုန်ခမ်း ရဟန္တာဖြစ်လေတော့၏။ ၎င်းမဟာသီဝမထေရ်ကြီး မာန အပူးခံရခြင်းကို ထောက်ပြီး ခန္ဓာငါးပါး မာနအပူးခံရခြင်း ထင်ရှား၏။ လောကအခေါ် သူဆင်းရဲ၏, ငါဆင်းရဲ၏ဟု ထင်ကြပေမဲ့ ငါမရှိ၊ သူမရှိ၊ ခန္ဓာငါးပါးသာ ရှိ၏ဟု မှတ်သားရ၏။

မိမိကိုယ်မှာရှိသည့် ရုပ်ဓာတ် (၂၈)ပါးက ရူပက္ခန္ဓာ။ အာရုံ (၆)ပါးကို အစဉ်မပြတ် ခံစားနေသည်က ဝေဒနာက္ခန္ဓာ။ ၎င်းအာရုံ (၆)ပါးကို မှတ်သားခြင်းသည် သညာက္ခန္ဓာ။ ၎င်းအာရုံ (၆)ပါးကို ခံစားခြင်း, မှတ်သားခြင်း ဖြစ်မြောက်ရန် စေ့ဆော်တိုက်တွန်းသော စေတနာသည် သင်္ခါရက္ခန္ဓာ၊ ၎င်းအာရုံ (၆)ပါးကို သိနေခြင်းသည် ဝိညာဏက္ခန္ဓာ။ ဤကဲ့သို့ ခန္ဓာငါးပါး အစဉ်မပြတ်

http://www.dhammadownload.com



ဖြစ်ပျက်နေခြင်းသာဖြစ်၏။ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမမရှိဘဲ ခန္ဓာငါးပါးသာလျှင် ထင်ရှားရှိကြောင်း သိအောင်ကြိုးစားပါ။ ၎င်းခန္ဓာ ငါးပါး ဖြစ်လာသည်မှစ၍ ဆင်းရဲနေရ၏။ တဏှာ, မာန, ဒိဋ္ဌိ ပပဉ္စတရားသုံးပါးက ပူးလျက် ကပ်လျက်ဖြစ်သဖြင့် ဆင်းရဲသည့်အပြင် တစ်ဘဝ တစ်နပ်စာသာ နှိပ်စက်နေတာကိုပဲ အားမရသဖြင့် တစ်သံသရာလုံး နှိပ်စက်ရန် ၎င်းခန္ဓာငါးပါးကိုပင် ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမဟု မှတ်ထင်နေသော အန္ဓပုထုဇဉ်များသည် ခန္ဓာငါးပါဖြစ်နေမှန်းမသိဘဲ ဒိဋ္ဌိ ကိလေသာ နှိပ်စက်ခံနေခြင်းသည် ကြောက်စရာကောင်းကြောင်းကို မြတ်စွာဘုရားက ဤသို့ ဟောတော်မူသည်။

**ပါဠိ။** နတ္ထိ ဒိဋ္ဌိသမော ဝေရီ။

**အနက်။** ဒိဋ္ဌိသမော - ဒိဋ္ဌိနှင့်တူသော။ ဝေရီ - ရန်သူမည်သည်။ နတ္ထိ - မရှိ။

**ပါဠိ။** ဒိဋ္ဌိသမော ဝဇ္ဇော

**အနက်။** ဒိဋ္ဌိသမော - ဒိဋ္ဌိနှင့်တူသော။ ဝဇ္ဇော - လှည့်ပတ်ခြင်းသည်။ နတ္ထိ - မရှိ။

ထို့ကြောင့် ၎င်းလှည့်ပတ်ခြင်း မခံရအောင် ခန္ဓာငါးပါး၏ တရားကိုယ် သဘောအဓိပ္ပါယ်ကို နားလည်အောင် ဆောင်ရွက်ကြပြီး ခန္ဓာငါးပါးကို အမြဲပူးကပ်နှိပ်စက်နေသော ရန်သူသုံးဦးတည်းဟူသော တဏှာ, မာန, ဒိဋ္ဌိတို့မှ ရှောင်တတ်, ကွင်းတတ်စေရန် ထပ်မံ၍ ဥပမာနှင့် အောက်တွင် ဖော်ပြထားပါသည်။

## ခန္ဓာငါးပါး ဥပမာ

| | | | | | |
|---|---|---|---|---|---|
| ၁။ | ရူပက္ခန္ဓာ | - | ဖေဏပိဏ္ဍူပမာ | = | ရေမြှုပ်နှင့်တူ၏။ |
| ၂။ | ဝေဒနာက္ခန္ဓာ | - | ဗုဗ္ဗုဠူပမာ | = | ရေပွက်နှင့်တူ၏။ |
| ၃။ | သညာက္ခန္ဓာ | - | မရိစိကူပမာ | = | တံလျှပ်နှင့်တူ၏။ |
| ၄။ | သင်္ခါရက္ခန္ဓာ | - | ကဒလူပမာ | = | ငှက်ပျောတုံးနှင့်တူ၏။ |
| ၅။ | ဝိညာဏက္ခန္ဓာ | - | မာယူပမာ | = | မျက်လှည့်နှင့်တူ၏။ |

http://www.dhammadownload.com



## ရူပက္ခန္ဓာ

ရူပက္ခန္ဓာ ရေမြှုပ်နှင့်တူပုံမှာ ရေမြှုပ်ခဲ မြင်ရသည့်အခါ အစိုင်အခဲလို့ ထင်ရသော်လည်း လက်ထဲသို့ ယူပြီး ဆုပ်ချေကြည့်သည့်အခါ လက်ထဲတွင် ဘာမျှမရှိ စမ်းလို့ မရဘိသကဲ့သို့ မိမိကိုယ်ကို အတုံးအခဲ ကြီးပဲလို့ မှတ်ထင်နေကြသော်လည်း ပရမတ်မျက်စိနှင့်ကြည့်လျှင် ရုပ်ဓာတ် (၈)ပါး သဘောမျှ သက်သက် သာလျှင် ထင်ရှားရှိကြောင်း သိရ၏။

## ဝေဒနာက္ခန္ဓာ

ဝေဒနာက္ခန္ဓာကို ရေပွက်သဏ္ဌာန်နှင့် နှိုင်းပြသည်။ ရေပွက်ဆိုသည်မှာ ရေမျက်နှာပြင်ပေါ်သို့ မိုးပေါက်များ သည်းထန်စွာရွာချစဉ် မိုးရေပေါက် ရေပွက်စီပေါင်း အလုံးငယ်များကို ရေပွက်ခေါ်သည်။

၎င်းရေပွက်စီပေါင်းငယ်များသည် မိုးပေါက်က ဆက်ခါဆက်ခါ ကျသဖြင့် ဆက်ခါဆက်ခါ ဖြစ်ပေါ်ကြ၏။ ပထမအစက ရေပွက်သည် မည်သည့်အချိန်ကစ၍ မည်သည့်အချိန်တွင် ပျောက်ပျက်သည်ဟူ၍ကား ပိုင်းခြားမှတ်သား၍ မရနိုင်ချေ။ မိုးရေမိုးပေါက်များသည် များ၍ များ၍ ရေပွက်များ ဖြစ်လာသဖြင့် ရေပြင်ပေါ်တွင် ဖွေဖွေးဖြူဖြူ အရောင်များပြည့်လျက်သာ မြင်ရ၏။ ရေပွက်များ တစ်ဆက်တည်း ဖြစ်နေ ကြသည်ဟု ထင်ရ၏။

အမှန်ကား - အစမှာ ဖြစ်ပေါ်လာသော ရေပွက်သည် ဒုတိယ မိုးပေါက်ကျပြီး ပထမ ရေပွက် ပျက်လျက် ဒုတိယအသစ် ရေပွက်သာဖြစ်လာ၏။ ဤသို့လျှင် မိုးပေါက်ကျ ရေပွက်များ အဟောင်းပစ်, အသစ်ရောက်, အသစ်ပြောင်း အဟောင်းစွန့် ဆက်ခါဆက်ခါ မိုးစဲသည်အထိ ဖြစ်၍နေကြ၏။

ဝေဒနာက္ခန္ဓာ၏ ခံစားမှုသဘောသည် ထိုရေပွက်သဘောနှင့် ထပ်တူဖြစ်၏။ သတ္တဝါတို့၏ စိတ်၌ ဝေဒနာ ခံစားချက်တွေ တစ်ဆက်တည်းထင်ရ၏။ ဟုတ်ကား မဟုတ်။ အထက်ဥပမာအတိုင်း တစ်ခုပြီးမှ တစ်ခုစီ တခြားစီသာဖြစ်ကြ၏။ အဖြစ်အပြောင်း မြန်လွန်းလှသောကြောင့်သာ တစ်ဆက်တည်း ထင်နေကြ ခြင်းဖြစ်၏။ ရှုပါရုံ ဆိုကြပါစို့။ အဆင်းအာရုံ တစ်ခုကို အချိန် (၁၅)မိနစ်ခန့် စူးစိုက်ကြည့်နေပါက ထိုမြင်မှုသည် (၁၅)မိနစ်လုံးလုံး တစ်ဆက်တည်း မြင်နေရသည် ထင်ရ၏။ ထိုသို့ဟုတ်ကား မဟုတ်ပါချေ။

မိုးပေါက် ရေပွက်ကလေးများကဲ့သို့ပင် ဖြစ်လျက် ပျက်လျက်၊ တစ်ခုပြီးတစ်ခု ဆက်ခါဆက်ခါ သာ မြင်ရခြင်းဖြစ်၏။ ပထမအမြင် ချက်ချင်းချုပ်ပျောက်၊ ဒုတိယအမြင် ဆက်ရောက်၊ ဒုတိယချုပ်ပျောက်၊

http://www.dhammadownload.com



တတိယ အမြင် ဆက်ရောက် မြင်ခြင်းများသာဖြစ်၍ အဖြစ်အပျက် အလွန်လျင်မြန်လှသောကြောင့် အဟောင်း ပျောက် အသစ်ရောက် အကြားကိုမမြင် တစ်ဆက်တည်း ထင်ကြခြင်းဖြစ်၏။

လျှပ်တစ်ပျက် လက်ဖြစ်တစ်တွက်အတွင်း ကုဋေတစ်သိန်းမက ချုပ်ပျက်ကြသည်ဟူ၍ ဟောကြား ခဲ့ပါသည်။ ထို့ကြောင့် အာရုံ၏ အရသာကို ခံစားခြင်းသည် တစ်ဆက်တည်းမဟုတ်ဘဲ ရေပွက်ကဲ့သို့ -

| | | | | | | |
|---|---|---|---|---|---|---|
| သန္ဓိ | - | သန္ဓိ | - | အစပ် | - | အစပ် |
| ဩဓိ | - | ဩဓိ | - | အပိုင်း | - | အပိုင်း |
| ပဗ္ဗ | - | ပဗ္ဗ | - | အပြတ် | - | အပြတ် |

စပ်ခါ ပိုင်းခါ ပြတ်ခါ၊ စပ်, ပိုင်း, ပြတ်၊ ဖြစ်-ပျက်-ချုပ် ပျောက်ကြကုန်၏။ မျက်စိတစ်မှိတ် ကာလ အတွင်း ကုဋေတစ်သိန်းဖြစ်ပျက်သဘော ဆင်ခြင်ပါလေ။ ကျန်အာရုံများကိုလည်း ဤနည်းအတိုင်း သဘောပေါက်ကြပါလေ။

## သညာက္ခန္ဓာ

သညာက္ခန္ဓာကို တံလျှပ်နှင့် ခိုင်းနှိုင်းပြပါသည်။ "တံလျှပ်"ဆိုသည်မှာ နွေဦးပေါက်အချိန် နေရှိန် အပူရှိန်ကြောင့် မြေပြင်မှ ထွက်ပေါ်လာသော ရေငွေ့ပင်ဖြစ်သည်။ နွေဦးပေါက်ချိန် အင်းကော၊ အိုင်ကော၊ ကွင်းပြင်၊ မြက်ခင်းများမှ တလျှပ်လျှပ် ထွက်ပေါ်လေ့ရှိ၏။ အဝေးက ကြည့်သော် အငွေ့ချင်း အငွေ့ပေါင်း များစွာ ထပ်နေ၍ ဖြူဖြူဖွေးဖွေး မြင်ရ၏။ ၎င်းကို "ရေပြင်"ဟု ထင်ရ၏။ အနီးကပ်ကြည့် ပါက ဘာမျှမရှိ၊ မြက်ခင်း မြေသားသာ တွေ့ရ၏။

တောသမင်တစ်ကောင် ရေဆာလှ၍ ကွင်းစပ်သို့ ရေရှာထွက်ရာ ၎င်းတံလျှပ်များကို ရေထင်၍ အနီးကပ်သော် ရေမရှိ ရေမဟုတ်၊ အဝေးမှပြန်ကြည့် ရေတွေ့ပြန်၊ အနီးကပ် ရေမဟုတ်ပြန်၊ ဤသို့ဖြင့် ရေကားထင်၊ ရေစင်မသောက်ရဘဲ တံလျှပ်နောက်လိုက်ရင်း အမောဆို့၊ ချောက်ထဲကျ သေဆုံးသကဲ့ သို့၊ ထို့အတူ ကျွန်ုပ်တို့ လူသားများသည်လည်း ရေမဟုတ်သော တံလျှပ်ကို ရေထင်သော သမင်ကဲ့သို့ အတ္တမဟုတ်, ဇီဝမဟုတ်သော ရုပ်နာမ်သဘောများကို အတ္တ၊ ဇီဝ၊ သတ္တ၊ ပုဂ္ဂလ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ အစိုင် အခဲ၊ နိစ္စ၊ သုခ ထင်မှတ်ကာ အမှတ်မှား အစွဲမှားပြီး သံသရာတစ်ကြော နစ်မျောနေကြရကုန် ၏။ အန္ဓပုထုဇဉ်မှန်သမျှ သညာလိမ်ခံကြရသည်။

http://www.dhammadownload.com



# သင်္ခါရက္ခန္ဓာ

သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့်တူ၏။ ငှက်ပျောပင် ငှက်ပျောတုံးကို လူတိုင်း မြင်တွေ့ကြ၏။ သစ်သားအနှစ်ကဲ့သို့လည်းကောင်း၊ ကျောက်တိုင် သံတိုင်များကဲ့သို့လည်းကောင်း၊ အနှစ်သာရ အခိုင်အမာ ဘာတစ်ခုမျှမရှိကြောင်း လူတိုင်းသိကြ၏။ အညံ့ဆုံး ထင်းအဖြစ်မျှ သုံး၍မရချေ။

အနှစ်သာရ အခိုင်အမာ ကျောက်တိုင် သံတိုင် မသိမမြင်ဘူးသူ တစ်ယောက်သည် ငှက်ပျောတောကြီးတစ်ခုသို့ ရောက်သောအခါ၊ တကယ့်ကျောက်တိုင် သံတိုင်အလား အထင်ကြီးခါ အားကိုးအမှီပြု၍ ဘဝင်မြင့်နေတော့၏။ ဤငှက်ပျောတောကို အကာအကွယ်ပြုလျှင် မည်သည့်လက်နက်မျှ မထိုးဖောက်နိုင်။ မည်သည့်မင်းမှ မတိုက်ခိုက်နိုင်ဖြစ်၍ ငါသည်လျှင် ဧကရာဇ်မင်းဖြစ်ပေတော့ဟု အကြံပေါက်ခါ အနီးရှိ မင်းများသို့ စစ်ကြေငြာ၏။

"ငါ၏လက်အောက်သို့ သစ္စာတော်ခံကြမည်လော၊ အားချင်းပြိုင် အနိုင်တိုက်ကြမည်လား"ဟု စစ်ကြေငြာသောအခါ အနီးရှိမင်းများက "ဤလူကား တကယ့်သူရဲကောင်းမဟုတ်၊ ငှက်ပျောတောကို အထင်ကြီးနေသော သူရူးမှန်းသိ၍ သာမာန်စစ်သားများဖြင့်ပင် စေခိုင်း ဖမ်းဆီးချုပ်နှောင် ထောင်သွင်းလိုက်တော့၏။ ထိုအခါ ငှက်ပျောတောကို အားကိုးမှားပုံ၊ အနှစ်သာရ အခိုင်အမာမရှိပုံ၊ အကာအကွယ်မရပုံ၊ ထင်းတုံးလောက်မျှ အသုံးမကျပုံ အကုန်အစင် သိမြင်လေတော့၏။ ထိုဥပမာအတိုင်းပင် သတ္တဝါ အားလုံးတို့သည် သင်္ခါရက္ခန္ဓာအပေါ် သံတိုင် ကျောက်တိုင်ပမာ အနှစ်သာရ အခိုင်အမာ မှီခိုရာဟု အထင်မှား အမြင်မှား အယူမှားနေကြကုန်၏။ သင်္ခါရတည်းဟူသော စေတသိက် (၅၀)ပေါ်တွင် အထင်ကြီးကာ ကုသိုလ်၊ အကုသိုလ်တို့ကို ပြုကြလေတော့၏။ ကုသိုလ်၊ အကုသိုလ်ကို ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော ကံသုံးပါးဖြင့် "မနောသင်္ခါရ"ဟု ခေါ်၏။

| သင်္ခါရ | ကံ | မြန်မာ |
|---|---|---|
| ၁။ ကာယသင်္ခါရ | ကာယကံ | ကိုယ်ဖြင့်ပြုမှု။ |
| ၂။ ဝစီသင်္ခါရ | ဝစီကံ | နှုတ်ဖြင့်ပြုမှု။ |
| ၃။ မနောသင်္ခါရ | မနောကံ | စိတ်ဖြင့်ပြုမှု။ |

http://www.dhammadownload.com



## သညာက္ခန္ဓာ ကာယသင်္ခါရ၌ အထင်ကြီးပုံ

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက အထင်ကြီးမိကြသည်။ ငါတို့ ပခုက္ကူမြို့သည် သာယာ၏။ စည်ပင်၏။ ဆိပ်ကမ်းမြို့ကြီးဖြစ်၏။ ကာယဖြင့် ပြုလုပ်တည်ဆောက်ထားသော တိုက်တာ အိမ်မြေများဖြင့် ပြည့်ကြပ်ခမ်းနားစွာ ရှိကြ၏။ စစ်ဘေးစစ်ဒဏ်အတွက် စိုးရိမ်ဖွယ်မရှိဟု အထင်ကြီးခဲ့ကြ၏။ နောင်အနှစ် (၁၀၀)မက အသစ်မပြုပြင်ဘဲ နေနိုင်ကြမည်ဟု ထင်ခဲ့ကြ၏။ သို့သော် စစ်အတွင်းကျရောက်သောအခါတွင်ကား အထင်ကြီးမိခဲ့သမျှ ဖောက်ထိုးမိုးမျှော် လွဲမှားကုန်တော့၏။ အနှစ် (၁၀၀) မက ထင်ခဲ့သမျှသည် ရက်ပိုင်း, လပိုင်းအတွင်း မီးလောင်၍ ပြာပုံအထိ ရောက်ကြကုန်၏။ ထင်မြင်ချက် လွဲမှားကြောင်း အခိုင်အမာမရှိကြောင်း, အနှစ်သာရ ကင်းမဲ့ကြောင်း ဆောက်တည်ကိုးကွယ်ရာမရကြောင်း လက်တွေ့ကျကျ သိရ၏။

ထို့အတူ မိမိအိမ်မှစ၍ နိုင်ငံအသီးသီးတို့တွင်လည်း ကိုယ့်နည်းနှင့်ကိုယ် အသီးသီး အထင်ကြီးခဲ့ကြ၏။ အထင်နှင့်အမြင် မကိုက်ပုံ စစ်ဘေးနှင့် ရင်ဆိုင်တွေ့ကြရမှ သိမြင်ကြရလေ၏။

## ဝစီသင်္ခါရ၌ အထင်ကြီးပုံ

ဝစီသင်္ခါရဖြင့် ထူထောင်ထားရာတို့၌လည်း အထင်ကြီးခဲ့ကြရ၏။ စာအုပ်စာတမ်း, ပေစာ, ကျောက်စာ, သတင်းစာ, မဂ္ဂဇင်း, ဂျာနယ်, စာစောင် ဟောရေး ပြောရေး ဝါဒဖြန့်ချိရေး စသည်တို့သည်လည်း ထင်ကြေးမကိုက်ဘဲ နောက်ဆုံးတွင် အပျက်သဘောဖြင့်သာ နိဂုံးချုပ်ခဲ့ကြရကုန်၏။ ထို့ကြောင့် ဝစီသင်္ခါရ၌လည်း အထင်မကြီးသင့်၊ အမြင်မမှားသင့်ပါချေ။

## မနောသင်္ခါရ၌ အထင်ကြီးပုံ

မနောသင်္ခါရဖြင့် ထူထောင်၍ အထင်ကြီးပုံမှာ အောက်ပါအတိုင်းဖြစ်၏။ မနောသင်္ခါရဟူသည်မှာ စိတ်ဦးစီးခြင်းပင်ဖြစ်၏။ ထိုသို့ စိတ်ဦးစီး၍ ထူထောင်ထားသော ပြဟ္မာများကို ကြည့်ပါ။

ရူပဘုံ, အရူပဘုံ ပြဟ္မာ့ပြည်သည် ဒုက္ခအချို့ သက်သာရာရသည် မှန်သော်လည်း ဒုက္ခခပ်သိမ်းကင်းငြိမ်းသည်မဟုတ်၊ ပုထုဇဉ်ပြဟ္မာများလည်း အောက်ဘုံ အောက်ဒုက္ခ အောက်သံသရာကို လားရ, လည်ကြရပေဦးမည်။

http://www.dhammadownload.com



ဤသို့ မနောသင်္ခါရ ထူထောင်ခြင်းဖြင့် "သင်တို့ အသက်က ငါတို့ ယာဂုတစ်ခါသောက် လောက်မျှမရှိ"ဟု အောက်သံသရာကို အထင်သေးခြင်း၊ မိမိတို့ အထက်သံသရာကို အထင်ကြီးခြင်းဖြင့် ခြားနား ထောင်လွှားကြကုန်၏။ နောက်ဆုံးတွင် သက်တမ်းစေ့က ရုပ်သေကြရ၊ နာမ်သေကြရ၏။ ငါတို့ကဲ့သို့ပင် သေမြဲသေကြရလေ၏။ ထို့ကြောင့် မနောသင်္ခါရ ထူထောင်မှုများ၌လည်း အထင်မကြီး သင့်ကြပေ။

## ဝိညာဏက္ခန္ဓာ

ဝိညာဏခန္ဓာကို "မာယာယူပမံ ဝိညာဏံ"ဟု ဟောတော်မူလေ၏။ ဝိညာဏက္ခန္ဓာသည် မျက်လှည့် ဆရာနှင့်တူ၏ဟု အဓိပ္ပါယ်ရ၏။ မျက်လှည့်ဆရာသည် အစစ်အမှန်မဟုတ်သည်ကို အစစ်အမှန် ထင်ရ အောင် ပြတတ်ကြ၏။ မြင်ကြရ၏။ အမှန်အစစ်က လက်ကိုင်ပဝါသာဖြစ်ရ၏။

အထင်အမြင် အမှတ်လွဲမှားအောင် မျက်လှည့်ဆရာက သူ၏ နည်းပရိယာယ် မာယာ အမျိုးမျိုးဖြင့် လှည့်ပတ်၍ ပြ၏။ လိမ်၍ပြ၏။ ဤသို့ လိမ်လည်လှည့်ပတ်၍ ပြခြင်းကိုပင် အဟုတ်ဟု ထင်မှတ်နေကြ၏။

ထို့အတူ ပုထုဇဉ် လူအန္ဓတို့၌ ဒွါရခြောက်ပေါက် တံခါးဝမှ ဝင်လာသော အာရုံများကို အသိမှား ဖြင့် သိကြ၏။

မြင်သိ, ကြားသိ, နံသိ, စားသိ, ထိသိတို့ကို မည်သည့်အရာပဲ၊ မည်သည်တို့ပဲ ကောင်းသည်, ဆိုးသည်ဟု ပညတ်ပေါ်မှီလျက် အသိမှားကြကုန်၏။ ထိုသို့ အသိမှာခြင်းသည် အန္ဓပုထုဇဉ် မှန်မှန် သမျှ ဝိညာဏ်လိမ်ခံကြရသည်။ နာမ်ခန္ဓာလေးပါးတို့အနက် စိတ်ဟူသော ဝိညာဏက္ခန္ဓာသည် ဦးစီး ဥက္ကဋ္ဌ ဖြစ်၏။ ဓမ္မပဒပါဠိတော်၌ -

"မနောပုဗ္ဗင်္ဂမာ ဓမ္မာ"

ဓမ္မာ - နာမက္ခန္ဓာ တရားလေးပါးတို့သည်။ မနော ပုဗ္ဗင်္ဂမာ - မနောတည်းဟူသော ဝိညာဏက္ခန္ဓာသာလျှင် ရှေ့သွားရှိကြကုန်၏။

ထို့ကြောင့် ရှေ့ဆောင်ရှေ့သွားဖြစ်သော ဝိညာဏက္ခန္ဓာခေါ် မနောဓာတ်အသိကိုသာ အသိမှန်ဖြစ်အောင် အထူးကြိုးစားသင့်ကြကုန်၏။ ကြိုးစားကြပါလေ။

http://www.dhammadownload.com



ထို့ကြောင့် ဝိညာဏစာတ် လှည့်ပတ်ခြင်းမှ လွတ်ကင်းအောင် ခန္ဓာငါးပါး၏ သဘောကိုသိရန် လိုအပ်၏။ သိရှိမှ အလိမ်မခံရပေ။ အန္ဓပုထုဇဉ်များမှာ ထိုဝိညာဏစာတ် လှည့်ပတ်ခြင်းကို ယုံကြည်ကြ၍ ခန္ဓာအသစ်ဖြစ်ရန် နှစ်သက်ခုံမင်ကြသဖြင့် မြတ်စွာဘုရားက ဝိညာဏက္ခန္ဓာအား လှည့်ပတ်တတ်သော မျက်လှည့်သမားနှင့် ဥပမာပြ၏။ တစ်နည်း ဂန္ဓဗ္ဗနတ်မြို့တော်ကြီးနှင့် တူပုံကို လည်း ပြ၍ ဟောတော်မူ၏။

**ပါဠိ။** ဂန္ဓဗ္ဗနဂရံ ဝိယ ဝိညာဏံ။

**အနက်။** ဝိညာဏံ - ဝိညာဏစာတ်သည်။ ဂန္ဓဗ္ဗနဂရံ ဝိယ - ဂန္ဓဗ္ဗနတ်မင်းသည် အပျင်းဖြေ ဖန်ဆင်းအပ်သော မြို့နှင့်တူ၏။

ငင်း ဂန္ဓဗ္ဗနတ်မင်းကြီး အပျင်းဖြေစေရန် ဖန်ဆင်းထားသော မြို့ကြီးမှ ပစ္စည်းဝတ္ထုတွေကို ကိုင်မရ၊ ယူမရသကဲ့သို့ အန္ဓပုထုဇဉ်များသည် ဝိညာဏ်က လိမ်ထားလို့ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, အိမ်, ကျောင်း, ဇရပ်, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ အဟုတ်ရှိသည်ဟု ထင်နေကြပေမဲ့ ကလျာဏ ပုထုဇဉ်များမှာ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ဉာဏ်ကို ရသဖြင့် ဝိညာဏ်အလိမ်မခံရဘဲ ပရမတ်မျက်စိနှင့် ကြည့်သောအခါ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါစသည့် ပညတ်နယ်တွင် သမုတ်ထားသမျှ တစ်ခုမှ မဟုတ်ကြောင်း၊ မရှိကြောင်း။ ကိုင်မရ, ယူမရသော ရုပ်သဘော နာမ်သဘော သက်သက်ဖြစ်သော ခန္ဓာ ငါးပါးသည်သာ ရှိ၏ဟု အမှန်သိလေတော့၏။ ငင်းနောက် ခန္ဓာငါးပါးသည် ဒုက္ခအစစ်ဖြစ်ကြောင်း သိကြရလေ၏။

ခန္ဓငါးပါးကို စွဲနေသော ငါစွဲပြုတ်ရန် အောက်ပါတရားများကိုလည်း သိရှိနာလည်သင့်ပေ သည်။

## ပပဉ္စတရား သုံးပါး

၁။ တဏှာ

၂။ မာန

၃။ ဒိဋ္ဌိ။

တဏှာကား သုံးပါးရှိပါသည်။ ငင်းတို့မှာ အောက်ပါတိုင်း ဖြစ်ပါသည် -

http://www.dhammadownload.com



(၁) ကာမတဏှာ - အာရုံငါးပါးကို လိုချင်တပ်မက်သော တဏှာ။
(၂) ဘဝတဏှာ - ဘဝကို အသစ်အသစ် ဖြစ်ချင်သော တဏှာ။ (သဿတဒိဋ္ဌိ)
(၃) ဝိဘဝတဏှာ - ဘဝပြတ်သည်ဟူသော အယူကို နှစ်သက်သော တဏှာ။ (ဥစ္ဆေဒဒိဋ္ဌိ)

"မာန်"ဟူသော ဝေါဟာရသည် "မာန"ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာသည်။ မာနသည် မိမိကိုယ်ကို "ငါသာ တတ်သည်၊ ငါသာ မြတ်သည်"ဟု မှန်ကင်းကဲ့သို့ ထောင်လွှားခြင်း ဖြစ်၏။

မာနတရားသည် လေးမျိုးရှိသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

၁။ ယာထာဝမာန် - အမှန်အတိုင်း မာန်တက်ခြင်း။
၂။ အယာထာဝမာန် - မဟုတ်မမှန်ဘဲ မာန်တက်ခြင်း။
၃။ သေဝိတမာန် - မှီဝဲအပ်သောမာန်။
၄။ အသေဝိတမာန် - မမှီဝဲအပ်သောမာန် ဟူ၍ လေးမျိုးရှိ၏။

## ဒိဋ္ဌိ - အတ္တဒိဋ္ဌိ - သက္ကာယဒိဋ္ဌိ

ခန္ဓာငါးပါးသည် သံသရာအစက စ၍ စုတိနှင့် ပဋိသန္ဓေ ဥပါဒ်ခဏကစပြီး ဆက်ခါဆက်ခါ ဖြစ်လိုက်, ပျက်လိုက်နေသည်။ ခန္ဓာငါးပါးဖြစ်ပုံမှာ ဟိုဘက်ဘဝက စုတိနောက် ယခုဘဝ ပဋိသန္ဓေ ဥပါဒ်ကစ၍ ဖြစ်သော ကမ္မဇရုပ်နှစ်ဆယ်သည် ရုပ်တရားဖြစ်၍ "ရူပက္ခန္ဓာ" ခေါ်၏။

ပဋိသန္ဓေစိတ် တစ်ဆယ့်ကိုးသည် စိတ်တရားဖြစ်၍ "ဝိညာဏက္ခန္ဓာ"ခေါ်၏။

၎င်း တစ်ဆယ့်ကိုးပါးနှင့် သမ္ပယုတ္တတရားဖြစ်သော ဝေဒနာစေတသိက်သည် "ဝေဒနာက္ခန္ဓာ" ခေါ်၏။ သညာစေတသိက်သည် "သညာက္ခန္ဓာ"ခေါ်၏။

ဝေဒနာ, သညာမှကြွင်းသော စေတသိက် (၅၀)တို့ကို "သင်္ခါရက္ခန္ဓာ"ခေါ်၏။ ပဋိသန္ဓေဥပါဒ်ခဏမှာ ခန္ဓာငါးပါးစ၍ ဖြစ်ပေါ်ကြ၏။

ဇာတိပဋိသန္ဓေစိတ်သည် စိတ္တက္ခဏ တစ်ချက်ဖြစ်ပြီး ချုပ်၍ ပဝတ္တိဖြစ်သော နောက်ကာလ၌ ဝိညာဏဓာတ် ခြောက်ရပ်တို့ကို မှီပြီး ဖြစ်ပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

http://www.dhammadownload.com



စက္ခုပသာဒ အကြည်ရုပ်နှင့် ရူပါရုံ အဆင်းရုပ်တို့ တိုက်သောအခါ စက္ခုဝိညာဏ်စိတ် ပေါ်လာ၏။

သောတပသာဒ အကြည်ရုပ်နှင့် သဒ္ဒါရုံ အသံဓာတ်တို့ တိုက်သောအခါ သောတဝိညာဏ် စိတ်ပေါ်လာ၏။

ဃာနပသာဒ အကြည်ရုပ်နှင့် ဂန္ဓာရုံ အနံ့ဓာတ်တို့ တိုက်သောအခါ ဃာနဝိညာဏ်စိတ် ပေါ်လာ၏။

ဇိဝှါပသာဒ အကြည်ရုပ်နှင့် ရသာရုံ ရသာဓာတ်တို့ တိုက်သောအခါ ဇိဝှါဝိညာဏ်စိတ် ပေါ်လာ၏။

ကာယပသာဒ အကြည်ရုပ်နှင့် ဖောဋ္ဌဗ္ဗ အတွေ့ဓာတ်တို့ တိုက်သောအခါ ကာယဝိညာဏ်စိတ် ပေါ်လာ၏။

ဟဒယဝတ္ထု အကြည်ရုပ်တွင် မှီ၍ဖြစ်သော မနောဓာတ်နှင့် ဓမ္မာရုံတို့ တိုက်သောအခါ မနောဝိညာဏစိတ်ပေါ်လာ၏။ ၎င်းခြောက်ပါးတို့ကို "အာဂန္တုကတရား"ဟု ခေါ်၏။ တစ်နည်း "အပရိနာယကတရား"ဟု ခေါ်၏။ စက္ခုပသာဒရုပ်နှင့် ရူပါရုံတို့ ရှေ့ရှုတိုက်ဆိုင်ခြင်းကို အဘိမုခီဃဋ္ဋန သဘောခေါ်၏။

အားထုတ်မှုမရှိ စက္ခုပသာဒရုပ်နှင့် ရူပါရုံတိုက်လျှင် စက္ခုဝိညာဏ်စိတ်ပေါ်လာပြီး ခဏမှာ စက္ခုပသာဒရုပ်နှင့် ရူပါရုံတို့သည် ဘာမျှမသိတတ်သော ရုပ်တရားများဖြစ်၍ ရူပက္ခန္ဓာဖြစ်၏။

စက္ခုဝိညာဏ်စိတ်က သိတတ်သော နာမ်တရားဖြစ်၍ ဝိညာဏက္ခန္ဓာဖြစ်၏။

၎င်းစက္ခုဝိညာဏ်စိတ်နှင့် ယှဉ်ဖက်ဖြစ်သော သမ္ပယုတ်ဝေဒနာ စေတသိက်တရားသည် ဝေဒနာက္ခန္ဓာဖြစ်၏။ သညာစေတသိက်သည် သညာက္ခန္ဓာဖြစ်၏။ ဝေဒနာ, သညာမှ ကြွင်းသော စေတသိက် (၅၀)တရားစုတို့သည် စေ့ဆော်တိုက်တွန်း ပြုပြင်တတ်သောကြောင့် သင်္ခါရက္ခန္ဓာမည်၏။ ခန္ဓာငါးပါး ဆက်ခါဆက်ခါ ဖြစ်ကြသည်။ မြင်စိတ်မှဖြစ်သော ခန္ဓာငါးပါးသည် ကြားစိတ်၊ နံစိတ် တစ်ခုခုပြောင်းလျှင် စက္ခုမြင်စိတ် ခန္ဓာချုပ်၏။ ဤကဲ့သို့ တစ်ခုချုပ် တစ်ခုပြောင်းပြီး စုတိအထိ ခန္ဓာငါးပါးဖြစ်ကြ ပျက်ကြသည်။ ထို့ကြောင့် -

http://www.dhammadownload.com



ရူပံ နိဿာယ နာမံ ဘဝတိ။

ရူပံ - ရုပ်ကို။ နိဿာယ - မှီ၍။ နာမံ - နာမ်သည်။ ဘဝတိ - ဖြစ်၏။

ဟဒယဝတ္ထုရုပ်မှာ မှီ၍ဖြစ်သော မနောဓာတ်နှင့် ဓမ္မာရုံနှစ်ခုတို့ တိုက်ဆဲခဏ မနောဝိညာဏ် စိတ်ပေါ်လာသောအခါ ခန္ဓာငါးပါးဖြစ်ပုံ၌ ဓမ္မာရုံဆိုသည်မှာ သုခုမရုပ် (၁၆)ပါး၊ စေတသိက် (၅၂)ပါး၊ နိဗ္ဗာန်၊ ပညတ် ဖြစ်ကြပါသည်။

**မှတ်ချက်။** ။နိဗ္ဗာန်ကိုတော့ အပြားမရှိသောကြောင့် စုပေါင်း၍ မဖြစ်သဖြင့် ခန္ဓာများလို မဖွဲ့ကောင်း ပါ။ ဝိညာဏစာတ်ခြောက်ပါးနှင့် ရုပ်တရားများ ပေါ်လာသောအခါ ခန္ဓာငါးပါးဖြစ်ပုံ ပြီး၏။

## ဩဠာရိကရုပ် (၁၂)ပါး

| | | | |
|---|---|---|---|
| ၁။ | စက္ခု | ၆။ | ရူပ |
| ၂။ | သောတ | ၇။ | သဒ္ဒ |
| ၃။ | ဃာန | ၈။ | ဂန္ဓ |
| ၄။ | ဇိဝှါ | ၉။ | ရသ |
| ၅။ | ကာယ | ၁၀။ | ဖောဋ္ဌဗ္ဗ။ |

ဖောဋ္ဌဗ္ဗစာတ်တွင် ပထဝီ၊ တေဇော၊ ဝါယော (၃)ပါးရှိ၏။

## သုခုမရုပ်

| | | | |
|---|---|---|---|
| ၁။ | အာပေါ | ၉။ | ဝစီဝိညတ် |
| ၂။ | ဣတ္ထိန္ဒြေ | ၁၀။ | ရူပဿ လဟုတာ |
| ၃။ | ပုရိသိန္ဒြေ | ၁၁။ | ရူပဿ မုဒုတာ |
| ၄။ | ဟဒယ | ၁၂။ | ရူပဿ ကမ္မညတာ |
| ၅။ | ဇီဝိတိန္ဒြေ | ၁၃။ | ဥပစယ |
| ၆။ | အာဟာရ | ၁၄။ | သန္တတိ |
| ၇။ | အာကာသ | ၁၅။ | ဇရတာ |
| ၈။ | ကာယဝိညတ် | ၁၆။ | အနိစ္စတာ။ |

http://www.dhammadownload.com



## ဝိညာဏဓာတ် (၆) ရပ်စွဲပြီး အိပ်ပျော်နေသောအခါ ခန္ဓာငါးပါးဖြစ်ပုံ

ထိုဝိညာဏ်စိတ်ခြောက်ပါးတို့၏ အဆက်မပြတ်ဖြစ်ခြင်းကို "ဝီထိစိတ်"ဟု ခေါ်၏။ အိပ်ပျော်နေသောအခါ ဘဝင်စိတ်ဖြစ်ကြသည်။ ဝိညာဏဓာတ် ခြောက်ရပ်နှင့် သံသရာခရီး သွားနေသော ဝီထိစိတ်ကို "ဘဝကြီး"ဟု ခေါ်သည်။ ၎င်းဘဝ၏ အစိတ်အပိုင်းကို "ဘဝင်"လို့ခေါ်၏။ "ဘဝဿ+အင်္ဂဘဝင်္ဂ" = ဘဝင်စိတ်ခေါ်၏။

အိပ်ပျော်နေသောအခါ ဝီထိစိတ်မဖြစ်ဘဲ ဘဝင်စိတ်သာ ဖြစ်နေ၏။ ခန္ဓာငါးပါးဖြစ်ပုံကား ဘဝင်စိတ်ကလေးသည် ဟဒယဝတ္ထုရုပ်ကို မှီ၍ ဖြစ်နေသည်။ ၎င်းဘဝင်စိတ်ဖြစ်လျှင် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ပါးတို့ဖြစ်ကြသည်။

စေတသိက်ခုနစ်ပါးတို့ကား - ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ စေတသိက်တို့ဖြစ်ကြသည်။

ဘဝင်စိတ်၏ မှီရာ ဟဒယဝတ္ထုရုပ်သည် ရူပက္ခန္ဓာမည်၏။ ဘဝင်စိတ်သည် ဝိညာဏက္ခန္ဓာဖြစ်၏။ ဘဝင်စိတ်နှင့် သမ္ပယုတ္တဓမ္မဖြစ်သော စေတသိက် ခုနစ်ပါးတွင် ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ သညာစေတသိက်သည် သညာက္ခန္ဓာ၊ ဝေဒနာ, သညာတို့မှ ကြွင်းသော စေတသိက်ငါးဆယ်တို့သည် သင်္ခါရက္ခန္ဓာတို့ ဖြစ်ကြသည်။ ဤသည်ကား ခန္ဓငါးပါးတို့၏ ဖြစ်ပုံ ဖြစ်ကြသည်။

စက္ခုပသာဒရုပ်နှင့် ရူပါရုံတိုက်လျှင် စက္ခုဝိညာဏ်စိတ်ဖြစ်၍ ၎င်းတရားသုံးပါး ပေါင်းဆုံခြင်းကို "တိဏ္ဏံ သင်္ဂတိ ဖဿော"ပါဠိတော်ကို ကြည့်၍ ဖဿဖြစ်၏။ ဖဿဖြစ်လျှင် အာရုံ၏ အရသာတို့ကို ခံစားတတ်သော ဝေဒနာဖြစ်၏။ မြင်ရသော ရူပါရုံကို မှတ်သားခြင်းသည် သညာဖြစ်၍ ထိုရူပါရုံကောင်း, မကောင်း၊ ကြိုက်, မကြိုက်သည်ကို စေ့ဆော်မှု စေတနာဖြစ်၏။ ယုံကြည်နေမှုသည် ဧကဂ္ဂတာဖြစ်၏။ ဖဿ၊ ဝေဒနာ၊ စေတနာ၊ ဧကဂ္ဂတာတို့ကို ပျောက်ပျက်မသွားအောင် စောင့်ရှောက်ခြင်းသည် ဇီဝိတိန္ဒြေ ဖြစ်၏။ ရူပါရုံကို မြင်အောင် နှလုံးသွင်းမှု မနသိကာရ ဖြစ်၏။ စိတ်တစ်ခုဖြစ်လျှင် ၎င်းစေတသိက်တရား ခုနစ်ပါးတို့သည် စိတ်နှင့်ယှဉ်တွဲလျက် ဖြစ်ကြကုန်၏။

ဝိညာဏဓာတ်ခြောက်ရပ်ကို မှီလျက် ခန္ဓာငါးပါး အမြဲမပြတ်ဖြစ်နေ၍ သမ္မောဟအဋ္ဌကထာ၌ ဤသို့ ဖွင့်ကြကုန်၏။

**ပါဠိ။** စက္ခု စေဝ ရူပါနိ စ ရူပက္ခန္ဓာ၊ ဒဿနံ ဝိညာဏက္ခန္ဓော။ တံသမ္ပယုတ္တာ ဝေဒနာ ဝေဒနာက္ခန္ဓော သညာ သညာက္ခန္ဓော၊ ဖဿာဒိကာ သင်္ခါရက္ခန္ဓော။

http://www.dhammadownload.com



**အနက်။** စက္ခုံ စေဝ - စက္ခုပသာဒ အကြည်ရုပ်သည်လည်းကောင်း။ ရူပါနိ စ - ရူပါရုံ အဆင်း ရုပ်တို့သည်လည်းကောင်း။ ရူပက္ခန္ဓော - ရူပက္ခန္ဓာမည်၏။ ဒဿနံ - မြင်စိတ်သည်။ ဝိညာဏက္ခန္ဓာ - ဝိညာဏက္ခန္ဓာမည်၏။ တံသမ္ပယုတ္တာ - ထိုမြင်စိတ်နှင့် ယှဉ်ဖော် ယှဉ်ဖက်ဖြစ်သော။ ဝေဒနာ - ဝေဒနာသည်။ ဝေဒနာက္ခန္ဓော - ဝေဒနာက္ခန္ဓာမည်၏။ သညာ - သညာသည်။ သညာက္ခန္ဓော - သညာက္ခန္ဓာမည်၏။ ဖဿာဒိကာ - ဖဿအစရှိသော စေတသိက်တို့သည်။ သင်္ခါရက္ခန္ဓော - သင်္ခါရက္ခန္ဓာမည်၏။

ပြဆိုခဲ့ပြီးသော ရုပ်တရားများသာ ရှိသည်ဟု သိနေသော ဉာဏ်ကို ရူပပရိစ္ဆေဒဉာဏ် ဟူ၍ ခေါ်၏။ ပြဆိုခဲ့ပြီးသော နာမ်တရားများသာရှိသည်ကို သိနေသာဉာဏ်ကို နာမပရိစ္ဆေဒဉာဏ် ဟူ၍ ခေါ်သည်။ ယခင်ပြပြီးသော ရုပ်နာမ်နှစ်ပါး ပေါင်းစပ်၍ ဖြစ်ပေါ်နေခြင်းကိုသိသော ဉာဏ်သည် နာမရူပပရိစ္ဆေဒဉာဏ် ခေါ်၏။ အန္ဓပုထုဇဉ်များ သန္တာန်၌ ခန္ဓာငါးပါးကို အစွဲပြု၍ မှားယွင်းခြင်း ဖြစ်သော သက္ကာယဒိဋ္ဌိ နှစ်ဆယ်တို့ ဖြစ်ကုန်၏။ ခန္ဓာတစ်ပါးပါးမှာ လေးမျိုးလေးစား မှားယွင်းခြင်းရှိကုန် ၏။ ၎င်းတို့ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

၁။ ရူပက္ခန္ဓာသည် ငါဟုတ်သည်။
၂။ ငါသည် ရူပက္ခန္ဓာ ဟုတ်သည်။
၃။ ရူပက္ခန္ဓာထဲမှာ ငါရှိသည်။
၄။ ငါထဲမှာ ရူပက္ခန္ဓာ ရှိသည်ဟု မှားယွင်းကြကုန်၏။

ကျန်သော ခန္ဓာလေးပါးမှာလည်း ရူပက္ခန္ဓာကဲ့သို့ မှားယွင်းခြင်း လေးမျိုးလေးစား ရှိကြ၏။ ဤသို့ ခန္ဓာတစ်ပါး လေးပါးဖြစ်၍ ခန္ဓာငါးပါးနှင့် မြှောက်ခဲ့သော် သက္ကာယဒိဋ္ဌိ နှစ်ဆယ်ဖြစ်သွားကုန်၏။ မည်သည့် အတွက် အယူမှားကြသည်ကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဓမ္မသင်္ဂဏီ နိက္ခေပကဏ္ဍ၌ အောက်ပါအတိုင်း ဟောကြားတော်မူ၏။

**ပါဠိ။** တတ္ထ ကတမာ သက္ကာယဒိဋ္ဌိ၊ ဣဓ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ အရိယဓမ္မေ အဝိနီတော သပ္ပုရိသာနံ အဒဿာဝီ သပ္ပုရိသဓမ္မဿ အကောဝိဒေါ သပ္ပုရိသဓမ္မေ အဝိနီတော ရူပံ အတ္တတော သမနုပဿတိ။

**အနက်။** တတ္ထ - ထိုတရားတို့တွင်။ သက္ကာယဒိဋ္ဌိ - သက္ကာယဒိဋ္ဌိသည်။ ကတမာ - အဘယ်သို့။ ဟောတိ - ဖြစ်ပါသနည်း။ ဘိက္ခဝေ - ချစ်သားရဟန်းတို့။ ဣဓ - ဤသာသနာတော်၌။

http://www.dhammadownload.com



အသုတဝါ - အကြားအမြင်မရှိသော။ (ဝါ) ရုပ်ဓမ္မ နာမ်ဓမ္မတို့ကို မသိသော။ ပုထုဇ္ဇနော - အန္ဓပုထုဇဉ်သည်။ အရိယာနံ - အရိယာပုဂ္ဂိုလ်တို့ကို။ အဒဿာဝီ - မဖူးမျှော် မဆည်းကပ်သော။ အရိယဓမ္မဿ - အရိယာတရား၌။ အကောဝိဒေါ - မလိမ္မာမကျွမ်းကျင်သော။ အရိယဓမ္မေ - အရိယာတရား၌။ အဝိနီတော - မစူးစမ်း မဆင်ခြင်သော။ သပ္ပုရိသာနံ - သူတော်ကောင်းတို့ကို။ အဒဿာဝီ - ဖူးမျှော်လေ့မရှိသော။ သပ္ပုရိသဓမ္မေ - သူတော်ကောင်းတရား၌။ အကောဝိဒေါ - လိမ္မာပါးနပ်ခြင်းမရှိသော။ သပ္ပုရိသဓမ္မ - သူတော်ကောင်းတရား၌။ အဝိနီတော - စူးစမ်းဆင်ခြင်လေ့မရှိသော။ ပုထုဇ္ဇနော - အန္ဓပုထုဇဉ်သည်။ ရူပံ - ရုပ်ကို။ အတ္တတော - ငါဟူ၍, ငါ့ကိုယ်ဟူ၍။ သမနုပဿတိ - မြင်၏။

ဤကဲ့သို့ သုံးသပ်ဆင်ခြင် မှားယွင်းနေခြင်းကို ပြုတ်အောင် ဓာတ်ရှစ်ပါးရှိသော ရူပက္ခန္ဓာ အပေါ် သက္ကာယဒိဋ္ဌိကို ခွါရမည်။ ရူပက္ခန္ဓာသည် ငါမဟုတ်။ ငါဆိုတာမရှိလို့ ငါမဟုတ်၊ ငါသည် ရူပက္ခန္ဓာ မဟုတ်၊ ငါမရှိဘဲ ငါမဟုတ်နိုင်။ ရူပက္ခန္ဓာထဲမှာ ငါမရှိ။ ငါသည် အစကတည်းကမရှိလို့ ငါထဲမှာ ရူပက္ခန္ဓာမရှိ။ ရူပက္ခန္ဓာသာ ပရမတ်တရားမို့ တကယ်ရှိလို့ ဆင်ခြင်ရာ၏။ ဤကဲ့သို့ ခန္ဓာတစ်ပါးကို လေးပါးစီခွဲ၍ ခန္ဓာငါးပါးလျှင် သက္ကာယဒိဋ္ဌိ နှစ်ဆယ်ကွာသွားပြီ။

ရူပက္ခန္ဓာသည် ဘာမျှမသိတတ်တဲ့ ရုပ်သဘောသက်သက်။
ဝေဒနာက္ခန္ဓာသည် ခံစားတတ်သောသဘော။
သညာက္ခန္ဓာသည် မှတ်သားတတ်သောသဘော။
သင်္ခါရက္ခန္ဓာသည် စေ့ဆော်တိုက်တွန်း ပြုပြင်တတ်သောသဘော။
ဝိညာဏက္ခန္ဓာသည် အာရုံအရပ်ရပ်ကို သိတတ်တဲ့သဘောသက်သက်။

ဤခန္ဓာငါးပါးသာ ရှိသည်ဟု သိပြီးနောက် ခန္ဓာငါးပါး ပေါင်းပြီး ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါတွေကို ရှာကြည့်၊ ခွာကြည့်ပါ။ သက္ကာယဒိဋ္ဌိကွာလျှင် ငါ, သူတစ်ပါး, ပုဂ္ဂိုလ် စသည်တို့ ဆိတ်သုဉ်းသွားပြီး ခန္ဓာငါးပါးသာ သဘောအားဖြင့် ထင်ရှားရှိသည်ကို ဉာဏ်မှာ ပြတ်သား သွားပါမည်။ သက္ကာယဒိဋ္ဌိပြုတ်လျှင် ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့ကို ပြုတ်သည်မည်၏။ သက္ကာယဒိဋ္ဌိ တန်းလန်းဖြင့် မဂ်ရကြောင်း ဖိုလ်ရကြောင်း တရားအားထုတ်လျှင် မည်သည့်အခါမျှ မရနိုင်။ အဘယ် ကြောင့်ဆိုသော် မဂ်မရအောင် တားထားသော အင်္ဂါငါးချက်ကြောင့် ဖြစ်သည်။ ၎င်းတို့မှာ အောက်ပါ အတိုင်းဖြစ်၏။

http://www.dhammadownload.com



၁။ ကံ - အနန္တရိယကံငါးပါး ကျူးလွန်ခြင်း။
၂။ ကိလေသာ - ဒိဋ္ဌိကိလေသာ ရှိနေခြင်း။
၃။ ဝိပါက - ဒွိဟိတ်ပဋိသန္ဓေပါရှိခြင်း။
၄။ ဝါဒ - အရိယာများကို ပြစ်မှားခြင်း၊ (သံဃာတော်များသင်းခွဲခြင်း)
၅။ အတိက္ကမ - သီလမစင်ကြယ်ခြင်းတို့ဖြစ်ကြသည်။

ဤငါးချက်တို့မှ (၂)နံပါတ် ကိလေသာသည် ဒိဋ္ဌိကိလေသာရှိခြင်းကြောင့် သက္ကာယဒိဋ္ဌိ တန်းလန်း ဖြစ်နေကာ မည်သို့ပင် အားထုတ်စေကာမူ တရားထူးကိုမရနိုင်ပေ။ ထို့ကြောင့် ခန္ဓာငါးပါး တို့၌ ငါဟူသော သက္ကာယဒိဋ္ဌိ အယူမှားကြီးကို ရှေးဦးစွာ ပြုတ်အောင် ဖြုတ်ပစ်ရမည်။ ကွာအောင် ခွာရမည်။ ခွာပြီး၍ ခန္ဓာငါးပါး ထင်ရှားရှိသည်။ ပုဂ္ဂိုလ် သတ္တဝါ မရှိဟု မိမိဉာဏ်မှာ ပြတ်သားသွားခဲ့ လျှင် မည်သည့်အချိန်တွင် ဆင်ခြင်စေကာမူ ပုဂ္ဂိုလ် သတ္တဝါ ဇီဝ မရှိကြဘဲ သက္ကာယဒိဋ္ဌိ ကွာနေပြီး ဒိဋ္ဌိကိလေသာ မရှိတော့ဟု မှတ်သားရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ ပုဂ္ဂိုလ်များမှာ သောတာပတ္တိမဂ်ကို ရရှိနိုင်၍ မရသေးခဲ့လျှင်လည်း စူဠသောတာပန်ဖြစ်၍ ဂတိမြဲပြီး အပါယ်မလားနိုင်ကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာက အောက်ပါ အတိုင်း ပြသွားပါသည် -

**ပါဠိ။** ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒု၊ ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ)

**အနက်။** ဣမိနာ ပန ဉာဏေန - ဤဝိပဿနာဉာဏ်နှင့်။ သမန္နာဂတော - ပြည့်စုံသော။ ဝိပဿကော - ဝိပဿနာကို ရှုမြင်သော ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ - မြတ်စွာဘုရား သာသနာ တော်၌ လဒ္ဓဿာသော - ရအပ်သော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော - ရအပ်သော ထောက်ရာ တည်ရာ ရှိသည်ဖြစ်၍။ နိယတဂတိကော - အပါယ်လေးပါးသို့ မလားမရောက် သုဂတိဘုံဘဝကိုသာ တစ်ဖြောင့်တည်းသွားသော ဂတိရှိသည်ဖြစ်၍။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန် မည်သည်။ ဟောတိ - ဖြစ်၏။

**လင်္ကာ။** ဘဝများစွာ၊ သံသရာက၊ ခန္ဓာငါးရပ်၊ ငါပင်မှတ်၍၊ ငါမပြတ်ထင်၊ ငါသာပင်ဟု၊ ငါလျှင် အမြဲ၊ ဒိဋ္ဌိစွဲကြောင့်၊ အမြဲမှန်စွာ၊ သံသရာမှာ၊ သုံးဖြာဝဋ်တွင်း၊ မလွတ်ကင်းလို့၊ ညွတ်ကွင်းမိပုံ၊ သတိခြုံ၍၊ သိရုံနှိုင်းဆ၊ ကြံတွေးကြလော့၊ ငါးဝခန္ဓာ၊ မဟုတ်ငါဟု၊

http://www.dhammadownload.com



ကလျာဏဉာဏ်၊ အမြင်မှန်ကို၊ ကေန်မုချ၊ လက်ကိုင်ရမှ၊ ဒိဋ္ဌိကင်းကွာ၊
လွတ်ရှင်းရာသည်၊ လေးဖြာအပါယ်၊ လွတ်ကြောင်းတည်း။

အထက်ဖော်ပြပါ လင်္ကာအရ ကလျာဏဉာဏ် အမြင်မှန်ကို ကေန်ရရှိအောင် အားထုတ်သင့်ပေသည်။ အင်္ဂုတ္တိုရ်ပါဠိတော်၌ ဤသို့ မိန့်ဆိုထား၏။

**ပါဠိ။** မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။

**အနက်။** ဘိက္ခဝေ - ချစ်သားရဟန်းတို့။ မိစ္ဆာဒိဋ္ဌိယာ - မိစ္ဆာဒိဋ္ဌိအယူဝါဒနှင့်။ သမန္နာဂတာ - ပြည့်စုံကုန်သော။ သတ္တာ - သတ္တဝါအပေါင်းတို့သည်။ ကာယဿ - လက်ရှိကိုယ်အတ္တဘော၏။ ဘေဒါ - ပျက်စီးသည်မှ။ ပရံ မရဏာ - သေသည်၏နောက်ကာလ၌။ အပါယံ - ချမ်းသာကင်းသော။ ဝိနိပါတံ - ဖရိုဖရဲ ပြိုကွဲလွင့်ပျောက် ရောက်ချင်ရာရောက်တတ်သော သူတို့၏ လားရာဖြစ်သော။ နိရယံ - ငရဲသို့ ဥပပဇ္ဇန္တိ - ကပ်ရောက်လေကုန်တော့၏။ ၎င်း အဋ္ဌကထာအရ -

**ပါဠိ။** အန္တိမသော ဝီသတိဝတ္ထုကံ သက္ကာယဒိဋ္ဌိံ ဥပါဒါယ ဒိဋ္ဌိ နာမ သဂ္ဂံ ဥပနေတုံ သမတ္ထာ နာမ နတ္ထိ၊ ဧကန္တံ နိရယသ္မိံယေဝ နိမုဇ္ဇာပေတိ။

**အနက်။** အန္တိမသော - အယုတ်ဆုံး အပိုင်းအခြားအားဖြင့်။ ဝီသတိဝတ္ထုကံ - နှစ်ဆယ်အတိုင်း အရှည်ရှိသော။ သက္ကာယဒိဋ္ဌိံ - သက္ကာယဒိဋ္ဌိကို။ ဥပါဒါယ - အစွဲပြု၍။ ဒိဋ္ဌိ နာမ - ဒိဋ္ဌိမည်သည်ကား။ သဂ္ဂံ - နတ်ပြည်နတ်ရွာသို့။ ဥပနေတုံ - ကပ်၍ ဆောင်ခြင်းငှာ။ သမတ္ထာ နာမ - စွမ်းနိုင်သည် မည်သည်။ နတ္ထိ - မရှိ။ ဧကန္တံ - စင်စစ်အားဖြင့်။ နိရယသ္မိံယေဝ - ငရဲ၌သာလျှင်။ နိမုဇ္ဇာပေတိ - နစ်မြုပ်စေတော့၏။

ယခုပြခဲ့ပြီးသော ခန္ဓငါးပါးသည် ဘာကြောင့်ဖြစ်တယ်ဆိုတဲ့ အကြောင်းရင်းကို သိစေရန် ပစ္စယပရိဂ္ဂဟဉာဏ်ကို ပြရမည်။ ပစ္စယ - အကြောင်း။ ပရိဂ္ဂဟ - သိမ်းဆည်းခြင်း။ ပုဒ်နှစ်ခုကိုပေါင်း၍ အကြောင်းကို သိမ်းဆည်းသောဉာဏ်ကို "ပစ္စယပရိဂ္ဂဟဉာဏ်"ဟု ခေါ်၏။ လူဖြစ်ခြင်း၏အကြောင်းရင်းတို့ကား ခန္ဓာငါးပါးတို့ဖြစ်ကြ၏။ လူဖြစ်ခြင်း၏အကြောင်းကို ဝါဒရှင်တို့ မှားယွင်းသောထင်မြင်ချက်တွေ အမျိုးမျိုးတွေးတောကြံစည်ပါက သံသရာမှ လွတ်မြောက်နိုင်မည်မဟုတ်ကြောင်းကို အောက်ပါ ပါဠိသာဓကကို ထောက်ဆ၍ သိရှိပေသည်။

http://www.dhammadownload.com



**ပါဠိ။** ဒွါသဋ္ဌိ ဒိဋ္ဌိယော ဥပ္ပဇ္ဇမာနာ သက္ကာယဒိဋ္ဌိပမုခေနေဝ ဥပ္ပဇ္ဇန္တိ။

**အနက်။** ဒွါသဋ္ဌိ ဒိဋ္ဌိယော - ခြောက်ဆယ့်နှစ်ပါးကုန်သော မိစ္ဆာဒိဋ္ဌိတို့သည်။ ဥပ္ပဇ္ဇမာနာ - ဖြစ်ကြ ကုန်သည်ရှိသော်။ သက္ကာယဒိဋ္ဌိပမုခေနေဝ - သက္ကာယဒိဋ္ဌိကို အမှူးထား၍သာလျှင်။ ဥပ္ပဇ္ဇန္တိ - ဖြစ်ကုန်၏။

**ဂါထာ။** နတ္ထိ ဒိဋ္ဌိသမော ဝေရီ၊ မဟာနတ္ထကရော စိရံ။
နတ္ထိ ဒိဋ္ဌိသမော ဝဇ္ဇော၊ အနတ္ထော ဝ အတ္တာယတော။ (ကစ်-ရစနာ)

**အနက်။** ဒိဋ္ဌိသမော - ရုပ်နာမ်မသိ ဒိဋ္ဌိနှင့်တူသော။ ဝေရီ - ကြောက်ဖွယ်အမုန် ကြီးသောရန်သူသည်။ နတ္ထိ - မရှိ။ စိရံ - ကမ္ဘာသချေ်ာ လွန်လေမက ရှည်ကြာလှစွာ။ မဟာနတ္ထကရော - သစ်ငုတ်တို ကဲ့သို့ မပြုတ်နိုင်အောင် မလွန်နိုင်အောင် ခိုင်ခိုင်ကြီး အကျိုးမဲ့ကို ပြုခဲ့ပေတော့၏။ ဒိဋ္ဌိသမော - ရုပ်နာမ်မသိ ဒိဋ္ဌိနှင့်တူသော။ ဝဇ္ဇော - လှည့်ပတ်၍ အတတ်ပေါင်းများစွာ လိမ္မာပေသော တရားသည်။ နတ္ထိ - တကယ်ရှာပေမဲ့ ဘယ်မှာမှ မရှိတော့သာတည်း။ အနတ္ထော ဝ - မရှိတကယ်ပင် သိပါလျက်လည်း။ အတ္တော ယတေ - အတ္တယောင်ယောင် ဟိတ်ဟန်ဆောင်လျက် ရှိပေတော့၏။

**ဆောင်ပုဒ်အလင်္ကာ**

သံသရာလမ်း၊ ခရီးကြမ်း၌၊ ပင်ပန်းကြီးစွာ၊ လျှောက်၍လာသည်၊ ခန္ဓာငါးပါး၊ ထိုတရားကို၊ ပိုင်းခြားတိတိ၊ နင်မသိလို့၊ မချိဟိုက်နွမ်း၊ အလွန်ပန်းခဲ့၊ စခန်းသင့်ရာ၊ နားလိုပါလည်း၊ ခွင့်ခါသူ တောင်း၊ မရကောင်းတည့်၊ ကျိုးကြောင်းအစဉ်၊ ဆုံးမမြင်သည်၊ သုံးအင်ဘဝ၊ ဝဋ်ခင်းတည်း။

## ခန္ဓာငါးပါးနှင့် ပစ္စယပရိဂ္ဂဟဉာဏ်

| စဉ် | အတိတ်အကြောင်း | ပစ္စုပ္ပန်အကြောင်း | ပစ္စုပ္ပန်အကျိုးခန္ဓာဖြစ်ပုံ |
|---|---|---|---|
| ၁။ | အဝိဇ္ဇာ, တဏှာ, ကံ | အာဟာရ | ရူပက္ခန္ဓာ |
| ၂။ | အဝိဇ္ဇာ, တဏှာ, ကံ | ဖဿ | ဝေဒနာက္ခန္ဓာ |
| ၃။ | အဝိဇ္ဇာ, တဏှာ, ကံ | ဖဿ | သညာက္ခန္ဓာ |
| ၄။ | အဝိဇ္ဇာ, တဏှာ, ကံ | ဖဿ | သင်္ခါရက္ခန္ဓာ |
| ၅။ | အဝိဇ္ဇာ, တဏှာ, ကံ | နာမ်, ရုပ် | ဝိညာဏက္ခန္ဓာ |

http://www.dhammadownload.com



အထက်ပါ အကြောင်းအကျိုးဇယားကို သဘောပေါက်လျှင် ပစ္စယပရိဂ္ဂဟဉာဏ် ဆိုက်သည်ဟု ဟောတော်မူသည်။ ၎င်းကို သဘောပေါက်ရန် အရေးကြီးပါသည်။

၁။ နာမ်သဘောကို နားလည်လျှင် - နာမပရိစ္ဆေဒဉာဏ်။

၂။ ရုပ်သဘောကို နားလည်လျှင် - ရူပပရိစ္ဆေဒဉာဏ်။

**၃။ နာမ်, ရုပ်သဘောကို နားလည်လျှင် - နာမရူပပရိစ္ဆေဒဉာဏ်။**

၄။ ထို ရုပ်, နာမ် ခန္ဓာတို့၏ ဖြစ်ကြောင်းကို သိလျှင် ပစ္စယပရိဂ္ဂဟဉာဏ်ဟု ခေါ်၏။

**ပစ္စယပရိဂ္ဂဟဉာဏ်နှင့်ဆိုင်သော သတ္တဝါ, နာမ်, ရုပ်တို့ဖြစ်ခြင်း၏ အကြောင်းများအနက်** (၁) ရူပက္ခန္ဓာဖြစ်ပေါ်ခြင်း၏ အတိတ်အကြောင်းရင်းများမှာ အဝိဇ္ဇာ, တဏှာ, ကံ - ဤသုံးပါးဖြစ်ကြ၏။ အဝိဇ္ဇာသည် အမှန်ကို မသိစေဘဲ ဖုံးကွယ်လျက် အမှားကိုသာ သိစေခြင်းဖြစ်၏။ တဏှာသည် ဘဝကို နှစ်သက်တပ်မက်ခြင်းဖြစ်၏။ ပြုအပ်သော ကုသိုလ်စေတနာ၊ အကုသိုလ်စေတနာများ ဖြစ်ကြ၏။ ထို့ကြောင့် လွန်ခဲ့သောဘဝက မသိဘဲ ဘဝကိုတပ်မက်သဖြင့် ထိုနှစ်သက်ရာဘဝကို ရရှိရန် ကုသိုလ်, အကုသိုလ်တို့ကို ပြုတော့၏။ ဤသို့ပြုသဖြင့် ယင်းအတိတ် အကြောင်းသုံးပါးကြောင့် ပစ္စုပ္ပန်ဖြစ်၏။ ဥပမာ - လူဖြစ်လို၍ ပြုခဲ့သဖြင့် လူဖြစ်လာ၏။ ၎င်းသည် အတိတ်အကြောင်းတရားပင် ဖြစ်တော့၏။

ပစ္စုပ္ပန်အကြောင်းမှာ အာဟာရဖြစ်၏။ ယင်းတွင် ရူပက္ခန္ဓာဖွဲ့ရာ၌ "ကံ၊ စိတ်၊ ဥတု၊ အာဟာရ" ဟူသော စတုသမုဋ္ဌာနိကရုပ်များကိုသာ ဖွဲ့ရသည်ဟု ဟော၏။ ၎င်းကို ထောက်ရှု၍ ယခု အာဟာရရုပ်တစ်ခုသာ ပြခြင်းသည် ကံ, စိတ်, ဥတု သုံးပါး မပါသည်မဟုတ် ပါကား ပါ၏။ သို့ရာတွင် ဤ၌ ဦးစီးအဖြစ် အရေးကြီးသော အာဟာရရုပ် တစ်ခုကိုသာ ပြဆိုခြင်းဖြစ်ပါသည်။ ကျန်သုံးပါးလည်း ပါဝင်ပါသည်။ ၎င်းအာဟာရ အရေးကြီးကြောင်းများကို -

**ပါဠိ။** "သဗ္ဗေ သတ္တာ အဟာရဋ္ဌိတိကာ။ (ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်)

**အနက်။** သဗ္ဗေ - အလုံးစုံသော။ သတ္တဝါ - သတ္တဝါတို့သည်။ အာဟာရဋ္ဌိတိကာ - အစာအာဟာရသာ တည်ရာဖြစ်ကြကုန်၏။"

ဟူသော ဒေသနာအရ သိရှိရပေသည်။

http://www.dhammadownload.com



သတ္တဝါများ အသက်ရှင်နေခြင်း၌ အာဟာရသာလျှင် မူလအခြေခံဖြစ်၍ အာဟာရသည် ပစ္စုပ္ပန် အကြောင်း၌ ကံ၊ စိတ်၊ ဥတုတို့ထက် အဓိကကျသော အကြောင်းတရားများ ဖြစ်ကြကုန်၏။

**ဥပမာ** - အမိဝမ်းတွင်း၌ ပဋိသန္ဓေနေစဉ်မှာ အမိ၏ အစာဟောင်းအိမ်ကို ဖင်ခုထိုင်၍ အစာသစ် အိမ်ကို ခေါင်းပေါ်မှာရွက်လျက် ကျောဘက်သို့ မျက်နှာမူပြီးလျှင် ဆင်းရဲစွာ နေရသည်။ အမိက အစာအာဟာရ စားမျိုသောအခါ ချက်ကြိုးမှနေ၍ သားငယ်ခန္ဓာကိုယ်သို့ အာဟာရဓာတ် စိမ့်ဝင်လာ ၏။ ၎င်းကို စားသုံးရင်း ပဋိသန္ဓေရင့်ကျက်လာရ၏။ ခက်မငါးဖြာ ပေါ်ပေါက်လာရ၏။

(၉)လလွယ် (၁၀)လဖွား၍ အပြင်ရောက်လာသောအခါတွင်လည်း အမိနို့ရည်နှင့် အာဟာရ များကို သေသည်အထိ အမြဲတစေ မှီဝဲစားသုံးရလေသည်။ အစာအာဟာရကို မစားသုံးပါက အသက်ရှင်ဖွယ် မရှိချေ။

အတိတ်အကြောင်းတွင် ကံပါရခြင်းမှာ အတိတ်ကံသက်သက်ဖြစ်သည်။ ပစ္စုပ္ပန်အကြောင်း၌ ကံပါခြင်းမှာလည်း ယခု ပစ္စက္ခတွင် ပြုလုပ်ကြသော ကုသိုလ်ကံ၊ အကုသိုလ်ကံများ ဖြစ်ကြ၏။

ထို့ကြောင့် အဝိဇ္ဇာ, တဏှာ, ကံ ဟူသော အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အာဟာရ ဟူသော အကြောင်းကြောင့် ရူပက္ခန္ဓာ ဖြစ်ရ၏။ ထို့ကြောင့် "ကဗဠီကာရေသ အာဟာရေသ ဗလဝတော သောယေဝ ဂဟိတော"ဟု ဟောတော်မူ၏။

## ဝေဒနာက္ခန္ဓာ

ဝေဒနာက္ခန္ဓာတွင် အတိတ်အကြောင်းဖြစ်သော အဝိဇ္ဇာ, တဏှာ, ကံ ဟူသော အကြောင်း သုံးပါးပင်ဖြစ်၏။ ရူပက္ခန္ဓာ အတိတ်အကြောင်းအတိုင်းပင် ဖြစ်၏။ ပစ္စုပ္ပန်အကြောင်းမှာ ဖဿဖြစ်၏။ ယင်းဖဿဖြစ်ပုံမှာ သတ္တဝါတို့၏ စက္ခုဒွါရ စသော တံခါးခြောက်ပေါက်မှာ ဝင်လာသောအခါ၌ ဖြစ်၏။ စက္ခုဒွါရဟူသော တံခါးပေါက် ဝတ္ထုရုပ် အကြည်ဓာတ်၌ ရူပါရုံဟူသော အဆင်းရုပ် ထင်လာ၍ စက္ခုဝိညာဏ်ဓာတ် ဖြစ်သဖြင့် စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဏ်၊ ရုပ်နှစ်ခု၊ နာမ်တစ်ခု သုံးခုပေါင်းစပ် ထိတွေ့၍ "တိဏ္ဏံ သင်္ဂတိ ဖဿော"ဟူသော ဒေသနာနှင့်အညီ ဖဿစေတသိက် ဖြစ်ပေါ်လာတော့ ၏။ ယင်းသုံးပါး မပေါင်းမိပါက ဖဿမဖြစ်။ ထို့အတူ သုံးပါးပေါင်းမိက ဖဿ အသီးသီး ဖြစ်ပေါ်လာ ကြ၏။

http://www.dhammadownload.com



ထိုသို့ ပစ္စုပ္ပန်အကြောင်း ဖဿဖြစ်ပြီးနောက် ပစ္စုပ္ပန်အကျိုး ဝေဒနာက္ခန္ဓာဟူသော အရသာ ခံစားမှု ပေါ်လာရ၏။ ကြိုက်လျှင် သုခဝေဒနာ၊ မကြိုက်လျှင် ဒုက္ခဝေဒနာ။ ကြိုက်, မကြိုက်လျှင် ဥပေက္ခာဝေဒနာ ခံစားမှု ဖြစ်ပေါ်လာရ၏။ အာရုံ၏ အရသာခံစားမှု ကောင်းခြင်း၊ မကောင်းခြင်းတို့များ ပေါ်လာကြ၏။ ထိုသို့ ခံစားမှုကိုပင် "ဝေဒနာက္ခန္ဓာ"ဟု ခေါ်၏။

**ပါဠိ။** **စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။**

**အနက်။** **စက္ခုံ စ** - စက္ခုပသာဒကို။ **ရူပေ စ** - ရူပါရုံတို့ကို။ **ပဋိစ္စ** - စွဲ၍။ **စက္ခုဝိညာဏ်သည်။** ဥပ္ပဇ္ဇတိ - ဖြစ်ပေါ်လာ၏။ တိဏ္ဏံ - ၎င်းတရားသုံးပါတို့ကို။ သင်္ဂတိ - ပေါင်းဆုံမိ၍။ ဖဿော - ဖဿသည်။ ဥပဇ္ဇတိ - ဖြစ်၏။

ထို့ကြောင့် အာရုံခြောက်ပါးနှင့် ပသာဒအကြည်ရုပ်တို့ တိုက်ဆိုင်လိုက်သည်နှင့်တစ်ပြိုင်နက် ဖဿ - ဖြစ်မှ ခံစားမှု ဝေဒနာဖြစ်၍ ပစ္စုပ္ပန်အကြောင်း ဖဿဖြစ်သည်ကို ပြဆိုတော်မူ၏။

သညာက္ခန္ဓာတွင် ဝေဒနာက္ခန္ဓာကဲ့သို့ အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ တူကြ၏။ ဥပမာ - အနီ၊ အဝါ အစရှိသော အရောင်အဆင်းအာရုံကို မှတ်ယူခြင်း သညာက္ခန္ဓာ ဖြစ်ပေါ်၏။

သင်္ခါရက္ခန္ဓာတွင် ဝေဒနာက္ခန္ဓာကဲ့သို့ပင် အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ တူကြ၍ အတိတ်အကြောင်း သည် အဝိဇ္ဇာ, တဏှာ, ကံ ဖြစ်၍ ပစ္စုပ္ပန်အကြောင်းသည် ဖဿပင်ဖြစ်၏။

ဝိညာဏက္ခန္ဓာတွင် အတိတ်အကြောင်းက အဝိဇ္ဇာ, တဏှာ, ကံ ဖြစ်၍ ရူပက္ခန္ဓာနှင့် တူကြ၏။ ပစ္စုပ္ပန်အကြောင်း နာမရူပမှာ နာမ်နှင့်ရုပ် ဖြစ်၏။ ၎င်းနာမ်ရုပ်ဖြစ်ပုံမှာ ယခုဘဝ၌ ပထမဆုံးဖြစ်သော ပဋိသန္ဓေ၏ ဥပါဒ်ခဏမှာ ပဋိပန္ဓေစိတ် (၁၉)ပါးနှင့် ကမ္မဇရုပ် (၂၀)တို့သည် တစ်ဥပါဒ်ထဲပြိုင်၍ ဖြစ်ကြသည်။ ပဋိသန္ဓေစိတ် (၁၉)တို့ကား နာမ်၊ ကမ္မဇရုပ် (၂၀)ပါးတို့ကား ရုပ်၊ ၎င်းနာမ်နှင့်ရုပ် တို့သည် ဝိညာဏက္ခန္ဓာ၏ ပစ္စုပ္ပန်အကြောင်းဖြစ်သည်။

## ပစ္စယပရိဂ္ဂဟဉာဏ်

ခန္ဓာငါးပါး ဖြစ်ခြင်းအကြောင်းကို သိသွားသဖြင့် သိမ်းဆည်းသောဉာဏ်ကို "ပစ္စယပရိဂ္ဂဟ ဉာဏ်" ခေါ်သည်။ ၎င်းဉာဏ်ပြတ်သားသည်ကို ဉာတပရိညာစခန်း ရောက်သည်မည်၏။ ကင်္ခါဝိတရဏဉာဏ် ရသည်လည်းမည်၏။

http://www.dhammadownload.com



၁။ ရူပက္ခန္ဓာ - “အဝိဇ္ဇာသမုဒယာ ရူပသမုဒယော”-
အဝိဇ္ဇာကြောင့် ရုပ်ဖြစ်၏
တဏှာဖြစ်သောကြောင့် ရုပ်ဖြစ်၏။
ကမ္မဖြစ်သောကြောင့်ရုပ်ဖြစ်၏
အာဟာရဖြစ်သောကြောင့်ရုပ်ဖြစ်၏။

၂။ ဝေဒနာက္ခန္ဓာ - “အဝိဇ္ဇာသမုဒယာ ဝေဒနာသမုဒယော”-
အဝိဇ္ဇာကြောင့် ဝေဒနာဖြစ်၏။
တဏှာဖြစ်သောကြောင့် ဝေဒနာဖြစ်၏
ကမ္မဖြစ်သောကြောင့် ဝေဒနာဖြစ်၏။
ဖဿဖြစ်သောကြောင့် ဝေဒနာဖြစ်၏။

၃။ သညာက္ခန္ဓာ - “အဝိဇ္ဇာသမုဒယာ သညာသမုဒယော”-
အဝိဇ္ဇာကြောင့် သညာဖြစ်၏။
တဏှာဖြစ်သောကြောင့် သညာဖြစ်သည်။
ကမ္မဖြစ်သောကြောင့် သညာဖြစ်၏။
ဖဿဖြစ်သောကြောင့် သညာဖြစ်၏။

၄။ သင်္ခါရက္ခန္ဓာ - “အဝိဇ္ဇာသမုဒယာ သင်္ခါရသမုဒယော”-
အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏။
တဏှာဖြစ်သောကြောင့် သင်္ခါရဖြစ်၏။
ကမ္မဖြစ်သောကြောင့် သင်္ခါရဖြစ်၏။
ဖဿဖြစ်သောကြောင့် သင်္ခါရဖြစ်၏။

၅။ ဝိညာဏက္ခန္ဓာ - “အဝိဇ္ဇာသမုဒယာ ဝိညာဏသမုဒယော”
အဝိဇ္ဇာကြောင့် ဝိညာဏ်ဖြစ်၏။
တဏှာဖြစ်သောကြောင့် ဝိညာဏ်ဖြစ်၏။
ကမ္မဖြစ်သောကြောင့် ဝိညာဏ်ဖြစ်၏။
နာမ်ရုပ်ဖြစ်သောကြောင့် ဝိညာဏ်ဖြစ်၏။

http://www.dhammadownload.com



ထိုပစ္စယပရိဂ္ဂဟဉာဏ်အတွက် သမ္မောဟအဋ္ဌကထာ သတိပဋ္ဌာနဝိဘင်္ဂတွင် အောက်ပါ အတိုင်း ပြထားသည်။

သော "ဣဒံ နာမရူပံ န အဟေတု အပ္ပစ္စယာ နိဗ္ဗတ္တံ။ သဟေတုသပ္ပစ္စယာနိဗ္ဗတ္တံ။ ကောပနဿ ဟေတု၊ ကောပန ပစ္စယော"တိ ဥပပရိက္ခန္တော "အဝိဇ္ဇာပစ္စယာ တဏှာပစ္စယာ ကမ္မပစ္စယာ"တိ။ တဿပစ္စယံ ဝဝတ္ထပေတွာ အတီတေပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ၊ အနာဂတေပိ ဧတရဟိပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ၊ တတော ဥဒ္ဓံ တတ္တော ဝါပုဂ္ဂလော နတ္ထိ, သုဒ္ဓသင်္ခါရပုဉ္ဇော ဧဝါတိ တီသု အဒ္ဓါသု ကင်္ခံ ဝိတရတိ။ အယံ ပနဝိပဿနာသင်္ခါရသလ္လက္ခဏာ ဉာတပရိညာ နာမ။

ဧဝံ သင်္ခါရေ သလ္လက္ခေတွာ ဌိတဿ ပန ဘိက္ခုနော ဒသဗလဿ သာသနေ မူလံ ဩတိဏ္ဏံ နာမ ဟောတိ။ ပတိဋ္ဌာ သဒ္ဓါ နာမ စူဠသောတာပန္နော နာမ ဟောတိ နိယတဂတိကော တိ။

**အနက်**။ သော- ထိုယောဂီသည်။ ဣဒံ နာမရူပံ၊ ဤနာမ်ရုပ်နှစ်ပါး ခန္ဓာငါးပါးသည်။ န အဟေတု အတိတ်အကြောင်းမရှိဘဲ။ အပ္ပစ္စယာ၊ အကြောင်းအထောက်အပံ့မရှိဘဲ။ န နိဗ္ဗတ္တံ၊ မဖြစ်။ သဟေတု သပ္ပစ္စယာ၊ အတိတ်အကြောင်း ပစ္စုပ္ပန် အထောက်အပံ့ကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်၏။ အဿ- ထိုရုပ်နာမ် နှစ်ပါး၏။ ဟေတု- အတိတ်အကြောင်းကား။ ကော ပန၊ အဘယ်နည်း။ အဿ- ထိုရုပ်နာမ်နှစ်ပါး၏။ ပစ္စယော၊ အထောက်အပံ့သည်။ ကော ပန၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ ဥပပရိက္ခန္တော၊ စူးစမ်း ဆင်ခြင်သော ရဟန်းသည်။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ တဏှာ ပစ္စယာ၊ တဏှာတည်းဟူသော အကြောင်းကြောင့်။ ကမ္မပစ္စယာ၊ ကံတည်းဟူသော အကြောင်း ကြောင့်။ နိဗ္ဗတ္တာ။ ဖြစ်၏။ ဣတိ၊ ဤသို့။ တဿ၊ ထိုရုပ်နာမ်နှစ်ပါး၏ ပစ္စယံ၊ ဖြစ်ခြင်းအကြောင်းကို။ ဝဝတ္ထပေတွာ၊ ပိုင်းခြားမှတ်သား၍။ အတီတေပိ၊ အတိတ်ဘဝ၌လည်း။ ပစ္စယာ စေဝ, အဝိဇ္ဇာ, တဏှာ, ကံအကြောင်းတို့သည်လည်းကောင်း။ ပစ္စယသမုပ္ပန္နဓမ္မာစ၊ ခန္ဓာငါးပါး အကျိုးတရားတို့သည် လည်းကောင်း။ အနာဂတေပိ၊ နောင်အခါ၌လည်း။ ဧတရဟိပိ၊ ပစ္စုပ္ပန်ဘဝ၌လည်း။ ပစ္စယာစေဝ၊ ခန္ဓာငါးပါး အကြောင်းတရားတို့သည်လည်းကောင်း။ ပစ္စယသမုပ္ပန္နဓမ္မာ စ၊ အကျိုးတရားသည်လည်း ကောင်း၊ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုအကြောင်းတရား အကျိုးတရားတို့ထက်။ ဥဒ္ဓံ၊ အပိုအလွန်၊ သတ္တော ဝါ၊ သတ္တဝါသည်လည်းကောင်း။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်သည်လည်းကောင်း။ နတ္ထိ၊ မရှိပါ။ သုဒ္ဓသင်္ခါရပုဉ္ဇော ဧဝ၊ သတ္တဝါ မဖက် သက်သက်သော ရုပ်ဓမ္မ, နာမ်ဓမ္မ သင်္ခါရ အစုအပုံသာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ တီသု၊ သုံးပါးကုန်သော။ အဒ္ဓါသု၊ ကာလတို့၌။ ကင်္ခံ၊ ယုံမှားခြင်းကို။

http://www.dhammadownload.com



ဝိတရတိ၊ လွန်မြောက် နိုင်လေတော့၏။ အယံ ပန ဝိပဿနာ သင်္ခါရသလ္လက္ခဏာ၊ ဝိပဿနာကို ကောင်းစွာ မှတ်ခြင်းသည်လည်း။ ဉာတပရိညာ နာမ၊ ဉာတပရိညာ မည်၏။

ဧဝံ - ဤသို့။ သင်္ခါရေ - သင်္ခါရတရားတို့ကို။ သလ္လက္ခေတွာ - ကောင်းစွာမှတ်သား၍။ ဌိတဿ - တည်သော။ ဘိက္ခုနော ပန - ရဟန်းအား။ ဒသဗလဿ - မြတ်စွာဘုရား၏။ သာသနေ- သာသနာ တော်၌။ မူလံ - အမြစ်အရင်းသို့။ ဩတိဏ္ဏံ နာမ - သက်ရောက်ခြင်းမည်သည်။ ဟောတိ- ဖြစ်၏။ ပတိဋ္ဌာ - တည်သော။ သဒ္ဓါ နာမ - သဒ္ဓါတရားရှိသည်မည်သည်။ ဟောတိ - ဖြစ်၏။ စူဠသောတာ ပန္နောနာမ - စူဠသောတာပန်မည်သည်။ နိယတဂတိကောတိ - မြဲသောဂတိရှိသည်။ ဟောတိ - ဖြစ်၏။ ဣတိ - ဤသို့။ ဝေဒိတဗ္ဗံ - သိအပ်၏။

## သာသနာတော်ငါးထောင်ပတ်လုံး အရိယာခေတ်ရှိပုံ

သာသနာတော် အနှစ်(၅၀၀၀)နှင့် အရိယာဖြစ်ခွင့်များကို အောက်ပါအတိုင်း သိကြားနား လည်ထားသင့်ကြပေသည်။ သာနာခေတ် (၅၀၀၀)တွင် အရိယာ ငါးမျိုးကို နှစ်(၁၀၀၀)စီဖြင့် အောက်ပါအတိုင်း ခွဲဝေသတ်မှတ်ခဲ့ကြပါသည် -

၁။ ဈာန်အဘိညာဉ်ရ ရဟန္တာခေတ် နှစ်(၁၀၀၀)

၂။ ဈာန်အဘိညာဉ်မရသော ရဟန္တာခေတ် နှစ်(၁၀၀၀)

၃။ အနာဂါမ် အရိယာခေတ် နှစ်(၁၀၀၀)

၄။ သကဒါဂါမ် အရိယာခေတ် နှစ် (၁၀၀၀)

၅။ သောတာပန် အရိယာခေတ် နှစ်(၁၀၀၀)

ပေါင်း အရိယာ(၅)မျိုး သာသနာတော် (၅၀၀၀) ဖြစ်ပါသည်။

### ခန္ဓာငါးပါး၊ ထိုတရား၊ ငါကားမမှတ်နှင့် (ဆောင်ပုဒ်အလင်္ကာ)

ဘဝများစွာ သံသရာက၊ ခန္ဓာငါးရပ်၊ ငါပင်မှတ်၍ ငါမပြတ်ထင်၊ ငါသာပင်ဟု၊ ငါလျှင်အလွဲ၊ ဒိဋ္ဌိစွဲကြောင့်၊ အမြဲမှန်စွာ၊ သံသရာမှာ သုံးဖြာဝဋ္ဋ တွင်း၊ မလွတ်ကင်းလို့၊ ညွတ်ကွင်းမိပုံ၊ သတိခြုံ၍၊ သိယုံနိုင်းဆ၊ ကြံတွေးကြလော့၊ ငါးဝခန္ဓာ၊ မဟုတ်ငါဟု၊ ကလျာဏဉာဏ်၊ အမြင်မှန်ကို၊ ဇောက်မုချ၊ လက်ကိုင်ရမှ၊ ဒိဋ္ဌိကင်းကွာ၊ လွတ်ရှင်း ရာသည်၊ လေးဖြာ အပါယ်၊ လွတ်ကြောင်းတည်း။

http://www.dhammadownload.com



# မဂ္ဂင်(၈)ပါးကို ဆင်ခြင်ရာနှင့်ယှဉ်တွဲ ခွဲပြခြင်း

| | လောကီသူတော်ကောင်းအတွက်(သို့) အန္ဓပုထုဇဉ်သူတော်ကောင်းအတွက် | လောကုတ္တရာသူတော်ကောင်းအတွက် (သို့) ကလျာဏပုထုဇဉ်သူတော်ကောင်းအတွက် | သာသနာသုံးပုံခွဲ | ပိဋကတ်သုံးပုံခွဲ | ဝိဇ္ဇာစရဏနှစ်ပါး |
|---|---|---|---|---|---|
| သမ္မာဒိဋ္ဌိ | ကောင်းသောအယူ | မဖောက်မပြန် မှန်ကန်သောအယူ | ပညာသာသနာ | အဘိဓမ္မာ | ဝိဇ္ဇာမဂ္ဂင်တရားမကျင့်ကြံဘဲ ဝိဇ္ဇာဉာဏ်ကို ရသော ဉာဏ်လမ်း |
| သမ္မာသင်္ကပ္ပ | ကောင်းသောအကြံ | မဖောက်မပြန် မှန်ကန်သောအကြံ | | | |
| သမ္မာဝါစာ | ကောင်းသောစကား | မဖောက်မပြန် မှန်ကန်သောစကား | သီလသာသနာ | ဝိနယ | စရဏမဂ္ဂင် |
| သမ္မာကမ္မန္တ | ကောင်းသောအလုပ် | မဖောက်မပြန် မှန်ကန်သောအလုပ် | | | |
| သမ္မာအာဇီဝ | ကောင်းသောအသက်မွေးမှု | မဖောက်မပြန် မှန်ကန်သော အသက်မွေးမှု | | | |
| သမ္မာဝါယာမ | ကောင်းသောလုံ့လ | မဖောက်မပြန် မှန်ကန်သောလုံ့လ | သမာဓိသာသနာ | သုတ္တန် | တရားကျင့်ကြံအားထုတ်မှ ပေါ်သော သုတ္တန္တအလုပ်စခန်း အလုပ်လမ်း |
| သမ္မာသတိ | ကောင်းသောဆင်ခြင်မှု | မဖောက်မပြန် မှန်ကန်သော ဆင်ခြင်မှု | | | |
| သမ္မာသမာဓိ | ကောင်းသောတည်ကြည်မှု | မဖောက်မပြန် မှန်ကန်သော တည်ကြည်မှု | | | |

ကိလေသာအကျယ် (၁၅၀၀)၊ အကျဉ်းအားဖြင့် (၁၀)ပါးရှိသည်။ သောတာပတ္တိမဂ်သို့ရောက်သောပုဂ္ဂိုလ်သည် ကိလေသာ (၁၀)ပါးအနက် ဒိဋ္ဌိကိလေသာနှင့် ဝိစိကိစ္ဆာ ကိလေသာ (၂)ပါးကိုသာ ပယ်၏။ ကိလေသာ(၈)ပါး ကျန်သေးသည်။ ၎င်းကို နောက်ကပြခဲ့ပြီးဖြစ်ပါသည်။

http://www.dhammadownload.com



သံယောဇဉ် (၁၀)ပါးမှလည်း ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်နှင့် သီလဗ္ဗတပရာမာသ သံယောဇဉ်(၃)ပါးကိုသာပယ်၏။(၇)ပါး ကျန်သေးသည်။ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ပြခဲ့ပြီးပြီ။ သီလဗ္ဗတ ပရာမာသ သံယောဇဉ်ဆိုသည်မှာ အဝတ်မပါ ဗလာကိုယ်တည်း ခွေးဝက်တို့ကဲ့သို့ စားခြင်း၊ နေခြင်း ကျင့်ခြင်းကို ဆိုလိုသည်။ ၎င်းအကျင့်ကိုလည်း ပယ်၏။

*********

## မဂ္ဂင်ကဏ္ဍ (မဂ္ဂင်ပိုင်း)

"မဂ္ဂင်"ပုဒ်ကို မဂ္ဂ + အင်္ဂ = မဂ္ဂင် - ဟု သုံးပုဒ်ပိုင်းလျှင် -

မဂ္ဂ = မဂ်။

အင်္ဂ = အစိတ်အပိုင်း။

မဂ္ဂင် = မဂ်၏အစိတ်အပိုင်း။

အထက်ပါ ပုဒ်ဖြတ်၊ ပုဒ်စပ်နည်းအရ မဂ္ဂင်ဖြစ်၏။ ၎င်း "မဂ္ဂင်"ဟူသော ပါဠိပုဒ်ရင်းမှ "မဂ္ဂင်" ဟု ရေးသုံးခေါ်ဝေါ်ကြသည်။ ၎င်းမဂ္ဂင်သည် -

(၁) လောကီမဂ္ဂင်။

(၂) လောကုတ္တရာမဂ္ဂင် -

ဟူ၍ နှစ်မျိုးပြားသည်။ ထိုနှစ်မျိုးတွင် လောကီကုသိုလ်များ၌ ယှဉ်သော မဂ္ဂင်(၈)ပါးကို "လောကီမဂ္ဂင်"ခေါ်၍ လောကုတ္တရာကုသိုလ်၌ ယှဉ်သော မဂ္ဂင်(၈)ပါးကို "လောကုတ္တရာမဂ္ဂင်" ဟုခေါ်သည်။

### လောကီမဂ္ဂင်

၁။ သမ္မာဒိဋ္ဌိ - ကောင်းသော အယူ။

၂။ သမ္မာသင်္ကပ္ပ - ကောင်းသော အကြံ။

၃။ သမ္မာဝါစာ - ကောင်းသော စကား။

၄။ သမ္မာကမ္မန္တ - ကောင်းသော အလုပ်။

http://www.dhammadownload.com



၅။ သမ္မာအာဇီဝ - ကောင်းသော အသက်မွေးမှု။
၆။ သမ္မာဝါယမ - ကောင်းသော လုံ့လ။
၇။ သမ္မာသတိ - ကောင်းသော အောက်မေ့မှု။
၈။ သမ္မာသမာဓိ - ကောင်းသော တည်ကြည်မှု။

## လောကုတ္တရာမဂ္ဂင်

၁။ သမ္မာဒိဋ္ဌိ - မဖောက်မပြန် မှန်ကန်သော အယူ။
၂။ သမ္မာသင်္ကပ္ပ - မဖောက်မပြန် မှန်ကန်သော အကြံ။
၃။ သမ္မာဝါစာ - မဖောက်မပြန် မှန်ကန်သော စကား။
၄။ သမ္မာကမ္မန္တ - မဖောက်မပြန် မှန်ကန်သော အလုပ်။
၅။ သမ္မာအာဇီဝ - မဖောက်မပြန် မှန်ကန်သော အသက်မွေးမှု။
၆။ သမ္မာဝါယမ - မဖောက်မပြန် မှန်ကန်သော လုံ့လ။
၇။ သမ္မာသတိ - မဖောက်မပြန် မှန်ကန်သော အောက်မေ့မှု။
၈။ သမ္မာသမာဓိ - မဖောက်မပြန် မှန်ကန်သော တည်ကြည်မှု။

**ဆောင်ပုဒ်ကဗျာ -**

မဂ္ဂင်နာဝါ၊ ဖောင်ယာဉ်သာဖြင့်၊ ခေမာသောင်ကမ်း၊ နိဗ္ဗာန်နန်းသို့ ကူးသန်းစေရာ၊ ဒေသနာကို၊ ကြော်ငြာဆော်ရွှမ်း၊ ရိုက်စည်ညွှန်းခဲ့၊ ပွင့်ထွန်းရောင်ဝါ၊ သာသနာသည်၊ ဖြာဖြာထိန်လင်း၊ ဤခေတ်တွင်း၌၊ လက်ငင်းကြုံတွေ့၊ နင်မဝေ့နှင့်၊ မတွေ့လို့သာ၊ သံသရာမှာ၊ နင်သာမောလို့၊ နစ်မျောခဲ့ပြီ၊ မပလီနှင့်၊ ဝသီစာတ်ကြိုက်၊ နင့်စရိုက်မှာ၊ မိုက်တာအမှန်၊ နင်သိပြန်က၊ တစ်ဖန်ပြုပြင်၊ အမှားစင်လိမ့်၊ မဂ္ဂင်နာဝါ၊ ဖောင်ယာဉ်သာဖြင့်၊ ခေမာသောင်ထူး၊ နိဗ္ဗာန်ဦးသို့၊ ကူးရဇကန်၊ ရောက်ကြောင်းမှန်သည်၊ မဂ္ဂင်ဉာဏ်ရှစ်ပါး - တရားတည်း။

## သောတာပတ္တိမဂ်ကို မရသေးသော အန္ဓပုထုဇဉ်၊ လောကီသူတော်ကောင်း ရအပ်သော လောကီမဂ္ဂင်ရှစ်မျိုး

၁။ **သမ္မာဒိဋ္ဌိ** - ကောင်းသောအယူ၊

၎င်းမှာ ဗုဒ္ဓဘာသာအယူကို ခံယူ၍ ရတနာသုံးပါး၌ ရိုသေကိုင်းရှိုင်းလျှက်၊ အပါယ်လေးပါးကို ကြောက်ပြီးလျှင်၊ ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်၍ အားထုတ်ရသည်။ သို့သော် ပုဂ္ဂလ၊ သတ္တ၊

http://www.dhammadownload.com



အတ္တ, ဇီဝ စသော ပုဂ္ဂိုလ်သတ္တဝါ ငါ, သူတစ်ပါးတို့ကို နားလည်ဖို့ ဝေးသေးသည်။ ထို့ကြောင့် ပုဂ္ဂိုလ်သတ္တဝါ, အတ္တ, ဇီဝ, ငါစသော သက္ကာယဒိဋ္ဌိအစွဲမှားဖြင့် ဒိဋ္ဌိကိလေသာကို ရင်ခွင်ပိုက်လျက် ရှိသည်။

၂။ **သမ္မာသင်္ကပ္ပ** - ကောင်းသောအကြံ။

၎င်းကို သက္ကာယဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိအယူဖြင့် လောကီသူတော်ကောင်းဖြစ်ပြီး ကုသိုလ်ကမ္မပထ တရားစသည်များကို အခါအားလျော်စွာ "ကြံစည် တွေးတောခြင်း"ဟု ခေါ်သည်။

## သောတာပတ္တိမဂ်ကို ရသော ကလျာဏအရိယာ၊ လောကုတ္တရာသူတော်ကောင်းအတွက် ဝိဇ္ဇာပညာလောကုတ္တရာမဂ္ဂင်နှစ်မျိုး

သမ္မာဒိဋ္ဌိ-မဖောက်မပြန် မှန်ကန်သောအယူ၊

၎င်းမှာ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ ဟူသော မိစ္ဆာအယူကို ပယ်စွန့်၍ နိဿတ္တ, နိဇ္ဇီဝ, ရုပ်နာမ် ဓမ္မသာရှိ၏ဟု ယုံကြည်ယူဆသော မှန်ကန်သော အယူကိုခေါ်သည်။

သမ္မာသင်္ကပ္ပ - မဖောက်မပြန် မှန်ကန်သောအကြံ။

၎င်းမှာ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ဖြင့် ဝိပဿနာကုသိုလ် ကမ္မပထတရားများကို အခါအား လျော်စွာ "ကြံစည်တွေးတောခြင်း"ဟုခေါ်သည်။

## ဒုစရိုက် နှင့် ဒုရာဇီဝ ရှင်းပြချက်

| | |
|---|---|
| **ဒု** - မကောင်းသော | **ဒု** - မကောင်းသော |
| **စရိတ** - အကျင့်တရား | **အာဇီဝ** - အသက်မွေးမှု |
| **ဒုစ္စရိတ** - မကောင်းသောအကျင့်တရား ဒုစ္စရိတမှ ဒုစရိုက်ခေါ်ကြ၏ (မကောင်းသော အကျင့်ဆယ်မျိုး) | **ဒုရာဇီဝ** - မကောင်းသော အသက်မွေး မှုခုနစ်မျိုး ဒုရာဇီဝဖြစ်သည်။ မကောင်းသော အသက်မွေး မှု(၇)မျိုး |

http://www.dhammadownload.com



| ကာယကံသုံးပါး | | | |
|---|---|---|---|
| ၁။ | **ပါဏာတိပါတ**<br>အပျော်အပါးကြောင့်၎င်း၊ ဒေါသကြောင့်၎င်း၊ တစ်ခါတစ်ခါ သတ်ဖြတ်ခြင်းကိုခေါ်သည်။ | ၁။ | **ပါဏာတိပါတ**<br>အာဇီဝဟေတု-အသက်မွေးခြင်း၏ အကြောင်းကြောင့် အမြဲတစေ သတ်ဖြတ်ခြင်း တံငါမုဆိုး အလုပ်မျိုး |
| ၂။ | **အဒိန္နာဒါန**<br>အပျော်အပါးကြောင့်၎င်း၊ မခိုးမယူရခြင်း ကြောင့်၎င်း တစ်ခါတစ်ရံ ခိုးခြင်း | ၂။ | **အဒိန္နာဒါန**<br>မိမိအသက်မွေးမှုအတွက် အမြဲတစေ ခိုးဆိုးတိုက်ခိုက်လုယက်ခြင်း |
| ၃။ | **ကာမေသု မိစ္ဆာစာရ**<br>ဂရုကံဖြစ်၍ သူ့သားမယားအိမ်ယာကို ပြစ်မှားခြင်း၊ (မေထုန်ပြုခြင်း) | ၃။ | **ကာမေသု မိစ္ဆာစာရ**<br>ဂရုကံဖြစ်၍ သူ့သားမယား အိမ်ယာ တို့ကို ပြစ်မှားခြင်း (မေထုန်ပြုခြင်း) |
| **ဝစီကံလေးပါး** | | | |
| ၄။ | **မုသာဝါဒ**<br>မပြောမဖြစ်သော အကြောင်းကြောင့် တစ်ခါတစ်ရံ လိမ်ပြောခြင်း။ | ၄။ | **မုသာဝါဒ**<br>အမြဲလိမ်ပြော၍ အသက်မွေးခြင်း |
| ၅ | **ပိသုဏဝါစာ**<br>တစ်ဦးနှင့်တစ်ဦး မသင့်မတင့်အောင် ကုန်းချော၍ ပြောဆိုခြင်း။ | ၅။ | **ပိသုဏဝါစာ**<br>အမြဲပင် ကုန်းတိုက်၍ အသက် မွေးခြင်း။ |
| ၆ | **ဖရုသဝါစာ**<br>ဒေါသအလျောက် တစ်ခါတစ်ရံ ကြမ်း တမ်းစွာ ပြောဆိုခြင်း။ | ၆။ | **ဖရုသဝါစာ**<br>အမြဲတမ်းကြမ်းတမ်းစွာ ပြောဆို၍ အသက်မွေးခြင်း။ |
| ၇။ | **သမ္ဖပ္ပလာပဝါစာ**<br>အကျိုးမရှိ သိမ်ဖျင်းသော စကားဝတ္ထု ထိုးဇာတ်ဝတ္ထုများကို ပြောဆိုခြင်း။ | ၇။ | **သမ္ဖပ္ပလာပဝါစာ**<br>ကွက်စိပ်ဆရာ ဝါယောဆရာ သဘင်လူရွှင်တော် ဝတ္ထုစာရေး ဆရာစသည်များကဲ့သို့ အသက် မွေးပြီး အမြဲတမ်းပြောဆိုခြင်း။ |

http://www.dhammadownload.com



| မနောကံ သုံးပါး | | |
|---|---|---|
| ၈။ **အဘိဇ္ဈာ**<br>သူတစ်ပါးကောင်းစားခြင်း မနာလိုခြင်း | | မနောကံသုံးပါး<br>ဤမနောကံသုံးပါးကား အသက်မွေးမှုမမြောက်သောကြောင့် ဒုရာဇီဝ မဖြစ်ချေ။ ထို့ကြောင့် ဒုရာဇီဝ (၇)ပါးသာရှိ၏။ |
| ၉။ **ဗျာပါဒ**<br>သူတစ်ပါးတို့၏ စည်းစိမ်ကို မိမိစည်းစိမ် ဖြစ်လိုခြင်း။ | | |
| ၁၀။ **မိစ္ဆာဒိဋ္ဌိ**<br>သတ္တ၊ အတ္တ၊ ဇီဝ စသည် အယူမှားခြင်း | | သောတာပန်သည် ဒုရာဇီဝခုနှစ်ပါးကိုပယ်၏။ |

## မနုဿတ္တ ဒုလ္လဘ

နောက်ကပြခဲ့ပြီးသည့်အတိုင်း ရုပ်ခ‌ာတ်၊ နာမ်ဓာတ်များကို ကောင်းစွာကြေညက်စွာ သဘောပေါက်၍ အမြင်မှန်ကို တကယ်မြင်ကြပါက ယခုဘဝတွင်း၌ပင် သောတာပန်ဆိုက်နိုင် သည်။ ဤသို့ အခွင့်ကောင်းအခါကောင်းကြုံပါလျှက်၊

ကိုယ့်ဘဝကိုယ်အားလျှော့ကာ နောင်ဘဝတွင် မင်္ဂရရန် တစ်ဆင့်မျှော်ကြသည်။ နောက် ဘဝမှာ ယခုကဲ့သို့ လူ့ဘဝ ရချင်မှရမည်။ "မနုဿတ္တဘာဝေါ ဒုလ္လဘော"ဒေသနာတော်ကို ဟောခဲ့ တယ်။ လူ့ဘဝကိုလည်း အလွယ်တကူဖြင့် ရနိုင်ကြသည် မဟုတ်ပါ။ လူ့ဘဝကိုရဖို့ ခဲယဉ်းကြောင်း ကိုလည်း အောက်ပါဥပမာဖြင့် စဉ်းစားနိုင်ပါသည်။

"ထွန်းတုံး၊ ထွန်တံ၊ ထမ်းပိုးတုံး၊ ထမ်းပိုးကျည်၊ ထမ်းပိုးကြီး"ဤလယ်ထွန်ကိရိယာငါးမျိုးကို "အစိရဝတီ၊ မဟီ၊ သရဘူ၊ ဂင်္ဂါ၊ ယမုံနာ"ဟူသော မြစ်ကြီးငါးသွယ် မြစ်ဖျားမှ တစ်ခုစီ မျှောခဲ့ပါ။ အနှစ်နှစ်, အလလ, အရက်ရက်, အကွေ့ကွေ့, အကောက်ကောက်, စုန်ကာဆန်ကာ, မျှောဆင်း

http://www.dhammadownload.com



ပြီးနောက် သမုဒ္ဒရာအတွင်း ရောက်သောအခါတွင် အလိုက်သင့် အဆင်သင့် အံဝင်ဂွင်ကျ အားလုံး တပ်ပြီး ဆင်ပြီးဖြစ်မှု ဖြစ်နိုင်ရာ၏။ လူ့ဘဝပြန်ဖြစ်ဖို့ ထိုထက်ခဲယဉ်းလှ၏။

တစ်နည်းအားဖြင့် ဂင်္ဂါမြစ်မှ မျှောချလိုက်သော ထမ်းပိုးတုံး၏ ထမ်းပိုးကျည်ပေါက်၌ သမုဒ္ဒရာတွင် အနှစ်တရာကြာမှ တစ်ခါ၊ တစ်ကြိမ်ပေါ်သည့် ကာဏကစ္ဆပ လိပ်ကန်း၏ ခေါင်းအသင့် လျှိုမိရန် ခဲယဉ်းလှ၏။ လျှိုမိမှုလည်း လျှိုမိနိုင်ရာ၏။ လူ့ဘဝရဖို့ကား ထိုထက်သာလွန်၍ ခဲယဉ်းလှချေ၏။ ထို့ကြောင့် ယခုဘဝ ရဖို့သာ ကြိုးစားသင့်ကြပေသည်။

ဒါန ၊ သီလသည် မဂ္ဂင်တွင် သီလအစုဖြစ်၏။ သမထသည် သမာဓိအစုဖြစ်၏။ ယင်းသမာဓိအစုမှ သမထလေးဆယ်တွင် တစ်ပါးပါးကို ပွားများကာ ဈာန်ကိုရ၏။ ထိုရသော ဈာန်ကိုမှီ၍ သမထမှ ဝိပဿနာကို ကူးနိုင်ခဲ၏။ ဈာန်နှင့်ပင် မွေ့လျော်နေတတ်၏။ ထိုဈာန်လည်း ပျောက်တတ်၊ လျှော့တတ်၏။ သီဟိုဠ် ကျွန်းတွင် ဈာန်ရ သာမဏေငယ်တစ်ပါးဝတ္ထုဖြင့် သိနိုင်၏။

## အလွန်ဈာန်ကစား ကန်းမနှင့်ညား

သီဟိုဠ်ကျွန်းတွင် သာသနာအလွန်ထွန်းပ၍ သာမဏေငယ်တစ်ပါး ဈာန်ဟုန်ကစားလေ့ရှိ၏။ ၎င်း၏ဆရာက အလွန်အကျွံဈာန်ကစားလျှင် အကန်းမနှင့်ညားတတ်သည်ဟု မိမိတပည့် သာမဏေအား သတိပေး ဆုံးမလေ့ရှိ၏။

တစ်နေ့တွင် သာမဏေငယ်သည် မြေလျှိုးမိုးပျံ ဈာန်ကစား၏။ ကြာကန်တစ်ခုမှ ကြာပန်းခူးသော အမျိုးသမီးတစ်ဦး၏ သီချင်းသံ သာယာမှုကြောင့် ကောင်းကင်မှ ဈာန်လျှောကျ၏။ ထိုအမျိုးသမီးနှင့် သင့်မြတ်၏။ အိမ်ထောင်သားမွေး ကလေးများရှိလာ၏။ အမျိုးသမီးက ယက္ကန်းယက်လေ့ရှိ၏။ တစ်နေ့တွင် စကားပြော အဆင်မသင့်၍ အမျိုးသမီးအား လွန်းဖြင့်ရိုက်လိုက်ရာ မျက်လုံးတစ်ဖက် ထိမှန်ကွယ်ခဲ့ရ၏။ ဤတွင်မှ "အလွန်ဈာန်ကစား အကန်းမနှင့်ညား"ဟူသော ဆရာရဟန္တာအရှင်၏ ဆုံးမစကားကို ကိုယ်တွေ့ဖြစ်ပြီး အကန်းမနှင့် ညားနေရရှာလေသည်။

မိမိဈာန်ကို ပယ်ခွါပြီး မဂ်သို့မည်သို့ကူးရမည်ကို မကူးဘဲ "ဈာနာဘိရတိ" - ဈာန်၌သာ မွေ့လျော်နေခြင်းကြောင့်သာ ဤသို့ဖြစ်ရ၏။ ဤဝတ္ထု၌ ဈာန်သမာဓိ ပျက်လွယ်ကြောင်း ထင်ရှား၏။

http://www.dhammadownload.com



## ဝေနေယျပုဂ္ဂိုလ်နှစ်မျိုး

(၁) ဗုဒ္ဓဝေနေယျပုဂ္ဂိုလ်၊

(၂) သာဝက ဝေနေယျပုဂ္ဂိုလ်ဟူ၍ နှစ်မျိုးရှိရာတွင် -

၁။ ဘုရားကိုယ်တိုင် တရားဟော၍ ကျွတ်တမ်းဝင်သူကို "ဗုဒ္ဓဝေနေယျပုဂ္ဂိုလ်"ဟု ခေါ်၏။

၂။ ဘုရားတပည့် သာဝကများမှ တစ်ဆင့်တရားဟော၍ ကျွတ်တမ်းဝင်သူကို "သာဝကဝေနေယျ"ဟု ခေါ်၏။

သာမာဝတီဝတ္ထု၌ ခုဇ္ဇုတ္တရာကျွန်မသည် ဗုဒ္ဓဝေနေယျပုဂ္ဂိုလ်ဖြစ်၍ သာမာဝတီမိဖုရားနှင့် ရံရွေဖော်(၅၀၀)တို့သည် သာဝကဝေနေယျပုဂ္ဂိုလ်များ ဖြစ်ကြလေသည်။

ဘုရားဟောမှ ကျွတ်မည့်သူကို သာဝကဟောပြ၍ မကျွတ်၊ သာဝကဟော၍ ကျွတ်မည့်သူကို ဘုရားဟော၍ မကျွတ်နိုင်။ အကြောင်းကတော့ ရှေးဘဝ ဆုတောင်းအားလျော်စွာ တစ်မျိုးစီ ဆုပန်လျက် တစ်မျိုးစီ ခြားနားကြသောကြောင့်ဖြစ်၍ သာဝကဟော၍ မကျွတ်ဘဲ ဗုဒ္ဓကိုယ်တိုင်ဟောမှ ကျွတ်သော သာဝကများ အောက်ပါအတိုင်းဖြစ်သည်။

## စူဠပန်ထေရ်

စူဠပန်မထေရ်ကား အတော်ဉာဏ်လေးသည်။ အက္ခရာ(၃၂)လုံးမျှရှိသော တစ်ဂါထာမျှကို ရက်ပေါင်း(၉၀)တစ်ဝါတွင်း ကျက်၍ မရပါ။ နောင်တော်မဟာပန်မထေရ်က တရားအကြိမ်ကြိမ် ပြသော်လည်း မဂ်ဖိုလ်တို့ကို မရပါ။ မြတ်စွာဘုရားကိုယ်တိုင်က အဖြူရောင်လက်ကိုင်ပဝါဖြင့် "ရဇောဟရဏံ"ပွားများခိုင်းစေရာ ဗုဒ္ဓဝေနေယျ ဘုရားချွတ်မှ ကျွတ်မည့်သူဖြစ်၍ တစ်ခဏချင်း ဈာန်အဘိညာဉ်နှင့် ပြည့်စုံသော ပဋိသမ္ဘိဒါပတ္တရဟန္တာကြီးအဖြစ် ရောက်ရှိတော်မူသည်။ ပိဋကတ်တော် အကုန်တစ်ပြိုင်တည်းရရှိလာသည်။ ဤအကြောင်းကို အများသိရှိလို၍ ဇီဝကဆွမ်း အလှူ၌ ထိုစူဠပန်မထေရ်အား ဆွမ်းအနုမောဒနာတရားကို ဟောခိုင်းတော်မူသည်။

## ဘာရဒွါဇနှင့် ဓနဉ္စနီ

တရားစစ် တရားမှန်သိပြီးသည်ကို အသက်ပင်သေပါစေ၊ အသိကိုကား မပြောင်းလဲကြောင်း သက်သေအကျဉ်းမှာ -

http://www.dhammadownload.com



ကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားလက်ထက်၌ ဘာရဒွါဇပုဏ္ဏားကြီးနှင့် ဓနဉ္စနီပုဏ္ဏေးမ ဇနီးမောင်နှံတို့ ရှိကြကုန်၏။ လင်က ဗြာဟ္မဏဝါဒ - ပုဏ္ဏားအယူရှိ၍ ဇနီးက ဗုဒ္ဓဘာသာဖြစ်သည်။ ဓနဉ္စနီသည် ရတနာသုံးပါးကို အလွန်ရိုသေသူဖြစ်၍ "နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ"ဟူ၍ အမြဲရွတ်ဆိုလေ့ရှိ၏။ တစ်နေ့တွင် လင်ဖြစ်သူ ပုဏ္ဏားကြီးက တားမြစ်၏။ ငါတို့ ပုဏ္ဏားများအား ထမင်းကျွေးလှူသောအခါတွင် ပုဏ္ဏားအယူနှင့်ဆန့်ကျင်ဘက် ဤသို့မရွတ်ဆိုပါလေနှင့်။ အခြားပုဏ္ဏားများက ငါ့အား ပုဏ္ဏားဇာတ်ပျက်သူဟု အထင်မှားကြကုန်မည်။ ထို့ကြောင့် ထိုဂါထာကို မရွတ်ဆိုရန် အကြိမ်ကြိမ် တားမြစ်သည်။ နောက် ဓားနှင့်ချိန်ရွယ်၍ ခြိမ်းခြောက်တားမြစ်လေသည်။

သတိမေ့လျှင် မရွတ်ဆိုပါ။ သတိရလျှင် ရွတ်ဆိုပါမည်ဟု မလျှော့မတင်း ပြန်ပြောသောအခါ ပုဏ္ဏားကြီးက လက်လျှော့ရလေသည်။

နောက်တစ်ဖန် ပုဏ္ဏားကြီးက အကြံတစ်မျိုးရ၏။ "ဘုရားနှင့်ဝါဒချင်းပြိုင်မည်။ ငါကနိုင်လျှင် သင် ဗုဒ္ဓဝါဒ စွန့်စေရမည်"ဟု ဇနီးမောင်နှံ ဘုရားထံသို့ သွားကြလေသည်။

ဘုရားရှင်ဟောပြောတော့ ရုပ်နာမ်တရားတို့ကို သဘောပေါက်ထင်မြင်၍ အနာဂါမိမဂ် တည်လေတော့၏။

ဤသာကေ၌ ဘာရဒွါဇက သတ်မည်ပြုသော်လည်း မိမိ၏အသိမှန် အယူမှန်ကို မစွန့်သော ဓနဉ္စနီပုဏ္ဏေးမ၏ ဉာဏ်အမြင်တည်တံ့ပုံကို သိမြင်ရသည်။

လူများ၌ သီလမလုံသော်လည်း မဂ်ကို ရနိုင်ကြောင်းကို ခုဇ္ဇုတ္တရာကို ကြည့်က သိနိုင်၏။ ခုဇ္ဇုတ္တရာသည် သာမာဝတီမိဖုရားကြီး၏ ရံရွေတော်အကြီးအကဲဖြစ် အမှုထမ်းနေရာ နေ့တိုင်း ရှစ်ကျပ်ဖိုး ပန်းဝယ်ယူရန် တာဝန်ကျသည့်အတိုင်း ပန်းဝယ်ယူရာ တစ်နေ့လျှင် အသပြာလေးကျပ် သာဝယ်၍ လေးကျပ်ကို ခိုးယူလေ့ရှိ၏။ တစ်နေ့သောအခါ ပန်းရောင်းသူ နေအိမ်၌ မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသောအချိန်မှစ၍ မဂ်တရားရပြီး အသပြာငွေလေးကျပ်ကို မခိုးတော့ဘဲ ပန်းများကို ရှစ်ကျပ်ဖိုးဝယ်ယူ၍ သာမာဝတီမိဖုရားကြီးကိုလည်း အမှန်တိုင်း ဖွင့်ဟလျှောက်ထားရာ သာမာဝတီ မိဖုရားကြီးက ခွင့်လွှတ်ပြီး မြတ်စွာဘုရား၏ တရားကို တစ်ဆင့် ခုဇ္ဇုတ္တရာထံမှ နာယူခဲ့၏။

ဂန္ဓဘေဒကစောရသည် ဘုရားကျောင်း တရားနာသူများထံမှ ခါးပိုက်နှိုက် အလစ်သုတ်၊ သူခိုးဖြစ်ပါလျက် မဂ်တရားကိုရ၏။

http://www.dhammadownload.com



အင်္ဂုလိမာလသည်လည်း သူသတ်ယောက်ျားဖြစ်ပြီး အမိကို သတ်မည့်ဆဲဆဲ ဘုရားက တရားဟော၍ မဂ်ကိုရ၏။ အမိကိုသတ်လျှင် "မာတုဃာတကကံ"ထိုက်က မဂ်ကို မရနိုင်ဖြစ်၍ အမိကို မသတ်မီ မာတုဃာတကကံမထိုက်ဘဲ ဘုရားက တရားပြ၍ မဂ်သို့ရောက်၏။

မဂ်ရသူသည် ဒုရာဇီဝခုနှစ်ပါးကိုသာ ပယ်၏။ ကိလေသာ၏ အစွန်းဖြစ်သော ဝါသနာကား မပျောက်နိုင်။ ဘုရားအဖြစ်ရောက်မှသာ ဝါသနာပါ အကုန်စင်သည်။

သာဝတ္ထိပြည် ရာဇဂြိုလ်မြို့တွင် လူဦးရေ ခုနှစ်ကုဋေရှိရာ ငါးကုဋေကျော်သည် သောတာပန်များဖြစ်ကြသည်။ အနေအထိုင် အထူးမပြောင်းလဲဘဲ မိမိတို့ဝါသနာအတိုင်း ဝတ်စား နေထိုင်ကြလေသည်။ သောတာပန်ပုဂ္ဂိုလ်သည် ဒုရာဇီဝခုနှစ်ပါးကို ပယ်သည်။

## မုဆိုးကတော် သောတာပန်

သောတာပန်ဖြစ်ရုံနှင့် ကာမဂုဏ်မွေ့လျော်မှု မကုန်းခန်းနိုင်သေးကြောင်းကို ထင်ရှားစေအံ့၊ ရာဇဂြိုဟ်ပြည်သူ သူဌေးသမီးတစ်ဦးသည် မြတ်စွာဘုရား၏တရားကိုနာရ၍ ခုနစ်နှစ်သမီးအရွယ်၌ သောတာပန်ဖြစ်ခဲ့၏။ ထို့နောက် အဘသူဌေးကြီးက ဘုံခုနစ်ဆင့်မြင့်သော ပြာသာဒ်ကြီးနှင့် ထားရာမှ၊ အရွယ်ရောက်သောအခါ နေသာဒမှ ကုက္ကုဋ္ဌမုဆိုးကြီး အမဲရောင်းလာတာကို ပြာသာဒ်လေသာပြူတင်းပေါက်က မြင်သဖြင့်၊ အလွန်ညွတ်သောစိတ်သည်ဖြစ်၍ လက်ပါးစေကို မုဆိုးကြီးပြန်မည့် လမ်းနှင့် အချိန်သိဖို့ရာ လက်ဆောင်ပေး၍ ခိုင်းလို့သိရလျှင်၊ မိဘများကို ဈေးသွားရန် အခွင့်တောင်းလို့ရသဖြင့် အပေါင်းအဖော်များကို ဈေးမှာထားခဲ့ပြီး၊ မုဆိုးကြီးသွားလမ်းကိုလိုက်၍ မုဆိုးကြီးက အပြစ်ဒဏ်ကြောက်လို့ငြင်းပယ်ရာ၌ သူဌေးသမီးက မိမိထံ ရောက်လာသည့် ကျက်သရေကိုမပယ်သင့်ကြောင်း ပြောပြသဖြင့် မုဆိုးကြီးသဘောပေါက်ခါ နေသာဒရွာသို့ ခေါ်ဆောင်ပေါင်းသင်းသဖြင့် သားခုနစ်ယောက်ရသည့်တိုင်အောင် လင်ဝတ်မပျက် လေးမြားပြင် ဆင်ပေးနေရှာ၏။

ထိုသို့နေရင်း ချွေးမခုနစ်ယောက်ရသည့်အချိန်ရောက်စဉ် မြတ်စွာဘုရားသည် ကရုဏာသမာပတ်ဝင်စား၍ ရွှေဉာဏ်တော်ကွန်ယက်တွင် ကုက္ကုဋ္ဌမုဆိုးအမျိုးရှိသော သားနှင့် ချွေးမ တစ်ဆယ့်ငါးယောက်ကို မြင်တော်မူသဖြင့် မုဆိုးက သားသမင်ကိုလိုက်ရာသို့ မုဆိုးကြီးနှင့်တွေ့စေရန် မြတ်စွာဘုရားခြေရာချလျှက် တစ်ခုသော သစ်ပင်ရိပ်မှာနေစဉ် မုဆိုးက သူထောင်ထားသည့်ကျော့ ကွင်းမှာ သားကောင်မမိလို့ ဒေါသဖြစ်ပြီး ခြေရာခံရင်း လိုက်ရှာရာ မြတ်စွာဘုရားကို မြင်လိုက်သောအခါ

http://www.dhammadownload.com



ရန်သူမှတ်ပြီး မြားနှင့်ပစ်ရန် ချိန်ရွယ်လိုက်ဆဲခဏ မလှုပ်မယှက် ကျောက်ရုပ်ကဲ့သို့ ဖြစ်၍နေလေ၏။ နောက်သားခုနစ်ယောက် လိုက်လာ၍ မိမိတို့အဖ ချိန်ရွယ်လိုက်သည့်အတိုင်း ချိန်ရွယ်လိုက်သဖြင့် ကျောက်ရုပ်ကဲ့သို့ ဖြစ်သွားကြပြန်၏။ အိမ်မှာကျန်သော စူဠဝိသာခါသည် တစ်ယောက်မှ ပြန်မလာသဖြင့် ခြေရာခံရင်းလိုက်လာရာ သစ်ပင်ရိပ်တွင် မြတ်စွာဘုရားကို မြားဖြင့်ပစ်ရန် ချိန်ရွယ်နေသော ခင်ပွန်းနှင့် သားသမီးများကို မြင်ရလျှင် အဝေးကနေပြီး ငါ့အဖကို မပစ်ကြပါနှင့်ဟု အော်သောအခါမှ သတိရကြကာ မိမိတို့အဖပဲ၊ အဘိုးပဲဟု မေတ္တာသက်ဝင်ကြသည့်အချိန်ကျမှ မြတ်စွာဘုရားက တရားပြသဖြင့် မုဆိုးကြီးနှင့် သားသမီးခင်ပွန်း တစ်ဆယ့်ငါးယောက်တို့သည် သောတာပတ္တိမဂ်ကို ရကြလေ၏။ မဂ်ဉာဏ်ရသည်နှင့်တစ်ပြိုင်နက် လေးမြား တို့ကို စွန့်လျက်စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် မိမိတို့အိမ်သို့ ပြန်ခဲ့ကြလေ၏။ ၎င်းတို့ လေးမြား စွန့်ကြခြင်းမှာ မြတ်စွာဘုရားက အစွန့်ခိုင်းလို့ စွန့်ခဲ့ကြသည်မဟုတ်ပါ။ သမ္မာဒိဋ္ဌိအမြင်မှန်ရပြီး မဂ်ဉာဏ်က စေတနာတွေဖြတ်ပေးလိုက်ခြင်း ဖြစ်၏။

**မှတ်ချက်။ ။** ညီတော်အာနန္ဒာသည် ပန်ဆုရှစ်ပါးကိုရသဖြင့် မြတ်စွာဘုရားက ကုက္ကုဋမုဆိုးကြီး သူ့အသက်မသတ်ပဲ စွန့်လွှတ်ခြင်းသည် မည်သည့်တရားကို ဟောကြားလိုက်ပါသနည်းဟု မေးလျှောက်သဖြင့် ညီတော်အာနန္ဒာအား ဟောတော်မူ၏။

**ပါဠိ ။ ။** အာမာနန္ဒ သော အတ္တပဉ္စဒသမော အစလသဒ္ဓါယ ပတိဋ္ဌာယ တီသု ရတနေသု နိက္ကင်္ခေါ်ဟုတွာ ပါဏာတိပါတကမ္မံသ အကာရကော ဇာတော။
(ဓမ္မပဒအဋ္ဌကထာ ပါပဝဂ်၊ ကုက္ကုဋမိတ္တ နေသာဒဝတ္ထု)

**အနက် ။ ။** အာနန္ဒ - အာနန္ဒာ။ အာမ - မှန်ပေ၏။ သော - ထိုပုဂ္ဂိုလ်သည်။ အတ္တပဉ္စဒသမော - မိမိသာလျှင် ဆယ့်ငါးခုမြောက်ရှိသည်။ အစလသဒ္ဓါယ - မတုန်မလှုပ်သော သဒ္ဓါတရားသည်။ ပတိဋ္ဌာယ - တည်သည်ရှိသော်။ တီသု ရတနေသု - သုံးပါးသော ရတနာတို့၌။ နိက္ကင်္ခေါ - ယုံမှားခြင်းမရှိသည်။ ဟုတွာ - ဖြစ်၍။ ပါဏာတိပါတကမ္မံသ - သူ့အသက်ကို သတ်သောကံကို။ အကာရကော - မပြုတတ်သည်။ ဇာတော - ဖြစ်၏။

မြတ်စွာဘုရား၏ ဂုဏ်တော်အပေါင်းကို ကြည်ညိုလွန်းသော ကာဠီသတို့သမီးသည် ဟေမဝတနတ်သားက သာတာဂီရိနတ်သားကို မေးသံ ဖြေသံကို သိရသဖြင့် ရတနာသုံးပါးအပေါ်တွင် ဝီစိကိစ္ဆာပြတ်ပြီး သောတာပတ္တိမဂ်ဉာဏ်ရခြင်းသည် အသိပြောင်းရုံမျှသာဖြစ်၍ကာမဂုဏ် ခံစားရမှာ သူလိုငါလိုပင် ဖြစ်တော့၏။

http://www.dhammadownload.com



သို့အတွက် သောတာပန်များသည် တဏှာမကုန်ပါ။ မဂ်လေးပါးရမှ တဏှာပြတ်သည်။ မည်သည့်မဂ်မှ မရသေးသော်လည်း သမ္မာဒိဋ္ဌိဉာဏ်၊ (ဝါ) ဝိပဿနာဉာဏ်ကို ရရှိ၍ သောတာပတ္တိမဂ်ဉာဏ် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကလျာဏပုထုဇဉ်၊ စူဠသောတာပန်ဖြစ်သည့်အခါ အရိယာနယ်သို့ ခြေစုံရပ်မိပြီးဖြစ်သဖြင့် တစ်သံသရာလုံး ကိုယ်ပိုင်အိမ်လုပ်နေသောအပါယ်ဘုံမှ လွတ်မြောက်ခဲ့ချေပြီ။ ထို့ကြောင့် သမ္မာဒိဋ္ဌိဉာဏ် (ဝါ) ဝိပဿနာဉာဏ်ပညာကို "သမ္မာဒုက္ခက္ခယဂါမိနီပညာ"ဟု ခေါ်၏။ ထိုဉာဏ်နှင့်ပတ်သက်၍ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ဂဟပတိဝဂ်၌ ဤသို့မိန့်ဆိုထားပါသည်။

**ပါဠိ ။** သမ္မာဒုက္ခက္ခယဂါမိနီယာတိ ဣဓပိ မဂ္ဂပညာ "သမ္မာ ဟေတုနာ ဉာယေန ဝဋ္ဋဒုက္ခံ ခေမယမာနာ ဂစ္ဆတီတိ ဒုက္ခက္ခယဂါမိနီ နာမ။ ဝိပဿနာပိ တဒင်္ဂဝသေန ကိလေသဒုက္ခံ ဝဋ္ဋဒုက္ခံ ခေပယမာနာ ဂစ္ဆတီတိ ဒုက္ခက္ခယဂါမိနီ နာမ၊ ဒုက္ခက္ခယဂါမိနိယာ ဝါ မဂ္ဂပညာယ ပဋိလာဘ သံဝတ္တနတော ဧသ ဒုက္ခယဂါမိနီ"တိ ဝေဒိတဗ္ဗာ။

**အနက် ။** သမ္မာဒုက္ခက္ခယဂါမိနီယာတိ ဣဓပိ - ဤအရာ၌လည်း။ မဂ္ဂပညာ - မဂ်တရားနှင့် ယှဉ်သောပညာသည်။ သမ္မာ - မဖောက်မပြန်။ ဟေတုနာ - အကြောင်းအားဖြင့်။ ဉာယေန - အသင့်အားဖြင့်။ ဝဋ္ဋဒုက္ခံ - ဆင်းရဲကိုလည်းကောင်း။ ခေပယမနာ - ကုန်ခန်းစေလျက်။ ဂစ္ဆတိ - ရောက်၏။ ဣတိ - ထို့ကြောင့်။ ဒုက္ခက္ခယဂါမိနီ နာမ - ဒုက္ခက္ခယဂါမိနီမည်၏။ ဝိပဿနာပိ - ဝိပဿနာသည်လည်း။ တဒင်္ဂဝသေန - တဒင်္ဂအားဖြင့်။ ကိလေသဒုက္ခံ - ကိလေသာဆင်းရဲကိုလည်းကောင်း။ ဝဋ္ဋဒုက္ခံ - ဝဋ်ဆင်းရဲကိုလည်းကောင်း။ ခေပယမာနာ - ကုန်ခန်းစေလျက်။ ဂစ္ဆတိ- ရောက်၏။ ဣတိ - ထို့ကြောင့်။ ဒုက္ခက္ခယဂါမိနီ နာမ - ဒုက္ခက္ခယဂါမိနီမည်၏။ ဝါ - တစ်နည်းကား။ ဒုက္ခက္ခယဂါမိနိယာ - ဆင်းရဲအပေါင်းကို ကုန်ခန်းစေကြောင်း ရောက်စေနိုင်သော။ မဂ္ဂပညာယ - မဂ်နှင့်ယှဉ်သော ပညာ၏။ ပဋိလာဘ သံဝတ္တနတော - ရခြင်းကိုဖြစ်စေတတ်သောကြောင့်။ ဧသ - ဤမဂ်ဉာဏ်ပညာကို။ ဒုက္ခက္ခယဂါမိနီတိ - ဒုက္ခက္ခယဂါမိနီဟူ၍။ ဝေဒိတဗ္ဗာ - သိအပ်၏။

ကလျာဏပုထုဇဉ်၊ စူဠသောတာပန်တို့သည် သမ္မာဒိဋ္ဌိ(ဝါ) ဝိပဿနာပညာဉာဏ်ကိုရပြီးသည်ဖြစ်၍ ၎င်းတို့သည် နတ်ပြည်သို့ ချမ်းသာစွာပင် လက်နှစ်ဖက်ကိုင်ပြီး မြှောက်တင်လိုက်သကဲ့သို့ဖြစ်၍ နတ်ပြည်ရောက်သည့်အခါ၌လည်း မည်သည့်ကောင်းမှုကြောင့် နတ်ဖြစ်လာသနည်းဟု စဉ်းစားနေသည်က နောက်ကျသေး၏။ မဟာသောတာပန်က အလျှင်အမြန်ဖြစ်ပြီးသား ဖြစ်နေ၏။

http://www.dhammadownload.com



မဂ္ဂင်ရှစ်ပါးသည် မဂ်ရပြီးသော ပုဂ္ဂိုလ်များ ရပြီးသားတရားလည်းဖြစ်၏။ မဂ်ရကြောင်း အင်္ဂါလည်းဖြစ်၏။ မဂ်မရသေးသော ပုဂ္ဂိုလ်များအား ပွားများအပ်သော တရားလည်းမည်၏။ သောတာပတ္တိမဂ်ဉာဏ်ရကြောင်း အင်္ဂါလေးပါးရှိကြသည်။

**ပါဠိ။** စတ္တာရိမာနိ သောတာပတ္တိယင်္ဂါနိ၊ သပ္ပုရိသသံသေဝေါ၊ သဒ္ဓမ္မဿဝနံ၊ ယောနိသော မနသိကာရော၊ ဓမ္မာနုဓမ္မပဋိပတ္တိ။ (သုတ်ပါထိကဝဂ္ဂ)

**အနက်** ။ ။ ဣမာနိ သောတာပတ္တိယင်္ဂါနိ၊ ဤသောတာပန်ဖြစ်ခြင်းအကြောင်း တို့သည်။ စတ္တာရိ လေးပါးဖြစ်ကုန်၏။ သပ္ပုရိသသံသေဝေါ၊ ရုပ်နာမ်ခန္ဓာအာယတနဓာတ်တို့၌ ကျွမ်းကျင်လိမ္မာသော သူတော်ကောင်းနှင့် ပေါင်းဖော်ရခြင်း။ သဒ္ဓမ္မဿဝနံ၊ ရုပ်နာမ်ခန္ဓာ အာယတနဓာတ်သစ္စာတို့နှင့် စပ်သော တရားစကားကို နာခံမှတ်သား သင်ကြားရခြင်း။ ယောနိသော မနသိကာရော၊ ရုပ်ဓာတ် နာမ်ဓာတ် ခန္ဓာဓာတ် ပရမတ်တရားတို့ကို မြင်အောင်၊ ထင်အောင် အသင့်အတင့် နှလုံးသွင်းရခြင်း။ ဓမ္မာနုဓမ္မပဋိပတ္တိ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတို့အား လျော်အောင် တရားကိုကျင့်ခြင်း။

မဂ္ဂင်ရှစ်ပါး၏ ထိပ်ဆုံးမှာ သမ္မာဒိဋ္ဌိ - မဖောက်မပြန် မှန်ကန်သောအယူဖြစ်ပါမှ သာ သီလအစု၊ သမာဓိအစုများကို နှလုံးသွင်းရာမှ ပုဂ္ဂလ၊ သတ္တ၊ ဇီဝ မရှိဘဲ သုဉ်းဆိတ်၍ မဖောက်မပြန် မှန်ကန်သော နှလုံးသွင်းအောက်မေ့မှု သမ္မာသတိဖြစ်နိုင်၏။ ထို့ကြောင့် သတိပဋ္ဌာန် လေးပါးတို့တွင် သမ္မာသတိ တစ်လုံးသာ ရသည်ဟု မြတ်စွာဘုရားက ဟောတော်မူသည်။

➢ မဂ်တရားများ ပယ်သတ်ပုံကို အောက်ပါအတိုင်း အင်္ဂုတ္တိုရ်အဋ္ဌကထာမှာ ပြထားပါသည်။ "ပါဒိန္နာမိစ္ဆာ မုပိသုဏာဒိဋ္ဌိပါ ဤခြောက်ဖြာ၊ အစမ္မော သောမဂ်က ပယ်ခွါ၊ ဖရုသာ ဗျာနာဂါမိ ဘိဇ္ဇ သမ်မှာ၊ လေးကြိမ်သတ်တယ်လို့ ဋ္ဌကထာရွှေ စာနှုတ် မိန့်ထုတ်လေဘိ"

အဓိပ္ပါယ်မှာ သောတာပတ္တိမဂ်နှင့် သကဒါဂါမိမဂ်တို့သည် ဒုစရိုက်ဆယ်ပါးတွင် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ ပိသုဏာဝါစာနှင့် မိစ္ဆာဒိဋ္ဌိ ဤခြောက်ပါးတို့ကို ပယ်သတ်၏။ အနာဂါမိမဂ်သည် ဖရုသာဝါစာနှင့် ဗျာပါဒ နှစ်ပါးတို့ကိုပယ်၏။ အရဟတ္တမဂ်သည် အဘိဇ္ဈာနှင့် သမ္ဖပ္ပလာပနှစ်ပါးကို ပယ်၏။

ဝိဇ္ဇာမဂ္ဂင်ဖြစ်သော သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပမဂ္ဂင်တို့ကိုမရဘဲ စရဏကုသိုလ်တွေ မည်မျှ ကြိုးစားစေကာမူ ကာမ၊ ရူပ အရူပဘုံများမှ အပြင်ဘက်မထွက်နိုင်။ ဒါန သီလတို့ကို ကြိုးစားလျှင်

http://www.dhammadownload.com



ကာမသုဂတိ ခုနှစ်ဘုံသို့ ရောက်စေတတ်၏။ ထို့ကြောင့် သီလ သမာဓိအစုကို အဓိသီလ၊ အဓိစိတ္တဟု အဓိမတတ်ကောင်းပါ။ အဘယ်ကြောင့်ဆိုသော် သက္ကာယဒိဋ္ဌိ မပြတ်ဘဲ ငါစွဲနှင့် ကြိုးစားသော သီလအစုဖြစ်သောကြောင့် အဓိမတတ်နိုင်ပေ။ ဝိဇ္ဇာမဂ္ဂင်ပညာကို အဓိပညာဟု ခေါ်နိုင်၏။ ဝိဇ္ဇာမဂ္ဂင်ဉာဏ်ကိုရပြီးပုဂ္ဂိုလ်များ စောင့်ထိန်းသော သီလအစုကို "အဓိသီလ"ဟု ခေါ်နိုင်၏။ သမာဓိအစုကို "အဓိစိတ္တ"ဟုခေါ်နိုင်၏။

မဂ်ဉာဏ် ဖိုလ်ဉာဏ်တရားကို ရရန်မှာ သမ္မာဒိဋ္ဌိဉာဏ် ပြဋ္ဌာန်းသဖြင့် ပါဠိတော်၌ ဤသို့ ပြထားပါသည်။

**ပါဠိ။** ပညာဝ ကုသလာနံ သေဋ္ဌော၊ နက္ခတ္တရာဇာ ဝိယ တာရကာနံ၊
သီလံ သိရီ စာပိ သတံ ဓမ္မော၊ အန္ဝာယိတံ ပညဝတော ဘဝန္တိ။

**အနက်။** ။ ကုသလာနံ၊ ကာမ - ရူပ အရူပကုသိုလ်တို့ထက်။ ပညာဝ - သမ္မာဒိဋ္ဌိဉာဏ် ပညာသာလျှင်။ သေဋ္ဌာ - မြတ်၏ဟူ၍။ သပ္ပုရိသာ - ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည်။ ဝဒန္တိ - ဆိုကြကုန်၏။ တရကာနံ - ကြယ်တကာအပေါင်းတိုထက်။ နက္ခတ္တရာဇာ - နက္ခတ္တ သနင်း လမင်းကြီးသည်။ သေဋ္ဌော ဝိယ - မြတ်လေသကဲ့သို့တည်း။ သီလံ စ - သီလအစုသည်လည်း ကောင်း။ သိရီ စ - ဘုန်းကျသရေမင်္ဂလာသည်လည်းကောင်း။ သတံ - သူတော်ကောင်းတို့၏။ ဓမ္မော အန္ဝာယိတံ - နောက်လိုက်နောက်ပါတို့သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကြလေကုန်၏။

သို့အတွက် သမ္မာဒိဋ္ဌိအမြင်မှန်ရပြီး မဂ်ဉာဏ်ကို ရကာစ စ၍သိပြီး၊ သတ်ပြီး ပယ်အပ်သော တရားများကို ပယ်လျက် သီလအစုဖြစ်သော အာဇီဝဋ္ဌမကသီလ (တစ်နည်း) အာဒိဗြဟ္မစရိ ယသီလရပြီးဖြစ်သဖြင့် လောဘအစု၊ ဒေါသအစု တစ်ဝက်ကျိုးပြီး မဂ်ဉာဏ် စောင့်စည်းပုံမှာ ဥတေန မင်းကြီး၏ မိဖုရား သာမာဝတီ၏ ပန်းတော်ဆက် ခုဇ္ဇုတ္တရာသည် မြတ်စွာဘုရား ဟောကြားတော်မူ သော တရားတော်ကို နာကြားရသဖြင့် သမ္မာဒိဋ္ဌိအမြင်မှန် ဉာဏ်ပညာကိုရကာ သောတာပန်ဖြစ်သည် နှင့်တစ်ပြိုင်နက် မိမိအသက်သေမှာ မစိုးရိမ်ဘဲ ခိုးမှု၊ လိမ်မှုကြီးကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်ပြောဆို၏။ ခုဇ္ဇုတ္တရာသည် ဗုဒ္ဓဝေနေယျဖြစ်သည်။ ထိုမှတစ်ဆင့် ဟောပြ၍ တရားထူးကို ရကြသော သာမာဝတီ အမှူးရှိသော မိဖုရားငါးရာတို့သည် သာဝကဝေနေယျများဖြစ်ကြသည်။ ခုဇ္ဇုတ္တရာသည် တရားနာပြီး သောတာပန်ဖြစ်သွားသည်ဟု မသိရှိသေးပါ။ ပုဂ္ဂလ၊ သတ္တ၊ ဇီဝ မဟုတ်ဘဲ ရုပ်ဓမ္မ၊ နာမ်ဓမ္မ၊ ခန္ဓာငါးပါး သာရှိသည်ဟု တထစ်ချ ယူဆယုံကြည်ပြီး အဓိမောက္ခဖြစ်သွားသဖြင့် လိမ်မှု၊ ခိုးယူရသော ဝိသမ

http://www.dhammadownload.com



လောဘများ ပြတ်ကြ၍ သမလောဘသာလျှင် ရှိတော့၏။ လောဘ-လိုချင်မှုကို အရဟတ္တမဂ်ရောက်မှ ပယ်နိုင်လေ၏။

အဆိုပါ ဥတေနမင်း၏ မိဖုရား သာမာဝတီသည် အရိယာဖြစ်သည့်အားလျော်စွာ ဥဋ္ဌေနီပြည်သို့ မြတ်စွာဘုရားကြွလာလျှင် ဝမ်းမြောက်ဝမ်းသာ မိဖုရားငယ်များနှင့် မြတ်စွာဘုရား ကြွလာသောဘက် တံခါးဝများမှ တိုးဌေ့ကာ အလုအယက် ဖူးမြော်ကာ ကန်တော့ကြသည်။ ဥတေနမင်း၏ မိဖုရားငယ် မာဂဏ္ဍီသည် မြတ်စွာဘုရားအား အာဃာတထားသဖြင့် ဂေါတမနွယ် ချိုးဖဲ့ရန် ကြံစည်လျှက်ရှိနေရာ ဥတေနမင်းက ဘုရားတရား ကြည်ညိုရမှန်းမသိသဖြင့် သာမာဝတီ အမှူးရှိသော မိဖုရားငါးရာမှ အရိယာတို့မည်သည် ဘုရားတရားနှင့် လဝက်ထက်ကင်းကွာ၍ မနေနိုင်စေကာမူ မင်း၏ တန်ခိုးရှိန်ကြောင့် ကြောက်ရွံ့၍ ငြိမ်နေကြသော်လည်း မြတ်စွာဘုရား ကိုယ်တော်တိုင်ကြွရောက်လာသောအခါ ကြည်ညိုသဒ္ဓါလွန်ကဲစွာဖြင့် ဖူးမျှော်ကြခြင်းကို မာဂဏ္ဍီ မိဖုရားက မင်းကြီးအား အမျိုးမျိုးဖြင့် ကုန်းချောလေတော့၏။ ထိုသို့ ကုန်းချောသော်လည်း မင်းကြီးက မယုံသည်ကများသဖြင့် အရေးမယူချေ။ ထိုအခါ မာဂဏ္ဍီမှာ ဥပါယ်တံမျဉ်ဖြင့် မင်းကြီးယုံ လောက်အောင် သာမာဝတီမိဖုရားထံ ကြက်ရှစ်ကောင် အရှင်လတ်လတ်ပို့ပြီး ပွဲတော်စာဆက် ခိုင်းရန် လျှောက်ထား၏။ ဤအတိုင်းမဆောင်ရွက်လျှင် အရှင်မင်းကြီးအား ကြောက်ရွံ့ခြင်းမရှိ ကြောင်း ထင်ရှားပါသည်ဟု အကြံပြုတင်ပြ၏။ မင်းကြီးလည်း ၎င်းအတိုင်း အမိန့်ပေးရာ သာမာဝတီမှာ သတ်လိုက ၎င်းအားသတ်ပါစေ၊ သူတစ်ပါးအသက်ကိုတော့ မသတ်ချေ။ ထိုအခါ မာဂဏ္ဍီမှာ ကြက်သေရှစ်ကောင်ကို ပို့စေ၍ မြတ်စွာဘုရားကို ကပ်လှူဖို့ စေခိုင်းရာ သာမာဝတီမိဖုရားသည် ပါဏာတိပါတကံနှင့်လွတ်ကင်းသဖြင့် ကိုယ်တိုင်စီမံချက်ပြုတ်လေ၏။ ဤကဲ့သို့ မိမိအသက်ကို မငဲ့ကွက်ဘဲ သူတစ်ပါးအသက်ကိုသတ်ဖို့ မကျူးလွန်ခြင်းမှာ သောတာပတ္တိမဂ်ကိုရပြီးသော ပုဂ္ဂိုလ်များဖြစ်၍ သကဗျာပါဒကို မကျူးလွန်ပေ။ ပရဗျာပါဒကို မလွှဲမရှောင်သာ၍ ကျူးလွန်စေကာမူ သက္ကာယဒိဋ္ဌိပြုတ်ပြီးဖြစ်၍ အပါယ်မကျပေ။

အရိယာများသည် သူတစ်ပါးအပေါ်မှာ ရန်သူပင်ဖြစ်လင့်ကစား အာဃာတမထားဘဲ မေတ္တာရေသွန်းလောင်းလျက်သာ နေခြင်းကို ဥတေနမင်းကြီး အသက်အဆုံးစီရင်မည်ဟု မြားဖြင့်ပစ်ရန် ချိန်ရွယ်နေစဉ် မေတ္တာတရား မပျက်ပို့နေကြသဖြင့် ဥတေနမင်း၏လေးမှာ ညွှတ်ကြိုးဖြုတ်မရဘဲ နေရာ သာမာဝတီမိဖုရားက "မင်းကြီးတခြားနေရာလှည့်ပြီး ပစ်ကြည့်စမ်းပါ"ဟု သတိပေးသဖြင့် တခြားလှည့်ဖြုတ်တော့မှရလေ၏။ ဥတေနမင်းကြီး သတိရ၍ "ငါသည် အသက်မရှိသော မြားလောက်မှ အသိဉာဏ်မရှိပါတကား"ဟု နောင်တရကာ သာမာဝတီမိဖုရားအား တောင်းပန်ရန် ကိုယ်တော်တိုင်ထမ်း၍

http://www.dhammadownload.com



နန်းတော်သို့ဆောင်လေ၏။ ထို့ကြောင့် သောတာပန်များ၏ မဂ်သီလသည် တစ်သံသရာလုံးတည်၍ နေ၏။

## သောတာပန်သုံးမျိုး

၁။ ဧကဗီဇသောတာပန် - တစ်ဘဝဖြင့် နိဗ္ဗာန်သို့ ရောက်၏။

၂။ ကောလံကောလသောတာပန် - တစ်ဘဝနှင့်တစ်ဘဝကြား နိဗ္ဗာန်သို့ ရောက်၏။

၃။ သတ္တက္ခတ္တုပရမသောတာပန် - ခုနှစ်ဘဝမြောက်မှ နိဗ္ဗာန်သို့ရောက်၏။

သတ္တက္ခတ္တုပရမသောတာပန်သည် အနည်းဆုံးသော သောတာပန်ဖြစ်၍ "န တေ ဘဝံ အဋ္ဌမာဒိယန္တိ" - ရှစ်ဘဝမနေတော့ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူ၏။ ထို့ကြောင့် မည်သည့် သောတာပန်ဖြစ်စေ သမ္မာဒိဋ္ဌိအမြင်မှန် ဉာဏ်ကိုရသဖြင့် သီလအစု၊ သမာဓိအစုသည် တစ်သံသရာလုံး တည်သဖြင့် ဒုရာဇီဝခုနှစ်ပါးကို မလွန်ကျူးတော့ချေ။ ကလျာဏပုထုဇဉ်၊ စူဠသော တာပန်များလည်း ပညာမဂ္ဂင်ရပြီးလျှင် သီလအစု၊ သမာဓိအစုတို့သည် တည်သည်ဖြစ်၍ ဝိပဿနာ ပညာသည် မဂ်ပညာ နှင့်တူသည်ဖြစ်၍ တစ်သံသရာလုံးက မဖြိုဘူး မခွဲဘူးသော ဒေါသအစုအပုံ၊ လောဘအစုအပုံတို့ကို တစ်ဝက်ကျိုးအောင် ဖြိုခွဲနိုင်၏။ ထို့ကြောင့် မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ဂဟပတိဝဂ်၌ ဤသို့ မိန့်ဆိုထား၏။

**ပါဠိ။** မဂ္ဂပညာ ပန သမုစ္ဆေဒဝသေန အနိဗ္ဗိဒ္ဓပုဗ္ဗံ အပဒါလိတပုဗ္ဗံ လောဘက္ခန္ဓံ ဒေါသက္ခန္ဓံ မောဟက္ခန္ဓံ နိဗ္ဗိဇ္ဈတိ ပဒါလေတီတိ နိဗ္ဗေဓိကပညာ။ ဝိပဿနာပညာ ပန တဒင်္ဂဝသေန နိဗ္ဗေဓိကာယ မဂ္ဂပညာယ ပဋိလာဘသံဝတ္တနတော စာတိ ဝိပဿနာ "နိဗ္ဗေဓိကာ"တိ ဝတ္တုံ ဝဋ္ဋတိ။

**အနက်။** မဂ္ဂပညာ ပန၊ မဂ္ဂပညာသည်ကား။ သမုစ္ဆေဒဝသေန၊ အကြွင်းမဲ့ပယ်သည်၏အစွမ်းဖြင့်။ အနိဗ္ဗိဒ္ဓပုဗ္ဗံ၊ မဖြိုခွဲဘူးအပ်သော။ အပဒါလိတပုဗ္ဗံ၊ မခွဲအပ်ဘူးသော။ လောဘက္ခန္ဓံ၊ လောဘအစု ကိုလည်းကောင်း။ ဒေါသက္ခန္ဓံ၊ ဒေါသအစုကိုလည်းကောင်း။ မောဟက္ခန္ဓံ၊ မောဟအစုကိုလည်း ကောင်း။ နိဗ္ဗိဇ္ဈတိ၊ ဖြိုခွဲနိုင်၏။ ပဒါလတိ၊ ဖောက်ထွင်းနိုင်၏။ ဣတိ၊ ထို့ကြောင့်။ နိဗ္ဗေဓိကပညာတိ၊ နိဗ္ဗေဓိက ပညာဟူ၍။ ဝတ္တုံ၊ ဆိုခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ ဝိပဿနာပညာ ပန၊ ဝိပဿနာပညာ သည်ကား။ နိဗ္ဗေဓိကာယ၊ ဖြိုခွဲသော။ မဂ္ဂပညာယ၊ မဂ်ပညာကို။ ပဋိလာဘသံဝတ္တနတော - ရခြင်း

http://www.dhammadownload.com



ကိုဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ တဒင်္ဂဝသေန၊ ခဏတဒင်္ဂ အစွမ်းဖြင့်။ လောဘက္ခန္ဓံ၊ လောဘအစုကိုလည်းကောင်း။ ဒေါသက္ခန္ဓံ၊ ဒေါသအစုကိုလည်းကောင်း။ မောဟ က္ခန္ဓံ၊ မောဟအစုကို လည်းကောင်း။ နိဗ္ဗိဇ္ဈတိ၊ ဖြိုခွဲနိုင်၏။ ပဒါလေတိ၊ ဖောက်ထွင်းနိုင်၏။ ဣတိ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာပညာကို။ နိဗ္ဗေဓိကာတိ၊ နိဗ္ဗေဓိကပညာဟူ၍။ ဝတ္တုံ - ဆိုခြင်းငှာ။ ဝဋ္ဋတိ - သင့်၏။

ဝိပဿနာပညာကို မဂ်ပညာနှင့် တစ်ထပ်တည်းပြခြင်းဖြစ်၏။ ထို့ကြောင့် ဝိပဿနာပညာနှင့် ပြည့်စုံသော စူဠသောတာပန်ကို မဂ်ဝီထိမကျသော်လည်း သေက္ခပုဂ္ဂိုလ် ခုနှစ်ယောက်တွင် ပါဝင်ခြင်းဖြစ်၏။ အပါယ်မလားနိုင်သော ဂုဏ်ချင်း၊ သတ္တိချင်းတူလို့ဖြစ်၏။ အဓိပညာ၊ အဓိသီလ၊ အဓိစိတ္တသာသနာသုံးရပ် မိမိအဇ္ဈတ္တမှာ အမြဲကပ်နေလျှင် သာဝကစာရင်းဝင်ဖြစ်၏။ ထို့ကြောင့် သာဝက စာရင်းဝင်ဖြစ်ရန် ကြိုးစားကြရာ၏။

တရားရှာရာတွင် မိမိကြိုက်သည် မကြိုက်သည် အဓိကမဟုတ်၊ မှန်သည်က အဓိကဖြစ်၏။

၁။ ဟုတ်မှန်ကျိုးကြောင်း၊ အပေါင်းလူဆို၊ နာလိုသောစကား။

၂။ ဟုတ်မှန်ကျိုးကြောင်း၊ အပေါင်းလူဆို၊ မနာလိုသောစကား။

မြတ်စွာဘုရားသည် ဟုတ်လည်းဟုတ်၊ မှန်လည်းမှန်၊ ကျိုးကြောင်းလည်း ပြည့်စုံသော စကားကိုသာ ပြော၏။ "ဓမ္မော ရက္ခတိ ဓမ္မစာရိ"ဟု ပြထားသည်။ တရားကို မိမိက စောင့်ရှောက်လျှင် တရားက မိမိကို စောင့်ရှောက်ပါ၏။

**မဂ္ဂင်တရားကိုယ်ရှစ်ပါး ပြီး၏။**

************

## အာယတန တစ်ဆယ့်နှစ်ပါး

**ဂါထာ**။ နိဝါသော စ အာကာရော စ၊ ဇာတိဒေသော စ ကာရဏံ။

သမောသရဏဋ္ဌာနဉ္စ၊ ဝုစ္စတာယတနာနိ စ။

**အနက်**။ နိဝါသော စ၊ နေရာကိုလည်းကောင်း။ အာကာရော စ၊ ရောပြွမ်းခြင်းကိုလည်းကောင်း၊ ဇာတိဒေသော စ၊ ဖြစ်ရာနေရာကိုလည်းကောင်း။ ကာရဏဉ္စ၊ အကြောင်းကိုလည်းကောင်း။

http://www.dhammadownload.com



သမောသရဏဋ္ဌာနဋ္ဌ၊ စုပေါင်းခြင်းကိုလည်းကောင်း။ အာယတနာနိ စ၊ အာယတနတို့ဟူ၍လည်း။ ဝုစ္စတိ ဆိုအပ်၏။

**ပါဠိ။** ။ အာယတံ သံသာရဒုက္ခံ နယန္တိ ပဝတ္တန္တီတိ အာယတနာနိ။

**အနက်။** အာယတံ၊ ရှည်လျားသော။ သံသာရဒုက္ခံ၊ သံသရာတည်းဟူသော ဆင်းရဲကို။ နယန္တိ ပဝတ္တန္တိ ဖြစ်စေတတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အာယတနာနိ၊ အာယတနတို့မည်ကုန်၏။

| အခံဓာတ် အဇ္ဈတ္တိကာယတန | | | အတိုက်ဓာတ် ဗာဟိရာယတန | | |
|---|---|---|---|---|---|
| ၁။ စက္ခာယတန | - | မျက်စိ၊ | ၇။ ရူပါယတန | - | အဆင်း၊ |
| ၂။ သောတာယတန | - | နား၊ | ၈။ သဒ္ဒါယတန | - | အသံ၊ |
| ၃။ ဃာနာယတန | - | နှာခေါင်း၊ | ၉။ ဂန္ဓာယတန | - | အနံ့၊ |
| ၄။ ဇိဝှါယတန | - | လျှာ၊ | ၁၀။ ရသာယတန | - | အရသာ၊ |
| ၅။ ကာယာယတန | - | ကိုယ်၊ | ၁၁။ ဖောဋ္ဌဗ္ဗာယတန | - | အတွေ့အထိ၊ |
| ၆။ မနာယတန | - | စိတ်၊ | ၁၂။ ဓမ္မာယတန | - | အကြံအစည်။ |

**ပါဠိ။** သုခုမဓမ္မေ ပဋိဝိဇ္ဈန္တိ ဝါဠဂ္ဂံ ဥသုနာ တထာ။
ယေ ပဉ္စက္ခန္ဓေ ပဿန္တိ ပရတော နော စ အတ္တတော။

**အနက်။** ယေ၊ အကြင်သူတို့သည်။ ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို။ ပရတော၊ လွှင့်စင်ပြင်ပ အနန္တအားဖြင့်။ ပဿန္တိ၊ မြင်နိုင်ကုန်၏။ အတ္တတော၊ အတွင်းမှန်လှ ကိုယ်အတ္တအားဖြင့်။ နော စ ပဿန္တိ၊ မမြင်ကြကုန်။ တေ၊ ထိုသူတို့သည်။ ဝါဠဂ္ဂံ၊ သေးမျှင်လှငြား သားမြီးဖျားကို။ ဥသုနာ၊ မြှားဖြင့်။ ပဋိဝိဇ္ဈန္တိ တထာ၊ ဖောက်ထွင်းခွဲလှစ် မှန်အောင်ပစ်နိုင်သကဲ့သို့။ တထာ၊ ထို့ အတူ။ သုခုမဓမ္မေ၊ သိမ်မွေ့ခဲကပ် ပရမတ်အစု ဓာတ်အနုတို့ကို။ ပဋိဝိဇ္ဈန္တိ၊ ဖောက်ထွင်းခွဲလှစ် ဉာဏ်ဖြင့် မှန်အောင်ပစ်နိုင်ကုန်၏။

**ပါဠိ။** ပရမတ္ထတော နာမရူပမတ္တမေဝ အတ္ထီတိ ဧဝံ ယာထာဝတော ဇာနနံ၊ ပဿတော ဟိ ဒဿနံ ယထာဘူတဒဿနံ နာမ ဟောတိ။

**အနက်။** ပရမတ္ထတော၊ ပရမတ်အားဖြင့်။ နာမရူပမတ္တမေဝ၊ နာမ်ရုပ်ဟူသည်သာလျှင်။ အတ္ထိ၊ ထင်ရှားရှိ၏။ ဣတိဧဝံ၊ ဤသို့။ ယာထာဝတော၊ မဖောက်မပြန် ဟုတ်မှန်သောအားဖြင့်။ ဇာနနံ၊

http://www.dhammadownload.com



သိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ထိုစကားသင့်၏။ ဧဝံ ဤသို့၊ ပဿတော၊ မြင်သောသူ၏။ ဒဿနံ၊ မြင်ခြင်းသည်။ ယထာဘူတဒဿနံ၊ မဖောက်မပြန် မှန်သောဉာဏ်အမြင်တည်း။ (ဝါ) ဝိဇ္ဇာဉာဏ်အမြင်တည်း။ (ဝါ) ဝိပဿနာဉာဏ်အမြင်တည်း။ (ဝါ) သမ္မာဒိဋ္ဌိဉာဏ်အမြင်တည်း။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

အာယတနတစ်ဆယ့်နှစ်ပါးတရားတို့၌ ခန္ဓာငါးပါး၏ သဘောနှင့်တကွဖြစ်သော အကြောင်း အရင်းကိုသိပြီးနောက် အာယတနဖြစ်ပုံရှိပုံကို သိဖို့လိုသဖြင့် စုတိနောင် ပဋိသန္ဓေခဏ ခန္ဓာဖြစ်လျှင် ဖြစ်ခြင်း စက္ခု၊ သောတ, ဃာန, ဇိဝှါ, ကာယမဖြစ်သေးပါ။ ပဋိသန္ဓေခဏ ကလလရေကြည် ခုနှစ်ရက် စ၍ သတ္တသတ္တာဟ (၄၉)ရက်ရှိသောအခါ ရင့်ကျက်မှုဖြစ်ပြီး ခက်မငါးဖြာ ပေါ်လာပြီးနောက် စက္ခုခေါ် သော မျက်စိအကြည်ရုပ်ကစ၍ (၇)ရက်စီ သီးခြားပြီး၊ အကြည်ရုပ်ငါးခု ပေါ်လာခြင်းသည် မနော အကြည်ပါပြီး၏။

ထို့ကြောင့် ခန္ဓာငါးပါး အသစ်ဖြစ်သောအခါ ဆောက်ခဲ့သော အိမ်သစ်ကြီးကို စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန ဆိုသော တံခါးခြောက်ပေါက် တပ်ပေးရမည်။ ၎င်းတံခါးခြောက်ပေါက်မှာ မှန်ချပ်တပ်ထားသည်။ စက္ခုပသာဒရုပ် ခေါ်ခြင်းသည် မျက်စေ့ဝန်းအလယ်တည့်တည့်တွင် သန်းဦးခေါင်းပမာဏရှိသော အကြည်ရုပ်ကလေးကို ခေါ်သည်။

သောတပသာဒရုပ် ခေါ်ခြင်းသည် နားအတွင်း ကြေးနီလက်စွပ် ကွင်းကလေးကဲ့သို့ သဏ္ဌာန် ရှိသော အကြည်ရုပ်ကို ခေါ်သည်။

ဇိဝှါပသာဒရုပ်သည် လျှာဖျားအလယ်တည့်တည့်၌ ညောင်ရွက်ဖျားပြတ်သဏ္ဌာန်ရှိသော အကြည်ရုပ်ကို ခေါ်သည်။

ဃာနအကြည်ရုပ်သည် နှာခေါင်းအတွင်း ဆိတ်ခွာသဏ္ဌာန်ရှိသော အကြည်ရုပ်ကို ခေါ်သည်။

ကာယပသာဒရုပ်သည် တစ်ကိုယ်လုံးတွင် ပျံ့နှံ့နေသော အကြည်ရုပ်ကို ခေါ်သည်။

ဟဒယဝတ္ထုရုပ်မှာ တည်နေသော မနောစာတ်အကြည်ရုပ်ကို မနောအကြည်ရုပ်ဟု ခေါ်သည်။

အဆိုပါ အကြည်ရုပ်ခြောက်ပါးကို မြန်မာလို မှန်ခြောက်ချပ် ဥပမာဖြင့် တင်စားခေါ်၏။ ၎င်းအကြည်မှန်တို့သည် ကံမှပြုလုပ်သော မှန်ဖြစ်၏။ ဉာဏ်ဖြင့်ပြုလုပ်သော မှန်လည်း ဉာဏ်ကောင်း သလောက် ကြည်လင်၏။ ပြတ်သားစွာမြင်နိုင်၏။ ထို့ကြောင့် ခန္ဓာအိမ်ကြီးကို ဝင်နိုင် ထွက်နိုင်အောင်

http://www.dhammadownload.com



မှန်တံခါးခြောက်ချပ် တပ်ထားသောအခါ အပြင်မှ အရိပ်တွေထင်ကြ၏။ ဉာဏ်ဖြင့် လုပ်သော မှန်ကဲ့သို့ ထင်မြင်သော အရိပ်တွေ ထင်သည်မဟုတ်ဘဲ သူ့မှန်နှင့်သူ့အရိပ်သာ ထင်ကောင်းသည်။ စက္ခုဒွါရ တံခါးပေါက်တွင် ရူပါရုံအရိပ်သာ ထင်ကောင်းသည်။ သောတဒွါ ရတံခါးပေါက်တွင် သဒ္ဒါရုံအရိပ်သာ ထင်ကောင်းသည်။ ဃာနဒွါရတံခါးပေါက်တွင် ဂန္ဓာရုံအရိပ်သာ ထင်ကောင်းသည်။ ဇိဝှါဒွါရတံခါး ပေါက်တွင် ရသာရုံအရိပ်သာ ထင်ကောင်းသည်။ ကာယဒွါ ရတံခါးပေါက်တွင် ဖောဋ္ဌဗ္ဗာရုံအရိပ်သာ ထင်ကောင်းသည်။

"အာယတန"ဆိုသည်မှာ နေရာကိုလည်း ခေါ်၏။ တစ်နည်း သံသရာဝဋ်ဆင်းရဲကို ဖြစ်စေ တတ်သဖြင့် အာယတန ဟုခေါ်၏။

၎င်းအကြည်ဓာတ်တို့သည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဓာတ်လေးပါး အစုမျှသာ ဖြစ်၏။ လူတွေအသုံးပြုသော မှန်လည်း ဓာတ်လေးပါး၊ ဓာတ်ရှစ်ပါးပင်ဖြစ်၏။ ၎င်းမှန်နှင့် ရှေ့ရှု တိုက်ဆိုင်နေသမျှ မှန်ထဲမှာ အရိပ်ထင်နေကြ၏။ ၎င်းအဆင်းရိပ်ဟူသမျှသည် ကြည်လင်ပြတ်သား သော အရာဝတ္ထုနှင့်တွေ့လျှင် အရိပ်ထင်စမြဲဖြစ်၏။ သူ့သဘောနှင့်သူ ထင်၏။ မည်သူ့လုံ့လ ပယောဂမျှ မပါချေ။ ထိုကဲ့သို့ မှန်ထဲမှာ လူရိပ်နှင့်တွဲလျက် လူရိပ်ထင်သကဲ့သို့ ကံကြောင့်ဖြစ် သော စက္ခုပသာဒအကြည်မှန်သည် ရုပ်တုံးရုပ်ခဲဖြစ်၏။ ၎င်းအကြည်ရှေ့ရောက်သမျှ သက်ရှိ သက်မဲ့ဟူသ၍ ရူပါရုံအဆင်းရိပ်များလည်း စက္ခုအကြည်ရုပ်တွင် ထင်ကြ၏။

| | | |
|---|---|---|
| စက္ခုပသာဒအကြည်ရုပ်တွင် | - | ရူပါရုံ အဆင်း ရိပ်ထင်၏။ |
| သောတပသာဒအကြည်ရုပ်တွင် | - | သဒ္ဒါရုံအဆင်းရိပ်ထင်၏။ |
| ဃာနပသာဒအကြည်ရုပ်တွင် | - | ဂန္ဓာရုံ အဆင်းရိပ် ထင်၏။ |
| ဇိဝှါပသာဒအကြည်ရုပ်တွင် | - | ရသာရုံ အဆင်းရိပ် ထင်၏။ |
| ကာယပသာဒအကြည်ရုပ်တွင် | - | စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါကလွဲ၍ စိုစွတ်သော နေရာဟူသမျှ ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိ အရိပ် ထင်၏။ |

မနောအကြည်သည် ဟဒယဝတ္ထုတွင် မှီနေသော မနောဓာတ်အကြည်မှန်ကို ဓမ္မာရုံခေါ် သည်။ ကြံစည်စိတ်ကူးမှုတွေပေါ်၏။ သူ့မှန်မှာ သူ့အရိပ်ကလွဲ၍ မထင်ကောင်းပေ။

http://www.dhammadownload.com



"သံသရာ"ခေါ်သည်မှာ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့၏ မပြတ်ဖြစ်ရာကို သံသရာဟု ခေါ်၏။ ထို့ကြောင့် မိမိကိုယ်မှာ ခန္ဓာငါးပါး၊ အာယတနဓာတ် တစ်ဆယ့်နှစ်ပါး ဖြစ်နေသည်ကို သိရှိစေရန် ခွဲပြခြင်းဖြစ်၏။ သို့မှသာ အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် ၎င်းတို့အပေါ် ဆင်ခြင်သုံးသပ်နိုင်သည်။

အရိယာများမှာ ဉာဏ်မျက်စိရှိပြီးဖြစ်၍ အာရုံခြောက်ပါးကို အရိပ်မှန်းသိသဖြင့် ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝ၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ တော၊ တောင်၊ အိမ်၊ ကျောင်း၊ ဇရပ်၊ နက္ခတ်၊ တာရာ ဘာမျှမရှိကြောင်း သိပြီးဖြစ်၍ အကြည်ဓာတ်(၆)ပါး အခံဓာတ်နှင့် အာရုံခြောက်ပါး အတိုက်ဓာတ် သာရှိကြောင်း သိရှိကြပါသည်။

စက္ခုပသာဒရုပ်နှင့် ရူပါရုံ အဆင်းရုပ်တို့ တိုက်သောအခါ မော်တော်ကားချင်း တိုက်သကဲ့သို့ ရုပ်၊ ရုပ်ချင်း တိုက်ရုံနှင့် မည်သူ့ ပယောဂမှ မပါသည့်အတွက် အဗျာကတ တရားဖြစ်ကြ၏။ သို့သော် သတ္တဝါများက သူ့သဘောသူဆောင်နေတဲ့ အာယတန တစ်ဆယ့်နှစ်ပါးကို ငါ့မျက်စိမှ မြင်ခြင်း၊ ငါ့နားမှ ကြားခြင်း၊ ငါ့နှာခေါင်းမှ နံခြင်း၊ ငါ့လျှာမှ စားခြင်း၊ ငါ့ကိုယ်ကိုထိခြင်း၊ ငါကြံ၍ သိခြင်းနှင့် "အတ္တေန ဝါ အတ္တနိယေန ဝါ = ငါ၊ ငါ့ဉစ္စာ ငါ့ပစ္စည်း"ဟု ယူဆပြီး အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ငါစွဲဖြစ်ပြီး ကိလေသာနိုင်ငံထဲ တဝဲလည်လည်ဖြစ်နေကြရ၏။ အာရုံခြောက်ပါးနှင့် တွေ့သည့် အခါ ငါမဟုတ်၊ ငါ့ပစ္စည်း မဟုတ်၊ ရုပ်၊ ရုပ်ချင်း တိုက်နေသည်ဟု ဆင်ခြင်သောအခါတွင် ကိလေသာနိုင်ငံမှ လွှန်မြောက်နေတော့၏။

ထို့ကြောင့် သံသရာအစတည်းက ဇနကဟေတုနှင့် ကျေးဇူးပြုပြီး ဟိတ်ခြောက်ပါးသည် သတ္တဝါများတွင် ပါ၍နေခြင်း၊ ထိုကဲ့သို့ အာရုံခြောက်ပါးတွင် ကိလေသာများ တသွင်သွင် တဒီးဒီး စီးဝင်နေခြင်းသည် ရပ်နားသည်မရှိသဖြင့် ဒွါရခြောက်ပါး တံခါးခြောက်ပေါက်ကား"သမုဒ္ဒေါဝိယ" ဟု မြတ်စွာဘုရား ဟောတော်မူ၏။ မဟာသမုဒ္ဒရာလေးစင်းထဲတွင် မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ တို့သည် ကမ္ဘာတည်စကတည်းက စီးဝင်နေခြင်းသည် ယနေ့အထိ လျှံပြည့်နေသည်ဟု မရှိသကဲ့သို့ပင် ဒွါရခြောက်ပေါက်မှ ကိလေသာများ သံသရာအစမှ စီးဝင်နေခြင်းသည် ယနေ့အချိန်အထိ ပြည့်သည်ဟူ၍ မရှိနိုင်။

အထက်က ပြသကဲ့သို့ အာရုံခြောက်ပါးနှင့် တွေ့တိုင်း ငါလဲမရှိ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ရုပ်သဘောသက်သက်မျှသာ ဖြစ်သည်ဟု မိမိဉာဏ်တွင် မြင်နေပါက တစ်မိနစ်ဖြစ်လျှင် တစ်မိနစ်

http://www.dhammadownload.com



ခန့် အာသဝေါကုန်ခန်းသည့် ရဟန္တာကဲ့သို့ အမြင်ချင်းတူကြောင်းကို မြတ်စွာဘုရား ဟောတော်မူ၏။ ယခုကဲ့သို့ မမြင်လျှင် အာရုံခြောက်ပါးနှင့်တွေ့တိုင်း လောဘကိလေသာ၊ ဒေါသကိလေသာ တည်းဟူသော ဣဋ္ဌာရုံဖြစ်နေ၏။ လောဘကိလေသာ၊ ဒေါသကိလေသာနှင့် လွတ်နေသော အမှတ်မထင်သည့် အာရုံမှာ မဇ္ဈတ္တာရုံဖြစ်၍ မောဟကိလေသာဖြစ်၍နေ၏။

လောဘကိလေသာ၊ ဒေါသကိလေသာ အားကြီး၍ ကမ္ဘာမီးလောင်ခြင်း၊ ကမ္ဘာရေကြီးခြင်း၊ လူ့ပြည်မှနေပြီး ရူပါဝစရတစ်ဆယ့်ခြောက်ဘုံအထိ အဆင့်ဆင့် ပျက်စီးရ၏။

ထို့ကြောင့် ကိုးခန်းပျို့တွင် ရေးသားထားသည်မှာ -

"အာပေါကမ္ဘာ၊ ပျက်ပြုန်းခါဝယ်၊ ရူပါဝစရ၊ သောဠသတွင်၊ သုဘကိဏှာအောက်၊ တစ်လျှောက်လုံးကို၊ လင်းပျောက်နိုင်အောင်၊ ပြည့်လျှမ်းဆောင်သည့်၊ ရေတောင်မောက်ဖြိုး၊ ရွာသွန်းမိုးတက်၊ တန်ဖိုးလှံ့တံ၊ အပြန်ပြန်တည်း၊ သည်းထန်လှစွာ၊ ကိလေသာဟု၊ မဟာမေဃ၊ ဖြိုးဖြိုးကြွလျက်"ဟု ရေးသားထား၏။

ထို့ကြောင့် ရုပ်သဘော၊ နာမ်သဘောကို ပရမတ်ဆိုက်အောင်သိပြီး၊ သွားရင်း လာရင်း၊ စားရင်း သောက်ရင်း၊ မိမိအဇ္ဈတ္တိကာယတနတည်းဟူသော ဒွါရခြောက်ပါး၊ အာရုံခြောက်ပါးတို့၏ အကြားမှာ ဘာမျှမရှိဟု ဆင်ခြင်ဆဲခဏ၌ နှစ်သက်မှု လောဘလည်းမဖြစ်၊ မနှစ်သက်သော ဒေါသလည်းမဖြစ်၊ ငါသူတစ်ပါး ပုဂ္ဂိုလ်မဟုတ်မှန်းသိနေ၍ မောဟကိလေသာလည်း မဖြစ်တော့ချေ။ ထို့ကြောင့် ပညတ် နယ်ကလွန်၍ ပရမတ်ပေါ် တည့်တည့်ကျအောင် ဆင်ခြင်ဆဲ ခဏ၌ ကိလေသာ (၃)မျိုးအားလုံးလွတ် အောင် ရှောင်နိုင်၏။ (ထိုပုဂ္ဂိုလ်မျိုးကို ကလျာဏပုထုဇဉ် ဟုခေါ်၏။)

**အာယတနခန်း ပြီး၏**

***************

## ဓာတ်တစ်ဆယ့်ရှစ်ပါး

ဓာတ်တို့သည် အတိုက်ဓာတ်ခြောက်ပါး၊ အခံဓာတ်ခြောက်ပါး၊ အပေါ်ဓါတ်ခြောက်ပါး ပေါင်းတစ်ဆယ့်ရှစ်ပါးသော ဓာတ်တို့ဖြစ်ကြသည်။

http://www.dhammadownload.com



ရူပါရုံအဆင်းရုပ် အတိုက်ဓာတ်နှင့် စက္ခုပသာဒ အကြည်ရုပ်အခံဓာတ်တို့ကို တိုက်သော အခါ စက္ခုဝိညာဏ်မြင်စိတ် အပေါ်ဓာတ် ပေါ်လာသည်။ ထိုနည်းအတိုင်း ကျန်သော ဓာတ်များလည်း ဖြစ်ပေါ်ကြ၏။

**ပါဠိ။** ဘေရိတလံ ဝိယ စက္ခုဓာတု ဒဋ္ဌဗ္ဗာ။ (ပ) တထာ အာဒါသတလံ ဝိယ စက္ခုဓာတု၊ မုခံ ဝိယ ရူပဓာတု။ မုခနိမိတ္တံ ဝိယ စက္ခုဝိညာဏဓာတု။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

**အနက်။** ဘေရိတလံ ဝိယ၊ စည်မျက်နှာပြင်ကဲ့သို့။ စက္ခုဓာတု၊ စက္ခုဓာတ်ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ တထာ၊ ထို့အတူ။ အာဒါသတလံ ဝိယ၊ မှန်မျက်နှာပြင်ကဲ့သို့။ စက္ခုဓာတု၊ စက္ခုဓာတ်ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ မုခံ ဝိယ၊ မျက်နှာကဲ့သို့။ ရူပဓာတု၊ ရူပဓာတ်ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ မုခနိမိတ္တံ၊ မှန်၌ ပေါ်လာသော မျက်နှာရိပ်ကဲ့သို့။ စက္ခုဝိညာဏဓာတု၊ စက္ခုဝိညာဏဓာတ်ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏ဟု ပြထားပါသည်။

## ဓာတ်တစ်ဆယ့်ရှစ်ပါးဖြစ်ပုံ

| | အခံဓာတ် | | အတိုက်ဓာတ် | | | အပေါ်ဓာတ် |
|---|---|---|---|---|---|---|
| ၁။ | စက္ခုဓာတ် | - | ရူပါရုံ | ရူပဓာတ် | - | စက္ခုဝိညာဏ်စိတ်၊ |
| ၂။ | သောတဓာတ် | - | သဒ္ဒါရုံ | သဒ္ဒဓာတ် | - | သောတဝိညာဏ်စိတ်၊ |
| ၃။ | ဃာနဓာတ် | - | ဂန္ဓာရုံ | ဂန္ဓဓာတ် | - | ဃာနဝိညာဏ်စိတ်၊ |
| ၄။ | ဇိဝှါဓာတ် | - | ရသာရုံ | ရသဓာတ် | - | ဇိဝှါဝိညာဏ်စိတ်၊ |
| ၅။ | ကာယဓာတ် | - | ဖောဋ္ဌဗ္ဗာရုံ | ဖောဋ္ဌဗ္ဗဓာတ် | - | ကာယဝိညာဏ်စိတ်၊ |
| ၆။ | မနောဓာတ် | - | ဓမ္မာရုံ | ဓမ္မဓာတ် | - | မနောဝိညာဏ်စိတ်၊ |

ဓာတ်တစ်ဆယ့်ရှစ်ပါးကို တရားကိုယ်ကောက်လျှင် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပရမတ် တရားလေးပါးရ၏။ စက္ခုပသာဒနှင့် ရူပါရုံ ရုပ်ရုပ်ချင်း တိုက်သည့်အခါတွင် စက္ခုဝိညာဏ်စိတ် ဆိုတာ မြင်သိစိတ်ပေါ်လာခြင်းသည် နာမ်ဓာတ်ဖြစ်၏။ သောတပသာဒနှင့် သဒ္ဒါရုံတိုက်သည့်အခါ တွင် ကြားသိစိတ်၊ ဃာနပသာဒနှင့် ဂန္ဓာရုံတိုက်သည့်အခါတွင် နံသိစိတ်၊ ဇိဝှါပသာဒနှင့် ရသာရုံ တိုက်သည့်အခါတွင် စားသိစိတ်၊ ကာယပသာဒနှင့် ဖောဋ္ဌဗ္ဗာရုံ တိုက်သည့်အခါတွင် ထိသိစိတ်၊ မနောပသာဒနှင့် ဓမ္မာရုံတိုက်သည့်အခါတွင် ကြံသိစိတ် ဖြစ်ပေါ်လာ၏။

http://www.dhammadownload.com



ထို့ကြောင့် အာရုံခြောက်ပါးသဘောကို သိသိနေခြင်းသည် စိတ်ကြောင့်သာဖြစ်၏။ စိတ်မရှိလျှင် မသိနိုင်, မမြင်နိုင်, မကြားနိုင်, မစားနိုင်, မနေနိုင်, မကြံနိုင်ကြောင်းကို သေနေသော သူကိုကြည့်၍ သိနိုင်၏။ အာရုံခြောက်ပါးကို သိခြင်းသည်စိတ်မှ သိခြင်းဖြစ်၏။ မှီရာတည်ရာကို အစွဲပြုပြီး ပသာဒရုပ်ခြောက်ပါးကို သိခြင်းသည် စိတ်မှ သိခြင်းဖြစ်၏။ သို့ရာတွင် မှီရာတည်ရာကို အစွဲပြုပြီး ပသာဒရုပ်ခြောက်ပါး၏ အမည်ကိုတပ်ပြီးခေါ်ရ၏။ ပေါ်လာပုံမှာ (ဥပမာ) စည်နှင့်လက်ခတ် တီးလျှင် အသံပေါ်လာရာ စည်သံသည် စည်ကိုမှီ၍ ဖြစ်နေခြင်းကြောင့် ခေါ်ရသည်။

ထို့ကြောင့် သိစိတ်ခြောက်မျိုးသည် သူတို့ချင်းတိုက်လို့သာ ပေါ်လာ၏။ မတိုက်မိလျှင် မပေါ်နိုင်ပါ။ ၎င်းစိတ်ခြောက်ပါးတို့ကို သိဖို့ရာ နေသည်မဟုတ်။ ပစ္စုပ္ပန်တိုက်ဆဲခဏတွင် သိစိတ်ပေါ်ပြီးနောက် မည်သည့်နေရာမှ ရောက်သွားခြင်းမဟုတ်ဘဲ ပျက်သွား၏။ ပျောက်ပျက် သွားပြီး အသစ်ဖြစ်ပြန်၏။ အဟောင်းပျက်အသစ်ဖြစ် အခံဓာတ် အတိုက်ဓာတ်မှ ပေါ်လာပြီး ပျောက်ပျက်သွားခြင်းကြောင့် အပေါ်ဓာတ်ခြောက်ပါးတို့ကို "အာဂန္တုကဓမ္မ"ဟုခေါ်၏။ အပေါ်ဓာတ်ဖြစ်သော ဝိညာဏဓာတ်ခြောက်ရပ်ပေါ်ရန် အကြောင်းလေးချက်တို့နှင့် ပြည့်စုံရ၏။ စက္ခုပသာဒနှင့် ရူပါရုံနှစ်ခုအကြား အကွယ်အကာလည်းမရှိ၊ မနသိကာရ နှလုံးသွင်းမှုစသည်တို့ ဖြစ်မှ စက္ခုဝိညာဏ် တည်းဟူသော မြင်စိတ်လည်း ပေါ်နိုင်၏။ ပေါ်လာမှ မြင်သိစိတ်ဖြစ်၏။

ထို့ကြောင့် စည်နှင့်လက်ခတ်တီးပြသည့် ဥပမာအတိုင်း ပသာဒရုပ်ခြောက်ပါးနှင့် အာရုံခြောက်ပါးတို့ တိုက်သည့်အခါ ပေါ်လာသည့် ဝိညာဏဓာတ် ခြောက်ရပ်အားဖြင့် ဓာတ်တစ်ဆယ့်ရှစ်ပါးဖြစ်၏။

စက္ခုပသာဒနှင့် ရူပါရုံတို့ တိုက်သောအခါ စက္ခုပသာဒနှင့် ရူပါရုံက ရုပ်ဖြစ်၍ ရူပက္ခန္ဓာ၊ မြင်သိစိတ်တရားဖြစ်၍ ဝိညာဏက္ခန္ဓာ။ မြင်သိပြီးသော ကိစ္စကို မှတ်သားသော သဘောသည် သညာက္ခန္ဓာ။ ခံစားရန် တိုက်တွန်းခြင်းသဘောသည် သင်္ခါရက္ခန္ဓာ။ ၎င်းတို့အားဖြင့် ခန္ဓာငါးပါး တစ်ပြိုင်တည်းဖြစ်၏။ စိတ်ပေါ်ရင် စေတသိက်များသည် လူနှင့်အရိပ်လို ကပ်လျက်သားပါပြီးဖြစ်သကဲ့သို့ တစ်ပါတည်းစိတ်၊ စေတသိက်၊ ရုပ်တည်းဟူသော ခန္ဓာငါးပါးသည် ဝိညာဏ်ခြောက်ပါး တို့ကိုမှီ၍ တဖြတ်ဖြတ်ဖြစ်နေကြ၏။ ထို့ကြောင့် သီလက္ခန်အဋ္ဌကထာ သာမညဖလသုတ် သတိသမ္ပဇဉာကထာ၌ ဤသို့ပြဆိုထား၏။

**ပါဠိ။** စက္ခုံ စေဝ ရူပေ စ ရူပက္ခန္ဓော၊ ဒဿနံ ဝိညာဏက္ခန္ဓော၊ တံသမ္ပယုတ္တာ ဝေဒနာ ဝေဒနာက္ခန္ဓော၊ သညာ သညာက္ခန္ဓော၊ ဖဿာဒိကာ သင်္ခါရက္ခန္ဓော။ (ဘိ ၊ ၄ ၊ ၁ ၊ ၁၇၅)

http://www.dhammadownload.com



အာရုံခြောက်ပါးကို သိနေသောစိတ်သည် ဝီထိစိတ်ဖြစ်သည်။ ခြောက်ဒွါရခြောက်ပါး တံခါးပိတ်ပြီး အိပ်ပျော်သောအခါ ဟဒယဝတ္ထုရုပ်တွင် စိတ်က မှီနေသဖြင့် ဟဒယဝတ္ထုရုပ်သည် ရူပက္ခန္ဓာ၊ ဘဝင်စိတ်သည် စိတ်တရားဖြစ်၍ ဝိညာဏက္ခန္ဓာ၊ ၎င်းတွင် ဘဝင်စိတ်နှင့်ယှဉ်၍ဖြစ်သော ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ - သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခုနှစ်ပါးရှိရာတွင် ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ၊ သညာစေတသိက်သည် သညာက္ခန္ဓာ၊ ကျန်စေတသိက်ငါးပါးတို့သည် သင်္ခါရက္ခန္ဓာစသည်အားဖြင့် ငါးပါးရှိ၏။

အထက်ဖော်ပြခဲ့သည့်အတိုင်း ခန္ဓာငါးပါးတို့သည် အစဉ်ဖြစ်ပေါ်နေကြ၏။ ဝိညာဏဓာတ်ခြောက်ရပ်သည် အတိုက်ဓာတ်နှင့် အခံဓာတ်တိုက်တိုင်း တစ်ခုပြီးတစ်ခုပေါ်ပြီး အစဉ်မပြတ်ဖြစ်ပျက်နေသည်ကို "သံသရာ"ဟု ခေါ်သဖြင့် မိမိ အဇ္ဈတ္တသန္တာန်ကိုပင် သံသရာဖြစ်နေသဖြင့် ခန္ဓာအစဉ်သည် ဓာတ်(၁၈)ပါး ပြထားသော ဇယားကို ကြည့်ရှုပွားများနိုင်၏။

အိပ်ပျော်နေသောလူ အာရုံခြောက်ပါးမရှိတာနှင့် စက်မပိတ်ဘဲ ရပ်ထားသော မော်တော်ကားနှင့် ဥပမာအားဖြင့်တူ၏။ စက်နိုးနေသည့် မော်တော်ကားနှင့် အိပ်ပျော်နေသောသူ၏ ခန္ဓာငါးပါးဖြစ်နေသည်နှင့်တူသောကြောင့် အခံဓာတ်နှင့် အတိုက်ဓာတ် တစ်ခုခုတိုက်လျှင် မမောင်းသေးဘဲရပ်ထားသောမော်တော်ကား အလွယ်တကူ ထွက်သွားနိုင်သကဲ့သို့ အိပ်ပျော်နေသောသူ ဘဝင်စိတ်ဖြစ်နေရာမှ နိုးလျှင် ခန္ဓာငါးပါး ထင်ထင်ရှားရှား ဆက်လက်ဖြစ်နေခြင်းသည် ဝိညာဏဓာတ်ခြောက်ပါးကြောင့် လှုပ်ရှားသွားလာနေခြင်းကို "သတ္တဝါများက အသက်ရှိသည်၊ အသက်ရှင်သည်"ဟု အထင်မှားနေကြ၏။ အသက် လိပ်ပြာ ပုဂ္ဂိုလ် သတ္တဝါဘာမျှမရှိပါ။ ရှာကြည့်ပါ။ အတိုက်ဓာတ်ခြောက်ပါး အခံဓာတ်ခြောက်ပါး၊ အပေါ်ဓာတ်ခြောက်ပါး၊ ဓာတ်တစ်ဆယ့်ရှစ်ပါး တို့သည် တရားသုံးလုံးပေါင်း၍ ဖဿဖြစ်လျှင် ခန္ဓာငါးပါးဖြစ်ကာ ခေါင်းအမျိုးမျိုးပြောင်းပြီး သံသရာ အစက ယနေ့အထိ ရပ်နားခြင်းမရှိဘဲ ဖြစ်ပျက်နေကြသည်။ ထို့ကြောင့် ဓာတုဝိဘင်း အဋ္ဌကထာဆရာက အောက်ပါအတိုင်း ပြဆိုထားပါသည်။

**ပါဠိ။** ဝိဇာနနသဘာဝေ ဝိညာဏေ ဇီဝသညီနံ သညာသမူဟနတ္ထမ္ပိ အဋ္ဌာရသောဝ ဝုတ္တော။ (ဘိ၊ ဋ္ဌ၊ ၂၊ ၇၄)

**အနက်။** ဝိဇာနနသဘာဝေ၊ အာရုံအရပ်ရပ်ကို မှတ်သားသိတတ်သော သဘောရှိသော။ ဝိညာဏေ၊ အသိခေါ်မှု စိတ်အစကလေး၌။ (ဝါ) ဝိညာဏ်ခြောက်ပါး အသိတရား၌။ ဇီဝသညီနံ၊

http://www.dhammadownload.com



ငါ့အသက်သည် မပျက်ဧကန် အမှန်ရှိဟူ၍ မှတ်ထင်နေကုန်သော အန္ဓပုထုဇဉ်တို့၏။ သညာသမူ ဟနတ္တမ္ပိ၊ မှားယွင်းဖောက်ပြန် မမှန်သော မိစ္ဆာဒိဋ္ဌိအယူတို့ကို ကောင်းစွာမဟုတ် ပယ်နုတ်တော်မူခြင်းအကျိုးငှာ။ အဒ္ဒြာရသော၀၊ တစ်ဆယ့်ရှစ်ပါးသော စာတ်တရားကိုသာလျှင်။ ဘဂဝတော၊ မြတ်စွာဘုရားသည်။ ဝုတ္တော၊ ဟောကြားတော်မူအပ်၏။

စာတ်တစ်ဆယ့်ရှစ်ပါးတို့တွင် ငါရှာလို့၊ အသက်ရှာလို့ မဖြစ်ဘဲ စာတ်တစ်ဆယ့်ရှစ်ပါးသာ ဖြစ်လိုက်ပျက်လိုက်နေ၍ နိဗ္ဗာန်ရောက်မှသာ ဖြစ်ပျက်ရပ်စဲ၍၊ ချမ်းသာခြင်းသို့ ရောက်မည်ဖြစ်၏။ ထို့ကြောင့် -

**ပါဠိ။** တဒါ တွံ မာလုကျပုတ္တ န ဟုရံ နညာယ အန္တရေ၊ န ဧသေဝန္တော ဒုက္ခဿ။

**အနက်။** မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ တွံ၊ သင်သည်။ တဒါ၊ ကိလေသာ မတည်သော အခါ၌။ ဟုရံ၊ ဤလောက၌လည်း။ န၊ သင်မရှိ။ အညာယ၊ ထိုလောက ဤလောကမှ တစ်ပါးသော။ အန္တရေ၊ အကြားဖြစ်သော ဝိညာဏစာတ်ခြောက်ရပ်၌လည်း။ န၊ သင်မရှိ။ ဧသေဝဧသော၀၊ ထိုလောက ဤလောက နှစ်ပါးတို့၏အကြားသုံးပါးလုံး မရှိခြင်းသည်။ န၊ သင်မရှိသည်ပင် ဒုက္ခဿ၊ ဒုက္ခ၏။ အန္တော၊ ကုန်ဆုံးရာ နိဗ္ဗာန်ပါပေတည်း။

အခံစာတ်၊ အတိုက်စာတ်၊ အပေါ်စာတ်(၁၈)ပါးသော တရားတို့သည် ငါမဟုတ်၊ သတ္တဝါ မဟုတ်။ အသက်မဟုတ်။ သူသဘောသူဆောင်ပြီးဖြစ်နေသော စာတ်(၁၈)ပါးတို့သာ ရှိကြသည်ဟု မိမိဉာဏ်မှာ ပြတ်သားသွားခြင်းသည် အနတ္တပေါက်သည် မည်၏။

## ဆောင်ပုဒ်အလင်္ကာ

- မြင်ကြားနံသိ၊ တွေ့ထိရသာ၊ ခြောက်ဖြာအာရုံ၊ စာတ်အစုံကို၊ ခုံခုံမင်မင်၊ မိစ္ဆာမြင်နှင့်၊ ငါပင်မဟုတ်၊ ငါမလုပ်နှင့်၊ ဖြစ်ချုပ်အမှန်၊ ကိုင်မခံ၍၊ တစ်ရံမစဲ၊ သူမခြဲလို့၊ ယူလဲမရ၊ စိုးမရကြောင့်၊ အနတ္တဉာဏ်၊ အမြင်မှန်ကို၊ အဖန်ဖန်သုံးသပ်၊ ဘဝပြတ်လိမ့်၊ နောက်ထပ် အပါယ်၊ လွတ်ကင်းဖွယ်သည်၊ တကယ်မှတ်တော့ = ဉာဏ်မြင်တည်း။

**ပါဠိ။** စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

**အနက်။** စက္ခုံ စ၊ စက္ခုအခံစာတ်ကိုလည်းကောင်း။ ရူပေ စ၊ ရူပါရုံအဆင်းတိုက်စာတ်တို့ကို

http://www.dhammadownload.com



လည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ် မြင်သိစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

**ပါဠိ။** ခန္ဓာနံ ဘေဒေါ မရဏံ။

**အနက်။** ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ ဘေဒေါ၊ ပျက်စီးခြင်းသည်။ မရဏံ၊ သေခြင်းမည်၏။ ( မောဃရာဇအား မြတ်စွာဘုရားသခင်က အောက်ပါအတိုင်း ဟောတော်မူ၏။ )

**ပါဠိ။** သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော။
အတ္တာနုဒိဋ္ဌိံ ဥဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။ (မောဃရာဇသုတ်)

**အနက်။** မောဃရာဇ၊ ချစ်သားမောဃရာဇ။ သဒါ၊ အခါခပ်သိမ်း။ သတော၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ အတ္တာနုဒိဋ္ဌိံ - ငါပဲ သူပဲ အတ္တစွဲကို။ ဥဟစ္စ၊ စွန့်ခွာပယ်နုတ်၍။ လောကံ၊ ဖြစ်ပျက်မှန်စွာ သတ္တဝါဟူသော လောကကို။ သုညတော၊ ပုဂ္ဂိုလ်သတ္တဝါမှ ဆိတ်သောအားဖြင့်။ အဝေက္ခဿု၊ ကြည့်ရှုလော့။ (ဝါ) သုညဖြစ်အောင် ကြည့်ရှုလော့။ ဧဝံ၊ ဤသို့ ရှုမြင်သည်ရှိသော်။ မစ္စုတရော၊ သေမင်းကို လွန်မြောက်သည်။ သိယာ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ လောကံ၊ ဖြစ်ပျက်မှန်စွာ သတ္တဝါဟူသော လောကကို။ အဝေက္ခန္တံ၊ ဝိပဿနာပညာစက္ခုဖြင့် မြင်အောင်ပြု၍ ရှုမြင်သောသူကို။ မစ္စုရာဇာ သေမင်းသည်။ န ပဿတိ၊ မမြင်နိုင်။

ထို့ကြောင့် လောကအတွင်းရှိ သတ္တဝါမှန်သမျှကို ဝိပဿနာပညာဖြင့် ရှုတတ်အောင် ကြိုးစားကြရာ၏။

## ခေတ်တစ်ဆယ့်ရှစ်ပါးဖြစ်ပုံ

အတိုက်အခံ၊ နှစ်တန်တိုက်ခတ်မှု၊ လေးခုကြောင်းရာ၊ ပြည့်စုံပါလျှင်၊ လျင်စွာပေါ်လတ်၊ ဝိညာဏခေတ်ဟု၊ ခြောက်ရပ်ပိုင်းခြား၊ အသိတရားကို၊ အများသူငါ၊ သတ္တဝါ၏။ ခန္ဓာကိုယ်တွင်း၊ တမင်သွင်း၍၊ ထင်လင်းဧကန်၊ အမှန်မုချ၊ ဇီဝအသက်၊ မပျက်တည်နေ၊ ရှိပေသည်ဟု၊ မသေ့ဖောက်ပြား၊ အယူမှားကို၊ ပယ်ရှားဖို့ရာ၊ တို့မြတ်စွာသည်၊ သေချာပိုင်း ခြား၊ ခေတ်တရားကို၊ ဟောကြားဆုံးမ၊ သွန်သင်ပြလည်း၊ နင်ကမသိ၊ ဉာဏ်မမိသော်၊ ဒိဋ္ဌိတန်းလန်း၊ စုံလုံးကန်း၍၊ သေလမ်းမဖြောင့်၊ စိုးရိမ်နှောင့်က၊ လေးဝအပါယ်၊ ကျဉီးမယ်ဟု၊ တကယ်သိက၊ နင့်ဘဝကို၊ ကာလတန်ဖိုး၊ အကျိုးမများ၊

http://www.dhammadownload.com



လျှော့စျေးထား၍၊ ရောင်းစားသမှု၊ နင်မပြုနှင့်၊ ယခုဓာတ်သား၊ ဆယ့်ရှစ်ပါးကို၊ ပြတ်သားနားလည်၊ နင့်ဉာဏ်မိသော်၊ အတည်ကျကျ၊ အပါယ်မှ၊ မုချဧကန်၊ လွတ်ကြောင်းမှန်သည်၊ ဉာဏ်သာမူလ = လိုရင်းတည်း။

## သံသရာလမ်းစဉ် ဝီထိစဉ်

ပါဠိလိုအားဖြင့် "ဝီထိ"၊ မြန်မာလိုအားဖြင့် "ခရီးလမ်းစဉ်"၊ ခရီးလမ်းကြောင်း နှစ်မျိုးရှိ၏။ သူသူ ငါငါ သွားလာကြသောလမ်းကို "ခရီးလမ်း"ခေါ် သဖြင့် "ဝိယန္တိ ဂစ္ဆန္တိတိ ဝီထိ"ဟု ဝိဂ္ဂဟ ပြု၏။

၎င်းခရီးလမ်းနှင့် ဝိပဿနာအလုပ်၌ မည်သို့မျှ မဆိုင်သော်လည်း သူသူ ငါငါ သွားရာလမ်းကဲ့သို့ သံသရာခရီလမ်းကြောင်းကြီးမှာလည်း အများသူငါ သွားနေကြရ၍ "ဝီထိ ဝိယာတိ ဝီထိ"ဟု ဥပမာတဒ္ဓိတ်ဝိဂ္ဂြိုလ်ပြု၍ ဝီထိ ဝိယ၊ သူသူ၊ ငါငါ လူတကာတို့ သွားရာလမ်းကြောင်းကဲ့သို့၊ ဝီထိ၊ သံသရာလမ်းကြောင်းတည်းဟု ပြထားပါသည်။

ထို့ကြောင့် ဇောဝီထိအစဉ်နှင့် သံသရာလမ်းကြောင်း၌ အမျိုးမျိုးဘုံဌာနစုံအောင်၊ မြင့်တုံ နိမ့်တုံ ယနေ့အထိ သံသရာလမ်းကြီး လျှောက်၍မဆုံး၊ သွား၍မဆုံး ဖြစ်နေသောကြောင့် အန္ဓပုထုဇဉ်များသည် ကိုယ့်ဘဝကိုယ် အလွန်နှစ်သက်ကြ၏။

သံသရာလမ်းလျှောက်နေခြင်းသည် မီးတစ်ဆယ့်တစ်ပါး အဝိုင်းခံပြီး၊ ပင်ပင်ပန်းပန်း လာခဲ့ရခြင်းဖြစ်၏။ ရုပ်နာမ်ခန္ဓာကို မည်သည့်အခါကမျှ မသိရှိခဲ့ကြ၍ ပင်ပန်းကြရ၏။ ခန္ဓာငါးပါး ပိုင်းခြားမသိလျှင် သံသရာလမ်မကြီး မဆုံးနိုင်ဘဲ ဘဝသုံးပါး၊ ဝဋ်သုံးပါးမှ မထွက်နိုင်ကြခြင်းသည် ဝီထိစဉ်ပင်ဖြစ်၏။ ဝီထိစိတ်မဖြစ်သော ပုဂ္ဂိုလ်တို့သည်၊ "အသညသတ် ဧကဝေါကာရ" ပြဟ္မာများနှင့် နိရောဓသမာပတ်ဝင်စားသော ပုဂ္ဂိုလ်များသာဖြစ်၏။ ဝီထိစဉ်ကို သင်ယူတတ်မြောက်မှ သံသရာဆုံးသော နိဗ္ဗာန်ကို ရောက်နိုင်သည်။

## ဝီထိစဉ်ဖြစ်ပုံ

. . . . . . ဘွင်၊ ဘွင်၊ ဘွင်၊ အတီတဘွင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ ဇော၊ တဒါရုံ၊ တဒါရုံ၊ ဘွင်၊ ဘွင်၊ ဘွင်။

အထက်ပါ ဝီထိစဉ်ကို အောက်ပါအတိုင်း အတိုကောက်နည်းဖြင့် ရေးပြထားပါသည်။

http://www.dhammadownload.com



## တစ်ဝီထိလျှင် ဝီထိစိတ်လုံးရေ (၁၇)လုံး ရှိပုံ




ဝီထိစဉ်ပြထားသော ပုံစံတွင် ရှေ့ဆုံးတွင် သုံးလုံးပြထားခြင်းသည် ဘဝင်အများကြီးလို့ မှတ်ထားပါ။ ဝီထိစိတ်(၁၇)လုံးသော စိတ်အနောက်က ဘဝင်(၃)လုံးကိုလည်း နောက်ဘက်တွင် ဆက်၍ ဘဝင်အများကြီးရှိသည်ဟု မှတ်ပါ။

သူသူ ငါငါရှိသော ပသာဒရုပ်နှင့် အာရုံတိုက်သောအခါ အပေါ်ခါတ်တစ်ခုခုပေါ်စေရန် ၎င်းပြထားသော အတီတဘဝင်ကစ၍ စက္ခုဝိညာဏ်ရောက်မှ မြင်မှုပေါ်ပြီးလျှင် တဒါရုံနှစ်ကြိမ် ကျမှ မြင်သိစိတ်ပြီး၏။

အိပ်ပျော်နေသောသူသည် ဒွါရခြောက်ပေါက်ပိတ်နေသဖြင့် ဘဝင်စိတ်တွေ ဖြစ်နေရာမှ တစ်ခုခုနှင့် တိုက်လိုက်၍နိုးလျှင် အတီတဘဝင်စိတ် ရိုးရိုးမှ လွန်သွားသဖြင့် ဘဝင်္ဂုပစ္ဆေဒဖြစ်ပြီးနောက်၊ ငါးဒွါရဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်၍ စက္ခုပသာဒနှင့် ရူပါရုံတိုက်ဆဲခဏ စက္ခုဝိညာဏ်စိတ်ဖြစ်ပြီး ၎င်းအာရုံလက်ခံသော သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်၍၊ ထိုအာရုံကိုစုံစမ်းသော သန္တီရဏစိတ်ဖြစ်ပြီး၊ တဒါရုံနှစ်ကြိမ် နောက်ထပ်ကောင်း၊ မကောင်းခံစားသောစိတ်ဖြစ်ပြီးလျှင် ဘဝင်စိတ်ဆက်ဖြစ်၏။ ယခုကဲ့သို့ တစ်ခုဖြစ်တစ်ခုပျက်ပြီး တစ်ဆယ့်ခုနစ်လုံးသော ဝီထိစိတ်ဖြစ်ပြီးမှ မြင်သိစိတ်ဖြစ်ရ သည်။ ကျန်သော ပသာဒရုပ်နှင့် အာရုံတို့သည်လည်း ဤအတိုင်းပင် ဖြစ်ကြ၏။

ဝီထိစဉ်ဇယားပုံစံ၌ အတီတဘဝင်ကစ၍ ရေတွက်သော် ဒုတိယတဒါရုံအထိ ဝီထိစိတ် (၁၇)လုံးရှိ၏။ ၎င်း(၁၇)လုံးသော ဝီထိစိတ်တို့ကို တစ်ဝီထိ၌ဖြစ်သော ဝီထိစိတ်ဟူ၍မှတ်။ ထိုဝီထိ စိတ်တစ်လုံးလုံး၏ အောက်၌ပြထားသော အနက်ဝိုင်းကလေးများသည် ဥပါဒ်၊ ဌီ၊ ဘင်ဟု ဆိုအပ် သော ခဏငယ်သုံးချက်ဖြစ်၍ ဥပါဒ်-ဖြစ်သည်။ ဌီ-တည်သည်။ ဘင်-ပျက်သည်ဟူသော အဓိပ္ပါယ်

http://www.dhammadownload.com



ဖြစ်၏။ တစ်ဝီထိလျှင် စိတ္တက္ခဏ (၁၇)ချက်ရှိသည်ဟု ခေါ်၏။ ဝီထိစိတ်တစ်လုံးလျှင် ခဏငယ် (၃)ချက်မှာ ဥပါဒ်ခဏစဖြစ်ပြီးလျှင် ဘင်ခဏမှာ ချုပ်လေ၊ ပျက်လေသောကြောင့်၊ ဥပါဒ်ဌီဘင် တည်းဟူသော ခဏငယ်သုံးချက်သာ အသက်ရှိသဖြင့် အလွန်အပျက်မြန်လေသည်။

ဝီထိဖြစ်စဉ်၌ စက္ခုဝိညာဏ်ကို ပြထားသဖြင့် ကျန်သည့် ကြားသောဝီထိ၊ နံသောဝီထိ၊ စားသောဝီထိ၊ ထိသောဝီထိ တို့ကိုလည်းမြင်သော "စက္ခုဝိညာဏ်"နေရာတွင် အသီးသီးထည့်၍ ရေတွက်ရပါသည်။

## ဝီထိစဉ်ဇယား၌ ပြထားသော ပါဠိအတိုကောက်ကို မြန်မာလို အဓိပ္ပါယ်နှင့်ပြသောပုံစံ

| | | | |
|---|---|---|---|
| ၁။ | အတီတဘဝင် | - | လွန်သော ဘဝင်စိတ်။ |
| ၂။ | ဘဝင်္ဂစလန | - | လှုပ်သော ဘဝင်စိတ်။ |
| ၃။ | ဘဝင်္ဂုပစ္ဆေဒ | - | ပြတ်သော ဘဝင်စိတ်။ |
| ၄။ | ပဥ္စဒွါရာဝဇ္ဇန်း | - | ငါးဒွါရကို ဆင်ခြင်သောစိတ်။ |
| ၅။ | စက္ခုဝိညာဏ် | - | အာရုံကို မြင်သောစိတ်။ |
| ၆။ | သမ္ပဋိစ္ဆိုင်း | - | အာရုံကို လက်ခံလင့်သောစိတ်။ |
| ၇။ | သန္တီရဏ | - | အာရုံကို စုံစမ်းသောစိတ်။ |
| ၈။ | ဝုဋ္ဌော | - | အာရုံကို မှတ်သားသောစိတ်။ |
| ၉။ | ဇော | - | အာရုံကို ကြိုက် မကြိုက်သောစိတ်။ |
| ၁၀။ | တဒါရုံ | - | ထိုကြိုက် မကြိုက်သောအာရုံ။ |

အာရုံတစ်ခုခုကို ကြာကြာခံစားနေသောအခါ ဝီထိစိတ် အခေါက်ပေါင်းများစွာ ဖြစ်နေ၏။ ဝီထိစိတ်မကျသည့်အခါတွင် ဘဝင်စိတ်သက်သက်ဖြစ်၏။

သိမှုတစ်ခု သိလိုက်သောအခါ ဝီထိစိတ် (၁၇)ချက်နှင့် ခေါက်ရေပေါင်း ကုဋေ(၅၈၈၀) ကျော်ဖြစ်သဖြင့် ဓာတ်အစဉ် အလွန်လျင်မြန်စွာ ဖြစ်ကြောင်းကို သိရသည်။

ဝီထိစိတ်တစ်ခေါက်လျှင် ကောင်းကျိုး ဆိုးကျိုး ပေးစေနိုင်သော ဇောစိတ်(၇)လုံးဖြစ်၍ တစ်စက္ကန့်လျှင် စိတ်လုံးရေပေါင်း ကုဋေလေးသောင်းကျော် ဇောစိတ်ကျသွားသဖြင့် ကောင်းမှုပြု

http://www.dhammadownload.com



ရာတွင်လည်းကောင်း၊ မကောင်းမှုပြုရာတွင်လည်းကောင်း ဇောစိတ်လုံးရေပေါင်း မြောက်မြားစွာ ကျသွားကြောင်းကို သိရသည်။ ပဌမဇောသတ္တိက အကျိုးပေးပုံမှာ - အကုသိုလ်ကို ယခုလုပ်လျှင် ယခုဘဝ၌ပင် အကျိုးပေး၏။ သတ္တမဇောစိတ်သည် ယခုလုပ်လျှင် ယခုဘဝတွင် အကျိုးမပေးဘဲ ဒုတိယဘဝမှာ ပဋိသန္ဓေအဖြစ် အကျိုးပေး၏။ အလယ်ဇောငါးချက်က နိဗ္ဗာန်မရောက်မီ အခွင့် ကြုံသလို အကျိုးပေး၏။ ပဌမဇောအဖြစ် စေတနာကို "ဒိဋ္ဌဓမ္မဝေဒနီယကံ"ဟု ခေါ်၏။ ပစ္စက္ခတွင် အကျိုးမပေးသော် "အဟောသိကံ"ဖြစ်၍ ပျောက်သွား၏။ အလယ်ဇောငါးချက်သည် အဟောသိကံ မဖြစ်ကောင်း၊ (ဝါ) အကျိုးမပေးဘဲ မပျောက်ကောင်း။ ၎င်းကို "အပရာပရိယဝေဒနီယကံ"ဟု ခေါ်၏။ သတ္တမဇောကို "ဥပပဇ္ဇဝေဒနီယကံ"ဟု ခေါ်၏။ ထို့ကြောင့် အလယ်ဇောငါးချက်သည် မပျောက်ကောင်းသဖြင့် အခွင့်သာ၊ သာသလို နိဗ္ဗာန်မရောက်မချင်း အကျိုးပေးတတ်၏။

ပုထုဇဉ်များသည် မိမိပြုခဲ့သော ကုသိုလ်ဇော အကုသိုလ်ဇောတွေ မည်မျှများပြားသော်လည်း သတ္တမဇောသည် ဒုတိယဘဝ၌သာလျှင် ပဋိသန္ဓေအသစ် ဖြစ်နိုင်၏။ မည်သည့် သတ္တမဇောက ဖြစ်သနည်း ဆိုသော် "အား"အထက်သန်ဆုံးသော သတ္တမဇောတစ်ခုတည်းကသာ အကျိုးပေးပြီး ကျန်ဇောများသည် "အဟောသိကံ"ဖြစ်၍ အကျိုးမပေးတော့ချေ။

သံသရာအစမှ ပါလာသော အလယ်ဇောများသည် အကြွေးသဘောဖြစ်နေ၍ အကြွေး မဆပ်ရသေးလျှင် မပျောက်နိုင်၊ မပျက်နိုင်ဖြစ်နေပြီး မည်သည့်ဘဝ မည်သည့်ကမ္ဘာမှ ကြွေးကြေနိုင်စရာမရှိက၊ သံသရာမှ ကျွတ်နိုင်စရာ လွတ်နိုင်စရာ မရှိချေ။ ကြွေးဆပ်ရာ၌လည်း ဇောတစ်လုံး တစ်ဘဝဆပ်ရသဖြင့် ကုန်နိုင်စရာ မရှိပါ။ ထို့ကြောင့် -

**ပါဠိ။** အတီတေပိ ကပ္ပကောဋိသတသဟဿာနိ အာယူဟတိတံ ကမ္မံ ဧတရဟိပိ ပစ္စယော ဟောတိ၊ ဧတရဟိ အာယူဟိတံ ကမ္မံ အနာဂတေပိ ကပ္ပကောဋိသတသဟဿာနိ ပစ္စယော ဟောတိ။

**အနက်။** အတီတေပိ - အတိတ်ကာလ၌လည်း။ ကပ္ပကောဋိသတဟသဿာနိ - ကမ္ဘာပေါင်း တစ်သိန်းတို့ပတ်လုံး။ အာယူဟိတံ - အားထုတ်အပ်သော။ ကမ္မံ - ကုသိုလ်ကံ အကုသိုလ်ကံ အလယ်ဇောသည်။ ဧတရဟိပိ - ယခုဘဝ၌လည်း။ ပစ္စယော - အထောက်အပံ့သည်။ ဟောတိ - ဖြစ်၏။ ဧတရဟိပိ - ယခုဘဝ၌လည်း။ အာယူဟိတံ - အားထုတ်အပ်သော၊ ကမ္မံ - ကုသိုလ်ကံ အကုသိုလ်ကံ အလယ်ဇောသည်။ အနာဂတေပိ - အနာဂတ်ကာလ၌လည်း။ ကပ္ပကောဋိသတ

http://www.dhammadownload.com



သဟဿာနိ - ကမ္ဘာပေါင်း တစ်သိန်းတို့ပတ်လုံး။ ပစ္စယော - အထောက်အပံ့သည်။ ဟောတိ - ဖြစ်၏။

ဇာခုနှစ်လုံးတွင် အလယ်ဇောငါးချက်သည် နိဗ္ဗာန်မရောက်မချင်း ကပ်ပြီးလိုက်နေသဖြင့် ကံဆိုး၊ ကံကောင်းဟူသမျှတို့သည် ဝန်ရုန်းသော နွားလား၏ နောက်က အစဉ်မပြတ်ကပ်၍ ပါနေသောလှည်းဘီးလည်နေသည့် ဥပမာကဲ့သို့ဖြစ်ကြောင်းကို ပါဠိတော်၌ အောက်ပါအတိုင်း ပြထား၏။

**ပါဠိ။** ပါပကမ္မံ ဟိ နေတုံ ဓူရံ ဝဟတော ဗလိဗဒ္ဒဿ ပဒံ စက္ကံ ဝိယ အနုဂစ္ဆတိ။

**အနက်။** ဟိ၊ ထိုစကားသင့်၏။ ပါပကမ္မံ မကောင်းသော အကုသိုလ်ကံသည်။ ဓူရံ ဝန်ကို။ ဝဟတော၊ ရွက်ဆောင်သော။ ဗလိဗဒ္ဒဿ ၊ နွားလား၏။ ပဒံ၊ ခြေရာသို့။ စက္ကံ၊ လှည်းဘီးစက်သည်။ အနုဂစ္ဆတိ၊ အစဉ်လိုက်လေတော့၏။

ထိုတစ်စက္ကန့်တွင်လည်း ရုပ်နာမ်ပေါင်း ကုဋေတစ်သိန်းမက ချုပ်ပျောက်ပျက်စီးပြုန်းတီးကုန်၏။ အနိစ္စ အနုဆုံး၊ အစိတ်ဆုံးဖြစ်လေတော့၏။ ထိုအနုဆုံး အနိစ္စသာလျှင် ပရမတ္ထ အနိစ္စ အစစ်ဖြစ်၍ နိဗ္ဗာန်သို့ရောက်ကြောင်း အနိစ္စဖြစ်၏။ ထိုအနိစ္စဆိုက်အောင် အဆင့်ဆင့် သုံးသပ်ဆင်ခြင်ရာ၏။

ဝီထိစဉ်လျှင်မြန်စွာ ဖြစ်ပျက်နေမှုကို သိရှိနားလည်မှသာ အနိစ္စအစစ် ဒုက္ခအစစ်ကို မြင်နိုင်၏။ ထို့ကြောင့် တစ်ဝီထိ တစ်အာရုံမှာရှိသော စိတ်(၁၇)လုံးနှင့် "ဘဝင်၊ ဘဝင်"ဆိုသော စိတ်လုံးရေများ၏ တစ်လုံးတစ်လုံး အသက်သည် ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ခဏငယ်သုံးချက်မျှ သာရှည်၏။ ခဏငယ်ဟုခေါ်သော စကားမှာ ခဏများတွင် အငယ်ဆုံးဖြစ်၍ ခဏငယ်ဟု ခေါ်ခြင်းဖြစ်သည်။ အဘယ်မျှငယ်ပါသနည်းဟူမူကား တစ်စက္ကန့်တွင် စိတ်ကုဋေတစ်သိန်း ရုပ်ကုဋေ (၅၈၈၀)ကျော် စသည်တို့ ဖြစ်ပျက်နေခြင်းဖြင့် ခဏများတွင် အငယ်ဆုံးဖြစ်ကြောင်းကို သိရ၏။

စိတ်တစ်လုံးတစ်လုံး၏ အသက်ကို မြတ်စွာဘုရားသည် "ဌီ"ခဏကို တည်နေဆဲ သဘောတွင် ပြောမဖြစ်အောင် မြန်လွန်း၍ ထည့်သွင်း၍ မဟောသော်လည်း ဖြစ်ပြီးပျက်သည် ဆိုသော နှစ်ခုအကြားရှိသည့်အတွက် "ဌီ"ကာလရှိကြောင်း အကျုံးဝင်ပြီးဖြစ်သဖြင့် "မိဂပဒဝလဉ္စ နနည်း" မြန်မာလို "သမင်ခြေရာမြင်နည်း" ဟောတော်မူ၍ ဗုဒ္ဓမတညူ အဋ္ဌကထာဆရာကြီးမှ "ဌီ"ကာလထည့်သွင်း၍ ဖြစ်သည်နှင့် ပျက်သည် လက္ခဏာနှင့်ပိုင်းခြား၍ ကြားကာလရှိကြောင်း ပြကြကုန်၏။

http://www.dhammadownload.com



ထို့ကြောင့် ဥပါဒ်၊ "ဌီ"၊ ဘင်အားဖြင့် ခဏငယ်(၃)ချက် နာမ်အသက်ကလေးများသည် မျက်စိတစ်မှိတ် ကုဋေတစ်သိန်းဖြစ်လည်းဖြစ်၊ ပျက်လည်းပျက်၏။ အတီတဘဝင်၏ "ဥပါဒ်"ခဏက စ၍ ဒုတိယတဒါရုံ၏ "ဘင်"ခဏအထိ ခဏငယ်(၅၁)ချက်ရှိမှ ရုပ်အသက်ပြတ်၏။ နောက်နာမ် အသက်သည် ခဏငယ်သုံးချက်နှင့် ဝီထိစိတ်(၁၇)လုံးနှင့် ရေတွက်၍ (၅၁)ချက်ဟု ပြသော်လည်း ဥပါဒ်၊ ဌီ၊ ဘင် ခဏငယ်သုံးချက်ပင် ရ၏။ ရုပ်မှာ အတီတဘဝင် "ဌီ"ခဏနှင့် ဒုတိယတဒါရုံ "ဌီ"ခဏအထိ ခဏငယ်(၄၉)ချက်သည် ရုပ်၏ "ဌီ"ကာလဖြစ်၏။ ရုပ်နှင့်နာမ်သည် ဥပါဒ်ခဏမှာ ပြိုင်ဖြစ်၍ "ဘင်"မှာလည်း ပြိုင်ပျက်၏။ ဖြစ်ခြင်း၊ ပျက်ခြင်းတူသော်လည်း "ဌီကာလ"မှာ ရုပ်အသက်က များသည်။

တရားရှုရာတွင် ပစ္စုပ္ပန်ကာလကို နားလည်စေရန် စိတ်အစဉ်နှင့်ပြမှသာ တစ်စက္ကန့်တွင် နာမ်လုံးရေ ကုဋေတစ်သိန်းဖြစ်ပျက်၍ ရုပ်သက်ရေ ကုဋေ(၅၈၈၀)ကျော် ဖြစ်ပျက်သည်ဟု ခြုံငုံ ၍ သိစေနိုင်၏။ ပြခဲ့ပြီးသည့်အတိုင်း ဇော(၇)လုံးကို သုံးပိုင်းခွဲရာတွင် အလယ်ဇော(၅)ချက်သည် အမြဲမပြတ်ကပ်ပြီး လိုက်နေ၍ ဒွါရခြောက်ပါးနှင့် အာရုံခြောက်ပါးတို့ တိုက်သည့်အခါတိုင်း ဝိညာဏ ဓာတ်ခြောက်ရပ်ပေါ်သည့်အခါ တစ်စက္ကန့်တွင် မပျောက်ကောင်း၊ မပျက်ကောင်းသော ကုသိုလ် အလယ်ဇောများသည် ရေတွက်မဆုံးအောင် များပြားသော ကြွေးအေးနှင့် မျိုးတင်ရှိရာ အဟောင်းပေး အသစ်ယူ ဖြစ်နေခြင်းသည် သံသရာအစကစ၍ နိဗ္ဗာန်မရောက်မချင်း ဆပ်နေကြရလို့ မကုန်လျှင် သံသရာက ကျွတ်စရာ အကြောင်းမရှိ။ ထို့ကြောင့် ၎င်းကြွေးများကြေအောင် ပေးဆပ်ရန် နည်းလမ်းရှာ လျှင် ရနိုင်မည်ဖြစ်၏။

သံသရာမှ ပါလာသမျှ ကြွေးပူကြွေးအေး နှစ်မျိုးတို့တွင် ကြွေးပူနှင့်တမူတူသော အပါယ် လေးပါးခံရမည့် ကြွေးကို ယူစဉ်နှင့် ယူဆဲတို့မှာ ငါအနေ၊ ပုဂ္ဂိုလ်အနေနှင့် ယူခဲ့ခြင်း ထင်ရှားသဖြင့် ငါခံရမည်။ ငါဆပ်ရမည်ဟု အန္ဓပုထုဇဉ်အနေနှင့်ဆက်၍ ကြိုးစားပြီး ကလျာဏပုထုဇဉ်အနေဖြင့် ငါဆိုသော သက္ကာယဒိဋ္ဌိ ကွာရှင်းပြီးဖြစ်သောကြောင့် ငါမရှိသည့်အတွက် သံသရာ အစမှ အမှားများကို မြင်ခြင်းအားဖြင့် ငါရှာမတွေ့တော့ဘဲ ရုပ်နာမ်ခန္ဓာသာလျှင် ရှိနေခြင်းကို သံသရာ အစအထိ မြင်သဖြင့် မည်သည့်ငါဟူ၍ မရှိသဖြင့် ဆပ်စရာမလိုတော့ချေ။ ကြွေးတောင်းစရာမရှိ၍ ကြွေးပူတွေ ဆပ်စရာ မရှိတော့ချေ။ ထို့ကြောင့် ကလျာဏပုထုဇဉ်၊ စူဠသောတာပန် ပုဂ္ဂိုလ်များသည် သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ရသော နေ့မှစ၍ သက္ကာယဒိဋ္ဌိ ကွာရှင်းပြီးဖြစ်သဖြင့် အပါယ်လေးပါးသို့ မကျရောက်နိုင် ကြောင်းကို အောက်ပါအတိုင်း ဟောကြားထားပါသည်။

http://www.dhammadownload.com



**ပါဠိ၏** သဗ္ဗာနိ စ အပါယဂါမိနီကမ္မာနိ နာမ အတ္တဒိဋ္ဌိယာ သတိယာ ဧဝ ဝိဘဇန္တိ၊ အသတိယာ န ဝိဘဇန္တိ။

**အနက်။** သဗ္ဗာနိ စ အပါယဂါမိနီကမ္မာနိ နာမ - အလုံးစုံသော အပါယ်သို့ လားစေတတ် ကျစေတတ်သော ကံတို့မည်သည်ကား။ အတ္တဒိဋ္ဌိယာ - အတ္တဒိဋ္ဌိအယူသည်။ သတိယာ ဧဝ - ရှိလတ်သော်သာလျှင်။ အပါယံ - အပါယ်သို့။ ဝိဘဇန္တိ - လားရကုန်၏။ အသတိယာ ဧဝ - မရှိခဲ့သော်လျှင်။ အပါယံ - အပါယ်သို့။ နဝိဘဇန္တိ - မည်သည့်အခါမှ မလားနိုင်။

ဝီထိစဉ်ကို နားလည်သဖြင့် "ဥစ္ဆေဒဒိဋ္ဌိ" နှင့် "သဿတဒိဋ္ဌိ" ပြုတ်ပုံကို အောက်ပါအတိုင်း ပြဆိုထားပါသည်။

**ပါဠိ။** နာမရူပါနံ ဥပ္ပါဒဒဿနေန ဥစ္ဆေဒဒိဋ္ဌိယာ ပဟာနံ ဟောတိ။

**အနက်။** နာမရူပါနံ - နာမ်ရုပ်နှစ်ပါးတို့၏။ ဥပ္ပါဒဒဿနေန - ဖြစ်ခြင်းကို မြင်ခြင်းကြောင့်။ ဥစ္ဆေဒဒိဋ္ဌိယာ - ဘဝပြတ်သည်ဟု ယူခြင်းကို။ ပဟာနံ - ပယ်ခြင်းသည်။ ဟောဟိ - ဖြစ်၏။

**ပါဠိ။** နာမရူပါနံ ဘင်္ဂဿ ဒဿနေန သဿတဒိဋ္ဌိယာ ပဟာနံ ဟောတိ။

**အနက်။** နာမရူပါနံ - နာမ်ရုပ်နှစ်ပါးတို့၏။ ဘင်္ဂဿ - ပျက်ခြင်းကို။ ဒဿနေန - မြင်ခြင်းကြောင့်။ သဿတဒိဋ္ဌိယာ - ဘဝမြဲသည်ဟု ယူဆနေသော သဿတဒိဋ္ဌိအယူကြီးကို။ ပဟာနံ - ပယ်ခြင်းသည်။ ဟောတိ - ဖြစ်၏။

မဂ်ဉာဏ်ကို ရစေတတ်သော ဉာဏ်ကို နှောင့်နှေး ပျက်စီးတတ်သော ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ အတ္တကိလမထာနုယောဂ၊ ကာမသုခလ္လိကာနုယောဂ တရားလေးမျိုး နားလည်ထား ပြီး ၎င်းလေးမျိုးမှ လွတ်မှသာ မဂ်ဉာဏ်ကိုရစေ၏။ ထို့ကြောင့် ဝီထိစဉ်ကို ပြုတ်သားအောင် လေ့လာသင်ယူ မှတ်သားအပ်ပေသည်။

**ဝီထိစဉ်ပိုင်း ပြီး၏**

● ● ● ● ● ● ● ● ● ● ●

http://www.dhammadownload.com



## လက္ခဏာရေးသုံးပါး

**ပါဠိ။** ယာနတ္တယမုခေန သဗ္ဗဒုက္ခေဟိ နိယျာနိကဓမ္မဒေသနာ။

**အနက်။** ယာနတ္တယမုခေန - ယာဉ်သုံးပါး အမျူးထားသဖြင့်။ သဗ္ဗဒုက္ခေဟိ - ခပ်သိမ်းကုန်သော ဝဋ်ဆင်းရဲအပေါင်းတို့မှ။ နိယျာနိကဓမ္မ ဒေသနာ - လွှန်မြောက်ကြောင်းဖြစ်သော တရားဒေသနာ မြတ်ဖြစ်၏။

"ယာတိ ဂစ္ဆတိ အနေနာတိ ယာနံ"ဟူသော ဝိဂ္ဂဟနှင့်အညီ လိုရာအရပ်သို့ လှည်း၊ လှေ၊ ရထား စသည်တို့ဖြင့် သွားရ၏။ ထို့ကြောင့် ၎င်းတို့ကို "ယာဉ်"ဟူ၍ ခေါ်သည်။ ထို့အတူ သံသရာမှ နိဗ္ဗာန်သို့ ကူးကြရာတွင် ပို့ဆောင်တတ်သောသဘောသည် "ယာန=ယာဉ်"မည်၏။ ၎င်းယာဉ်သုံးပါးမှာ -

၁။ အနိစ္စ - မမြဲခြင်းသဘော။
၂။ ဒုက္ခ - ဆင်းရဲခြင်းသဘော။
၃။ အနတ္တ - ငါမဟုတ် ကိုယ်မဟုတ်သော သဘောဟူ၍ ယာဉ်သုံးမျိုးရှိ၏။ ၎င်းသုံးမျိုးဖြင့် ကူးမှသာ နိဗ္ဗာန်ရောက်ရာ၏။

## ယာဉ်သုံးပါးတို့၏အဓိပ္ပါယ်

| | | | | |
|---|---|---|---|---|
| အနိစ္စ | - | အနိစ္စန္တိ ခန္ဓပဉ္စကံ | = | အနိစ္စကားခန္ဓာငါးပါး ခေါ်၏။ |
| ဒုက္ခ | - | ယဒနိစ္စံ တံ ဒုက္ခန္တိဝစနတော | = | ဒုက္ခကား ခန္ဓာငါးပါးကိုပင်ခေါ်၏။ |
| အနတ္တ | - | ယံ ဒုက္ခံ တဒနတ္တာတိ ဝစနတော | = | အနတ္တကား ခန္ဓာငါးပါးကိုပင်ခေါ်၏။ |

ဤကား အနိစ္စ၏ တရားကိုယ်တရားသား၊ ဒုက္ခ၏ တရားကိုယ် တရားသား၊ အနတ္တ၏ တရားကိုယ် တရားသားများ ကောက်ယူပုံဖြစ်၏။

"လက္ခဏာရေး"ဟု ခေါ်ဆိုခြင်း၏ အဓိပ္ပါယ်မှာ "လက္ခဏာ"သည် ပါဠိလိုဖြစ်၏။ "ရေး"သည် မြန်မာလိုဖြစ်၏။ ပါဠိလို "လက္ခဏာ"နှင့် မြန်မာလို "ရေး"ဟူသော စာလုံးနှစ်လုံးကို တွဲခေါ်ထားခြင်း ဖြစ်၏။ ပါဠိလို 'လက္ခဏာ'ဆိုသည်ကို မြန်မာပြန်ရေးလျှင် 'မှတ်ကြောင်း'ကိုခေါ်သည်။ လက်ဖဝါးတွင် ရှိသော အမှတ်အသား (မှတ်ကြောင်း)ကိုကြည့်၍ လက္ခဏာဆရာများ ဟောကြ၏။ လက်တွင်ပေါ်

http://www.dhammadownload.com



သော အမှတ်အသားကိုသာ "လက္ခဏာ"ဟု ခေါ်သည်မဟုတ်ပါ။ ခြေဖဝါးတွင်ပေါ်သော အမှတ်အသား (မှတ်ကြောင်း)များကိုလည်း "လက္ခဏာ"ဟုပင်ခေါ်၏။ ထို့ကြောင့် မြတ်စွာဘုရား၏ ခြေရာတော်တွင်ပေါ်သော အမှတ်အသားများကို မာဃဏ္ဍီပုဏ္ဏား လင်မယားက "စက်လက္ခဏာ"ဟုဟော၏။ "ရေး"ဆိုသောစာမှာ အရေးအကြောင်းကိုခေါ်၏။ ထို့ကြောင့် လက္ခဏာရေးဆိုသည်မှာ အမှတ်အသား အရေးအကြောင်းကလေးများကို ခေါ်ဆို၏။

ထို့ကြောင့် အနိစ္စ-အမြဲမရှိ။ ဒုက္ခ-ဆင်းရဲခြင်း။ အနတ္တ-ကိုယ်မဟုတ်။ ဤတရားသုံးပါးကို ပွားများရမည်ဖြစ်ရာ ၎င်းတရားသုံးပါးကို "လက္ခဏာရေးသုံးပါး"ဟု ခေါ်၏။

**အနိစ္စလက္ခဏာကား** - ဥပ္ပါဒဝယဉာတတ္တဘာဝါ အနိစ္စလက္ခဏံ၊ ဟုတွာ အဘာဝတော အဘာဝသင်္ခါတော အာကာရော ဝါ =

**အနိစ္စလက္ခဏာကား** -အနိစ္စမမြဲခြင်းသဘော (အများသိ) ဆိုရာ၌ သတ္တဝါအားလုံးသည် အကြမ်းစားအားဖြင့်သာ မမြဲသောသဘောကို သိကြ၏။ မြင်ကြ၏။ သက်ရှိသက်မဲ့ ဟူသမျှသည် တစ်နေ့နေ့တွင် ပျက်စီးရ၏။ သေရ၏ဟု သိကြရ၏။ ဤသို့ သိရခြင်း သည် အကြမ်းစားအနိစ္စကို သိခြင်းဖြစ်၏။ ထိုမျှသိရုံနှင့် မဂ်ဖိုလ်သို့ မရောက်နိုင်ကြချေ။ ၎င်းအသိ ကို "သမ္မုတိအနိစ္စအသိ"ဟုခေါ်၏။ အသေးစား အနုစား ပရမတ်အနိစ္စများကို သိမှသာ နိဗ္ဗာန် ရောက်ကြောင်း ဖြစ်သည်။

**ဒုက္ခလက္ခဏာကား** - အဘိဏှသမ္ပဋိပီဠနာကာရော ဒုက္ခလက္ခဏံ = နှိပ်စက်တတ်သော အခြင်းအရာသည် အမြဲမပြတ် ကပ်၍ နှိပ်စက်တတ်သော ဒုက္ခလက္ခဏာဖြစ်၏။

**အနတ္တလက္ခဏာကား** - အဝသဝတ္တနာကာရော အနတ္တလက္ခဏံ = မိမိအလိုသို့ မလိုက်တတ်သောအခြင်းအရာသည် အနတ္တလက္ခဏာ ဖြစ်၏။

## မရဏာသုံးမျိုး

မမြဲခြင်း ပျက်စီးခြင်းဟူသော အနိစ္စသဘော၌ ပျက်စီးခြင်း မရဏာသုံးမျိုးရှိသည်။

၁။ သမ္မုတိမရဏာ - တစ်သက်တစ်ခါ သေခြင်း၊ ပျက်ခြင်း။
၂။ ခဏိကမရဏာ - ဖြစ်, တည်, ပျက် ဟူသော ခဏဖြင့် သေခြင်း။
၃။ သမုစ္ဆေဒမရဏာ - ဘုရား ရဟန္တာများ ပရိနိဗ္ဗာန်စံခြင်းတို့ ဖြစ်ကြသည်။

http://www.dhammadownload.com



ထိုသုံးမျိုးအနက် ခဏိကမရဏ ဟူသော ပရမတ္ထအနိစ္စသာလျှင် အသေးစားအနိစ္စ၊ အနုစား အနိစ္စဖြစ်၍ ၎င်းသည်သာ နိဗ္ဗာန်ရောက်ကြောင်း အနိစ္စဖြစ်သည်။ သမ္မုတိမရဏ၊ သမ္မုတိအနိစ္စကား အကြမ်းစား အကြီးစား အနိစ္စဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်၍ မရောက်နိုင်။ ယင်းအနိစ္စသဘော တရားများနှင့်ပတ်သက်၍ ရှေးပညာရှိတို့က အောက်ပါအတိုင်း နိဗ္ဗိန္ဒကဗျာတစ်ပုဒ်ကို စပ်ဆိုထား ပါသည်။

## နိဗ္ဗိန္ဒကဗျာ

- အနိစ္စ အနိစ္စရယ်နှင့်၊ ဘိဇ္ဇနကိုဖြင့် တစ်ဆိတ်ကမ မမြင်လို။
ဒုက္ခ ဒုက္ခရယ်နှင့် နှုတ်ကဆိုလို့ငြီးပြီးတော့ လူစည်းစိမ်ရတနာ ရွှေငွေနှင့် သာစရာတွေ ဒါတွေတွေးတော့ အေးတော့မလို။
အနတ္တ အနတ္တရယ်နှင့်၊ ပါးစပ်ကသာဆို ငါ့ကိုယ်နှင့်ပါကလား။
ထင်ချက်ကယ်ကွာ ယာဉ်စက်စုံဒေသနာနှင့် သေအချာ ချွတာသုံးပါလို့ ဝဋ်နှောင်ကို လွတ်အောင်ရုန်းနိုင်ပါ့မလား (ကရှိရေ)မြှုံးမိတဲ့ငါး"

ဟူသော နိဗ္ဗိန္ဒကဗျာကဲ့သို့ မြှုံးမိတဲ့ငါး များကဲ့သို့ သံသရာမှ မလွတ်နိုင်၊ မကျွတ်နိုင်ဖြစ် ကြလေတော့၏။

အနိစ္စက အမြဲမရှိသည်မှာ ဘာအမြဲမရှိသည်ဆိုတာသိရန် လို၏။ ငါမမြဲ, သူမမြဲ, အိမ်, ကျောင်း, ဇရပ်မမြဲသိနေခြင်းသည် သမ္မုတိအနိစ္စဖြစ်၏။ သူသေသည်ကို သိနေခြင်းသည် ပညတ် သိဖြစ်၏။ သမ္မုတိအနိစ္စကို ပါပလူမျိုးများလည်း သိကြ၏။ ထို့ကြောင့် အထည်တစ်ခုပြုလုပ်လျှင် ကိရိယာအပို ထား၏။ အဘယ်ကြောင့်ဆိုသော် ဤပြုလုပ်သောအထည်သည် မမြဲ ပျက်စီးမည်ကို သိနေ၏။ ထိုကဲ့ သို့ သိရုံဖြင့် နိဗ္ဗာန်မရောက်နိုင်ပါ။ သမ္မုတိမမြဲဟု တိရစ္ဆာန်ဖြစ်သော ခွေးများပင်လျှင် သိရှိ၏။ သိ၍သာ အသက်ရှင်စဉ်က တစ်ကောင်နှင့်တစ်ကောင် ကိုက်ကြ၊ ဟောင်ကြသော်လည်း သေသောခွေး ကို မည်သည့်ခွေးမှ မဟောင်၊ မကိုက်ခြင်းကိုကြည့်၍ သိနိုင်၏။ ထို့ကြောင့် သူသေ ငါသေ သေနေခြင်းကို "သမ္မုတိမရဏ"ဟုခေါ်၏။ သာသနာပ၌လည်း သမ္မုတိအနိစ္စရှိ၏။ အိုးတစ် လုံးကွဲသွားလျှင် မမြဲပါလား "အနိစ္စ"ဟု ရေရွတ်ကြ၏။

ထို့ကြောင့် သမ္မုတိအနိစ္စကိုကျော်လွန်ပြီး ပရမတ်အနိစ္စကြီးကို သာသနာအတွင်း ကြုံကြိုက် သောအခါမှာ ခဏိကမရဏတည်းဟူသော ရုပ်သေ၊ နာမ်သေ သိအောင်ကြိုးစားရမည်။ ပရမတ်

http://www.dhammadownload.com



အနိစ္စကို ကျကျနန နားလည်စေရန် ဝီထိစဉ်အတိုင်း ပြခဲ့ပြီးသော ရုပ်တရား နာမ်တရားနှစ်ပါးသည် ခဏငယ်သုံးချက်ပြည့်လျှင် ပျက်သွားသည်။ (ဘင်ခဏရောက်လျှင်) ပျက်သွား၏ မမြဲပါလား ရှုမှတ်ပါက ပရမတ်အနိစ္စကို ရှုမှတ်သည်မည်၏။ အနိစ္စ-မမြဲခြင်းသည် ခန္ဓာငါးပါး မမြဲခြင်းကို ဆိုလိုသည်။

ထို့ကြောင့် "အနိစ္စန္တိ ခန္ဓပဉ္စကံ" = အနိစ္စဟူသည်ကား ခန္ဓာငါးပါးသာ တွေ့မည်ဖြစ်၏။ ခန္ဓာငါးပါး မမြဲပုံမှာ ဝီထိစဉ်တွင် ပြထားသည့်အတိုင်း ရုပ်သည် စိတ္တက္ခဏ (၁၇)ချက်၊ နာမ်သည် ခဏငယ် သုံးချက်စေ့လျှင် ပျက်၊ နောက်ထပ် အသစ်ဖြစ်လိုက်နှင့် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့သည် မမြဲပါကလားဟု ဆင်ခြင်နေခြင်းကို "ဝိပဿနာ"ဟုခေါ်၏။

ထို့ကြောင့် "ရူပံ"အနိစ္စတော အနုပဿနဋ္ဌေန ဝိပဿနာ"ပါဠိ၌ တခြားသော အာရုံများကို စွန့်လွှတ်၍ ရူပံ၊ ရုပ်တရားသည်။ အနိစ္စတော၊ မမြဲသောအားဖြင့်။ အနုပဿနဋ္ဌေန၊ အဖန်ဖန် ရှုမြင်ဓာတ်သောကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏ဟု ဟောကြားထားပါသည်။

## အရွယ်သုံးမျိုး

အနိစ္စသဘော အကြမ်း အနု အဆင့်ဆင့် တင်ပြရန်အတွက် အရွယ်သုံးမျိုးကို အောက်ပါအတိုင်း ခွဲစိတ်ရှုပွားသင့်ပါသည်။

၁။ ပထမအရွယ် - ၃၃-နှစ်၊ ၄-လ။
၂။ ဒုတိယအရွယ် - ၃၃-နှစ်၊ ၄-လ။
၃။ တတိယအရွယ် - ၃၃-နှစ်၊ ၄-လ။
၁၀၀-နှစ်ပေါင်း(၁၀၀)ကို သုံးပိုင်းခွဲရာ၏။

ထိုအရွယ်သုံးပါးအနက် ပထမအရွယ်၌ဖြစ်သော ရုပ်နာမ်တို့သည် ဒုတိယအရွယ်သို့ မလိုက်မပါ မရောက်ကြဘဲ ပထမအရွယ်၌သာ ချုပ်, ပျက်, ပြုန်းတီး ပျက်စီးခဲ့ကြလေကုန်၏။

ထို့အတူ ဒုတိယအရွယ်၌ဖြစ်သော ရုပ်နာမ်တို့သည် တတိယအရွယ်သို့ မလိုက်မပါ မရောက်ကြဘဲ ဒုတိယအရွယ်၌ပင် ချုပ်, ပျက်, ပြုန်းတီး ပျက်စီးခဲ့ကြလေကုန်၏။

ထိုနည်းမခြား တတိယအရွယ်၌ဖြစ်သော ရှိသော ရုပ်, နာမ်တို့သည်လည်း နောက်ဘဝသို့ မလိုက်မပါ မရောက်ရှိကြဘဲ တတိယအရွယ်၌ပင် ချုပ်, ပျက်, ပြုန်းတီး ပျက်စီးခဲ့ကြလေကုန်၏။

http://www.dhammadownload.com



# အရွယ်(၁၀)ပါး ဒသကနည်း

တစ်ဖန် ထို့ထက် အနုစိတ်အားဖြင့် အရွယ်ကို (၁၀)ပိုင်းပိုင်း၍ အနိစ္စသဘောပေါက်အောင် ရှုမြင်ကြရာ၏။

| | | | |
|---|---|---|---|
| ၁။ | မန္ဒဒသက | - အလွန်နုနယ်သေးသော ပထမ(၁၀)နှစ် | နှစ် ၁၀၊ |
| ၂။ | ခိဍ္ဍာဒသက | - ကစားရွှင်မြူးတတ်သော ဒုတိယ(၁၀)နှစ် | နှစ် ၂၀၊ |
| ၃။ | ဝဏ္ဏဒသက | - အဆင်းလှပသော တတိယ(၁၀)နှစ် | နှစ် ၃၀၊ |
| ၄။ | ဗလဒသက | - အားခွန်ပြည့်ဖြိုးသော စတုတ္ထ(၁၀)နှစ် | နှစ် ၄၀၊ |
| ၅။ | ပညာဒသက | - ဉာဏ်ပညာပြည့်ဝသော ပဉ္စမ (၁၀)နှစ် | နှစ် ၅၀၊ |
| ၆။ | ဟာနိဒသက | - သွေးပိုင်းကျော်၍ လေပိုင်းဆုတ်သော ဆဋ္ဌမ (၁၀)နှစ် | နှစ် ၆၀၊ |
| ၇။ | ပဗ္ဘာရဒသက | - အသားဆုတ်၍ ရှေ့သို့ ကိုင်းညွှတ်လာသော သတ္တမ(၁၀)နှစ် | နှစ် ၇၀၊ |
| ၈။ | ဝင်္ကဒသက | - ထွန်ကိုင်းကဲ့သို့ခါးကုန်းသော အဋ္ဌမ (၁၀)နှစ် | နှစ် ၈၀၊ |
| ၉။ | မောမူဟဒသက | - သတိကင်းကာ မေ့လျော့သော နဝမ (၁၀)နှစ် | နှစ်-၉၀၊ |
| ၁၀။ | သယနဒသက | - အိပ်ယာမှ မထနိုင်သော ဒသမအရွယ် (၁၀)နှစ် | နှစ်-၁၀၀၊ |

ပေါင်း အသက်(၁၀၀)ကို (၁၀)ပိုင်းပိုင်း၍ အထက်က နည်းအတိုင်း ပထမ(၁၀)နှစ်၌ဖြစ် သော ရုပ်နာမ်တို့သည် ဒုတိယအရွယ်သို့ မလိုက်မပါ မရောက်ရှိကြဘဲ ပထမအရွယ်သာ ချုပ်ပျောက် ပျက်စီး ပြုန်းတီးကြလေကုန်၏။ အနိစ္စမှန်တော့၏ စသည်ဖြင့် ဒသကအသက် ရာပိုင်း အထိ ဆက်ခါဆက်ခါ အနုစိတ် ဆင်ခြင်ရှုပွားကြရာ၏။

နှစ်၊ ဥတု၊ လ၊ ပက္ခစသည်ဖြင့် ရှုမှတ်ခြင်း၊ ထို့ပြင် တစ်နှစ်တွင်ရှိသော ဟေမန္တ-ဆောင်းဥတု၊ ဂိမှန္တ-နွေဥတု၊ ဝဿန္တ-မိုးဥတုရှိရာ တစ်ဥတု လေးလစီ၊ (၁၂)လဖြစ်၏။ ထိုဥတုသုံးပါးဖြင့်လည်း အထက်ကနည်းအတိုင်း တစ်ဥတုမှ ရုပ်, နာမ်များ၊ နောက်တစ်ဥတုသို့ မလိုက်ပါဘဲ ၎င်းဥတု၌ပင် ချုပ်, ပျောက်, ပြုန်းတီး, ပျက်စီးကုန်ခြင်းဖြင့် အနိစ္စမှန်ပေ၏။ တစ်လမှ ရုပ်နာမ်သည်လည်း နောက်တစ်လသို့မရောက်ဘဲ သူ့လ၌ပင် ချုပ်ပျောက်ပြုန်းတီး ပျက်စီးကြခြင်းဖြင့် အနိစ္စ မှန်တော့၏။

တစ်လတွင် ဇုဏှပက္ခလဆန်း၊ ကဏှပက္ခ - လဆုတ်တို့၌လည်း အထက်ပါအတိုင်း အနိစ္စသဘောကို ရှုမြင်ပွားများရာ၏။ တစ်ဖန် တစ်ပက္ခတွင်လည်း (၁၅)ရက်၊ (၁၄)ရက်အားဖြင့် အထက်ပါအတိုင်း ဆင်ခြင်ရာ၏။ တစ်ဖန် တရက်တွင်လည်း နေ့နာရီ၊ ညဥ့်နာရီ၊ မိနစ်၊ စက္ကန့် အဆင့်ဆင့် အနုစိတ် အနိစ္စအားဖြင့် ရှုဆင်ခြင်ရာ၏။

http://www.dhammadownload.com



တစ်ဖန် တစ်စက္ကန့်တွင်လည်း အစိတ်ဆုံးအားဖြင့် ရုပ်နာမ်ပေါင်းများစွာ ဖြစ်ကြ၊ ပျက်စီးနေကြကုန်၏။ တစ်စက္ကန့်၌ဖြစ်သော ရုပ်နာမ်သည် နောက်တစ်စက္ကန့်သို့မရောက်၊ ရှေ့စက္ကန့်၌ပင် ပျက်စီးကုန်၏။ အနိစ္စသဘောအစစ်ပေတည်းဟု ဆင်ခြင်ရာ၏။

ထိုစက္ကန့်တွင်လည်း ကုဋေတစ်သိန်းမက ချုပ်, ပျောက်, ပျက်စီး, ပြုန်းတီးကြကုန်၏။ အနိစ္စအနုဆုံး အစိတ်ဆုံးဖြစ်လေတော့၏။ ထိုအနုဆုံး အစိတ်ဆုံး အနိစ္စသာလျှင် ပရမတ္ထအစစ်ဖြစ်၍ နိဗ္ဗာန်သို့ရောက်ကြောင်း အနိစ္စဆိုက်အောင် အဆင့်ဆင့် သုံးသပ်ဆင်ခြင်ရာ၏။

အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာယာဉ်သုံးပါးလုံးကိုသော်လည်းကောင်း၊ တစ်ပါးပါးကိုသော်လည်းကောင်း ထင်မြင်ပါက သဘောပေါက်ခါ နိဗ္ဗာန်သို့ကူးနိုင်၏။ မမြင်မပေါက်ပါက မကူးမမြောက်နိုင်၊ မြင်ရန်လည်း ခဲယဉ်းပါ၏။ အဘယ်ကြောင့်ဆိုသော်-

အနိစ္စကို သန္တတိ ဖုံး၍ နိစ္စထင်နေ၏။
ဒုက္ခကို ဣရိယာပထဖုံး၍ သုခထင်၏။
အနတ္တကို ဃန ဖုံး၍ အတ္တထင်နေ၏။

ထိုသို့ဖုံးကွယ်နေသောကြောင့် အမှန်ကို မမြင်နိုင်ပဲ ဖြစ်နေကြရ၏။

အနိစ္စ - မမြဲသော သဘောကို သန္တတိ ဖြစ်ခြင်းအစဉ်က ဖုံးသောကြောင့် ၎င်းသန္တတိ ဟူသော ဖြစ်ခြင်းအစဉ်ကို ပယ်ခွာရ၏။ သို့မှသာ အနိစ္စအစစ်ကို မြင်နိုင်၏။ သန္တတိဟူသော ဖြစ်ခြင်းအစဉ်သည် အလာတစက္က ဝိယ - မီးစက်ဝိုင်းကဲ့သို့ ဥပမာတူ၏။ မီးတောက်မီးစတစ်ခုကို အဖျား၌ ကြိုးချည်လျက် လျင်စွာ ဝှေ့ရမ်းလျှင် အဝေးမှ ရှုသူသည် မီးကွင်းမီးဝိုင်းအဖြစ်ဖြင့် မြင်၏။ အစစ်အမှန်ကား မီးကွင်းမီးဝိုင်း ဆက်နေသည်မဟုတ်၊ လက်သုံးသစ်ခန့် မီးစတစ်ခုသည် လှည့်ပတ်ခြင်းအရှိန်မြန်လှသဖြင့် တစ်ခုနှင့် တစ်ခု ဆက်စပ်ပြီး မီးကွင်းမီးဝိုင်းကဲ့သို့ ထင်ရခြင်းဖြစ်သည်။ အဖြစ်သဘော မြန်သဖြင့် အထင်အမြင် မှားကြရသည်။ ၎င်းအပြင် နဒီသောတော ဝိယ - မြစ်ရေအလျဉ်နှင့်တူပြန်သည်။ မြစ်ကမ်းမှနေ၍ မြစ်ရေကို ကြည့်ပါမူ ကြည့်ဆဲ ရေမရှိဘဲ အောက်သို့တစ်ဟုန်ထိုး စီးဆင်းနေကြောင်း၊ အထက်မှလည်း အလျင်မပြတ် တစ်ဆက်တည်း အစဉ်မပြတ် လာနေကြောင်းများကိုသာ အမှန်အတိုင်း မြင်ရပေမည်။ မျောပါလာသော အမှိုက်သရိုက်များ၊ ဒိုက်များကိုကြည့်က ရိပ်ခနဲ ဝှေ့ခနဲ ပို၍ ထင်ရှားစွာ တွေ့ရမည် ဖြစ်သည်။

http://www.dhammadownload.com



| | | | |
|---|---|---|---|
| သန္တိ | သန္တိ | အဆစ် | အဆစ် |
| ပဗ္ဗ | ပဗ္ဗ | အပြတ် | အပြတ် |
| သြဓိ | သြဓိ | အစပ် | အစပ် |

ဖြစ်ပျက်နေကြ၏။ အဖြစ်တည်းဟူသော သန္တတိသဘောက ဆက်ကာဆက်ကာ အဖြစ်မြန်၏။ အပိုင်းအပိုင်း အပြတ်အပြတ်ကို မမြင်ခြင်းဖြစ်သည်။ အုန်းဆံကြိုးနှင့်လည်းတူသည်။ အုန်းဆံမျှင်များ တစ်ထွာလေးသစ်မျှသာ ရှည်ကြ၏။ ၎င်းအမျှင်များကို စုပေါင်း၍ ဆက်ကာ လွန်းတင်ပြီး ကြိုးကျစ်လိုက် သောအခါတွင် အတောင်ပေါင်းများစွာ ရှည်လာ၏။

အဝေးကကြည့်မူ၊ အပေါ်ရံကြည့်မူ အဆက်အစပ်များစွာ မမြင်ရဘဲ အချောင်းကြီး၊ အတန်းကြီး၊ အရှည်ကြီးကိုသာမြင်၍ အချောင်းဟူ၍လည်းကောင်း၊ အရှည်ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲ မှတ်ထင်နေကြ၏။ စွဲမှတ်နေကြ၏။ တကယ်ဖြောင့်၍ ဖွ၍၊ ခွာထွက်၍ ကပ်ကြည့်ပါမူကား တစ်ထွာလေးသစ်မျှရှည်သော မြင်းမြီးမျှင်ငင်သော အလုံးရှိသော အမျှင်မျှသာ အစစ်အမှန် တွေ့မြင်ရမည်ဖြစ်၏။

ထို့အတူ ရုပ်နာမ်ခန္ဓာများတွင်လည်း အစိုင်အခဲရှိ တစ်ဆက်တည်း တစ်စပ်တည်း စဉ်းငယ်မျှမရှိ ဖြစ်ခြင်း၊ တည်ခြင်း၊ ပျက်ခြင်း၊ ဥပါဒ်၊ ဌီ၊ ဘင် တည်းဟူသော ခဏငယ်များသာ ရှိကြကုန်၏။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အကြိမ်ပေါင်း ကုဋေတစ်သိန်းမက ဖြစ်ပျက်နေ၏။ ၎င်း ဖြစ်, တည်, ပျက်ဟူသော ဥပါဒ်, ဌီ, ဘင်များက အပျက်မြန် အတိုင်းမရှိ လျင်မြန်ကြသောကြောင့် သန္တတိအစဉ်ကြီး အတန်းကြီး အကောင်ကြီးများကိုသာ မြင်ကြ စွဲမှတ်ကြလေသည်။

အပျက်မမြင်၍ တစ်ဆက်တည်းထင်နေကြသည်။ ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်နှင့် အပျက်တို့ကို ဆင်ခြင်၍ သန္တတိအစဉ်ကို ဖျက်ကြည့်မှသာ အနိစ္စအစစ်ကို မြင်နိုင်၏။

အနိစ္စ-မမြဲခြင်းကို ဖြစ်ခြင်းအစဉ် - သန္တတိက ဖုံးထားသောကြောင့် မမြင်နိုင်၊ ၎င်းဖုံးခြင်းဟူသော အစဉ်ကို ဓာတ်မီးပွင့်မှ ထွက်သော မီးအလျှံနှင့် ယှဉ်တွဲကြည့်ရာ၏။ ဓာတ်မီးအင်ဂျင်စက်မှ တစ်ပတ်လည်မှ မီးအလင်းတစ်ချက်သာပွင့်ရာ တစ်စက္ကန့်အတွင်း အပတ်ပေါင်း မြောက်မြားစွာ အဆက်မပြတ် လည်ပတ်နေသဖြင့် မီးအလင်းချင်း ဆက်စပ်ကာ မီးသည် တစ်ဆက်တည်း တစ်စပ်တည်း ပွင့်နေသည်ဟု ထင်ရလေသည်။

http://www.dhammadownload.com



ထို့ပြင် ရုပ်ရှင် အရုပ်ဖြစ်ပုံများနှင့် နှိုင်းယှဉ် ရှုပွားနိုင်သေးသည်။ ရုပ်ရှင်ထဲ၌ အရိပ်လှုပ်ရှားမှုသည် လက်တစ်ခါ မြှောက်ခြင်းကိစ္စ၌ အနည်းငယ်စီ အနည်းငယ်စီ လက်တရွေ့ရွေ့ လှုပ်ရှားသော အရုပ်ပေါင်း၊ အရိပ်ပေါင်း (၅၀)ကျော်ခန့်ရှိမှ တစ်ကြိမ်သော လက်မြှောက်ခြင်းကိစ္စပြီးသည်။ ၎င်းမှာလည်း အရုပ်ကားပေါင်း (၅၀)ကျော် အဖြစ်က အလွန်လျင်မြန်လှသဖြင့် အစဉ်အတန်းဖြစ်၍ တစ်ဆက်တည်း ပေါ်လာတော့၏။ ဤသို့ဖြစ်ရခြင်းမှာ သန္တတိသဘောပင်ဖြစ်၏။ ထို့ကြောင့် အနိစ္စမမြဲခြင်းသဘောကား အစစ်ဧကန်၊ သက်မဲ့ ရုပ်ဝတ္ထုပစ္စည်းများအပေါ်၌ အနိစ္စမတင် မရှုရ၊ ခန္ဓာငါးပါးအပေါ်၌သာ ရှုပါလေ၊ အဘယ်ကြောင့်ဆိုသော် သက်မဲ့ရုပ်တို့သည် ရုပ်ဖြစ်သော်လည်း ခန္ဓာမဖွဲ့သောကြောင့်လည်းကောင်း၊ စတုသမုဋ္ဌာနိကရုပ် မဟုတ်သောကြောင့်လည်းကောင်း မရှုအပ်ချေ။

**ပါဠိ။** ဣမေ မေ ပဥ္စက္ခန္ဓာ ခယဋ္ဌေန ဝယဋ္ဌေန အနိစ္စာ။

**အနက်။** မေ၊ ငါ၏။ ဣမေ ပဥ္စက္ခန္ဓာ၊ ဤရုပ်နာမ်တရား ခန္ဓာငါးပါးတို့သည်။ ခယဋ္ဌေန၊ ကုန်ခန်းခြင်းအနက်သဘောကြောင့်လည်းကောင်း၊ ဝယဋ္ဌေန၊ ပျက်စီးခြင်းအနက်သဘောကြောင့်လည်း ကောင်း။ **အနိစ္စာ**၊ မမြဲခြင်း အနိစ္စမည်ကုန်၏။

အနိစ္စတွင် လက္ခဏာနှစ်ချက်ထွက်သည်ကို ထင်မြင်အောင် ရှု၊ ငါ၏ ခန္ဓာငါးပါးသည် ကုန်ခန်းခြင်း ဖြစ်၏။ ခန္ဓာငါးပါးတို့သည် ပျက်စီးခြင်းဖြစ်၏ဟူ၍ နှစ်ချက်ပါသော လက္ခဏာကို နားလည်ထားရန် လိုအပ်၏။ ၎င်းပြင် ကာလဖြစ်သော အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဤသုံးမျိုးတို့တွင် အတိတ်များ လွန်ခဲ့ပြီးဖြစ်၍ မရှုရ၊ အနာဂတ်မှာလည်း မဖြစ်သေး၊ မရောက်သေး၍ မရှုရ၊ ပစ္စုပ္ပန် ယခုဖြစ်နေဆဲ ရုပ်နာမ်ပေါ်မှာသာ ရှုရာ၏။

## ပစ္စုပ္ပန်လေးမျိုး

၁။ အဒ္ဓါနပစ္စုပ္ပန်၊

၂။ သန္တတိပစ္စုပ္ပန်၊

၃။ သမယပစ္စုပ္ပန်၊

၄။ ခဏပစ္စုပ္ပန် - ဟူ၍ ပစ္စုပ္ပန်ကာလလေးမျိုးဖြစ်သည်။

http://www.dhammadownload.com



၁။ **အဒ္ဓါနပစ္စုပ္ပန်** ဆိုသည်မှာ ယခုဘဝ ပဋိသန္ဓေတည်သည်မှစ၍ စုတေသည်အထိ အသက်ကို "အဒ္ဓါနပစ္စုပ္ပန်"ဟု ခေါ်သည်။ ထိုတစ်ဘဝအတွင်း ကာလကို ပြီးခဲ့ပြီ။ မပြီးသေးဟု ကာလမခွဲဘဲ တစ်သမတ်တည်း ရှုရာ၏။

၂။ **သန္တတိပစ္စုပ္ပန်** ဆိုသည်မှာ ဖြစ်ခြင်း အစဉ်အတန်းတစ်ခု၊ ဓမ္မနိယာမ ဝီထိစိတ် အစဉ် တစ်ခုစသည့် ဖြစ်စဉ်တစ်ခုကိုလည်း "သန္တတိပစ္စုပ္ပန်"ဟုခေါ်သည်။ ယင်းကိုလည်း ကာလ အစိတ်အပိုင်း ထပ်မခွဲဘဲ ပစ္စုပ္ပန်တစ်ခုတည်းကိုသာ သဘောထား၍ ရှုရာ၏။

၃။ **သမယပစ္စုပ္ပန်** ဆိုသည်မှာ နံနက်အခါ၊ နေ့လည်အခါ၊ ညအခါ အချိန်အခါ သမယများကို သုံးပိုင်းမခွဲဘဲ ပစ္စုပ္ပန်တစ်ခုတည်း သဘောထား၍ ရှုရာ၏။

၄။ **ခဏပစ္စုပ္ပန်** ဆိုသည်မှာ ဥပါဒ်၊ ဌီ၊ ဘင် ဟူသော ခဏငယ်သုံးချက်ကို **"ခဏပစ္စုပ္ပန်"** ခေါ်သည်။ ဤတွင် သုံးပိုင်းမခွဲဘဲ ပစ္စုပ္ပန်တစ်ခုတည်း သဘောထား၍ ရှုရာ၏။

ဤပစ္စုပ္ပန်လေးမျိုးတွင် ခဏပစ္စုပ္ပန်သည်သာ မုချနည်းဖြစ်သည်။ ကျန်သုံးမျိုးကား မလျော် နည်းဖြစ်သည်။

ဘုရားမပွင့်မီက လူနတ်ပြဟ္မာအားလုံးမှာ ပျက်ကြောင်းတရားကို မသိမမြင်ကြပါ။ ဘုရားပွင့်၍ တရားဟောမှသာ ပျက်ကြောင်းတရားကိုသိပြီး အလွန်ကြောက်လန့်တုန်လှုပ်ကြသည်။

ဗကပြဟ္မာမင်းကြီးနှင့်တကွ အဖော်(၇၂)ယောက်သော ပြဟ္မာကြီးတို့သည် မိမိတို့ရူပက္ခန္ဓာ မှစ၍ ကိုယ်အသက်သေမည့် နှစ်ကာလကို တွက်မရနိုင်၍၊ ငါတို့သည် မသေသော နိဗ္ဗာန်သို့ ရောက်နေကြပါပြီဟု အထင်မှားနေကြသည်။ ဘုရားက ဟောပြမှသာ အမှန်ကို မြင်ကြလျှက် တရားထူး ကိုမြင်ကြ၍ အထူးထိတ်လန့်ကုန်၏။ ဥပရိပဏ္ဏာသအဋ္ဌကထာတွင် ဤသို့ပြတော်မူ၏။

**ပါဠိ။** ရူပံဘိက္ခဝေ အနိစ္စံ။

**အနက်**။ ဘိက္ခဝေ၊ ချစ်သားတို့။ ရူပံ၊ ရုပ်သည်။ အနိစ္စံ၊ မမြဲသော အနိစ္စဖြစ်၏။

**ပါဠိ**။ အနိစ္စလက္ခဏေ ဒိဋ္ဌေ အနတ္တလက္ခဏံ ဒိဋ္ဌံ နာမ ဟောတိ။

**အနက်**။ အနိစ္စလက္ခဏေ - အနိစ္စလက္ခဏာကို။ ဒိဋ္ဌေ - မြင်အပ်သည်ရှိသော်။ အနတ္တလက္ခဏံ- အနတ္တလက္ခဏာကို။ ဒိဋ္ဌံ နာမ - မြင်အပ်သည်မည်သည်။ ဟောတိ - ဖြစ်၏။

http://www.dhammadownload.com



အနိစ္စကို ပိုင်နိုင်သည်ရှိသော် အနတ္တကိုလည်း ပေါက်ရ၏ဟု ဆိုလိုသည်။ အနိစ္စတရားကို တစ်စက္ကန့်အတွင်း၌ နာမ်သက်ခဏငယ် ကုဋေတစ်သိန်း၊ ရုပ်သက် ကုဋေ(၅၈၈၀)ကျော် ဖြစ်ခြင်း၊ ပျက်ခြင်းထိအောင် သိထားပါ။ ဝိသုဒ္ဓိမဂ်တွင် -

**ပါဠိ။** ယဿ သဒ္ဓါ စ ဗလဝတီ အာရဒ္ဓဝိပဿကာ၊ တဿ ဂစ္ဆန္တဿ ဝါ တိဋ္ဌန္တဿ ဝါ နိသီဒန္တဿ ဝါ နိပန္နဿဝါ ဘုဉ္ဇန္တဿ ဝါ ခါဒန္တဿ ဝါ မဂ္ဂဖလပဋိလာဘော နာမ န ဟောတီတိ နတ္ထိ။

**အနက်။** ယဿ - အကြင်ပုဂ္ဂိုလ်အား။ သဒ္ဓါ - ယုံကြည်မှုသဒ္ဓါတရားသည်။ ဗလဝတီ စ - အားကောင်းသည်လည်းကောင်း။ အာရဒ္ဓဝိပဿကာ စ - အားထုတ်အပ်သော ဝိပဿနာလည်း ရှိသည်။ ဟောတိ - ဖြစ်၏။ တဿ - ထိုပုဂ္ဂိုလ်အား။ ဂစ္ဆန္တဿ ဝါ - သွားရင်းသော်လည်းကောင်း။ တိဋ္ဌန္တဿ ဝါ - ရပ်ရင်းသော်လည်းကောင်း။ နိသီဒန္တဿ ဝါ - ထိုင်ရင်းသော်လည်းကောင်း။ နိပန္နဿဝါ - လျောင်းရင်းသော်လည်းကောင်း။ ဘုဉ္ဇန္တဿ ဝါ - စားရင်းသော်လည်းကောင်း၊ ခါဒန္တဿဝါ - ခဲရင်းသော်လည်းကောင်း။ မဂ္ဂဖလပဋိလာဘော နာမ - မဂ်ဖိုလ်ကို ထိုးထွင်း၍ သိခြင်းသည်။ န ဟောတိ - မဖြစ်။ ဣတိ - ဤသို့။ နတ္ထိ - မရှိပါချေ။ ဟောတိ ဧဝ - ဖြစ်နိုင်သည်သာတည်း။

အလုပ်လုပ်ရင်း, သွားရင်း, ရပ်ရင်း, အိပ်ရင်း, စားရင်း, သောက်ရင်း, အခါမရွေး နေရာမရွေး တရားကို ရှုနိုင်၏။ မဂ်ဖိုလ်ကိုရနိုင်၏ဟု ဆိုသည်။ ဤသို့ စဉ်းစားသိမြင်သော ဝိပဿနာပုဂ္ဂိုလ်သည် မဂ်ဖိုလ်ကိုရနိုင်သည်။

အညံ့ဆုံးသော သတ္တက္ခတ္တုပရမသောတာပန်သည် ခုနစ်ဘဝသာ လူ့ပြည် နတ်ပြည်စံရ၍ ရဟန္တာဖြစ်ရလေသည်။ အကယ်၍ ခုနှစ်ဘဝပင် စေ့သော်လည်း ကျန်သော အထက် မဂ်သုံးပါးကို မတတ်နိုင်အောင် သတိမေ့လျော့စေကာမူ ခုနစ်ဘဝစေ့သော နောက်ဆုံးဘဝမှာပင် ဘုရားဟောချက်ကို မလွန်မူ၍၊ အလွန်ထက်လှစွာသော သန်လျက်ဖြင့် ထိုပုဂ္ဂိုလ်၏ လည်ကုပ်ကို ခုတ်ပိုင်းစေကာမူ ထိုခုတ်ပိုင်းဝေဒနာဖြင့် သေအံ့ဆဲဆဲ အချိန်ကလေးမှာပင် ဝိပဿနာစိတ် ပေါ်လာပြီး၊ ချက်ချင်းပင် ရဟန္တာအထိရောက်ရှိပြီးမှသာ စုတိစိတ်ကျ ပရိနိဗ္ဗာန်ပြုရမြဲဖြစ်သည်။ စပ်ကြားကာလ ဘဝတစ်လျှောက်၊ မည်မျှပင် မေ့လျော့နေစေကာမူ ခုနှစ်ဘဝထက် ပို၍မနေရပေ။

http://www.dhammadownload.com



## ခြေတစ်လှမ်း (၆)ပိုင်းခွဲ၍ ရှုပွားရန် ပြထားပုံ

ထိုသို့ တန်ဖိုးရှိသော ဝိပဿနာသမာဓိ ထူထောင်ရာတွင် ထူထောင်စ ယခုဘဝမှာပင် မဂ်ကို ရစေမည်။ အကယ်၍ မရသည်ရှိစေကာမူ အနုလောမခန္တီဉာဏ်နှင့်ကား ပြည့်စုံသူ တစ်ယောက် ဖြစ်ရပေပြီ။ ၎င်းအနုလောမခန္တီဉာဏ်ကို "စူဠသောတာပန်"ဟူ၍လည်းကောင်း၊ "သမ္မတ္တနိယာမ"ဟူ၍ လည်းကောင်း ခေါ်၏။ ၎င်းသည် အန္ဓပုထုဇဉ်အတန်းနှင့် မဟာသော တာပန်စပ်ကြားတွင်ရှိသော အတန်းဖြစ်၏။ ၎င်းအဆင့်အတန်း အမှန်ရှိကြောင်းကို တမ္ဗဒါဌိက သူသတ်ယောက်ျား၏ အကြောင်း အရာကို ထောက်ဆ၍ သိနိုင်ရာ၏။

၎င်းတမ္ဗဒါဌိက သူသတ်ယောက်ျားသည် ဗိမ္ဗိသာရမင်းကြီးထံတွင် သေဒဏ်သင့်သူများကို သတ်ဖြတ်ရသော သူသတ်ကြီးအဖြစ်နှင့် နှစ်ပေါင်း(၅၀)တိုင်တိုင် အမှုထမ်းခဲ့ပြီး အလုပ်မှ ထွက်လိုက်သည်။ တစ်နေ့တွင် မိမိအိမ်သို့ ဆွမ်းရပ်လာသော အရှင်သာရိပုတ္တရာမထေရ်အား မိမိစားမည့် ထမင်းဟင်းများကိုမစားဘဲ လှူဒါန်းလိုက်သည်။ မထေရ်က ဆွမ်းအနုမောဒနာ တရားကို ဟောကြားတော်မူရာ တရားသဘောကို မမြင်နိုင်ပါ။ အကြောင်းကတော့ ယခင် ပြုခဲ့သော အကုသိုလ်အပြစ်ကြီးများကို စိုးရိမ်ကြောင့်ကြ ပူပင်စိတ်များနေသောကြောင့်ဖြစ်၏။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်က ထိုအကြောင်းကို သိတော်မူ၍ "သင်သတ် ခဲ့သော ကိစ္စတို့တွင် သင်သတ်ချင်၍ သတ်သလော"ဟု မေး၏။ "မင်းအမိန့်ကြောင့် သတ်ရ ကြောင်း"ဟု ပြန်လျှောက်ရာတွင် သင်သတ်ချင်လို့ သတ်တာမဟုတ်ဘဲ ဥပါယ်တံမျဉ်ဆောင်၍ မိန့်တော်မူလျှက် ဆက်လက်ဟောတော်မူမှ စိတ်တွင် ရှင်းရှင်းလင်းလင်း ဝမ်းမြောက်ပြီး တရားတွင် ဉာဏ်ချက်ထောက်မိလျက် မဂ်အောက်တစ်ဆင့်ယုတ်သော အနုလောမခန္တီဉာဏ်ကို ရရှိလေသည်။ ထိုအခါတွင် အန္ဓပုထုဇဉ်ဘဝကိုကျော်လျက် မဟာသောတာပန်သို့လည်း မရောက်သေးသော ကလျာဏပုထုဇဉ် (သို့မဟုတ်) စူဠသောတာပန်၊ (သို့မဟုတ်) သမ္မတ္တနိယာမပုဂ္ဂိုလ်၊ (သို့မဟုတ်) အနုလောမခန္တီဉာဏ်ရသောပုဂ္ဂိုလ်ဟူသော အတန်းသို့ ရောက်လေ၏။ ၎င်းတို့သည် အမျိုးမျိုး ကွဲနေကြသော်လည်း စူဠသောတာပန်နှင့်အတူတူပင်ဖြစ်၏။

မြတ်စွာဘုရားသည် တရားကိုသိရန် အရေးကြီးကြောင်းကို ဝက္ကလိရဟန်းအား အောက်ပါ အတိုင်း ဟောကြားတော်မူ၏။

"ချစ်သားဝက္ကလိ၊ သင်သည် အပုတ်အတိပြီးသော ငါ၏ ခန္ဓာကိုယ်ကို ကြည့်ရှုလျက် ကြည်ညိုနေခြင်းသည် ငါဘုရားအား ဖူးမျှော်သည်မမည်၊ ငါဟောသောတရားကို မြင်မှ ငါဘုရားအား

http://www.dhammadownload.com



ဖူးမျှော်သည်မည်၏”ဟု မူလပဏ္ဏာသ အဋ္ဌကထာ၊ မူလပရိယာယဝဂ်၌ ဘုရားရှင်က ဝက္ကလိမထေရ်အား မိန့်တော်မူခဲ့ပါသည်။

**ပါဠိ။** ကိံ တေ ဝက္ကလိ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန (ယော ဓမ္မံ န ပဿတိ၊ သော မံ န ပဿာမိ) ယော ခေါ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။

**အနက်။** ဝက္ကလိ - ချစ်သားဝက္ကလိ။ တေ - သင့်အား။ ဣမိနာ ပူတိကာယေန - အပုတ်အတိပြီးသော ဤငါ၏ ခန္ဓာကိုယ်ကို။ ဒိဋ္ဌေန - ကြည့်ရှုနေခြင်းဖြင့်။ ကိံ - အဘယ်အကျိုးရှိပါအံ့နည်း။ ယော - အကြင်သူသည်။ ဓမ္မံ - ငါဘုရားဟောပြသော တရားကို။ န ပဿတိ - မမြင်။ သော - ထိုမမြင်သော သူသည်။ မံ - ငါဘုရားကို။ န ပဿတိ - မြင်သည်မဟုတ်။ ခေါ - စင်စစ်။ ယော - အကြင်သူသည်။ ဓမ္မံ - ငါဘုရားဟောကြားသော တရားကို။ ပဿတိ - မြင် ၏ ။ ခေါ - စင်စစ်။ ယော - အကြင်သူသည်။ ဓမ္မံ - ငါဘုရားဟောကြားသော တရားကို။ ပဿတိ - မြင်၏။ သော - ထိုသူသည်။ မံ - ငါဘုရားကို။ ပဿတိ - မြင်သည်မည်၏။

ထို့အတူပင် တရားသဘောကို မြင်သည်သာ ပဓာနဖြစ်၏။ မမြင်ဘဲ ရွတ်ဖတ်နေက အကျိုးမများပါချေ၊ အနိစ္စတရားကိုလည်း “ဥပါဒ်, ဋ္ဌီ, ဘင်”ဟူသော ခဏိက-ခဏငယ် အနိစ္စဆိုက်အောင် ထင်အောင်ရှုမှ အကျိုးရှိမည်၊ ပါးစပ်က “အနိစ္စ အနိစ္စ”ဟု ရွတ်၍ ဉာဏ်က မမြင်မူ အကျိုးမများဖြစ်၏။

## ခြေလှမ်းတစ်လှမ်းမှာပင် (၆)ပိုင်း ပိုင်း၍ ရှုပွားရမည် -

(၁) ပထမ - မြေပြင်မှ ခြေကြွခြင်း။
(၂) ဒုတိယ - ခြေကို ရှေ့သို့လှမ်းခြင်း။
(၃) တတိယ - နေရာရွှေ့ခြင်း။
(၄) စတုတ္ထ - မြေသို့ ခြေချခြင်း။
(၅) ပဉ္စမ - မြေ၌ နင်းခြင်း။
(၆) ဆဋ္ဌမ - နောက်လှမ်းရန် ခြေကို ကန်ခြင်း။

ထိုသို့ (၆)ပိုင်း ပိုင်းပြီးမှ ခြေလှမ်းတစ်လှမ်းအတွက် အထမြောက်လေသည်။ ဤခြေ **တစ်လှမ်း၏** အစိတ်အပိုင်းခြောက်ခု၌၊ ပထမအပိုင်းဖြစ်သော ရုပ်နာမ်သည်၊ ဒုတိယအပိုင်းသို့

http://www.dhammadownload.com



မလိုက်မပါဘဲ ပထမပိုင်း၌ပင် ချုပ်, ပျက်, ပြုန်းတီးကုန်၏။ ဒုတိယအပိုင်းစသည်တို့၌ ဤနည်းအတိုင်းပင် သူ့အပိုင်း၌သူ ချုပ်ငြိမ်းကြကြောင်း ခဏိက အနိစ္စဆိုက်အောင် ရှုမြင်ပွားများ အားထုတ်ကြရာ၏။

သီဟိုဠ်ကျွန်းမှ မဟာနာဂမထေရ်သည် မိမိကိုယ် အဓိမာနဖြင့် "ငါရဟန်းကိစ္စ ပြီးပြီ၊ အရဟတ္တမဂ်ဆိုက်ပြီးပြီ"ဟု အယူရှိကာ တပည့်များအား စာပေပို့ချ တရားပြလျက် နေတော်မူ၏။ တစ်နေ့တွင် ထိုမဟာထေရ်၏တပည့် ဓမ္မရက္ခိတရဟန်းတစ်ပါးက၊ အဘိညာဉ်နှင့်တကွ ရဟန္တာဖြစ်ပြီးနောက်၊ ၎င်း၏ဆရာတော်အား မည်သည့်အဆင့် တရားပေါက်ကြောင်း ရှုဆင်ခြင်သော်၊ မိမိ၏ဆရာတော် ရဟန်းကိစ္စ မပြီးသေးကြောင်းကို သိ၏။ ထိုအခါ တရားကျေးဇူးဆပ်ရန် ဆရာတော်ထံ ချဉ်းကပ်၍ ဥပါယ်တံမျဉ်ဖြင့် လျှောက်၏။

သန်မာထွားကျိုင်းလှသော စွယ်စုံဆင်ပြောင်ကြီးတစ်ကောင် ထိုးသတ်တော့မည့်အဟုန်တအားကုန်၊ ရှေ့ရှုပြေးလာပုံကို ကြည့်လိုကြောင်း လျှောက်ထား၏။ ဆရာတော်ကလည်း တပည့်လျှောက်ထားချက်အတိုင်း ချက်ချင်း အဘိညာဉ်စွမ်းဖြင့် ဆင်ပြောင်ကြီး ပြေးလာဟန်၊ ဖန်ဆင်း၏။ တအားကုန်ဝှေ့တော့မည့် ဆင်ပြောင်ကြီး အနီးကပ်လာသောအခါ၊ ဆရာတော်က နေရာမှ ထပြေးတိမ်းရှောင်သည်။ ဤတွင်မှ မိမိ၌ ကြောက်လန့်ခြင်း ဒေါသမကုန်သေးကြောင်း၊ ရဟန်းကိစ္စ မပြီးသေးကြောင်းကို ချက်ချင်းသိတော်မူလိုက်သည်။ သတိသံဝေဂ ရရှိကာ တရားကို ဆက်လက်၍ အားထုတ်ရန် စကြ်ံကြွတော်မူသည်။ ခြေလှမ်းသုံးလှမ်း မပြည့်မီပင် ရဟန္တာအဖြစ် ရောက်ရှိပြီးမြောက်တော့လေသည်။

"အနိစ္စမမြဲဘူး"ဟု ဆိုရာတွင် မမြဲသောတရားကို သိရန်လို၏။ မမြဲသောတရားသည် ခန္ဓာငါးပါး မမြဲခြင်းဖြစ်သည်။ ထို့ကြောင့် "အနိစ္စန္တိ ခန္ဓပဉ္စကံ"ဟု ဟောထားသဖြင့် မမြဲသော တရားကိုရှာလျှင် ခန္ဓာငါးပါးသာ တွေ့ရ၏။ ခန္ဓာငါးပါး မမြဲပုံမှာ ဝီထိစဉ်မှာ ပြထားသည့်အတိုင်း ရုပ်သည် စိတ္တက္ခဏ (၁၇)ချက်၊ နာမ်သည် ခဏငယ် (၃)ချက်သာ အသက်ရှည်၏။ ထို့ကြောင့် ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့သည် မမြဲပါကလားဟု ဆင်ခြင်လျက် နေခြင်းကို ဝိပဿနာပွားများသည် မည်၏။ ယခုကဲ့သို့ ရှုဆဲပင်လျှင် ဝိပဿနာသမာဓိဖြစ်၍ နေ၏။

လက္ခဏာရေးသုံးပါးတရားမှာ အဖုံးအအုပ်များ ရှိနေ၏။ အနိစ္စကို သန္တတိဖုံး၏။ ဒုက္ခကို ဣရိယာပထဖုံး၏၊ အနတ္တကို ဃနဖုံး၏။ ထို့ကြောင့် အဖုံးတွေကို ဖယ်ရှားကြည့်ရမည်။ အနိစ္စ

http://www.dhammadownload.com



ကို သန္တတိ ဖုံးထား၍ မမြင်နိုင်၊ မသိနိုင်ဖြစ်၍ နေ၏။ (ဥပမာ) အုန်းဆံကြိုးအရှည်ကြီးကို ကြည့်လိုက်လျှင် တစ်ဆက်တည်း၊ အတောင်တစ်ရာရှည်သည် စသည်ဖြင့် ထင်ရ၏။ လက်လေး သစ်မျှသော အုန်းဆံဖတ်များကို ဆက်၍ဆက်၍ ကျစ်ထားသဖြင့် အရှည်ကြီးဟု ထင်ရ၏။ မြင်ရ၏။ ထို့အတူ မွေးစမှ ရုပ်နှင့်နာမ်သည် တစ်ဆက်တည်းဖြစ်နေခြင်းမဟုတ်၊ အဆက်ဆက် အပြတ်ပြတ်နှင့် ဖြစ်လိုက်ပျက်လိုက်နှင့်သာ ဖြစ်နေ၍ မမြဲသောတရားဟု ပရမတ်အနိစ္စကို မြင်အောင် ရှုရာသည်။

**ပါဠိ။** ဉာဏေန အဝိဇ္ဇာယ အနိစ္စာနုပဿနာယ နိစ္စသညာယ ပဟာနံ သီလံ သံဝရော သီလံ စေတနာ သီလံ အဝီတိက္ကမသီလံ ဝေရမဏီသီလံ။

**အနက်။** ဉာဏေန - အဝိဇ္ဇာနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဉာဏ်လေးဆူဖြင့်။ အဝိဇ္ဇာယ - အဝိဇ္ဇာကို။ အနိစ္စာနုပဿနာယ - ရုပ်နာမ်မမြဲသော သဘောကိုသိသော မဂ်ဉာဏ်လက်နက်ဖြင့်။ နိစ္စသညာယ - နိစ္စသညာကို။ ပဟာနံ သီလံ - ပယ်ကြောင်း သီလမည်၏။ သံဝရော သီလံ - စောင့်စည်းကြောင်း သီလ မည်၏။ စေတနာ သီလံ - အနိစ္စတည်းဟူသော စေတနာ ပြန်ပေါ်အောင် သီလမည်၏။ အဝီတိက္ကမသီလံ - မလွန်မကျူးခြင်း သီလမည်၏။ ဝေရမဏီ သီလံ - ရှောင်ကြဉ်ခြင်း သီလမည်၏။

ဟူ၍ သီလအားဖြင့် ရှောင်ကြဉ်ခြင်းဖြစ်၏။ ခန္ဓာငါးပါး မမြဲခြင်း၏အကြောင်းကို အောက်ပါအတိုင်း ပြဆိုထား၏။

**ပါဠိ။** ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယောပိ ဟေတု ယောပိ ပစ္စယော ဥပါဒါယ၊ သောပိ အနိစ္စော အနိစ္စသမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော နိစ္စံ ဘဝိဿတိ။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)

**အနက်။** ဘိက္ခဝေ - ချစ်သားရဟန်းတို့။ ရူပံ - ရုပ်တရားသည်။ အနိစ္စံ - အနိစ္စတရား ပေတည်း။ ရူပဿ - အနိစ္စဖြစ်သော ရုပ်တရားကို။ ဥပ္ပါဒါယ - ဖြစ်စေခြင်းငှာ။ ယောပိ ဟေတု - အကြင်အကြောင်းဖြစ်သော ဟေတုသည်လည်းကောင်း။ ယောပိ ပစ္စယော - အကြင်အထောက်အပံ့ ဖြစ်သော ပစ္စယသည်လည်းကောင်း။ အတ္ထိ - ရှိ၏။ သောပိ - ထိုအကြောင်းဖြစ်သော ဟေတုနှင့် ပစ္စယသည်လည်း။ အနိစ္စော - အနိစ္စတရားပေတည်း။ ဘိက္ခဝေ -ရဟန်းတို့။ အနိစ္စသမ္ဘူတံ - အနိစ္စကြောင့် ဖြစ်ပေါ်လာသော။ ရူပံ - ရုပ်တရားသည်။ ကုတော - အဘယ်ကြောင့်။ နိစ္စံ - မြဲသည်။ ဘဝိဿတိ - ဖြစ်နိုင်ပါအံ့နည်း။ န ဘဝိဿတိ ဧဝ - မဖြစ်နိုင်တော့သည်သာလျှင်တည်း။

http://www.dhammadownload.com



**ပါဠိ။** အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိ ကတ္တာ သန္တတိယာ **ပဋိစ္ဆန္နတ္တာ** န ဥပဋ္ဌာတိ၊ ဥဒယဗ္ဗယံ ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောပိတာယ အနိစ္စလက္ခဏံ ယာထာဝသရသ တော ဥပဋ္ဌာတိ။

**အနက်။** အနိစ္စလက္ခဏံ - အနိစ္စလက္ခဏာသည်။ ဥဒယဗ္ဗယာနံ - ဖြစ်ခြင်း, ပျက်ခြင်းတို့ကို။ အမနသိ ကတ္တာ - နှလုံးမသွင်းခြင်းကြောင့်။ သန္တတိယာ - တစ်စပ်တည်းကဲ့သို့ ဖြစ်ခြင်းတည်းဟူသော အစဉ်ဖြင့်။ **ပဋိစ္ဆန္နတ္တာ** - ဖုံးလွှမ်းအပ်သည်၏အဖြစ်ကြောင့်။ တာဝ - ရှေးဦးစွာ။ န ဥပဋ္ဌာတိ - မထင်။ ဥဒယဗ္ဗယံ ပန - ဖြစ်ခြင်း, ပျက်ခြင်းကိုကား။ ပရိဂ္ဂဟေတွာ - သိမ်းဆည်း၍။ သန္တတိယာ - တစ်စပ်တည်းကဲ့သို့ဖြစ်သော အစဉ်ကို။ ဝိကောပိတာယ - ဉာဏ်ဖြင့် ပယ်ခွာအပ်သည်ရှိသော်။ ယာထာဝသရတော - မဖောက်မပြန် မှန်ကန်သော မိမိတို့၏ ကိစ္စလက္ခဏာအားဖြင့်။ အတီတာနာဂတ အနိစ္စလက္ခဏံ - အနိစ္စလက္ခဏာသည်။ ဥပဋ္ဌာတိ - ထင်လာပေတော့၏။

**ပါဠိ။** ဣဒံ မေ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ ခဏတ္တယံ ခယဋ္ဌေ ဝယဋ္ဌေန အနိစ္စံ။

**အနက်။** မေ - ငါ၏။ ဣဒံ ရူပံ - ဤတစ်ဆယ့်တစ်မျိုးသော ရုပ်သည်။ (ဝါ) ဤရူပက္ခန္ဓာ သည်။ အတီတာနာဂတပစ္စုပ္ပန္နံ - အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟု ဆိုအပ်သော။ ခဏတ္တယံ - ခဏငယ်သုံးချက်သည်။ ခယဋ္ဌေန - ကုန်ခန်းခြင်းသဘောကြောင့်။ ဝယဋ္ဌေန - ပျက်စီးခြင်းသဘော ကြောင့်။ အနိစ္စံ - အနိစ္စမည်၏။

* * * * * * * *

## ဒုက္ခလက္ခဏာကို ပြဆိုခြင်းအပိုင်း

"ဒုဋ္ဌု ခမတီတိ ဒုက္ခံ"ဟူသော ပါဠိတော်အရ ဆင်းရဲမှုကို သည်းမခံနိုင်ခြင်းသည် ဒုက္ခ မည်၏။ ၎င်းဒုက္ခကို ဣရိယာပထ,က ဖုံးလွှမ်းထားသောကြောင့် ဆင်းရဲမှန်းမသိကြခြင်း ဖြစ်လေ သည်။ ထိုဣရိယာပထ,က လေးမျိုးရှိပါသည်။

| | | | |
|---|---|---|---|
| ၁။ | နိပန္န | - | လျောင်းခြင်း။ |
| ၂။ | နိသီဒန | - | ထိုင်ခြင်း။ |
| ၃။ | ဂမန | - | သွားခြင်း။ |
| ၄။ | ဌိတ | - | ရပ်ခြင်း။ |

http://www.dhammadownload.com



"လျောင်း ထိုင် ရပ် သွား၊ လေးပါး အရိယာ"ဟု လေးမျိုးရှိသည်။

ဤပြောင်းလဲမှု ဣရိယာပထလေးပါးကြောင့် ဒုက္ခပျောက်၍ မသိကြချေ။ ဣရိယာပုတ်တစ်ခုခု ပြောင်းလဲမှုမပြုလျှင် ဒုက္ခဆင်းရဲ ပေါ်လာမည် ကေန်ဖြစ်၏။ ဣရိယာပုတ်က ဒုက္ခကို ဖုံးကွယ်ထားပုံကား ဤသို့တည်း။

ငါတို့သည် အချိန်ကြာမြှည်စွာ မတ်တပ်ရပ်လျက်နေသောအခါတွင် ပထမ ရပ်ခါစနှင့်မတူဘဲ ကြာလေ ကြာလေ ညောင်းညာကိုက်ခဲ တောင့်တင်းနာကျင်မှုများ တိုး၍ တိုး၍ ဖြစ်ပေါ်လာကြလေ၏။ သည်းမခံနိုင်အောင် ဖြစ်လာ၏။ ထိုရပ်နေခြင်းဟူသော ဣရိယာပုတ်ကို မပြောင်းလဲမချင်း ဆင်းရဲခြင်း ကာယိကဒုက္ခ၊ စေတသိက်ဒုက္ခများသည် သေရတော့မလောက်အောင် ဖြစ်လာသည်။ သည်းမခံနိုင်လောက် အောင်, မအောင့်အီးနိုင်လောက်အောင် အနေခက်လာ၏။ ဤသည်ပိုပင် ဒုက္ခဝေဒနာခံစားရ၏။

အကယ်၍ သည်းမခံနိုင်သဖြင့် ရပ်ရာမှ ထိုင်ခြင်းဟူသော ဣရိယာပုတ်ကို ပြောင်းလိုက်ပါမူ နာကျင်ကိုက်ခဲသမျှ ပြေပျောက်လျက် ဆင်းရဲခြင်းဒုက္ခမရှိဘဲ ဆင်းရဲမှုသက်သာလာ၏။ သည်းခံလာနိုင်၏။ ထိုထိုင်ခြင်း ဣရိယာပုတ် ကြာမြင့်လာပြန်ကလည်း ရပ်တုန်းကလိုပင် တစ်စတစ်စ ညောင်းညာကိုက်ခဲ နာကျင်လာပြန်၏၊ ကျင်လျှင် သည်းမခံနိုင်၍ အခြားဣရိယာပုတ်တစ်မျိုး ပြောင်းလဲလာကြပြန်ရ၏။

"ခန္ဓာဝန်သည် လေးလှ၏"ဟု ဘုရားဟောတော်မူ၏။ ဘုရား ရဟန္တာတို့သည် ယင်းခန္ဓာဝန်ကို အပြီးအပြတ် ချနိုင် ခွာနိုင်ကြရန် ကြိုးစားတော်မူကြလေသည်။ နိဗ္ဗာန်ရောက်မှ ခန္ဓာဝန်ကြီး ပြတ်လေသည်။

ခန္ဓာဝန်ထုပ်ဆိုရာမှာလည်း ခန္ဓာငါးပါးဟူသည် သဘောတရားသက်သက်မျှဖြစ်၍ ဝန်ထုပ်သည်လည်း သဘောတရားပင်ဖြစ်၏။ ၎င်းဝန်ထုပ်သည်ပင် ခန္ဓာငါးပါးဖြစ်၏။ အဓိပ္ပာယ်ကား ခန္ဓာငါးပါးဝန်ထုပ်ကြီးကိုပင် ထမ်းဆောင်ထား၍ ခန္ဓာငါးပါးဖြစ်၏။ အဓိပ္ပာယ်ကား ခန္ဓာငါးပါး ဝန်ထုပ်ကြီးကို ခန္ဓာငါးပါးကပင် ထမ်းဆောင်ထား၍ ခန္ဓာငါးပါးပင် လေးသဖြင့် ဆင်းရဲခြင်းဒုက္ခဖြစ်ရလေ၏ဟု ဆိုလိုပါသည်။

**ပါဠိ။** ဒုက္ခန္တိ ခန္ဓပဉ္စကံ။

**အနက်။** ဒုက္ခန္တိ - ဆင်းရဲမှုဒုက္ခသည်။ **ခန္ဓပဉ္စကံ** - ခန္ဓာငါးပါးပင်တည်း။

http://www.dhammadownload.com



ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး - မဆင်းရဲ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး မရှိ ခန္ဓာငါးပါး သဘောတရားသာ ဆင်းရဲ၏။ "ယဒနိစ္စံ တံ ဒုက္ခန္တိ ဝစနတော"ဟု ပြထားသဖြင့် အကြင်တရားသည် လည်း မမြဲ ထိုမမြဲသော သဘောသည် ဆင်းရဲ၏။ ဒုက္ခ၏ ကုန်ဆုံးရာသည် နိဗ္ဗာန်ပင်ဖြစ်၏။

## ဒုက္ခလေးမျိုး

၁။ ဒုက္ခ ဒုက္ခ။

၂။ သင်္ခါရဒုက္ခ။

၃။ ဝိပရိဏာမဒုက္ခ။

၄ အာဟာရပရိယေသနမူလကဒုက္ခ။

ထိုလေးမျိုးတို့တွင် -

(၁) ဤဒုက္ခသည် အပါယ်လေးပါးတွင် ဖြစ်ရခြင်း၊ ဥပမာ - အပါယ်ဘုံ၌ နွားသတ္တဝါတို့ ဖြစ်ခြင်းသည် ဒုက္ခတစ်လုံးဖြစ်၏။ ၎င်းနွားအဖြစ်နှင့် နေပူ မိုးရွာမရှောင် ဆင်းရဲပင်ပန်းစွာ ရုန်းကန် သွားလာနေခြင်းသည် ဒုက္ခတစ်လုံးဖြစ်၍ ဒုက္ခနှစ်လုံးတွဲကို "ဒုက္ခဒုက္ခ"ဟု ခေါ်၏။

(၂) ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းလေးပါးကြောင့် ဖြစ်ရသော ရုပ်နာမ် တရားများ "သင်္ခါရဒုက္ခ" ခေါ်၏။

(၃) အသွင်အပြင် ပြောင်းလဲခြင်း၊ ဖောက်လွဲဖောက်ပြန်ဖြစ်ခြင်း၊ ငယ်ရာမှ ကြီးထွားရင့်ရော် ခြင်း၊ ပူရာမှ အေးခြင်းစသည့် ဖောက်ပြန်မှုဟူသမျှသည် "ဝိပရိဏာမဒုက္ခ"ခေါ်၏။

(၄) အာဟာရပရိယေသနမူလကဒုက္ခဟု ဆိုထားသောကြောင့် ခန္ဓာကိုယ်တည်မြဲရေး၊ အသက်ရှည်ရေးအတွက် အစာအာဟာရ ရှာဖွေရခြင်း၊ ချက်ပြုတ်ခြင်း၊ စားသုံးရခြင်းများသည် "အာဟာရ ပရိယေ သနမူလကဒုက္ခ"ခေါ်၏။

## မာနနှစ်မျိုး

"မာန"တရားသည် နှစ်မျိုးရှိသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်၏ -

၁။ အာယာထာဝမာန်၊

၂။ ယာထာဝမာန်၊

http://www.dhammadownload.com



၁။ မိမိ၌ ဟုတ်မှန်သော အကြောင်းဂုဏ်ထူးမရှိပါဘဲ၊ မရှိသော အကြောင်းဂုဏ်ထူးကို မှီ၍ (ဝါ) ဟန်ဆောင်မာနတတ်ခြင်းကို "အာယာထာဝမာန်"ဟုခေါ်၏။

## မဟာသီဝထေရ်ဝတ္ထု

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး "မဟာသီဝ"အမည်ရှိသော မထေရ်ကြီးတစ်ပါးရှိသည်။ တပည့်သုံးသောင်းကျော်အား ပရိယတ္တိစာပေကို အထူးသဖြင့် သင်ပြပို့ချလျက်ရှိသည်။ ပညာသင်များအနက် ဈာန်၊ အဘိညာဉ်ရသူများ၊ မဂ်လေးပါးရသူများ၊ များစွာပေါ်ပေါက်လျက် ရှိကြ၏။ တစ်နေ့သ၌ ဈာန်အဘိညာဉ်ရ တပည့်ရဟန္တာတစ်ပါးက၊ ဆရာအား ကျေးဇူးဆပ်လို၍ သတိပေးလိုသဖြင့် စာဝါတစ်ခုကိုလိုက်လို၍ အချိန်အနည်းငယ်ခွင့်ပြုရန် လျှောက်ထားတောင်းပန်ရာ၊ မထေရ်ကြီးက အိပ်ချိန်, စားချိန်မှတစ်ပါး မအားမလပ် စာဝါချင်းထပ်နေ၍ အချိန်မမျှနိုင်ကြောင်း မိန့်ကြားလေ၏။ ထိုအခါ တပည့်ငယ်က ဤသို့ဆိုလျှင် ဆရာတော်အရှင်မြတ်သည် သူတစ်ပါး၏ မှီခိုရာသာဖြစ်၍ တံကဲပျဉ်ချပ်နှင့်တူကုန်၏။ အကျိုးသာသယ်ပိုး၍ မိမိကိုယ်အတွက်မူ မှီခိုရာမရှိခဲ့၊ အရှင်ဘုရားအဖို့ သေဖို့ရန် အချိန်ကော ရပါဦးမလားဟုပြောဆို၍ ပြန်ကြွသွားလေသည်။ ဤတွင်မှ ဆရာဖြစ်သူ မဟာသီဝထေရ်ကြီး သတိရ၍ တရားကျင့်ပါသော်လည်း ယထာဝမာန်ဖြင့် အားထုတ်ခြင်းကြောင့် (၂၉)နှစ်တိုင်တိုင် တစ်မဂ် တစ်ဖိုလ်မျှ မရဘဲ တပည့်များက ပါရမီထူး၍သာ မဂ်ဖိုလ်ရကြသည်။ ငါကား မဂ်ဖိုလ်ရရန် ပါရမီမှ ပါ,ပါလေစဟု ဦးစိုက်ငိုကြွေးသည့်အခါ အနီးရှိ သစ်ပင်စောင့်သော နတ်သမီးက သတိပေးတော့မှ မာနကိုပယ်၍ ဆက်လက်၍၊ အားထုတ်ရာ ခဏချင်းပင် ရဟန္တာအဖြစ် ရောက်ရှိလေတော့သည်။

"မရဏတော ဉတ္တရိ ဒုက္ခံ နာမ နတ္ထိ"ဟူသော ပါဠိတော်အရ သေခြင်းသဘော၊ ဒုက္ခထက် ပိုသော ဒုက္ခဆင်းရဲခြင်း မရှိချေ။ ထို့ကြောင့် သေခြင်းသဘော လွတ်ကင်းအောင် ကြိုးစားကြရန် ဖြစ်ပါသည်။

"သင်္ခါရ"ဟူသည် တေဘူမကက ရုပ်နာမ်ဓမ္မအားလုံးကို ခေါ်သည်။ ၎င်းသင်္ခါရကို အနိစ္စအားဖြင့် ရှုသောသူအား အနုလောမခန္တီဉာဏ်ကို ရသည်ဟု နားလည်ပါ။

**ပါဠိ။** သဗ္ဗသင်္ခါရေ အနိစ္စတော သမနုပဿန္တော အနုလောမခန္တိယာ သမ္မန္နာဂတော ဘဝိဿတီတိ ဌာနံ ဝိဇ္ဇတိ။

http://www.dhammadownload.com



**အနက်။** သဗ္ဗသင်္ခါရေ - ကံ စိတ် ဥတု အာဟာရ လေးခုအကြောင်း ပေါင်း၍ဖြစ်ဆုံ တေဘူမ္မက ရုပ်ဓမ္မ နာမ်ဓမ္မ ခန္ဓာငါးဝတို့ကို။ အနိစ္စတော - မမြဲခြင်းဟူ၍။ သမနုပဿန္တော - ကြည့်ရှုသော ပုဂ္ဂိုလ် သည်။ အနုလောမခန္တိယာ - အနုလောမခန္တိဉာဏ်နှင့်။ သမ္ပန္နာဂတော - ပြည့်စုံသည်။ ဘဝိဿတီတိ - ဖြစ်လတ္တံ့။ ဣတိ - ဤသို့။ ဧတံ ဌာနံ - ဤသို့သော အကြောင်းသည်။ ဝိဇ္ဇတိ - ထင်ရှားရှိ၏။

**ပါဠိ။** ဣမေ မေ ပဉ္စက္ခန္ဓာ ဘယတ္တေန ပီဠနတ္တေန ဒုက္ခံ။

**အနက်။** မေ - ငါ၏။ ဣမေ ပဉ္စက္ခန္ဓာ - ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ ဘယတ္တေန - ကြောက်ဖွယ်လိလိ ဘေးအတိဖြစ်ခြင်းကြောင့်လည်းကောင်း။ ပီဠနတ္တေန - အမြဲမပြတ် ကပ်၍နှိပ်စက်တတ် သော သဘောကြောင့်လည်းကောင်း၊ ဒုက္ခာ - ဆင်းရဲခြင်းဖြစ်ကြကုန်၏။

**ပါဠိ။** ဒုက္ခလက္ခဏံ အဘိဏှသမ္ပဋိပီဠနဿ အမနသိကာရာ ဣရိယာပထေဟိ **ပဋိစ္ဆန္နတ္တာ** န ဥပဋ္ဌာတိ၊ အဘိဏှသမ္ပဋိပီဠနဿ မနသိ ကတ္တာ ဣရိယာပထေ ဥဂ္ဃါဋိတေ ဒုက္ခလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။

**အနက်။** ဒုက္ခလက္ခဏံ - ဒုက္ခလက္ခဏာသည်။ အဘိဏှသမ္ပဋိပီဠနဿ - အမြဲမပြတ် နှိပ်စက်အပ်သည်ကို။ အမနသိကာရာ - နှလုံးမသွင်း မဆင်ခြင်ခြင်းကြောင့်။ ဣရိယာပထေဟိ - ဣရိယာပုတ်လေးပါးတို့ဖြင့်။ **ပဋိစ္ဆန္နတ္တာ**- ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ န ဥပဋ္ဌာတိ - မထင်။ အဘိဏှသမ္ပဋိပီဠနဿ - အမြဲမပြတ် နှိပ်စက်အပ်သည်ကို။ မနသိ ကတ္တာ - နှလုံးသွင်းဆင်ခြင်ခြင်းကြောင့်။ ဣရိယာပထေ - ဣရိယာပုတ်လေးပါးကို။ ဥဂ္ဃါဋိတေ - ခွာအပ်သည်ရှိသော်။ ယာထာဝသရသတော - မဖောက်မပြန် မှန်ကန်သော ကိစ္စလက္ခဏာအားဖြင့်။ ဥပဋ္ဌာတိ - ထင်မြင်လာလေတော့၏။

**ပါဠိ။** ဣမေ မေ ပဉ္စက္ခန္ဓာ ဓမ္မာ ဘယတ္တေန ပီဠနတ္တေန ဒုက္ခာ။

**အနက်။** မေ - ငါ၏။ ဣမေ ပဉ္စက္ခန္ဓာ ဓမ္မာ - ဤခန္ဓာငါးပါးတရားတို့သည်။ ဘယတ္တေန - ကြောက်ဖွယ်လိလိ ဘေးအတိဖြစ်ခြင်းကြောင့်လည်းကောင်း။ ပီဠနတ္တေန - ကပ်၍ နှိပ်စက်တတ်သော ကြောင့်လည်းကောင်း။ ဒုက္ခာ - ဒုက္ခမည်ကုန်၏။ (ဝါ) ဆင်းရဲခြင်းမည်ကုန်၏။

ဒုက္ခအပိုင်းပြီး၏။

* * * * * * *

http://www.dhammadownload.com



# အနတ္တအပိုင်း ပြဆိုခြင်း

**ပါဠိ။** အနတ္တလက္ခဏာ ဗုဒ္ဓုပ္ပါဒေယေဝ ပညာယတိ။

**အနက်။** အနတ္တလက္ခဏာ - အနတ္တလက္ခဏာသည်။ ဗုဒ္ဓုပ္ပါဒေယေဝ - ဘုရားပွင့်တော်မူရာ အခါ၌သာလျှင်၊ ပညာယတိ - ထင်ရှားရှိ၏။

ဘုရားပွင့်တော်မူမှ, ဘုရားဟောပြတော်မူမှသာလျှင် ကြားဖူးရ၏။ သိမြင်ရ၏၊ သဘောပေါက်ရ၏၊ အမြင်မှန်ရ၏ဟု ဆိုလိုသည်။

သာသနာပအခါများတွင် အနတ္တအကြောင်းကို ဟောပြမည့်သူ၊ ဟောပြောတတ်သူ၊ ရှင်းပြတတ်သူ တစ်စုံတစ်ယောက်မျှ မရှိချေ။ ဘုရားပွင့်သောခေတ်, သာသနာရှိသောခေတ်တို့၌သာ အနတ္တတရား ဟောပြသူရှိကြသည်။ ဟောပြသူရှိမှ နာကြားသူရှိကြသည်။ နာကြားသူရှိမှ အနတ္တသဘောပေါက်ကြသည်။ အနတ္တသဘောပေါက်မှ မဂ်ဖိုလ်များကို ရကြသည်။

ရှင်တော်ဘုရား ပွင့်တော်မူပြီးမကြာမီ လက်ဦးကျွတ်ထိုက်သူများကို သဗ္ဗညုတဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်ရှုတော်မူရာ အာဠာရရသေ့နှင့် ဥဒကရသေ့ကြီးနှစ်ပါးကို မြင်သော်လည်း တစ်ညမျှခြား၍ ကွယ်လွန်ကြပြီးနောက်၊ ပဥ္စဝဂ္ဂီငါးဦးတို့ကို မြင်တော်မူ၍ ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသည်။ အထက်မဂ်သို့ အားလုံးမရောက်ကြသေးပါ။ နောက် အနတ္တလက္ခဏာသုတ်ကို ဟော်တော်မူမှ အားလုံး အထက်မဂ်ဆိုက်ကြသည်။ ဘုရားပွင့်မှ အနတ္တဟောနိုင်ကြောင်း ထင်ရှားလှ၏။

သာသနာပအခါတွင် ရှေ့သို့ ဘဝပေါင်း ကမ္ဘာပေါင်း (၄၀)၊ နောက်သို့ ဘဝပေါင်း, ကမ္ဘာပေါင်း (၄၀) အသေးစိတ် မြင်နိုင်, ဟောနိုင်သော ဈာန်အဘိညာဉ်ရသော နာမည်အကြီးဆုံး နာရဒ၊ ဒေဝီလ ရသေ့များပင် အနတ္တအကြောင်း မမြင်နိုင်၊ မဟောပြနိုင်၊ အယုတ်ဆုံး ဘုရားအလောင်းတော် ပညာရှိသရဘင်္ဂရသေ့သော်မှ မမြင်နိုင်၊ မဟောနိုင်ပါချေ။

ဘုရားပွင့်သောခေတ်တွင်ကား ဟောပြနိုင်သူ၊ ပြောပြသူရှိ၍ အသက်ခုနစ်နှစ်ရှိ အရွယ်နုနယ်လှသော စူဠဝိသာခါ, မဟာဝိသာခါ အမျိုးသမီးများပင်လျှင် အနတ္တသဘောပေါက်၍၊ မဂ်ဖိုလ်တရားသို့ ရောက်ကြပါသည်။ သာသနာအတွင်း ကြုံကြိုက်သော၊ ယခုအခါ လူတို့၏ ပြုဖွယ်ကိစ္စတို့နှင့် မေ့လျော့ ပျော်ပါးမနေကြဘဲ၊ အနတ္တသဘောသဘာဝကို သိအောင် လေ့လာလျက် မိမိ၏ဉာဏ်မှာ ထင်မြင်နိုင်ရန် ကြိုးစားကြရမည်။

http://www.dhammadownload.com



ထို့ကြောင့် အနိစ္စကို မြင်ရန်, သန္တတိအဖုံးကို ခွာရ၏။ ဒုက္ခကိုမြင်ရန် ဣရိယာပထအဖုံးကို ခွာ၍၊ အနတ္တကိုမြင်ရန် ဖုံးထားသော ဃနကို ပျောက်အောင်ဖျောက်ရမည်၊ ခွာရမည်။ သတ္တဝါတို့သည် တစ်သံသရာလုံးက ကိုယ်, ခေါင်း, လက် စွဲထားကြခြင်းသည်၊ ခြေကစ၍ ရှိသမျှ အရာဝတ္ထုပစ္စည်း အပေါ် အတုံး, အလုံး, အစိုင်, အခဲ စသည်တို့ဖြင့် အထူးထူး အပြားပြားသော ဓာတ်ရှစ်ပါးတို့ကို တစ်ပါးချင်းခွဲခြားပြီး နှလုံးမသွင်းကြသဖြင့် အနတ္တမထင်နိုင်၊ မမြင်နိုင်ကြချေ။

မြတ်စွာဘုရားသည် တစ်လောကလုံး ရုပ်နာမ်သာရှိ၏။ ကိုယ်မရှိ၊ အတ္တမရှိဟု ဟောတော်မူသည်။ သတ္တဝါများသည် ကိုယ်ရှိသည်၊ အတ္တရှိသည်ဟု အမြင်မှား၊ အစွဲမှားနေကြသောကြောင့် သံသရာလည်နေကြရသည်။ အတ္တမဟုတ်၊ အနတ္တဟူ၍ မမြင်ကြခြင်းကား ဃနဖုံးလွှမ်းထားသောကြောင့်ဖြစ်၏။ အစိုင် အခဲ အတုံးအလုံး စသည်တို့ကို ဃနဟုခေါ်သည်။ ဃနခေါ် အစိုင်အခဲ အတုံး အလုံး စသည်တို့အပေါ် အစွဲမှားကို ဖယ်ရှားနိုင်မှ အတ္တမဟုတ်ကြောင်း အနတ္တသာဖြစ်ကြောင်း အမြင်မှန်ရကြမည်၊ အမြင်မှန်ရမှ သာလျှင် သံသရာအလည်ရပ်မည်။

## အနတ္တအနက်သုံးချက်

၁။ အသာရကဋ္ဌေန အနတ္တာ၊

၂။ အနိဿာရကဋ္ဌေန အနတ္တာ၊

၃။ အဝသဝတ္တနဋ္ဌေန အနတ္တာ။

၁။ အနှစ်သာရ အမာခံမရှိသောကြောင့် အနတ္တ "အတ္တမဟုတ်၊ သာရ"ဆိုသည်မှာ အနှစ်ခေါ် ၏။ ရှေ့က "အ"မှတ်ထားသဖြင့် မရှိ၊ မဟုတ်လို့ အဓိပ္ပာယ်ရသောကြောင့်၊ ခိုင်မာသော အနှစ်သာရ မရှိခြင်းသည် အနတ္တလက္ခဏာဖြစ်၏။

သာရကို အနှစ်ဟုပြခြင်းကြောင့် "အနှစ်"ဆိုသည်မှာ ရှားနှစ်၊ ပျဉ်းကတိုးနှစ်၊ ရင်းတိုက်နှစ်တို့ဖြစ်ကြသည်။ ၎င်တို့ကို ကြည့်ပါက ဘေးမှ အကာထက် အလယ်က အနှစ်က ပို၍ခိုင်မာ၏။ ထို့ကြောင့် အဋ္ဌကထာဆရာက အောက်ပါအတိုင်း ဤသို့ ပြဆိုထား၏။

**ပါဠိ။** သတ္တသဏ္ဌာနပရိယာပန္နံ ရူပံ သတ္တသာရော န ဟောတိ၊ ခဏေ ခဏေ ဘိဇ္ဇနတော။

**အနက်။** သတ္တသဏ္ဌာနပရိယာပန္နံ - သတ္တဝါတို့၏ သဏ္ဌာန်၌ အကျုံးဝင်သော။ ရူပံ -

http://www.dhammadownload.com



ရုပ်တရား သည်။ သတ္တသာရော - သတ္တဝါတို့၏ အနှစ်သာရသည်။ န ဟောတိ - မဟုတ်။ ကသ္မာ - အဘယ်ကြောင့် နည်းဟူမူကား။ ခဏေ ခဏေ - ခဏတိုင်း ခဏတိုင်း။ ဘိဇ္ဇနတော - ပျက်စီးသော သဘောကြောင့်တည်း။

**ပါဠိ။** အနတ္တာ အသာရကဋ္ဌေနာတိ အသာရဘာဝေန။
သာရောတိ ဝဿသတမ္ပိ ဝဿသဟဿမ္ပိ ယာဝဇီဝံ အဇီယျမာနော အမိယျမာနော သဘာဝေါ ဝုစ္စတိ။

**အနက်။** အနတ္တာ အသာရကဋ္ဌေနာတိ ဧတ္ထ - အနတ္တာ အသာရကဋ္ဌေန ဟူသော ပါဌ်၌။ အသာရ ဘာဝေန - အနှစ်သာရမရှိသည်၏ အဖြစ်ကြောင့်။ အတ္တာ - ကိုသည်။ န - မဟုတ်။ အနတ္တာ - ကိုယ်မဟုတ်။ သာရောတိ - သာရ ဟူသည်ကား။ (ဝါ) အနှစ်ဟူသည်ကား။ ဝဿသတမ္ပိ - အနှစ်တစ်ရာသော်လည်းကောင်း။ ဝဿသဟဿမ္ပိ - အနှစ်တစ်ထောင်သော်လည်းကောင်း။ ယာဝဇီဝံ - အသက်ရှည်သမျှ ကာလပတ်လုံး။ အဇီယျမာနော - မဆွေးမမြေ့သော။ အမိယျမာနော - မပျက်စီးသော။ သဘာဝေါ စ - သဘောကိုလည်းကောင်း။ သာရောတိ - သာရဟူ၍။ ဝုစ္စတိ - ဆိုအပ်၏။

**အသာရကဋ္ဌ** - ပုဒ်ကို ပုဒ်သုံးပုဒ် တွဲစပ်ထားပါသည်။

| | | |
|---|---|---|
| န + သာရ + အတ္ထ | = | အသာရကဋ္ဌ။ (ထ္ထ-ကို ဋ္ဌ ပြုပါ။) |
| **န** | = | မရှိ၊ မဟုတ်။ |
| **သာရ** | = | အနှစ်၊ အမာခံ။ |
| **အတ္ထ** | = | အနက်သဘော၊ |
| **အသာရကဋ္ဌ** | = | အနှစ်အမာခံ သဘောမရှိ။ |

၎င်း၏အဓိပ္ပာယ်မှာ အထက်က ပြဆိုခဲ့ပြီးသည့်အတိုင်း အနှစ်အမာခံမရှိသော သဘောကို ပြဆို ခြင်းဖြစ်၏။ ခန္ဓာငါးပါး ဟူသည်ကား အဆိုပါ သစ်သားအနှစ်ကဲ့သို့ ကာလရှည်ကြာ ခိုင်မြဲသော သဘော မရှိ၊ အမာခံမရှိ၊ အတ္တမရှိ၊ ဇီဝမရှိဖြစ်သည်။

လောက၌ သက်ရှိ, သက်မဲ့ ဟူ၍ နှစ်မျိုးရှိရာ သက်ရှိအားလုံးကို "သတ္တဝါ"ခေါ်၍ သက်မဲ့အားလုံး "ဝတ္ထုပစ္စည်း"ဟု ခေါ်သည်။ ၎င်းသက်မဲ့ဝတ္ထုပစ္စည်းများတွင် ဥပမာ - သစ်သားခွက်

http://www.dhammadownload.com



တစ်ခုကိုဆိုပါစို့၊ ၎င်းတို့ "ဒါရုမယပတ္တော - သစ်သားဖြင့်ပြီးသော "ခွက်"ဟုခေါ်၏။ ၎င်းသည် အမာခံသည့် သစ်သားဖြစ်၍ ၎င်းကိုပြုလုပ်လိုက်မှ ခွက်ဖြစ်လာသည်။ သစ်သားက ခိုင်မာသော သဘောရှိ၍ အနှစ်သာရဖြစ်၏။ ခွက်ဆိုသည်မှာ ပုံသဏ္ဌာန်သာဖြစ်၍ ခိုင်မာသော သဘောမရှိသော ကြောင့် အနှစ်မရှိ သာရမခေါ်နိုင်၊ ကြေးခွက် ငွေခွက် စသည်တို့၌လည်း ဤနည်းတူဖြစ်ကြသည်။

၎င်းသစ်သားဟူသော စကားသည် ခွက်၏အမာခံ အနှစ်ကိုပြသည်၊ အချိန်ကာလအားဖြင့် ကြာမြင့်စွာ ခိုင်ခံ့၍ အနှစ်သာရဟုခေါ်သည်။ ၎င်းသာရကိုပင် အတ္တခေါ်ပြန်သည်။ ခွက်ဟူသောစကား က အရာဝတ္ထု၏ ပုံစံအထူး သဏ္ဌာနပညတ်ဖြစ်သည်။ ထို့အတူ စားပွဲ, ကုလားထိုင်, အိမ်, ကျောင်း, စေတီ, ပုထိုးစသော ပစ္စည်းဝတ္ထုအားလုံးတို့၌လည်းကောင်း။ ခိုင်မာခြင်း၊ မပျက်စီးခြင်း သဘောရှိ၍ အနှစ်သာရ ဟူ၍လည်းကောင်း ဆိုသင့်သည် မှန်၏။ သို့ရာတွင် သက်ရှိသတ္တဝါများ၌ကား သက်မဲ့ ပစ္စည်းများကဲ့သို့ နှစ်ကာလကြာညောင်းစွာ ခိုင်မာခြင်းမရှိ ခဏိကမရဏ ချုပ်ပျောက်နေသောကြောင့် အခိုင်အမာမရှိ, အနှစ်သာရမရှိ, အတ္တမရှိချေ။ ကိုယ်မရှိကြောင်း ထင်ရှားလှသည်။ ထို့ကြောင့် "အသာရကဋ္ဌေန အနတ္တာ = အနှစ်သာရမရှိသောကြောင့် အနတ္တ"မည်၏။

၂။ **အနိဿရဋ္ဌ - အနိဿရတ္ထ။**

၎င်းပုဒ်၌ ပုဒ်သုံးပုဒ် တွဲစပ်ထားသည်၊ တ္ထ - ပုဒ်ကို ဋ္ဌ - ပြုထားသည်။ ထို့ကြောင့် -

| | | |
|---|---|---|
| န + ဣဿရ + အတ္ထ | = | အနိဿရတ္ထ။ |
| **န** | = | မရှိ၊ မဟုတ်။ |
| **ဣဿရ** | = | အစိုးရ ပိုင်ဆိုင်။ |
| **အတ္ထ** | = | သဘော၊ |
| **အနိဿရဋ္ဌ** | = | စိုးပိုင်ခြင်းသဘော မရှိ။ |

၎င်း၏ အဓိပ္ပာယ်မှာ ဥပမာအားဖြင့် အာဏာပိုင်အစိုးရသည် တိုင်းသူပြည်သားတို့အား မည်သို့ မပြုရ အမိန့်ထုတ် တားမြစ်ထားမှ ထိုအတိုင်းလိုက်နာကြ၏။ မလိုက်နာက ရာဇဒဏ်ခံရမည် ဖြစ်၏။ ထို့ကြောင့် စိုးပိုင်သူကို မြန်မာလို "အစိုးရ"၊ ပါဠိလို "ဣဿရ"ခေါ်သည်။ အာဏာရှိသူနှင့် အာဏာမဲ့သူ သဘောဖြစ်သည်။

http://www.dhammadownload.com



ငါ၏ ခန္ဓာငါးပါးသည်ကား ဤသဘောမျိုး လုံးဝမရှိဖြစ်သည်။ ကိုးဆယ့်ခြောက်ဖြာ အနာရောဂါကို မဖြစ်ပါစေနှင့်ဟု မိမိက အမိန့်ပေး၍မရ၊ ကိုးဆယ့်ခြောက်ဖြာအနာရောဂါ ဖြစ်ချင်တာဖြစ်မည်၊ နာချင်တာနာမည်၊ မည်သူမျှ အမိန့်ပေးလို့မရ။ အနိဿရတ္တ + အနိဿရဋ္ဌ = အစိုးမရကြောင်း၊ မပိုင်ကြောင်း ထင်ရှားလေသည်။ ဤသို့ အစိုးမရသောကြောင့် အနတ္တမည်ပါသည်။

၃။ **အဝသဝတ္တနဋ္ဌ (အဝသဝတ္တနတ္တ)**

ငင်း၌ လေးပုဒ်တွဲစပ်ထားသည်။

န + ဝသ + ဝတ္တန + အတ္ထ =န ဝသ ဝတ္တန အတ္ထ = အဝသဝတ္တနတ္ထ၊

| | | |
|---|---|---|
| **န** | = | မရှိ၊ |
| **ဝသ** | = | အလိုဆန္ဒ၊ |
| **ဝတ္တန** | = | လိုက်လျော၊ |
| **အတ္ထ** | = | အနက်သဘော၊ |
| **အဝသဝတ္တနတ္ထ** | = | အလို ဆန္ဒသို့ လိုက်လျောသော သဘောမရှိ။ |

ငင်းအဓိပ္ပာယ်မှာ လူတိုင်း၊ သတ္တဝါတိုင်းပင် မကြီးချင်ကြ၊ မအိုချင်ကြ၊ မနာချင်ကြ၊ အရွယ်ပျိုခြင်း ကျန်းမာရွှင်လန်းကြစမြဲဖြစ်ပါသည်။ ဤသို့သာ မအိုခြင်း၊ မနာခြင်း၊ နုပျိုခြင်း၊ ရွှင်လန်းကျန်းမာခြင်း လိုချင်ကြပါသော်လည်း မိမိအလိုဆန္ဒသို့ မလိုက်မလျောဘဲ သူ့သဘောအတိုင်း အိုချိန် အိုရ၊ နာချိန် နာရ၊ သေချိန် သေကြရပါသည်။ ဤသို့သော အခြင်းအရာသဘောအားဖြင့် မိမိလိုရာဆန္ဒသို့ မလိုက်လျော ကြသောကြောင့်လည်း "အနတ္တ" မည်ပါသည်။

**ပါဠိ။** ရူပံ ဘိက္ခဝေ အနတ္တာ၊ ယောပိ ဟေတု ယောပိ ပစ္စယော ရူပဿ ဥပ္ပါဒါယ သောပိ အနတ္တာ၊ အနတ္တသမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော ဘဝိဿတိ။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)

**အနက်။** ဘိက္ခဝေ - ချစ်သားရဟန်းတို့။ ရူပံ - ရုပ်တရားသည်။ အနတ္တာ - ကိုယ်ဟု အစိုးမရသော အနတ္တ တရားပေတည်း။ ရူပဿ - အနိစ္စဖြစ်သောရုပ်၏။ ဥပ္ပါဒါယ - ဖြစ်စေခြင်းငှာ။ ယောပိ ဟေတု - အကြင်အကြောင်းဖြစ်သော ဟေတုသည်လည်းကောင်း။ ယောပိ ပစ္စယော - အကြင်အထောက်အပံ့ ဖြစ်သော ပစ္စယသည်လည်းကောင်း။ အတ္ထိ - ရှိ၏။ သောပိ - ထိုအကြောင်း ဖြစ်သော ဟေတုနှင့် ပစ္စယ သည်။ အနတ္တာ - အနတ္တတရားပေတည်း။ ဘိက္ခဝေ - ရဟန်းတို့

http://www.dhammadownload.com



အနတ္တသမ္ဘုတံ - အနတ္တကြောင့်ဖြစ်ပေါ်လာသော။ ရူပံ - ရုပ်တရားသည်။ ကုတော - အဘယ်ကြောင့်။ နိစ္စ - မြဲသည်။ ဘဝိဿတိ - ဖြစ်နိုင်ပါအံ့နည်း။ န ဘဝိဿတိ ဧဝ - မဖြစ်နိုင်တော့သည်သာလျှင်တည်း။

**ပါဠိ။** အနတ္တလက္ခဏံ နာနာဓာတုဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာန န ဥပဋ္ဌာတိ၊ နာနာဓာတုဝိနိဗ္ဘောဂံ ကတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။

**အနက်။** အနတ္တလက္ခဏံ - အနတ္တလက္ခဏာသည်။ နာနာဓာတုဝိနိဗ္ဘောဂဿ - အထူးထူးသော ဓာတ်တို့ကို ခွဲခြမ်းဝေဖန်ခြင်းကို။ အမနသိကာရာ - နှလုံးမသွင်း မဆင်ခြင်းကြောင့်။ ဃနေန - အစိုင်အခဲဖြင့်။ ပဋိစ္ဆန္နတ္တာ - ဖုံးအုပ်အပ်သည်၏အဖြစ်ကြောင့်။ န ဥပဋ္ဌာတိ - မထင်။ နာနာဓာတုဝိနိဗ္ဘောဂံ - အထူးထူးသောဓာတ်ကို ခွဲခြမ်းစိတ်ဖြာခြင်းကို။ ကတွာ - ပြု၍။ ဃနဝိနိဗ္ဘောဂေ - အစိုင်အခဲ ခွဲခြမ်းခြင်းကို။ ကတေ - ပြုအပ်သည်ရှိသော်။ ယာထာဝသရသတော - မိမိတို့၏ မှန်ကန်သောကိစ္စ လက္ခဏာအားဖြင့်။ အနတ္တလက္ခဏံ - အနတ္တလက္ခဏာသည်။ ဥပဋ္ဌာတိ - ထင်မြင်လာလေ၏ဟု ပြဆိုထားပါသည်။

## အသုဘအကြောင်း

အသုဘတရာကိုလည်း ရှုအပ်ပါသည်။ "အသုဘ" ဆိုသည်မှာ မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ်သဘောဖြစ်သည်။ ခန္ဓာငါးပါး မှီရာတည်ရာဖြစ်သော ကိုယ်ကာယ ဟူသော အတ္တဘောကြီး၏ မတင့်တယ်ခြင်း၊ နှစ်သက်ဖွယ် မရှိခြင်း၊ စက်ဆုပ်ဖွယ်ဖြစ်ခြင်း စသည့် သဘောကို "အသုဘ"ဟု ခေါ်သည်။ သတ္တဝါများမှာကား တင့်တယ်၏၊ နှစ်သက်ဖွယ်ဖြစ်၏၊ စုံမက်ဖွယ်ဖြစ်၏ဟု အများက ထင်မြင်နေကြခြင်းဖြစ်ပါသည်။ ထိုပြုပြင်မှုအမျိုးမျိုး ဖယ်ရှားလိုက်လျှင် ကိုယ်လုံးတီးချွတ်ထားပါက မတင့်မတယ် ရွံရှာဖွယ် အထင်းသားတွေ့ကြရမည်၊ မမြင်ဝံ့၊ အမြင်မခံဝံ့ ဖြစ်ကြသည်။

တစ်ဖန် ထိုခန္ဓာကိုယ် အတ္တဘောကြီး၏ အရေထူ၊ အရေပါး၊ အသားအရေတို့ကို ကြည့်ပြန်ပါက မတင့်တယ်ကြောင်း ပို၍ပင် ထင်ရှားကြမည်ဖြစ်သည်။ တစ်ဖန် ထိုခန္ဓာကိုယ်အတ္တဘောကြီးမှ ဒွါရ ကိုးပေါက်ကို ကြည့်ပါဦး၊ မျက်စိနှစ်ပေါက်၊ နားနှစ်ပေါက်၊ နှာခေါင်းနှစ်ပေါက်၊ ပါးစပ်တစ်ပေါက်၊ ကျင်ကြီးတစ်ပေါက်၊ ကျင်ငယ်တစ်ပေါက်၊ ပေါင်း အပေါက်ကြီးကိုးပေါက် လူတိုင်းက သိကြပါသည်။

http://www.dhammadownload.com



တစ်ဖန် မွေးညှင်းပေါက် ဟူသော အပေါက်ငယ်များက သိန်းသန်းမက တစ်ကိုယ်လုံး အပြည့်အနှက် ရှိကြပြန်သည်။ ထိုအပေါက်ကြီးကိုးပေါက်မှ ချွေး၊ သွေး၊ တံတွေး၊ နှပ်၊ သလိပ်၊ ပြည်၊ ကျင်ကြီး၊ ကျင်ငယ်၊ မျက်ချေး၊ နားချေး၊ နှပ်ချေး၊ သွားချေးစသော အညစ်အကြေးပေါင်းစုံ နေ့စဉ်ရက်ဆက် ယိုစီးထွက်နေကြသည်မှာလည်း၊ အများသိရှိကြပြီး ရွံရှာစက်ဆုပ်နေကြလေသည်။

ထိုအညစ်အကြေးပေါင်းစုံ ထွက်ရာ ယိုစီးရာ အပေါက်များကား မတင့်မတယ် ရွံရှာဖွယ် အစစ် အမှန်ဖြစ်၍ ကျား,မ မဟူ အဝတ်တန်ဆာအမျိုးမျိုးဖြင့် ဖုံးဖိကာကွယ်ထားကြရသည်။ သေသောအခါမှသာ အသုဘမဟုတ်ပါ။ မသေမီကပင် အသုဘအစစ်ဖြစ်၏။ ပြုပြင်မှုကလေးများက ကာကွယ်ထား၍သာ သုဘထင်နေကြ၏။

**ပါဠိ။** သုဘာနုပဿန္တိ၊ ဣဋ္ဌာရမ္မဏံ မာနသံ ဝိဓ္ဓိတ္ဘွာ ဝိဟရန္တိ။

**အနက်။** သတ္တာ - ပုထုဇဉ်သတ္တဝါများသည်။ သုဘာနုပဿန္တိ - နှစ်သက်ဖွယ်သော အာရုံဟု ရှုမြင်ကုန် ၏။ ဣဋ္ဌာရမ္မဏံ - နှစ်သက်ဖွယ်အာရုံရှိသော။ မာနသံ - မိမိစိတ်ကို။ ဝိဓ္ဓိတ္ဘွာ - ထိုးဖောက်လုပ်၍။ ဝိဟရန္တိ - နေကြကုန်၏။

သုဘာဖြစ်အောင် စိတ်ကို အထူးပြု၍ကြည့်သော သာကေမှာ - သီရိမာ မမာနေစဉ် ဆွမ်းကျွေး သဖြင့်၊ ဆွမ်းဘုဉ်းပေးသော တောရ အာဂန္တုက ရဟန်းတစ်ပါးသည်၊ သီရိမာ မမာနေ၍ မတင့်တယ် သော ရှုပကာယကို စိတ်ဖြင့်ဖြေ၍ (ဝါ) စိတ်နှင့်အထူးပြု၍ တင့်တယ်သော အနေဖြစ်အောင် ကြည့်ရှုခြင်းကို ထောက်သဖြင့် သိနိုင်သည်။ အသုဘကို မမြင်နိုင်အောင် အထက်က ဖော်ပြပြီးခဲ့သော (ပလိဗောဓ) ပြုပြင်မှုများက ဖုံးထား၏။ ဖုံးကွယ်ထားသော ပလိဗောဓ အဖုံးများကို တစ်ခုချင်းခွာကြည့် လျှင် မတင့်တယ်သော အခြင်းအရာ (ဝါ) အသုဘတရားကို သိစေမည်ဖြစ်၏။

## ဝိပလ္လာသတရား (၁၂)ပါး

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ ဟူသော တရားလေးပါးအပေါ်တွင် သတ္တဝါများက ဝိပလ္လာသ သုံးပါးစီဖြင့် အမှတ်မှားနေပြန်သဖြင့် ဝိပလ္လာသ အမြင်မှားမှုပေါင်း ၃ × ၄ လီ = (၁၂)ပါး မှောက်မှား နေကြ၏။

http://www.dhammadownload.com



## ဝိပလ္လာသ ဖောက်မှားမှု သုံးပါး

၁။ သညာဝိပလ္လာသ = အမှတ်မှားမှု။

၂။ စိတ္တဝိပလ္လာသ = အသိမှားမှု။

၃။ ဒိဋ္ဌိဝိပလ္လာသ = အယူမှားမှု တို့ဖြစ်ကြ၏။

ခန္ဓာငါးပါးတို့၌ ဝိပလ္လာသသုံးပါးစီ လွဲမှားနေကြပုံကား အောက်ပါအတိုင်း ဖြစ်၏။ ခန္ဓာငါးပါး မမြဲသောသဘော၌ -

၁။ မြဲ၏ဟု အမှတ်မှားခြင်း = သညာဝိပလ္လာသ။

၂။ မြဲ၏ဟု အသိမှားခြင်း = စိတ္တဝိပလ္လာသ။

၃။ မြဲ၏ဟု အယူမှားခြင်း = ဒိဋ္ဌိဝိပလ္လာသ။

ခန္ဓာငါးပါး၏ ဆင်းရဲသော သဘော၌ -

၁။ ချမ်းသာ၏ဟု အမှတ်မှားခြင်း = သညာဝိပလ္လာသ။

၂။ ချမ်းသာ၏ဟု အသိမှားခြင်း = စိတ္တဝိပလ္လာသ။

၃။ ချမ်းသာ၏ဟု အယူမှားခြင်း = ဒိဋ္ဌိဝိပလ္လာသ။

ခန္ဓာငါးပါး၏ အတ္တကိုယ်မဟုတ်သော သဘော၌

၁။ အတ္တကိုယ်ဟုတ်၏ဟု အမှတ်မှားခြင်း = သညာဝိပလ္လာသ။

၂။ အတ္တကိုယ်ဟုတ်၏ဟု အသိမှားခြင်း = စိတ္တဝိပလ္လာသ။

၃။ အတ္တကိုယ်ဟုတ်၏ဟု အယူမှားခြင်း = ဒိဋ္ဌိဝိပလ္လာသ။

ခန္ဓာငါးပါး၏ သုဘမဟုတ်သော သဘော၌ -

၁။ သုဘဟုတ်၏ဟု အမှတ်မှားနေခြင်း = သညာဝိပလ္လာသ။

၂။ သုဘဟုတ်၏ဟု အသိမှားခြင်း = စိတ္တဝိပလ္လာသ။

၃။ သုဘဟုတ်၏ဟု အယူမှားခြင်း = ဒိဋ္ဌိဝိပလ္လာသ။

http://www.dhammadownload.com



ဤကဲ့သို့ လက္ခဏာတစ်မျိုးလျှင် ဝိပလ္လာသ သုံးမျိုးစီဖြင့် လွဲမှားနေကြသောကြောင့် လက္ခဏာလေးမျိုးအတွက် ဝိပလ္လာသ (၁၂)ပါးကို မပယ်ကြသေးပါ။ သောတာပတ္တိမဂ်ဉာဏ်ကိုရသော ပုဂ္ဂိုလ်များသည် သညာဝိပလ္လာသနှင့် စိတ္တဝိပလ္လာသတရားများ မပြုတ်သေးချေ။ ဒိဋ္ဌိဝိပလ္လာသကိုသာ လုံးဝပြုတ်၏။

လက္ခဏာရေးသုံးပါးအကြောင်း ပြီး၏။

* * * * * * *

## ဝိပဿနာဉာဏ်ဆယ်ပါးတရားတော်

| | | | |
|---|---|---|---|
| (၁) | **သမ္မသနဉာဏ်** | = | ခန္ဓာငါးပါးကို လက္ခဏာရေးသုံးပါးဖြင့် အဖန်အဖန် အထပ်ထပ် သုံးသပ်ဆင်ခြင်သောဉာဏ်။ |
| (၂) | **ဥဒယဗ္ဗယဉာဏ်** | = | "ဥဒယဗ္ဗယေန **ပဋိုဋ္ဌိန္န** သင်္ခါရေ အနိစ္စာဒိတော ဝိပဿတိ" ဟူသော အဋ္ဌကထာပါဌ်အရ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်း အကြောင်းအရင်းဟူသော သမုဒယနှင့် နိရောဓကို သိမ်းဆည်း ပိုင်းခြား နားလည်ပြီးသောအခါ ရုပ်နာမ်ဓမ္မ သင်္ခါရ တည်းဟူသော ခန္ဓာငါးပါးကို အနိစ္စ အစရှိသော လက္ခဏာရေးသုံးပါးဖြင့် ဆင်ခြင်သုံးသပ်သော ဉာဏ်။ |
| (၃) | **ဘင်္ဂဉာဏ်** | = | ခန္ဓာငါးပါးတို့၏ ပျက်ခြင်းသဘောကိုသာ ဆင်ခြင်သောဉာဏ်။ |
| (၄) | **ဘယဉာဏ်** | = | ခန္ဓာငါးပါးတို့၏ ဖြစ်ပေါ်လာခြင်းကို ကြောက်စရာဘေးဟူ၍ ဆင်ခြင်သောဉာဏ်။ |
| (၅) | **အာဒီနဝဉာဏ်** | = | ခန္ဓာငါးပါးတို့၏ အပြစ်ဒေါသကို ဆင်ခြင်သော ဉာဏ်။ |
| (၆) | **နိဗ္ဗိန္ဒဉာဏ်** | = | ခန္ဓာငါးပါးတို့၏ ငြီးငွေ့ဖွယ်ကို ဆင်ခြင်သောဉာဏ်။ |
| (၇) | **မုဉ္စိတုကမျတာဉာဏ်** | = | ခန္ဓာငါးပါးတို့၏ လွတ်ရာလွတ်ခွင့်ကို ဆင်ခြင်သော ဉာဏ်။ |
| (၈) | **ပဋိသင်္ခါဉာဏ်** | = | ခန္ဓာငါးပါးတို့၌ အဖန်ဖန်အထပ်ထပ် ငြီးငွေ့ဖွယ်ကို ဆင်ခြင်သောဉာဏ်။ |

http://www.dhammadownload.com



(၉) **သင်္ခါရုပေက္ခာဉာဏ်** = ခန္ဓာငါးပါးတို့၌ ချစ်ခြင်း, မုန်းခြင်းကို လုံးလုံး လျစ်လျူရှုသော ဉာဏ်။

(၁၀) **အနုလောမဉာဏ်** = ခန္ဓာငါးပါးတို့၌ လက္ခဏာရေးသုံးပါးကို အာရုံပြု၍ မဂ်နှင့် လျော်ညီစွာ ဖြစ်ပေါ်သော ဉာဏ်။

ဧဝံ သမ္မသနံ - ဤသို့ ခန္ဓာငါးပါးကို လက္ခဏာရေးသုံးပါးဖြင့် အဖန်ဖန်အထပ်ထပ် သုံးသပ်ခြင်းသည်။ သမ္မသနေဉာဏံ - သမ္မသနဉာဏ်မည်၏။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်) "ဥဒယဗ္ဗယဉာဏ်"သည် ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းနှင့် ပျက်ခြင်းကို ပစ္စယဂရိဂ္ဂဟဉာဏ်အားဖြင့် ခန္ဓာငါးပါးဖြစ်ခြင်း - သမုဒယ၊ ပျက်ခြင်း - နိရောဓနှင့် ပြသခြင်း၊ ဥဒယ - ဖြစ်ခြင်း၊ ဝယ - ပျက်ခြင်းကို ပြသောအခါ ဝိညာဏစာတ်ခြောက်ရပ်ကိုမှီ၍ဖြစ်သော ခန္ဓာငါးရပ်ကိုရှုလျှင် အတိတ်အကြောင်းဖြစ်သော အဝိဇ္ဇာ, တဏှာ, ကံကြောင့် ပဋိသန္ဓေခဏ ခန္ဓာအသစ်ဖြစ်ပြီးနောက် ပစ္စုပ္ပန်အကြောင်းဖြစ်သော ကံ, စိတ်, အာဟာရ, ဖဿ, နာမ်ရုပ် တို့ကြောင့် ဖြစ်နေခြင်းကို သိရ၏။

"ဥဒယဗ္ဗယဉာဏ်"ကို ရှုရာတွင် ဥဒယ - ဖြစ်ခြင်းနှင့် ဝယ - ပျက်ခြင်းကို အကြိမ်ကြိမ် ရှုနေရန် မလိုပါ။ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်း၏ အကြောင်းရင်းကို သိရန်သာ အရေးကြီးပါသည်။

**ပါဠိတော်။** ဥဒယဗ္ဗယဝိပဿနာ အာရဘိတွာ ဥဒယဗ္ဗယေန ပရိစ္ဆိန္ဒိတွာ သင်္ခါရေ အနိစ္စာဒိတော ဝိပဿနာ။

**အဓိပ္ပါယ်မှာ။** ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းအကြောင်း ပစ္စယပရိဂ္ဂဟဉာဏ်ကို သိအောင်လုပ်ပြီး ခန္ဓာငါးပါး တို့၏ ချုပ်ခြင်း၏အကြောင်းကို သိအောင်လုပ်ပြီး ဥဒယဗ္ဗယဉာဏ်ကို သိပြီးမှ ခန္ဓာငါးပါးကို လက္ခဏာရေး သုံးပါးဖြင့် ဆင်ခြင်သုံးသပ်ရန်ဟု ဆိုခြင်းဖြစ်၏။

တစ်ဖန် ခန္ဓာငါးပါးတို့သည် ဖြစ်ပြီးလျှင် ပျက်သည်ဟု ဆင်ခြင်ဖန်များလျှင် အမြင်သန်လျက် ဉာဏ်ထက်လာ၍ တေဘုမ္မကသင်္ခါရ ရုပ်နာမ်တရားတို့၏ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် လျင်မြန်စွာ ထင်မြင်လာသောအခါ၊ ဥပါဒ်ခဏ ဖြစ်သဘောပြုတ်၍ ဘင်ခဏ - ပျက်သဘောကိုသာလျှင် မြင်တော့၏။ ဤကဲ့သို့ အပျက်ကြီးပဲဟု မြင်လာသဖြင့် ခန္ဓာငါးပါးတို့သည် မမြဲ၍ ပျက်ခြင်းရှေ့ရှုနေဘိသကဲ့သို့ ပျက်ပြီးရင်း ပျက်ခြင်းကိုသာ မြင်လာသဖြင့် ခန္ဓာငါးပါးတို့သည် မမြဲကုန်ဘဲ ပျက်ခြင်း၊ ချုပ်ခြင်း၊ ဖောက်ပြန်ခြင်းကို ရှုနေသော စိတ်ကလေးပျက်သွားခြင်းကို ဒုတိယစိတ်က လိုက်လာ၍ ရှုပြန်၏။ ဤကဲ့သို့ ပျက်ခြင်းသဘော ကို အထပ်ထပ် ရှုခြင်းများလျှင် "ဘင်္ဂဉာဏ်"သို့ အလိုလို သက်ရောက်လေ၏။

http://www.dhammadownload.com



ဘင်္ဂဉာဏ်ဖြစ်ပေါ်လာလျှင် အာနိသင်ရှစ်ပါး ဤသို့ဖြစ်ပေါ်လာ၏။

| | | | |
|---|---|---|---|
| ၁။ | ဒိဋ္ဌိဝိသုဒ္ဓိ | = | အယူစင်ကြယ်ခြင်း။ (သမ္မာဒိဋ္ဌိ) |
| ၂။ | ဇီဝိတနိကန္တိပရိစ္စာဂ | = | အသက်၌ နှစ်သက်တွယ်တာခြင်းကို စွန့်ရဲခြင်း။ |
| ၃။ | သဒ္ဓါယုတ္တပယုတ္တဂုဏ် | = | သဒ္ဓါယုံကြည်မှုဖြင့် တရားအားထုတ်ရာ၌ မွေ့လျော်ခြင်း။ |
| ၄။ | ဝိသုဒ္ဓါဇီဝိတ | = | စင်ကြယ်သော အသက်မွေးခြင်း (သမ္မာအာဇီဝ) |
| ၅။ | အပ္ပေါ်ဿုက္က | = | ကြောင့်ကြမဲ့ခြင်း။ |
| ၆။ | ဝိဂတဘယ | = | ကြောက်ခြင်းကင်းခြင်း။ |
| ၇။ | ခန္တီသောရစ္စသုရတဂုဏ် | = | သည်းခံနိုင်ခြင်း၌ မွေ့လျော်ခြင်း။ |
| ၈။ | အရတိရတိသဟနတာ | = | ကာမဂုဏ်တရားတို့၌ မွေ့လျော်ခြင်းကို ဖျက်ဆီး၍ ဝိပဿနာအာရုံတို့၌ မွေ့လျော်ခြင်း။ |

**ဆောင်။** "ဒိဋ္ဌိ, နိ, ယုတ်၊ ဝိ, သု, အပ္ပေါ်၊ ဝိသော, ဟနတ၊ ဤရှစ်ဝ၊ ဘင်္ဂအာနိသင်"ဟူ၍ စပ်ဆိုထားကြသည်။

"ဘယဉာဏ်"ကို "ဘေး"ဟု ခေါ်သည်။ မြန်မာလို "ကြောက်စရာ"ဟု ခေါ်ပါသည်။ ခန္ဓာငါးပါးတို့သည် မမြဲကုန်၊ ဘေးအတိပြီးကုန်၍၊ ကပ်၍ နှိပ်စက်တတ်ခြင်း၊ ခိုင်မာသော အနှစ်သာရမရှိကြ၍ ကြောက်စရာဖြစ်ခြင်းသည်၊ ဘယဉာဏ်ဖြစ်၍ ၎င်းကို အားထုတ်ရန် ဉာဏ်မဟုတ်ချေ။ ပြခဲ့ပြီးသော ဉာဏ်သုံးမျိုးကို ကြိုးစားပွားများ၍ ခန္ဓာငါးပါးတို့ကို ကြောက်စရာဘေးအတိဟု မြင်ခြင်းဖြစ်၏။

ခန္ဓာငါးပါးတို့၏ ဖြစ်ရခြင်းသည် သေမင်း၏ အစာဖြစ်၍ အပြစ်များကို မြင်သောဉာဏ်ကို "အာဒီနဝဉာဏ်"ဟုခေါ်၏။

ခန္ဓာငါးပါးတို့ကို ငြီးငွေ့ရွံ့မုန်းခြင်း ဖြစ်ပေါ်သည်ကို "နိဗ္ဗိဒါဉာဏ်"ဟု ခေါ်ခြင်းဖြစ်၏။ ၎င်းဉာဏ်ပေါ်လျှင် ပရိယာယ်လေးမျိုးဖြင့် ငြီးငွေ့၏။

၎င်းလေးမျိုးတို့မှာ -

**ဣမေသံ မမ ခန္ဓာနံ ဘိဇ္ဇနံ နာမေတံ** - အရ ဤသို့ ချုပ်ပျောက်ပြုန်းတီး ပျက်စီးခြင်းမည်သည်။

http://www.dhammadownload.com



၁။ **အဟော ဝတ နိဗ္ဗိန္ဒံ** - သြော် ဘဝသုံးစုံ ဘုံဝလေ့မှာဖြင့် ငြီးငွေ့ဖွယ်ကြီးပါတကား။

၂။ **အဟော ဝတ ဇေဂုစ္ဆံ** - သြော် ခန္ဓာငါးပါးတို့သည် စက်ဆုပ်ခြင်းပါတကား။

၃။ **အဟော ဝတ ပဋိကူလံ** - သြော် ခန္ဓာငါးပါးတို့သည် နှလုံးနာစရာ ကြီးပါတကား။

၄။ **အဟော ဝတ အနာလယံ** - သြော် ခန္ဓာငါးပါးတို့သည် တပ်မက်စရာ မရှိပါတကားဟု နိဗ္ဗိန္ဒဉာဏ်ဖြစ်ပေါ်၏။

ခန္ဓာငါးပါးတို့သည် ကြောက်စရာ, ရွံမုန်းစရာမှန်းသိ၍ ခင်မင်တွယ်တာခြင်းမရှိဘဲ အာလယ ပြတ်ကုန်၏။ ၎င်းတို့မှ လွတ်လိုသော ဆန္ဒစိတ် ဖြစ်ပေါ်လာခြင်းကို "မုဉ္စိတုကမျတာဉာဏ်" ဟုခေါ်၏။ (ဘယဉာဏ်မှစ၍ မုဉ္စိတုကမျတာဉာဏ်အထိ သူ့အလိုလို ဖြစ်ပေါ်လာသောဉာဏ်)ဖြစ်၏။

ကျွတ်ခါနည်း၊ လွတ်ခါနည်း ခန္ဓာငါးပါးတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ဖြင့် တစ်ဖန်ပြန်၍ ဆင်ခြင်သုံးသပ် ပွားများခြင်းကို ပဋိသင်္ခါဉာဏ်ဖြစ်၏။ ထို့နောက် ဆက်လက်ဆင်ခြင်သောအခါ ခန္ဓာငါးပါးတို့ကို ချစ်ခြင်း၊ မုန်းခြင်း မရှိ၍ လျစ်လျူရှုသော "သင်္ခါရုပေက္ခာဉာဏ်" ပေါ်လာ၏။

သင်္ခါရုပေက္ခာဉာဏ် ပေါ်လာပြီးသည်နှင့် တစ်ပြိုင်နက် မဂ်ဉာဏ်ဖြစ်ပေါ်လာရန် "အနုလောမဉာဏ်"ဖြစ်၏။ သင်္ခါရုပေက္ခာဉာဏ် ပေါ်လာပြီးနောက် ခန္ဓာငါးပါးတို့ကို လက္ခဏာရေး သုံးပါးဖြင့် အာရုံတို့၌ ဆင်ခြင်ဆဲအခါ "ပရိကံ၊ ဥပစာ၊ အနုလုံ" ဇောစိတ်သုံးခုနှင့် ယှဉ်နေသောဉာဏ်ကို "အနုလောမဉာဏ်"ခေါ်၏။ ဇောသုံးချက်ချုပ်ပြီးနောက် ဂေါတြဘူဉာဏ်ပေါ်၍ ခဏငယ် သုံးချက်စေ့လျှင် မဂ်ဇော တစ်ကြိမ်စောပြီးလျှင် မဂ်ဉာဏ်၊ မဂ်ဇော၊ မဂ်ဝီထိ ကျရောက်၏။

(ဉာဏ်စဉ်ဆယ်ပါးတို့၏ အကြောင်းကို အကျယ်တဝင့်သိလိုပါက ဉာဏတန္တိ ဋီကာစာအုပ် တွင် ဖတ်ရှုကြပါရန်။)

ခံ ဝိပဿနာ၊ ဉာဏ်ဆယ်ဖြာဟု၊ သေချာမှတ်သား၊ ထိုတရားကို၊ ပိုင်ခြားထင်ထင်၊ ဉာဏ်၌ထင်၍ ဆင်ခြင်သုံးသပ်၊ အထပ်ထပ်ဟု၊ မပြတ်တစေ၊ ပွားများပေသော်၊ ကိလေသမုဒ်၊ ရေအစုတ်ဟု၊ ဇလုတ်အဏ္ဏဝါ၊ သံသရာဝယ်၊ ရံခါမစဲ၊ သြဃထဲမှာ၊ ဆွဲကာဆောင်ယူ၊ မာရ်မပြုသည့်၊ သုံးလူ့ ထွတ်ထား၊ မြတ်ဘုရား၏၊ ဟောကြားမိန့်မြွက်၊ ဓမ္မစက်မှာ၊ အကာလိက၊ ခါမရဟု၊ မဂ္ဂနောက်မှာ၊ အနန္တရမျိုး၊ ဖိုလ်အကျိုးကို၊ ကွန့်ဖြိုးဧကန်၊ ရကြောင်းမှန်သည်၊ ဆယ်တန်ဉာဏ်စဉ် - သဘောတည်း။

http://www.dhammadownload.com



## သိက္ခာသုံးပါး၌ ဝိသုဒ္ဓိခုနစ်ပါးဝင်ပုံ

အထူးမှတ်ဖွယ်ကား - ပုညကိရိယာဆယ်ပါးသည် အကျဉ်းအားဖြင့် ဒါန, သီလ, ဘာဝနာ ဟူ၍ သုံးပါးသာလျှင် ဖြစ်သကဲ့သို့ ဤဝိသုဒ္ဓိခုနစ်ပါးသည် စင်စစ်အားဖြင့် သီလ, သမာဓိ, ပညာ ဟူ၍ သုံးပါး သာလျှင်ဖြစ်၏။ အကြောင်းမူကား သီလဝိသုဒ္ဓိ တစ်ပါးတည်းဖြင့် "အပ္ပိစ္ဆကထာ၊ သန္တုဋ္ဌိကထာ၊ အသံသဂ္ဂကထာ၊ သီလကထာ"ဟူ၍ ကထာလေးရပ်ဖြစ်ကြောင်း၊ စိတ္တဝိသုဒ္ဓိတစ်ပါး တည်းဖြင့် ဝိသေသကထာ၊ ဝီရိယာဂမ္ဘာကထာ၊ သမာဓိကထာဟူ၍ ကထာသုံးရပ်ဖြစ်ကြောင်း၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿန ဝိသုဒ္ဓိအားဖြင့် ငါးပါးကုန်သော ဝိသုဒ္ဓိတို့သည် တစ်ခုသော ပညာကထာသာလျှင် ဖြစ်ကြောင်းများကို ရထဝိနီတသုတ်၌ အဋ္ဌကထာဆရာ မိန့်တော်မူအပ်၏။ ယင်းသို့ မိန့်တော်မူရကား ဝိသုဒ္ဓိခုနစ်ပါးသည် အကျဉ်းချုပ်အားဖြင့် သီလ၊ သမာဓိ၊ ပညာ ဟူ၍ သုံးပါးသာလျှင် ဖြစ်ကြောင်းကို သိအပ်၏။

## ဉာဏ်ဆယ်ပါးနှင့် ဝိသုဒ္ဓိခုနစ်ပါး နှိုးနှော၍ပြခြင်း

အခုအခါ ဆိုအပ်ခဲ့ကုန်ပြီးသော ဝိပဿနဉာဏ်ဆယ်ပါးတို့နှင့် ဤဝိသုဒ္ဓိခုနစ်ပါးတို့ကို နှီးနှော၍ ပြဆိုပေအံ့ -ဝိသုဒ္ဓိခုနစ်ရပ်တို့တွင် သီလဝိသုဒ္ဓိ မည်သည်ကား လူဥပါသကာ ဥပါသိကာတို့၌ စောင့်ထိန်းအပ်သော ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ ကျိုးပေါက်ခြင်း မရှိကုန်၍ စင်ကြယ်စွာ စောင့် ရှောက်ခြင်းသည်လည်းကောင်း၊ ရဟန်းတော်တို့၌ နှစ်ရာ့နှစ်ဆယ့်ခုနှစ်ပါးကုန်သော သိက္ခာပုဒ်တော်တို့ကို ကောင်းစွာ စောင့်ရှောက်ခြင်း ပါတိမောက္ခသံဝရသီလ၊ စက္ခု, သောတစသည့် ခြောက်ထွေ ဣန္ဒြေတို့ ကို စောင့်ရှောက်ခြင်း ဣန္ဒြိယသံဝရသီလ၊ သစ်သီးပေးခြင်း, ဆေးကုခြင်း, ဗေဒင်ဟောခြင်းစသော ကုလဒူသကရှစ်ပါး၊ အနေသန နှစ်ဆယ့်တစ်ပါးစသော မိစ္ဆာဇီဝတို့မှ ကင်းသဖြင့် အသက်မွေးစင်ကြယ်ခြင်းစသော အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စည်းလေးပါးတို့ကိုမှီ၍ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်ခြင်း အကျိုးရှိ၏ဟု အဖန်တလဲလဲ "ပဋိသင်္ခါ ယောနိသော" စသည်ဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်း ပစ္စယသန္နိဿိတသီလ - ဤသို့ ဆိုအပ်ခဲ့ပြီးသော စတုပါရိသုဒ္ဓိသီလတို့ဖြင့် အသက်မွေးစင်ကြယ်ခြင်းသည် သီလဝိသုဒ္ဓိ မည်၏။ သီလဝိသုဒ္ဓိသည် ရှေးဦးစွာ ပြည့်စုံစေရာသည် ဖြစ်၍ ပထမရထားသဖွယ်ဖြစ်၏။

စိတ္တဝိသုဒ္ဓိမည်သည်ကား အပ္ပနာစျာန်၏အနီး၌ တည်ကြည်ခြင်းဟူသော ဥပစာရသမာဓိသည် လည်းကောင်း၊ အပ္ပနာစျာန်၌ဖြစ်သော တည်ကြည်ခြင်း အပ္ပနာသမာဓိသည်လည်းကောင်း၊

http://www.dhammadownload.com



မိမိကိုယ်တွင်း၌ဖြစ်သော စိတ်ကို နီဝရဏတရားတို့မှ ကင်းဝေးသည်၏အဖြစ်သို့ ရောက်စေသဖြင့် စင်ကြယ်စေတတ်သောကြောင့် စိတ္တဝိသုဒ္ဓိမည်၏။ ဤစိတ္တဝိသုဒ္ဓိသည် နှစ်ကြိမ်မြောက် ပြည့်စုံစေရာ သည်ဖြစ်၍ ဒုတိယ ရထားသဖွယ်ဖြစ်၏။

ဒိဋ္ဌိဝိသုဒ္ဓိ မည်သည်ကား လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ အစွမ်းအားဖြင့် နာမ်ရုပ်တို့ကို သိမ်းဆည်းခြင်းသည်ပင်လျှင် အယူ၏ စင်ကြယ်ခြင်းဖြစ်၍ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

## နာမ်ရုပ်သိမ်းဆည်းပုံ

ဤစကားရပ်၌ နာမ်ရုပ်တို့ကို သိမ်းဆည်းခြင်းဟူရာဝယ် နာမ်သည် ဤအရာ၌ စိတ်စေတသိက် နှစ်ပါးရှိရာတွင် စိတ်နာမ်သည် အာရုံကို သိခြင်းလက္ခဏာရှိ၏။ ပြဋ္ဌာန်းခြင်းကိစ္စရှိ၏။ အစဉ်မပြတ်သော သန္တာန်လျှင် ရှေးရှုထင်သော အခြင်းအရာ ရှိ၏။ နာမ်ရုပ်တို့လျှင် နီးစွာသောအကြောင်းရှိ၏။ ဤသို့ ဝိညာဏက္ခန္ဓာ ဟူသော စိတ်နာမ်၌ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ကောက်ယူပါ။

စေတသိက် နာမ်သည် အာရုံတို့၌ ညွတ်ခြင်း လက္ခဏာရှိ၏။ ဝိညာဏ်နှင့်တကွ ရောပြွမ်းခြင်း ကိစ္စရှိ၏။ ဝိညာဏ်လျှင် အသီးအသီး မဝေဖန်ခြင်းသည်သာလျှင် ရှေးရှုထင်သော အခြင်းအရာရှိ၏ ဝိညာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။ ဤသို့ စေတသိက် နာမက္ခန္ဓာ သုံးပါးတို့၌ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ကောက်ယူပါ။

ရုပ်သည် ဖောက်ပြန်ခြင်း လက္ခဏာရှိ၏၊ ညီညွတ်ခြင်းကိုပယ်ခြင်း ကိစ္စရှိ၏၊ အဗျာကတ အဖြစ်လျှင် ရှေးရှုထင်သော အခြင်းအရာရှိ၏၊ ဝိညာဏ်လျှင် နီးစွာသောအကြောင်းရှိ၏၊ ဤသို့ရူပက္ခန္ဓာ ဟူသော ရုပ်တရားတို့၌ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ကို ကောက်ယူပါ။ ဤသို့ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့၏အစွမ်းဖြင့် နာမ်ရုပ်တို့ကို သိမ်းဆည်းခြင်း၌ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ဟန်ကို သိပါလေ၊ ဤဒိဋ္ဌိဝိသုဒ္ဓိသည် သုံးကြိမ်မြောက် ပြည့်စုံစေရာသည်ဖြစ်၍ တတိယ ရထားသဖွယ်ဖြစ်၏။

ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်သည်ကား ထိုနာမ်ရုပ်တို့၏အကြောင်းကို သိမ်းဆည်းခြင်းသည် ပင်လျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏။

(ဤအရာ၌ ပုနရုတ္တိဒေါသကို မငဲ့ကွက်ဘဲ နာမ်ရုပ်တို့၏အကြောင်းကို ဆိုဦးအံ့၊ နာမ်ရုပ်နှစ်ပါးစုံ သည် ပဋိသန္ဓေအခါ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ကံဟူသော ဟေတုအစွမ်းကြောင့် ဖြစ်၏။ ပဝတ္တိအခါ၌

http://www.dhammadownload.com



ရုပ်သည် ကံ, စိတ်, ဥတု, အာဟာရ ဟူသော ပစ္စည်းအစွမ်းကြောင့် ဖြစ်၏၊ ဤသို့ ရုပ်ဖြစ်ကြောင်းကို သိအပ်၏ နာမ်သည် စက္ခုပသာဒ ရူပါရုံစသော နိဿယပစ္စည်း၊ အာရမ္မဏစသော ပစ္စည်းတို့၏ အစွမ်းကြောင့် ဖြစ်၏။ ဝိသေသအားဖြင့်ကား ယောနိသော မနသိကာရ စသောလေးပါးကုန်သော စက္ကသမ္ပတ္တိတို့ကြောင့် ကုသိုလ်ဟူသော နာမ်သည် ဖြစ်၏၊ ကုသိုလ် အကုသိုလ် နှစ်ပါးစုံတို့၏အစွမ်းဖြင့် ဝိပါတ် ဟူသော နာမ်သည် ဖြစ်၏။ ထိုမှပြန်သောအားဖြင့် အယောနိသော မနသိကာရ စသော လေးပါးသော စက္ကသမ္ပတ္တိတို့၏ ချို့တဲ့ခြင်းကြောင်း အကုသိုလ်ဟူသော နာမ်သည်ဖြစ်၏။ ဘဝင် စသည်တို့၏အစွမ်းဖြင့် အာဝဇ္ဇန်းဟူသော နာမ်သည်ဖြစ်၏။ ရဟန္တာအရှင်တို့၏ သန္တာန်၌ ဖြစ်သည်၏ အစွမ်းဖြင့် ကြိယာဇောဟူသော နာမ်သည်ဖြစ်၏၊ ဤသို့ နာမ်တရား၏အကြောင်းကို သိအပ်၏။)

ဤသို့ သာခာရဏ- ဆက်ဆံခြင်း၊ အသာဓာရဏ- မဆက်ဆံခြင်းတို့၏အစွမ်းဖြင့် ကာလသုံးပါးတို့၌ နာမ်ရုပ်တို့၏ဖြစ်ခြင်းကို ပစ္စက္ခ စသည်ဖြင့် ပြီးကုန်သော ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတို့ကို သိမ်းဆည်းခြင်း၊ ထိုမှတစ်ပါး အကြောင်းဖြစ်သော သမုဒယသစ္စာကို ပိုင်းခြားခြင်းသည် ယုံမှားခြင်းမှ စင်စစ်ကင်းလွတ်နိုင်သဖြင့် "ငါသည် အတိတ်ကာလ၌ ဖြစ်ခဲ့ဖူးလေ ပြီလော၊ မဖြစ်ခဲ့ဖူးလေသလော" စသည်တို့ဖြင့် တစ်ဆယ့်ခြောက်ပါးသော ယုံမှားခြင်းတို့မှလည်းကောင်း၊ ဘုရားမြတ်စွာ၌ ယုံမှားခြင်း "သတ္ထရိ ကင်္ခတိ"စသော ရှစ်ပါးကုန်သော ယုံမှားခြင်းတို့မှလည်းကောင်း လွန်မြောက်နိုင်ခြင်း၊ ညစ်ကြေးစွန်းထင် မသန့်ရှင်းသောအယူကို သုတ်သင်ခြင်းတို့ကြောင့် "ကင်္ခါဝိတရဏဝိသုဒ္ဓိ"မည်၏။ ဤကင်္ခါဝိတရဏဝိသုဒ္ဓိ မည်သည် လေးကြိမ်မြောက် ပြည့်စုံစေရာသည် ဖြစ်၍ စတုတ္ထရထားသဖွယ် ဖြစ်၏။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်သည်ကား ထိုကဲ့သို့ စတုတ္ထရထားသဖွယ်ဖြစ်သော ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်သည်မှ နောက်၌ ထိုသို့သော အခြင်းအရာအားဖြင့် သိမ်းဆည်းအပ်ကုန်သော တေဘူမကသင်္ခါရတို့၌ နောက်ကဆွန်ပြအပ်ခဲ့ပြီးသော နည်းအားလျော်စွာ ကာလတို့၏အစွမ်းဖြင့် လည်းကောင်း၊ ခဏတို့၏ အစွမ်းဖြင့်လည်းကောင်း သီးခြားပိုင်းခြားလျက် သမ္မသနဉာဏ်ဖြင့် အနိစ္စ၊ ဒုက္ခ, အနတ္တဟူ၍ လက္ခဏာယာဉ်သုံးပါးတို့ကို သုံးသပ်သော ယောဂီပုဂ္ဂိုလ်တို့၏လည်းကောင်း၊ ထိုတေဘူမကသင်္ခါရတို့၌ သာလျှင် အကြောင်း၏အစွမ်း အားဖြင့်လည်းကောင်း၊ ဥဒယဗ္ဗယဉာဏ်ဖြင့် လည်းကောင်း၊ အဖြစ်အပျက်ကို အဖန်ဖန် အထပ်ထပ်ရှုသော ယောဂီပုဂ္ဂိုလ်၏လည်းကောင်း၊ ဩဘာသစသော ဝိပဿနာညစ်ညူးကြောင်း ဘေးရန်ဆယ်ပါးတို့ကို သိမ်းဆည်းသည်၏ အစွမ်းဖြင့် လည်းကောင်း၊ မဂ်ဟုတ်သည် မဟုတ်သည်ကို သိမြင်နိုင်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်းသည်

http://www.dhammadownload.com



မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။ ဤမဂ္ဂါမဂ္ဂဉာဏ ဝိသုဒ္ဓိသည် ငါးကြိမ်မြောက် ပြည့်စုံစေရာသည် ဖြစ်၍ ပဉ္စမ ရထားသဖွယ်ဖြစ်၏။ ဤဉာဏ်သည် ဝိပဿနာ ဉာဏ်ဆယ်ပါးတို့တွင် သမ္မသနဉာဏ်နှင့် လည်းကောင်း၊ ဥဒယဗ္ဗယဉာဏ်နှင့်လည်းကောင်း ဆက်ဆံလျက် ရှိ၏ဟူ၍ မှတ်သားပါလေ။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်သည်ကား ထိုသို့ဆိုအပ်ခဲ့ပြီးသော အခြင်းအရာတို့အားဖြင့် ဝိပဿနာတရား၏ ညစ်ညူးကြောင်းဖြစ်သော ဆယ်ပါးကုန်သော ဘေးရန်တို့မှ လွန်မြောက်သော ယောဂီပုဂ္ဂိုလ်တို့၏ ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမဉာဏ်တို့တိုင်အောင် လက္ခဏာယာဉ်သုံးပါး တို့ကို ဝိပဿနာအဆင့်ဆင့်တက်၍ ကျင့်ဆောင်လုံ့လပြုသဖြင့် အဆင့်ဆင့်ပင် ဖြစ်ပေါ်လာကုန်သော ထိုယောဂါဝစရ ပုဂ္ဂိုလ်တို့၏ ကိုးပါးကုန်သော ဝိပဿနာဉာဏ်တို့သည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။ ထိုဝိသုဒ္ဓိသည် ခြောက်ကြိမ်မြောက် ပြည့်စုံစေရာသည်ဖြစ်၍ ဆဋ္ဌမရထားသဖွယ် ဖြစ်ပေ၏။ ထိုဝိသုဒ္ဓိသည် ဝိပဿနာဉာဏ်ဆယ်ပါးတို့တွင် ဥဒယဗ္ဗဉာဏ်မှ အနုလောမဉာဏ်သို့ တိုင်အောင် ကိုးပါးကုန်သော ဝိပဿနာဉာဏ်တို့နှင့် ဆက်ဆံလျက်နေ၏။

ထို့ကြောင့် ဥဒယဗ္ဗယဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၏ ဆက်ဆံခြင်းကိုလည်းကောင်း၊ ဘင်္ဂါနုပဿနာဉာဏ်တို့နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတို့၏ ဆက်ဆံခြင်းကိုလည်းကောင်း၊ ဘယဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတို့၏ ဆက်ဆံခြင်းကိုလည်းကောင်း၊ အာဒီနဝါ နုပဿနာဉာဏ်နှင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိတို့၏ ဆက်ဆံခြင်းကိုလည်းကောင်း၊ နိဗ္ဗိန္ဒာနုပဿနဉာဏ်နှင့် ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိတို့၏ ဆက်ဆံခြင်းကိုလည်းကောင်း၊ ပဋိသင်္ခါနုပဿနာဉာဏ်နှင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ တို့၏ ဆက်ဆံခြင်းကိုလည်းကောင်း၊ သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ တို့၏ ဆက်ဆံခြင်းကိုလည်းကောင်း မှတ်အပ်ကုန် ၏။ ဤသို့ ရည်ရွယ်တော်မူ၍ သင်္ဂဟ၌ ဤသို့မိန့်တော်မူ၏။

**ပါဠိ။** နဝ ဝိပဿနာဉာဏာနိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နာမ။ (သင်္ဂဟအဋ္ဌကထာ)

**အနက်။** နဝ - ကိုးပါးကုန်သော။ ဝိပဿနာဉာဏာနိ - ဝိပဿနာဉာဏ်တို့သည်။ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ နာမ - ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။

ဉာဏဒဿနဝိသုဒ္ဓိမည်သည်ကား မဂ်လေးပါးတို့နှင့် ယှဉ်၍ဖြစ်သောဉာဏ်ဟု သိသောကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ "စတူသု မဂ္ဂေသုဉာဏံ ဉာဏဒဿနဝိသုဒ္ဓိ နာမ"ဟူ၍ မိန့်တော်မူလေပြီ။ သင်္ဂဟကျမ်း၌လည်း ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊

http://www.dhammadownload.com



ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ - ဤခြောက်ပါးကုန်သော ဝိသုဒ္ဓိတို့၏ အစဉ်အားဖြင့် ပွားစေအပ်သော, လေးပါးအပြားရှိသော မဂ်တရားကို "ဉာဏဒဿနဝိသုဒ္ဓိ" မည်၏။ ထို့ကြောင့် ဤ ဉာဏဒဿနဝိသုဒ္ဓိအရာ၌ ဤသို့ ဖွင့်ဆိုထား၏။

**ပါဠိ။** ဆဗ္ဗိသုဒ္ဓိကမေနေဝံ၊ ဘာဝေတဗ္ဗော စတုဗ္ဗိဓော။
ဉာဏဿနဝိသုဒ္ဓိ - နာမ မဂ္ဂေါ ပဝုစ္စတိ။

**အနက်။** ဧဝံ - ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဆဗ္ဗိသုဒ္ဓိကမေနေ - ခြောက်ပါးသော ဝိသုဒ္ဓိအစဉ် ဖြင့်။ ဘာဝေတဗ္ဗော - ပွားစေအပ်သော။ စတုဗ္ဗိဓော - လေးပါးအပြားရှိသော။ မဂ္ဂေါ - မဂ်ကို။ ဉာဏဿနဝိသုဒ္ဓိ နာမ - ဉာဏဒဿနဝိသုဒ္ဓိမည်၏ ဟူ၍၊ (ဝါ) နိဗ္ဗာန်ကို သိနိုင် မြင်နိုင် **မဂ်ဉာဏ်တရား ၏ စင်ကြယ်ခြင်းဟူ၍။ ပဝုစ္စတိ - အပြားအားဖြင့် ဆိုအပ်၏။**

ဤဉာဏဒဿနဝိသုဒ္ဓိသည် နိဗ္ဗာန်ထုတ်ချောက် ပေါက်ရောက်နိုင်သော သတ္တမရထားသဖွယ် ဖြစ်ချေရကား သာကေတပြည်၏ စံနန်းတော်တံခါး၌ သက်ဆင်း၍ ကောသလမင်းသည် ပြာသာဒ် အထက်၌ ဆွေတော်မျိုးတော်အပေါင်းတို့ဖြင့် သောင်းသောင်းဖြဖြ ဝန်းရံလျက် ကောင်းမြတ်လှစွာသော ဘောဇဉ် ခဲဖွယ်တို့ကို သုံးဆောင်တော်မူသောပမာ ဉာဏဒဿနဝိသုဒ္ဓိမည်သော လေးပါးကုန်သော မဂ်ဉာဏ်တို့ဖြင့် ကိလေသာအပေါင်းတို့ကို ကုန်ခန်းစေလျက် မြတ်သောတရားပြာသာဒ် အထက်သို့ တက်၍ ငါးဆယ်အလွန်ရှိကုန်သော (ပရောပဏ္ဏာသ) ကုသိုလ်တရားတို့ဖြင့် ခြံရံလျက် နိဗ္ဗာန်လျှင် အာရုံရှိသော ဖလသမာပတ်ကို ဝင်စား၍ နိရောဓတည်းဟူသော အိပ်ရာပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံပယ်နေလျက် လောကုတ္တရာ ချမ်းသာကို ခံစားစံစားခြင်းကို ဆိုအပ်ခဲ့ပြီးသောနည်းတို့ဖြင့် သိပါလေ။ ဤသို့ ဝိပဿနာဉာဏ်ဆယ်ပါး တို့နှင့် ဝိသုဒ္ဓိခုနစ်ပါးတို့၏ ရောနှောဆက်ဆံခြင်းကို မှတ်ရာသတည်း။

## ဇာတိပညာပျိုးထောင်ပေးရေး

ဤမျှသောစကားစဉ်ဖြင့် သမ္မသနဉာဏ်စသော ဝိပဿနာဉာဏ်ဆယ်ပါး၊ သီလဝိသုဒ္ဓိစသော ဝိသုဒ္ဓိခုနစ်ပါးတို့ကို အစဉ်အတိုင်း ဆင်ခြင်သုံးသပ် ပွားများအားထုတ်ကုန်သည်ရှိသော ရှေးရှေးကာလတို့၌ ဗောဓိကို ရစိမ့်သောငှာ ဆည်းပူးသင့် ဆည်းပူးထိုက်သော ဗောဓိသမ္ဘာရဂုဏ်ကို ပြည့်စုံစွာ ဆည်းပူးခဲ့ သဖြင့် ပါရမီဆယ်တန် ရဲရဲလျှံ ရင့်ကျက်သော ယောဂီသည် မိမိသန္တာန်ဝယ် ဇာတိပဋိသန္ဓေ တိဟိတ်ပဋိ သန္ဓေတည်နေရ၍ ဉာဏ်ခြေရင့်မာသော ဇာတိပညာ၊ ထိုဇာတိပညာရှိ

http://www.dhammadownload.com



တိုင်းပင်လျှင် ဆင်ခြင်သုံးသပ် ပွားများအပ်သော ဝိပဿနာပညာ၊ ထိုဝိပဿနာပညာဖြင့် အဖန်ဖန် ပွားများအပ်သည်ဖြစ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်တည်းဟူသော ပါဠိဟာရိယပညာ၊ ဤပညာသုံးရပ်တို့ဖြင့် အနုပါဒိသေသ နိဗ္ဗာနတတ်သို့ ကူးခတ်ကြရ၏။ ယင်းသို့ ကူးခတ်ကြရခြင်း၌ ဇာတိပညာသာလျှင် အရင်းအစစ် ရေသောက်မြစ်သဖွယ် ဖြစ်ချေရသည်။ ထိုဇာတိပညာ မရှိခဲ့သော် ဝိပါကအန္တရာယ် တားမြစ်ခြင်းကြောင့် မည်ကဲ့သို့သော နည်းဖြင့်မျှ ကူးခတ်ခြင်းငှာ မစွမ်းနိုင်ချေ။ ဤကဲ့သို့သော အရာကို ယခုအခါ၌ ယောဂီပုဂ္ဂိုလ်တို့ သတိပြုအပ်၏။

ထိုစကား မှန်၏။ ပြဟ္မသံယုတ်ပါဠိတော်, အဋ္ဌကထာစသည်တို့၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ် နှစ်မျိုးကို ဟောတော်မူ၏။

၁။ ဘဗ္ဗပုဂ္ဂိုလ် - ချွတ်၍ ကျွတ်ထိုက်သောပုဂ္ဂိုလ်။

၂။ အဘဗ္ဗပုဂ္ဂိုလ် - ဘုရား ရဟန္တာတို့ပင် ချေချွတ်တော်မူကုန်သော်လည်း မကျွတ်ထိုက်သောပုဂ္ဂိုလ်။

ထိုပုဂ္ဂိုလ်နှစ်မျိုးတို့ကို ဝေဖန်ပိုင်းခြားလျက် ပုဂ္ဂိုလ်လေးမျိုးကို ဟောကြားဖွင့်ဆိုတော်မူအပ်၏။

၁။ ဥဂ္ဃဋိတညူပုဂ္ဂိုလ်။
၂။ ဝိပဉ္စိတညူပုဂ္ဂိုလ်။
၃။ နေယျပုဂ္ဂိုလ်။
၄။ ပဒပရမပုဂ္ဂိုလ်။

ထိုစကားကို ချဲ့ဦးအံ့။ အကြင်ပုဂ္ဂိုလ်အား ဒေသနာတော်ကို ထုတ်ဆောင်အပ်သည်နှင့် တစ်ပြိုင် နက်၊ သစ္စာလေးပါးတရားတို့ကို သိသည်ဖြစ်အံ့။ ထိုပုဂ္ဂိုလ်မျိုးကို "ဥဂ္ဃဋိတညူပုဂ္ဂိုလ်"ဟုခေါ်၏။

အကြင်ပုဂ္ဂိုလ်အား အကျဉ်းအားဖြင့် ဟောအပ်သော တရားတော်များကို အကျယ်အားဖြင့် အနက် အဓိပ္ပါယ်တို့ကို ဝေဖန်အပ်ပါမှ သစ္စာလေးပါးတရားတော်များကို သိသည်ဖြစ်အံ့။ ထိုပုဂ္ဂိုလ်မျိုး ကို "ဝိပဉ္စိတညူပုဂ္ဂိုလ်"ဟုခေါ်၏။

အကြင်ပုဂ္ဂိုလ်အား ပါဠိသင်ခြင်း - ဥဒ္ဒေသအားဖြင့်လည်းကောင်း၊ အဋ္ဌကထာသင်ခြင်း၊ ပရိပုစ္ဆာအားဖြင့်လည်းကောင်း၊ အသင့်နှလုံးသွင်းခြင်း - ယောနိသော မနသိကာရအားဖြင့် လည်းကောင်း၊ ကလျာဏပုထုဇဉ်ကို မှီဝဲဆည်းကပ် ခစားသောအားဖြင့်လည်းကောင်း၊ အစဉ်သဖြင့် သစ္စာလေးပါးတရား တို့ကို ထိုးထွင်း၍ သိသည်ဖြစ်အံ့။ ဤပုဂ္ဂိုလ်ကို "နေယျပုဂ္ဂိုလ်"ဟု ခေါ်၏။

http://www.dhammadownload.com



အကြင်ပုဂ္ဂိုလ်အား များစွာသော သင်ကြားခြင်းဖြင့်လည်းကောင်း၊ များစွာ သရဇ္ဈာယ်ခြင်းအားဖြင့်လည်းကောင်း၊ များစွာသော အာဂုံနှုတ်တက် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ များစွာသော ပို့ချခြင်း ဖြင့်လည်းကောင်း၊ ထိုဘဝ၀ယ် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိခြင်းသည် မဖြစ်ခဲ့ကုန်အံ့။ ထိုပုဂ္ဂိုလ်ကို "ပဒပရမပုဂ္ဂိုလ်"ဟု ခေါ်၏။ (ဗြဟ္မသံယုတ်ပါဠိတော် အဋ္ဌကထာ)

## ကြာလေးမျိုး

ထိုဒေသနာတော်ဖြင့် မိမိကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း၊ ပုဂ္ဂိုလ်လေးမျိုးတို့တွင် မည်သည့်ပုဂ္ဂိုလ်၌ အကျုံးဝင်နေသည်ဟူ၍ စိစစ်အပ်၏။ ယင်းသို့ စိစစ်ပြီးလျှင် ဤသို့သော ဥပမာကို ရှုအပ်၏။ တစ်သောင်းသော ဤစကြာဝဠာလောကဓာတ်ကို ကြာတောကြီးနှင့်တူစွာ ဥပမာပြုပြီးလျှင် ယနေ့ပွင့်အံ့သော ကြာပန်းကဲ့သို့ ဉဃဋိတညူပုဂ္ဂိုလ်ကို မှတ်သားအပ်၏။

နက်ဖြန်ပွင့်အံ့သော ကြာပန်းသကဲ့သို့ ဝိပဉ္စိတညူပုဂ္ဂိုလ်ကို မှတ်သားအပ်၏။

သုံးရက်မြောက်သောနေ့၌ ပွင့်အံ့သော ကြာပန်းကဲ့သို့ နေယျပုဂ္ဂိုလ်ကို မှတ်သားအပ်၏။

ပွင့်ခြင်းငှာ မစွမ်းနိုင်၍ ငါး, လိပ်တို့၏ သုံးစားရာ အစာအာဟာရအဖြစ်သို့ ရောက်လတ္တံ့သော ကြာပန်းကဲ့သို့ ပဒပရမပုဂ္ဂိုလ်ကို မှတ်သားအပ်၏။

ဘဗ္ဗ, အဘဗ္ဗ ပုဂ္ဂိုလ်နှစ်မျိုးအားဖြင့် ခွဲ၍ဆိုသော်ကား နေအာရုဏ်နှင့် ပဏ္ဏာချိန်သင့်၍ ရင့်ကျက်ကုန်သော ကြာပန်းတို့၏ ကားကားစွင့်စွင့် ပွင့်ကုန်သကဲ့သို့ ဘုရားမြတ်စွာ၏ ဒေသနာတော်တို့ကို ကြားနာခွင့်ရသဖြင့် ရင့်ကျက်ကုန်သော ပါရမီတော်များ၏ အဆောက်အဦရှိကုန်သော ဉဃဋိတညူပုဂ္ဂိုလ်၊ ဝိပဉ္စိတညူပုဂ္ဂိုလ်၊ နေယျပုဂ္ဂိုလ်တို့ကို "ဘဗ္ဗပုဂ္ဂိုလ်"ဟူ၍ မှတ်အပ်ကုန်၏။

နေအာရုဏ်နှင့်ပင် တွေ့ကြုံရစေကာမူ ကားကားစွင့်စွင့် မပွင့်စွမ်းနိုင်မူ၍ ငါး, လိပ်တို့၏ သုံးစားရာ အစာအဟာရအဖြစ်သို့ ရောက်ရလတ္တံ့ဖြစ်သော ကြာပန်းကဲ့သို့ မြောက်မြားစွာ သင်ကြားပို့ချ ဆောင်ရွက် လေ့ကျက်ငြားသော်လည်း ထိုဘဝ၌ သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ အဝဗောဓအားဖြင့် မသိစွမ်းနိုင်ဘဲ၊ ဇရာမရဏတည်းဟူသော ငါးလိပ်တို့၏ အစာအဟာရ၏ အဖြစ်သို့သာ ရောက်ရအံ့သော ပဒပရမပုဂ္ဂိုလ်ကို "အဘဗ္ဗပုဂ္ဂိုလ်"ဟု မှတ်သားအပ်ကုန်၏။

http://www.dhammadownload.com



## ဇမ္ဗူကျော်ပဒပရမများ

ပဒပရမပုဂ္ဂိုလ်တို့မည်သည် မြတ်စွာဘုရားကို ဖူးတွေ့ပြီး တရားတော်များကိုလည်း နာကြားရကုန်သော ပသေနဒီကောသလမင်း၊ မလ္လိကာမိဖုရား၊ သစ္စကပရိဗိုဇ်စသော ပုဂ္ဂိုလ်မျိုး ဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်တို့တွင် ကောသလမင်း၊ မလ္လိကာမိဖုရားတို့သည် ဘုရားရှင်ကို မပြတ်ဖူးတွေ့ကြရ၍ နန်းတော်သို့ကြွလာတော်မူလျှင် ခရီးဦးကြိုဆိုခြင်း၊ သပိတ်တော်ကို လှမ်းယူခြင်း၊ ပြန်ကြွတော်မူသောအခါ သပိတ်တော်ကို ထမ်းဆောင်၍ပို့ခြင်း စသည်ဖြင့် ဝေယျာဝစ္စ၊ ကပ္ပိယကာရက အလားတူပင် ကျင့်ဆောင်ကြကုန်၏။ သို့သော်လည်း သရဏဂုံသီလ၌သာလျှင် တည်ကြကုန်၏။ မဂ်ဖိုလ်ကို မရကြချေ။ (သဂါထာဝဂ္ဂသံယုတ် ပါဠိ၊ ကောသလသံယုတ်)

မြတ်စွာဘုရားသည် သစ္စကပရိဗိုဇ်ကိုလည်း စူဠသစ္စကသုတ်၊ မဟာသစ္စကသုတ် ဟူ၍ မူလပဏ္ဏာ သပါဠိတော်၌ နှစ်ဘာဏဝါရခွဲရှိသော သုတ်တို့ဖြင့် ဟောကြားဆုံးမတော်မူအပ်၏။ ယင်းသို့ ဟောကြား ဆုံးမအပ်သော်လည်း မဂ်ဖိုလ်တရားများကို ရဖို့ရန်မဆိုထားဘိ ထိုသစ္စကပုရဗိုဇ် သည်၊ ကောသလမင်း, မလ္လိကာမိဖုရားတို့သည် သရဏဂုံမျှ၌ပင် မတည်လေ။ စင်စစ်မူကား နောင်အခါ ဝါသနာအထုံ ပါစေရုံမျှသာ ဖြစ်၏။ (မူလပဏ္ဏာသပါဠိ၊ စူဠသစ္စကသုတ်)

ထို့ကြောင့် ပုဂ္ဂိုလ်လေးမျိုးကို ဝေဖန်၍ ဟောကြားအပ်, ဖွင့်ဆိုအပ်သော ပြဟ္မသံယုတ် အဋ္ဌကထာ စသည်တို့၌ ဤသို့ဖွင့်ဆိုထား၏။

**ပါဠိ။** ပဒပရမာနံ အနာဂတတ္ထာယ ဝါသနာ ဟောတိ။

**အနက်။** ပဒပရမာနံ - ပဒပရမပုဂ္ဂိုလ်တို့၏။ အနာဂတတ္ထာယ - အနာဂတ်အကျိုးငှာ။ ဝါသနာ - စရိုက် ဝါသနာသည်။ ဟောတိ - ဖြစ်၏။

ဤဒေသနာတော်အရ ပဒပရမပုဂ္ဂိုလ်တို့အား ဝါသနာအထုံ ပါစေရုံမျှဖြစ်၏။ ယင်းသို့ဖြစ်ခြင်း သည် နောက်ပါရမီရင့်ကျက်လာသောအခါ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရန်အကြောင်းပင်ဖြစ်၏။ ဤအကြောင်း အရာနှင့်ပတ်သက်၍ ဤသို့သော သာဓကဝတ္ထုကို ထုတ်ဆောင်ပြသရသည်။

### အရှင်စူဠပန်ဝတ္ထု

အတိတ်ဘဝက မင်းကြီးတစ်ပါးဖြစ်၍၊ တစ်နေ့၌ တရားစီရင်သည့်အချိန်မှာ ပင်ပန်းသဖြင့် မိမိ နဖူးပေါ်မှ ချွေးများကျလာသည်ကို၊ ပဝါဖြူဖြင့် သုတ်လိမ်းရာ၊ ပဝါဖြူ၌ ညစ်ထေခြင်းကို သံဝေဂ

http://www.dhammadownload.com



ယူခဲ့သဖြင့် ငါတို့ဘုရား သာသနာတော်ဝယ် ရဟန်းဖြစ်၍ တစ်ဂါထာမျှကိုပင် ဝါတွင်းသုံးလပတ်လုံး အစဉ်မပြတ် အားထုတ်ကျက်မှတ်သော်လည်း နှုတ်တက်မရနိုင်အောင်ပင် ဉာဏ်နုံ့နှေးရှာ၏။ ထိုသို့ပင် နုံ့နှေးစေကာမူ အတိတ်ဘဝ၌ အနည်းငယ်သော ဘာဝနာကို စီးဖြန်းပွားများခဲ့ဖူးသဖြင့် ရှေးပကတူပနိဿယ အားလျော်စွာ မြတ်စွာဘုရားဖန်ဆင်းအပ်သော ပဝါဖြူတစ်ထည်ကို ဆုပ်နယ်စေသဖြင့် သစ္စာလေးအင်ကို သိမြင်၍ ရဟန္တာပုဂ္ဂိုလ်အဆင့်သို့ ရောက်တော်မူလေ၏။

ထိုသစ္စာလေးအင်ကို သိမြင်တော်မူသော စူဠပန်ဝတ္ထုကို ထောက်ဆ၍ ငါတို့တတွေ ဝမ်းမြောက် ဖွယ်ကြီးပင်ဖြစ်သည်။ ထို့ကြောင့် သုံးသပ်အပ်သော သင်္ခါရတရားတို့ကို ပွားများ အားထုတ်သင့်ပေ၏။ ထိုကဲ့သို့ ပြုခြင်းသည် နောင်အခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်များကို ရခြင်း၏ ပကတူပနိဿယ ပစ္စည်းဖြစ်နိုင်၏ဟု မှတ်သားပါလေ။

ဤသို့ ပုဂ္ဂိုလ်လေးမျိုးတို့တွင် ရှေ့သုံးယောက်တို့ကား မဂ်ဖိုလ်တရားများကို ရထိုက်ကြောင်း၊ နောက်ပုဂ္ဂိုလ်သည်ကား မဂ်ဖိုလ်တရားများကို မရထိုက်ကြောင်း သိရှိပြီးလျှင် မိမိတို့၏ ကိုယ်ကို မဂ်ဖိုလ် များကို ရနိုင်သော ဥဂ္ဃဋိတညူစသော ပုဂ္ဂိုလ်သုံးတန်သို့ ရောက်စိမ့်သောငှာ ပါရမီဆယ်ပါး တို့ကို ကြိုးစားမယုတ် အားထုတ်ဆည်းပူးရာ၏။ ထိုစကားသည် မှန်ပေ၏။ သယမ္ဘူတဉာဏ်ကို မရသော သာဝက အလောင်းများကို မဆိုထားလင့်ဦး။ သယမ္ဘူတဉာဏ်ကို ရ၍ ဆရာမရှိ၊ မိမိအလိုသာလျှင် အလုံးစုံသော သစ္စာလေးပါးတရားတို့ကို သိစွမ်းနိုင်သော သမ္မာသမ္ဗုဒ္ဓဆုတောင်း သော ဘုရားအလောင်းဖြစ်စေကာမူ ပါရမီမပြည့်ဝခဲ့သော် စင်စစ် နောက်ကျ၍ နောက်နှောင်းကာလမှ သာလျှင် ပွင့်ရသာလျှင်တည်း။

**ဉာဏ်ဆယ်ပါးပြီး၏။**

* * * * * * *

http://www.dhammadownload.com



## ပဋိစ္စသမုပ္ပါဒ်အပိုင်း

ပဋိစ္စသမုပ္ပါဒ - ကို ပဋိစ္စ တစ်ပိုင်း၊ သမုပ္ပါဒ တစ်ပိုင်းဟူ၍ နှစ်ပိုင်းခွဲပါလေ။

**ပဋိစ္စ** - အကြောင်းပြု၍။

**သမုပ္ပါဒ** - အကျိုးတရားဖြစ်ခြင်း။

**ပဋိစ္စသမုပ္ပါဒ** - အကြောင်းကြောင့် အကျိုးဖြစ်ပေါ်ခြင်းဟု အဓိပ္ပါယ်ယူပါလေ။

အကြောင်းနှင့်အကျိုး, အကျိုးနှင့်အကြောင်း, အပြန်ပြန်, အလှန်လှန် လှည့်ပတ်ဖြစ်ပျက်နေခြင်းကို "ပဋိစ္စသမုပ္ပါဒ်-စက်ရဟတ်"ဟု ခေါ်သည်။ "သံသရာ"ဟုလည်း ခေါ်သေးသည်။

**ပါဠိ။** သံသာရော ဘိက္ခဝေ ပုဗ္ဗကောဋိ န ပညာယတိ၊ အပရကောဋိ န ပညာယတိ။

**အဓိပ္ပာယ်။** "သံသရာ"ဟူသည် ရှေ့အစွန်းလည်းမထင်၊ နောက်အစွန်းလည်းမထင်ဟု ဟောတော်မူခဲ့ပါသည်။

## ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ပါး

| | | |
|---|---|---|
| ၁။ အဝိဇ္ဇာ။ | ၅။ သဠာယတန။ | ၉။ ဥပါဒါန်။ |
| ၂။ သင်္ခါရ။ | ၆။ ဖဿ။ | ၁၀။ ဘဝ။ |
| ၃။ ဝိညာဏ်။ | ၇။ ဝေဒနာ။ | ၁၁။ ဇာတိ။ |
| ၄။ နာမ်ရုပ်။ | ၈။ တဏှာ။ | ၁၂။ ဇရာမရဏ။ |

**မှတ်ချက်။** ။ဤ၌ ဇရာ, မရဏကို တစ်ခုစီခွဲ၍ (၁၃)ပါး ဆိုနိုင်သော်လည်း ရင့်ကျက်ခြင်းသဘောနှင့် သေခြင်းသဘောသည် သဘောချင်းဆက်စပ်နေ၍ တစ်ပါးအဖြစ်ဖြင့်သာ ယူရသည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ပါးဖြစ်သည်။

http://www.dhammadownload.com



# အင်္ဂါ (၁၂)ပါး ဖြစ်ပုံ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ။ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ။ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ။

ဟု တရား (၁၂)လုံးရှိသည်။ ဇရာနှင့် မရဏကို တစ်လုံးတည်းပေါင်းရသည်။ အိုပြီး သေသည့်အတွက်ကြောင့် ပေါင်းရသည်။

ဧင်းအင်္ဂါ (၁၂)ပါးမှာ "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်"ဟု ဆိုရာ၌ အဝိဇ္ဇာသည် အကြောင်း, သင်္ခါရသည် အကျိုး။ "သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်"ဟုဆိုရာ၌ အကျိုးဖြစ်သော သင်္ခါရသည် ပင်လျှင် အကြောင်းဖြစ်သွားပြန်သည်။ ဝိညာဏ်က အကျိုးဖြစ်သွားသည်။ "ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်"ဟုဆိုရာဝယ် ဝိညာဏ်သည် အကြောင်းဖြစ်ထွန်းသွားပြန်သည်။ နာမ်ရုပ်သည် အကျိုးတရားဖြစ်သွားသည်။ "နာမ်ရုပ်ကြောင့် သဠာယတနဖြစ်သည်"ဟု ဆိုရာဝယ် နာမ်ရုပ်သည် အကြောင်းဖြစ်၍ သဠာယတနသည် အကျိုးဖြစ်၏ သဠာယတနကြောင့် ဖဿဖြစ်သဖြင့် သဠာယတနသည် အကြောင်းတရားဖြစ်၍ ဖဿသည် အကျိုးတရားဖြစ်၏။ ဖဿကြောင့် ဝေဒနာဖြစ်သဖြင့် ဖဿသည် အကြောင်းတရားဖြစ်၍ ဝေဒနာသည် အကျိုးတရားဖြစ်၏။ ဝေဒနာကြောင့် တဏှာဖြစ်သဖြင့် ဝေဒနာသည် အကြောင်းတရားဖြစ်၍၊ တဏှာသည် အကျိုးတရား ဖြစ်၏။ တဏှာကြောင့် ဥပါဒါန်ဖြစ်သဖြင့် တဏှာသည် အကြောင်းတရားဖြစ်၍ ဥပါဒါန်သည် အကျိုးတရားဖြစ်၏။ ဥပါဒါန်ကြောင့် ဘဝဖြစ် ဥပါဒါန်သည် အကြောင်းတရားဖြစ်၍ ဘဝသည် အကျိုးတရားဖြစ်၏။ ဘဝကြောင့် ဇာတိဖြစ်သဖြင့်သဖြင့် ဘဝသည် အကြောင်းတရားဖြစ်၍ ဇာတိသည် အကျိုးတရားဖြစ်၏။ ဇာတိကြောင့် ဇရာမရဏဖြစ်သဖြင့် ဇာတိက အကြောင်းဖြစ်၍ ဇရာမရဏသည် အကျိုးတရားဖြစ်၏။

အစဆုံးမှ အဝိဇ္ဇာတစ်လုံးနှင့် နောက်ဆုံးမှ ဇရာမရဏ တစ်လုံးကို နုတ်လိုက်လျှင် အလယ်မှ

http://www.dhammadownload.com



သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန၊ ဘဝ၊ ဇာတိ - ဤ (၁၀)လုံး သော တရားများသည် အကျိုးဖြစ်၊ အကြောင်းဖြစ် နှစ်မျိုးနှစ်မျိုး ဖြစ်ကြသည်။ အဝိဇ္ဇာသည် အကျိုးဖြစ်မရ ပါ၊ အကြောင်းကိုသာ ရသည်။ ဇရာမရဏသည် အကျိုးသာဖြစ်၍ အကြောင်းဖြစ်၍မရ၊ အကျိုးဖြင့် ရပ်နေသည်။ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် အဆက်မပြတ်လည်သည်ဟု ပြထားသည်၊ အင်္ဂါ(၁၂)ပါးမှာ အဆတ်ပြတ်၍ ပြန်ဆက်လည်နေသည်ဆိုလျှင် အကျိုးဖြစ်သော ဇရာမရဏသည် အကြောင်းပြန်ဖြစ်ရ မည်။ အဝိဇ္ဇာသည် အကျိုးပြန်ဖြစ်ရမည်။ သို့မှသာလျှင် ၎င်းရှေ့က တရားများနှင့် တူညီပါမည်။ ဤသို့မလှည့်လျှင် ဒေသနာတော်သည် မှားရာကျနေမည်၊ ဒေသနာမမှားပါ။ အကြောင်း တရား အဝိဇ္ဇာသည် အကျိုးတရားဖြစ်၍ အကျိုးတရား ဇရာမရဏသည် အကြောင်းတရားဖြစ်လျှင် ကိုက်သွားပါမည်။ သို့မှသာ ဆက်သွားမည်ဖြစ်သည်။ သို့အတွက် အဆတ်မပြတ် လည်ပုံမှာ = ဇာတိက အကြောင်း, ဇရာမရဏသည် အကျိုးဖြစ်နေ၏။ ပါဠိတော်နည်းအားဖြင့် ဇာတိကြောင့် ဇရာမရဏဖြစ်သည့်နေရာတွင် ဇရာမရဏနှစ်ပါး သာမက ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ အကျိုးတရားအနေအားဖြင့် ခုနှစ်ပါးရှိသည်။ အဘယ်ကြောင့် အကျိုးအားလုံး မပြဆိုဘဲ တရားနှစ်လုံးတည်းဖြစ်သော ဇရာမရဏကိုသာ ပြသလဲဆိုလျှင် ဇရာမရဏသာလျှင် မုချအကျိုးဖြစ်သဖြင့် နှစ်လုံးတည်းကိုသာ ပြထားပါသည်။ ကျန်ငါးလုံးသော တရားတို့သည် မုချအကျိုးမဟုတ်ကြကုန်။

သို့အတွက် အကျိုးတရားငါးပါးတို့ကို အင်္ဂါ (၁၂)ရပ်တို့တွင် မသွင်းကြဘဲ ထားသည်၊ အင်္ဂါ(၁၂)ရပ်တွင်ပါသော တရားများသည် မုချအကြောင်းနှင့် မုချအကျိုးတရားများကိုသာ ဟောထား ပါသည်။ ဇာတိဆိုသော ပဋိသန္ဓေကို ရလာလျှင် ဇရာတရားက ရှောင်၍မရ၊ မဖြစ်သော ပုဂ္ဂိုလ်မရှိ၊ ဇာတိအကြောင်း ဖြစ်လျှင် ဇရာမရဏအကျိုးတရားသည် သုံးဘုံသူ သုံးဘုံသားများ၏ သန္တာန်၌ ဖြစ်လာရသည်။ ဇာတိဖြစ်တိုင်း သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတရားများကို ရသော သူမှ ရကြသည်။ အထက် အထက်ပြဟ္မာများမှာ ဇာတိကို ရသော်လည်း ဈာန်သမာပတ်ဖြင့် မွေ့လျော် ပြီး ကာမဂုဏ်တရားများဖြင့် မနေကြဘဲ အကျိုးငါးပါးတရားတို့ မဖြစ်ကြချေ။ ပဥ္စဝေါကာရဘုံသို့ ရောက်လျှင် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ တရားငါးပါးတို့ကို ရသည်။ ၎င်းတရား

http://www.dhammadownload.com



ငါးပါးတို့သည် လူ့လောက မြောက်ကျွန်းမှာ မရှိပါ။ မြောက်ကျွန်းသူ မြောက်ကျွန်းသားများ သေကြလျှင် အပါယ်လေးပါး မည်သည့်အခါမှ မလားပါ။ အဘယ့်ကြောင့် ဆိုသော် ၎င်းတို့မှာ ဒုစရိုက် ဒုရာဇီဝ တရားများ မရှိကြပေ၊ သီလအမြဲရှိသည်။ ၎င်းတို့မှာ ဇာတိကိုတော့ ရသည်၊ ဇာတိရ၍ လူလာဖြစ် သည်။ ဇာတိရတိုင်း သောက အစရှိသော အကျိုးတရားငါးပါး တို့ကိုမရပါ၊ ဇရာမရဏတို့မှ မလွတ်ကြ ပါ။ အထက်အထက်ပြဟ္မာများမှာလည်း အဆိုပါ အကျိုးတရား ငါးပါးတို့ကို မရသော်လည်း ဇရာမရဏတို့မှ ရှောင်၍ မလွတ်ကြပါ။ ပြဟ္မာလည်း အိုခြင်း၊ သေခြင်းတို့ ဖြစ်ကြသည်။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး အဆက်မပြတ် လည်ပတ်သည့်အခါမှာ သောက အစရှိသော အကျိုးတရားငါးပါးကို ထည့်လည်ရမည်။

ထို့ကြောင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်, သင်္ခါရကြောင့် ဝိညာဏ်ဖြစ်, ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်, နာမ်ရုပ်ကြောင့် သဠာယတနဖြစ်, သဠာယတနကြောင့် ဖဿဖြစ်, ဖဿကြောင့် ဝေဒနာဖြစ်, ဝေဒနာကြောင့် တဏှာဖြစ်, တဏှာကြောင့် ဥပါဒါန်ဖြစ်, ဥပါဒါန်ကြောင့် ဘဝဖြစ်, ဘဝကြောင့် ဇာတိဖြစ်, ဇာတိကြောင့် ဇရာမရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ ဖြစ်ကြ ကုန်၏။ ထိုအခါမှ အဝိဇ္ဇာသည် အကျိုးတရားဖြစ်ပေါ်လာသည်။ ဇရာမရဏသည် အကြောင်းတရား ဖြစ်လာသည်။ သို့မှသာ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် အဆက်မပြတ် လည်ပတ်မည်။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဟောကြားသည့်အတိုင်း ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် အဆက်မပြတ် လည်ပုံလည်နည်းများကို သိကြရမည်ဖြစ်ပါသည်။ အင်္ဂါ (၁၂)ရပ် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး အဆက်မပြတ် လည်နေမည်ကို တွေ့ရှိကြရမည်ဖြစ်သည်။

http://www.dhammadownload.com



# ပဋိစ္စသမုပ္ပါဒ်တရားကိုယ်

| စဉ် | အမည် | | တရားကိုယ် |
|---|---|---|---|
| ၁။ | အဝိဇ္ဇာ | - | မောဟစေတသိက်၊ |
| ၂။ | သင်္ခါရ | - | စေတနာစေတသိက်၊ |
| ၃။ | ဝိညာဏ် | - | ပဋိသန္ဓေစိတ်၊ |
| ၄။ | နာမ်ရုပ် | - | စေတသိက်နှင့် ရုပ် (၂၈)ပါး၊ |
| ၅။ | သဠာယတန | - | စက္ခုစသော အဇ္ဈတ္တိက အာယတန၊ |
| ၆။ | ဖဿ | - | ဖဿစေတသိက် |
| ၇။ | ဝေဒနာ | - | ဝေဒနာစေတသိက် |
| ၈။ | တဏှာ | - | လောဘစေတသိက် (တပ်မက်ကာမျှ) |
| ၉။ | ဥပါဒါန် | - | လောဘစေတသိက် (အကြီးစား မရမနေတပ်မက်) |
| ၁၀။ | ဘဝ | - | ကမ္မဘဝ |
| ၁၁။ | ဇာတိ | - | ပဋိသန္ဓေ၊ |
| ၁၂။ | ဇရာ | - | ရင့်ကျက်ခြင်း၊ |
| ၁၃။ | မရဏ | - | သေကျေပျက်စီးခြင်း၊ |
| ၁၄။ | သောက | - | စိုးရိမ်းကြောင့်ကြခြင်း၊ |
| ၁၅။ | ပရိဒေဝ | - | ငိုကြွေးခြင်း၊ |
| ၁၆။ | ဒုက္ခ | - | ကိုယ်ဆင်းရဲခြင်း၊ |
| ၁၇။ | ဒေါမနဿ | - | စိတ်ဆင်းရဲခြင်း၊ |
| ၁၈။ | ဥပါယာသ | - | ပြင်းစွာပူပန်ခြင်း။ |

http://www.dhammadownload.com



# ပဋိစ္စသမုပ္ပါဒ်တရားတော်

ပဋိစ္စသမုပ္ပါဒ်တရားတော်သည် အလွန်အသိခက်ခဲသော တရားဖြစ်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်က နက်နဲခြင်း တရားလေးပါးတို့ဖြင့် ဟောထားသည်မှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ အတ္ထဂမ္ဘီရ၊

၂။ ဓမ္မဂမ္ဘီရ၊

၃။ ဒေသနာဂမ္ဘီရ၊

၄။ ပဋိဝေဓဂမ္ဘီရ တို့ ဖြစ်ကြသည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို သေသေချာချာ ဆန်းစစ်ကြည့်သည့်အခါ မြတ်စွာဘုရား ကိုယ်တော်မြတ် ဘုရားဖြစ်တော်မူသည့်နေ့ ဗောဓိပင်နှင့် ရွှေပလ္လင်အောက် နေဝင်ချိန်ကစပြီး "ဘုရား မဖြစ်လျှင် ဤနေရာမှမထ"ဟု အဓိဋ္ဌာန်ပြုပြီး ဈာန်ငါးပါးတို့ကို ဝင်စားကာ တစ်ညလုံး ပထမပိုင်း၊ ဒုတိယပိုင်း၊ တတိယပိုင်း (ညဦး၊ ညလယ်၊ ညနှောင်း) သုံးပိုင်းပိုင်း၍ တရားကျင့်တော်မူရာ ညဦးယံမှာ ပုဗ္ဗေနိဝါသဉာဏ်တော်ကို ရရှိတော်မူ၏။ "ပုဗ္ဗေနိဝါသဉာဏ်"ဆိုသည်မှာ ဘဝဖြစ်စဉ်၊ ခန္ဓာဖြစ်စဉ် အစဉ်အားဖြင့်လည်းကောင်း၊ ပြောက်ကျားအားဖြင့်သော်လည်းကောင်း မည်သည့်နေရာ ဆင်ခြင်လိုက် ဘဝဖြစ်စဉ်, ခန္ဓာဖြစ်စဉ်ကို အတိအကျသိနိုင်သော ဉာဏ်တော်ကြီးဖြစ်သည်။ ပထမယံမှာ ၎င်းဉာဏ်ကို ရရှိသည့်အတွက် ဘုရားအဖြစ်သို့ မရောက်သေးပါ။

ကိုယ်တော်မြတ်က ဆက်လက်၍ ကြိုးစားပွားများ အားထုတ်သည့်အခါ ပထမယံ၌ ပုဗ္ဗေနိဝါသဉာဏ်ကိုရ၍ ဒုတိယယံ ညအလယ်ရောက်သောအခါ "ဒိဗ္ဗစက္ခုဉာဏ်"ကို ရရှိတော်မူပါ သည်။ "ဒိဗ္ဗစက္ခု" ဆိုသည်မှာ နတ်မျက်စိကို ရသည်ဟု ဆိုကြပါစို့၊ အဝေးအနီးမရွေး, အကာအရံ အအုပ်အဆိုင်းမရွေး ကိုယ်တော်မြတ်၏ မျက်စိဖြင့် ကြည့်လိုက်လျှင် ဒိုးယိုပေါက် အကုန်မြင်ရသည်။ နတ်တို့၏ မျက်စိသဖွယ် ယူဇနာပေါင်းများစွာ ကွာခြားနေသော လူ့ပြည်ကိုကြည့်လျှင် ထင်းနေအောင် မြင်ရသည်။ အနားကပ်၍ ကြည့်သကဲ့သို့ မြင်ရသည်။ ထိုအချိန်အထိ ဘုရားမဖြစ်သေးပါ။

မိုးသောက်ခါနီး တတိယပိုင်း (ညနှောင်း)ရောက်သောအခါ "အာသဝက္ခယဉာဏ်"တော်ကို ရတော် မူပါသည်။ အာသဝေါတရားများ ကုန်ခန်း၍ ဘုရားရဟန္တာဖြစ်သွားသည်။ ထိုအခါမှ မဂ်လေးပါး၊ ဖိုလ်လေးပါးတို့ကို ရရှိ၍ အရဟတ္တမဂ်, အရဟတ္တဖိုလ်တို့ကို ရတော့မှ အရဟတ္တမဂ်က ဘဝပေါင်းများစွာ စုပေါင်းဆည်းပူး အားထုတ်လာသော ကာမာဝစရကုသိုလ်နှင့် သွားပေါင်းလိုက် သဖြင့် သဗ္ဗညုတရွှေဉာဏ်တော်အဖြစ်သို့ ရောက်တော်မူပါသည်။ မိုးလင်းခါနီးမှာ "အာသဝက္ခယဉာဏ်"

http://www.dhammadownload.com



ကို ရတော်မူခြင်း၏ အကြောင်းရှာရာ၊ ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို အနုလောမနည်း၊ ပဋိလောမနည်းအားဖြင့် အဖန်ဖန် သုံးသပ်ဆင်ခြင်မှုကြောင့် အာသဝေါတရား ကုန်ခန်းပြီးလျှင် သဗ္ဗညုတဉာဏ်တော်ကြီး ရရှိ၍ ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးသည် ဘုရားအဖြစ်သို့ ပို့တော်မူသည့်အတွက်ကြောင့် အလွန်အံ့ဩဖွယ်ကောင်းသော ဒေသနာတော်ကြီးဖြစ်၏။

ထိုပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို သေသေချာချာ မိမိတို့၏ ဉာဏ်ထဲ၌ သိုမှီးထားမည်ဆိုလျှင်၊ ထိုပုဂ္ဂိုလ်သည် ဓမ္မစေတီတစ်ဆူ ထိုက်တန်သည်။ လူနတ်ဦးခိုက် ပူဇော်ထိုက်သည်။ မြတ်စွာဘုရားက အရှင်အာနန္ဒာအား ပြန်ဟောသည့်အခန်းမှာ -

**ပါဠိ။** ဧတဿ အာနန္ဒ ဓမ္မဿ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမယံ ပဇာ တန္တာကုလကဇာတာ ကုလဂဏ္ဌိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၈၉)

**အနက်။** အာနန္ဒ - ချစ်သားအာနန္ဒာ။ ဧတဿ ဓမ္မဿ - ဤ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို။ အနနုဗောဓာ - အထူးသော အသိဉာဏ်ဖြင့် ပိုင်းခြားမသိသောကြောင့်။ အပ္ပဋိဝေဓာ - မဂ်ရ ဖိုလ်ရ ပဋိဝေဓအားဖြင့် မသိသောကြောင့်။ ဧဝံ - ဤသို့။ အယံ ပဇာ - ဤသတ္တဝါအပေါင်းသည်။ တန္တာကုလကဇာတာ - ယက်ကန်းထွေး ချည်ငင်ထွေးကဲ့သို့ အထွေးကြီးထွေး၍ နေလေ၏။ ကုလဂဏ္ဌိကဇာတာ - စာဖူးတောင်းအိမ်ကဲ့သို့ တစ်လိမ်တည်း လိမ်၍နေလေ၏။ မုဉ္ဇပဗ္ဗဇဘူတာ - ဖြူဆံမြက်ပြိန်းမြက်တို့ကဲ့သို့ ရှုပ်ရှုပ်ရှက်ရှက် တစ်ခက်တည်းခက်၍ နေလေ၏။ အပါယံ - ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးပါးဟု ဆိုအပ်သော။ ဒုဂ္ဂတိံ - မကောင်းသဖြင့် လားရာဖြစ်သော။ ဝိနိပါတံ - သေသည်၏နောက်၊ ရောက်ချင်ရာရောက်တတ်သော, သေသည်၏အခြားမဲ့၌ ဖြစ်ချင်ရာဖြစ်တတ်သော။ သံသာရံ - သံသရာကြီးကို။ နာတိဝတ္တတိ န အတိဝတ္တတိ - ဘယ်တော့မှ မလွတ်နိုင် မကျွတ်နိုင်တော့သည်သာတည်း။

"အနနုဗောဓ"ဆိုသည်မှာ ဤပဋိစ္စသမုပ္ပါဒ် တရားတော်ထဲမှာ ပြထားသော အဝိဇ္ဇာကစ ဇရာမရဏ ထိအောင် တစ်ဆယ့်နှစ်ပါးသော တရားစုများ၏ တရားကိုယ်၊ သရုပ်စသည်ဖြင့် တစ်လုံးချင်း ဖော်ထုတ်ပြသည့်အပြင် ပေါင်းလိုက်, စုလိုက်သည့်အခါ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ခြင်းကို ပိုင်းပိုင်းခြားခြား နားလည်၍၊ ခန္ဓာဖွဲ့လိုက်လျှင် ခန္ဓာ, အာယတနဖွဲ့လိုက်လျှင် အာယတန, ဓာတ်ဖွဲ့လိုက်လျှင် ဓာတ်တို့၏ သဘာဝကို အကြောင်းအကျိုး ဆက်စပ်သောအနေဖြင့် ပြထားသည်။ ပဋိစ္စသမုပ္ပါဒ်

http://www.dhammadownload.com



တရားတော်ကြီးပါလား၊ ခန္ဓာ, အာယတန, ဓာတ်, ဟုဆိုအပ်သော ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး၏ တရားကိုယ် တရားသား အကျဉ်းအားဖြင့် ကောက်လိုက်သည့်အခါ ရုပ်နာမ်တို့ကို ရပါသည်။ ထိုရုပ်နာမ်တို့၏ ဖြစ်ပေါ်လာသော အကြောင်းရင်းဖြစ်သည့် အတိတ်အကြောင်းဖြစ်သော အဝိဇ္ဇာ, တဏှာ, ကံ၊ ပစ္စုပ္ပန်အကြောင်းဖြစ်သော အာဟာရ, ဖဿ, နာမ်ရုပ်တရားများကို ဝေဖန်သုံးသပ်ဆင်ခြင်၍ သိသည့်အခါမှာ ထိုပုဂ္ဂိုလ်သည် စူဠသောတာပန် စခန်းသို့ ရောက်သွားသည်။ စူဠသောတာပန်အစစ်ဖြစ်၍ သာသနာတော်အတွင်း တစ်ပါးအပါအဝင် ဖြစ်သည်ဟု သမ္မောဟအဋ္ဌကထာမှာ ပြဆိုထားပါသည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို အထက်တွင်ပြဆိုခဲ့သည့် "အနညာအနနုဗောဓာအပ္ပဋိဝေဓာ" မသိခြင်းသုံးမျိုးမှ လွတ်ကင်းသော အသိမျိုးကိုရရှိရန် ကြိုးစားလေ့လာ ပွားများအားထုတ်ပါရန် တိုက်တွန်းအပ်ပါသည်။

## အခြင်းအရာ (၂၀)

| | | |
|---|---|---|
| အတိတ်အကြောင်း (၅)ပါး | - | အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။ |
| ပစ္စုပ္ပန်အကျိုး (၅)ပါး | - | ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ |
| ပစ္စုပ္ပန်အကြောင်း (၅)ပါး | - | တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ။ |
| အနာဂတ်အကျိုး (၅)ပါး | - | ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ |

## ကာလ (၃)ပါး

၁။ အတိတ်၊

၂။ ပစ္စုပ္ပန်၊


၃။ အနာဂတ်။

## အလွှာ (၄)ပါး

| | | |
|---|---|---|
| ၁။ | အဝိဇ္ဇာ၊ သင်္ခါရ | ၂-ပါး တစ်လွှာ။ |
| ၂။ | ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ | ၅-ပါး တစ်လွှာ။ |
| ၃။ | တဏှာ၊ ဥပါဒါန်၊ ဘဝ၊ | ၃-ပါး တစ်လွှာ။ |
| ၄။ | ဇာတိ၊ ဇရာမရဏ၊ | ၂-ပါး တစ်လွှာ။ |

http://www.dhammadownload.com

# "ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တရားတော်စက်ဝိုင်း"




အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော ၊ ဖဿပစ္စယာ ဝေဒနာ ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာဇရာ မရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာ သာသမ္ဘဝန္တိ။

| | | | |
|---|---|---|---|
| အင်္ဂါ (၁၂) ပါး | ကာလ (၃) ပါး | အလွှာ (၄) ပါး | သစ္စာ (၂) ပါး |
| အခြင်းအရာ (၂၀) | အစပ် (၃) ပါး | ဝဋ် (၃) ပါး | မူလ (၂) ပါး |

http://www.dhammadownload.com



**တစ်နည်း အဒ္ဓါ (၄)ပါး**

| | | |
|---|---|---|
| ၁။ | အတိတ်အကြောင်း | ၅-ပါး တစ်လွှာ။ |
| ၂။ | ပစ္စုပ္ပန်အကျိုး | ၅-ပါး တစ်လွှာ။ |
| ၃။ | ပစ္စုပ္ပန်အကြောင်း | ၅-ပါး တစ်လွှာ။ |
| ၄။ | အနာဂတ်အကျိုး | ၅-ပါး တစ်လွှာ။ |

**အစပ် (၃)ပါး**

အလွှာ (၄)ပါးတို့၏ စပ်ကြားများဖြစ်သော -

| | | |
|---|---|---|
| ၁။ | ဘဝနှင့် ဝိညာဏ်အကြား | - တစ်စပ်။ |
| ၂။ | ဝေဒနာနှင့် တဏှာအကြား | - တစ်စပ်။ |
| ၃။ | သင်္ခါရနှင့် ဝိညာဏ်အကြား | - တစ်စပ်။ |

ဤ၌ အစပ် (၃)ပါးဆိုသည်မှာ ပဋိစ္စသမုပ္ပါဒ် (၁၂)ပါး ကွင်းဆက် အစဉ်အတိုင်း (ကြောင်းကျိုး ကွင်းဆက်) အစဉ်အတိုင်း အစပ် ပဋိသန္ဓေ (၃)ပါးဟုခေါ်သည်။

**ဝဋ်သုံးပါး**

| | | | | |
|---|---|---|---|---|
| ၁။ | ကိလေသဝဋ် | = | အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ | (၃)ပါး။ |
| ၂။ | ကမ္မဝဋ် | = | ဘဝ၊ သင်္ခါရ၊ | (၂)ပါး။ |
| ၃။ | ဝိပါကဝဋ် | = | ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏ၊ | (၇)ပါး။ |

**သစ္စာနှစ်ပါး**

၁။ သမုဒယသစ္စာ။

၂။ ဒုက္ခသစ္စာ။

**မူလ (၂)ပါး**

၁။ အဝိဇ္ဇာ။

၂။ တဏှာ။

http://www.dhammadownload.com



**အစွန်းတရား (၂)ပါး**

၁။ အဝိဇ္ဇာမှ ဝေဒနာအထိ - ပုဗ္ဗန္တ ရှေ့အစွန်း။

၂။ တဏှာမှ မရဏအထိ - အပရန္တ - နောက်အစွန်း။

## သောကအစုပ်စုဖြစ်ပေါ်ပုံ

သောကမှစ၍ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဟူသော တရားငါးပါးတို့သည် ဗျသနတရားငါးပါးနှင့် တွေ့ဆုံသောအခါ၌ ဖြစ်ပေါ်တတ်သော တရားများဖြစ်ကြသည်။

## ဗျသနတရား (၅)ပါး

၁။ ဉာတိဗျသန - မိဘ, သားမယား စသည်တို့ ပျက်စီးခြင်း။

၂။ ဘောဂဗျသန - စည်းစိမ်ဥစ္စာတို့ ပျက်စီးခြင်း။

၃။ ရောဂဗျသန - အနာရောဂါစသည်တို့ စွဲကပ် ပျက်စီးခြင်း။

၄။ သီလဗျသန - စောင့်စည်းအပ်သောအကျင့် ပျက်စီးခြင်း။

၅။ ဒိဋ္ဌိဗျသန - မှန်သော အယူဝါဒ ပျက်စီးခြင်း။

အထက်ပါ သောကစသော မီးငါးပါးတို့နှင့် တွေ့ကြုံကြရသောအခါတွင် အာသဝေါတရားများ ဆက်စပ်ပြန်ဖြစ်ပေါ်လာကြပါသည်။ ရေများကဲ့သို့ မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းတတ်ကြသောကြောင့် "အာသဝ"ဟု ခေါ်ပါသည်။

## အာသဝေါတရား (၄)ပါး

၁။ ကာမာသဝ - အာရုံငါးပါး ကာမဂုဏ်တရားတို့ကို လိုက်စားခြင်း။

၂။ ဘဝါသဝ - ဘဝကို တပ်မက်ခြင်း။

၃။ ဒိဋ္ဌာသဝ - အယူမှားခြင်း။

၄။ အဝိဇ္ဇာသဝ - ရုပ်နာမ်ခန္ဓာတို့၏ သဘောကို မသိမမြင်ခြင်း။

http://www.dhammadownload.com



## အဝိဇ္ဇာအနက် (၆)ချက်

မောဟစေတသိက်ကို "အဝိဇ္ဇာ"ဟု ခေါ်ဆိုကြသည်။ မောဟတရားသည် သစ္စာလေးပါးတို့ကို မသိသော တရား၊ တွေဝေတတ်သော တရားဖြစ်သည်။

၁။ န ဝိဇာနာတီတိ အဝိဇ္ဇာ - ထူးခြားကွဲပြားစွာ မသိတတ်သောကြောင့် အဝိဇ္ဇာ မည်၏။

၂။ အဝိန္ဒိယံ ကာယဒုစ္စရိတာဒိံ ဝိန္ဒတီတိ အဝိဇ္ဇာ - မယူထိုက်သော ကာယဒုစရိုက်တရားကိုယူတတ်သောကြောင့်လည်း အဝိဇ္ဇာ မည်၏။

၃။ ဝိန္ဒိယံ ကာယသုစရိတာဒိံ န ဝိန္ဒတီတိ အဝိဇ္ဇာ - ယူထိုက်သော ကာယသုစရိုက်တရားကို မယူတတ်သော သဘောကြောင့်လည်း အဝိဇ္ဇာ မည်၏။

၄။ အဝိဇ္ဇမာနေ ဇဝါပေတီတိ အဝိဇ္ဇာ - မထင်ရှားသော မရှိတရားကို ထင်ရှားရှိစေသောကြောင့်လည်း အဝိဇ္ဇာ မည်၏။

၅။ ဝိဇ္ဇမာနေန န ဇဝါပေတီတိ အဝိဇ္ဇာ - ထင်ရှားရှိသော တရားကို မထင်ရှားစေသော သဘောကြောင့်လည်း အဝိဇ္ဇာ မည်၏။

၆။ ဝေဒိတဗ္ဗံ စတုသစ္စာဒိကံ န ဝိန္ဒတီတိ အဝိဇ္ဇာ - သိအပ်သော သစ္စာလေးပါးစသည်ကို မသိတတ်သောကြောင့်လည်း အဝိဇ္ဇာ မည်၏။

အထက်က ပြခဲ့ပြီးသော အဝိဇ္ဇာပုဒ် ဝိဂ္ဂဟ (၆)မျိုးတို့တွင် (၂-၃)နှစ်မျိုးတို့သည် အန္ဓဗာလ ပုဂ္ဂိုလ်များအတွက် ဖြစ်ကြသည်။ အမှတ် (၄-၅)နှစ်မျိုးတို့သည် အန္ဓပုထုဇဉ် ပုဂ္ဂိုလ်များအတွက် ဖြစ်ကြသည်။ အမှတ် (၆)သည် ကလျာဏပုထုဇဉ်အတွက် ဖြစ်သည်။

ပဋိစ္စသမုပ္ပါဒ်တရားတို့၏ သဘောကို မသိမမြင်ကြသောကြောင့် သတ္တဝါတို့သည် စာဖူးတောင်းများ၊ ချည်ငင်ထွေးများကဲ့သို့ ဖြေရှင်း၍မရအောင် မလွယ်ကူအောင် ရှုပ်ထွေးရောယှက်သည်၊ ချာချာလည် နေကြကုန်တော့၏။ ဤအကြောင်းကို အရှင်အာနန္ဒာအား မြတ်စွာဘုရားက အောက်ပါ အတိုင်း ဟောကြားခဲ့သည်။

**ပါဠိ။** ဧတဿ အာနန္ဒ ဓမ္မဿ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမယံ ပဇာ တန္တာကုလကဇာတာ ကုလဂဏ္ဍိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၈၉)

http://www.dhammadownload.com



**အနက်။** အာနန္ဒ - ချစ်သားအာနန္ဒာ။ ဧတဿ ဓမ္မဿ - ဤ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို။ အနနုဗောဓာ - အထူးသော အသိဉာဏ်ဖြင့် ပိုင်းခြားမသိသောကြောင့်။ အပ္ပဋိဝေဓာ - မဂ်ရ ဖိုလ်ရ ပဋိဝေဓအားဖြင့် မသိသောကြောင့်။ ဧဝံ - ဤသို့။ အယံ ပဇာ၊ ဤသတ္တဝါအပေါင်းတို့သည်။ တန္တာကုလကဇာတာ - ယက်ကန်းထွေး ချည်ငင်ထွေးကဲ့သို့ အထွေးကြီးထွေး၍ နေလေ၏။ ကုလဂဏ္ဌိကဇာတာ - စာဗူးတောင်းအိမ်ကဲ့သို့ တစ်လိမ်တည်း လိမ်၍နေလေ၏။ မုဉ္ဇပဗ္ဗဇဘူတာ - ဖြူဆံမြက်ပြိန်း မြက်တို့ကဲ့သို့ ရှုပ်ရှုပ်ရှက်ရှက် တစ်ခက်တည်းခက်၍ နေလေ၏။ အပါယံ - ချမ်းသာကွက် တစ်စက်မျှမရှိသော။ ဒုဂ္ဂတိံ - မကောင်းသဖြင့် လားရာကျရောက်ရသော။ ဝိနိပါတံ - ဖရိုဖရဲ ပြိုကွဲကျဆင်းရာဖြစ်သော။ သံသာရံ - အဆက်မပြတ်သော စက်ရဟတ်သံသရာဝဋ်ကို။ နာတိဝတ္တတိ - မကျော်မတက် ခုန်မထွက်နိုင်ပါ။

## အဝိဇ္ဇာပစ္စယာ သင်္ခါရာ

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ - အဝိဇ္ဇာကြောင့် သင်္ခါရတရားတို့သည် ဖြစ်ကြကုန်၏"ဟူသော စကား၌ သင်္ခါရ-အရ သင်္ခါရသုံးမျိုး ရှိကြသည်။

၁။ **ပုညာဘိသင်္ခါရ** - တရားကိုယ်မှာ ကာမာဝစရကုသိုလ်စေတနာ (၈)ခု၊ ရူပါ ဝစရကုသိုလ်စေတနာ (၅)ခု၊ ပေါင်း (၁၃)ခုဖြစ်၍၊ ဘုံအားဖြင့် လူ့ဘုံ၊ နတ်ပြည် ခြောက်ထပ်၊ ရူပါဝစရ (၁၆)ဘုံတို့၌ အကျိုးများကို ပေးကြ၏။

၂။ **အပုညာဘိသင်္ခါရ** - တရားကိုယ်မှာ လောဘမူ (၈)ခု၊ ဒေါသမူ (၂)ခု၊ မောဟ မူ (၂)ခု၊ ပေါင်း အကုသိုလ်စေတနာ (၁၂)ခုဖြစ်၍ အောက်ဆုံး အပါယ်လေးဘုံတို့၌ အကျိုးများကို ပေးပါသည်။

၃။ **အာနေဉ္ဇာဘိသင်္ခါရ** - အရူပကုသိုလ်စေတနာ လေးခုဖြစ်ကြ၍ အထက်ဆုံးဘုံ အရူပလေးဘုံတို့၌ အကျိုးများကို ပေးကြသည်။

http://www.dhammadownload.com



အဝိဇ္ဇာသည် သတ္တဝါများကို မတော်လှန်နိုင်ကြလေအောင် အမျိုးမျိုးလှည့်စားထားသည်။ သံသရာ ဒုက္ခတွင်းမှာ ချာချာလည်စေမှု့ဖြစ်၍ သံသရာဒုက္ခမှ ကျွတ်လွတ်မှု လုံးဝမပေးချေ။

"အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရာ" ပါဠိတော်အရ ကောင်းမှုကုသိုလ်များ ဖြစ်ပါလျက် မမှန်သော အကျင့်ဟုဆိုရာတွင် သံသရာမှ နိဗ္ဗာန်သို့ ကူးမြောက်ဆောင်ယူသော စေတနာတရားကား မပါ, မရှိဘဲ ဝဋ်ကို ဦးတည်သော ဝဋ်၏အဖို့ဖြစ်သော အဝိဇ္ဇာဦးစီးခေါင်းဆောင်လျက် ပြုလုပ်သော ပုညာ ဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ မျိုးကိုသာ ပြုလုပ်သည်ဟု ဆိုလိုရင်းဖြစ်သည်။

သံသရာလွတ်မြောက်ဖို့, နိဗ္ဗာန်သို့ ဆိုက်ရောက်ဖို့ ဝိဇ္ဇာဟူသော အမောဟစေတသိက်က ဦးစီး ခေါင်းဆောင်၍ ပုညာဘိသင်္ခါရနှင့် အာနေဉ္ဇာဘိသင်္ခါရတို့ကို ပြုလုပ်ရမည်ဟု ဆိုလိုရင်းဖြစ်သည်။

ဤသို့ အဝိဇ္ဇာဦးစီး၍ ပုညာဘိသင်္ခါရပြုခဲ့သော ဝတ္ထုသာဓကတစ်ခုဖြစ်သော ဥပ္ပလဝဏ်ထေရီမ ဝတ္ထုကို အကျဉ်းမျှဖော်ပြပါမည်။

ထိုထေရီမသည် ပဒုမုတ္တရ ဘုရားလက်ထက်၌ နဂါးမင်း၏ကြင်ယာ "ဝိမလဒေဝီ"ဖြစ်သည်။ ထိုစဉ်က အဂ္ဂသာဝကထေရီမတစ်ဦး၏ ဈာန်တန်ခိုးကိုမြင်ရာ အားကျ၍ ထိုထေရီမကဲ့သို့ ဖြစ်ရပါလို၏ဟု ဆုပန်ခဲ့၏။ ကဿပဘုရားလက်ထက်၌ သူဆင်းရဲမတစ်ဦးဖြစ်၍ ရဟန်းတော်တစ်ပါးအား မဝတ်ရသေးသော ပန်းဝတ်ထမီကို လှူဒါန်းသောကောင်းမှုကြောင့် နောင်ဘဝတွင် သူဌေးသမီး ဥမ္မာဒန္တီ ဧကရီဖြစ်လာသည်။ ဥမ္မာဒန္တီသည် အဝိဇ္ဇာဦးစီးသော ပုညာဘိသင်္ခါရဖြစ်၍ ဘဝကောင်းရာ တစ်ဘဝ တစ်နပ်စာ ဝဋ်ကို တောင့်တသော သင်္ခါရမျိုးဖြစ်လာတော့၏။ ဤသို့ မဖြစ်စေလိုပါက အောက်ပါ အတိုင်း ဆုတောင်းကြရန် ဖြစ်သည်။

"ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု"ဟူ၍လည်းကောင်း၊ "ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု"ဟူ၍လည်းကောင်း ဆုတောင်းရမည်။ ၎င်းနောက် ပဒုမ္မာဒေဝီ မိဖုရားခေါင်းကြီး ဘဝသို့ရောက်၏၊ ၎င်းနောက် ကျွန်ုပ်တို့ရှင်တော်ဘုရားလက်ထက်တော်အခါ ဝိဇ္ဇာဉာဏ်ဦးစီးသော ကုသိုလ်ကြောင့် သူဌေးသမီးဖြစ်လာ၍ အချောတွင် ပထမ၊ အလှတွင် ထိပ်ခေါင်တင်၊ အလှဧကရီ ဘုရင် မလေးဖြစ်၍ အပြည်ပြည်ဘုရင်မင်းမြတ်တို့က အမျိုးမျိုးသောနည်းဖြင့် တောင်းဆိုကြသော် အန္တရာယ်မှ ကင်းဝေးရန် ဘဝပါရမီ ကျွတ်လွတ်ချိန်တန်ပြီးဖြစ်ရကား ဘုရားကျောင်းသို့ပြေးပြီး ဘိက္ခုနီမ ပြုလိုက်လေတော့၏။ ဆီမီးကို အမှီပြု၍ တေဇောကသိုဏ်းရှုလျက် လက္ခဏာရေးသုံးပါးတင်ကာ ချက်ချင်းပင် ရဟန္တာမ ဖြစ်လေတော့၏။ "ဥပ္ပလဝဏ္ဏာ-ကြာညိုပန်းအဆင်းရှိသော တေဒဂ်ရ ဘိက္ခုနီ ဥပ္ပလဝဏ်ထေရီမ"ဟု အမည်ထွင်ရစ်လေသည်။

http://www.dhammadownload.com



# သင်္ခါရပစ္စယာ ဝိညာဏံ

သင်္ခါရတည်းဟူသော အကြောင်းကြောင့် ဝိညာဏ်ဖြစ်၏၊ အတိတ်ဘဝက သင်္ခါရသုံးမျိုး စေတနာ ကြောင့် ယခုဘဝ ပဋ္ဌမဆုံး ပဋိသန္ဓေစိတ် ဝိညာဏ်အကျိုး လာဖြစ်သည်ဟု ဆိုလိုသည်။

ပဋိသန္ဓေစိတ္တက္ခဏတစ်ချက်၏ ဥပါဒ်ခဏမှာပင် ပဋိသန္ဓေစိတ် (၁၉)ပါးနှင့် ကမ္မဇရုပ် (၂၀)ပါး တို့သည် တစ်ပြိုင်နက် ဖြစ်ကြကုန်၏။ ၎င်းပဋိသန္ဓေစိတ် (၁၉)ပါးတို့ကိုပင် အကျိုးဝိညာဏ်များ ဖြစ်ကြ သည်ဟု ဆိုလို၏။

ထိုပဋိသန္ဓေဝိညာဏ်တည်ခါစ ခဏကပင် အတိတ်ကံအကြောင်းအားလျော်စွာ ပုဂ္ဂိုလ်လေးမျိုး တို့ အောက်ပါအတိုင်း ဖြစ်လာသည်။

၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်။
၂။ သုဂတိအဟိတ်ပုဂ္ဂိုလ်။
၃။ ဒွိဟိတ်ပုဂ္ဂိုလ်။
၄။ တိဟိတ်ပုဂ္ဂိုလ် - တို့ဖြစ်ကြသည်။

| | | | |
|---|---|---|---|
| ၁။ | ဂဗ္ဘသေယျက | - | အမိဝမ်းခေါင်း ခိုအောင်း မွေးဖွားရခြင်း။ |
| ၂။ | သံသေဒဇ | - | သစ်ပင်၊ ရေညှိ စသည်တို့၌ ခိုအောင်း ကြီးထွားခြင်း။ (ပဒုမ္မာထေရီ၊ ဝေဠုဝတီကဲ့သို့) |
| ၃။ | ဇလာဗုဇ | - | အမိဝမ်းမှ (ကြက်၊ ငှက်၊ လိပ်) ဥအဖြစ်မှ မွေးဖွားရခြင်း။ |
| ၄။ | ဥပပတ္တိ | - | ကိန်းအောင်းမှုမရှိ၊ ရုတ်တရက် ဘွားခနဲ အရွယ်ရောက် ဖြစ်ပေါ်ခြင်း။ (နတ်၊ ပြဟ္မာကဲ့သို့) |

**ပါဠိ။** ဇာတိယာ အန္ဓော ဇစ္စန္ဓော။

**အနက်။** ဇာတိယာ - ပဋိသန္ဓေခဏမှ။ ချို့တဲ့၊ ကန်းခဲ့သူ။ ဇစ္စန္ဓော - ပဋိသန္ဓေကစ၍ အင်္ဂါချို့တဲ့သူ။

အမိဝမ်းတွင် ပဋိသန္ဓေဝိညာဏ်နှင့် ကမ္မဇရုပ် (၂၀)ပါးတို့သည် စဖြစ်သည်နှင့်တစ်ပြိုင်နက် အင်္ဂါ တစ်ခုခုချို့တဲ့သူကို "ဇစ္စန္ဓ-အကန်း"ဟု ခေါ်ဆို၏။

http://www.dhammadownload.com



အမိဝမ်းတွင်း၌ ပဋိသန္ဓေ မြောက်ကျွန်းသူ၏ ဆံပင်တစ်ချောင်းနှင့် အကြိမ်တစ်ရာ ချက်ပြီးဆီ ကြည်တွင် နှစ်၍ အကြိမ်တစ်ရာ စင်အောင် ခါ၍ ချပစ်၊ ၎င်းပမာဏရှိ ကလလရေကြည် အမိဝမ်းတွင် ရရှိပြီးနောက် ခုနစ်ရက်တွင်း အမြှုပ်၊ သွေးခဲ၊ သားတစ်၊ ခက်မငါးဖြာ စသည်တို့ ခုနစ်ရက်စီခြား၍ ဖြစ်လာကြပြီး ကိုးလလွယ်၊ ဆယ်လဖွား၊ လူသတ္တဝါတစ်ယောက် ဖြစ်လာကြရလေသည်။

## ဝိညာဏပစ္စယာ နာမရူပံ

"ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် နာမ်ရုပ်ဖြစ်၏"ဟု ဆိုရာဝယ် ဝိညာဏ်ကား အကြောင်းတရား၊ နာမ်ရုပ်ကား အကျိုးတရားဖြစ်သည်။ အကြောင်းတရားဖြစ်သော ဝိညာဏ်မှာ စိတ် (၈၉)ပါး၊ အကျယ်အားဖြင့် (၁၂၁)တို့ကို ယူရသည်။ အကျိုးဖြစ်သော နာမ်တရားကား "ဝတ္ထုနာမန္တိ ဝေဒနာက္ခန္ဓတ္တယံ"ဟု ဆိုအပ်သည့်အတွက် "စတုသမုဋ္ဌာနိကနာမရူပါနံ"ဟု ဆိုသည့်အတွက် စေတသိက်နာမ်ခန္ဓာသုံးပါး၊ ရုပ်တရားကား "စတုသမုဋ္ဌာနိကနာမရူပါနံ"ဟု ဆိုသည့်အတွက် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းလေးပါးတို့ကြောင့်ဖြစ်သော ရုပ်တရားကို ယူရ၏။

## နာမရူပပစ္စယာ သဠာယတနံ

"နာမ်ရုပ်ဟူသော အကြောင်းကြောင့် အာယတနခြောက်ပါးတို့သည် ဖြစ်ကုန်၏"ဟူရာ၌ စက္ခု စသော အတွင်းအာယတန ခြောက်ပါးတို့ဖြစ်ကုန်၏ဟု ဆိုလိုသည်။ ထိုအာယတန ခြောက်ပါးတို့ကား-

| | | | |
|---|---|---|---|
| ၁။ | စက္ခာယတန | - | မျက်စိဟူသော အာယတန။ |
| ၂။ | သောတာယတန | - | နားဟူသော အာယတန။ |
| ၃။ | ဃာနာယတန | - | နှာခေါင်းဟူသော အာယတန။ |
| ၄။ | ဇိဝှါယတန | - | လျှာ ဟူသော အာယတန။ |
| ၅။ | ကာယာယတန | - | ကိုယ်ခန္ဓာ ဟူသော အာယတန။ |
| ၆။ | မနာယတန | - | စိတ် ဟူသော အာယတန။ |

http://www.dhammadownload.com



တို့ဖြစ်ကြသည်။ အခံဓာတ်သဘောများ ဖြစ်ကြ၏။ ထိုခန္ဓာ အတ္တဘောဟူသော အတွင်း သန္တာန်၌ တည်သောကြောင့် ၎င်းခြောက်ပါးတို့ကို "အဇ္ဈတ္တိကာယတန"ဟု ခေါ်သည်။

## သဠာယတနပစ္စယာ ဖဿော

"စက္ခုစသော အတွင်းအာယတနအကြောင်းကြောင့် ဖဿတရားဖြစ်၏"ဟု ဆိုရာတွင် ဖဿဆိုသည်မှာ အာရုံတရားကို တွေ့ထိသော သဘောရှိ၏။ မျက်စိဖြင့် ထိတွေ့ခြင်း၊ နားဖြင့် ထိတွေ့ခြင်း၊ နှာခေါင်းဖြင့် ထိတွေ့ခြင်း၊ လျှာဖြင့် ထိတွေ့ခြင်း၊ ခန္ဓာကိုယ်ဖြင့် ထိတွေ့ခြင်း၊ စိတ်ဖြင့် ထိတွေ့ခြင်းတို့ ဖြစ်ကြသည်။

## ဖဿပစ္စယာ ဝေဒနာ

"ဖဿ ဟူသော အကြောင်းကြောင့် ဝေဒနာ ဖြစ်သည်"ဟု ဆိုရာဝယ် အထက်ပါ အခံဓာတ် ခြောက်ပါးတို့နှင့် အာရုံတည်းဟူသော အတိုက်ဓာတ် ခြောက်ပါးတို့ အသီးသီးတွေ့ကြသောကြောင့် ခံစားမှု ခြောက်မျိုး အကျိုးတရားတို့သည် ဖြစ်ပေါ်ကြရ၏ဟု ဆိုလိုသည်။

## ဝေဒနာခြောက်ပါး

၁။ စက္ခုသမ္ဖဿဇာ ဝေဒနာ။

၂။ သောတသမ္ဖဿဇာ ဝေဒနာ။

၃။ ဃာနသမ္ဖဿဇာ ဝေဒနာ။

၄။ ဇိဝှါသမ္ဖဿဇာ ဝေဒနာ။

၅။ ကာယသမ္ဖဿဇာ ဝေဒနာ။

၆။ မနောသမ္ဖဿဇာ ဝေဒနာ - ဟူသော အပေါ်ဓာတ်ခြောက်ပါးတို့ကို ခံစားမှု ဖြစ်လာကြသည်။

## ဝေဒနာပစ္စယာ တဏှာ

"ခံစားမှုဝေဒနာဟူသော အကြောင်းကြောင့် တဏှာတည်းဟူသော တပ်မက်ခြင်း လောဘ အငယ်စား ခြောက်မျိုးတို့သည် အသီးသီး ဖြစ်ပေါ်ကြသည်"ဟု ဆိုလိုသည်။

http://www.dhammadownload.com



## လောဘအငယ်စား တဏှာခြောက်မျိုး

၁။ ရူပတဏှာ - အဆင်း၌ တပ်မက်ခြင်း။
၂။ သဒ္ဒတဏှာ - အသံ၌ တပ်မက်ခြင်း။
၃။ ဂန္ဓတဏှာ - အနံ့၌ တပ်မက်ခြင်း။
၄။ ရသတဏှာ - အစာအာဟာရ၌ တပ်မက်ခြင်း။
၅။ ဖောဋ္ဌဗ္ဗတဏှာ - အထိအတွေ့၌ တပ်မက်ခြင်း။
၆။ ဓမ္မတဏှာ - ကျန်ရုပ်နာမ်တို့၌ တပ်မက်ခြင်း။

ဤတပ်မက်ခြင်းများကို "တဏှာ"ဟု ခေါ်သည်။ တရားကိုယ်ကောက်သောအခါ လောဘစေတသိက်ကိုပင် ယူရမည်။

## တဏှာအစစ် တစ်ရာ့ရှစ်ဖြစ်ပုံ

တဏှာအစစ် တစ်ရာ့ရှစ်ဖြစ်ပုံဆိုသည်မှာ -

"ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ"ဟူသော တဏှာအရင်းခံ သုံးပါးတို့ကို တည်၊ အာရုံ ခြောက်ပါးတို့နှင့် မြှောက်၊ ကာလသုံးပါးတို့နှင့် ထပ်မြှောက်၊ သန္တာန်နှစ်ပါးတို့နှင့် ထပ်မြှောက်၊

၃ × ၆ = ၁၈ × ၃ = ၅၄ × ၂ = ၁၀၈ ကို ရလာ၏။

**ဆောင်ပုဒ်။** ။"တဏှာသုံးတန်၊ အရင်းခံ၊ အာကာသန်နှင့်မြှောက်။
တဏှာစင်စစ်၊ တစ်ရာ့ရှစ်၊ ဖြစ်လာမလွဲကောက်"ဟု စပ်ဆိုထားပါသည်။

အထက်ပါ အရင်းခံ တဏှာကြီးသုံးမျိုးတို့တွင် ဘဝတဏှာနှင့် ဝိဘဝတဏှာနှစ်ပါးတို့သည် သတ္တဝါများ၌ တစ်မျိုးမဟုတ် တစ်မျိုးဟုတ်လျက် ရှိကြကုန်၏။ သောတာပတ္တိမဂ်ကို ရပြီးသူများကား ဤတဏှာနှစ်မျိုးကို ပယ်၏၊ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ နှစ်မျိုးတို့ကိုလည်း ပယ်၏။ ကာမတဏှာကား မကင်းသေးချေ၊ ဒိဋ္ဌိကိုသာ သတ်နိုင်၍ တဏှာကိုကား မသတ်နိုင်ချေ၊ ၎င်းတဏှာ၊ ဒိဋ္ဌိတို့ကို ပယ်သတ်ပုံနှင့် စပ်လျဉ်း၍ ရှေးပညာရှိများ ဤသို့ စပ်ဆိုထားပါသည်။

ဂ ဒိဋ္ဌိမသတ်၊ တဏှာသတ်၊ မပြတ်သံသရာ။
တဏှာမသတ်၊ ဒိဋ္ဌိသတ်၊ အပြတ်သံသရာ။

http://www.dhammadownload.com



## တဏှာပစ္စယာ ဥပါဒါနံ

"တဏှာ တည်းဟူသော လိုချင်ခြင်းလောဘ အသေးစားကြောင့် ဥပါဒါန်ဟူသော မရမနေ ဟူသော လောဘ တပ်မက်ခြင်း အကြီးစားလေးပါးတို့သည် ဖြစ်ပေါ်လာကြကုန်၏ဟု ဆိုလိုသည်။

## လောဘအကြီးစားလေးမျိုး

| | | |
|---|---|---|
| ၁။ | ကာမုပါဒါန် | - ငါးဖြာအာရုံ ကာမဂုဏ်တို့၌ စွဲလမ်းခြင်း။ |
| ၂။ | ဒိဋ္ဌုပါဒါန် | - အတ္တ၊ ဇီဝ၊ ပုဂ္ဂလ စသည်တို့၌ အမှန်ရှိ၏ဟု စွဲလမ်းခြင်း။ |
| ၃။ | သီလဗ္ဗတုပါဒါန် | - ခွေး၊ ဝက် စသည်တို့၏ အကျင့်သည် မြတ်၏ဟု စွဲလမ်းခြင်း။ |
| ၄။ | အတ္တဝါဒုပါဒါန် | - ခွေးကောင်၊ ဝက်ကောင်၊ လူကောင် စသည်တို့၌ အတ္တရှိသည်ဟု စွဲလမ်းခြင်း။ |

သောတာပန်ပုဂ္ဂိုလ်တို့ သန္တာန်၌ ကာမုပါဒါန်တစ်ပါးသာ ကျန်၍ ကျန်သုံးပါးတို့ကို ပယ်ပြီးဖြစ်သည်။

## ဥပါဒါနပစ္စယာ ဘဝေါ

"ဥပါဒါန်လေးပါး တည်းဟူသော အကြောင်းကြောင့် ကမ္မဘဝ, ဥပပတ္တိဘဝ ဟူသော အကျိုးတရားများ ဖြစ်လာရကုန်၏"ဟူရာ၌ ကမ္မဘဝမှ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ - သင်္ခါရသုံးပါးတို့ကိုသာ ကောက်ယူရမည်။

ဥပပတ္တိဘဝမှ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ၊ သညီဘဝ၊ အသညီဘဝ၊ နေဝသညီနာသညီဘဝ၊ ဧကဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝ ဟူ၍ တစ်ဖန် အပြားအားဖြင့် ခွဲထွက်သွား၏။

ဥပါဒါန်ကြောင့် ဘဝအကျိုးဖြစ်ခြင်းမှာ ဥပပတ္တိဘဝနှင့် ကမ္မဘဝ နှစ်မျိုးစလုံး အကျိုးဖြစ်သည်ဟု ကောက်ရ၏။ ကမ္မဘဝသည် ဇာတိအကျိုးအတွက် အကြောင်းတရားဟု ကောက်ရသည်။

http://www.dhammadownload.com



## ဘဝပစ္စယာ ဇာတိ

"ကမ္မဘဝတည်းဟူသော အကြောင်းကြောင့် ဇာတိဖြစ်"၏ဟု ဆိုရာတွင် ဝိညာဏ်ဖြစ်စဉ်ကဲ့သို့ ပဋိသန္ဓေဝိညာဏ်စိတ် (၁၉)ပါးတို့နှင့် ကမ္မဇရုပ် (၂၀)ပါးတို့သည် ပါဝင်ကြကုန်၏ဟု ကောက်ရ၏။

## ဇာတိပစ္စယာ ဇရာမရဏ

ဇရာလက္ခဏာလေးမျိုး

၁။ ဇီရဏဇရာ - ရင့်ကျက်ခြင်း။

၂။ ခဏ္ဍိစ္စဇရာ - သွားကျိုးခြင်း။

၃။ ပါလိတ္တဇရာ - ဆံဖြူခြင်း။

၄။ ဝလိတ္တဇရာ - အရေတွန့်ခြင်း။

ဤဇရာလက္ခဏာ၏ လမ်းကြောင်းများကို မြင်သဖြင့် ၎င်းလမ်းကြောင်းသည် ဥပါဒ်, ဌီ, ဘင် အားဖြင့် ပျက်စီးခြင်းဖြစ်သည်။ ပျက်စီးရပုံတို့သည် ဇရာအစစ်ဖြစ်လေ၏။

## မရဏသုံးပါး

၁။ **ခန္ဓာနံ ဘေဒေါ** - ခန္ဓာငါးပါးတို့ ပျက်စီးပြိုကွဲခြင်း။

၂။ **ကဠေဝရဿ နိက္ခေပေါ** - အသေကောင်ကို စွန့်ပစ်ခြင်း။

၃။ **ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ** - ဇီဝိတိန္ဒြေ ပြတ်စဲခြင်း။

ဇာတိကြောင့် ဤဇရာလေးမျိုး၊ မရဏသုံးမျိုးတို့ အကျိုးတရားများ ဖြစ်လာကြကုန်၏။

## အခြင်းအရာ (၂၀)ခွဲပုံ

အခြင်းအရာ (၂၀)တို့တွင် အတိတ်အကြောင်းငါးပါး တရားအမှန်ကို မသိခြင်းဟူသော အဝိဇ္ဇာက ဦးစီး၍ သင်္ခါရသုံးမျိုးတို့ကို ကြိုးစားခြင်းဖြင့် တောင့်တလိုချင်သော တဏှာ-စွဲလမ်းမှု ဖြစ်လာ၏။ ထိုစွဲ လမ်းမှုများကား အားကြီးလာ၍ ဥပါဒါန်-မရမနေ ပြင်းထန်သော စွဲလမ်းခြင်း ပြုမူခြင်းဖြစ်သဖြင့် ဘဝဟူသောအဖြစ် လိုရာကိုဖြစ်အောင် ကြိုးစားခြင်း ဖြစ်လာတော့၏။

http://www.dhammadownload.com



ထိုသို့ အတိတ်လွန်ခဲ့သော ဘဝက အထက်ပါတိုင်း ပြုမူခဲ့သောကြောင့် ယခုပစ္စုပ္ပန်ဘဝတွင် ဝိညာဏ်တည်းဟူသော ပဋိသန္ဓေဝိညာဏ်စိတ်သည် တည်လာပြန်၏။ ထို့နောက် နာမ်ရုပ်၊ ထို့နောက် အာယတန၊ (၁၂)ပါးဟူသော သဠာယတန၊ ၎င်းနောက် ထိတွေ့ခြင်းဟူသော ဖဿ၊ ထို့နောက် တွေ့ထိမှု ကို ခံစားခြင်း ဝေဒနာတရားသည် ဖြစ်၏။ တစ်ဖန် ပစ္စုပ္ပန်အကျိုးငါးပါးတို့၏ နောက်မှ ပစ္စုပ္ပန်အကြောင်း ငါးပါးတို့က အတိတ်အကြောင်း ငါးပါးအတိုင်းပင် အကြောင်းခံပြန်၏။ ထိုအကြောင်း ငါးပါးခံသဖြင့် နောက်ဖြစ်ရမည့် အနာဂတ်ဘဝအတွက် အကျိုးငါးပါးတို့သည် ပစ္စုပ္ပန်အကျိုးငါးပါး အတိုင်းပင်ဖြစ်လေ၏။ ထိုငါးပါးလေးလီ အခြင်းအရာတို့သည် နှစ်ဆယ် ဖြစ်လာကြကုန်၏။

အခြင်းအရာ (၂၀)တို့တွင် -

| | | |
|---|---|---|
| ၁။ | ကာလအားဖြင့် အတိတ် ပစ္စုပ္ပန် အနာဂတ် | (၃) ပါး၊ |
| ၂။ | အကျိုးအကြောင်းအားဖြင့် | (၂) ပါး၊ |
| ၃။ | အလွှာအားဖြင့် အတိတ်အကြောင်း | (၁) လွှာ၊ |
| | ပစ္စုပ္ပန်အကျိုး | (၁) လွှာ၊ |
| | ပစ္စုပ္ပန်အကြောင်း | (၁) လွှာ၊ |
| | အနာဂတ်အကျိုး | (၁) လွှာ - ပေါင်း (၄)လွှာ။ |
| ၄။ | အစပ်အားဖြင့် အတိတ်အကြောင်းနှင့် | |
| | ပစ္စုပ္ပန်အကျိုးတို့အကြား | (၁) စပ်၊ |
| | ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း | (၁) စပ်၊ |
| | ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုး | (၁) စပ်၊ |
| | ပေါင်း | (၃) စပ်၊ |

## ကာလအားဖြင့် ခွဲနည်း

| | | |
|---|---|---|
| ၁။ | အဝိဇ္ဇာနှင့် သင်္ခါရ | အတိတ်ကာလ |
| ၂။ | ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ တဏှာ၊ ဥပါဒါန်၊ ဘဝ | ပစ္စုပ္ပန်ကာလ |
| ၃။ | ဇာတိ၊ ဇရာ၊ မရဏသည် | အနာဂတ်ကာလ |

http://www.dhammadownload.com



## ဝဋ်သုံးပါး

၁။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် — ကိလေသဝဋ်။

၂။ ဘဝ၊ သင်္ခါရ — ကမ္မဝဋ်။

၃။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ — ဝိပါကဝဋ်။

## မူလနှစ်ပါး

၁။ အဝိဇ္ဇာ၊ ၂။ တဏှာ။

## သစ္စာနှစ်ပါး

၁။ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကြောင်းသည် — သမုဒယသစ္စာ။

၂။ ပစ္စုပ္ပန်အကျိုးနှင့် အနာဂတ်အကျိုးသည် — ဒုက္ခသစ္စာ။

အဝိဇ္ဇာကြောင့် ကျန်အင်္ဂါ (၁၁)ပါးတို့သည် ဖြစ်ရ၏။ အဝိဇ္ဇာချုပ်လျှင် ကျန်အင်္ဂါ (၁၁)ပါးတို့လည်း ချုပ်သွားကုန်၏။

**ပဋိစ္စသမုပ္ပါဒ်တရား ဤတွင်ပြီး၏။**

- - - - - - - - - -

http://www.dhammadownload.com



# စတုသစ္စကဏ္ဍပိုင်း (သစ္စာပိုင်း)

၁။ သမုဒယသစ္စာ = စေတသိက် (၅၂)ပါးမှ လောဘစေတသိက်ကို "သမုဒယသစ္စာ"ဟုခေါ်သည်၊ အကြောင်းခံသစ္စာဖြစ်၏။

၂။ ဒုက္ခသစ္စာ = (၁) လောဘကြဉ်သော စေတသိက် (၅၁)ပါး။
(၂) စိတ်အကျဉ်း(၈၉), အကျယ်အားဖြင့် (၁၂၁)ပါး။
(၃) ရုပ် (၂၈)ပါး။

ဤတရားသုံးမျိုးအပေါင်းကို ဒုက္ခသစ္စာ ခေါ်သည်။ ဆင်းရဲအမှန်ဟု ဆိုလိုသည်။ ခန္ဓာငါးပါးတို့ကို ရသည်။ သံသရာတွင်း တရားဖြစ်၏။ (၃၁)ဘုံ အကုန်လုံးပါဝင်ကြ၏။ အထက်က သမုဒယသစ္စာဟူသော လောဘတရား၌ အခြေပြု၍ ဖြစ်ပေါ်လာသော အကျိုးတရားများဖြစ်ကြ၍ အကျိုးသစ္စာဟုခေါ်သည်။ အထက်ပါ သစ္စာနှစ်ပါးတို့ကို "ဝဋ္ဋသစ္စာ"ဟုခေါ်၏။ သံသရာ၌ ဝဋ်ကိုလည်စေသော သစ္စာဖြစ်၏။

၃။ မဂ္ဂသစ္စာ = မဂ်စိတ်လေးမျိုး၌ ယှဉ်သော မဂ္ဂင်တရားကိုယ် (၈)ပါးကို "မဂ္ဂသစ္စာ"ဟုခေါ်သည်၊ (အကြောင်းသစ္စာ)

၄။ နိရောဓသစ္စာ = နိဗ္ဗာန်ကို နိရောဓသစ္စာ ခေါ်သည်။ ငြိမ်းအေးမှုအမှန်ကိုဆိုလိုသည်။ အကျိုးတရား သစ္စာဖြစ်သည်။ မဂ္ဂသစ္စာမေါ် မဂ္ဂင်ရှစ်ပါးကို ပွားများသဖြင့် မဂ္ဂသစ္စာ အကြောင်းခံသဖြင့် ရရှိအပ်သော အကျိုးတရားဖြစ်၏။ ၎င်းသစ္စာနှစ်ပါးတို့ကို "ဝိဝဋ္ဋသစ္စာ"ဟု ခေါ်၏။ သံသရာတွင်း မဟုတ်ဘဲ ဝဋ်သုံးပါးမှလွတ်သော သစ္စာများ ဖြစ်ကြ၏။

## ကိစ္စလေးချက်

၁။ ဒုက္ခသစ္စာ ပရိညာတဗ္ဗကိစ္စ - ဒုက္ခမှန်းသိအောင် အားထုတ်ရမည်။ ဒုက္ခလက္ခဏာ "ဘယဋ္ဌေန ပိဠနဋ္ဌေန"ဟု ပြခဲ့ပြီးဖြစ်၏။

http://www.dhammadownload.com



| | | |
|---|---|---|
| ၂။ သမုဒယသစ္စာ ပဟာတဗ္ဗကိစ္စ | - | ဒုက္ခ၏ အကြောင်းအရင်းဖြစ်သော လောဘကို ပယ်ရမည်ဟု ဆိုလိုသည်။ တဏှာတွင် ဘဝတဏှာ (သဿတဒိဋ္ဌိ-ဘဝဆက်ခြင်း၊) ဝိဘဝတဏှာ (ဥစ္ဆေဒဒိဋ္ဌိ-ဘဝတ်ပြတ်ခြင်း) နှစ်ပါးတို့ကို ဥပါဒ်စွန်း၊ ဘင်စွန်းဖြင့် ကွာရှင်းပုံပြခဲ့ပြီး၊ ကာမတဏှာ ငါးပါးအာရုံတို့ကို တပ်မက်နှစ်သက်ခြင်းသာ ကျန်၏၊ ၎င်းကို အရဟတ္တမဂ် ရောက်မှ ပယ်နိုင်၏။ |
| ၃။ နိရောဓသစ္စာ သစ္ဆိကာတဗ္ဗကိစ္စ | - | အထက်ပါ တဏှာကြောင့် ဒုက္ခဆင်းရဲခြင်းမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ရောက်လို, ဆိုက်လို, မျက်မှောက် ပြုလိုခြင်းဖြစ်၏ |
| ၄။ မဂ္ဂသစ္စာ ဘာဝေတဗ္ဗကိစ္စ | - | နိဗ္ဗာန်သို့ ဆိုက်ရောက်ရန် မဂ္ဂင်ရှစ်ပါးကို ပွားများအားထုတ်ကြရန် ဆိုလိုသည်။ |

ဤသစ္စာလေးပါးတို့ကို အပိုင်ရခြင်းသည် ကတဉာဏ် မည်၏။ တဏှာက ဖြစ်ချင်လို့ ခန္ဓာငါးပါး ဒုက္ခသစ္စာဖြစ်လာသည်။ ထိုသို့ ဒုက္ခကောင် မဖြစ်ချင်လျှင် မဂ္ဂသစ္စာကို ပွားရာ၏၊ ထိုအခါ ခန္ဓာမဖြစ်သော နိရောဓသစ္စာကို ရလေ၏။

* * * * * * * *

http://www.dhammadownload.com



# ပြည်မြို့၊ ကန်တွင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ဘုရားကြီး ရေးသားအပ်သော သစ္စာအနက် (၁၆)ချက်

**ဆောင်။** ။ဒု, သ, နိ, မဂ်၊ လေးချက်ဟူထား၊ တစ်ပါးပါး၌၊ လေးပါးပွားမြှောက်၊ တစ်ဆယ့်ခြောက်ချက်၊ သစ္စာနက်။

**ပိ သင် သံ ဝိ၊ စရှိ ဒုက္ခဌာန်**

| | | | | | |
|---|---|---|---|---|---|
| ၁။ | ပိ | - | ကား | ပီဠနဋ္ဌ | - အမြဲတစေ နှိပ်စက်တတ်ခြင်း၊ |
| ၂။ | သင် | - | ကား | သင်္ခတဋ္ဌ | - အမြဲတစေ ပြုပြင်စီရင်နေခြင်း၊ |
| ၃။ | သံ | - | ကား | သန္တာပနဋ္ဌ | - အမြဲတစေ ပူလောင်စေခြင်း၊ |
| ၄။ | ဝိ | - | ကား | ဝိပရိဏာမဋ္ဌ | - အမြဲတစေ ဖောက်ပြန်ပျက်စီးနေခြင်း။ |

၁။ **ပီဠနဋ္ဌ** = စကြဝဠာ၊ ပထဗျာအနန္တ၊ ဩကာသဇာတ်၊ လောကဓာတ်၌၊ လူနတ်ဗြဟ္မာ၊ သတ္တဝါဗိုလ်လူ၊ ဟိန္ဒဂူတို့ကို၊ ပူပန်ညှဉ်းသတ်၊ နှိပ်စက်တတ်သော ပီဠနဋ္ဌ (ပီဠနတ္ထ) အနက်သဘောလည်းကောင်း။

၂။ **သင်္ခတဋ္ဌ** = ဇာတိဇရာ၊ ဗျာဓိမရဏာ၊ ဒုက္ခညွတ်ကွင်း၊ ဝဋ်နှောင်တွင်းသို့၊ သွတ်သွင်း ဆွဲငင်၊ အမြဲယှဉ်၍၊ ပြုပြင်စီရင်တတ်သော သင်္ခတဋ္ဌ (သင်္ခတတ္ထ) အနက်သဘောလည်းကောင်း၊

၃။ **သန္တာပဋ္ဌ** = လူ့ဘုံနတ်ဘုံ၊ ဗြဟ္မာ့ဘုံဝယ်၊ တွေ့ကြုံဆုံကွဲ၊ ဖြစ်ပျက်မြဲဖြင့်၊ ဆင်းရဲဥသုံ၊ ဖုံဖုံဆူလျှံ၊ သူရကန်ထက်၊ ပူပန်စေတတ်သော သန္တာပဋ္ဌ (သန္တာပတ္ထ) အနက်သဘောလည်းကောင်း။

၄။ **ဝိပရိဏာမဋ္ဌ** = ဥပါဒ်ဖြစ်မှီ၊ ဌီဝယ်တည်ခိုက်၊ ဘင်၌ပျက်ပြုန်း၊ သုံးအင်ခဏာဝယ်၊ ချုပ်ကွယ်ကင်းပျောက်၊ ဖောက်ပြန်ပျက်စီးတတ်သော ဝိပရိဏာမဋ္ဌ (ဝိပရိ ဏာမတ္ထ) အနက်သဘောလည်းကောင်း။

http://www.dhammadownload.com



## (၂) သမုဒယသစ္စာအနက် လေးချက်

**အာ, နိ, သံ, ပ၊ သမုဒယဌာန် =**

| | | | | | |
|---|---|---|---|---|---|
| ၁။ | အာ | - | ကား | အာယူဟနဋ္ဌ | - အမြဲတစေ လိုလားအားထုတ်ခြင်း။ |
| ၂။ | နိ | - | ကား | နိဒါနဋ္ဌ | - အမြဲတစေ ဖြစ်ကြောင်းမှန်ခြင်း။ |
| ၃။ | သံ | - | ကား | သံယောဂဋ္ဌ | - အမြဲတစေဖက်ယှဉ် နှစ်မွှန်းစေခြင်း။ |
| ၄။ | ပ | - | ကား | ပလိဗောဓဋ္ဌ | - အမြဲတစေဖွဲ့စည်းရစ်ပတ်တတ်ခြင်း။ |

၁။ **အာယူဟနဋ္ဌ** = ရေမြှုပ်ရေပွက်၊ ခဏာတက်သည့်၊ တစ်သက်လျှာ၊ တစ်ဘဝ တာဟု၊ ခန္ဓာဥပါဒ်၊ ဖြစ်ပေါ်လတ်သည်၊ လူနတ်ရိပ်ငြိမ်၊ စည်းစိမ် ဘုံနန်း၊ အခန်းခန်းကို၊ ချမ်းသာထင်စား၊ အမြင်မှား၍၊ လိုလား အားထုတ်တတ်သော အာယူဟနဋ္ဌ အနက်သဘောလည်းကောင်း။

၂။ **နိဒါနဋ္ဌ** = သံသရာစက်၊ ဝဲဂယက်၌၊ ဆက်ကာဆက်ကာ၊ ခွန့်ရှည်စွာဖြင့်၊ ခန္ဓာချုပ်ပြောင်း၊ ဒုက္ခအပေါင်းတို့၊ ဖြစ်ကြောင်းမှန်သည့်၊ နိဒါနဋ္ဌ အနက်သဘောလည်းကောင်း။

၃။ **သံယောဂဋ္ဌ** = တေဘုမ္မက၊ ဝဋ္ဋဒုက္ခ၌၊ လျှောကျသက်ဝင်၊ ဖက်ယှဉ်နှစ်မွှန်း စေတတ်သော သံယောဂဋ္ဌအနက်သဘောလည်းကောင်း၊

၄။ **ပလိဗောဓဋ္ဌ** = ကံကိလေသ၊ ဝိပါကညွတ်၊ သုံးပါးဝဋ္ဋ၌၊ မလွတ်ရအောင်၊ ချုပ်နှောင်ပိတ်ဆီး၊ ဖွဲ့စည်းရစ်ပတ်တတ်သော ပလိဗောဓဋ္ဌအနက် သဘောလည်းကောင်း။

## (၃) နိရောဓသစ္စာအနက် လေးချက်

**နိ, ဝိ, အ, အ၊ နိရောဓဌာန် -**

| | | | | | |
|---|---|---|---|---|---|
| ၁။ | နိ | - | ကား | နိဿရဏဋ္ဌ | - အမြဲတစေ လွတ်ငြိမ်းရာဖြစ်ခြင်း။ |
| ၂။ | ဝိ | - | ကား | ဝိဝေကဋ္ဌ | - အမြဲတစေ ဆိတ်ငြိမ်ရာဖြစ်ခြင်း။ |
| ၃။ | အ | - | ကား | အသင်္ခတဋ္ဌ | - အမြဲတစေ မပြုမပြင် မစီရင်ရာဖြစ်ခြင်း။ |
| ၄။ | အ | - | ကား | အမတဋ္ဌ | - အမြဲတစေ မသေရာဖြစ်ခြင်း။ |

http://www.dhammadownload.com



၁။ **နိဿရဏဋ္ဌ** = ရာဂဒေါသ၊ မောဟထူပြီး၊ ဆယ့်တစ်မီးဖြင့်၊ ငြီးငြီးပြောင်ရှိန်၊ ဝဋ်နှောင်အိမ်မှ၊ ချုပ်ငြိမ်အေးစွာ၊ လွတ်ငြိမ်းရာဖြစ်သော နိဿရဏဋ္ဌ အနက်သဘောလည်းကောင်း။

၂။ **ဝိဝေကဋ္ဌ** = ဆင်းရဲခပ်သိမ်း၊ ချုပ်ငြိမ်းရာဖြစ်သော ဝိဝေကဋ္ဌအနက်သဘောလည်းကောင်း။

၃။ **အသင်္ခတဋ္ဌ** = ကံ အာဟာရ၊ စိတ္တဥတု၊ ကြောင်းလေးခုတို့၊ မပြုမပြင်၊ မစီရင်ရာဖြစ်သော အသင်္ခတဋ္ဌအနက်သဘောလည်းကောင်း။

၄။ **အမတဋ္ဌ** = အမတနာမ်၊ အမတရုပ်၊ မချုပ်မပျောက်၊ မဖောက်မပြန်၊ မြဲမှန်တည်နေ၊ မသေရာဖြစ်သော အမတဋ္ဌအနက်သဘောလည်းကောင်း။

## (၄) မဂ္ဂသစ္စာအနက် လေးချက်

**နိ, ဟေ, ဒ, အ၊ မဂ္ဂဋ္ဌာန်** -

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ | နိ | - | ကား | နိယျာနဋ္ဌ | - | အမြဲတစေ ပို့ဆောင်ကယ်တင်ခြင်း။ |
| ၂။ | ဟေ | - | ကား | ဟေတုဋ္ဌ | - | အမြဲတစေ ခိုလှုံသက်ဝင်ခြင်း။ |
| ၃။ | ဒ | - | ကား | ဒဿနဋ္ဌ | - | အမြဲတစေ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။ |
| ၄။ | အ | - | ကား | အဓိပတေယျဋ္ဌ | - | အမြဲတစေ အကြီးအမှူးဖြစ်ခြင်း။ |

၁။ **နိယျာနဋ္ဌ** = သံသရာမှ၊ မှန်စွာလွတ်အောင်၊ နိဗ္ဗာန်ဘောင်သို့၊ ပို့ဆောင်ကယ်တင်တတ်သော နိယျာနဋ္ဌအနက်သဘောလည်းကောင်း။

၂။ **ဟေတုဋ္ဌ** = မဂ်အင်္ဂါ၊ စက်ယာဉ်သာဖြင့်၊ အမတာရိပ်မြုံ နိဗ္ဗာန်ဘုံသို့ ခိုလှုံသက်ဝင်ကြောင်းဖြစ်သော ဟေတုဋ္ဌ အနက်သဘောလည်းကောင်း။

၃။ **ဒဿနဋ္ဌ** = သန္တိသုခ၊ နိဝါနဓာတ်၊ နိဗ္ဗာန်မြတ်ကို၊ တပ်အပ်ထင်ထင်၊ မျက်မှောက် မြင်တတ်သော ဒဿနဋ္ဌအနက်သဘောလည်းကောင်း။

၄။ **အဓိပတေယျဋ္ဌ** = မိမိနှင့်လျှင်၊ စပ်ယှဉ်ဖြစ်ပွား၊ မင်းတရားတို့၏၊ ရှေ့သွားဦးစီး၊ အကြီးအမှူးဖြစ်သော အဓိပတေယျဋ္ဌအနက်သဘောလည်းကောင်း။

လေးပါးသော သစ္စာတရားကို ပွားများအားထုတ်ရာ၌ ဒုက္ခ, သမုဒယ ဟူသော သစ္စာနှစ်ပါးကိုသာလျှင် အဓိကထား၍ ပွားများအားထုတ်ရာ၏၊ အားထုတ်ပုံ, အားထုတ်နည်းကား ခန္ဓာငါးပါး

http://www.dhammadownload.com



တည်းဟူသော အကျိုးတရား ဒုက္ခသစ္စာသည် ဘဝတဏှာတည်းဟူသော သမုဒယသစ္စာကြောင့် ဖြစ်၏။ ဤသို့ အကျဉ်းအားဖြင့်လည်း ပွားများအားထုတ်ရာ၏။ အကျယ်အားဖြင့်သာ အကျိုးဒုက္ခ သစ္စာတည်းဟူသော ရူပက္ခန္ဓာစသော ခန္ဓာငါးပါးတို့ကိုလည်းကောင်း၊ အကြောင်းသမုဒယသစ္စာတည်း ဟူသော တဏှာ လောဘ စသော တရားတို့ကိုလည်းကောင်း အကျယ်အားဖြင့် ဆရာ၏ထံမှောက်၌ တတ်သိလိမ္မာအောင် သင်ကြားနာယူ၍ အဖန်တလဲလဲ သုံးသပ်ဆင်ခြင်၍ ပွားများအားထုတ်ရာ၏။

ဤသစ္စာနှစ်ပါးတို့ကား "ဤသစ္စာသည် လိုလားတောင့်တအပ်သော တရားပေတည်း၊ နှစ်သက်အပ်သော တရားပေတည်း။ မြတ်နိုးအပ်သော တရားပေတည်း" ဤသို့ ကြားနာခြင်းဖြင့်သာ လျှင် ပွားများသောအလုပ်ကို အားထုတ်ရာ၏။ ဤကဲ့သို့ အားထုတ်လတ်သော် မဂ်ရသောခဏ၌ သစ္စာလေးပါးတို့ကို တစ်ကြိမ်တည်းထိုးထွင်း၍ သိမြင်ရပေတော့၏။ ထို့ကြောင့် အောက်ပါအတိုင်း ပြဆိုထားပါသည်။

**ပါဠိ။** တတ္ထ ပုရိမာနိ ဒွေ သစ္စာနိ ဝဋ္ဋံ၊ ပစ္ဆိမာနိ ဝိဝဋ္ဋံ၊ တေသု ဘိက္ခုနော ဝဋ္ဋေ ကမ္မဋ္ဌာနာဘိနိဝေသော ဟောတိ၊ ဝိဝဋ္ဋေ နတ္ထိ အဘိနိဝေသော။ ပုရိမာနိ ဟိ ဒွေ သစ္စာနိ "ပဉ္စက္ခန္ဓာ ဒုက္ခံ၊ တဏှာ သမုဒယော"တိ ဧဝံ သင်္ခေပေန စ "ကတမေ ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော"တိ အာဒိနာ နယေန ဝိတ္ထာရေန စ အာစရိယဿ သန္တိကေ ဥဂ္ဂဏှိတွာ ဝါစာယ ပုနပ္ပုနံ ပရိဝတ္တေန္တော ယောဂါ ဝစရော ကမ္မံ ကရောတိ၊ ဣတရေသု ပန ဒွီသု သစ္စေသု နိရောဓသစ္စံ ဣဋ္ဌံ ကန္တံ မနာပံ၊ မဂ္ဂသစ္စံ ဣဋ္ဌံ ကန္တံ မနာပန္တိ ဧဝံ သဝနေနေဝ ကမ္မံ ကရောတိ၊ သော ဧဝံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ။ (သမ္မောဟ၊ အဋ္ဌကထာ၊ ၁၀၉)

**အနက်။** တတ္ထ - ထိုသစ္စာလေးပါးတို့တွင်။ ပုရိမာနိ - ရှေး၌ဖြစ်သော။ ဒွေ - နှစ်ပါးကုန်သော။ သစ္စာနိ - သစ္စာတို့သည်။ ဝဋ္ဋံ - ဝဋ္ဋသစ္စာမည်၏။ ပစ္ဆိမာနိ - နောက်သစ္စာနှစ်ပါးတို့သည်။ ဝိဝဋ္ဋံ - ဝိဝဋ္ဋသစ္စာမည်၏။ တေသု - ထိုသစ္စာနှစ်ပါးတို့တွင်။ ဝဋ္ဋေ - ဝဋ္ဋသစ္စာနှစ်ပါး၌။ ဘိက္ခုနော - ရဟန်း၏။ ကမ္မဋ္ဌာနာဘိနိဝေသော - သစ္စာကမ္မဋ္ဌာန်းကို ပွားများအားထုတ်ခြင်းသည်။ ဟောတိ - ဖြစ်၏။ ဝိဝဋ္ဋေ - ဝိဝဋ္ဋသစ္စာနှစ်ပါး၌။ အဘိနိဝေသော - နှလုံးသွင်းခြင်းသည်။ နတ္ထိ - မရှိ။ ဟိ - စင်စစ်သော်ကား။ ပုရိမာနိ - ရှေး၌ဖြစ်ကုန်သော။ ဒွေ - နှစ်ပါးကုန်သော။ သစ္စာနိ၊ ဝဋ္ဋသစ္စာတို့သည်။ ပဉ္စက္ခန္ဓာ၊ ခန္ဓာ ငါးပါးတို့သည်၊ ဒုက္ခံ - ဒုက္ခသစ္စာတရားတည်း။ တဏှာ - ဒုက္ခသစ္စာကို ဖြစ်စေတတ်သော ဘဝတဏှာ သည်။ သမုဒယော - သမုဒယသစ္စာတည်း။ ဣတိ ဧဝံ - ဤသို့။ သင်္ခေပေန စ - အကျဉ်းအားဖြင့်

http://www.dhammadownload.com



လည်းကောင်း။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးတို့သည်။ ကတမေ - အဘယ်သည်တို့နည်းဟူမူ ကား။ ရူပက္ခန္ဓာ - ရူပက္ခန္ဓာသည်လည်းကောင်း။ ဣတိအာဒိနာ နယေန - ဤသို့အစရှိသောနည်းဖြင့်။ ဝိတ္ထာရေန စ - အကျယ်အားဖြင့် လည်းကောင်း။ အာစရိယဿ - ဆရာ၏။ သန္တိကေ - အထံ၌။ ဥဂ္ဂဏှိတွာ - သင်ယူ၍။ ဝါစာယ - နှုတ်ဖြင့်။ ပုနပ္ပုနံ - အဖန်ဖန်။ ပရိဝတ္တေန္တော - ပွားများ သုံးသပ်လျက်။ ကမ္မံ - သစ္စာကမ္မဋ္ဌာန်း ပွားများအားထုတ်သော အလုပ်ကို။ ယောဂါဝစရော - ယောဂါဝစရ ပုဂ္ဂိုလ်သည်။ ကရောတိ - ကြိုးစားမယုတ် အားထုတ်၏။ ဣတရေသု ပန ဒွီသု သစ္စေသု၊ ဤမှတစ်ပါး ကျန်သစ္စာ နှစ်ပါးတို့၌ကား။ နိရောဓသစ္စံ - နိရောဓသစ္စာ သည်။ ဣဋ္ဌံ - လိုလားတောင့်တအပ်သော တရားတည်း။ ကန္တံ - နှစ်သက်အပ်သောတရားတည်း။ မနာပံ - မြတ်နိုးအပ်သောတရားတည်း။ မဂ္ဂသစ္စံ - မဂ္ဂသစ္စာ သည်။ ဣဋ္ဌံ - လိုလားတောင်းတအပ်သောတရားတည်း။ ကန္တံ - နှစ်သက်အပ်သောတရားတည်း။ မနာပံ - မြတ်နိုးအပ်သောတရားတည်း။ ဣတိ ဧဝံ - ဤသို့။ သဝနေနေဝ - နာကြားခြင်းအားဖြင့်သာလျှင်။ ကမ္မံ - သစ္စာကမ္မဋ္ဌာန်းပွားများသောအလုပ်ကို။ ကရောတိ - ပြု၏။ သော - ထိုယောဂါဝစရပုဂ္ဂိုလ် သည်။ ဧဝံ - ဤအနည်းအတိုင်း။ ကရောန္တော - ပွားများအားထုတ်လတ်သော်။ စတ္တာရိ သစ္စာနိ - သစ္စာလေပါး တို့ကို။ ဧကေန - ပဋိဝေဓေန - တစ်ပြိုင်နက် ဖောက်ထွင်းသိခြင်းဖြင့်။ ပဋိဝိဇ္ဈတိ - မဂ်ခဏ၌ ထိုးထွင်း၍ သိမြင်ရပေတော့၏။

ဤသစ္စာလေးပါးကို ပွားများအားထုတ်လိုသော ပုဂ္ဂိုလ်သည် **ရှေးဦးစွာ** ဉာဏ် (၃)မျိုးကို မှတ်သား ရာ၏။ "ဉာဏ် (၃)မျိုး"ဟူသည်ကား သစ္စာဉာဏ်လေးပါးတရားကို အကြောင်းကြောင့် အကျိုးဖြစ်၏ဟူ၍ တေဘူမ္မက သင်္ခါရတရားတို့ကို ယုံမှားကင်းစွာ နားလည်မှုရှိခြင်းသည် သစ္စဉာဏ် မည်၏။

ယုံမှားကင်းစွာ နားလည်သည့်အားလျော်စွာ မကောင်းသော အကျိုးတရားသည် မုချမသွေ ဖြစ်ပေ၏။ ထို့ကြောင့် မကောင်းသော အကျိုးတရားကို ဖြစ်စေတတ်သော, မကောင်းသော အကြောင်း တရားကို ပယ်သတ်မှုနှင့် ကောင်းသောအကျိုးတရားကို ဖြစ်စေတတ်သော ပွားများအားထုတ်မှုသည် ကိစ္စဉာဏ်မည်၏။ ထိုကဲ့သို့ပွားများအားထုတ်သဖြင့် မကောင်းသော အကျိုးတရားတွေပျောက်၍ ကောင်းသော အကျိုးတရားသို့ ရောက်ရှိလာခြင်းသည် ကတဉာဏ်မည်၏။

ဤဉာဏ် (၃)ပါးတွင် သစ္စဉာဏ်နှင့် ကိစ္စဉာဏ် နှစ်ပါးသာ ပွားများအားထုတ်ရာ၏။ ကတဉာဏ် ကား ရောက်ခြင်း, ရခြင်းအနက်ကို ဟောသောကြောင့် အားထုတ်စရာမလို။ ထို့ကြောင့် သစ္စဉာဏ်ကို

http://www.dhammadownload.com



သစ္စာမှန်းသိအောင် သင်ခြင်း၊ မေးမြန်းခြင်း၊ ဆောင်ခြင်း၊ နာကြားခြင်း၊ သုံးသပ်ဆင်ခြင်ခြင်းဟူသော ဆောင်ရွက်မှုကိုပြု၍ တတ်မြောက်လိမ္မာပြီးသောအခါ ကိစ္စဉာဏ်ဖြင့် ပွားများအားထုတ်ရာ၏။ ကိစ္စဉာဏ်ဖြင့် ပွားများအားထုတ်ရန်မှာ ဒုက္ခသစ္စာ၌ ပရိညာတဗ္ဗကိစ္စအားဖြင့်လည်းကောင်း၊ သမုဒယသစ္စာ၌ ပဟာတဗ္ဗကိစ္စအားဖြင့်လည်းကောင်း၊ နိရောဓသစ္စာ၌ သစ္ဆိကာတဗ္ဗကိစ္စအားဖြင့်လည်းကောင်း၊ မဂ္ဂသစ္စာ၌ ဘာဝေတဗ္ဗကိစ္စအားဖြင့်လည်းကောင်း။ ဤသို့ သစ္စာလေးပါးနှင့် ကိစ္စလေး ပါးကို မှတ်သားနားလည်ရာ၏။ ထိုကိစ္စ (၄)ပါးတွင် (၁)အချက် ဒုက္ခသစ္စာသည် ပရိညာတဗ္ဗသိအောင် လုပ်အပ်၏။ ဟူရာ၌ ဒုက္ခကို ဒုက္ခမှန်းသိအောင် အရေးတကြီးထား၍ ပွားများရာ၏။ ပွားများသည့်အခါ သမ္မုတိနယ်မှ တကယ်လွတ်ကင်းသော ပရမတ္ထအစစ်ဖြစ်သော (ခန္ဓာငါးပါး) ရုပ်နှင့်နာမ်နှစ်ပါးတို့၏ ဘယသဘော၊ ပီဠနဋ္ဌသဘောကြောင့် ဒုက္ခတုံး၊ ဒုက္ခခဲအစစ်ဖြစ်ကြောင်းကို ကောင်းစွာနားလည်အောင် သင်ကြားနာယူ ပွားများရန်ဖြစ်၏။

ခန္ဓာငါးပါး ဒုက္ခအစစ်ဖြစ်ကြောင်းကို ကောင်းစွာသိသောအခါ ထိုခန္ဓာငါးပါးကို ဖြစ်စေတတ်သော အကြောင်းရင်းတရားကို ရှာသောအခါ ဘဝတဏှာဟုဆိုအပ်သော လောဘတည်းဟူသော သမုဒယသစ္စာ သည် ပယ်သင့်, ပယ်အပ်သော တရားဟူ၍ နားလည်ပြီးနောက် ဘဝတဏှာတည်းဟူသော လောကကို ပယ်စွန့်ခြင်းသည် "ပဟာတဗ္ဗကိစ္စပြီး၏"ဟူ၍ မှတ်ရာ၏။

နိရောဓသစ္စာ သစ္ဆိကာတဗ္ဗကိစ္စမှာမူကား အကြောင်းသမုဒယ - အကျိုးဒုက္ခတို့သည် ချုပ်ငြိမ်းမှ သာ (သုခအစစ်)ဖြစ်ပေသည်။ သုခအစစ်ရပေမည်, ရောက်ပေမည်ဟူသော မျှော်မှန်း၍သိခြင်းသည် (နိဗ္ဗာန်အစစ်)ကို မျက်မှောက်ပြုသည်မည်၏။

ဤကဲ့သို့ အကြောင်းသမုဒယ အကျိုးဒုက္ခတို့၏ ချုပ်ငြိမ်းခြင်းကို ကြိုးစားမယုတ် အားထုတ်ခြင်း (သမ္မဒိဋ္ဌိ) အစရှိသော မဂ္ဂင်တရားကိုယ် (၈)ပါးကို ပွားများအားထုတ်မှသာလျှင် အကြောင်းသမုဒယ အကျိုးဒုက္ခ နှစ်ပါးတို့၏ လုံးလုံးချုပ်ငြိမ်းသည်၏အဖြစ်ကြောင့် ဒုက္ခခပ်သိမ်းတို့၏ ကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို ရောက်နိုင် ရနိုင်လိမ့်မည်ဟူသော အသိဉာဏ်ရှေ့သွားခြင်း မဂ္ဂင်ရှစ်ပါးကို ပွားများအားထုတ် ခြင်းသည် "ဘာဝေတဗ္ဗကိစ္စ"ဟူ၍ မှတ်သားကြရာသည်။

ဤသို့ ကိစ္စလေးချက်တို့ကို မပြတ်ပွားများ အားထုတ်ခြင်းကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်ရခြင်းသည်ပင်လျှင် ကတဉာဏ်မည်တော့၏။ ကတဉာဏ်ကား သီးခြား၍ အားထုတ်စရာ မရှိတော့ချေ။ ဤကိစ္စလေးချက်ဖြင့် မဂ်ရဆဲခဏ၌ မရှေ့မနှောင်း တစ်ပြိုင်နက်အားဖြင့် ပဋိဝေဓဒေသနကိစ္စဖြင့် မဂ်ဉာဏ်ပေါ်ပေါက်ပြီး အပြီးအပိုင် ရနိုင်သည်ဟု မှတ်ယူရာ၏။

http://www.dhammadownload.com



ခန္ဓာငါးပါးတို့ကို အကျယ်အားဖြင့် သဘောအဓိပ္ပါယ် တရားကိုယ် တရားသား၊ သမုဒယသစ္စာ၏ အကျယ်အားဖြင့် တရားကိုယ် တရားသား သဘောအဓိပ္ပာယ် ဆရာထံ နည်းခံပြီး သင်ကြားလိုက်သည့်အခါ တတ်မြောက်လိမ္မာလာတော့ သြော် - ခန္ဓာငါးပါးဆိုသည်မှာ ဤတရားတွေခေါ်တာဖြစ်တယ်။ မိမိကိုယ် မိမိပြန်ကြည့်သည့်အခါ အဆိုပါ သင်ကြားလိုက်သည့်အတိုင်း ဘာမျှမရှိပါတကား။ ခန္ဓာငါးချက်သာ ထင်ရှားရှိပါလားလို့ အသိဉာဏ်များ ပေါ်လာသည့်အခါ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ရလာပြီ၊ ထိုကဲ့သို့ ရလာမှ တရားစစ်၊ တရားမှန်ပေါ် ရောက်တယ်။ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ကို မရသေးသမျှကာလပတ်လုံး မည်သည့်အခါမှ တရားအမှတ်ပေါ် မရောက်သေးဆိုသည်ကို သိရှိကြရမည်။

"သမ္မာဒိဋ္ဌိဉာဏ်"ဆိုသည်မှာ မဂ်ဉာဏ်ကိုရရန် အထောက်အပံ့ပေးသည့်နေရာမှာ သူသည် အကြောင်းအရင်း တရားအစစ်ဖြစ်သည်။ အလွန်တန်ဖိုးရှိသော ဉာဏ်ခေါ်၏။ သမ္မာဒိဋ္ဌိမဂ္ဂင်တစ်လုံးကို ရသည်နှင့် ကျန်မဂ္ဂင်ရှစ်ပါး အန္ဒောဂဓေနေအားဖြင့် အတွင်းဝင်သွားပါသည်။ တန်ဖိုးရှိပုံမှာ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ တို့မှ သုဉ်းဆိတ်သွားအောင် ခန္ဓာငါးပါးဟု ပြတ်ပြတ်သားသား နားလည်လာအောင် ဆရာလုပ်သည့်ပုဂ္ဂိုလ်ထံ နည်းခံသင်ကြားလိုက်သည့်အခါ တတ်မြောက်လိမ္မာလာပြီး အကြောင်းတရားက ဤဟာ၊ အကျိုးတရားက ဤဟာ၊ သံသရာကြီး ယခု ပစ္စက္ခရောက်ဆဲ ဘဝကြည့်လိုက်လျှင် အဆိုပါ အကြောင်းအကျိုးတရားနှစ်ပါးအပြင် ဘာမျှမရှိပါကလား"ဟု သိလာသည်၊ သိသည်နှင့် တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိ ရှင်းသွားသည်။ ထိုအချိန်မှစ၍ တစ်ဆင့်တက်သွား၏။ ထိုဉာဏ်ကိုရလျှင် မဂ်ရနိုင်သည်။ အကယ်၍ ပါရမီမရင့်ကျက်သေးလျှင် မဂ်ဉာဏ်မရသေးဘူးလား၊ စူဠသောတာပန်တော့ အသေအချာ ဖြစ်၏။ အပါယ်လေးပါးစလုံး တံခါးပိတ်သွား၏။ ဤသစ္စာလေးပါးတရားတို့ကို ပြတ်ပြတ်သားသား ထိုးထွင်းပြီး နားလည်သွားလျှင် မည်သည့်အခါမှ အပါယ်မကျရောက်နိုင် အပါယ်လေးပါး တံခါးပိတ်သည် ဟု ခေါ်ဆို၏။ မဂ်ဉာဏ်ကတော့ ဣန္ဒြေရင့်ကျက်ပြီးသားဆိုလျှင် ရမည်၊ မရင့်ကျက်သေးသော ပုဂ္ဂိုလ်ဆို လျှင် ဣန္ဒြေအနုအရင့် ချင့်ချိန်ကြည့်မှ ရချိန်တန် ရမည်ဟု တထစ်ချ မှတ်သားထားစေလိုသည်။

ယခုပြနေသော တရားများသည် ပရမတ်အစစ်ကို ပြနေခြင်းကြောင့် မဂ်မျိုးစေ့၊ ဖိုလ်မျိုးစေ့ရနိုင်သော တရားများဖြစ်ပါ၏။ ပါရမီဓာတ်ခံ ရင့်သန်စေတတ်သော ပရမတ်အစစ်တရားများ ဖြစ်ပါသည်။ ဤသစ္စာလေးပါးတို့တွင် ပြနေသော ဝဋ္ဋသစ္စာနှစ်ပါးကို ပြတ်ပြတ်သာသား နားလည်အောင် ကြိုးစား၍ ပြတ်ပြတ်သားသား နားလည်သွားလျှင်၊ သိသွားလျှင် သစ္စာလေးပါး ပွားများအားထုတ်သည့်ကိစ္စ

http://www.dhammadownload.com



ပြီးပါသည်။ မကြာမကြာ ဆင်ခြင်ပေးရမည်၊ မကြာမကြာ စဉ်းစားပေးရမည်၊ မကြာမကြာ တွေးတောပေးရမည်။ မိမိကိုယ်မိမိ ပြန်ကြည့်လျှင် အကြောင်းတရားနှင့် အကျိုးတရား နှစ်ပါးပဲရှိ၏။ တခြားဘာမှမရှိ၊ အကျိုး တရားက ယခုပစ္စုပ္ပန်လာဖြစ်နေသည့် ခန္ဓာငါးပါး ဒီပစ္စုပ္ပန်ခန္ဓာအသစ်ကြီး ဖြစ်လာအောင် လုပ်လာသော အကြောင်းတရားက အတိတ်ဘဝဖြစ်၍ လွန်ခဲ့ပြီ။ ယခုပစ္စုပ္ပန်ဖြစ်ဆဲ ကြည့်သည့်အခါ ခန္ဓာငါးပါး အကျိုး တရားများနှင့် နောက်ထပ် အားထုတ်နေသော "အာယူဟန"ခေါ် ကုသိုလ်, အကုသိုလ်ကံနှစ်ပါး အကြောင်း တရား၊ ထိုအကြောင်းတရားနှင့် အကျိုးတရားတို့မှ လွဲ၍ ဘာမျှမရှိပါတကား၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ အသက်၊ လိပ်ပြာ၊ လူ၊ နတ်၊ ဗြဟ္မာစသည်တို့မှာ ပညတ်တရား၊ မရှိသော တရားဖြစ်၏။ ပရမတ် အနေဖြင့် အမှန်ရှိသော တရားကို အသိဉာဏ် ဆိုက်သွားသည်။

ထိုပုဂ္ဂိုလ်သည် သမ္မာဒိဋ္ဌိ အမြင်မှန်ရရှိသော ပုဂ္ဂိုလ်ဖြစ်၏။ ခန္ဓာငါးပါးဖြစ်အောင် လုပ်ပေးသည်ကို သမုဒယသစ္စာဟု စိတ်ထဲ၌ ယုံကြည်မှုသည် သမုဒယသစ္စာကို သိသည်မည်၏။ ခန္ဓာငါးပါးကို ဒုက္ခတုံး ဒုက္ခခဲဟု အမှန်ယုံကြည်လျှင် သမ္မုတိဒုက္ခသည် ဒုက္ခမဟုတ်မှန်း သိရ၏။ သမ္မုတိဒုက္ခသည် ဒုက္ခသစ္စာ အဟုတ်ဖြစ်၏။ ထိုသမ္မုတိဒုက္ခတို့သည် "လူမရှိပါလျက် လူဆင်းရဲတယ်" အစရှိသဖြင့် ပြောဆိုနေကြခြင်း ဖြစ်၏။ အမှန်အားဖြင့် သမုတ်ထားတာက ပညတ်တရားသာလျှင်ဖြစ်၏။ သေသေချာချာကြည့်လျှင် ပဋိသန္ဓေဉပါဒ်ခဏမှ လာဖြစ်သော ခန္ဓာငါးပါးတို့ကို ဒုက္ခအစစ်မှန်၏ဟု ယုံကြည်သွားခြင်းသည် ဒုက္ခ သစ္စာကို သိသည်မည်၏။ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာတို့မှာ -

**ပါဠိ။** ဣတရေသု ပန ဒွီသု သစ္စေသု နိရောဓသစ္စံ ဣဋ္ဌံ ကန္တံ မနာပံ၊ မဂ္ဂသစ္စံ ဣဋ္ဌံ ကန္တံ မနာပန္တိ ဧဝံ သဝနေနေဝ ကမ္မံ ကရောတိ၊ သော ဧဝံ ကမ္မံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ။

**အနက်။** ဣတရေသု - ဤမှတစ်ပါးသော။ ဒွီသု သစ္စေသု ပန - နှစ်ပါးသော သစ္စာတရားတို့၌။ နိရောဓသစ္စံ - နိရောဓသစ္စာသည်။ ဣဋ္ဌံ - အလိုရှိအပ်၏။ ကန္တံ - နှစ်သက်အပ်၏။ မနာပံ - မြတ်နိုးအပ်၏။ မဂ္ဂသစ္စံ - မဂ္ဂသစ္စာသည်။ ဣဋ္ဌံ - အလိုရှိအပ်၏။ ကန္တံ - နှစ်သက်အပ်၏။ မနာပံ - မြတ်နိုးအပ်၏။ ဣတိဧဝံ - ဤသို့။ သဝနေနေဝ - ကြားဖူးကာမျှပင်လျှင်။ သော ယောဂါဝစရော - ထိုယောဂါဝစရပုဂ္ဂိုလ် သည်။ ကမ္မံ - ပွားများအားထုတ်သော ကမ္မဋ္ဌာန်းအလုပ်ကို။ ကရောတိ - ပြု၏။ သော - ထိုယောဂီသည်။ ဧဝံ - ဤသို့။ ကမ္မံ - ပွားများအားထုတ်သော ကမ္မဋ္ဌာန်းအလုပ်ကို။

http://www.dhammadownload.com



ကရောန္တော - ပြုလျက်။ စတ္တာရိ သစ္စာနိ - သစ္စာလေးပါးတို့ကို။ ဧကေန ပဋိဝေဓေန - တစ်ပြိုင်နက် ထိုးထွင်း၍ သိခြင်းကြောင့်။ ပဋိဝိဇ္ဈတိ၊ မဂ်ခဏ၌ ထိုးထွင်း၍ သိရပေတော့၏။

သစ္စာလေးပါး ပွားများအားထုတ်ရာတွင် လေးပါးစလုံး သင်ကြားလို့ မတတ်မြောက်နိုင်သော်လည်း ဝဋ္ဋသစ္စာခေါ်ထားသည့် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို အကြောင်းနှင့် အကျိုးဆက်သွယ်နေသော သဘာဝတရားကိုယ် တရားသားနှင့်သိလျှင် တော်လောက်ပါပြီ။ ဤဟာသည် ကိုယ်ပိုင်ရသည့် သဘောဖြစ်၏။ ဤမျှလောက်သိလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရနိုင်၏။ ဘုရားကိုယ်တော်မြတ်က ချစ်သား ချစ်သမီးတို့ သမုဒယသစ္စာကို ပယ်ကြ၊ သစ္စာလေးပါးတရားတို့ကို ဉာဏ်သုံးမျိုးတို့ဖြင့် သွားရမည်။

ဉာဏ်သုံးမျိုးမှာ -

(၁) သစ္စဉာဏ်

(၂) ကိစ္စဉာဏ်

(၃) ကတဉာဏ် ဖြစ်၏။

"ဉာဏ်" ဆိုသည်မှာ သိခြင်းကိုခေါ်၏။ သိခြင်းသုံးမျိုးရှိသည်ဟု မှတ်ထားရမည်။ သစ္စာလေးပါးကိုပဲ သိခြင်းသုံးမျိုးဖြင့် သိရမည်။ "သိနည်းသုံးမျိုး"ဆိုသည်မှာ ဉာဏ်သုံးပါးကို ခေါ်လေသည်။ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် ဖြစ်၏။ "သစ္စာ"ဆိုသည်မှာ သစ္စာလေးပါးတရားသည် အမှန်ဆုံးတရား၊ ဒုက္ခသစ္စာ သည် အကျိုးတရားအစစ်၊ သမုဒယသစ္စာသည် အကြောင်းတရားအစစ်၊ ဤကဲ့သို့ နားလည်ရမည်။ ဤက အမှန်မလွဲခြင်းကို "သစ္စာ"ဟုခေါ်၏။ မဂ္ဂသစ္စာကို ပွားများခြင်းကြောင့် နိဗ္ဗာန်ကိုလည်းရမည်၊ မဂ္ဂသစ္စာ အကြောင်းခံ၍ နိဗ္ဗာန်ဆိုသော အကျိုးတရားပေါ်ရ၏။ ဤဟာလည်း အမှန်မလွဲဖြစ်၏။ တရားလေးပါး သည် အကြောင်းကြောင့် အကျိုးဖြစ်သည်ကို ဆက်စပ်ကြည့်သည့်အခါ အမှန်ဆုံးပဲဟု သိခြင်းသည် သစ္စဉာဏ်ဖြစ်၏။ ထိုသစ္စဉာဏ်သိပြီးနောက် ကိစ္စဉာဏ်သိရန်ဖြစ်သည်။ "ကိစ္စဉာဏ်"ဆိုသည်မှာ ကိစ္စကို သိခြင်းဖြစ်၏။ အရပ်ထဲမှာ လုပ်စရာတာဝန်မျိုးကို "ကိစ္စ"ဟု ခေါ်ကြ၏။ ကိစ္စလေးရှိသေးလို့ ပြောကြ၏။ ကိစ္စဟု သုံးထားခြင်းသည် အမည်မပေါ်သော်လည်း လုပ်ငန်းတာဝန် တစ်ခုခုပဲဟု နားလည်ကြ၏။

ယခုလည်း သစ္စာလေးပါး လုပ်ငန်းတာဝန်များ ရှိကြသည်။ လုပ်ငန်းတာဝန်ချင်း မတူပါ၊ သူ့လုပ်ငန်းတာဝန်နှင့်သူ ဖြစ်ကြ၏။ ဒုက္ခသစ္စာလည်း တာဝန်နှင့် သမုဒယသစ္စာလည်း သမုဒယသစ္စာ

http://www.dhammadownload.com



တာဝန်နှင့် ဤကဲ့သို့ ရှိကြ၏။ ဒုက္ခသစ္စာသည် ပရိညာတဗ္ဗကိစ္စ ရှိ၏။ ဒုက္ခသစ္စာ သိအောင်လုပ်ပါ။ ဒုက္ခသစ္စာ၏ တရားကိုယ် တရားသားသည် ခန္ဓာငါးပါးဖြစ်၍ ခန္ဓာငါးပါးကို ဒုက္ခမှန်းသိအောင်လုပ်ရန် ဆိုလိုသည်။ သမ္မုတိဒုက္ခကိုသိ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရကောင်း၊ ဤကဲ့သို့ သမ္မုတိဒုက္ခကို သိ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရမည်ဖြစ်လျှင် သာသနာပမှာလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရကုန်ကြမှာ ဖြစ်၏။ သာသနာပနေတဲ့အခါမှာလည်း ခလုတ်တိုက်မိတဲ့ အခါမှာလည်း "ဒုက္ခ ဒုက္ခ"ဟု ညည်းကြ၏။ ထိုကဲ့သို့ ညည်းနေကြသော သမ္မုတိဒုက္ခများသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရကောင်းပါ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကောင်းလျှင် သာသနာပမှာလည်း ထိုဒုက္ခမျိုးကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကြမှာဖြစ်၏။ ထို့ကြောင့် ခလုတ်တိုက်ဒုက္ခ၊ ဆူးစူးဒုက္ခဆိုသော ဒုက္ခမျိုး သိရှိခြင်းသည် ဒုက္ခအစစ် သိခြင်းဟု မဆိုကောင်းပါ။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို မရကောင်းပါ။ သာသနာနှင့် ကြုံတွေ့သည့်အခါမှာလည်း ကြုံတွေ့သည့် အလျောက် အမှန်အားဖြင့် မဂ်ပေါက် ဖိုလ်ပေါက် ရောက်သည်ဆိုသော ဒုက္ခအစစ်ကို သိမြင်ကောင်းကြ၏။

ထို့ကြောင့် မြတ်စွာဘုရားက "ချစ်သား၊ ချစ်သမီးတို့ ဒုက္ခသစ္စာကြီးကို ပိုင်ပိုင်နိုင်နိုင် သိအောင် လုပ်ကြ၊ လူတိုင်းထင်နေတာက သူ့ဆင်းရဲ ငါ့ဆင်းရဲကို ဒုက္ခလို့ ထင်ကြ၏။ ဤထင်မြင်ခြင်းသည်ကား သိသော ဒုက္ခဖြစ်၏။ ဤကဲ့သို့သော ဒုက္ခမျိုးသိရုံနှင့် မည်သည့်အခါမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရကောင်း၊ ဒုက္ခအစစ်သည် ခန္ဓာငါးပါးဟု သိရ၏။ မည်သည့်အတွက်ကြောင့် ခန္ဓာငါးပါးကို ဒုက္ခအစစ်ဟု ခေါ်သလဲ ဆိုလျှင် ခန္ဓာငါးပါးသာလျှင် ဒုက္ခတရားအစစ်ဖြစ်၏။ တစ်ပါးတခြားသော ဒုက္ခတို့သည် ဒုက္ခအစစ်မဟုတ်၊ ခန္ဓာငါးပါးသာလျှင် ဒုက္ခအစစ်ဖြစ်၏။ ခန္ဓာငါးပါးသည် "သုခမဖက် ဒုက္ခတရားကြီး" ဟု ဟောကြားထားသည့်အတိုင်း သိအောင်လုပ်ရမည်။ သိအောင်လုပ်ရမည်ဆိုရာသည်တွင် အလုပ် မှာ ကိစ္စမတုံး၊ အသိမှာ ကိစ္စတုံး၏။

ခန္ဓာငါးပါးတရားကို သဘောအဓိပ္ပာယ် တတ်ကျွမ်းနားလည်စေရန် သိအောင် သင်ကြား လေ့လာရမည်။ နည်းခံရမည်။ ဆည်းပူးရမည်။ ဤကဲ့သို့ လုပ်ဆောင်သဖြင့် တတ်ကျွမ်းနားလည်သည့် အခါ မိမိကိုယ်ကို ပြန်ပြီးတော့ ထိုအသိဉာဏ်နှင့် ပြန်ရှုသည့်အခါ ခန္ဓာငါးပါး ပေါ်ထွက်လာသည်။ ထိုခန္ဓာငါးပါးတရားသည် ထင်ရှားစွာရှိသော တရားကြီးဖြစ်၏။ ထိုတရားသည်ပင်လျှင် ဒုက္ခစစ်ကြီး၊ ဒုက္ခတုံးကြီး၊ ဒုက္ခခဲကြီးဟု အမှန်သိသွားမည်ဖြစ်၏။ ထိုသိသွားခြင်းသည် ပရိညာတဗ္ဗ သိအောင်လုပ် သဖြင့် သိသွား၏။ သမုဒယသစ္စာသည် ပဟာတဗ္ဗကိစ္စဖြစ်သောကြောင့် ပယ်ရမည်။ သမုဒယသစ္စာသည် တရားကိုယ်က ဘဝတဏှာဖြစ်သည့်အတိုင်း ထိုဘဝတဏှာကို ဖြတ်ရမည်။ မဖြတ်လျှင် ခန္ဓာငါးပါး

http://www.dhammadownload.com



ဖြစ်မည်။ ဒုက္ခသစ္စာပြန်ဖြစ်မည်။ ခန္ဓာငါးပါး နောက်ထပ်အသစ်မဖြစ်လျှင် ထိုအခါမှ နိဗ္ဗာန်အမှန်ရောက်မည်။ ခန္ဓာငါးပါးကို ဒုက္ခမှန်းသိအောင် မလုပ်လျှင် ခန္ဓာငါးပါးဒုက္ခကို မမြင်သည့်အတွက် သမုဒယကို မပယ်သတ်နိုင်ကြ။ ခန္ဓာငါးပါးအပြစ်ကို ရှေးဦးစွာ သိအောင်လုပ်ရမည်။ သို့မှသာ ခန္ဓာငါးပါးဖြစ်အောင် လုပ်ပေးသည့် သမုဒယသစ္စာခေါ် ဘဝတဏှာကို ပယ်ရမည်။

ခန္ဓာငါးပါး၏ အပြစ်ကို မြင်လာလျှင် ခန္ဓာငါးပါး နောက်ထပ်မဖြစ်ချင်ဘူး။ နောက်ထပ်မဖြစ်ချင်လျှင် သမုဒယသစ္စာ ပယ်ပြီးသားဖြစ်သွား၏။ ထို့ကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ဒုက္ခ သစ္စာကို သိအောင်လုပ်၊ ဒါမှ အပြစ်တွေမြင်မည်၊ အပြစ်တွေ မြင်မှ ရွံမုန်းမည်၊ ရွံမုန်းမှ ထိုဒုက္ခသစ္စာကို ပြတ်အောင်လုပ်ပေးသည့် သမုဒယသစ္စာ အကြောင်းတရားကြီးကို ပယ်နိုင်မည်။ ပယ်ကြမည်၊ အဆိပ်ပင် သီးနေတဲ့ အဆိပ်သီးကို "ရှေးဦးမဆွကတော့ ဤအသီးစားရင် ကောင်းမှာပဲ၊ အရောင်အဆင်းနဲ့ အရသာ တော်တော်ရှိပါလိမ့်မည်"ဟု ထင်၏။ ဤကဲ့သို့ ထင်သော ပုဂ္ဂိုလ်တစ်ယောက်က အထင်မှားပြီး စားကြည့် သည့်အခါ ရုတ်တရက် သေသွားသည်ကို မြင်သောသူသည် "ဤအဆိပ်သီးစားလျှင် သေသည်"ဟု သိလျှင် ထိုအဆိပ်သီးကို စားလိုစိတ်မရှိတော့ပါ။ အကယ်၍ စားလျှင် သေမည်ဟုမသိပါက စားလိုစိတ်မပျောက်ချေ။ ဤဟာကို ခန္ဓာငါးပါးရဲ့ အပြစ်တွေ မြင်သိလာအောင် ရှေးဦးမဆွ ခန္ဓာငါးပါးခေါ်ထားတဲ့ ဒုက္ခသစ္စာကြီး သိအောင်လုပ်ရန် ဟောကြားတော်မူ၏။ ထို့ကြောင့် ဒုက္ခသစ္စာသည် ပရိညာတဗ္ဗကိစ္စရှိ၏။

မိမိကိုယ် မိမိပြန်ကြည့်လျှင် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ နှစ်မျိုးသာတွေ့ရမည်၊ တခြားဘာမျှမရှိ၊ လက်စသတ်တော့ အကြောင်းတရားနှင့် အကျိုးတရား နှစ်ပါးစခန်းသွားနေခြင်းသည် သံသရာအစမှဖြစ်သည်၊ ဤကဲ့သို့ ပြတ်သားစွာ နားလည်သိရှိရမည်။ ဤကဲ့သို့ တရားနှစ်ပါးသာ ဖြစ်နေခြင်းဖြစ်၏။ တခြား ဘာမျှမရှိ၊ ပုဂ္ဂိုလ် သတ္တဝါ ရှာမရ။ ထိုတရားနှစ်ပါးအား "အပရိဏာယကတရား"ခေါ် ၏။ သေသေ ချာချာကြည့်တော့ အကြောင်းနှင့်အကျိုးပဲရှိ၏။ ထိုအကြောင်းတရားလုပ်လို့ ထိုအကျိုးတရား ရ၏။ မိမိ ဤအကြောင်းတရားလုပ်၍ မိမိ အကျိုးတရားရရှိခြင်းဖြစ်၏။ ထိုမျှလောက် ဝဋ္ဋသစ္စာနှစ်ပါး ပွားများလျှင် သင့်တော်လောက်ပါပြီ ဝိဝဋ္ဋသစ္စာကတော့ ကြားဖူးနားဝရှိလျှင် တော်လောက်ပေပြီ၊ ဤကဲ့သို့ ပြဆိုခဲ့ခြင်း သည် သစ္စာတရားတို့ကို ပွားများအားထုတ်သော နည်းဖြစ်၏။ ခန္ဓာငါးပါးသည် အမှန်က ဒုက္ခသစ္စာရဲ့ တရားကိုယ် တရားသားလို့ နားလည်ပြတ်သားအောင် လုပ်ရမည်။

သမုဒယသစ္စာလည်း တဏှာ လောဘ စေတသိက်ဆိုတာကို သိရမည်။ တဏှာသည် သုံးမျိုးရှိသည်။

http://www.dhammadownload.com



(၁) ကာမတဏှာ။
(၂) ဘဝတဏှာ။
(၃) ဝိဘဝတဏှာ ဟု သုံးမျိုးဖြစ်၏။

ဒုက္ခသစ္စာဆိုသည့် ခန္ဓာကောင်ကြီးဖြစ်အောင် လုပ်ပေးသည့် လက်သည်တရားခံကို ရှာတော့ သမုဒယသစ္စာကို တွေ့၏။ သမုဒယသစ္စာသည် တရားကိုယ်ကို ရှာသည့်အခါ လောဘစေတသိက်ခေါ် တဏှာကိုရလေ၏။ ထိုတဏှာသုံးမျိုးထဲမှ ဒီတဏှာသည် ဘဝတဏှာဖြစ်၍ သတ်ရမည်၊ ဘဝသစ်ကို မလိုချင်ပါနဲ့၊ ဘဝသစ်မဖြစ်ချင်ပါနဲ့၊ ဘဝသစ်မဖြစ်ချင် မလိုချင်၍ ကုသိုလ်များပြုသောအခါ ရည်ရွယ်ရမှာက နိဗ္ဗာန်ကို ရည်ရွယ်ရမည်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရည်ရွယ်ပြီး ကုသိုလ်တွေကို ပြုရမည်၊ သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်ကစ မိမိပြုသမျှ ကုသိုလ်ကောင်းမှု အစုစုတွေကို လူ့စည်းစိမ်ကို ရရန် ရည်ရွယ် ၍ ပြုလုပ်ပါက ထိုကုသိုလ်သည် ဘဝတဏှာဖြစ်၍ သံသရာက မကျွတ်နိုင်ချေ။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရနိုင်၊ နိဗ္ဗာန်မရောက်နိုင်၊ သစ်သီးတစ်လုံး ပန်းတစ်ပွင့်ကို လှူတာကစ မဂ်ဉာဏ် ဖိုလ်ဉာဏ်များကို ရဖို့ ရည်ရွယ်ချက်ထားပြီး လှူဒါန်းရမည်။

ဤကဲ့သို့ လှူဒါန်းခြင်းဖြင့် ဘဝအသစ်သစ်ဖြစ်ချင်သော သဘောမပါတော့ပါ၊ ထိုကုသိုလ်သည် နိဗ္ဗာန်ကို မျက်စောင်းထိုးနေသော ကုသိုလ်ဖြစ်၍ "ဝိဝဋ္ဋကုသိုလ်"ခေါ်၏။ ဝဋ်မှ လွတ်မြောက်နိုင်၏။ ကုသိုလ်ဖြစ်ပေမယ့် မပြုတတ်လျှင် သံသရာမှမကျွတ်ပါ၊ ပြုတတ်မှ သံသရာမှ လွတ်မည်။ "ဝဋ္ဋကုသိုလ်"ဆိုသည်မှာ ဘဝအသစ်ဖြစ်ခြင်း၊ ခန္ဓာအသစ်ဖြစ်ခြင်း၊ ဘဝကောင်းရာ မိမိကောင်းရာ ရည်သန်ပြီးလုပ်သော ကုသိုလ်မှန်သမျှ "ဝဋ္ဋကုသိုလ်"ခေါ်၏၊ "ဤကုသိုလ်သည် သံသရာလွတ်မြောက်ကြောင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို အမြန်ဆုံးရပါလို၏၊ ရောက်ရပါလို၏"ဟု ရည်ရွယ်ချက်ဖြင့် လုပ်သော ကုသိုလ်ကြတော့ သံသရာက ကျွတ်နိုင် လွတ်နိုင်၏။ ထိုကုသိုလ်မျိုးကို "ဝိဝဋ္ဋကုသိုလ်" ခေါ်၏။ သို့ပါ၍ မြတ်စွာဘုရားကိုယ်တော်မြတ်က အထူးမှာကြားသည့် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ တို့သည် တစ်ခုနှင့်တစ်ခု အကြောင်းအကျိုး ဆက်စပ်နေသည့်သဘောကို သိအောင် အမြဲတစေ ကြိုးစားကြပါ။ သိသောအခါ သံသရာမှ လွတ်နိုင်သည်ဟု ဟောကြားထားပါသည်။

http://www.dhammadownload.com



# နိဗ္ဗာနစာတင်

နိဗ္ဗာန်သည် ထင်ရှားရှိသော ပရမတ်တရားဖြစ်၏။ ပရမတ်တရားဖြစ်သော စိတ်, စေတသိက်, ရုပ် သုံးပါးတို့သည် သင်္ခတပရမတ်ဖြစ်၍၊ ကံ, စိတ်, ဥတု, အာဟာရ အကြောင်းလေးပါးတို့ဖြင့် ဖြစ်ပေါ်၍ ဆင်းရဲအတိဖြစ်၏။ နိဗ္ဗာန်သည်ကား အသင်္ခတ ပရမတ်တရားဖြစ်၍ ကံ, စိတ်, ဥတု, အာဟာရ အကြောင်း တရားလေးပါးတို့ ပြုပြင်စီရင်ခြင်းမရှိဘဲ ဆင်းရဲခြင်းကင်း၍ အမြဲတည်ရှိနေသော တရားဖြစ်၏။ နိဗ္ဗာန် ကို အရိယာပုဂ္ဂိုလ်များ ပစ္စက္ခသိဒ္ဓိနည်းအားဖြင့် အာရုံပြုနိုင်၏။ ကလျာဏပုထုဇဉ်၊ စူဠသောတာပန်များမှာ အနုမာနသိဒ္ဓိနည်းအားဖြင့် အာရုံပြုနိုင်၏။

နိဗ္ဗာနစာတ်ကြီးကို နှစ်မျိုးခွဲခြား၍ ဟောထား၏။ ခန္ဓကမ္မဇရုပ် မချုပ်ငြိမ်းမီရသော နိဗ္ဗာန်ကို "သဉပါဒိသေသနိဗ္ဗာန်"ဟု ခေါ်၍ ခန္ဓကမ္မဇရုပ် ချုပ်ငြိမ်းရသော နိဗ္ဗာန်ကို "အနုပါဒိသေသနိဗ္ဗာန်"ဟု ခွဲခြားထား၏။ နိဗ္ဗာန်ကို အစိန္တေယျဂုဏ်တော်ဖြင့် ပြသဖြင့် ကြံစည်အံ့ဩ ဟောပြော၍ မကုန်နိုင်သော ဂုဏ်တော်နှင့် ပြည့်စုံတော်မူ၏။ နိဗ္ဗာန်ဓာတ်ရှိပုံကို သိလို၍ မိလိန္ဒမင်းကြီးသည် "နိဗ္ဗာန်သည် ဘယ်အရပ် မှ ရှိပါသလဲ"ဟု မေးလျှောက်ရာ ရှင်နာဂသေန ရဟန္တာမထေရ်ကြီးသည် "မင်းကြီး လောကမှာ မီးရှိသည် မှာ မှန်သလော"ဟု မေးရာ မင်းကြီးက "ရှိပါသည်"ဟု ဖြေဆိုရာ "ငင်းမီးသည် ဘယ်မှာရှိသလဲ"ဟု မေးမြန်းရာ မင်းကြီးက "ရှိပါသည်"ဟု ဖြေဆိုရာ "ငင်းမီးသည် ဘယ်မှာရှိသလဲ"ဟု ထပ်မေးပြန်ရာ မင်းကြီးက မပြနိုင်ကြောင်း လျှောက်ထားသဖြင့် ရဟန္တာမြတ်က ဒုတ်နှစ်ချောင်း ပွတ်တိုက်တဲ့အခါ မီးထွက် လာသကဲ့သို့ နိဗ္ဗာနဓာတ်ကြီးသည်လည်း မည်သည့်နေရာတွင် ရှိသည်ဟု မပြောကောင်းသော်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရသောအခါတွင် မျက်မှောက်ပြုနိုင်ကြ၏ဟု ဟောကြားခြင်းဖြင့် နိဗ္ဗာန်ရှိရာကို ခန့်မှန်းနိုင်ကြမည်ဖြစ်သည်။ နိဗ္ဗာန်ကို အန္ဓပုထုဇဉ်များကို ဟောကြား၍ မသိနိုင်၊ ရာဟုလာမယ်တော် ရဟန္တာအရှင်မ ပရိနိဗ္ဗာန်စံဝင်ခါနီးတွင် မြတ်စွာဘုရားအား အောက်ပါအတိုင်း လျှောက်ထား၏။

**ပါဠိ။** နတ္ထိ ဇာတိဇရာဗျာဓိမရဏာစ္စ မဟာမုနေ အဇရာမရဏံ ပူရံ ဂမိဿာမိ အသင်္ခတံ။

**အနက်။** မဟာမုနေ - ဘုရားမြတ်။ ယတ္ထ - အကြင်နိဗ္ဗာန်၌။ ဇာတိဇရာဗျာဓိမရဏာစ္စ - ပဋိသန္ဓေ နေခြင်း, အိုခြင်း, နာခြင်း, သေခြင်းသည်လည်း။ နတ္ထိ - မရှိ။ အဇရာမရဏံ - အိုခြင်းသည်လည်း မရှိ, သေခြင်းသည်လည်းမရှိသော အသင်္ခတံ - အကြောင်းတရားလေးပါးတို့ သည် ပြုပြင်စီရင်အပ်သည်လည်း မရှိသော။ တံ ပူရံ - ထိုနိဗ္ဗာန်ပြည်ကြီးသို့။ ဂမိဿမိ - သွားပါအံ့ဟု လျှောက်ထား၏။

http://www.dhammadownload.com



| သံသရာတွင်ဖြစ်သော သခ်တနယ် | သံသရာမှထွက်ရာ အသခ်တနယ် |
|---|---|
| ခန္ဓာငါးပါး အနိစသ အသာရ | နိဗ္ဗာန် နိစ္စ သာရ |
| ခန္ဓာငါးပါး ဒုက္ခ အသာရ | နိဗ္ဗာန် သုခ သာရ |
| ခန္ဓာငါးပါး အနတ္တ အသာရ | နိဗ္ဗာန် သုခ သာရ |
| ခန္ဓာငါးပါး အသုဘ အသာရ | နိဗ္ဗာန် သုဘ သာရ |
| သခ်တနယ်၌ဖြစ်သော အနိစ္စ ဒုက္ခ အနတ္တ အသုဘတို့၏ တရားကိုယ်သည် ခန္ဓာငါးပါး ဟူ၍ ဉာဏ်၌ ထင်မြင်ပေါက်ရောက်အောင် အားထုတ်ပါလေ။ | အသခ်တနယ်၌ဖြစ်သော **နိစ္စသာရ** သုခသာရ အတ္တသာရ သုဘသာရ တို့၏ တရားကိုယ်သည် "အတ္တောတိ ပဒေန သာရောတိ ဝုစ္စတိ" ဟူသော အဋ္ဌကထာ ပုဒ်ကို ထောက်ရှု နိဗ္ဗာန်ဟူ၍ သိရှိပါလေ။ |

"နိဗ္ဗာန်ရောက်သည်"ဟူရာ၌ ပုဂ္ဂိုလ်သည် နိဗ္ဗာန်ရှိရာသို့ သွားရမည်မဟုတ်ပါ။ ပုဂ္ဂိုလ်ရှိရာ နိဗ္ဗာန်က ရောက်လာပါသည်။ နိဗ္ဗာန်သည် ခန္ဓာငြိမ်းပျောက်မှ နိဗ္ဗာန်ပေါ်ပေါက်၏။ "ပရိနိဗ္ဗာန"ဟူသည် ခန္ဓာပျက်မှ ဖြစ်ပေါ်လာသည်။

**ပါဠိ။** အဘူတံ အဇာတံ ဟုတွာ အတ္ထီတိ အဗ္ဘုတံ။

**အနက်။** ယံ - အကြင်နိဗ္ဗာန်သည်။ အဘူတံ အဇာတံ - ရှေး၌ တစ်ခါတစ်ရံမျှ မဖြစ်ဘူး သေးသည်။ ဟုတွာ - တစ်ခါတည်း၌သာ ဖြစ်ပေါ်လာသည်ဖြစ်၍။ အတ္ထိ - မပျောက်မပျက် အမြဲရှိနေ တည်နေတတ်၏။ က္ကတိ - ထို့ကြောင့်။ တံ - ထိုနိဗ္ဗာန်သည်။ အဗ္ဘုတံ - အဗ္ဘုတံမည်သည်ဟု ပြထားပါသည်။

**ပါဠိ။** တဿ ဘိက္ခဝေ က္ခဓေ သဗ္ဗဒေဝယိတာနိ အနဘိနန္ဒိတာနိ သီတီ ဘဝိဿန္တိ အယံ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု။

**အနက်။** ဘိက္ခဝေ - ရဟန်းတို့။ တဿ - ထို ရဟန္တာဖြစ်ပြီးသော ပုဂ္ဂိုလ်အား။ က္ခဓေ - ဤရဟန္တာဖြစ်သော ဘဝ၌ပင်လျှင်။ သဗ္ဗဝေဒယိတာနိ - အလုံးစုံသော ဝေဒနာတို့ဖြင့် ကျင်နာခြင်း ဒုက္ခသဘော ရှိကုန်သော ခန္ဓာငါးပါး ဒုက္ခမီးပူများတို့သည်။ အနဘိနန္ဒိတာနိ - တဏှာဖြင့် တွယ်တာ

http://www.dhammadownload.com



နှစ်သက်စရာမရှိ ချုပ်ငြိမ်း ချုပ်ကုန်သည်ဖြစ်၍ သီတိ သီတလီ၊ အားလုံးကွယ်ပျောက် အေးမြခြင်းသို့ ရောက်ကုန်သည်။ (ဝါ) အေးမြသကဲ့သို့ ဖြစ်ကုန်သည်။ ယံ ဘဝိဿန္တိ၊ အကြင်ဖြစ်ကုန်လတ္တံ့။ အယံ- ဤရဟန္တာပုဂ္ဂိုလ် ခန္ဓာငါးသွယ် ကွယ်ချုပ်သည့်အခါ ဖြစ်ပေါ်လတ္တံ့သော အေးမြခြင်းသီတဘာဝ သဘောသည်။ အနုပါဒိသေသာ - အနုပါဒိသေသမည်သော။ နိဗ္ဗာနဓာတု - အသင်္ခတ တုမရသည့် နိဗ္ဗာနဓာတ်မည်၏ ဟု ဟောပြထားပါသည်။

ပရိနိဗ္ဗာန်ပြုသွားကြသော ဘုရား ရဟန္တာပုဂ္ဂိုလ်ဟူသမျှ ပျောက်၍မသွား။ ထိုနိဗ္ဗာန်သာခေါင် ဘေးမဲ့တောင်၌ သဿာတလည်းမဟုတ်၊ ဥစ္ဆေဒလည်း မကျ၊ မဖျတ္တကာရ ဂမ္ဘီရသဘာဝဖြစ်၍ တည်နေ တော်မူသည်။ ထိုသို့ တည်နေတော်မူကြသောအခါ လူဟူ၍, နတ်ဟူ၍ ဒုက္ခဘောင်တွင် စာရင်းဝင်သော ဝေါဟာရပညတ်မျိုးဖြင့် ပညတ်ခေါ်ဝေါ်ခြင်းငှာ မထိုက်သတည်း။ ယင်းနိဗ္ဗာန သုခဓာတ် မြတ်သော သုခမည်သည်မရှိဖြစ်၍ အမြတ်ဆုံးသုခဖြစ်သော နိဗ္ဗာန်ကို ရရှိစေခြင်းအကျိုးငှာ ကြိုးစားမပြတ် အားထုတ် နိုင်ကြပါစေသတည်း။

**ဂါထာ။** ကမ္မဿ ကာရကော နတ္ထိ ဝိပါကဿ စ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝံ တံ သမ္မဒဿနံ။

**အနက်။** ကမ္မဿ - ကုသိုလ်ကံ အကုသိုလ်ကံကို။ ကာရကော - ပြုလုပ်တတ်သော သူသည်လည်းကောင်း။ ဝိပါကဿ - ထိုကံနှစ်ပါးတို့၏ အကျိုးတရားကို။ ဝေဒကော စ - ခံစားတတ် သောသူသည်လည်းကောင်။ နတ္ထိ - မရှိ။ သုဒ္ဓဓမ္မာ - ပုဂ္ဂိုလ် သတ္တဝါမဖက် သက်သက်သော ရုပ်နာမ်ဓမ္မ သင်္ခါရတရား တို့သည်သာလျှင်။ ပဝတ္တန္တိ - ဧကန်မလွဲ အမြဲမပြတ် ဖြစ်ပျက်၍ နေကြကုန်၏။ ဧဝံ - ဤသို့၊ တံ - ထိုအမှန်အမြင်သန်ခြင်းသည်။ သမ္မဒဿနံ - ကျနစွာမြင်သဖြင့် ကောင်းသောမြင်ခြင်းပေတည်း။

**ပါဠိ။** ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သင်္ချံ နောပေတိ ဝေဒဂူ

**အနက်။** ဝေဒဂူ - ရဟန္တာပုဂ္ဂိုလ်သည်။ ကာယဿ - လက်ရှိခန္ဓာကိုယ် အတ္တဘော၏။ ဘေဒါ - ပရိနိဗ္ဗာန်စံပြီးသည်မှ။ ပရံ - နောက်ကာလ၌။ ဓမ္မဋ္ဌော - နိဗ္ဗာန်၌ တည်တော်မူသည်။ ဟုတွာ - ဖြစ်၍။ သင်္ချံ - ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျာ်း, မိန်းမ, အသက်, လိပ်ပြာ ခေါ်ဝေါ်စရာအဖြစ်သို့။ နောပေတိ န ဥပေတိ - မရောက်။

http://www.dhammadownload.com



သမ္မုတိနယ်မှ ငါပဲ၊ သူပဲ၊ ပုဂ္ဂိုလ်ပဲ၊ ယောကျ်ား၊ မိန်းမပဲ၊ ရဟန္တာပဲ၊ ပစ္စေကဗုဒ္ဓါပဲ၊ ဘုရားပဲဟု ဤကဲ့သို့ အရေအတွက်အားဖြင့် ခေါ်ဝေါ်သတ်မှတ်စရာအဖြစ် မရောက်။ နိဗ္ဗာန်ရောက်သော ပုဂ္ဂိုလ် ပညတ်တွေ အကုန်လွတ်သွားပြီ။ အာသဝေါကုန်ခန်းသော ရဟန္တာ လက်ရှိခန္ဓာကိုယ်အတ္တဘောကြီး ပျက်စီးပြီးသည့် နောက်မှ နိဗ္ဗာန်ရောက်တော်မူသည်ဟု တိုက်ရိုက်ပြသည်။

ထို့ကြောင့် ကာယဿ၊ လက်ရှိခန္ဓာကိုယ် အတ္တဘော၏။ ဘေဒါ - ပျက်စီးသည်မှ။ (ဝါ) ပရိနိဗ္ဗာန် စံပြီးသည်မှ။ ပရံ - နောက်ကာလ၌။ ဓမ္မဋ္ဌော - နိဗ္ဗာန်၌ တည်တော်မူသည်။ ဟုတွာ - ဖြစ်၍။ ဤနေရာ၌ "ဓမ္မဋ္ဌော"ကို အဋ္ဌကထာဆရာက -

**"ဓမ္မဋ္ဌောတိ အသေက္ခဓမ္မေသု နိဗ္ဗာနေ ဧဝ ဌိတော"**ဟု ဖွင့်ထားပါသည်။

ဓမ္မဋ္ဌောတိ - ဓမ္မဋ္ဌောဟူသည်ကား။ အသေက္ခဓမ္မေသု - အသေက္ခတရားတို့၌။ နိဗ္ဗာန ဧဝ - နိဗ္ဗာန်၌သာလျှင်။ ဌိတော - တည်တော်မူ၏။

**ပါဠိ။** သဗ္ဗေသံ သင်္ခတဓမ္မာနံ ပဋိပက္ခံ နိဗ္ဗာနံ နာမ။

**အနက်။** သဗ္ဗေသံ - ခပ်သိမ်းကုန်သော။ သင်္ခတဓမ္မာနံ - သင်္ခတတရားတို့နှင့်။ ပဋိပက္ခံ - ဆန့်ကျင် ဘက်ပြောင်းပြန်ဖြစ်သော တရားသည်။ နိဗ္ဗာနံ နာမ - **နိဗ္ဗာန်မည်၏။**

သင်္ခတဓာတ်နှင့် ဆန့်ကျင်ဘက်ဖြစ်တာကို "နိဗ္ဗာန်"ဟု ဆိုထားသည်။ အပူနှင့်အအေး၊ အမှောင် နှင့်အလင်း၊ အတိုနှင့်အရှည်၊ အရှေ့နှင့်အနောက်တို့သည် ဆန့်ကျင်ဘက်များဖြစ်သည်။ ထိုကဲ့သို့ နိဗ္ဗာန်သည်လည်း သင်္ခတဓာတ်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။

အချို့က နိဗ္ဗာန်ကို အနတ္တကောက်၏။ "သဗ္ဗေ ဓမ္မာ" အနတ္တာပုဒ်ကိုကြည့်ကောက်၏။ သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ သင်္ခါရာ အနတ္တာ။ အနိစ္စနှင့် ဒုက္ခကို သင်္ခါရသဒ္ဒါနှင့် ဟောသည်။ အနတ္တကို "သဗ္ဗေ ဓမ္မာ"ပုဒ်ဖြင့် ကောက်သွား၏။ တရားကျန်မှာစိုး၍ သင်္ခါရကို ဟောစဉ်က တရားမကုန်။ အနိစ္စလည်းမကုန်။ ဒုက္ခလည်းမကုန်။ သဗ္ဗေ ဓမ္မာကို တရားကျန်မှာစိုး၍ အကုန်လုံးကောက်သည်။ ဤကဲ့သို့ ပြောဆိုသောသူသည် ပြောဆိုထားသည်၊ ၎င်းအဓိပ္ပါယ်မှာ -

**ပါဠိ။** သဗ္ဗေ သင်္ခါရာ အနိစ္စာ။

**အနက်။** သဗ္ဗေ - ခပ်သိမ်းကုန်သော။ သင်္ခါရာ - ရုပ်နာမ်ဓမ္မ တေဘူမကခေါ်သော သင်္ခါရတရား တို့သည်။ အနိစ္စာ၊ အမြဲမရှိမည်ကုန်၏။

http://www.dhammadownload.com



**ပါဠိ။** သဗ္ဗေ သင်္ခါရာ ဒုက္ခာ။

**အနက်။** သဗ္ဗေ - ခပ်သိမ်းကုန်သော။ သင်္ခါရာ - ရုပ်နာမ်ဓမ္မ တေဘုမ္မကခေါ်သော သင်္ခါရတရားတို့သည်။ ဒုက္ခာ - ဒုက္ခမည်ကုန်၏။

တရားမကုန် လောကုတ္တရာနယ်က တရားစုကျန်တော့သည်။ အနိစ္စနှင့် ဒုက္ခတို့ကို ဟောသည်မှာ တရားမကုန်။ အနတ္တပုဒ်ကို ဟောမှ တရားကုန်ကြသည်။

**ပါဠိ။** သဗ္ဗေ ဓမ္မာ အနတ္တာ။

**အနက်။** သဗ္ဗေ - ခပ်သိမ်းကုန်သော။ ဓမ္မာ - ခန္ဓာငါးပါးတို့ကို ဖွဲ့ကောင်းသော တရားစုတို့သည်။ အနတ္တာ - အနတ္တမည်ကုန်၏။

ဘုရား ရဟန္တာများ ပရိနိဗ္ဗာန်စံသည့်အခါ ခန္ဓာငါးပါးတို့သည် ချုပ်သွားကုန်၏။ ဤသို့ ချုပ်သွားသဖြင့် ခေါ်စရာ ခန္ဓာငါးပါး မရှိတော့သည့်အတွက် "ဤဟာ ဘုရား, ရဟန္တာ, ယောကျ်ား, မိန်းမ" စသည်ဖြင့် ခေါ်၍မဖြစ်၊ ခေါ်စရာလည်းမရှိကုန်။ ပရိနိဗ္ဗာန်စုတိစိတ်ကလေး ဘင်ခဏ၌ ခန္ဓာငါးပါး ချုပ်ပြီးသည့်အခါ နိဗ္ဗာနဓာတ်လည်းပေါ်လာ၏။ နိဗ္ဗာန်ရောက်သည်ဟု ဆိုလိုသည်။ ခန္ဓာတို့နှင့်စပ်၍ ဖြစ်သည်ကို နိဗ္ဗာန်ဟုခေါ်ရ၏။ ခန္ဓာတို့နှင့် နိဗ္ဗာန်တစ်စပ်တည်းနေသည်။

(၃၁)ဘုံမှာ ကျင်လည်နေသော သုံးဘုံသားများက နောက်ဆုံးချုပ်သွားသော ခန္ဓာငါးပါးနှင့် ပဋိသန္ဓေစပ်နေ၏။ စုတိနောင် ပဋိသန္ဓေ ဤသို့မှတ်ထားရမည်။ ဟိုဘက်ကြည့်တော့ ပဋိသန္ဓေမနေကောင်းပါ။ ဘုရား ရဟန္တာများမှာ ပဋိသန္ဓေမရှိ။ ဒီဏာ - ဇာတိပဋိသန္ဓေကုန်၏။ ပဋိသန္ဓေမလာတော့ပါ။ သို့သော် "ခန္ဓာပဋိပတ္တိမေဝ နိဗ္ဗာနံ"ဟု အဋ္ဌကထာဆရာက တိုက်ရိုက်ပြထား၏။ နိဗ္ဗာန်မည်သည် ခန္ဓာနှင့် စပ်၍ဖြစ်သည်။ ခန္ဓာနှင့်မစပ်ဘဲ မဖြစ်။ ခန္ဓာချုပ်ပြီး နိဗ္ဗာန်ပေါ်လာ၏။ ခန္ဓာချုပ်သည့်နောက် စုတိစိတ် ကလေး၏ နောက်ကွယ်မှာ နိဗ္ဗာန်ပေါ်လာသည်။

ထို့ကြောင့် ပရိနိဗ္ဗာန်စံတော်မူကြသော ဘုရား၊ ရဟန္တာများမှာ စုတိနောင် နိဗ္ဗာန်ဖြစ်၏။ ဘုံ (၃)ဘုံ၌ဖြစ်သော သတ္တဝါများမှာ စုတိနောင် ပဋိသန္ဓေဖြစ်၏။ ထို့ကြောင့် အာသဝေါကုန်ခန်းသည့် ဘုရား၊ ရဟန္တာများသည် ပရိနိဗ္ဗာန်စံဝင်တော်မူသည့်အခါမှ ခန္ဓာငါးပါး ချုပ်သွားပြီး ပညတ်တွေ အကုန်ပြတ်သွားသည်။ ပညတ်များသည် ခန္ဓာငါးပါးတို့ကို မှီ၍ ဖြစ်ကုန်၏။ ခန္ဓာငါးပါးလည်းပြုတ်

http://www.dhammadownload.com



ပညတ်များလည်း ပြုတ်ကုန်၏။ ခန္ဓာငါးပါးချုပ်၍ ပညတ်များသာ ပြုတ်၏။ ထိုပုဂ္ဂိုလ်၏ သဏ္ဍာန် အစဉ်သည် မပြုတ်၊ နိဗ္ဗာန်ဆက်၍ ဝင်၏။

နိဗ္ဗာန်၏အကြောင်းကို မပြတ်မသား နားမလည်၍ရှိလျှင် နိဗ္ဗာန်ကို အာရုံပြုနိုင်ဖို့ရန် ခက်ခဲပါ၏။ နိဗ္ဗာန်လိုချင်သော ဆန္ဒဓာတ် ပြင်းပြင်းဖြစ်ပေါ်ရန် ခက်ခဲ၏။ ထို့ကြောင့် နိဗ္ဗာနဓာတ်ကြီး ပြတ်ပြတ်သား သား နားလည်သွားလျှင် နိဗ္ဗာန်ကိုလိုချင်သော ဆန္ဒများ ပြင်းပြလာပြီး မရရအောင် ကြိုးစားလာပါမည်၊ ကြိုးစားမှ နိဗ္ဗာနဓာတ်သို့ ရောက်ကြရမည်။

ဗုဒ္ဓဂုဏာ အစိန္တိယျာ၊ ဗုဒ္ဓဂုဏေ အစိန္တိယေျ ပသံသာနံ ဝိပါကော ဟောတိ။

ဓမ္မဂုဏာ အစိန္တိယျာ၊ ဓမ္မဂုဏေ အစိန္တိယေျ ပသံသာနံ ဝိပါကော ဟောတိ။

သံဃဂုဏာ အစိန္တိယျာ၊ သံဃဂုဏေ အစိန္တိယေျ ပသံသာနံ ဝိပါကော ဟောတိ။

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃဂုဏ်တို့သည် အစိန္တိယျဂုဏ်ရှိကြ၏။ "အစိန္တိယျဂုဏ်" ဆိုသည်မှာ ပြောလို့မကုန်၊ ပြော၍မကုန်သော ဂုဏ်ကျေးဇူးများနှင့် ပြည့်စုံသော ဘုရား၊ နိဗ္ဗာန် တရား၊ သံဃာတို့၌ အမြဲတစေ ရိုသေကိုင်းညွတ် ရှိခိုးကြသော ပုဂ္ဂိုလ်များ, ကြည်ညိုသော ပုဂ္ဂိုလ်များ၊ မြတ်နိုးသော ပုဂ္ဂိုလ်များတို့သည် အဆုံးအစမရှိ ချီးမွမ်းအံ့သြ၍ အကျိုးထူး၊ အကျိုးမြတ်တို့ကို ရရှိပါသည်။

ဗုဒ္ဓအပါဒါန်မှလာသော ဂုဏ်တော်ဆယ်ချက်တို့ကို ကျေးဇူးရှင် အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး လိုရင်းလောက် ထုတ်ပြသွားသည်။

အနိဒဿနံ နိပ္ပပဉ္စံ သန္တံ အမတံ ပဏီတဉ္စ သီဝဉ္စ ခေမံ တဏှာက္ခယော အစ္ဆရိယံ အဘူတံ။

အနိဒဿနဂုဏ်၊ နိပ္ပပဥ္စဂုဏ်၊ သန္တဂုဏ်၊ အမတဂုဏ်၊ ပဏီတဂုဏ်၊ သီဝဂုဏ်၊ ခေမဂုဏ်၊ တဏှာက္ခယဂုဏ်၊ အစ္ဆရိယဂုဏ်၊ အဗ္ဘုတဂုဏ်။

(၁) အရိယာပုဂ္ဂိုလ်များသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် မြင်ကောင်းသည်၊ ဇစ္စန္ဓပုဂ္ဂိုလ်များ နေလကို မမြင်သကဲ့သို့ ဇစ္စန္ဓပုဂ္ဂိုလ်များ နိဗ္ဗာန်ကို မမြင်နိုင်၊ ထို့ကြောင့် အနိဒဿနဂုဏ် ရှိ၏။ ဇစ္စန္ဓဆိုသည်မှာ ပဋိသန္ဓေထဲက စက္ခုနှစ်ကွင်း အလင်းမရသော ပုဂ္ဂိုလ်ကို ဆိုလိုသည်။ ဇစ္စန္ဓပုဂ္ဂိုလ် များသည် နေလကို မမြင်ကောင်း၊ နေလရှိသည်ဟု ဆိုထားသည်ကို သူတို့က ယုံချင်မှယုံကြမည်၊

http://www.dhammadownload.com



သူတို့မှ မမြင်ရ၍ ယုံချင်မှယုံမည်၊ ထိုအမိဝမ်းတွင်းမှ အလင်းမရကြသော ဇစ္စန္ဓပုဂ္ဂိုလ်များသည် နေလကို မမြင် ကောင်းသကဲ့သို့ ဇစ္စန္ဓဟု ဆိုအပ်သော ပုထုဇဉ်တို့သည် နိဗ္ဗာန်ကို မမြင်ကောင်းသော အနိဒဿနဂုဏ် ရှိ၏။

(၂) **နိပ္ပပဉ္စဂုဏ်** = ပပဉ္စတရား သုံးပါးရှိ၏။ ၎င်းတို့မှာ တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ကုန်၏။ နိဗ္ဗာန်တွင် သံသရာချဲ့ထွင်တတ်သော ပပဉ္စတရားခေါ်ထားသော တဏှာ၊ မာန၊ ဒိဋ္ဌိ မရှိခြင်းကြောင်း နိပ္ပပဉ္စလည်း ရှိ၏။ နိဗ္ဗာန်အကယ်မရှိလျှင် ၎င်းဂုဏ်တွေ ထုတ်နေစရာမလိုပါ။

(၃) **သန္တဂုဏ်** = မလှုပ်မယှက် ငြိမ်သက်တည်ကြည်သော သန္တဂုဏ်လည်း ရှိ၏။

(၄) **အမတဂုဏ်** = အမြိုက်သုဒ္ဓါနှင့်တူသော အမတဂုဏ်လည်းရှိ၏။ တစ်နည်း စုတိရွေ့လျောခြင်းဟု ဆိုအပ်သော သေခြင်းမရှိသော အမတဂုဏ်လည်း ရှိ၏။ မသေသော အခြင်းအရာဂုဏ်လည်းရှိ၏။ အမြိုက် - မရောင့်ရဲနိုင်၊ မမုန်းနိုင်၊ မဖြေနိုင်၊ နိဗ္ဗာန်ရောက်သော ပုဂ္ဂိုလ်တိုင်းသည် အမြိုက်သဒ္ဓါနှင့်တူ၏။

(၅) **ပဏီတဂုဏ်** = အမြတ်တကာ အမြတ်ဆုံးသော ပဏီတဂုဏ်လည်းရှိ၏။

(၆) **သီဝဂုဏ်** = (၁၁)ပါးသော မီးတို့ကို ငြိမ်းအေးသော သီဝဂုဏ်လည်းရှိ၏။

(၇) **ခေမဂုဏ်** = ဘေးရန်ခပ်သိမ်း ကင်းငြိမ်းသော ခေမဂုဏ်လည်းရှိ၏။

(၈) **တဏှက္ခယဂုဏ်** = တဏှာကုန်ရာခန်းရာဖြစ်သော တဏှက္ခယဂုဏ်လည်းရှိ၏။ နိဗ္ဗာန်ကိုသာ အာရုံပြုပြုနေလျှင် ၎င်းပုဂ္ဂိုလ်တို့မှာ တဏှာကုန်မည်၊ ဘုရား၊ ရဟန္တာမြတ်များ နိဗ္ဗာန်အာရုံပြုကြပြီး တရား အားထုတ်သဖြင့် တဏှာကုန်သွား၏။ တဏှာကုန်သည့်အခါ ရဟန္တာဖြစ်၏။

(၉) **အစ္ဆရိယဂုဏ်** = အံ့ချီး၍မကုန်နိုင်သော လွန်လွန်ကျူးကျူး ထူးဆန်းစွာ ဖြစ်ပေါ်လာခြင်းကြောင့် လက်ဖြင့်ဖွဲ့တီးပြီး အံ့ချီး၍မကုန်နိုင်ခြင်းကြောင်း အစ္ဆရိယဂုဏ်လည်း ရှိ၏။ အစ္ဆရိယဋ္ဌ - ပြုအပ်ပြီးသော ကောင်းမှုရှိသောသူတို့သည် ရှေးကာလ တစ်ကြိမ်တစ်ခါမျှ မမြင်ဘူး၍ ထူးကဲသော နိဗ္ဗာန်ဘုံကြီးကို ဤပစ္ဆိမဘဝ ဤကာလ၌ တစ်ကြိမ်တစ်ခါသာလျှင် မြင်ခြင်းကြောင့် လက်ဖြင့်ဖွဲ့တီး အံ့ချီး၍မကုန်နိုင်သော အစ္ဆရိယဂုဏ်လည်းရှိ၏။ လွန်ခဲ့သော ဘဝပေါင်းများစွာက ပြီးခဲ့ပြီးသော စုပေါင်းလာခဲ့သော ပါရမီအဟုန် ကြောင့် ဤပစ္ဆိမ ဤဘဝ တစ်ကြိမ်တစ်ခါ မြင်တွေ့ရ၊ ထူးကဲစွာ ဖြစ်ပေါ်လာသော နိဗ္ဗာန်ဘုံနန်းကြီးသည် အစ္ဆရိယဂုဏ်လည်းရှိ၏။ တစ်သံသရာလုံးမှာ မည်သည့် ဘဝမှ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးခဲ့ရ၊ ပစ္ဆိမဘဝ ဤကာလမှသာ တစ်ကြိမ်တစ်ခါ မြင်လိုက်ရ၍

http://www.dhammadownload.com



ဤဘဝသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့၏ ဆန်းကြယ်စွာ မြင်ရခြင်း၊ နိဗ္ဗာန်တည်းဟူသော ဂုဏအေး အထည်ဒြပ်ကြီးမရှိလျှင် အံ့ဖွယ်ဘနန်း ဆန်းကြယ် သည်ဆိုသော အစ္ဆရိယဂုဏ်တော် မထွက်။

(၁၀) **အဗ္ဘုတဂုဏ်** = ရှေးက မဖြစ်ခဲ့ဘူးပဲ၊ ထူးကဲစွာ ဒီတစ်ကြိမ်သာဖြစ်သော သဘော၊ အဗ္ဘုတဥ္စ၊ လူ့ဘုံ နတ်ဘုံ ပြဟ္မာ့ဘုံတို့၌ တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးပဲ၊ ယခုအခါမှ ထူးကဲစွာလာ၍ဖြစ်သော သဘော။ အဗ္ဘုတံ - အပုဗ္ဗဘူတံ အဗ္ဘုတံ။ အနက်ကား

အပုဗ္ဗဘူတံ - ရှေးက မဖြစ်ခဲ့ဘူးပဲ ယခုမှလာ၍ဖြစ်ခြင်း၊ အဗ္ဘုတံ - ရှေးကမဖြစ်ခဲ့ဘူးပဲ ယခုမှလာ၍ ထူးကဲ့စွာဖြစ်ခြင်း။

၎င်းဂုဏ်တို့သည် နိဗ္ဗာန်တည်းဟူသော ဂုဏအေးမရှိဘဲ အဆိုပါဂုဏ်များ ထွက်၍မဖြစ်၊ ထို့ကြောင့် ဂုဏ်ဆိုသည် ဂုဏအေးရှိလျှင် ဂုဏ်ရှိသည်။ ဘုရားဂုဏ်တော်များသည် ဘုရားကိုမှီ၍ဖြစ်၏။ ဘုရားတည်း ဟူသော ဂုဏအေးပုဒ်မရှိဘဲ ကိုးပါးသော ဂုဏ်တော်များ မပေါ်ကောင်းပါ၊ မရှိကောင်းပါ၊ နိဗ္ဗာန်ဘုံကြီး ထင်ရှားမရှိပါဘဲ နိဗ္ဗာန်ဒြပ်ထင်ရှားမရှိပါလျက် နိဗ္ဗာန်ဘုံကြီး မပေါ်ကောင်းပါ။ ထို့ကြောင့် နိဗ္ဗာန်ဘုံကြီး ထင်ရှားရှိ၏။ နိဗ္ဗာန်၏ ဂုဏ်ဆယ်ပါးတို့ကို ထုတ်ပြခြင်းမှာ အကျဉ်းဆုံးအားဖြင့် ထုတ်နုတ်၍ ပြခြင်းဖြစ် ပါသည်။ ထို့ကြောင့် ဤဂုဏ်များရှိသည်ကို ထောက်ဆခြင်းအားဖြင့် ဂုဏ်ရှိလျှင် ဂုဏအေးရှိရမည်၊ ဂုဏ်ဆိုသည်မှာ ဂုဏအေးကိုမှီဖြစ်၍ ဂုဏအေးဆိုသည်မှာ အထည်ဒြပ်ကို ခေါ်၏။ ၎င်းဂုဏ်ဆယ်ပုဒ်တို့သည် နိဗ္ဗာန် ထင်ရှားရှိ၍သာ ပေါ်ထွက်လာပါသည်။

**ပါဠိ။** သုဒ္ဓသင်္ခါရပုဉ္ဇောယံ နယိဓ သတ္တုပလဗ္ဘတိ၊ ယထာ ဟိ အင်္ဂသမ္ဘာရော ဟောတိ သဒ္ဒရထော ဣတိ ဧဝံ ခန္ဓေသု သန္တေသု ဟောတိ သတ္တောတိ သမ္မုတိ။

**အဓိပ္ပာယ်။** သတ္တဝါဟုခေါ်ဆိုခြင်းသည် စင်စစ်သော်ကား ပြုပြင်အပ်သော စိတ် စေတသိက် ရုပ် သင်္ခါရအစုတို့သာတည်း၊ သတ္တဝါဟူသည် မြူမျှမရှိ ဤသက်သက်သော နာမ်ရုပ်သင်္ခါရအစုတို့၌ သတ္တဝါဟူသော အမည်ကိုရအပ်၏။ အစိတ်အစိတ် အပိုင်းအပိုင်းဖြစ်သော ဘီး၊ ဝင်ရိုး၊ ထမ်းပိုး၊ စည်းတုံး တို့နှင့် ပေါင်းစပ်သည်ရှိသော် “လှည်း၊ ယာဉ်၊ ရထား”ဟူသော ဝေါဟာရအသံသည် ဖြစ်ပေါ်လာဘိသကဲ့သို့၊ စိတ် စေတသိက် ရုပ် စသော ခန္ဓာငါးပါး ထင်ရှားသော တရားအစုတို့ကို သာလျှင် “သတ္တဝါ”ဟူ၍ ခေါ်ဝေါ်သမုတ်အပ်ခြင်းဖြစ်၏။

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဘိက္ခုနီသံယုတ်)

http://www.dhammadownload.com



**ပါဠိ။** သစေ သမ္မာဒိဋ္ဌိ ဘာဝိတာ ဒိဋ္ဌေဝ ဓမ္မေ အရဟတ္တံ ပါပေတုံ သက္ကောတိ၊ က္လစ္စေတံ ကုသလံ၊ နော စေ သက္ကောတိ၊ သတ္တဘဝေ ဧဒတိ အာဝုသော။ (ဧကေအင်္ဂုတ္တရပါဠိတော်)

**အနက်။** သမ္မာဒိဋ္ဌိ - သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ကို။ ဘာဝိတာ - ပွားများသည်ရှိသော်။ ဒိဋ္ဌေဝ ဓမ္မေ - မျက်မှောက်ဘဝ၌သာလျှင်။ အရဟတ္တံ - အရဟတ္တဖိုလ်သို့။ ပါပေတုံ - ရောက်ခြင်းငှာ။ သစေ သက္ကောတိ - အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့။ က္လစ္စေတံ - ဤသို့ရောက်ခြင်းသည်။ ကုသလံ - ကောင်း၏။ နော စ သက္ကောတိ - အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့။ အာဝုသော - ငါ့ရှင်တို့။ သတ္တဘဝေ - ခုနှစ်ဘဝမြောက်၌။ ဒေတိ - မုချမသွေ ပေးစွမ်းနိုင်ပေ၏။

## ကဗျာအလင်္ကာ

- ရဟာတ်စက်နယ်၊ ပတ်ပတ်လည်သည်၊ သုံးသွယ်ဘဝ၊ ဝိညာဏနှင့်၊ ငါးဝဂတိ၊ ယောနိသန္ဓေ၊ တည်နေယူကြ၊ အာသဝဟု၊ ဩဃဝဲ၌၊ တဝဲလည်လည်၊ ရပ်မတည်ခဲ့၊ ဆုံလည်သည့်နွား၊ ကဲ့အလားသို့၊ ဘုရားမိန့်မှာ၊ သာသနာကို၊ သေချာကြံ့ခိုက်၊ နင်မကြိုက်၍၊ နင်မိုက်လို့သာ၊ သံ့သရာမှာ၊ နင်သာလည်အုံး၊ ဘယ်မဆုံးဘဲ၊ လုံးလုံးလည်မှု၊ နင်ပင်ပြုတဲ့၊ အာယူဟန၊ ကံနှစ်ဝကို၊ လက်စမသတ်၊ နင်မရပ်က၊ ရဟာတ်စက်နှယ်၊ ပတ်ပတ်လည်မည်၊ တကယ်နင်ပဲ၊ လွတ်အောင်ခဲ။

**ပါဠိ။** ဉာဏေန အဝိဇ္ဇာယ အနိစ္စာနုပဿနာယ နိစ္စသညာယ ပဟာနံ သီလံ ဝေရမဏီ သီလံ၊ စေတနာ သီလံ သံဝရံ သီလံ အဝီတိက္ကမော သီလံ၊ ဧဝရူပါနိ သီလာနိ စိတ္တဿ အဝိပ္ပဋိသာရာယ သံဝတ္တန္တိ ပါမောဇ္ဇာယ ပီတိယာ ပဿဒ္ဓိယာ သောမနဿာယ သံဝတ္တန္တိ၊ ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ၊ ယော တတ္ထ သံဝရဋ္ဌော အယံ အဓိသီလသိက္ခာ၊ ယော တတ္ထ အဝိက္ခေပဋ္ဌော အယံ အဓိစိတ္တသိက္ခာ၊ ယော တတ္ထ ဒဿနဋ္ဌော အယံ အဓိသီလသိက္ခာ၊ ယော တတ္ထ အဝိက္ခေပဋ္ဌော အယံ အဓိစိတ္တသိက္ခာ၊ ယော တတ္ထ ဒဿနဋ္ဌော၊ အယံ အဓိပညာသိက္ခာ။

**အနက်။** ဉာဏေန - ဝိဇ္ဇာဉာဏ်အမြင်ဖြင့်။ အဝိဇ္ဇာယ - ထိုဉာဏ်၏ ဆန့်ကျင်ဘက်ဖြစ်သော ဝိဇ္ဇာကို။ အနိစ္စာနုပဿနာယ - အနိစ္စကို ရှုမြင်သဖြင့်။ နိစ္စသညာယ - နိစ္စသညာကို။ ပဟာနံ - ပယ်ခြင်း သည်။ သီလံ - သီလမည်၏။ ဝေရမဏီ - ရှောင်ကြဉ်ကြောင်းသည်။ သီလံ - သီလမည်၏။

http://www.dhammadownload.com



စေတနာ - စေတနာတရားသည်။ သီလံ - သီလမည်၏။ သံဝရံ - စောင့်ထိန်းမှုသည်။ သီလံ - သီလမည်၏။ အဝီတိက္ကမော - မလွန်ကျူးခြင်းသည်။ သီလံ - သီလမည်၏။ ဧဝရူပါနိ သီလာနိ - ဤသို့ သဘော ရှိသော သီလတို့သည်။ စိတ္တဿ - စိတ်၏။ အဝိပ္ပဋိသာရာယ - ရှင်ပြစေခြင်းငှာ။ သံဝတ္တန္တိ - ကောင်းစွာဖြစ်ကုန်၏။ ပါမောဇ္ဇာယ - ရွှင်လန်းစေခြင်းငှာ။ ပီတိယာ - နှစ်သက်စေခြင်းငှာ။ ပဿဒ္ဓိယာ - ငြိမ်းအေးစေခြင်းငှာ။ သောမနဿာယ - ဝမ်းမြောက်စေခြင်းငှာ။ သံဝတ္တန္တိ - ကောင်းစွာ ဖြစ်ကုန်၏။ ဧကန္တနိဗ္ဗိဒါယ - ခန္ဓာငါးပါးတို့၌ ဧကန်ငြီးငွေ့ခြင်းငှာ။ ဝိရာဂါယ - ဧကန်တပ်မက် ကင်းခြင်းငှာ။ နိရောဓာယ - ဧကန်ချုပ်ခြင်းငှာ။ ဥပသမာယ - ဧကန်ငြိမ်းခြင်းငှာ။ အဘိညာယ - ထိုးထွင်း၍သိခြင်းငှာ။ သမ္ဗောဓာယ - ဧကန်မဂ်ဉာဏ် ဖိုလ်ဉာဏ်ရခြင်းငှာ။ နိဗ္ဗာနာယ - ဧကန်နိဗ္ဗာန်ကို ရခြင်းငှာ။ သံဝတ္တန္တိ - ကောင်းစွာဖြစ်ကုန်၏။ တတ္ထ - ထိုဝိပဿနာစိတ် ဖြစ်ပေသောအခါ၌။ ယော သံဝရဋ္ဌော - အကြင်စောင့်စည်းခြင်းသည်။ အတ္ထိ - ရှိ၏။ အယံ - ဤစောင့် စည်းခြင်းသည်။ အဓိစိတ္တသိက္ခာ - အဓိသီလသိက္ခာမည်၏။ တတ္ထ - ထို ဝိပဿနာစိတ် ဖြစ်ပေါ်သောအခါ ၌။ ယော အဝိက္ခေပဋ္ဌော - အကြင်မပြန့်လွင့်သော သဘောသည်။ အတ္ထိ - ရှိ၏။ အယံ - ဤမပြန့်လွင့် သောသဘောသည်။ အဓိစိတ္တသိက္ခာ - အဓိစိတ္တသိက္ခာမည်၏။ တတ္ထ - ထိုဝိပဿနာစိတ် ဖြစ်ပေါ် သော အခါ၌။ ယော ဒဿနဋ္ဌော - အကြင် ဝိဇ္ဇာဉာဏ်အမြင်သည်။ အတ္ထိ - ရှိ၏။ အယံ - ဤဝိဇ္ဇာဉာဏ် အမြင်သည်။ အဓိပညာသိက္ခာ - အဓိပညာသိက္ခာမည်၏။

**ပါဠိ။** ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။

**အနက်။** ပညဝါ - အနတ္တကို ပိုင်နိုင်စွာ သဘောပေါက်သဖြင့် ပညာရှိတစ်ယောက်သည်။ ဟောတိ - ဖြစ်၏။ ဥဒယတ္ထဂါမိနိယာ - မိမိခန္ဓာ သူတစ်ပါးခန္ဓာတို့၌ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ခဏမစဲ အမြဲပျက်၍ နေမှုကို ရှုမြင်နိုင်သော။ အရိယာယ - အန္ဓပုထုဇဉ်တို့နှင့် မဆက်ဆံ အင်မတန် မွန်မြတ်လှစွာသော။ နိဗ္ဗေဓိကာယ - ယူဇနာမြင့်ဆောင် ကျောက်တောင်ကျောက်ခဲကြားတို့ကို မှုန်မှုန့်ညက်ညက် ရက်ရက်ရဲရဲ ထက်ဝက်ခွဲနိုင်သော ဝရဇိန်မိုးကြိုးစက်ထက် ထက်မြက်လွန်ကဲသဖြင့် ရုပ်ခဲ နာမ်ခဲ ခန္ဓာခဲ တို့ကို မလွဲအမှန် ဧကန်တိတိ ဖောက်ထွင်းနိုင်သော အစွမ်းလည်းရှိထသော။ သမ္မာ - မဖောက်မပြန် မှန်မှန်ကန်ကန်။ ဒုက္ခက္ခယဂါမိနိယာ - ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာစခန်း နိဗ္ဗာန်နန်းသို့ တန်းတန်းဖြောင့်ဖြောင့် ရောက်စေတတ်သော။ ပညာယ - ဝိပဿနာဉာဏ်ပညာ အထူးသဖြင့်။ သမန္နာဂတော - ပြည့်စုံ ရပေတော့၏။ သော - သို့ကလောင်ပင် ဉာဏ်အင်ပြည့်ဖြိုး

http://www.dhammadownload.com



ပုဂ္ဂိုလ်မျိုးသည်။ သဗ္ဗော - ယခုဘဝ ပစ္စက္ခ၌ ဆိုက်ဆိုက်မြိုက်မြိုက် ကျွတ်ထိုက်သော ပုဂ္ဂိုလ်ပါပေတည်း။ (ဣတိဝုတ်ပါဠိတော်)

**ပါဠိ။** အနိစ္စသညာ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသနာ။

**အနက်။** ဘိက္ခဝေ - ချစ်သားတို့။ ဘာဝိတာ - ဝိပဿနာဉာဏ်ဖြင့် ပွားများအပ်ပြီးသော။ ဗဟုလီ ကတာ - ဝိပဿနာပညာဖြင့် အကြိမ်ကြိမ် အထပ်ထပ် စီဖြန်းအပ်သော။ အနိစ္စသညာ - အနိစ္စဟု မှတ်သိခြင်းသည်။ မဟပ္ဖလာ - များသော အကျိုးရှိသည်။ ဟောတိ - ဖြစ်၏။ မဟာနိသံသာ - များသော အာနိသင်ရှိသည်။ ဟောတိ - ဖြစ်၏။ အမတောဂဓာ - သေခြင်းကင်းသော နိဗ္ဗာန်သို့ သက်ဝင်၏။ အမတပရိယောသနာ - သေခြင်းကင်းသော နိဗ္ဗာန်လျှင် အဆုံးရှိ၏။ (အင်္ဂုတ္တိုရ်ပါဠိတော်)

**ပါဠိ။** ဒိဋ္ဌိယာ သမန္နာဂတာ ဘိက္ခဝေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။

**အနက်။** ဘိက္ခဝေ - ချစ်သားရဟန်းတို့။ ဒိဋ္ဌိယာ - သက္ကာယဒိဋ္ဌိအယူနှင့်။ သမန္နာဂတာ - ပြည့်စုံကုန်သော။ သတ္တာ - သတ္တဝါအပေါင်းတို့သည်။ ကာယဿ - လက်ရှိကိုယ်အတ္တဘော၏။ ဘေဒါ - ပျက်စီးသည်မှ။ ပရံ မရဏာ - သေသည်၏ နောက်ကာလ၌။ ဝိနိပါတံ - ဖရိုဖရဲ ပြိုကွဲလွင့်ပျောက် ရောက်ချင်ရာရောက်တတ်သော။ ဒုဂ္ဂတိံ - မကောင်းသောသူတို့၏ လားရာဖြစ်သော။ အပါယံ - အပါယ်လေးပါး ဟုဆိုအပ်သော။ နိရယံ - ငရဲသို့။ ဥပပဇ္ဇန္တိ - ကပ်ရောက်ရကြလေတော့၏။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ယော စ - အကြင်ပုဂ္ဂိုလ်သည်။ ဥဒယဗ္ဗယံ - ဖြစ်ပျက်မှန်လှ ရုပ်နာမ်သင်္ခါရကို။ အပဿံ အပဿန္တော - မရှုမမြင်ဘဲ။ ဝဿသတံ - အနှစ်တစ်ရာပတ်လုံး။ ဇီဝေ - အသက်ရှည်ငြားအံ့၊ န သေယျော - မမြတ်။ ဥဒယဗ္ဗယံ - ခန္ဓာငါး၀ အနိစ္စဓာတ် ပရမတ်ကို။ ပဿတော - ရှုမြင်တတ်သော ပုဂ္ဂိုလ်၏။ ဧကာဟံ - တစ်ရက်မျှ။ ဇီဝိတံ - အသက်ရှည်ခြင်းသည်။ သေယျော - မြတ်၏။

http://www.dhammadownload.com



**ပါဠိ။** သစ္စဓမ္မံ ဝိပဿန္တာ၊ ဒိဗ္ဗက္ခိနာပိ အပဿိယံ။
မဂ္ဂလာဘာယ ပစ္စက္ခံ၊ တံ ဒဿနံ ဘဝိဿတိ။

**အနက်။** ဒိဗ္ဗက္ခိနာပိ - နတ်ပြဟ္မာ ဒေဝီလ နာရဒ သရဘင် အစရှိသော လူတို့၏ အသိဉာဏ် မျက်စိဖြင့်သော်လည်းကောင်း။ အပဿိယံ - ကြည့်၍မရ မမြင်နိုင်ကောင်းသော။ သစ္စဓမ္မံ - ရုပ်မှန် နာမ်မှန် ဧကန်ထင်ရှား ပရမတ်တရားကို။ ဝိပဿန္တာ - ပညာစက္ခု ထူးအောင်ပြု၍ ကြည့်ရှုပါကုန်လော့။ တံ ဒဿနံ - ရုပ်မှန် နာမ်မှန် ဧကန်သိခြင်းခြင်းသည်။ ပစ္စက္ခံ - ဖြစ်ဆဲခဏ ခုဘဝ၌။ မဂ္ဂလာဘာယ - မဂ်ဉာဏ်ကို ရခြင်းငှာ။ ဘဝိဿတိ - စင်စစ်မသွေ ဖြစ်ပေလတ္တံ့တည်း။

**ပါဠိ။** အနိစ္စသညိနော မေဃိက အနတ္တသညာ သဏ္ဌာတိ၊ အနတ္တသညိနော အသ္မိမာနသမုဂ္ဃါတံ ပါပုဏာတိ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။

**အနက်။** မေဃိက - ချစ်သားမေဃိက။ အနိစ္စသညိနော - အနိစ္စဟု မှတ်ထင်သောသူအား။ အနတ္တသညာ - အနတ္တဟု မှတ်ထင်မှုသည်။ သဏ္ဌာတိ - အလိုလိုတည်လာ၏။ အနတ္တသညိနော - အနတ္တဟု မှတ်ထင်သောသူအား။ အသ္မိမာနသမုဂ္ဃါတံ - ငါဟူသော မာန်မာနကင်းပြတ်ခြင်းသို့။ ဒိဋ္ဌေဝဓမ္မေ - ယခုမျက်မှောက်ဘဝ၌ပင်။ နိဗ္ဗာနံ - သဥပါဒိသေသနိဗ္ဗာန်ကို။ ပါပုဏာတိ - ရောက်လေတော့၏။ (နဝင်္ဂုတ္တိုရ်ပါဠိတော်)

* * * * * * * *

http://www.dhammadownload.com

ပစ္စက္ကျူဝိပဿနာသင်တန်းမှ

# ပစ္စက္ကျူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ၏

# သင်တန်းခွဲများအပေါ်၌ ရပ်တည်ချက်

၁။ ပစ္စက္ကျူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) သည် အမှတ် (၈၆)၊ သီရိ (၅)လမ်း၊ (၂) ရပ်ကွက်၊ လှိုင်မြို့နယ်တွင် တည်ရှိသည်။

၂။ ပစ္စက္ကျူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) အနေဖြင့် ဆရာကြီး၏ ဩဝါဒမူအတိုင်း တစ်ဦးတစ်ယောက်ချင်းထံမှလည်းကောင်း၊ သင်တန်းခွဲများထံမှ လည်းကောင်း မည်သည့်အကြောင်းနှင့်မျှ အလှူငွေကောက်ခံခြင်း မရှိခဲ့ပါ။

၃။ နောက်နောင်တွင်လည်း မည်သည့်အကြောင်းကြောင့်နှင့်မျှ အလှူငွေကောက်ခံခြင်း ပြုလုပ်မည်မဟုတ်ပါ။

၄။ သင်တန်းခွဲများအား လိုအပ်သော သင်တန်းတရားခွေများကို ဓမ္မဒါနအဖြစ် ယခင်က ဖြန့်ချိသကဲ့သို့ ယခုလည်း ဆက်လက်ဖြန့်ချိသွားပါမည်။

၅။ ထိုနည်းအတူ ဆရာကြီး ဦးကြင်ရွှေဟောကြားခဲ့သော သင်တန်းတရားတိတ်ခွေများမှ တရားစဉ်များကို ယခင်က ဓမ္မဒါနအဖြစ် ဖြန့်ဖြူးသကဲ့သို့ ယခုလည်း ပိုမိုပြန့်ပွားစေရန် စာအုပ်၊ စာပေအဖြစ် ဆက်လက်ဆောင်ရွက်ပြီး ဓမ္မဒါနအဖြစ် ဖြန့်ဖြူးသွားပါမည်။

ဦးမြင့်စိုး
(ဥက္ကဋ္ဌ)
ပစ္စက္ကျူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်
(အောက်မြန်မာပြည်)
အမှတ် (၈၆)၊ သီရိ (၅)လမ်း၊
(၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၂၄၀၇၈ ၊ ၀၉ ၅၁ ၄၀၉၅၈

http://www.dhammadownload.com

# သစ္စာပါရမီ ဆုတောင်း

ဤနေ့ယခု အစပြု၍ အကျွန်ုပ်တို့ ပြုအပ်သော ကုသိုလ်ပေါင်းစု မြတ်ကောင်းမှုနှင့်အတူ ညီတူညီမျှ မျှဝေခံစားကြစေရန် . . .

- ဝါတွင်းသုံးလ ရက်ပေါင်းကိုးဆယ် ပျက်ရက်မရှိ လုံ့လဝီရိယရှိလျက် ၁၉၉၅-ခုနှစ်မှ စ၍ စာသင်တိုက်ကြီး (၇)တိုက်မှ ဘုရားရှင်၏တပည့်သား သံဃာတော်အရှင်မြတ် (၉)ပါး တို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ဤသို့တစ်ဖန် အကြောင်းခံ၍ ပရိယတ္တိစာသင်တိုက် (၇)တိုက်မှ သံဃာတော် အရှင်သူ မြတ်တို့အား ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ကျောင်း, ကန်, ဇရပ်, သိမ် တော်မြတ်ကို ဆောက်လုပ်ထည့်ဝင်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ဘုရားရှင်၏ တပည့်သား ဂိလာနသံဃာတော် အရှင်သူမြတ်များအား ဆေးပစ္စည်း များဖြင့် ထောက်ပံ့လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- နှစ်စဉ် တရားသင်တန်းခွဲများမှ မှာယူကြသော တရားတိတ်ခွေများအား အခမဲ့ ကူးပေးခြင်း၊ တရားတိတ်ခွေများ လှူဒါန်းခြင်း၊ တရားစာအုပ်များ ထုတ်ဝေလှူဒါန်း ခြင်း ဓမ္မဒါန ကုသိုလ်ကံစေတနာ၊

ဤသို့ ပစ္စယဒါန, ဓမ္မဒါန နှစ်ဌာနတို့ဖြင့် ထောက်ပံ့လှူဒါန်း မှန်ကန်သော ကုသိုလ်အစွမ်း သတ္တိတို့ကြောင့် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော "အမတ"မည်ခေါ် ရွှေပြည်တော်သို့ ရောက်ရာ အမှန် မြတ်နိဗ္ဗာန်ကို ကျွန်ုပ်တို့နှင့်အတူ ဧကန်မျက်မှောက်ပြုလွယ်နိုင်ကြပါစေသော်။

**နာယကကြီး ဦးချစ်**
ပခုက္ကူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)